www.burmeseclassic.com

မိုးဝေ

# တင်မောင်ဆွေနှင့် အမှောင်ငွေ



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ထောင်စု မပြိုကွဲရေး ဒို့အရေး
င်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပ်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်
က်ဆီးသူများအား ဆန့်ကျင်ကြ။
ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ
ငံများအား ဆန့်ကျင်ကြ။
ည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
မျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဝ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်
သာ နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

တ်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တို
က်အောင် တည်ဆောက်ရေး၊
ျးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိ
းတက်အောင် တည်ဆောက်ရေး၊
ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း
းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

စ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
မျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေ
က္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
ျစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
စ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# မိုးဝေ



# တင်မောင်မေဓွနှင့်

# [illegible]

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

အလွတ်စုံထောက်တင်မောင်ဆွေပါဝင်သော
ဆရာ မိုးဝေ၏ လက်ရာမြောက်
သည်းထိတ်ဖို့ဝတ္ထုအား
ပြန်လည်တင်ဆက်ခြင်း။

တင်မောင်ဆွေနှင့် အမှောင်ငွေ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၅၈(၂၀၀၄/၇)နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၃၈(၂၀၀၄/၉)တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို က.န.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၈၉ လမ်း ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးထွန်းထွန်းဦး အင်္ဂလိုင်ဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ ၅၀၀ နှိပ်နှိပ်ထား ၂၀၀၅ ခု ဖေဖော်ဝါရီလတွင် တန်ဖိုး ၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

"ခင်ဗျားကို ကျွန်တော် ရှင်းရှင်းပဲ ပြောရမယ် ကိုတင်မောင်ဆွေ။ ရန်ကုန်က ကျွန်တော့်ကို ညွှန်ကြားထားတာက ခင်ဗျားကို ဘယ်လိုမှ အနှောင့်အယှက် မပေးရဘူးတဲ့။ ဒါပေမဲ့ ခင်ဗျားသွားလေရာကို ကျွန်တော်က ထပ်ချပ်မကွာ လိုက်ကြည့်ရမယ်၊ ခင်ဗျား မော်လမြိုင်ကိုလာပြီး ဘယ်သူနဲ့တွေ့လို့ ဘာတွေလုပ်တယ်ဆိုတာ၊ ကျွန်တော်က သူတို့ဆီကို ပြန်ပြီး အသေးစိတ် အစီရင်ခံရမှာ။ ဒီတော့ကာ ကျွန်တော့် အနေနဲ့က၊ ကိုယ့်ကိုယ်ကို ခင်ဗျားအရိပ်လုပ်ပြီး ခင်ဗျား သွားလေရာ ပါရတော့မှာပဲ"

(မှူခင်းစစ်ဆေးရေး ကိုဝိန်းမောင်)

စိတ်ကူးချိုချို

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ထုထားတဲ့ ပန်းပုရုပ်ပါ။ ကျွန်မက ပန်းပုပညာသည်လေ။ ကျွန်မ ဖေဖေဆီက လက်ထပ်သင်ယူခဲ့တဲ့ ပညာရှင်ပေါ့ရှင်။ အစ်ကို ကြီး ကြားဖူးမလား မဆိုနိုင်ဘူး။ ပန်းပုဆရာကြီး ဦးပုတင်ဆိုတာ ကျွန်မ ဖေဖေပဲ၊ ကျွန်မရဲ့ ပန်းပုရုပ်တွေကို ကျွန်မက ရန်ကုန်ကို ပို့ပေးတာ သူက တော်တော်ဝယ်ခဲ့ပါတယ်"

"ဒါပေမဲ့ ရွှေတံခါးကျတော့ သူက ပေါ်မလာဘူး။ ကျွန်မကလည်း ရွှေတံခါးလို နေရာမျိုးကို တစ်ခါမှ မရောက်ဖူးတော့၊ စိတ်ထဲမှာ အလိုလိုနေရင်း ကြောက်နေမိတယ်လေ။ နောက် တံခါးဝမှာ လူတစ်ယောက် သေနေတယ်ဆိုတာကိုလည်း ကြားရော၊ ကျွန်မ ဆက်မနေဝံ့တော့ဘူး"

(မော်လမြိုင်သူ တင်နန်းသိ)



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၁

အမျိုးသမီးတစ်ယောက်…

သူမသည် ရုပ်အဆင်းအတော်ပင် လှသည်။

သူမသည် အတော်ပင်လည်း ကြောက်ရွံ့လျက်ရှိနေသည်။

ရွှေတံခါးပျော်ပွဲစားရုံထဲသို့ သူမဝင်လာသည်၏ အခြားမဲ့၌ပင် တင်မောင်ဆွေက သူမအား သတိပြုလိုက်မိသည်။

ရွှေတံခါးပျော်ပွဲစားရုံ၏ ရွှေတံခါးကြီးကို တွန်းဖွင့်လျက် မိုးရေတွေနှင့်အတူ ဝင်လာသောအမျိုးသမီးသည် တံခါးကိုပြန်ပိတ်လိုက်ပြီးသည့်နောက် ခေတ္တမျှခြေစုံရပ်ကာ မီးရောင်ခပ်မှိန်မှိန်က လေးထွန်းထားသော ခန်းမကြီးကို မဝံ့မရဲ အမူအရာကလေးဖြင့် ကြည့်နေလိုက်သည်။

နိုင်ငံခြားအရက်ပုလင်းတွေ မျိုးစုံတန်းစီ၍ တင်ထားသော နံရံပြည့်စင်ကြီးရှေ့ ကောင်တာဘားကို မှီ၍ရပ်နေသည့် တင်မောင်ဆွေသည် အဆိုပါအမျိုးသမီးအား သတိပြုလိုက်မိပြီးသည့်နောက်တွင် ဆက်လက်၍ စိတ်ဝင်စားစွာပင် အကဲခတ်နေလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ဆိုင်ထဲသို့ ဝင်ရောက်လာပြီးသည့်နောက် ဘာလုပ်ရမည်မသိသကဲ့သို့ သူမ ရောက်ရှိနေသော ပတ်ဝန်းကျင်ကို ယောင်ချာချာအမူအရာကလေးဖြင့် လှည့်ပတ်ကြည့်ရှုနေလိုက်သည်။ သူမ၏ မျက်မှောက်မှ မြင်ကွင်းသည် သူမအတွက် ခပ်ဆန်းဆန်းဖြစ်နေပုံရသည်။

ခန်းမကြီးသည် ကျယ်ဝန်းလှသော်လည်း အလင်းရောင်ကတော့ ခပ်မှိန်မှိန်ကလေးသာ ရှိနေသည်။ စတိန်းလက်စ်စတီးခေါ် မစွန်းမထင်းသော သံမဏိနှင့် ပလတ်စတစ်ရောစပ် မွမ်းမံထားသော ခေတ်မီစားပွဲကလေးများနှင့် ကုလားထိုင်များကို အခန်းတစ်လျှောက် ဂဲဩမက်ထရီ အကွက်ကျ၍ ဖြန့်ခင်းထားသည်။ ထိုစားပွဲတွေ တချို့ဝယ် အရက်ဝိုင်း၊ စားပွဲဝိုင်း၊ ကစားဝိုင်းကလေးတွေကို ဆိုင်တွင် လာရောက်လျက်ရှိကြသော ဧည့်သည်များက ကျင်းပလျက်ရှိကြသည်။ ထို့ကြောင့် စကားပြောသံ၊ ရယ်မောသံ၊ ဖွန်းသံ၊ ခက်ရင်းသံ၊ ဖန်ခွက်သံ၊ ပုလင်းသံတွေက ဆူညံစွာ မဟုတ်စေကာမူ အဆက်မပြတ် ပေါ်မြည်လျက်ရှိ၏။

ခန်းမထဲတွင် လွှတ်ပေးထားသော လေအေးကြောင့် ချမ်းစိမ့်စိမ့်ဖြစ်လာ၍လား သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့်လား မသိ၊ တံခါးနားတွင် ရပ်နေသော လှပသည့် အမျိုးသမီးကလေးသည် ပခုံးကလေးများကို ကျုံ့ပစ်လိုက်သည်။ ပြီးမှ စိတ်ကိုတင်းလိုက်သည့်အလား ပခုံးကလေးများကို နောက်သို့ပြန်ဖြစ် ရင်ကလေးကော့ လည်တိုင်ကလေးကြော့ကာ သွက်လက်သော ခြေလှမ်းများဖြင့် အခန်းထောင့်ကျကျတွင်ရှိသော စားပွဲလွတ်တစ်လုံးဆီကို လျှောက်သွားလေ၏။





'တော်တော်လှတဲ့ အမျိုးသမီးကလေးပဲဟေ့ ဖိုးဆွေ၊ ဒါပေမဲ့ ဒီလိုနေရာမျိုးနဲ့ သူနဲ့ဘာဆိုင်လို့လဲကွာ၊ ဧကန္တတော့ မှားဝင်လာတာနဲ့တူတယ်'

တင်မောင်ဆွေ့ဘေးတွင် ရပ်နေသော စာရေးဆရာ မိုးဝေကလည်း တင်မောင်ဆွေ့လိုပင် အမျိုးသမီးလှလှကို သတိပြုမိတတ်သူတစ်ယောက်မို့ တင်မောင်ဆွေနည်းတူပင် အမျိုးသမီးကလေးအား အကဲခတ်ရာက နောက်ဆုံးတွင် မှတ်ချက်ချလိုက်သည်။ မိုးဝေကြီးပြောသည်ကလည်း မှန်သည်။ အထက်တန်းကျသည်မှာ မှန်သော်လည်း လူဘောက်သောက်လာ၍ ကျက်စားကာ အမ်အိုင်အက်စ်နှင့် အထူးထောက်လှမ်းရေးမှ လူတွေ အမြဲတမ်းချထားတတ်သည့် ရွှေတံခါးလို နေရာမျိုးနှင့် ဤလှပပျိုမျစ်ကာ ရိုးသားအပြစ်ကင်းပုံရသော အမျိုးသမီးကလေးသည် ဘယ်လိုမှ မဆိုင်ထဲက မဆိုင်ဖြစ်နေ၏။ အထူးသဖြင့် အဖော်မပါတစ်ယောက်တည်း ဖြစ်နေခြင်းက ပို၍ ထူးခြားနေတော့သည်။

'ပူမနေပါနဲ့ အစ်ကိုမိုးရယ်။ ဒီအမျိုးသမီးလေးကို ကိုတင်မောင်ဆွေက ကာကွယ်စောင့်ရှောက်နိုင်ပါလိမ့်မယ်'

ငွေသိမ်းကောင်တာ ဖန်လှောင်ချိုင့်ကလေးထဲတွင် ထိုင်နေသော သွယ်သွယ်က နှုတ်ခမ်းကလေးကို မသိမသာ စူကာ တင်မောင်ဆွေအား အခြောက်တိုက် လှမ်းချိတ်လိုက်သည်။ သူမသည်လည်း မိန်းမလှတစ်ယောက် ဖြစ်သည်။ ရွှေတံခါးပျော်ပွဲစားရုံ၏ ပိုင်ရှင်လည်း ဖြစ်ပေ၏။ သူမ၏ နက်မှောင်ဝင်းလက်သော မျက်လုံးအစုံက တင်မောင်ဆွေဆီသို့ ဝေ့သွားကာ ချဲလင်းလုပ်လိုက်ကြသည်။

တင်မောင်ဆွေကလည်း သူမအား ပြုံးစစနဲ့ပြန်၍ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

'ကျေးဇူးတင်ပါတယ် သွယ်သွယ်၊ သွယ်သွယ်ပေးတဲ့ အကြံကို ကျွန်တော်က လိုက်နာရမှာပေါ့'

သွယ်သွယ်က သန္တာဖူးနုတ်ခမ်းကလေးများကို ပို၍စူလိုက်ကာ မျက်လုံးများကို စားပွဲတွင် တစ်ယောက်တည်း ထိုင်နေသော အမျိုးသမီးကလေးထံသို့ လွှဲပစ်လိုက်သည်။ အမျိုးသမီးကလေးသည် ဆိုင်ထဲတွင် တစ်စုံတစ်ယောက်ကို လိုက်၍ ရှာဖွေကြည့်ရှုနေပုံရသည်။ ကြောက်ရွံ့စိုးရိမ်မှု အရိပ်အရောင်များ မကင်းသည့် သူမ၏ မျက်လုံးများက ဆိုင်ထဲတွင် ရှိနေကြသောလူတွေကို တစ်ယောက်စီ မဝံ့မရဲလိုက်ကြည့်နေကြသည်။ သူမသည် ဆိုင်ထဲသို့ဝင်လာစဉ်က ဝတ်လာသော ကြယ်ပြာရောင် ပလတ်စတစ်မိုးကာအင်္ကျီကလေးကို မချွတ်သေးဘဲ ဝတ်ထားဆဲသာဖြစ်သည်။ ဟု(ဒ်)ခေါင်းဆောင်းကလေးကိုသာ နောက်သို့လှန်ချထား၏။

သူမအလိုရှိသော လူကို သူမက ဆိုင်ထဲတွင် တွေ့ဟန်မတူ။ သက်ပြင်းကလေးတစ်ချက်ကို ချလိုက်ပြီးနောက် ပေါင်ပေါ်တွင် တင်ထားသော ပန်းသိုင်းလက်ပွေ့အိတ်ကြီးကို ဖွင့်လိုက်ကာ လက်ကိုင်ပုဝါကလေးတစ်ထည်ကို ထုတ်ယူပြီး မျက်နှာတွင် တင်နေသည့် မိုးရေစက်ကလေးများကို သုတ်ပစ်လိုက်သည်။ ဤတွင် သူမ၏လက်ကလေးတွေက မသိမသာ တုန်ယင်နေသည်ကို တင်မောင်ဆွေက သတိပြုမိလိုက်ပြန်သည်။

ဤ အမျိုးသမီးသည် တော်တော်ပင် စိတ်လှုပ်ရှားနေသည်မှာ သေချာလှသည်။ သူမခံစားနေရသော စိတ်လှုပ်ရှားမှုမှာလည်း ကြောက်ရွံ့မှုပင် ဖြစ်ရမည်ဟု တင်မောင်ဆွေက တွက်





မိသည်။ သို့ဖြစ်လျှင် သူမက ဘာကိုများ ဒါလောက်ကြောက်ရွံ့နေသလဲ။ ဒါလောက်ကြောက်ရွံ့စရာအကြောင်းက သူမထံတွင် ဘာများရှိနေသလဲ။

ရွှေတံခါးလိုသော ပျော်ပွဲစားရုံထဲတွင် သူမတစ်ယောက်တည်း အဖော်မပါဘဲ ရောက်နေရခြင်း အကြောင်းတစ်ချက်တည်းအတွက်တော့ မဟုတ်နိုင်ဟု တင်မောင်ဆွေက တွေးလိုက်မိ၏။ ရွှေတံခါးပျော်ပွဲစားရုံသည် လှပချောမွေ့၍ ပျိုမျစ်ငယ်ရွယ်သော မိန်းကလေးတစ်ယောက်တည်း လာသင့်သော နေရာဌာနတစ်ခု မဟုတ်သည်က မှန်ပါ၏။ သို့ရာတွင် ယခု အမျိုးသမီးလေးလို ကြောက်ရွံ့နေလောက်သော နေရာမျိုးတော့ မဟုတ်ပါချေ။

ဤပျော်ပွဲစားရုံတွင် လူဘောက်သောက် လာတတ်သည်မှာမှန်၏။ ယခုပင်လျှင် ဆိုင်ထဲတွင် အမ်အိုင်အက်စ်နှင့် အထူးထောက်လှမ်းရေးက စောင့်ကြည့်နေသော သူလျှို ရောဘတ်ဝေါင်ဆိုသူက ရှိနေသေးသည်။ ၎င်းအား အထူးထောက်လှမ်းရေးမှ စုံထောက်ရဲအုပ်ချမ်းစိန်က ၎င်းနှင့် မျက်စောင်းထိုးစားပွဲတွင် ဘီယာနှပ်ရင်းက အကဲခတ်နေသည်။ ဆိုင်အတွင်းဘက်ရှိ သီးသန့် အခန်းကလေးထဲတွင်လည်း အမ်အိုင်အက်စ်စစ်ထောက်လှမ်းရေးမှ လူနှစ်ယောက်က ရှိနေကြသည်။ သူတို့အားလုံးသည် ရွှေတံခါးတွင် နေ့စဉ်နေ့တိုင်း ဤသို့လာ၍ စတည်းချနေကျဖြစ်သည်။

အကယ်စင်စစ် ရွှေတံခါးဘားနှင့် ပျော်ပွဲစားရုံသည် စစ်ထောက်လှမ်းရေးနှင့် အထူးထောက်လှမ်းရေးတို့ ပူးပေါင်းဖွင့်ထားသော ထောင်ချောက်တစ်ခု ဖြစ်သည်ကို ဤဌာနနှစ်ခုလုံးနှင့် ရင်းနှီးကျွမ်းဝင်ပြီး သူကိုယ်တိုင်က လျှို့ဝှက်ထောက်လှမ်းရေးဌာနဘက်



www.burmeseclassic.com

www.burmeseclassic.com



တွင် အထူးတာဝန်ယူထားသော တင်မောင်ဆွေတစ်ယောက်တည်းသာ သိထားလေသည်။

ထို့ကြောင့်လည်း တင်မောင်ဆွေက အမျိုးသမီးလေးအား အတော်စိတ်ဝင်စားနေခြင်း ဖြစ်ပေ၏။ ရှေ့တံခါးလိုနေရာမျိုးသို့ တစ်ဦးတည်းလာရောက်ခဲ့သော ဤအမျိုးသမီးကလေးတွင် ဘာများ အရေးကြီးသော အကြောင်းကိစ္စက ရှိနေရသနည်း။ သူမ၏ အမူအရာကိုကြည့်ခြင်းအားဖြင့် သူမသည် ချိန်းဆိုထားသော လူတစ်ယောက်ယောက်ကို လာရောက်တွေ့ဆုံခြင်းဖြစ်သည်မှာ သိသာ၏။ ထိုလူသည် မည်သူမည်ဝါနည်း သူတို့နှစ်ယောက် ဘာကိစ္စနှင့် ဤနေရာတွင် လာရောက်တွေ့ဆုံကြသနည်း။ အမျိုးသမီးကလေးကြောက်ရွံ့နေခြင်းသည် သူမချိန်းဆိုထားသော လူကိုပေပဲလား။

ဆိုင်ထဲတွင် အထက်ကဖော်ပြခဲ့သော ထောက်လှမ်းရေးသမားတွေအပြင် အခြားရိုးရိုးသူများလည်း ရှိနေကြသည်။ ၄င်းတို့အထဲတွင် အဆူညံဆုံးကား ခန်းမကြီး၏အလယ်ဗဟိုတည့်တည့်မှ စားပွဲကြီးတွင် နေရာယူထားကြသော လူလေးယောက်ဖြစ်၏။ ၄င်းတို့ကို ကြည့်ရသည်မှာ ငွေအတော်ရှင်သော ဓိုးသမားတွေ ဖြစ်ကြဟန်တူသည်။

'အိုင်ဆေး ကိုလတ်၊ ဟိုဇယ်ကလေးကိုကြည့်စမ်း တော်တော်နိုပ်တယ်ဗျို့၊ ပြီးတော့ တစ်ယောက်တည်းရယ်'

ဓိုးသမားတစ်ယောက်က တစ်ယောက်တည်းထိုင်နေသော အမျိုးသမီးအား တွေ့မြင်သွားကာ သူ့အဖော်ကုလားကပြားတစ်ယောက်ကို အသံလက်တို့၍ ပြောလိုက်သည်။ အရက်ခိုးဝေနေကြသော မျက်လုံးလေးစုံသည် အမျိုးသမီးကို စူးစိုက်၍ ကြည့်လိုက်





ကြသည်။ ပြီးတော့ ထိုမျက်လုံးလေးစုံသည် တပ်မက်ခြင်းကို ပြိုင်တူပြလာကြ၏။ ခေါင်းလေးလုံးက ပူးဆိုင်သွားကြကာ ပါးစပ်လေးပေါက်က တပ်မက်ကြဲစည်သော စကားများကို တီးတိုးပြောဆိုလိုက်ကြ၏။

ထို့နောက်တွင် ဓိုးသမားလေးယောက်ထဲတွင် လူစွမ်းကောင်းဖြစ်ဟန်ရှိသော ကိုလတ်ဆိုသည့် ကုလားကပြားက ထိုင်ရာမှ ရုတ်တရက်ထလိုက်ကာ အမျိုးသမီးတစ်ယောက်တည်း ထိုင်နေသော စားပွဲဆီသို့ ရဲတင်းစွာ ချဉ်းကပ်သွားတော့သည်။ စာရေးဆရာ မိုးဝေကြီးသည် သူ အလွန်ကြိုက်သော စကော့(ချ)ဝီစကီကို သူ့ရဲဘော်ကြီး တင်မောင်ဆွေ၏စရိတ်ဖြင့် သောက်နေရင်းက ထိုရှုခင်းကို စိတ်ဝင်စားစွာကြည့်ကာ တင်မောင်ဆွေအား အသာလက်တို့လိုက်သည်။

'ဟော့ ဖိုးဆွေ၊ ဟိုဓိုးကုလားကတော့ မင်းအမျိုးသမီးကလေးကို သွားချဉ်းကပ်နေပြီဟော့၊ အမျိုးသမီးကလေးကတော့ ကုလားကိုသိပုံမရဘူး၊ ကုလားက ရမလားလို့ သွားစမ်းကြည့်တာနဲ့တူတာပဲ'

တင်မောင်ဆွေက သူလည်း သတိပြုမိကြောင်းကို ခေါင်းညိတ်ပြလျက် မိုးဝေကြီးအား အသိပေးလိုက်သည်။

အမျိုးသမီးကလေးသည် သူမ၏ စားပွဲတွင် လက်နှစ်ဖက်ထောက်ရပ်ကာ ရဲတင်းစွာ စကားပြောနေသော ကုလားကိုလတ်ကို ပထမအံ့သြစွာ မော့ကြည့်လိုက်သည်။ ဒုတိယ ကြောက်ရွံ့မှုကိုပြလိုက်ကာ နောက်ဆုံးတော့ မနှစ်သက်သောအမူအရာဖြင့် ခေါင်းကလေးကို သွက်သွက်ကြီး ယမ်းခါလိုက်၏။ သို့ရာတွင် ကုလား

www.burmeseclassic.com



ကိုလတ်က မျက်နှာပြောင်တိုက်လျက် ဖွတ်အတင်းစကားဆက်၍ ပြောနေလိုက်သည်။

တင်မောင်ဆွေက ကြည့်မနေနိုင်တော့ပေ။ ကြောင်ကဲ့သို့ ပေါ့ပါးသွက်လက်သော ခြေလှမ်းများက သူ၏ သန့်မာကျစ်လစ်သော ကိုယ်ခန္ဓာကို အမျိုးသမီး၏ စားပွဲဆီသို့ စက္ကန့်ပိုင်းအတွင်း သယ်ယူသွားလေတော့သည်။

ကုလားကိုလတ်သည် သူ့လက်မောင်းတစ်ဖက်ကို သံညှပ်ကြီးတစ်ခုက ရုတ်တရက် လာညှပ်လိုက်သလို ခံစားလိုက်ရသည်။ သူသည် နာကျင်စွာ ရှုံ့မဲ့လိုက်ရာက အရပ်ရှည်ရှည် အသားလတ်လတ် ပခုံးကျယ်နှင့်ဂျာကင်ဝတ်နှင့် ဆောင်းဘီရှည်ဝတ်လူတစ်ယောက်က လက်တစ်ဖက်ဖြင့် သူ့လက်မောင်းအား ညှစ်ထားခြင်းကို တွေ့လိုက်ရ၏။

'ဟေ့လူ၊ ဘာလို့ ကျုပ်လက်မောင်းကို ညှစ်ထားရတာလဲ၊ လွှတ်ပါဗျ'

ကိုလတ်က နာကျင်စွာရှုံ့မဲ့ပြောရာက သူ့လက်ကို ရုန်းရုန်းကြိုးစားသော်လည်း လှုပ်၍ပင်မရဘဲ ရှိနေလေသည်။ တင်မောင်ဆွေက ညင်သာသော အပြုံးဖြင့် ၎င်းအား ကြည့်လိုက်သည်။

'မိတ်ဆွေဟာ လူကြီးလူကောင်း တစ်ယောက်ဆိုရင် ဒီအမျိုးသမီးဟာ နှောင့်ယှက်ရမယ့် မိန်းမတစ်ယောက်မဟုတ်ဘူးဆိုတာ သိမှာပဲ၊ ကျေးဇူးပြုပြီး ကိုယ့်စားပွဲကိုယ် ပြန်နေပါမိတ်ဆွေ'

ထိုသို့ပြောလိုက်ပြီးမှ တင်မောင်ဆွေက ကိုလတ်၏လက်ကိုညှစ်ထားရာမှ ဖြေပေးလိုက်သည်။ ကိုလတ်သည် တင်မောင်ဆွေအား အမြင်ကတ်စွာကြည့်လိုက်ကာ နာကျင်သွားသော သူ့လက်





မောင်းကို လက်တစ်ဖက်ဖြင့် ပွတ်ရာက သူတို့စားပွဲသို့ အောင်မြင်စွာဆုတ်ခွာသွားတော့သည်။

ငွေသိမ်းဖန်လှောင်ချိုင့်ထဲမှ သွယ်သွယ်နှင့် စာရေးဆရာ မိုးဝေကြီးတို့သည် ထိုအခြင်းအရာကို ကြည့်ရှုနေရာက မိုးဝေကြီးက သဘောကျစွာ ခေါင်းညိတ်လိုက်သည်။ သွယ်သွယ်ကမူ နှုတ်ခမ်းကလေးကို မနှာလိုစွာ မဲ့ပစ်လိုက်ကာ မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။

အမျိုးသမီးကလေးက တင်မောင်ဆွေအား ကျေးဇူးတင်သော မျက်လုံးကြီးတွေဖြင့် မော့ကြည့်လိုက်သည်။ တင်မောင်ဆွေကလည်း သူမအား ညင်သာစွာပြုံးပြီး ကြည့်လိုက်သည်။

'ဟိုလူ့ကိုယ်စား ကျွန်တော်ကပဲ တောင်းပန်ပါရစေဗျာ'

အမျိုးသမီးသည် တင်မောင်ဆွေအား အကဲခတ်သော မျက်လုံးကြီးတွေဖြင့်ကြည့်လိုက်ပြန်သည်။ ပြီးတော့ သူမ၏ ပန်းနုသွေးနှုတ်ခမ်းကလေးများက ခပ်ယဲ့ယဲ့အပြုံးကလေးဖြင့် တွန့်လာကြသည်။

'ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်... တကယ်တော့ ကျွန်မ ဒီကိုမလာသင့်ပါဘူး။ ကျွန်မ သွားပါတော့မယ်'

အမျိုးသမီးက ပြောပြောဆိုဆို ပေါင်ပေါ်တွင် တင်ထားသော လက်ပွေ့အိတ်ကို ကောက်ယူကာ ပခုံးတွင်သိုင်းပြီး ထတော့မည့်ဟန်ပြုလိုက်ရာ တင်မောင်ဆွေက အသာလက်ကာပြလိုက်၏။

'ထိုင်နေပါ မသွားပါနဲ့ဦး၊ ခင်ဗျားကို ဒီမှာ ဘယ်သူကမှ ထပ်ပြီး မနှောင့်ယှက်တော့ပါဘူး။ ခင်ဗျားတစ်ယောက်ယောက်ကို စောင့်နေတာ မဟုတ်လား။ အပြင်ထွက်စောင့်လို့ ဘယ်ဖြစ်ပါ့မလဲ



www.burmeseclassic.com

www.burmeseclassic.com



မိုးတွေရွာနေတာပဲ'

အမျိုးသမီး၏မျက်လုံးက မသိမသာ ပြူးကျယ်သွားတော့သည်။

'အို… ကျွန်မတစ်ယောက်ယောက်ကို စောင့်နေတာ အစ်ကိုကြီးက ဘယ်လိုသိတာလဲ'

'ဒီနေရာဟာ ဒီလိုပဲ ချိန်းဆိုတွေ့ဆုံနေကျ နေရာတစ်ခုပဲဗျာ၊ ပြီးတော့လည်း ခင်ဗျားအမူအရာကို အကဲခတ်ကြည့်ရင် သိနိုင်တာပဲ။ ကဲ… တစ်ခုခုမှာမလား ကျွန်တော် ဘွိုင်ကုလားကို ခေါ်ပေးပါ့မယ်။ ကျွန်တော်က ဒီဆိုင်က လူတစ်ယောက်ဆိုပါတော့'

'ကျေးဇူးတင်ပါတယ်ရှင်၊ ကော်ဖီတော့ ကျွန်မ သောက်ချင်ပါတယ်။ ကော်ဖီရနိုင်သလား အစ်ကိုကြီး'

'အို… ရတာပေါ့ ညီမရယ်၊ အဲ နာမည်မသိတော့ ညီမလို့ပဲခေါ်ရတာပဲ'

တင်မောင်ဆွေက အမျိုးသမီး၏နာမည်ကို သိရရန် သွေးတိုးစမ်း၍ ကြည့်လိုက်၏။ အမျိုးသမီးက ခပ်ယဲ့ယဲ့လေး ပြုံးလိုက်ပြန်သည်။

'ကျွန်မနာမည်က တင်နန်းသီပါတဲ့ရှင်၊ ကျွန်မက ရန်ကုန်ကမဟုတ်ပါဘူး မော်လမြိုင်ဘက်ကပါ'

'ဪ တင်နန်းသီက မော်လမြိုင်သူကိုး'

တင်နန်းသီဟူသော ချစ်စရာနာမည်ကလေးဖြင့် အမျိုးသမီးကလေးသည် မော်လမြိုင်သူလည်း ပီသလှတော့သည်။ သူမ၏အသားအရည်သည် ဝင်းဝါစိုပြည်ကာ ကိုယ်လုံးကိုယ်ပေါက်ကလည်း မှည့်ရွှမ်းတောင့်တင်းလှပေသည်။ ပြီးတော့ မိတ်ကပ်တွေဘာ





တွေ ဘာမှလိမ်းခြယ်ထားခြင်းမရှိဘဲ ရိုးရိုးကလေးပြုပြင်ထား၏။

မော်လမြိုင်သူ အမျိုးသမီးကလေးတစ်ယောက်က ရွှေတံခါးလို နေရာမျိုးကိုတစ်ယောက်တည်း တစ်စုံတစ်ယောက်နှင့် တွေ့ဆုံရန်စောင့်စားနေခြင်းမှာ တင်မောင်ဆွေအတွက် ပို၍သာ စိတ်ဝင်စားဖွယ် ကောင်းလာသည်။ သို့ရာတွင် ဆက်စကားပြောနေပါက အခွင့်အရေးယူရာကျမည် ဖြစ်ရကား အလုပ်ရှုပ်နေသော ဘွိုင်ကုလားကျိုးဇက်အား လှမ်းခေါ်လိုက်ကာ ကော်ဖီတစ်အိုးမှာပေးလိုက်ပြီး သူ့နေရာကောင်တာဘားဆီသို့ ပြန်လျှောက်လာခဲ့လေ၏။

သွယ်သွယ်က တင်မောင်ဆွေအား သရော်သောအပြုံးကလေးဖြင့် ဆီးကြိုလိုက်သည်။

'ဘယ့်နှယ်လဲ ကိုတင်မောင်ဆွေ၊ လူစွမ်းကောင်းသွားလုပ်ပြတာတောင် စွံမလာဘူးထင်တယ်'

သွယ်သွယ်သည် သူ့အပေါ်အကျကြီးကျနေကြောင်းကို တင်မောင်ဆွေက သိထားသည်။ ထို့အပြင် သူမသည်သာမက အခြားသော မိန်းမတွေလည်း တင်မောင်ဆွေနှင့်ထိတွေ့ဆက်ဆံရတိုင်း အနည်းနှင့်အများဆိုသလို စိတ်ညွှတ်တတ်ကြသည်သာ ဖြစ်ကြောင်းကို သွယ်သွယ်က သိထားကာ အခြားမိန်းမတွေနှင့် ပတ်သက်လာလျှင် တော်တော်မနာလို ဝန်တိုဖြစ်တတ်လေ၏။

'သွယ်သွယ်ကလည်းကွာ တင်မောင်ဆွေကို ဒါလောက်လည်း အထင်မသေးပါနဲ့ သူသာလိုလားရင် ဘယ်မိန်းကလေးကိုမဆို သူ့စွံနိုင်တယ်ဆိုတာ သွယ်သွယ်ကအသိသားနဲ့… ဟဲ… ဟဲ…'

သူမက တင်မောင်ဆွေအား ကြိတ်ကျနေကြောင်းကို သိ



www.burmeseclassic.com

www.burmeseclassic.com



ထားသော စာရေးဆရာမိုးဝေကြီးက သွယ်သွယ်အား လှမ်းစလိုက်ရာ သွယ်သွယ်၏မျက်စောင်းချိတ်တစ်ချက်ကို ခံလိုက်ရ၏။

'ဟင်း သွယ်တို့ကတော့ သူ့ကိုများ ဘယ်တော့မှ မကျူပေါင်၊ အလုပ်တာဝန်အရသာ သူ့ကို ဆက်ဆံနေရတာပါရှင်'

ဘွိုင်ကုလား ဂျိုးဇက်သည် တင်နန်းသီဆိုသော မော်လမြိုင်သူကလေးစားပွဲမှနေ၍ တင်မောင်ဆွေထံသို့ လျှောက်လာသည်။

'ဆပ် ဆပ်ကိုဟိုမယ်ဆပ်က ခဏလာပါတဲ့ စကားပြောချင်လို့တဲ့'

တင်မောင်ဆွေက မျက်ခုံးတစ်ဖက်ပင့်လိုက်သည်။ မိုးဝေကြီးက သွယ်သွယ်အား ပြုံးစေ့စေ့လှမ်းကြည့်လိုက်၏။ သွယ်သွယ်က နှုတ်ခမ်းကလေးစူလိုက်သည်။

'အေး ဟဲ့ ဂျိုးဇက်၊ ကိုတင်မောင်ဆွေကလည်း သွားစကားပြောချင်တာမှ ရှပိုးကိုထိုးနေတာ ဟန်ကျသွားတော့တာပေါ့'

'ဒီမိန်းကလေးဟာ တစ်ယောက်တည်း၊ ပြီးတော့ ကြောက်လည်းကြောက်နေတယ်။ သူဟာ ရိုးသားတဲ့ အမျိုးကောင်းသမီးတစ်ယောက်ပါ။ သူဟာ လူတစ်ယောက်ကို ဒီမှာ လာစောင့်နေတာ သူဘာလို့ ကြောက်နေတယ်ဆိုတာ ကိုဆွေ စိတ်ဝင်စားမိတယ် သွယ်၊ ဒါကြောင့် ကိုဆွေ သူ့ကို စကားသွားပြောလိုက်ဦးမယ်နော်'

'ပြောချေပါရှင် ပြောချေပါ၊ သွယ့်ကို ခွင့်တောင်းနေစရာ မလိုပါဘူး။ တကယ်တော့ သွယ်နဲ့ ဘာဆိုင်တာမှတ်လို့'

တင်မောင်ဆွေက သူမအားဘာမှ ပြန်ပြောမနေတော့ဘဲ တင်နန်းသီ၏စားပွဲသို့ လျှောက်လာခဲ့ရာ သူမက အပြုံးကလေးဖြင့် ဆီးကြိုလိုက်သည်။ တင်မောင်ဆွေက သူမနှင့်မျက်နှာချင်းဆိုင် ကု





လားထိုင်တွင်ဝင် ထိုင်လိုက်သည်။

'ကျွန်တော့်ဆီက ဘာများအကူအညီလိုချင်သလဲ တင်နန်းသီ၊ ကျွန်တော့်နာမည်က တင်မောင်ဆွေတဲ့'

'အစ်ကိုကြီး ဒီမှာ တော်တော်ကြာဦးမလားရှင်'

'ကျွန်တော်က ဒီဆိုင်ကလူလိုဖြစ်နေတာပဲ ဆိုင်ပိတ်မှပဲ ပြန်မှာပါ ဘာလုပ်ချင်လို့လဲ'

တင်နန်းသီက ဆိုင်တွင်းမှအခြားလူများကို မျက်လုံးတစ်ချက်လှည့်ပတ် ကစားလိုက်သည်။ ပြီးလျှင် ကော်ဖီပန်းကန်ကို လက်ကလေးနှစ်ဖက်ဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ထားပြီးမှ အသံခပ်တိုးတိုးဖြင့် စကားစလိုက်သည်။

'ကျွန်မ အစ်ကိုကြီးဆီမှာ အကူအညီတစ်ခု တောင်းချင်လို့ပါ'

'ကောင်းပြီ တင်နန်းသီ၊ ကျွန်တော်က ဘယ်လိုကူညီရမယ်ဆိုတာကိုသာ ပြောပါ'

တင်နန်းသီက ခန်းမကြီးကို မျက်လုံးများဝေ့ပတ်၍ တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ ---

'ကျွန်မ ဒီမှာဆက်မနေချင်တော့ဘူး အစ်ကိုကြီးရယ်၊ ဒီတော့ ကျွန်မ အစ်ကိုကြီးကို တစ်ခုမှာထားချင်တယ်။ လူတစ်ယောက်က ဒီမှာ ကျွန်မကို လာရှာပါလိမ့်မယ်။ တကယ်တော့ သူ ကျွန်မကိုချိန်းထားတဲ့အချိန်ဟာ တော်တော်ကျော်သွားပါပြီလေ'

'ဟုတ်ပြီ သူလာရင် ဘာပြောပေးရမှာလဲ။ သူမှန်း ကျွန်တော်က ဘယ်လိုသိမှာလဲ'

'သူ့ပုံပန်းသဏ္ဌာန်ကို ကျွန်မက ပြောပြခဲ့ပါမယ်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးက ဘာမှပြောဖို့ မလိုပါဘူး။ ပန်းသည်းတစ်ခုနဲ့ စာတစ်စောင်ကို ပေးပေးဖို့ပါပဲ။ စာကို ကျွန်မအခု ရေးပေးခဲ့ပါ့မယ်။ ဒါပေမဲ့ ကျွန်မမှာ စာရေးစက္ကူက ပါမလာဘူး'

'ကိစ္စမရှိပါဘူးလေ၊ ကျွန်တော်သွားယူပေးပါ့မယ်၊ တင်နန်းသီ ခဏစောင့်နေဦးနော်. . .'

တင်နန်းသီက ခေါင်းကလေးညိတ်ပြလိုက်သဖြင့် တင်မောင်ဆွေက ထိုင်ရာမှထကာ ကောင်တာဘားဆီသို့ ပြန်လျှောက်လာခဲ့သည်။ ထိုစဉ် ကိုလတ်တို့ လူစုကလည်း သူတို့စားပွဲမှ ထလာကြရာလမ်းတွင် ဆုံနေမိသဖြင့် တင်မောင်ဆွေက ယဉ်ကျေးစွာပင် ဘေးဖယ်ပေးလိုက်၏။ ကိုလတ်သည် တင်မောင်ဆွေအား မျက်မှောင်ကြုတ်လျက် ဘုကြည့်ကြည့်သွားသေးသည်။

၎င်းတို့ လူစုတံခါးဆီသို့ ရောက်သွားကြလျှင် ရှေ့ဆုံးက လူက တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်သည်။ တံခါးသည် အနည်းငယ်သာ ဟသွားကာ အပြင်ဘက်မှ တစ်စုံတစ်ခုက ဖိကန်ထားသဖြင့် ပြန်ပိတ်သွားသည်။ တံခါးဖွင့်သူက ရှေ့ရွတ်ကျိန်ဆဲလိုက်ကာ တံခါးကို အားနှင့်ဆောင့်တွန်းဖွင့်လိုက်သည်။ ဤတွင် တံခါးသည် တစ်ပေလောက် ပွင့်သွားသော်လည်း ရှေ့ဆက်၍ မရွေ့လျားတော့။ တံခါးဖွင့်လိုက်သူသည် တံခါးအပြင်ဘက်တွင် တစ်ခုခုက ခံနေမှန်းသိသဖြင့် ပွင့်နေသည့်ကြားက အပြင်သို့ ခေါင်းပြူ၍ ကြည့်လိုက်သည်။ ပြီးလျှင် ထိုလူက ခေါင်းကိုပြန်သွင်းကာ ပျော်ပွဲစားရုံအတွင်းသို့ လှည့်ကြည့်လိုက်သည်။

'ဟေ့ လူတွေ၊ လူတစ်ယောက် တံခါးဝမှာ မှူးလဲကျပြီး ခံနေတယ်ဗျ၊ တံခါးဖွင့်လို့ မရဘူး'





၎င်း၏အသံကို တင်မောင်ဆွေက ကြားလိုက်ရသည့်အတွက် တံခါးဝဆီသို့ လျှောက်လာ၏။ ထိုစဉ် လူပိန်ပိန်သေးသေး လူတစ်ယောက်က ပွင့်ဟနေသော တံခါးကြားမှ အသာလျှိုထွက်ကာ တံခါးကိုမှီ၍လဲကျနေသူအား သေချာစွာ ငုံ့ကြည့်ပြီး အာမေဋိတ်သံပြုလိုက်၏။

'ဟာ သွေးတွေရွဲလို့ပါလား၊ ဒီလူ မှူးနေတာ မဟုတ်ဘူးလားဗျ၊ ဓားထိုးခံထားရတာနဲ့တူတယ်။ အသက်လည်းရှိပုံ မရတော့ဘူး'

ထိုသူက အလန့်တကြား ပြောလိုက်သံကြောင့်၊ ပျော်ပွဲစားရုံတွင်းရှိ လူတွေအားလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြတော့သည်။ အထူးထောက်လှမ်းရေးမှ စုံထောက်ချမ်းစိန်သည်လည်းကောင်း၊ အမ်အိုင်အက်စ်မှ တပ်ကြပ်ကြီး ကိုဘိုသည်လည်းကောင်း၊ ထိုင်ရာမှ ထလာကြ၏။ တင်မောင်ဆွေက တံခါးဝမှ လူတွေကို ဘေးသို့တွန်းဖယ်လိုက်ကာ ကိုယ်တိုင်က အပြင်သို့ ထွက်ကြည့်လိုက်သည်။

ဤတွင် တံခါးရှေ့လှေကားထစ် အထက်ဆုံးတွင် လူတစ်ယောက်က ခွေခွေကြီးလဲကျနေသည်ကို သူတွေ့လိုက်ရသည်။ ၎င်း၏ကျောပြင် အပေါက်ကလေးတစ်ပေါက်မှ စီးကျခဲ့သော သွေးများသည် ၎င်း၏ကိုယ်ခန္ဓာအောက်တွင် အိုင်ထွန်းနေသည်။ ၎င်းသည် အသက်မရှိတော့သည်မှာလည်း အမှန်ပင်ဖြစ်ကြောင်း တင်မောင်ဆွေက စမ်းသပ်တွေ့ရှိလိုက်သည်။ မိုးရွာနေသည့်တိုင် အလောင်းသည် ပူပူနွေးနွေးဖြစ်နေသေးသည်ကို ထောက်၍ မကြာသေးမီကလေးကမှ အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်းကိုလည်း သိသာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်၏။

ထောက်လှမ်းရေးမှ စုံထောက်ချမ်းစိန်နှင့် အမ်အိုင်အက်စ်မှ တပ်ကြပ်ကြီးတို့သည် သွက်လက်ဖျတ်လတ်စွာပင် တံခါးဝမှ ကိုလတ်တို့ လူစုကို ပျော်ပွဲစားရုံတွင်းသို့ ပြန်သွင်းလိုက်ကြသည်။

တင်မောင်ဆွေက အလောင်းကို သေချာစွာ ထပ်မံစစ်ဆေးကြည့်ရှုလိုက်သည်။ အလောင်းသည် အသက် ၃၀မှ ၄၀ကြား ရှိမည်ဟု ခန့်မှန်းရသော ယောကျ်ားတစ်ယောက်၏ အလောင်းဖြစ်သည်။ အကောင်းစားနိုင်လွန်မိုးကာအင်္ကျီကိုလည်း ဝတ်ဆင်ထားသည်။ သူသည် ကျောဘက်မှနေ၍ ဓားနှင့်အထိုးခံခဲ့ရခြင်း ဖြစ်သည်။ သွေးစက်များသည် ပေါ်တီကိုအစပ်မှနေ၍ ထိုလူလဲကျသေဆုံးနေသော လှေကားထိပ်အထိ တစ်စက်စက်ကျခဲ့ရာ ၄င်းသည် ပေါ်တီကိုအစပ်တွင် ဓားထိုးခံရပြီး လှေကားထိပ်အထိ လျှောက်လာနိုင်ခဲ့ပြီးမှ လဲကျသေဆုံးသွားခြင်း ဖြစ်မည်ဟုခန့်မှန်းနိုင်သည်။

အစိမ်းရောင်ဖဲ(လ်တ်)သက္ကလပ်ဦးထုပ်ပျော့ကလေးတစ်လုံးက အလောင်း၏ ခေါင်းဘေးတွင် ကျွတ်ကျနေသည်။

အထူးထောက်လှမ်းရေးမှ စုံထောက်ကိုချမ်းစိန်က တင်မောင်ဆွေဘေးသို့ ရောက်လာပြီးအလောင်းကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

'ခင်ဗျား သူ့ကိုသိသလား ကိုတင်မောင်ဆွေ'

လက်နှိပ်ဓာတ်မီးရောင်အောက်တွင် သွေးဆုတ်ဖြူရော်နေသော အလောင်း၏မျက်နှာကို ငုံ့ကြည့်ရာက တင်မောင်ဆွေက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းပြလိုက်၏။

'ကျုပ် တစ်ခါမှ မတွေ့ဘူးတဲ့ လူပဲ ကိုချမ်းစိန်၊ ရဲဘက်





ကို အကြောင်းကြားပြီးပြီလား'

'တပ်ကြပ်ကြီးကိုဘိုက ဖုန်းဆက်နေပါပြီ'

ထိုစဉ် တံခါးဝမှ ကိုလတ်နှင့် သူ့အဖော်များက ထွက်လာဖို့ ကြိုးစားလိုက်ပြန်သည်။

'ကျုပ်တို့ ပြန်ကြမယ်ဗျာ။ ဒီအရှုပ်ထဲမှာ ကျုပ်တို့မပါချင်ဘူး၊ ကျုပ်တို့လည်း ဘာမှသိတာမဟုတ်ဘူး'

သို့ရာတွင် စုံထောက်ချမ်းစိန်က ၄င်းတို့ရှေ့မှ ကာဆီးလိုက်သည်။

'ဟာ ခင်ဗျားတို့ သွားလို့ဘယ်ဖြစ်ပါ့မလဲ၊ ရဲအဖွဲ့ဝင်တွေ ရောက်လာသည်အထိ စောင့်ကြဦးပေါ့။ သူတို့ စစ်ဆေးပြီးမှ ခင်ဗျားတို့ပြန်ကြရမယ်။ ကျုပ်က အထူးထောက်လှမ်းရေးကပဲ။ ကဲပါ အထဲမှာ ပြန်ဝင်နေကြပါ'

'ကိုချမ်းစိန်၊ နောက်ဖေးဘက်မှာလည်း တံခါးပေါက်တစ်ခုက ရှိသေးတယ်'

'ဟာ ဟုတ်သားပဲ'

တင်မောင်ဆွေက သတိပေးလိုက်သဖြင့် စုံထောက်ချမ်းစိန်သည် ဆိုင်တွင်းသို့ ကပျာကယာ ပြန်ပြေးဝင်သွားသည်။ ပျော်ပွဲစားရုံ၏စားဖိုခန်းဘေးမှ စင်္ကြံအဆုံးတွင် အခြားတံခါးပေါက်တစ်ပေါက်ကလည်း ရှိနေသည်။ ထိုတံခါးထဲမှ ထွက်လျှင် နောက်ဖေးလမ်းကြားထဲသို့ ရောက်သွားနိုင်သည်။

တင်မောင်ဆွေက အလောင်းကို သူ့အတိုင်းပင် ထားခဲ့ကာ ဆိုင်ထဲသို့ပြန်ဝင်လိုက်သည်။ သွယ်သွယ်နှင့်မိုးဝေကြီးတို့သည် ကောင်တာနားတွင် ရပ်ကာ တီးတိုးစကားပြောဆိုလျက် ရှိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ခန်းမကြီးတစ်ခုကိုမျက်လုံးများဝေ့ကစား ရှာဖွေလိုက်ရာ သူတွေ့လိုသူကို မတွေ့ရတော့ချေ။

'ဟော ဟိုအမျိုးသမီး ဘယ်ရောက်သွားပြီလဲ သွယ်သွယ်'

'ဟင် မရှိတော့ဘူးလား။ ကျွန်မလည်း မသိဘူးလေ။ ခုနကအော်သံကြားလို့ ကျွန်မပြေးထွက်ကြည့်တော့၊ ကိုဆွေ့အမျိုးသမီးက သူ့စားပွဲမှာ ထိုင်နေလျက်ပဲရှင့်'

'ကဲ… သွယ်သွယ်၊ သူ အခုမရှိတော့ဘူး။ အိမ်သာထဲဝင်ကြည့်ပေးစမ်းပါကွယ်…'

သွယ်သွယ်လည်း အမျိုးသမီးအိမ်သာရှိရာဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားတော့သည်။ တင်မောင်ဆွေသည် ဘားကိုမှီရပ်လိုက်ကာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ တပ်ကြပ်ကြီးကိုဘိုသည် ရဲဘက်နှင့် တယ်လီဖုန်းဆက်သွယ် စကားပြောနေရာမှ အဆုံးသတ်လိုက်ကာ ဖုန်းကိုပြန်ချထားလိုက်သည်။ ထိုစဉ်မှာပင် သွယ်သွယ်က အိမ်သာထဲမှ ပြန်ထွက်လာကာ ခေါင်းကိုခါယမ်းပြလိုက်သည်။

'မရှိပါဘူး ကိုဆွေ၊ အိမ်သာထဲက ပြတင်းပေါက်ကလည်း ပိတ်လျက်ပါပဲ'

တင်မောင်ဆွေသည် စီးကရက်ခိုးများကို နှာဝမှအတန်းလိုက် မှုတ်ထုတ်လိုက်ရာက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်လေသည်။

'အင်း ဒီလိုဆိုရင် အသတ်ခံရတဲ့သူဟာ အမျိုးသမီးစောင့်နေတဲ့လူများ ဖြစ်နေမလား။ စဉ်းစားစရာတွေကတော့ အများကြီးပါပဲလေ'





'စဉ်းစားစရာတွေက ဘယ်လိုအများကြီးလဲ ဖိုးဆွေရ'

သူ့အတွက် ဝတ္ထုတစ်ပုဒ်တော့ ရပြန်ချေပြီဟူသော မျှော်လင့်ချက်ဖြင့် မိုးဝေကြီးက ခပ်သွက်သွက် ဝင်မေးလိုက်၏။

'အသတ်ခံရတဲ့လူဟာ ခုနက တင်နန်းသီဆိုတဲ့ အမျိုးသမီးစောင့်နေတဲ့လူလား၊ ဒါမှမဟုတ် သူကြောက်နေတဲ့လူလား၊ ဒါမှမဟုတ် အမျိုးသမီးစောင့်နေတဲ့လူကပဲ အဲဒီလူကို သတ်ပစ်ပြီး ထွက်ပြေးသွားတာလား ဆိုတာတွေကို စဉ်းစားစရာပဲပေါ့ ကိုမိုးကြီးရယ်'

မိုးဝေကြီးက ကျေနပ်စွာ ပြုံးလိုက်သည်။ သူ့အတွက် ဝတ္ထုတစ်ပုဒ်က သေချာသလောက် ဖြစ်သွားပြီမဟုတ်လား…

ဝါယာလက်ကား၏ဥဩသံသည် ညဖိုး မင်္ဂလာကင်းမဲ့စွာ ထွင်းဖောက်၍ တဝေါဝေါအော်မြည်ကာ ချဉ်းကပ်လာလေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂

မှုခင်းစုံစမ်းရေးတပ်ဖွဲ့မှ စုံထောက်ရဲမှူးကြီး(ဝါ) လုံခြုံရေးမှူးကြီးကိုသောင်းဖေသည် အလောင်းကိုကျော်လွှားလိုက်ကာ သူ့ရှေ့မှ လူတစ်စုကို မှုန်ကုပ်သောမျက်နှာဖြင့် ကြည့်လိုက်သည်။ သူနှင့် တင်မောင်ဆွေသည် နှစ်ပေါင်းများစွာ အတူပူးပေါင်းဆောင်ရွက်ခဲ့သည်ဖြစ်ရာ တင်မောင်ဆွေပါလာသော မှုခင်းဆိုလျှင် ခက်ခဲရှုပ်ထွေးတတ်သည်ဆိုသည့်ကို သူက ကိုယ်တွေ့ကြုံဖူး နားလည်ထားပြီး ဖြစ်လေ၏။

'မင်းလုပ်လိုက်မှဖြင့် ဒီလိုချည်းပါပဲ ဖိုးတင်မောင်ဆွေရာ'

ကိုသောင်းဖေက မကျေမနပ်လေသံကြီးဖြင့် ရေရွတ်လိုက်သည်။ တင်မောင်ဆွေနှင့်ပတ်သက်သော လူသတ်မှုကို ကိုင်ရခြင်းသည်ပင် သူ့အတွက် ဦးနှောက်ခြောက်စရာ ကောင်းလှပြီဖြစ်သည်။ ယခုတော့ ဤလူသတ်မှုတွင် အထူးထောက်လှမ်းရေးနှင့် စစ်ထောက်လှမ်းရေးတပ်ဖွဲ့က လူတွေပါ ကန့်လန့်ကန့်လန့်နှင့် ပါဝင်ပတ်သက်နေပြန်၏။ ဒီလူတွေပါလာလျှင် အမှုသည် အရေးကြီး၍ ရှုပ်ထွေးသော အမှုကြီးတစ်ခုဖြစ်လာနိုင်သည်ကို ကိုသောင်းဖေတ





နားလည်ထားခဲ့သည်။

တင်မောင်ဆွေက ပြုံးကာ ကော်ဖီမတ်ခွက်တစ်ခွက်ကို ကိုသောင်းဖေအား လှမ်းပေးလိုက်သည်။

'ကိုသောင်းဖေတစ်ယောက်ကတော့ ကျွန်တော့်ကို အခြောက်တိုက် ဟောက်နေပါပြီဗျာ၊ ဒီကိစ္စမှာ ကျွန်တော်က ဘာလုပ်လို့လဲ၊ ဒီလူ သူ့ဘာသာသူ ဆိုင်ရှေ့လာပြီး အသတ်ခံရတဲ့ ဥစ္စာပဲဗျ'

ကိုသောင်းဖေက တင်မောင်ဆွေအား မယုံသင်္ကာဖြင့် နှုတ်ခမ်းကို မဲ့ကာ ကြည့်လိုက်သည်။

'ကဲ… စကားသိပ်ရှည်မနေစမ်းနဲ့ တင်မောင်ဆွေရာ၊ ဖြစ်ပျက်ပုံကိုသာ ပြောစမ်း'

'စကားသိပ်ရှည်မနေရဘူးဆိုရင်လည်း ကျွန်တော်က အတိုချုံးပြီး ပြောပါ့မယ် ရဲမှူးကြီးရယ်၊ အဲလေ… ပြည်သူ့ရဲတပ်ဖွဲ့အုပ်ချုပ်ရေးမှူးကြီးရယ်။ ခင်ဗျားကို ကျွန်တော်တို့က အလောင်းတစ်ခု အပ်ဖို့ဟာက ဖြစ်ပျက်သမျှပါပဲ။ သူဟာ ခင်ဗျားမြင်တဲ့အတိုင်း ဒီပျော်ပွဲစားရုံတံခါးဝရှေ့မှာ ဓားဒဏ်ရာကြီးနဲ့ သေနေတာပါပဲ'

သို့ရာတွင် ကိုသောင်းဖေကြီးကတော့ မကျေနပ်သေး။ တင်မောင်ဆွေကိုသာမက သတင်းထောက်လှမ်းရေးနှင့် အမ်အိုင်အက်စ်မှ လူနှစ်ယောက်တို့ကိုပါ မယုံသင်္ကာမျက်နှာကြီးဖြင့် ကြည့်လိုက်သည်။

'ဒါပဲလားကွာ၊ မင်းတို့တစ်တွေ လာကျက်စားလေ့ရှိတဲ့ ဒီပျော်ပွဲစားရုံရှေ့မှာ ဒီလူလာအသတ်ခံရတာဟာ အဓိပ္ပာယ်တစ်ခုခုတော့ ရှိရမှာပေါ့။ ဥပမာ ဒီလူ ဘယ်သူဘယ်ဝါဆိုတာကိုတော့


www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သိရမှာပေါ့။ သိရင်လည်း မြဲမြဲနေကြနော်၊ ပြောကြကွာ၊ ဒီလူသတ်မှုကို စုံစမ်းရမယ့်တာဝန်က ငါ့တာဝန်ကွ'

'ကျုပ်တို့တစ်တွေ သူ့ကို ဘယ်တုန်းကမှ မတွေ့ဖူးခဲ့ကြပါဘူးဗျာ၊ မဟုတ်ဘူးလားဗျာ ကိုယ့်လူတို့'

တင်မောင်ဆွေက အင်မတန်မှ အပြစ်ကင်းစင်သော အမူအရာဖြင့် ပြန်ဖြေရာက ကိုချမ်းစိန်နှင့် ရဲတပ်ကြပ်ကြီးကိုမောင်ဘိုတို့ဘက်သို့ လှည့်၍ ထောက်ခံချက်တောင်းလိုက်သည်။ ၎င်းတို့နှစ်ယောက်ကလည်း ခေါင်းညိတ်ပြလိုက်လေသည်။

'ဒီဆိုင်မှာ လာသောက်တဲ့ ဖောက်သည်တစ်ယောက်က ဆိုင်ပြင်ကို အထွက်မှာ အလောင်းကိုတွေ့ရတာပဲ။ ဒါနဲ့ကျွန်တော်တို့လည်း တာဝန်ကိုသိတတ်တဲ့ နိုင်ငံသားတစ်ယောက်ပီပီ ရဲဘက်ကို အကြောင်းကြားလိုက်လိုက်တာမှာ ခင်ဗျားရောက်လာတာပဲ ကိုသောင်းဖေ'

'မင်း အလောင်းကို ရှာဖွေများကော မကြည့်ဘူးလားကွာ'

ကိုသောင်းဖေက မကျေနပ်သလိုထပ်မေးလိုက်ပြန်ရာ၊ ရဲတပ်ကြပ်ကြီးမောင်ဘိုက ဝင်ဖြေလိုက်သည်။

'သူ ရှာမကြည့်ခဲ့ပါဘူး ဦးသောင်းဖေရဲ့၊ ကျွန်တော်တို့လည်း ကိုတင်မောင်ဆွေကို သေသေချာချာ စောင့်ကြည့်နေခဲ့တာပါ'

'မင်းတို့ကိုကော ဘယ်သူက စောင့်ကြည့်ခဲ့သလဲကွာ'

ကိုသောင်းဖေက ကိုမောင်ဘိုအား ပြန်၍ခနဲ့လိုက်ရာက ဖွင့်ထားသော တံခါးအနီးတွင် ရပ်စောင့်နေသော သူ့လက်ထောက်စုံထောက်တစ်ဦးကို လက်ယပ်၍ ခေါ်လိုက်သည်။

'ကဲ… ဆိုစမ်းဟေ့၊ အလောင်းကို မင်းတို့ ရှာကြည့်





ပြီးပြီ မဟုတ်လား ဘာတွေတွေ့ရသလဲ'

'ဘာမှမတွေ့ရဘူးဆရာ၊ ပိုက်ဆံသားရေအိတ်လည်း မရှိဘူး၊ မှတ်ပုံတင်ကဒ်ပြားလည်း မတွေ့ရဘူး။ သူ ဘယ်သူဘယ်ဝါဆိုတာသိရဖို့ အထောက်အထား သူ့ဆီမှာ ဘာတစ်ခုမှမပါဘူးဆရာ၊ အဝတ်အစားတွေမှာလည်း ဘာလေဘယ်တို့ ဘာဒိုတီအမှတ်တို့မှမပါဘူး။ အလောင်းကို အကြမ်းဖျင်း ကြည့်ရတာတော့ အသတ်ခံရတာ နာရီဝက်လောက်နဲ့ တစ်နာရီအတွင်းလောက်မှာပဲ ရှိဦးမယ်ဆရာ'

ကိုသောင်းဖေ၏မျက်နှာကြီးသည် ပို၍ပင် သုန်မှုန်လာသည်ဟု ထင်မှတ်ရသည်။ အမှန်ကလည်း သူ့အား အပြစ်မဆိုသာ မည်သူမည်ဝါမှန်းမသိရသော လူတစ်ယောက် အသတ်ခံရသော အမှုလောက် စုံစမ်းစစ်ဆေးရခက်သည့် လူသတ်မှုသည် မရှိတော့သည်ကို စုံထောက်တိုင်းက လက်တွေ့သိထားကြပေသည်။ ထို့ကြောင့်လည်း တရားခံလက်သည် ချက်ချင်းမပေါ်သောလူသတ်မှုတစ်ခုဖြစ်ပွားရာတွင် အသတ်ခံရသူသည် မည်သူမည်ဝါဖြစ်သည်ကို သိရန် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူများက အရင်ဦးဆုံးကြိုးစားအားထုတ်ကြသည်သာ ဖြစ်၏။

'ကောင်းပြီလေ အလောင်းကိုဆေးရုံကြီးကို ပို့လိုက်ကြတော့ကွာ' ဟု ကိုသောင်းဖေက သူ့ခေါင်းကို လက်နှင့်ကုတ်ရင်း သူ့လက်ထောက်ကို အမိန့်ပေးလိုက်သည်။ 'ပြီးတော့ ဒီဆိုင်ထဲမှာ ရှိနေတဲ့ လူတွေအားလုံးကို စစ်ဆေးပြီး သူတို့နာမည်နဲ့ လိပ်စာတွေကိုယူထားလိုက်ကြ'

ကိုသောင်းဖေက သူ့လက်ထောက်ဆီမှနေ၍ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ခွေထံသို့ လှည့်ကြည့်လိုက်ပြန်သည်။

'တင်မောင်ဆွေ တို့ရောက်မလာခင်မှာ ဒီဆိုင်မှာရှိနေတဲ့ လူတွေ၊ ဘယ်နှစ်ယောက် ထွက်သွားကြသေးသလဲကွ'

'တစ်ယောက်မှ ထွက်မသွားပါဘူးဗျာ'

တင်မောင်ဆွေက မှင်သေသေဖြင့် ပြန်ဖြေလိုက်ကာ စုံထောက်ကိုချမ်းစိန်နှင့် တပ်ကြပ်ကြီးကိုမောင်ဘိုအား အသာမျက်လုံးများစွေ၍ ကြည့်လိုက်ကြသည်။ ၎င်းတို့နှစ်ယောက်စလုံးက တင်မောင်ဆွေ၏စကားကို ဘယ်လိုမှ ဝင်ရောက်ပြင်ဆင်ဖြည့်စွက်ခြင်း မပြုဘဲ နှုတ်ဆိတ်နေလိုက်ကြသည်။ ဆိုင်နောက်ဖေးပေါက်မှ လစ်ထွက်ပြေးသွားသော အမျိုးသမီးကလေးအကြောင်းကို သူတို့သိထားကြသည်ဆိုပါက ထိုအချက်ကို သူတို့က အမူအရာအားဖြင့် ဘယ်လိုမှဖော်ပြခြင်းမပြုကြပေ။

'ထားလိုက်ပါတော့ အလောင်းကိုမတွေ့ခင်ကော ဆိုင်ထဲက ဘယ်သူတွေများ ထွက်သွားကြသေးသလဲ'

ကိုသောင်းဖေက ထပ်၍ မေးလိုက်ပြန်သည်။

'တစ်ယောက်မှ ထွက်မသွားကြပါဘူးဗျာ။ ဆိုင်ထဲကို နောက်ဆုံးဝင်လာကြသူတွေကတော့ ဟောဒီလူနှစ်ယောက်ပဲ (တင်မောင်ဆွေက ကိုချမ်းစိန်နှင့် ကိုမောင်ဘိုတို့ဘက်သို့ မေးငေါ့ပြလိုက်ကာ စကားဆက်ပြန်သည်။) သူတို့ဟာ လွန်ခဲ့တဲ့ တစ်နာရီလောက်က ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ကြတာဗျ'

ကိုချမ်းစိန်နှင့် ကိုမောင်ဘိုတို့က ခေါင်းညိတ်လျက် တင်မောင်ဆွေစကားကို ထောက်ခံလိုက်ကြသည်။ သို့ရာတွင် ကိုမောင်ဘိုကမူ တင်မောင်ဆွေအား အဓိပ္ပာယ်ပါပါ တစ်ချက်စိုက်





ကြည့်လိုက်သည်။ သူသည် ဆိုင်နောက်ဖေးပေါက်မှ လစ်ထွက်သွားသော အမျိုးသမီးကလေးကို အမှတ်ရမိသော်လည်း ယခုလောလောဆယ်မှာတော့ ဘာမှမပြောလိုသေးဟု အဓိပ္ပာယ်ရကြောင်း တင်မောင်ဆွေက နားလည်လိုက်မိ၏။

ကိုသောင်းဖေက သူ့လက်ထဲက ကော်ဖီမတ်ခွက်ကို ကောင်တာဘားပေါ်သို့ ဆောင့်ချလိုက်ကာ၊ သူ့လက်ထောက်များက ဆိုင်ထဲတွင်ရှိနေကြသော ဖောက်သည်များအား စစ်ဆေးမေးမြန်းရာသို့ လျှောက်သွားတော့သည်။ ဖောက်သည်များနှင့် ၎င်းက ခေတ္တ စကားပြောနေပြီးနောက် ကိုသောင်းဖေသည် တင်မောင်ဆွေရှိရာသို့ ခြေလှမ်းကျဲကြီးများနှင့် ခပ်သုတ်သုတ် ပြန်လျှောက်လာခဲ့ပြန်သည်။ ၎င်း၏မျက်နှာကြီးသည် နီရဲလျက်ရှိကာ တင်မောင်ဆွေအား စိတ်ဆိုးသောအမူအရာကြီးဖြင့် ကြည့်လိုက်၏။

'ဆိုင်ထဲက ဘယ်သူမှထွက်မသွားခဲ့ဘူးဆိုကွ ဟင်… တင်မောင်ဆွေ၊ မင်းဟာ ငါ့ကို တော်တော်လိမ့်ချင်တဲ့ အကောင်ပါကလား'

'ဗျာ၊ ကျွန်တော်က ဘာလိမ့်မိလို့လဲဗျာ'

'တော်စမ်းပါ တင်မောင်ဆွေရာ၊ ဟိုမိန်းမကကော ဘယ်ရောက်သွားပြီလဲ'

'ဘယ်မိန်းမလဲဗျ'

တင်မောင်ဆွေက မျက်တောင်များ တဖျပ်ဖျပ်ခတ်လိုက်ကာ တကယ့်ကို အပြစ်ကင်းစင်သော အမူအရာဖြင့် ကိုသောင်းဖေအားပြန်ကြည့်ပြီး မေးလိုက်သည်။

'မင်းနဲ့တောင် စကားပြောလိုက်ရတယ်ဆိုတဲ့ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့'

'ဩော်… သူလား'ဟု တင်မောင်ဆွေက ယခုမှ သတိရလာဟန်ဖြင့် လက်ဖျောက်တီးလျက် ရေရွတ်လိုက်သည်။ 'ဟုတ်ပါရဲ့ ကျွန်တော်မေ့နေလိုက်တာဗျာ၊ ကောင်မလေးက ကလေးသာသာရှိသေးတာဆိုတော့ ကျွန်တော်က လုံးဝအမှတ်မထားလိုက်မိဘူး'

'တင်မောင်ဆွေ၊ မင်း အူလည်လည်လုပ်မနေစမ်းပါနဲ့၊ ဒီကောင်မလေးကို မင်းဘယ်မှာ သွားဝှက်ထားလိုက်ပြီလဲ ဆိုစမ်း၊ ဟိုလူလေးယောက်က မင်းဟာ ဒီကောင်မလေးကို အကြာကြီး သွားစကားပြောနေခဲ့တယ်လို့ ပြောကြတယ်'

'ကျွန်တော်က သူ့ကို ဘာလို့ ဝှက်ထားရမှာလဲဗျ။ သူက ဒီကိုလာပြီး ကော်ဖီတစ်အိုးမှာလို့ ကျွန်တော်က မှာပေးလိုက်ရတာ တစ်ခုပဲ။ ကျွန်တော်က သူ့ကို ဂရုစိုက်နေတာမှ မဟုတ်တာ၊ ကော်ဖီသောက်ပြီး သူ့ဘာသာသူ ပြန်သွားတာပဲ ဖြစ်မှာပေါ့'

'သူ ဘယ်သူဆိုတာ မင်းသိပါတယ်ကွာ'

ကိုသောင်းဖေက ဇွတ်အတင်းဆက်၍ အစ်နေလိုက်သည်။

'မသိပါဘူးဗျာ၊ ကျွန်တော်တစ်ခါမှမမြင်ဘူးတဲ့ သူစိမ်းမိန်းကလေးတစ်ယောက်ပါ။ ကျွန်တော် သူ့ကို သွားစကားပြောတာက သူ့ကို ဟိုလူတွေအထဲက အမူးသမားတစ်ယောက်က သွားနှောင့်ယှက်နေလို့ သွားပြီး သတိပေးစကားပြောရတာပါ'

တင်မောင်ဆွေက မှင်သေသေဖြင့်ပင် ပြန်ပြောလိုက်ရာ ကိုသောင်းဖေသည် နှာခေါင်းမှ လေမှုတ်ထုတ်လိုက်ပြီး အထူးထောက်လှမ်းရေးနှင့် အမ်အိုင်အက်စ်မှ လူနှစ်ယောက်အား ကြည့်လိုက်သည်။ သို့ရာတွင် ၎င်းတို့နှစ်ယောက်ဆီကလည်း သူ ဘယ်လို





မှထောက်ခံချက်ရမည် မဟုတ်သည်ကို တွေ့လိုက်ရကား ကိုသောင်းဖေက မီးသေနေသော ဆေးပြင်းလိပ်ကို သွားများဖြင့် ဆတ်ခနဲ ကိုက်လိုက်ကာ ချာခနဲ လှည့်၍ ထွက်သွားတော့သည်။

တင်မောင်ဆွေသည် သူ့ရဲဘော်ကြီးအား စိတ်ထဲက ကြိတ်၍ သနားလိုက်မိသော်လည်း တင်နန်းသီအကြောင်း သူဖွင့်မပြောခြင်းမှာ တင်နန်းသီကို သူကိုယ်တိုင်လိုက်၍ ရှာဖွေလိုသောကြောင့် ဖြစ်လေ၏။

ခဏကြာလျှင် ကိုသောင်းဖေကြီးသည် သူ့လူများနှင့်အတူ ပြန်ထွက်သွားလေတော့သည်။ ဤတွင် တင်မောင်ဆွေသည် အထူးထောက်လှမ်းရေးနှင့် အမ်အိုင်အက်စ်မှ လူနှစ်ယောက်နှင့်ရင်ဆိုင်ရပြန်တော့သည်။

'ကဲ… ကိုတင်မောင်ဆွေ၊ 'လစ်ထွက်သွားတဲ့ ကောင်မကလေး ဘယ်သူဆိုတာကို ပြောပြပေတော့'

တပ်ကြပ်ကြီး မောင်ကိုက ကုလားထိုင်တစ်လုံးတွင် ခြေနှစ်ဖက်တွဲ၍ ထိုင်လိုက်ကာ တင်မောင်ဆွေအား မော့ကြည့်လျက် မေးလိုက်သည်။

'ဟုတ်တယ် ကျွန်တော်ကလည်း အဲဒါကို မေးမလို့ပါပဲ' ဟု ကိုချမ်းစိန်ကပါ ထပ်ဆင့်လိုက်သည်။ 'ကဲ… ဆိုစမ်းပါဦး ကိုတင်မောင်ဆွေ၊ ဒီအမျိုးသမီးကလေးက ဘယ်သူလဲဗျ၊ ခင်ဗျား သူ့စားပွဲကိုသွားပြီး စကားပြောနေတာ ကျွန်တော်တွေ့ရပါတယ်'

တင်မောင်ဆွေက ၎င်းတို့နှစ်ယောက်စလုံးအား ခပ်ပြုံးပြုံး ကြည့်ကာ ပခုံးများကို တွန့်ပြလိုက်သည်။

'ခင်ဗျားတို့နှစ်ယောက်ကပါ လုပ်လာကြပြန်ပြီလားဗျ၊ သူ

www.burmeseclassic.com



ဘယ်သူဘယ်ဝါမှန်း သိရရင် ကျွန်တော်က ခုနကတည်းက လုံ
ရေးမှူးကြီး ဦးသောင်းဖေကို တစ်ခါတည်း ပြောပြလိုက်မှာပေါ့ဗျာ
သူနဲ့သွားစကားပြောလိုက်ရပေမယ့် သူဘယ်သူဘယ်ဂါဆိုတာ
တော့ ကျွန်တော် မသိလိုက်ရတာ အမှန်ပါပဲဗျာ'

တပ်ကြပ်ကြီး ကိုမောင်ကို၏မျက်နှာသည် စောစော
ကိုသောင်းဖေ၏မျက်နှာကြီးကဲ့သို့ပင် နီတက်လာတော့သည်။

'ဒီမှာ ကိုတင်မောင်ဆွေ၊ ခင်ဗျားက ကျွန်တော်တို့ကို
လိမ်ဦးမလို့လားဗျာ'

'ကျွန်တော်က ဘယ်သူ့ကိုမှမလိမ်ပါဘူး ကိုယ့်လူ
ခုနက ကောင်မလေး ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်သိရ
ခုနကတည်းက ကျွန်တော် ကိုသောင်းဖေကြီးကို ပြောလိုက်မှာပေ
ပြောပြဖို့ကလည်း ကျွန်တော့်တာဝန်ပဲ ဥစ္စာ၊ ကျွန်တော်က ဘာဖြ
လို့ ထိမ်ဝှက်ထားရမှာလဲဗျ'

တင်မောင်ဆွေက ခပ်တည်တည်ပင် ပြန်ပြောလိုက်
ကိုမောင်ဘိုနှင့် ကိုချမ်းစိန်တို့သည် တစ်ယောက်မျက်နှာ တ
ယောက်ကြည့်လိုက်ကြသည်။ ပြီးမှ ကိုမောင်ဘိုက နှုတ်ခမ်းကြီး
ထော်လိုက်ကာ ထိုင်ရာမှထလိုက်၏။

'ကောင်းပြီ ကိုတင်မောင်ဆွေ၊ ဒီလိုကြေးဆိုရင်လည်
ပြီးရောပေါ့ဗျာ၊ ဒီအမျိုးသမီးကို ခင်ဗျားဆီက အကူအညီရရ မ
ရ ကျုပ်တို့တွေ့အောင် ရှာပြမယ်။ သူ ဘယ်သူဘယ်ဝါဆိုတ
ရယ်၊ သူဒီကိုဘာလာလုပ်တယ် ဆိုတာရယ်၊ အသတ်ခံရသူနဲ့ ဘ
လိုဆိုင်တယ်ဆိုတာရယ်ကို ကျုပ်တို့ဘာသာ ကျုပ်တို့စုံစမ်းပြပါမယ်
'ကောင်းတာပေါ့ဗျာ၊ ဒါက ခင်ဗျားတို့ တာဝန်ဝတ္တရ





ပဲ မဟုတ်လား'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်လေ၏။

အချိန်ကား ည ၁၀နာရီကျော်သွားခဲ့ပြီဖြစ်သည်။ အထူးထောက်လှမ်းရေးမှ ကိုချမ်းစိန်နှင့် အမ်အိုင်အက်စ်မှ ကိုမောင်ဘိုတို့ကလည်း တင်မောင်ဆွေအား မကျေမနပ်ဖြင့်ပင် ပြန်ထွက်သွားကြလေတော့သည်။ ကိုလတ်တို့လူစုကား ကိုသောင်းဖေကြီးတို့ ပြန်ထွက်သွားသည်နှင့် တစ်ပြိုင်နက်ပင် တစ်ချိုးတည်း လစ်ပြေးသွားကြလေပြီ။

ရွှေတံခါးပျော်ပွဲစားရုံထဲတွင်ကား ဖောက်သည်ဆို၍ ရောဘတ်ဝေါင်၊ တင်မောင်ဆွေနှင့် စာရေးဆရာ မိုးဝေကြီးတို့သာ ကျန်နေရစ်ပေတော့၏။ တုတ်ပြသော ကိုယ်ခန္ဓာပိုင်ရှင် သူလျှို ရောဘတ်ဝေါင်လည်း ချောင်ကျကျ စားပွဲတစ်လုံးတွင် တစ်ကိုယ်တည်း ထိုင်ရာက ဘီယာတစ်လုံးစုပ်လျက်ရှိနေ၏။ သူသည် တင်မောင်ဆွေအား လုံးဝဂရုမစိုက်။ ခုနက ဖြစ်ပွားခဲ့သောကိစ္စနှင့်လည်း ဘယ်လိုမှအရေးထားပုံမရဘဲ ဘီယာများကိုသာ တစ်လုံးပြီး တစ်လုံး မှာသောက်နေခဲ့ပေ၏။

တင်မောင်ဆွေသည် ၄င်းတို့ထံသို့ စဉ်းစဉ်းစားစား အမူအရာဖြင့် တစ်ချက်လှမ်းကြည့်ပြီးနောက်၊ ဘိုင်ကုလား ဂျိုးဇက်အား လှမ်းခေါ်လိုက်သည်။

'ဘာယူမလဲ ဆပ်'

'ဘာမှမယူပါဘူးကွာ၊ ခုနက မင်းကော်ဖီအိုးသွားပေးရတဲ့ စားပွဲကို သုတ်ပစ်ပြီးပြီလား'

'မသုတ်ရသေးပါဘူး ဆပ်၊ ရဲတွေဘာတွေ လာတယ်နော၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အလုပ်သိပ်များတယ် ဆပ်'

'ကောင်းတယ်'

တင်မောင်ဆွေက ဂျိုးဇက်အား ပြန်လွှတ်လိုက်ကာ ငွေသိမ်းဖန်လှောင်အိမ်ထဲတွင် ပြန်ရောက်နေသည့် သွယ်သွယ်ထံသို့ သွားလိုက်သည်။

'သွယ်ရေ သွယ့်ဆီမှာ လက်ပုံစံယူတဲ့ ပစ္စည်းတွေရှိတယ် မဟုတ်လား။ ခဏလောက်ပေးစမ်းပါလားကွယ်'

အမ်အိုင်အက်စ်နှင့် အဆက်အသွယ်မကင်းသော သွယ်သွယ်ထံတွင် ပစ္စည်းကိရိယာတွေ တော်တော်အစုံအလင် ရှိနေပေသည်။ သွယ်သွယ်က သူမ၏ သီးသန့်ရုံးခန်းထဲသို့ ထွက်သွားစဉ် တင်မောင်ဆွေ ရောဘတ်ဝေါင်၏ စားပွဲသို့လျှောက်သွားပြန်ကာ ၎င်းနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

'ကဲ… ရောဘတ်ဝေါင် ဆိုစမ်းပါဦးကွ၊ မင်းအချိုးက ဘယ်လိုအချိုးမျိုးလဲ'

ရောဘတ်ဝေါင်၏မျက်ခွံအစ်အစ်များထဲမှ မျက်လုံးသေးသေးကလေးများက မသိမသာကလေး ပြူးကျယ်သွားကြ၏။

'ဟင်… ဘာလဲဗျ၊ ကျွန်တော် ခင်ဗျားပြောတာကို နားမလည်နိုင်ပါဘူး ကိုတင်မောင်ဆွေ'

သို့ရာတွင် သူ့အသံကတော့ ခိုင်မာမှု ကင်းမဲ့နေသည်။ တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို ပါးစပ်တွင်တပ်ကာ ရွှန်ဆွန် ဓာတ်မီးခြစ်ကလေးကို ထုတ်ပြီး မီးညှိလိုက်သည်။ ပြီးလျှင် မီးခိုးများကို တမင်သက်သက်ပင် သူ့ရှေ့မှ ရောဘတ်ဝေါင်၏ မျက်နှာ မို့မို့အစ်အစ်တည့်တည့်ဆီသို့ မှုတ်ထုတ်လိုက်သည်။ ပြီးလျှင် အင်





မတန်မှ အေးစက်မာကျောလှသော မျက်လုံးများဖြင့် ၎င်းအား စိုက်ကြည့်လိုက်၏။

'မင်း အခုထက်ထိ မပြန်သေးတာဟာ ဘီယာသောက်ချင်လွန်းလို့ မဟုတ်ပါဘူးကွာ။ အခုဖြစ်ရတဲ့ ကိစ္စထဲမှာ မင်းက ဘယ်လို စားပေါက်ထွင်ရမလဲဆိုတာကို ထိုင်စောင့်ပြီး အရိပ်အခြည်ကြည့်နေတာ မဟုတ်လား'

ရောဘတ်ဝေါင်က မျက်နှာသေကြီးဖြင့် ခေါင်းခါပြလိုက်၏။

'ဒီကိစ္စကို ကျွန်တော်ဘာမှ မသိရပါဘူး ကိုတင်မောင်ဆွေရာ၊ ကျွန်တော်ဟာ ကိုယ့်ဘာသာကိုယ် ဒီလာပြီး အေးအေးဆေးဆေး ဘီယာသောက်နေတာပါ။ ဒီလိုတုန်းမှာ လူတစ်ယောက်ဟာ သူ့ဘာသာသူ အသတ်ခံသွားရတာ ကျွန်တော်နဲ့ ဘာဆိုင်သလဲဗျ'

'မင်းဟာ လူရှုပ်တစ်ယောက်ဆိုတာကို ငါကောင်းကောင်းကြီးသိထားတာပဲ ရောဘတ်ရာ။ အခု အသတ်ခံသွားရတဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာ မင်းသိရမယ်။ အနည်းဆုံးတော့ သူဘာဖြစ်လို့ ဒီကိုလာတယ်ဆိုတာ မင်းသိထားရမယ်။ ဒါကြောင့်သာ မင်းက ဒီညဒီမှာလာပြီး အကဲခတ်စောင့်ကြည့်နေခဲ့တာ မဟုတ်လား'

ရောဘတ်ဝေါင်က ဘာမှပြန်မဖြေဘဲ မျက်လွှာကြီးများ ချထားလိုက်သည်။ တင်မောင်ဆွေက ကိုယ်ခန္ဓာကို ရုတ်တရက် ရှေ့သို့ကိုင်းကာ ရောဘတ်ဝေါင်၏ လက်ကောက်ဝတ်တစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်သည်။

'ဒီမှာ… ကောင်းကောင်းနားထောင်စမ်း၊ မင်းဟာ ဒီနေ့ကုန်မှာ ဘယ်သူတွေနဲ့ဆက်ပြီး ဘာတွေလိုက်ရှုပ်နေတယ် ဆိုတာကို၊

www.burmeseclassic.com

www.burmeseclassic.com



တို့ကကောင်းကောင်းကြီး သိထားပြီးပြီကွ၊ မင်းတို့လို လူမျိုးတွေဟ
ပိုပြီး ခြေရှုပ်လာကြတယ်။ ဒီတော့ မင်းကို အထူးထောက်လှမ်းရေး
အမ်အိုင်အက်စ်က ခေါ်စစ်တာကို မင်းခံချင်သလား။ ဥပမာဆို
မင်းဟာ ပထမဦးဆုံး တို့မြန်မာပြည်ထဲကို ဘယ်လိုနည်းနဲ့ ဝင်လ
ပြီး၊ အခု မင်းဘယ်က ဝင်ငွေတွေရနေတယ်ဆိုတာတွေ မင်းအ
ဆေးခံချင်သလား'

ရောဘတ်ဝေါင်သည် သူ့နဖူးတွင် ရုတ်တရက် စို့တက်လ
သော ချွေးသီးချွေးပေါက်တွေကို ပိုးလက်ကိုင်ပုဝါတစ်ထည် ထု
လျက် သုတ်လိုက်သည်။

'အို… သူတို့က ကျွန်တော့်ကို စောင့်ကြည့်နေခဲ့ကြ
ပဲဗျ။ ကျွန်တော် ဘာတွေလုပ်နေတယ်ဆိုတာ သူတို့သိပါတယ
ကျွန်တော် မဟုတ်တာမလုပ်မှန်း သူတို့သိလို့ ကျွန်တော့်ကို သူ
ဒီအတိုင်းကြည့်နေကြတာပေါ့ဗျ'

တင်မောင်ဆွေ၏ နှုတ်ခမ်းများက လှောင်ပြုံးကလေး
တွန့်သွားကြသည်။

'ဒါက မင်းအထင်ကိုးကွ၊ မင်း ဘယ်သူတွေနဲ့ဆက်သွ
ပြီး၊ ဘယ်လို ခြေရှုပ်နေတယ်ဆိုတာတွေကို၊ သူတို့က ကော
ကောင်းကြီးသိထားပြီး မင်းကို တမင်ကြည့်နေကြတာပါ၊ မင်းကို
လိုက်ရင် မင်းနေရာကို အစားထိုးမယ့်လူက မင်းထက် ပိုလူရေလ
ချင် လည်နေမှာကိုးကွ၊ ဒါပေမဲ့ မင်းလည်း ငါ့အကြောင်းကို အ
သွားပဲ။ ငါက တစ်နေရာကို တယ်လီဖုန်းဆက်လိုက်တာနဲ့ တစ်
နက်၊ မင်းဟာ ချက်ချင်းအဖမ်းခံရပြီး ပြည်နှင်ဒဏ်အပေးခံရမှာ
မင်းမူလဇာတိက ကန်တုန်ကဆိုတော့ မင်းကို ပြန်ပို့ရမှာပေါ့





မင်းလို လူမျိုးတစ်ယောက်က ပြန်သွားချင်မယ် မဟုတ်ပါဘူးကွာ၊
ဘယ့်နှယ်လဲ ရောဘတ်ဝေါင်'

ရွှေတံခါးပျော်ပွဲစားရုံအတွင်းဝယ် လေအေးစက်မှ အအေးဓာတ်လွှတ်ထားသည်ဖြစ်ရကား မိုးအေးသော ညမျိုးတွင် အနည်းငယ်ပင် ချမ်းစိမ့်စိမ့်ဖြစ်လျက် ရှိနေပေသည်။ သို့ရာတွင် သူလျှို ရောဘတ်ဝေါင်၏ မျက်နှာပြင်တွင်တော့ လက်ကိုင်ပုဝါနှင့် သုတ်ပစ်၍ မရနိုင်အောင် ချွေးပေါက်တွေကသီးလျက် ရှိနေကြတော့သည်။ သူက တင်မောင်ဆွေအား ကြောက်ရွံ့မှုမကင်းသော မျက်လုံးများဖြင့် ပြုံးကြောင်ကြောင်ကြီး ကြည့်လိုက်၏။

'ဘုရားစူး မိုးကြိုးပစ်ရပါစေရဲ့ဗျာ၊ ကျွန်တော်အသတ်ခံရတဲ့လူ ဘယ်သူဘယ်ဝါဆိုတာ မသိရတာ အမှန်ပါ။ သူ ဘယ်သူ့အတွက် အလုပ်လုပ်တယ်၊ ဘာလုပ်နေတယ်ဆိုတာကိုလည်း ကျွန်တော်ဘာမှမသိရပါဘူး။ ကျွန်တော်သိထားရတာတွေက အရိပ်အမြွက်ကလေးတင်ပါ'

တင်မောင်ဆွေက ရောဘတ်ဝေါင်၏ မျက်နှာတည့်တည့်ရှိသော မျက်လုံးများဖြင့် တစ်ချက်စိုက်ကြည့်လိုက်ရာက ဦးခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်လိုက်သည်။

'ကောင်းပြီလေ၊ မင်းသိထားတဲ့ အရိပ်အမြွက်ကလေးကိုပဲ ငါ့ကိုပြောပြပေါ့ကွာ'

ရောဘတ်ဝေါင်သည် ရုတ်တရက် ရေငတ်လာသည့်အလား ဘီယာခွက်ကို ဆတ်ခနဲကောက်ကိုင်လိုက်ကာ တဂွပ်ဂွပ် ကျိုက်ချလိုက်လေသည်။ ပြီးမှ ပါးစပ်ကို လက်ခုံဖြင့် ပွတ်သုတ်လိုက်ရာမှ အသံခပ်နိမ့်နိမ့်ဖြင့် စကားစလိုက်လေ၏။

www.burmeseclassic.com



'ဒီလို ကိုတင်မောင်ဆွေရယ်၊ ဘယ်သူဘယ်ဝါရယ်တော့ ကျွန်တော်လည်း အတတ်မပြောတတ်ပါဘူး။ ဒါပေမဲ့ စက်ဘ်ပူမှာ ရှိနေတဲ့ လူတစ်ယောက်က မြန်မာပြည်ထဲကို အကြောင်းတစ်ခုကြောင့် တိတ်တိတ်ခိုးပြီး ဝင်ချင်ခဲ့တယ်။ ဒါနဲ့ သူဟာ စက်ဘ်ပူကအဆက်တွေနဲ့ မြန်မာပြည်ထဲကို တိတ်တိတ်ခိုးဝင်ဖို့ စီစဉ်ခဲ့တယ်။ သူဟာ စက်ဘ်ပူကနေ ငါးဖမ်းသင်္ဘောတစ်စီးနဲ့ လိုက်လာပြီး မြိတ်ကျွန်းစုထဲက ကျွန်းတစ်ကျွန်းမှာ မြန်မာပြည်က ငါးဖမ်းသင်္ဘောတစ်စီးကို ပြောင်းစီးခဲ့တယ်။ အဲဒီသင်္ဘောနဲ့ သူဟာ လိုက်လာပြီး မြိတ်ဘက်က ကမ်းခြေရွာကလေးမှာ ဆင်းနေခဲ့တယ်။ အဲဒါက လွန်ခဲ့တဲ့တစ်လလောက်ကပဲ ကိုတင်မောင်ဆွေ၊ အဲဒီလူကို တင်ခေါ်လာတဲ့ မြန်မာပြည်က ငါးဖမ်းသင်္ဘောပိုင်ရှင်ကတော့ ရူလတန်အာမက်ဆိုတဲ့ ကုလားသူဌေးတစ်ယောက်ပဲ။ သူက အရင်တုန်းက အဲသလို အလုပ်မျိုး လုပ်ဖူးတယ်'

ရောဘတ်ဝေါင်ပြောပြသော အကြောင်းအရာများသည် တင်မောင်ဆွေအတွက် စိတ်ဝင်စားဖွယ် ဖြစ်နေတော့သည်။ ဖြစ်သွားခဲ့သော လူသတ်မှုသည် သာမန်လူသတ်မှုမျိုးမဟုတ်နိုင်ဟု သူအစကတည်းက ထင်မြင်ယူဆခဲ့မိသည်။ ယခုအသတ်ခံရသူသည် ရောဘတ်ဝေါင်ပြောသော စက်ဘ်ပူမှ မြန်မာပြည်တွင်းသို့ အကြောင်းတစ်စုံတစ်ခုကြောင့် တိတ်တဆိတ်ခိုးဝင်လာခဲ့သော လူပင်ဖြစ်ရပေမည်။ သို့ရာတွင် တစ်စုံတစ်ခုကတော့ စဉ်းစားစရာဖြစ်နေသည်။ ဤလူကို သတ်လိုလျှင် ဘာကြောင့် ယခုမှသတ်ရသနည်း။ ငါးဖမ်းလှေပေါ်တွင်ပင် သတ်ပစ်ပြီး ပင်လယ်ထဲပစ်ချလျှင် ကိစ္စက ပြီးနေပေပြီ၊ ထို့ကြောင့် ဤလူသည် မြန်မာပြည်တွင်း





ရောက်ပြီးမှ ပြုလုပ်ဆောင်ရွက်ခဲ့သော အကြောင်းအရာများကြောင့်သာလျှင် အသတ်ခံရခြင်းဖြစ်ပေမည်။

'ကဲ… ရူလတန်အာမက်ရဲ့ ငါးဖမ်းသင်္ဘော နာမည်ကိုလည်း ပြောစမ်းပါဦးကွာ'

'ငွေလရောင်တဲ့ ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက နာမည်နှစ်ခုကို စိတ်ထဲတွင် မှတ်ထားလိုက်သည်။ ရူလတန်အာမက် မော်လမြိုင်မှ ငါးဖမ်းသင်္ဘောပိုင်ရှင် ကုလားသူဌေး။ ၎င်း၏ငါးဖမ်းသင်္ဘောနာမည်က မြန်မာဆန်ဆန် ငွေလရောင်။ တိုင်းတစ်ပါးမှနေ၍ တကူးတက မြန်မာပြည်တွင်းသို့ ခိုးဝင်၍လာသူ လူတစ်ယောက်။ ဤလူသည် ရွှေတံခါးပျော်ပွဲစားရုံ၌ အသတ်ခံခဲ့ရသည်။ ဤဖြစ်ရပ်များ၏နောက်ကွယ်တွင် ကြီးကျယ်လျှို့ဝှက်သော အကြောင်းအရာတစ်ခုကတော့ ရှိနေရပေမည်။

'ကောင်းပြီ တရုတ်ကြီး၊ မင်းပြန်ချင်ရင် ပြန်နိုင်ပြီ'

ရောဘတ်ဝေါင်သည် ဘီယာလက်ကျန်ကို ဖန်ခွက်ထဲသို့ငှဲ့ထည့်လိုက်ပြီး တစ်ကျိုက်တည်းမော့ချလိုက်သည်။ ပြီးလျှင် တင်မောင်ဆွေကို အသနားခံသော အမူအရာဖြင့် ကြည့်လိုက်၏။

'ကိုတင်မောင်ဆွေ ကျွန်တော် အခုလို ပြောပြတယ်ဆိုတာကို တခြားဘယ်သူ့ကိုမှ…'

'စိတ်ချပါကွာ၊ ကဲ… မင်းလည်းပြန်ပေတော့'

ရောဘတ်ဝေါင်သည် နှစ်ခါပြန်ပြောမနေရတော့။ တစ်ချို့တည်း ထလစ်သွားတော့သည်။

တင်မောင်ဆွေက ကောင်တာဆီသို့ ပြန်လာခဲ့ရာ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



သွယ်က သူ့အား လက်ဖွေပုံစံယူသော ကိရိယာကို ထုတ်ပေးလိုက်သည်။ တင်မောင်ဆွေက တင်နန်းသီထိုင်သွားခဲ့သော စားပွဲသို့ သွားရောက်ကာ တင်နန်းသီ၏ လက်ပုံစံများ ကျန်နေရစ်မလားလို့ ဆေးဖြူးလျက် ရှာကြည့်မိသည်။ ဆေးမှုန့်များကို ညင်သာစွာ မှုတ်ထုတ်လိုက်သည့်နောက်ဝယ် လက်ပုံစံအရာများက ပေါ်လာ၏။ သို့ရာတွင် မထင်မရှား မပြတ်သားသော လက်ပုံစံတွေသာ ဖြစ်နေရာ ဘယ်လိုမှ အသုံးမကျချေ။

ဘိုင်ကုလား ဂျိုးဇက်သည် တင်မောင်ဆွေနားသို့လျှောက်လာသည်။

'ဆရာ ကျွန်တော့်အိမ်ပြန်တော့မယ်။ ဆရာဘာလိုချင်သေးသလဲ'

'ငါလိုချင်ရင် ငါ့ဘာသာ ငါယူပါ့မယ်ကွာ၊ မင်းပြန်တော့၊ ဒါနဲ့ သွယ်သွယ်တစ်ယောက်ကောကွ'

'အော့ဖစ်ထဲမှာ ဆရာ၊ ဆရာမိုးဝေနဲ့ စကားပြောနေတယ်'

တင်မောင်ဆွေသည် လက်ပုံစံကိရိယာများကို ပြန်လည်သိမ်းဆည်းကာ ဆိုင်ခန်းမနောက်ဘက်တွင်ရှိသော သွယ်သွယ်၏ ရုံးခန်းထဲတွင် သွယ်သွယ်နှင့်မိုးဝေကြီးသည် သွယ်သွယ်ကိုယ်တိုင် သုတ်ထားသော ရှောက်သီးသုတ်ကို မြိန်ရေရှက်ရေ စားနေကြ၏။

'ဘယ့်နှယ့်လဲ ကိုဆွေ၊ အခုညဖြစ်ရတဲ့ ကိစ္စကို ကိုဆွေ ဘယ်လိုသဘောရသလဲ'

သွယ်သွယ်က သူမအားတွင် ဝင်ထိုင်လိုက်သော တင်မောင်ဆွေအား မေးလိုက်၏။

'အခု လောလောဆယ်မှာတော့ ကိုဆွေ စိတ်ဝင်စား





ဲ့ အချက်တစ်ခုပဲ ရှိသေးတယ်'ဟု တင်မောင်ဆွေက စီးကရက်လိပ်ကို မီးညှိရန်ပြင်ဆင်ရင်းက ပြန်ဖြေလိုက်သည်။ ပြီးလျှင် ညှိရောဘတ်ဝေါင်က ပြောပြခဲ့သောအကြောင်းအရာများကို သူက ယ်သွယ်နှင့် မိုးဝေကြီးတို့အား ပြန်ပြောပြလိုက်၏။

'ဒီလိုဆို မင်းက ဒီကိစ္စကို ဆက်လိုက်မလို့ပေါ့လေ ဟုတ်ကွ'

မိုးဝေကြီးက သူ့အတွက် ဝတ္ထုတစ်ပုဒ်တော့ သေချာသွား ့ စိတ်အားထက်သန်စွာ မေးလိုက်ရာ၊ တင်မောင်ဆွေက ပြုံး က် ပခုံးနှစ်ဖက်ကို မသိမသာ တွန့်ပြလိုက်၏။

'မနက်ဖြန်ကျရင်တော့ ကိုသောင်းဖေကြီးဆီက ဘာများ သိရဦးမလဲဆိုတာကိုတော့ စောင့်ကြည့်လိုက်ဦးမယ်လေ'

သွယ်သွယ်က ခေါင်းလောင်းသံကလေးဖြင့် ရယ်လိုက်၏။

'ကိုသောင်းဖေကြီးက ဒီကိစ္စနဲ့ပတ်သက်လို့ သူ့ဘာသာ စမ်းလို့ သိရဦးတော့ ကိုဆွေကို ပြောမတဲ့လားရှင်၊ သူက ဒီ ညှ ကိုဆွေကို တော်တော်ကျဲမြီးတိုသွားတာရှင့်'

'ကိုသောင်းဖေကြီးက ဖိုးဆွေကို ကျဲမြီးတို ခဏပေါ့သွယ် ယ်ရယ်။ ဖိုးဆွေ သွားချော့လိုက်ရင် ပျော့သွားမှာပါ။ မဟုတ်လား ဆွ'

ကိုသောင်းဖေနှင့် တင်မောင်ဆွေတို့ ဆက်ဆံကြပုံကို င်းကောင်းကြီးသိထားသော မိုးဝေကြီးက ပြောလိုက်ရာ တင် င်ဆွေက ဘာမှမပြောဘဲ ပြုံး၍သာနေလိုက်သည်။

သွယ်သွယ်သည် ဝါးခနဲ တစ်ချက်သမ်းဝေလိုက်ရာက ်ပတ်နာရီကလေးကို မြှောက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'၁၁-နာရီတောင်ထိုးပြီ ကိုဆွေ၊ သွယ်တော့ ပြန်ချင်ပြီ'

'ကိုမိုးကြီး သွယ့်ကိုပြန်ပို့ပေးလိုက်ပါ'

တင်မောင်ဆွေက သွယ်အား ပြန်ပို့ရန်တာဝန်ကို မိုးဝေကြီး အပေါ်လွှဲချလိုက်ရာ သွယ်က နှုတ်ခမ်းကလေးကို စူလိုက်သည်။

'နို့... ကိုဆွေကတော့ကော မပြန်သေးဘူးတဲ့လား'

'ကိုဆွေ ဒီမှာ နေခဲ့ဦးမယ်လေ။ ဆိုင်ကို ကိုဆွေ့ဘာသာ ပိတ်ပေးပါ့မယ်။ သွယ် စိတ်ချလက်ချ ပြန်သွားပေတော့'

သွယ်သွယ်က ဘာမျှမပြောတော့။ တင်မောင်ဆွေသည် ယခင်ကလည်း သူမပြန်သည့်တိုင် ဆိုင်တွင်တစ်ယောက်တည်း ကျန် နေရစ်တတ်သည်ဖြစ်ရကား၊ မိုးဝေကြီးကိုသာ အဖော်ပြုကာ ဆိုင် နောက်ဘက်တံခါးပေါက်မှ ထွက်ခွာသွားလေ၏။

❖ ❖ ❖



# အခန်း - ၃

တင်မောင်ဆွေသည် ဆိုင်ရှေ့မှ ရွှေရောင်ဆေးသုတ်ထား သော တံခါးမကြီးကို အပြီးတစ်ခါတည်း ပိတ်ထားလိုက်သည်။ ဆိုင်ထဲရှိ မီးများအားလုံးကိုလည်း ကောင်တာဘားအထက်ရှိ မီးချောင်း ခပ်မှိန်မှိန်တစ်ချောင်းမှအပ အားလုံးပိတ်ပစ်လိုက်သည်။

ထို့နောက် ကောင်တာဘားနောက်သို့ ဝင်ခဲ့ကာ ဘား အောက်မှ ဗက်စစ္စတီနိုင်းအရက်ပုလင်းကို ဆွဲထုတ်လျက် ဖန်ခွက် ထဲသို့ လက်သုံးလုံးခန့် ငှဲ့ထည့်လိုက်သည်။ ရေခဲကြီးကြီးနှစ်တုံး ထပ်ထည့်ကာ ကလပ်ဆော်ဒါအငယ်တစ်လုံးကို ဖောက်ပြီး လက် သုံးလုံးခန့် ရောစပ်ဖြည့်စွက်လိုက်သည့်အခါတွင် သောက်ရန် အသင့် ဖြစ်နေတော့သည်။ ထိုအရက်ခွက်သည် တင်မောင်ဆွေအတွက် ထို နေ့အဖို့ ပထမဦးဆုံးခွက်ပင်ဖြစ်၏။

တင်မောင်ဆွေသည် အရက်ဖန်ခွက်ကို ကောင်တာဘား ပေါ်တွင် ထားခဲ့ပြီး ဂျူ(က်)ဘောက်(စ်)ခေါ် ဓာတ်ပြားစက်ကြီး ဆီသို့ လျှောက်လာပြီး ဒင်းမာတင်ဆိုသော ဓာတ်ပြားတစ်ချပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရွေးလျက်၊ ခပ်တိုးတိုးဖွင့်လိုက်ပြီး ကောင်တာဘားဆီမှ ပြန်လျှောက်လာခဲ့သည်။

ရွှေတံခါးဟော်တယ် ခန်းမကြီးအတွင်းဝယ် ဒင်းမာတင်၏ သီချင်းသံအေးအေးက ခပ်ညင်းညင်း ပျံ့လွင့်ထွက်ပေါ်လာနေသည်။ ကောင်တာဘားဆီမှ ခွေးခြေခုံတစ်လုံးပေါ်တွင်တော့ ဗက်စစွတီနိုင်းအရက်ကို ကြိုက်တတ်ပြီး စီးကရက်ကို ပါးစပ်များတွင် ခဲတတ်သည့်နည်းတူ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်တတ်ပြီး ဒီဟာ နှစ်ခုအတွက်ဆိုလျှင် ဘယ်လိုဘေးအန္တရာယ်ကိုမဆိုရင်ဆိုင် ဖို့အမြဲအဆင်သင့် ရှိတတ်သည့် စုံထောက်တင်မောင်ဆွေသည် ထိုနေ့အတွက် သူ၏ ပထမဦးဆုံးအရက်ကို ဖိမ်ခံ၍ စုပ်နေလိုက်လေ၏။

တင်မောင်ဆွေသည် အရက်ကိုစုပ်လိုက် စီးကရက်ကို ဖွာလိုက် လုပ်နေရာမှာ သူ့ဦးနှောက်ကတော့ စောစောက ဖြစ်ပွားခဲ့သော လူသတ်မှုကို ပြန်လည်ဝေဖန် ဆန်းစစ်နေလိုက်သည်။ အသတ်ခံရသူသည် ဘာကြောင့် အသတ်ခံရသနည်းဟူသည်ကို မသိနိုင်မီ၊ ထိုလူသည် ဘယ်သူဘယ်ဝါဖြစ်ပြီး ဒီဆိုင်ကို ဘာကြောင့်လာသည်ဆိုသည်ကို အရင်သိဖို့က လိုအပ်နေပေသေး၏။

ဤလူသတ်မှုသည် သာမန် ရိုးရိုးတန်းတန်း လူသတ်မှုတစ်မှုသာလည်း ဖြစ်နိုင်၏။ ၎င်းတွင် ပါသောငွေကို လုယူရန်အတွက် သာမန်လူဆိုးတစ်ယောက်က သို့မဟုတ် လူဆိုးများက အခြားအကြောင်းထူးမရှိဘဲ မားနှင့်ထိုးသွားခဲ့ခြင်း ဖြစ်နိုင်သည်။

သို့ရာတွင် တင်မောင်ဆွေစိတ်ထဲမှာတော့ ထိုသို့မဟုတ်နိုင်ဟု ထင်မှတ်နေမိသည်။ အသတ်ခံရသူ၏ ကိုယ်ခန္ဓာနှင့် အဝတ်





အစားများတွင် ၎င်းမည်သူမည်ဝါဖြစ်သည်ကို သိနိုင်မည့် သက်သေခံအထောက်အထား ပစ္စည်းဘာတစ်ခုမှ ရှိမနေသည်ကပင် တစ်မျိုးထူးခြားနေသည်။ ပြီးတော့ ရွှေတံခါးပျော်ပွဲစားရုံသို့ မဝံ့မရဲတစ်ယောက်တည်းလာ၍ တစ်စုံတစ်ယောက်သော လူကိုထိုင်စောင့်နေခဲ့သည့် တင်နန်းသီဆိုသော ရွှေမြိုင်သူကလေးကလည်း ရှိနေသေးသည်။ သူမက ထိုင်စောင့်နေခဲ့သောလူသည် ယခု အသတ်ခံသွားရသူပင် ဖြစ်လေသလား၊ ထိုလူ အသတ်ခံသွားရပြီးသည်နှင့် တစ်ပြိုင်နက် အမျိုးသမီးကလေးသည် ဆိုင်နောက်ဘက်တံခါးပေါက်မှ တိတ်တဆိတ် လစ်ထွက်ပြေးသွားခဲ့သည်မှာလည်း တင်မောင်ဆွေအတွက်တော့ စိတ်ဝင်စားစရာ ဖြစ်နေ၏။

နောက်တစ်ခုက ပုဆိန်ရိုး ရောဘတ်ဝေါင် ပြောသွားခဲ့သော အကြောင်းအရာ။ ထိုအကြောင်းအရာသည် အမှန်ဖြစ်ပါကတိုင်းပြည်အတွက် အရေးကြီးသော အချက်တစ်ချက် ဖြစ်နိုင်ပေ၏။ ကော်ပူမှ လူတစ်ယောက်သည် မြန်မာပြည်တွင်းသို့ အဘယ်ကြောင့်တိတ်တဆိတ် ခိုးဝင်ချင်ရသနည်း။ ယခု ဆေးရုံကြီးမှ ရေခဲတိုက်ထဲတွင် ရောက်နေပြီဖြစ်သော မည်သူမည်ဝါမှန်း မသိရသည့် လူသည် ထိုလူပင် ဖြစ်နေလေသလော…

ဖြစ်နိုင်စရာတော့ရှိ၏။ သို့ရာတွင် ထိုကိစ္စနှင့် ပတ်သက်၍ နောက်ထပ်အထောက်အထား ပြုစရာအချက်အလက်တွေ မရသေးသရွေ့တော့ တင်မောင်ဆွေ၏ အလေ့အကျင့်က အတည်ပြုခွင့်မပေးသေးဘဲ ရှိနေ၏။ အတည်ပြုနိုင်လောက်သည့် နောက်ထပ်အချက်အလက် အထောက်အထားတွေကို ရှာဖွေရဦးမည် ဖြစ်သည်။

တင်မောင်ဆွေသည် ဝီစကီဆော်ဒါကို တစ်ကျိုက်စုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်ရာက ဦးဘငြိမ်းအား ယခုလိုအချိန် တယ်လီဖုန်းဆက်ပြီး အိပ်ရာထဲမှ နှိုးထုတ်ဖို့ သင့်တော်ပါမည်လားဟု တွေးလိုက်မိပါသည်။ ဦးဘငြိမ်းကား ခေါင်းပုံဖြတ်ဂိုဏ်းကိစ္စတွင် တင်မောင်ဆွေနှင့် ဆက်သွယ်မိခဲ့သော နိုင်ငံလျှို့ဝှက် ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ခံ အရာရှိကြီးတစ်ယောက်ဖြစ်၏။ ၎င်းတွင် ဗိုလ်မှူးကြီးတစ်ယောက်၏ အခွင့်အာဏာများ ရှိနေသည်။ ပြည်တွင်းပြည်ပမှ တိုင်းပြည်အတွက် ရန်စွယ်စူးသောင့်ခလုတ်များကို စောင့်ကြည့်ရှင်းလင်းရသောအဖွဲ့၏ တာဝန်ခံအရာရှိတစ်ယောက် ဖြစ်နေ၍လည်း သူ့တွင် သာမန်ထက်ပိုသော အခွင့်အာဏာများ ရှိနေရခြင်းဖြစ်၏။ ရွှေတံခါးပျော်ပွဲစားရုံပိုင်ရှင် သွယ်သွယ်သည် သူ့လက်အောက်ခံတစ်ယောက်ဖြစ်ရာ သူ့အဖွဲ့၏ညွှန်ကြားချက်ဖြင့် ရွှေတံခါးပျော်ပွဲစားရုံကို ဖွင့်ထားခဲ့ရခြင်းဖြစ်သည်။

တင်မောင်ဆွေကိုယ်တိုင်မှာလည်း ဦးဘငြိမ်း၏ မေတ္တာရပ်ခံချက်ဖြင့်ပင် ညစဉ်ညတိုင်း ရွှေတံခါးပျော်ပွဲစားရုံသို့ လာရောက်ကာ သွယ်သွယ်နှင့် အဆက်အသွယ်လုပ်ထားပြီး အခြေအနေကို စောင့်ကြည့်ပေးနေရခြင်း ဖြစ်သည်။ ခေါင်းပုံဖြတ်ဂိုဏ်းကိစ္စတွင် ပြည်ပနယ်ချဲ့ သြဇာခံပြည်တွင်းဖောက်ပြန်ရေးသမားများ၏ တောင်ပံနက်အဖွဲ့ကြီးကို တင်မောင်ဆွေက ဖြိုခွင်းပေးခဲ့ကတည်းက ဦးဘငြိမ်းသည် တင်မောင်ဆွေအား သဘောကျသွားခဲ့သည်။ ထို့ကြောင့်လည်း ၎င်းက တင်မောင်ဆွေအား ၎င်း၏ လျှို့ဝှက် ထောက်လှမ်းရေးအဖွဲ့၏ ဂုဏ်ထူးဆောင်အဖွဲ့ဝင်တစ်ယောက် အဖြစ်နှင့် အသိအမှတ်ပြုထားလိုက်ကာ အကယ်၍ လိုအပ်ပါက အဖွဲ့က ချမှတ်ပေးသော တာဝန်များကို ထမ်းဆောင်ပါရန်ကိုလည်း မေတ္တာ





ရပ်ခံခဲ့သည်ကို တင်မောင်ဆွေက လက်ခံထားခဲ့ပေသည်။

ယခု တင်မောင်ဆွေသည် ယခုည ရွှေတံခါးတွင် ဖြစ်ပွားခဲ့သော ကိစ္စကို ဦးဘငြိမ်းအား အသိပေးရကောင်းမည်လောဟု စဉ်းစားလိုက်မိရာက ချက်ချင်းပင် ထိုအတွေးကိုပယ်ချလိုက်မိသည်။ ယခုလိုအခြေအနေတွင် ဦးဘငြိမ်းအား အသိပေးရန် စောသေးသည်ဟု သူက ဆုံးဖြတ်လိုက်သည်။ ဤလူသတ်မှုသည် တိုင်းပြည်၏ လုံခြုံမှုနှင့် တိုက်ရိုက်ပတ်သက်နေပေသည်ဟု အထောက်အထားခိုင်လုံသေးသမျှတော့ ဦးဘငြိမ်းအား အသိပေးဖို့မထိုက်သေးပေ။ ဤကိစ္စသည် တိုင်းပြည်လုံခြုံရေး တိုင်းပြည်၏ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် ပတ်သက်သည် မပတ်သက်သည်ကို အတိအကျ စုံစမ်းရန်မှာ မိမိ၏တာဝန်ဖြစ်ပေ၏။

တင်မောင်ဆွေက ဖန်ခွက်ထဲသို့ စကော့(ချ်)ဝီစကီ ဒုတိယပက်ကို ငှဲ့ထည့်လိုက်စဉ်မှာပင် ပိတ်ထားသော ရွှေတံခါးကြီးကို တစ်စုံတစ်ယောက်က အပြင်ဘက်မှနေ၍ တခေါက်ခေါက် ခေါက်လိုက်လေသည်။

'ဆိုင်ပိတ်နေပြီဗျို့'

တင်မောင်ဆွေက အသံခပ်ကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

'ဖွင့်ပါဦးဗျ၊ ကျုပ်ပါ အာဝီရယ်လေဗျာ'

'ဘယ်သူပဲဖြစ်ဖြစ် ဆိုင်ပိတ်နေပြီ အရက်မရတော့ဘူး'

'ဖွင့်စမ်းပါဗျာ၊ ခင်ဗျားအထဲမှာ ရှိနေသေးတယ်ဆိုတာကို ကျုပ်သိပါတယ် ကိုတင်မောင်ဆွေ၊ ခင်ဗျားကို ကျုပ်ပြောစရာရှိလို့ပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက သက်ပြင်းချလိုက်မိသည်။ ကိုအာဝီသည် ရွှေတံခါးပျော်ပွဲစားရုံနှင့် မျက်နှာချင်းဆိုင် တိုက်အိုကြီး၏ ပိုင်ရှင်ဖြစ်ကာ ပထမအထပ်တွင် နေထိုင်လျက်ရှိသူ ဖြစ်သည်။ သူသည် ရွှေတံခါးပျော်ပွဲစားရုံသို့ မကြာခဏရောက်လာတတ်သော ဖောက်သည်တစ်ယောက် ဖြစ်သည်နှင့်အမျှ တစ်ခါတစ်ရံ အားထားရတတ်သော သတင်းပေးတစ်ဦးလည်း ဖြစ်၏။

ယခုလည်း သူက ပြောစရာရှိနေသည်ဟုဆိုသည်။ သူပြောစရာသည် အသုံးဝင်ချင်လည်း ဝင်နိုင်သည်။ သို့မှမဟုတ်လည်း သူမလိုမုန်းထားသော လူတစ်ယောက်ကို ချောက်ချသည့်အနေဖြင့် တမင်သက်သက် မလိုမုန်းထားခြင်းလည်း ဖြစ်နိုင်၏။ ဘာပဲဖြစ်ဖြစ် သတင်းပေးတစ်ယောက်က ပြောစရာရှိသည်ဆိုလျှင် နားထောင်ရမည်မှာ စုံထောက်တစ်ယောက်၏ တာဝန်ပင်ဖြစ်၏။

တင်မောင်ဆွေသည် ရွှေတံခါးကို သွားရောက်ဖွင့်ပေးလိုက်ရာ အသားမဲမဲ ပုပုဝဝလူတစ်ယောက်က အထဲသို့ ဝင်လာ၏။ ၎င်းသည် စွပ်ကျယ်လက်တိုအင်္ကျီပေါ်တွင် ခပ်နွမ်းနွမ်း သက္ကလပ်ကုတ်အင်္ကျီကို ထပ်ဝတ်ထားသည်။ အောက်ပိုင်းတွင်တော့ တွန့်ကြေနေသော ဘောင်းဘီရှည်နှင့်ဖြစ်၏။ သူသည် ချက်ချင်းပင် ကောင်တာဘားဆီသို့ ရှေ့ရှုလျှောက်သွားရာ တင်မောင်ဆွေက သူ့ထက် အရင်ဦးအောင် ကောင်တာဘားဆီသို့ အရောက်သွားပြီး ဗက်စ္စတီနိုင်းဝီစကီ ပုလင်းကို အချိန်မီ ဖယ်ရှားပစ်လိုက်ရသည်။

'ဟဲ… ဆိုစမ်းပါဦး ကိုအာဝီ၊ ဘာများပြောစရာရှိလို့လဲ'

'ဒီဆိုင်မှာ လူသတ်မှုဖြစ်တယ်ဆိုဗျ'

'အဲဒါ ဘာဖြစ်သလဲ'





ကိုအာဝီ၏ကိုယ်မှ ထွက်လာသော ချွေးနံ့ကြောင့် တင်မောင်ဆွေက နှာခေါင်းရှုံ့လိုက်မိသည်။

'ပုလိပ်တွေက ကျွန်တော့်ဆီကိုတောင် လာမေးသဗျ။ ကျွန်တော်က ဘာတွေတွေ့လိုက်ရသလဲတဲ့… ဟဲ… ဟဲ…'

တင်မောင်ဆွေက ကိုအာဝီ၏ အမူအရာကို အကဲခတ်ကာ ဤလူသည် တကယ်ပဲပြောစရာတစ်ခုခုတော့ ရှိနေပြီဟု သဘောပေါက်လိုက်မိသည်။ ကိုအာဝီသည် ညဘက်တွင် ရွှေတံခါးသို့ လာလျှင်လာ မလာလျှင် မျက်နှာချင်းဆိုင်ရှိ သူ့တိုက်ခန်းမှ အိမ်ရှေ့ပြတင်းပေါက်တွင် ထိုင်ကာ ရွှေတံခါးကို တစ်ချိန်လုံးထိုင်ကြည့်နေတတ်သော အကျင့်ရှိသူဖြစ်လေသည်။ သူသည် ဤညတွင် ရွှေတံခါးသို့တစ်ခေါက်မှ ရောက်မလာခဲ့ရာ၊ သူ့ထုံးစံအတိုင်း သူ့တိုက်ခန်းပြတင်းပေါက်တွင် ထိုင်ကာ ရွှေတံခါးကို ထိုင်ကြည့်နေခဲ့ပေမည်။ သို့ဖြစ်၍ သူသည် ရွှေတံခါးအပြင်ဘက်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုကို မျက်မြင်ဒိဋ္ဌတွေ့ခဲ့ရပေမည်။

'ကဲ… ဆိုစမ်းပါဦး ကိုအာဝီ၊ ခင်ဗျားက ဘာတွေများ တွေ့ခဲ့ရတယ်လို့ ပုလိပ်တွေကို ပြောပြလိုက်သလဲ'

ကိုအာဝီက ရုတ်တရက် ပြန်မဖြေသေးဘဲ သူ့ကိုယ်ပေါ်တွင် တင်နေသော မိုးစက်တွေကို လက်နှင့်လျှောက်ခါပစ်လိုက်သည်။ ပြီးလျှင် ရုတ်တရက် ချမ်းလာသည့်အလား လက်များကို ပိုက်လျက် ပခုံးကို ကျုံ့ပစ်လိုက်၏။

'မိုးကလည်း အေးလိုက်တာကွာ၊ ခင်ဗျားတို့ဆိုင်ကလည်း အေးအေးဓာတ်လွှတ်ထားတော့ ချမ်းစိမ့်လာတာပဲ။ ဟဲ… ဟဲ… အချမ်းပြေဆေးများ သောက်ရရင်တော့၊ ကျွန်တော်က ပုလိပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာမှမပြောလိုက်ပါဘူး။ ပုလိပ်တွေဆိုတာက ကျွန်တော်နဲ့ သိပ်လည်းပန်းသင့်တာမှ မဟုတ်တာ'

တင်မောင်ဆွေက သကြ်ပြင်းချကာ ကောင်တာဘား နောက်ဘက်ရှိ စင်မှ ရမ်တစ်လုံးကို လှမ်းယူလိုက်ကာ ကိုအာဝီ ရှေ့တွင်ချပေးလိုက်သည်။ ကိုအာဝီသည် ပုလင်းထဲတွင် လက်လေး လုံးခန့်မျှသာ ရမ်ရှိသည်ကိုကြည့်ကာ တော်တော်စိတ်ပျက်သွားပုံ ရသည်။ သို့ရာတွင် ဖန်ခွက်တစ်ခုဆဲသို့ ပုလင်းထဲတွင်ရှိသမျှ ရမ် အရက်တွေကို ငှဲ့ထည့်ကာ ရေအနည်းငယ်သာ ရောပြီး တစ်ကျိုက် ကျိုက်ချလိုက်၏။

'ကဲ… ကိုအာဝီ ဆိုစမ်းပါဦး၊ ခင်ဗျားက ပုလိပ်တွေ ကို ဘာများပြောမပြလိုက်တာလဲ'

'ကျွန်တော်က ခင်ဗျားတို့ရဲ့ရွှေတံခါးကို ညတိုင်းမလာနိုင် ပေမယ့် အမြဲတမ်းစိတ်ဝင်စားနေတဲ့ လူတစ်ယောက်ပါဗျာ။ ဒါကြောင့် မလာနိုင်တဲ့ညဆိုရင် ကျုပ်တိုက်ခန်းရှေ့က ပြတင်းပေါက် မှာ ကုလားထိုင်တစ်လုံးနဲ့ထိုင်လို့ ခင်ဗျားတို့ရွှေတံခါးကိုပဲ ကြည့် နေတတ်တာဗျ'

'ဒါကို ကျုပ်သိပါတယ်လေ။ ကဲ… ခင်ဗျားက ဒီညမှာ ဘာတွေတွေ့လိုက်ရသလဲ'

ကိုအာဝီက တင်မောင်ဆွေအမေးကို အဖြေမပေးသေးဘဲ ရမ်ကို တစ်ကျိုက်ကျိုက်ချလိုက်ပြန်ကာ ဖန်ခွက်ထဲတွင် လက်နှစ် လုံးမျှပဲ ကျန်နေသည်ကို မကျေနပ်သောအမူအရာဖြင့် ကြည့်လိုက် ၏။ ပြီးမှ…

'ခင်ဗျားတို့ဆိုင်ကို ပုလိပ်ကားတွေရောက်မလာခင် ဆယ့်





ငါးမိနစ်လောက်မှာပေါ့ဗျ'ဟု သူက စကားစလိုက်သည်။ 'ပရိုက် ဗိတ် တက္ကဆီကားတစ်စင်းက ခင်ဗျားတို့ဆိုင်ရှေ့မှာ ထိုးရပ်လိုက်ပြီး လူတစ်ယောက်က ဆင်းလာတယ်။ သူက မိုးကာအင်္ကျီဝတ်ထားပြီး ခဲလ်ဟက်ဦးထုပ် ဆောင်းထားတယ်။ အဲ… သူက တက္ကဆီကို ပြန်လွှတ်လိုက်ပြီး၊ ခင်ဗျားတို့ဆိုင်ပေါ်တီအောက်ကို လှမ်းဝင်လိုက် တယ်'

ကိုအာဝီသည် စကားကိုရပ်ထားလိုက်ကာ ရမ်အရက်ကို ဖန်ခွက်ပြောင်စင်သွားအောင် မော့ချပစ်လိုက်သည်။ ပြီးလျှင် တင် မောင်ဆွေအား အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ တင်မောင်ဆွေလည်း မနေသာတော့ဘဲ နောက်ထပ်ရမ်တစ်လုံးကို ကိုအာဝီရှေ့တွင် ချပေး လိုက်ရတော့သည်။

ကိုအာဝီသည် ကျေနပ်သော သက်ပြင်းတစ်ချက် ချလိုက် ကာ သူ့ဖန်ခွက်ထဲသို့ ရမ်အရက် လက်သုံးလုံးခန့်ကို ငှဲ့ထည့်လိုက် သည်။ အရက်ကိုနှစ်ခြိုက်စွာ တစ်စုပ်သောက်ပြီးသည့်အခါတွင် မှ ၄င်းက စကားဆက်ပြန်၏။

'အဲဒီတုန်းမှာ ပရိုက်ဗိတ်ဆလွန်းကားတစ်စင်းက ဆိုင်ရှေ့ မှာ ထိုးရပ်လိုက်ပြီး ကားထဲကလူတစ်ယောက်က ပေါ်တီအောက် ကိုဝင်သွားတဲ့လူကို လှမ်းခေါ်လိုက်တယ်ဗျ။ ဒါနဲ့ အဲဒီလူက ပြန် လှည့်လာပြီး ကားထဲကို ဝင်လိုက်တယ်'

'ကားက ဘယ်လိုအမျိုးအစားလဲဗျ'

'ဘယ်လိုအမျိုးအစားလဲဆိုတော့ ကျွန်တော်လည်း မပြော တတ်ဘူး။ ဆလွန်းကားတစ်စင်းပဲ၊ အရောင်ကတော့ အနက်ရောင် တယ်။ မိုးတွေက ရွာနေတော့ ကောင်းကောင်းမြင်ရတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ။ အော်စတင်ဖြစ်ချင် ဖြစ်မယ်'

'ထားပါတော့လေ၊ ဆက်ပြောပါ'

'မိုးကာအင်္ကျီနဲ့လူက ကားထဲကို ဝင်သွားပြီး တစ်မိနစ်နှစ်မိနစ်လောက်ကြာတော့ ပြန်ထွက်လာတယ်။ ကားကလည်း တစ်ခါတည်း ဂူးခနဲမောင်းထွက်သွားတော့တယ်။ မိုးကာအင်္ကျီနဲ့လူက ပေါ်တီကိုအစပ်မှာ ခဏလောက်ရပ်နေတယ်။ ပြီးတော့မှ ဒယီးဒယိုင်နဲ့ ပေါ်တီအောက်ကို ဝင်သွားတာကို ကျွန်တော် နောက်ဆုံးတွေ့လိုက်ရတော့တာဝဲဗျာ'

ကိုအာဝီသည် လူသတ်မှုကို မျက်မြင်ဒိဋ္ဌတွေ့လိုက်ရခြင်း ဖြစ်နေတော့သည်။ ကားထဲတွင်ပါသော လူတစ်ယောက်က ဓားနှင့်ထိုးလွှတ်ပြီး ကားကို ပြန်မောင်းပြေးသွားခြင်းပင် ဖြစ်ပေမည်။

'ကားထဲမှာ လူဘယ်နှစ်ယောက်ပါသလဲ ကိုအာဝီ'

ကိုအာဝီသည် ပါးစပ်မှ ဖန်ခွက်ကို ပြန်ချလိုက်ကာ အော့ခနဲလေတစ်ချက် တက်လိုက်သည်။ ပြီးမှ တင်မောင်ဆွေအား မျက်လုံးကြီးတွေ ပြူးလျက်ကြည့်လိုက်၏။

'ဒါတော့ ကျွန်တော် မပြောတတ်ဘူးလေ။ ကားထဲကို ကျွန်တော်မြင်ရတာမှ မဟုတ်ဘဲ။ ဒါပေမဲ့ ဒရိုင်ဘာအပြင် အနည်းဆုံးလူတစ်ယောက်တော့ပါရမယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ မိုးကာအင်္ကျီနဲ့လူက ကားနောက်ပိုင်းကို ဝင်သွားတာကိုး'

'မိုးကာအင်္ကျီနဲ့လူက ပရိုက်ဗိတ်တက္ကဆီနဲ့ လာတာနော်'

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ နံပါတ်အနီကို ကျွန်တော်က ကောင်းကောင်းတွေ့လိုက်ရပါတယ်'

'ဒီ့အရင်ကကော ခင်ဗျား ဘာတွေ့လိုက်ရသေးသလဲ ကိုအာဝီ'

'ဒီ့အရင် ဟုတ်လား'

ကိုအာဝီသည် အရက်ကို တစ်ကျိုက်ထပ်စုပ်လိုက်ရာက မျက်မှောင်ကြုတ်ကာ စဉ်းစားနေလိုက်သည်။ တင်မောင်ဆွေက သူ့မှတ်ဉာဏ်ကို ပွင့်လာစေရန်...

'ဒီ့အရင် မိန်းကလေးတစ်ယောက်ကိုကော ခင်ဗျား မတွေ့လိုက်ဘူးလား' ဟု ထောက်ပေးလိုက်သည်။

ကိုအာဝီသည် မှတ်ဆိတ်မွေး ကျိုးတိုးကျဲတဲ ပေါက်နေသော သူ့မေးစေ့ကို လက်ဝါးဖြင့်ပွတ်ကာ ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်သည်။

'အာ... ဟုတ်တယ်၊ ဟုတ်တယ်...၊ မိန်းကလေးတစ်ယောက်၊ မိုးကာအင်္ကျီအနီရောင်လေး ဝတ်ထားတဲ့ မိန်းကလေးဟုတ်လား၊ ဒီ့အရင် နာရီဝက်လောက်က ဒီဆိုင်ထဲကို ဝင်သွားတာ ကျွန်တော်တွေ့လိုက်ရတာပေါ့'

'သူကကော ဘာနဲ့လာသလဲဗျ'

'သူက ကားတစ်စင်းကို ကိုယ်တိုင်မောင်းလာတာဗျ၊ ခင်ဗျားတို့ ဆိုင်မရောက်ခင် လမ်းဘေးမှာရပ်ပြီး ဆိုင်ရှေ့မှာ တော်တော်ကြာအောင် ယောင်လည်လည်လုပ်နေသေးတယ်။ ပြီးမှ ဆိုင်ထဲဆီ ဝင်သွားတာပဲ'

တင်မောင်ဆွေသည် တော်တော်ပဲ စိတ်အားထက်သန်လာခဲ့တော့သည်။ တင်နန်းသီဟုခေါ်သော ရွှေမြိုင်သူကလေးကို ခြေရာခံလိုက်ရန် လမ်းစကတော့ ပေါ်လာပေပြီ။

'သူ မောင်းလာတဲ့ကားကကော ဘယ်လိုအမျိုးအစားလဲဗျ'







www.burmeseclassic.com

www.burmeseclassic.com



'ကားကတော့ ခပ်သေးသေးပဲဗျ အနီရောင်ပဲ'

'သူကားကို ပြန်မောင်းသွားတော့ကော ခင်ဗျားတွေ့လိုက်ရသေးသလား'

ကိုအာဝီက ခေါင်းခါပြလိုက်သည်။ တင်မောင်ဆွေက စိတ်ပျက်သွားစဉ် ကိုအာဝီ၏စကားများသည် သူ့အားမျှော်လင့်ချက် ဒီရေအလား တိုးတက်လာစေသည်။

'သူက ကားကို ပြန်မောင်းမသွားပါဘူး။ အခုထက်ထိ ကားက သူရပ်ထားတဲ့ နေရာမှာပဲ ရှိနေသေးတာပဲဗျ၊ ဟဲ... ဟဲ ကိုတင်မောင်ဆွေကလည်းဗျာ၊ ခင်ဗျားသူ့ကို နောက်ဖေးခန်းထဲမှာ များသွားဝှက်ထားသလားဗျ'

တင်မောင်ဆွေက စိတ်အားထက်သန်စွာဖြင့် ကိုအာဝီ၏ လက်မောင်းတစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။

'ဘယ်ကလာ ဝှက်ထားရမှာလဲဗျ။ ကဲ... လာစမ်း ကျုပ်ကို အဲဒီ ကားလိုက်ပြစမ်း'

တင်မောင်ဆွေသည် ကိုအာဝီအား တံခါးမကြီးဆီသို့ဆွဲခေါ်သွားကာ 'ရွှေတံခါး' ကို တွန်းဖွင့်လိုက်သည်။ အပြင်ဘက်တွင် မိုးပေါက်တွေက တဖွဲဖွဲကျနေဆဲဖြစ်သည်။ ကိုအာဝီသည် တံခါးဝတွင် ရပ်လိုက်ပြီး အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာက လက်ဝဲဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

'ဟိုမှာလေဗျ မတွေ့ဘူးလား၊ ကားအနီလေးဟာကော'

'ကောင်းပြီ ကိုအာဝီ၊ ခင်ဗျားပြန်တော့။ ဒီအကြောင်းကို ခင်ဗျား ဘယ်သူ့ကိုမှလည်း ပြောမပြနဲ့ကြားလား'

'ကျွန်တော် ဒီအတိုင်းပြန်ရတော့မှာလား ကိုတင်မောင်ဆွေ





ရာ၊ မိုးက သိပ်အေးတာဗျ၊ ကျွန်တော့်အရက်တွေ မကုန်သေးဘူး'

'ကောင်းပြီ ခဏစောင့်နေလိုက်ဦး'

တင်မောင်ဆွေက ကောင်တာဘားဆီသို့ ပြန်လျှောက်ခဲ့ကာ ကိုအာဝီအားထုတ်ပေးသော ရမ်ပုလင်းကို ဘူးဆို့ဆို့လျက် ၎င်း၏လက်ထဲသို့ ထည့်ပေးလိုက်သည်။ ၎င်းပေးသော သတင်းသည် တကယ်တော့ သူ့အတွက် ရမ်တစ်ပုလင်းထက်မက အဖိုးတန်နေပေ၏။

'ကဲ... ကြွပေတော့ ကိုအာဝီ၊ ပြီးတော့လည်း မှတ်ထားနော်၊ ခင်ဗျား ခေါင်းထဲက ဖျောက်ပစ်လိုက်တော့၊ ကားထဲက လူတွေက သူတို့ကို တွေ့လိုက်ရတဲ့ မျက်မြင်သက်သေတစ်ယောက် ရှိနေတယ်ဆိုတာကို လိုက်ရှာပြီး တစ်ခါတည်း အပျောက်ရှင်းပစ်လိုက်နိုင်တယ်။ ခင်ဗျား ကျုပ်ပြောတာ နားလည်တယ် မဟုတ်လား'

ကိုအာဝီက ရမ်ပုလင်းကို ရင်ခွင်တွင် ပိုက်ကာ၊ ခေါင်းကို တဆတ်ဆတ် ညိတ်ပြသည်။ ထို့နောက် တံခါးမကြီးမှနေ၍ အပြင်ဘက် မိုးရေထဲသို့ ခပ်သုတ်သုတ်ပြေးထွက်သွားကာ အမှောင်ထုထဲတွင် ပျောက်ကွယ်သွားတော့သည်။

တင်မောင်ဆွေသည် တံခါးမကြီးကို ပြန်ပိတ်လျက် ကျကျနန ချက်ချသော့ခတ်လိုက်သည်။ ပြီးလျှင် ဘားနောက်တွင် ချိတ်ထားသော မိုးကာအင်္ကျီနှင့်သက္ကလပ်ဦးထုပ်ပျော့ကလေးကိုဖြုတ်ယူလိုက်၏။ ရုံးခန်းထဲသို့ သူက ပြန်ဝင်ခဲ့ပြန်ကာ သွယ်သွယ်၏ အံဆွဲတစ်ခုကို ဖွင့်လျက် ဗို့င် ၃၂ပြောင်းတိုတစ်လက်ကို ထုတ်ယူပြီး မိုးကာအင်္ကျီဘေးအိတ်ထဲသို့ ထိုးထည့်ထားလိုက်သည်။ သူ့လက်စွဲတော်လျှူဂါသေနတ်က သည်ကနေ့တွင်တော့ ဆူးလေဘုရားလမ်း



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့တိုက်ခန်းတွင် ကျန်နေခဲ့ပေ၏။

တင်မောင်ဆွေသည် ဆိုင်နောက်ဖေးမီးဖိုကိုကျော်လျက် နောက်ဘက်တံခါးမှ အပြင်သို့ထွက်လာခဲ့လေသည်။ တင်နန်းသီဆိုသော ရွှေမြိုင်သူကလေးကလည်း ဤတံခါးကို အသုံးပြုလျက် ဤနောက်ဖေးလမ်းကြားမှပင် တိတ်တဆိတ် လစ်ထွက်ပြေးသွားခဲ့ပေသည်။ သူမသည် အဘယ်ကြောင့် ဤသို့ လစ်ပြေးသွားခဲ့ရသနည်း။ ဘယ်နေရာသို့ လစ်ထွက်သွားခဲ့လေသနည်း။

လမ်းကြားကလေးသည် ပကတိမှောင်မိုက်နေကာ မိုးရေကြောင့် ဗွက်တွေထနေပြီး အညစ်အကြေး အမှိုက်သရိုက်နံ့တွေက တထောင်းထောင်းထနေ၏။ လမ်းကြားကလေး၏ ထိပ်ဝသည် ရှေ့ကိုက် ၅၀ခန့်အကွာတွင် ရှိနေ၏။ ထိုထိပ်ဝမှနေ၍ တည့်တည့်လျှောက်သွားလျှင် ကုန်သည်လမ်းမကြီးသို့ ရောက်သွားလေမည်ဖြစ်လေ၏။ လက်ယာဘက်သို့ ချိုးလျှင်မူ အခြားလမ်းကလေးမှတဆင့် တစ်ဖက်က လမ်းလေးထဲသို့ ရောက်သွားနိုင်သည်။ တင်နန်းသီသည် အထက်ပါလမ်းနှစ်လမ်းအနက် ဘယ်လမ်းကို လိုက်သွားခဲ့သလဲ။ သူမ၏ ကားရပ်ထားရာ ရွှေတံခါးဆိုင်လမ်းသို့ ပြန်ရောက်မည့် လက်ဝဲဘက်သို့ ချိုးသောလမ်းသို့ လိုက်မသွားခဲ့သည်ကတော့ သေချာလှပေသည်။

တင်မောင်ဆွေကမူ လက်ဝဲဘက်လမ်းကြားထဲသို့ ချိုးဝင်လိုက်ကာ ရွှေတံခါးပျော်ပွဲစားရုံ၏ ရှေ့ဘက် တင်နန်းသီ၏ ကားကလေးရပ်ထားခဲ့ရာ လမ်းထဲသို့ ပြန်ဝင်လိုက်လေသည်။ သူသည် လမ်းထဲသို့ ရုတ်တရက် မဝင်သေးဘဲ ရွှေတံခါးပျော်ပွဲစားရုံ၏ဘေးရှိ အဆောက်အဦတစ်ခု၏ လှေကားဝမှောင်ရိပ်ထဲတွင် ဝင်ကပ်





ကာ လမ်း၏အခြေအနေကို အကဲခတ်ကြည့်နေလိုက်မိသည်။

တစ်လမ်းလုံးသည် လူရှင်းလင်းပြတ်လပ်နေတာ ကားအသွားအလာကလည်း တစ်စင်းတလေမှမရှိဘဲ ဖြစ်နေ၏။ မိုးရေတွေက တဖွဲဖွဲရွာကျနေသော်လည်း စဲစကပြုနေပေပြီ။ ရွှေတံခါးပျော်ပွဲစားရုံရှေ့ရှိ ကိုအာဝီ၏တိုက်ခန်းကား မီးရောင်မတွေ့ရ။ သို့ရာတွင် ကိုအာဝီသည် ပြတင်းပေါက်တွင် ရမ်ပုလင်းကို အဖော်ပြုကာ ထိုင်နေမည်သာဖြစ်သည်ကိုတော့ တင်မောင်ဆွေက သိလိုက်မိသည်။

တင်နန်းသီရပ်ထားခဲ့သော ကားကလေးဆီသို့ လမ်းဓာတ်မီးရောင်က မရောက်ရကား ထိုနေရာတွင် မှောင်ရိပ်ကျနေလေသည်။

တင်မောင်ဆွေသည် သူ့ဂျာကင်အင်္ကျီအိတ်တွင်းမှ ဖောင်တိန်လက်နှိပ်ဓာတ်မီးတစ်ချောင်းနှင့် ပါးလွှာသော သံမဏိချောင်းကလေးကို ထုတ်ယူကာ ကားရပ်ထားရာနေရာဆီသို့ ခပ်မှန်မှန်လျှောက်ခဲ့သည်။ ကားဆီသို့ရောက်လျှင်ကား လက်ဝဲဘက်ဘေးတွင် ရပ်လိုက်ကာ ကားအတွင်းပိုင်းကို ရူးစိုက်ကြည့်လိုက်သည်။ လမ်းဓာတ်မီးရောင်လာ၍ ဟပ်သဖြင့် ကားထဲတွင် လူတစ်ဦးတစ်ယောက်မှ မရှိသည်ကို တင်မောင်ဆွေက တွေ့ရလေသည်။ တင်မောင်ဆွေက ကားတံခါးများကို စမ်း၍ဖွင့်ကြည့်ရာ တစ်ခုမှဖွင့်၍မရဘဲ သော့ခတ်ထားကြောင်း သိလိုက်ရလေသည်။ တင်မောင်ဆွေက ဖောင်တိန်လက်နှိပ်ဓာတ်မီးကလေး၏ သေးငယ်သော်လည်း အားကောင်းသော မီးရောင်ဖြင့်ကားရှေ့ပိုင်းအတွင်းပိုင်းကို ထိုးကြည့်လိုက်ရာ ကားဒက်ရှ်ဘုတ်အတွင်းရှိ အံဖုံးတံခါးလေးသည် ပွင့်လျက်သားဖြစ်နေသည်ကို တွေ့လိုက်ရပြန်သည်။

တင်မောင်ဆွေက လက်နှိပ်ဓာတ်မီးကို ပိတ်ပစ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူအသင့်ထုတ်ယူထားသော ပါးလွှာသည့် သံမဏိချောင်းကလေးကို ကားတံခါးသော့ပေါက်ထဲသို့ ထိုးသွင်းလျက် ခတ်ထားသောသော့ကို ဖွင့်ရန် ကြိုးစားကြည့်လိုက်သည်။ ခေတ္တကြာလျှင် ကလစ်ခနဲမြည်သံနှင့်အတူ ကားတံခါးသော့က ပွင့်သွားတော့သည်။

လက်နှိပ်ဓာတ်မီးနှင့် သံမဏိချောင်းကလေးကို တင်မောင်ဆွေက သူ့ဂျာကင်အင်္ကျီအိတ်တွင်းသို့ ပြန်ထည့်လိုက်ပြီးလျှင် ကားတံခါးကို ဆွဲဖွင့်လိုက်သည်။ ပြီးလျှင် ကားထဲသို့ ကိုယ်အထက်ပိုင်းကို ကုန်းဝင်ကာ ကားရှေ့မှန်တွင် ကပ်ထားသော ကားလိုင်စင်ကို ကြည့်ရန် ကြိုးစားလိုက်ပြန်သည်။ ကားလိုင်စင်ကိုတော့ သူမတွေ့ရ။ ရုတ်တရက် သူ့မျက်လုံးများတွင် ကြယ်ပွင့်ကလေးတွေ အများကြီးကို တွေ့လိုက်ရကာ လောကကြီးတစ်ခုလုံးသည် ချားရဟတ်လို ပတ်ချာလည်သွားပြီး သူ့အဖို့ မှောင်အတိကျသွားတော့၏။

လွှမ်းမိုးထားသော အမှောင်ထုကြီးက တဖြည်းဖြည်းပြို ကွဲကျသွားကာ သတိတရားက တင်မောင်ဆွေဦးခေါင်းထဲသို့ ပြ ဝင်လာပြီး မျက်လုံးများကို ကြိုးစားဖွင့်ကြည့်လိုက်သည်နှင့် တ ပြိုင်နက် တင်မောင်ဆွေတွေ့လိုက်ရသည်ကား ခြေထောက်သုံး ပင်ဖြစ်လေ၏။ ခြေထောက်တစ်စုံက သူ့ရှေ့တည့်တည့်တွင် ရပ် သည်။ အခြားနှစ်စုံက သူ့ဘေးတစ်ချက်တွင် ရှိနေသည်။

သူကိုယ်တိုင်ကတော့ ဝါးခင်းထားသော ကြမ်းပြင်တ ပေါ်တွင် ပက်လက်ကြီးဖြစ်နေသည်။ တင်မောင်ဆွေက ပက်လ ကြီးဖြစ်နေရာက တံတောင်ဆစ်နှစ်ဖက်ကို အားပြုထောက်ကာ ထိုင်လိုက်ရန် ကြိုးစားလိုက်သည်။ သူ့နှာဝထဲသို့ ရှုံ့ပုပ်ရေ က ထိုးဝင်လာသည်။ ဤသည်ကိုထောက်၍ သူသည်





သို့မဟုတ် ချောင်းတစ်ချောင်း၏ ကမ်းပါးတွင် တည်ထားသော တဲတစ်တဲအတွင်းသို့ ရောက်နေခြင်းဖြစ်ရမည်ဟု တင်မောင်ဆွေက တွက်လိုက်မိသည်။

တဲခန်း၏ ခေါင်မိုးဆီမှနေ၍ ကြိုးရှည်ရှည်တစ်ချောင်းဖြင့် ဆွဲထားသော အုပ်ဆောင်းဖြင့် ရေနံဆီဖန်မီးအိမ်တစ်ခုသည် ကြမ်းပြင်နှင့်တစ်ပေကျော်ကျော်အကွာခန့်တွင် လင်းနေရာ ကြမ်းပြင်အထက်တစ်ပေခန့်တွင်သာ မီးရောင်က လင်းနေပြီး ကျန်အပိုင်းတွေအားလုံးမှာတော့ မှောင်ရိပ်ကျနေသည်။ သို့အတွက်လည်း တင်မောင်ဆွေသည် သူ့ကို ဝိုင်းညှပ်ရပ်ထားနေသော ခြေထောက် သုံးစုံကိုသာ တွေ့ရနိုင်ကာ ထိုခြေထောက်များ၏ ပိုင်ရှင်များကိုတော့ အရိပ်မည်းမည်းကြီးတွေအဖြစ်နှင့်သာ မြင်ရနိုင်လေ၏။

'ဒီကောင် ပြန်သတိရလာပြီ' ဟု တစ်ယောက်သော ခြေထောက်ပိုင်ရှင်က ပြောလိုက်၏။ အသံသည် ခပ်ဝဲဝဲဖြစ်သည်ကို တင်မောင်ဆွေက သတိထားလိုက်မိသည်။

တင်မောင်ဆွေသည် သူ့လည်ဂုတ်ကို လက်တစ်ဖက်ဖြင့် ဆုပ်နယ်လိုက်မိသည်။ သူ့ဦးခေါင်းသည် အုံခဲနေသည်ဟု ထင်မှတ်ရသည်။ သူ့ညာဘက်နားရွက်အောက်တွင် ခိုဥက ဖူးတက်နေသည်ကို စမ်းလိုက်မိသည်။ ရိုက်သည့်ဘက်တွင် ကျွမ်းကျင်လှသူ တစ်ဦး၏ လက်ချက်ကို သူက ခံခဲ့ရခြင်းပင်ဖြစ်လေ၏။

တင်မောင်ဆွေသည် တံတောင်ဆစ်များကို အားပြုကာ မတ်မတ်ထိုင်ဖို့ ကြိုးစားလိုက်သည်။ သို့ရာတွင် ဦးခေါင်းထဲတွင် အရိပ်ရိပ်ဖြစ်လာကာ ကိုယ်ကို မဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ ခေါင်းထိုးလဲကျသွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'ငြိမ်ငြိမ်ထိုင်နေလေ၊ မင်းကို တို့က နာအောင်မလုပ်ချင်ဘူး၊ ဒါပေမဲ့ မင်းခေါင်းမာမယ်ဆိုရင်တော့ သက်သာမှာမဟုတ်ဘူးကွ'

တင်မောင်ဆွေက ကြိုးစား၍ အားခဲကာ သူ့ကိုယ်သူ ပြန်ထူလိုက်ပြီး ဝါးထရံကိုမှီနေလိုက်သည်။ သူ့မိုးကာအင်္ကျီအိတ်ထဲ၌ ထည့်ယူလာသော သေနတ်က မရှိတော့ချေ။ သို့ရာတွင် သူ့ဘောင်းဘီနောက်အိတ်ထဲတွင်တော့ သူ့ပိုက်ဆံသားရေအိတ်က ရှိနေသေးပေ၏။

'ခင်ဗျားတို့ နာအောင်မလုပ်ချင်တာ တော်သေးတာပေါ့။ ကျုပ်ခေါင်းထဲမှာတော့ မီးရထား ဆယ်စင်းခုတ်နေသလိုပဲ။ ခင်ဗျားတို့က ဘာသဘောနဲ့ ကျုပ်ကိုရိုက်ပြီး ဒီကိုခေါ်လာရတာလဲ'

'မင်းက လူလည်လုပ်မနေပါနဲ့လေ။ နောက်တစ်ခါဆိုရင် မင်းခေါင်းတောင် ရှိတော့မှာမဟုတ်ပါဘူး။ ကဲ··· ပြောစမ်း၊ ဟို အထုပ်ဘယ်မှာလဲ'

အသံခပ်ဝဲဝဲက ရုတ်တရက်တင်းမာစွာ မေးလိုက်လေသည်။

'ခင်ဗျားတို့ပြောနေတာ ကျုပ်နားမလည်ပါဘူး'

ခြေထောက်တစ်ဖက်က ရှေ့သို့တိုးလာသည်။ ပြောင်လက်နေသော ရှူးဖိနပ်အနက်ကို စီးထားသည့် ခြေထောက်ပင်ဖြစ်သည်။ ထိုရှူးဖိနပ်က ရုတ်တရက်မြောက်တက်သွားကာ ဖိနပ်ဦးက တင်မောင်ဆွေ၏ လက်ယာဘက်ပါးရိုးကို ဒုတ်ခနဲလာ၍ ထိလေ၏။ ပူခနဲဖြစ်သွားကာ သွေးတွေဆင်းကျလာခြင်းကို ထောက်၍ ပါးရိုးကွဲသွားပြီကို တင်မောင်ဆွေက သိလိုက်မိသည်။





'ကဲ··· အထုပ်ဘယ်မှာလဲကွ၊ မင်းဆီမှာ အထုပ်ရှိရမယ်။ ဒါမှမဟုတ် အထုပ်ဘယ်မှာရှိတယ်ဆိုတာကို မင်းသိရမယ်'

အသံဝဲဝဲက ထပ်၍မေးလိုက်ပြန်ခြင်း ဖြစ်၏။

'ကျုပ် ဘယ်ကလာ သိရမှာလဲဗျ'

'မင်းမသိရင် ဟိုကောင်မလေး ကားကို ဘာလို့မင်းလာပြီး ရှာရတာလဲ'

တင်မောင်ဆွေက ဘာမှမပြောဘဲ ဦးခေါင်းကိုသာခါ၍ ပြလိုက်သည်။ ရှူးဖိနပ်ထိပ်ဦးက သူ့မျက်နှာဆီသို့ မြောက်တက်လာပြန်သည်။ သို့ရာတွင် သည်တစ်ခါတော့ သူက ကိုယ်ကိုတစ်ဘက်သို့တိမ်းရှောင်လိုက်ကာ ဖိနပ်ဦးကို လက်နှစ်ဖက်တွင် ဖမ်းပြီး ဆွဲလိမ်ချိုးလိုက်သည်။ ထိတ်လန့်တကြားအော်သံနှင့်အတူ ခြေထောက်ဆွဲလိမ်ခံရသူသည် ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲ လဲကျသွားသည်။ သို့တစေလည်း တင်မောင်ဆွေက ၎င်း၏မျက်နှာကို မမြင်လိုက်မီ အခြားလူတစ်ယောက်က ဝတ်ထားသောစစ်ဖိနပ်ကြီးဖြင့် တင်မောင်ဆွေရင်ဝကို ဆောင့်ကန်လိုက်သည်။ တင်မောင်ဆွေသည် ရင်ဝကိုလက်နှစ်ဖက်ဖြင့် ဖိကာ တဒင်္ဂအားဖြင့် အသက်မရှူနိုင်တော့ဘဲ ဖြစ်သွားလေ၏။

'တင်မောင်ဆွေ၊ မင်းကို ငါသိပါတယ်ကွာ၊ မင်းဟာ စုံထောက် တစ်ယောက်ပေတဲ့။ အစိုးရနဲ့လည်း အဆက်အသွယ်ရှိတာပဲ။ မင်းတို့ ရွှေတံခါးဟော်တယ်ဟာ အစိုးရက သူလျှိုတွေ စောင့်ဖမ်းဖို့ ဖွင့်ထားတယ်ဆိုတာကိုလည်း တို့သိနေတာပဲ'

ထိုအသံက အသစ်ဖြစ်လေသည်။ စိတ်သိပ်ရှည်ချင်ပုံမရသော အသံမျိုးဖြစ်သည်။ ထိုအသံကပင် ဆက်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုကောင်မလေးက မင်းကို အထုပ်ပေးသွားခဲ့ရမယ်။ ဒါမှမဟုတ် ကောင်မလေးက မင်းတို့ဆိုင်နောက်ဖေးပေါက်က လစ်သွားပြီး သူ့ကားကို သူ့ဆီယူလာဖို့ မင်းကိုမှာခဲ့တာဖြစ်ရမယ်။ ကားထဲမှာ တို့ရှာပြီးပြီ အထုပ်ကိုမတွေ့ရဘူး။ မင်းကိုယ်မှာလည်း အထုပ် ပါမလာဘူး။ ဒီတော့ အထုပ်က ကောင်မလေးဆီမှာပဲ ရှိရမယ်၊ ကောင်မလေး ဘယ်မှာဆိုတာကို မင်းသိရမယ် ကဲ… ပြောစမ်းကွာ'

တင်မောင်ဆွေက ရင်ဝကိုဖိထားသော လက်များကိုဖယ်လိုက်သည်။ အသက်ကိုပြင်းစွာ ရှူရှိုက်ရာက အသံရှင်ကိုမော့ကြည့်လိုက်သည်။ သို့ရာတွင် မျက်နှာကိုမတွေ့ရ အရိပ်မည်းမည်းကြီးကိုသာ တွေ့ရ၏။

'ကျုပ် ခင်ဗျားတို့ပြောနေတာ ဘာမှမသိဘူး။ ခင်ဗျားတို့ပြောနေတဲ့ အထုပ်ဆိုတာက ခင်ဗျားတို့ဓားနဲ့ ထိုးသတ်လိုက်တဲ့လူဆီမှာ ပါမလာဘူးလားဗျ'

'ဒီကောင် ဖြီးနေတာပါ ဆရာ၊ ဟိုကောင်ကို ကျုပ်တို့က ဖြောင်ပစ်တာတောင် ခွေးမသားက သိနေတာပဲ'

တတိယအသံက ပြောလိုက်ခြင်းဖြစ်သည်။ ထိုအသံက ကြမ်းတမ်းလှ၏။

'ဘာလဲ ခင်ဗျားတို့က ကျုပ်ကိုပါ ဖြောင်ပစ်ကြဦးမလို့ပေါ့လေ'

'တို့လိုချင်တဲ့အထုပ်ကို မရရင်တော့ မင်းကိုပါ တို့က ဖြောင်ပစ်ရမှာပဲ'

ဒုတိယအသံက စိတ်မရှည်မှုကို ဖော်ပြလျက် ခြိမ်းခြောက်





လိုက်သည်။ တင်မောင်ဆွေသည် သူ့အပေါ်မိုးထားသော အရိပ်သုံးခုကို မော့ကြည့်လိုက်၏။ ဤလူသုံးယောက်သည် လူတစ်ယောက်အသက်ကို သွေးအေးအေးဖြင့် သတ်နိုင်ကြသော တကယ့်လူသတ်သမားများဖြစ်ကြသည်။ ၎င်းတို့က သူ့ထံတွင်မရှိသော ပစ္စည်းတစ်ခုကိုလိုချင်နေကြသည်။ သို့ရာတွင် ထိုပစ္စည်းရသည်ဖြစ်စေ မရသည်ဖြစ်စေ ၎င်းတို့က သူ့ကို ဖြောင်ပစ်တော့မှာကား သေချာနေ၏။

တင်မောင်ဆွေက သူ့ရှေ့တည့်တည့်ကြမ်းပြင်နှင့် တစ်ပေကျော်ကျော်အကွာခန့်တွင် တွဲလောင်းကျနေသော ရေနံဆီမီးအိမ်ကို လှမ်းကြည့်လိုက်သည်။ ပြီးလျှင် လက်နှစ်ဖက်ကို မြှောက်ကာ တွဲနေသော ပါးရိုးမှသွေးတွေကို သုတ်ပစ်လိုက်သည်။ သူက လက်နှစ်ဖက်ကို ပြန်ချလိုက်လျက် ကြမ်းပြင်ပေါ်သို့ လက်နှစ်ဖက်ကိုအားပြု၍ ထောက်ထားလိုက်သည်။ သူ့ဒူးတစ်ဖက်ကိုလည်း ကွေးထောင်ထားလိုက်သည်။

သူက အရိပ်သုံးခုကို မော့ကြည့်လိုက်ပြန်သည်။ သူနှင့်အနီးဆုံးလူမှာ သူ့ရှေ့တည့်တည့်တွင် ရပ်နေသူဖြစ်၏။ အသံခပ်ဝဲဝဲနှင့်လူပင်ဖြစ်၏။

'ကဲ… အချိန်ဆွဲမနေနဲ့ ပြောစမ်းကွာ၊ ကောင်မလေးဘယ်မှာလဲ'

ဒုတိယအသံက စိတ်မရှည်စွာမေးလိုက်၏။

ဤတွင်မှာပင် တင်မောင်ဆွေက လျင်မြန်လှစွာ လှုပ်ရှားလိုက်သည်။ ကွေးထားသော ဒူးကို သူက ရုတ်တရက် ဆန့်ထုတ်ကာ သူ့ရှေ့တည့်တည့်တွင်ရှိသော ဖန်မီးအိမ်ကို ရှူးဖိနပ်ဦးဖြင့် တအားကန်ထည့်လိုက်သည်။ ချလွမ်ခနဲမြည်သံနှင့်အတူ မီးအိမ်



www.burmeseclassic.com

www.burmeseclassic.com



သည် အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားတော့၏။ တစ်ချိန်တည်းမှာပင် သူက ကိုယ်ကိုကြမ်းပြင်ပေါ်သို့ ပစ်လှဲချလိုက်ကာ တစ်ဖက်သို့ လှိမ့်ပစ်လိုက်သည်။

သူသည် ခြေထောက်တစ်စုံကို ဝင်တိုက်လိုက်မိသည်။ သူ့လက်သီးသည် အိပ်နေရာပင် အောက်ကနေဝိုက်၍ အပေါ်သို့ မြောက်တက်သွား၏။ ဝိုက်ပင့်ထိုးလိုက်သော လက်သီးသည် လူတစ်ယောက်၏ ဆီးစပ်တည့်တည့်သို့ မိမိရရကြီး ထိသွားသည်ကို သူက သိလိုက်သည်။ နာကျင်စွာ အော်လိုက်သံနှင့်အတူ ထိုလူသည် ကြမ်းပြင်ပေါ်သို့ ဘိုင်းခနဲ လဲကျသွားတော့သည်။ မတော်ရာတွင် မိမိရရကြီး အထိုးခံရသည်ဖြစ်ရကား နာကျင်မှုဝေဒနာကို ကြမ်းပြင်ပေါ်တွင် လူးလွန့်လျက် မချိမဆန့်ခံစားနေရင်းက တအီးအီးညည်းနေသည်။

တင်မောင်ဆွေသည် အသံလာရာသို့မှန်းကာ သူ့လက်သီးဆုပ်ဖြင့် အားရပါးရ ထုချလိုက်သည်။ သူ့လက်သီးအောက်တွင် အရိုးနုကလေးတွေ ကြေမွသွားကြသည်ကို တင်မောင်ဆွေက သိလိုက်ရ၏။ တင်မောင်ဆွေက ထိုလူ၏ကိုယ်တွင် အလျင်အမြန်စမ်းသပ်ရှာဖွေကြည့်လိုက်ရာ ထိုလူ၏ ကုတ်အင်္ကျီဘေးထဲတွင် မာကျောသော သေနတ်ဒင်တစ်ခုကို သူ့လက်ချောင်းများက သွားရောက်ဆုပ်ကိုင်မိကြလေ၏။

တင်မောင်ဆွေက ထိုသေနတ်ကို ဆွဲထုတ်ရင်းကပင် တစ်ပြိုင်နက်တည်း မောင်းခလုတ်ကို ဆွဲဖြုတ်လိုက်ကာ ကိုယ်ကို တစ်ဖက်သို့ လှိမ့်ပစ်လိုက်သည်။

သေနတ်သံသည် တဲကလေးအတွင်းဝယ် ဒိုင်းခနဲကျယ်





လောင်စွာ မြည်ဟိန်းသွားသည်။ လူတစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြန်သည်။ တင်မောင်ဆွေ၏ လက်ဝဲဘက်ဆီမှ လိမ္မော်ရောင်မီးတန်းကလေးတစ်ခု ပွင့်လက်သွားကာ ဒိုင်းခနဲ သေနတ်သံနှင့်အတူ မီးလိုပူသော ခဲတောင့်တစ်ခုက တင်မောင်ဆွေပါးတစ်ဖက်သို့ လာဟပ်လိုက်သည်။ တင်မောင်ဆွေက ကိုယ်ကို ဆက်လှိမ့်လိုက်ရာက စောစောက လိမ္မော်ရောင် မီးတန်းကလေး ပွင့်ထွက်သွားသော နေရာဆီသို့ မှန်း၍ ကျည်ဆန်တစ်ခုကို ဒိုင်းခနဲပစ်လွှတ်လိုက်ပြန်သည်။

စောစောက အော်လိုက်သူသည် ယခုတော့ ဆက်မအော်နိုင်တော့။ အင့်ခနဲ အင့်ခနဲ ခွေးကလေးတစ်ကောင်လိုသာ ညည်းနေတော့သည်။ တင်မောင်ဆွေက ထိုအသံလာရာသို့ သေနတ်ပြောင်းဝကိုချိန်ကာ မောင်းခလုတ်ကို လက်ညှိုးဖြင့် ကွေးညှစ်ချလိုက်ပြန်သည်။ သေနတ်သံဟိန်းသွားသံကြီး ပျောက်ကွယ်သွားသည့်နောက်တွင် လည်ချောင်းခလောက်သံကြီးတစ်ခုက ချောက်ချားဖွယ်ရာ ထွက်ပေါ်လာပြီးနောက် ထိုသူသည် လုံးဝတိတ်ဆိတ်သွားတော့သည်။

တင်မောင်ဆွေသည် ကြမ်းပြင်ပေါ်တွင် လှိမ့်လိုက်ပြန်ကာ သေနတ်ကို အသင့်ကိုင်လျက် မှောက်လျက်သား ငြိမ်နေလိုက်သည်။ သေနတ်သံများကြောင့် သူ့နားတွေက အူနေတော့သည်။ သူ့ပတ်ပတ်လည်တွင်လည်း ကတ္တရာစေးလို မှောင်နက်နေရကားသာကိုမှ သူက မတွေ့ရနိုင်ချေ။

ဘာပဲဖြစ်ဖြစ် တင်မောင်ဆွေအတွက်က တပန်းသာနေသည်။ ဤအခန်းထဲတွင် ရှိနေသူမှန်သမျှသည် သူ့ရန်သူတွေချည်း



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်နေသည်။ လှုပ်ရှားသံကြားသည်နှင့် သေနတ်နှင့်ထိုးပစ်လိုက်ရုံသာရှိသည်။ သူ့ရန်သူတွေအနေနှင့်မူကား အချင်းချင်းပြန်ပစ်မိမည်ကို စိုးရိမ်နေရပေသေးသည်။

တင်မောင်ဆွေသည် အသက်ကို အောင့်ကာ နားကိုအပါးဆုံး လွှင့်ထားလိုက်သည်။ သို့ရာတွင် တစ်ခန်းလုံး အပ်ကျသံကြားရမတတ်တိတ်ဆိတ်လျက် ရှိနေသည်။ စောစောက သေနတ်မှန်သွားသူထံမှလည်းကောင်း၊ နာရီးကြေမွသွားအောင် အထုခံရသူထံမှလည်းကောင်း ဘယ်လိုညည်းသံမှ မကြားရတော့ပေ။ မိမိအားသေနတ်နှင့် လှမ်းပစ်ခဲ့သူကလည်း မိမိနည်းတူပင် ချောင်းစောင့်နေပုံရသည်။

ထိုစဉ် ဂျွမ်းခနဲအသံနှင့်အတူ လူတစ်ယောက်ခုန်ချကာအခန်းတံခါးကို ဆွဲဖွင့်လိုက်သံ ထွက်ပေါ်လာသည်။ တင်မောင်ဆွေက အသံလာရာသို့ သေနတ်ပြောင်းဝကို ထိုးချိန်လိုက်စဉ်မှာပင်ပွင့်သွားသော တံခါးပေါက်မှ လူတစ်ယောက် လှစ်ခနဲ ထွက်ပြေးသွားသည်ကို ရိပ်ခနဲသာ တွေ့လိုက်ရသည်။ ထို့နောက် တဖုတ်ဖုတ်ပြေးသွားနေသော ခြေသံများက ထွက်ပေါ်လာသည်။

တင်မောင်ဆွေက ထွက်လိုက်မည် ကြံရွယ်လိုက်ပြီးမှချက်ချင်းလက်လျှော့လိုက်ကော့သည်။ ထွက်လိုက်၍ ဘယ်လိုမှအကျိုးရှိမည်မဟုတ်သည့်ပြင် အန္တရာယ်တောင် များသေးတော့သည်။ တကယ်တော့ သူသည် ဘယ်နေရာသို့ရောက်နေရသည်ကိုသိသည်မဟုတ်။ ထွက်ပြေးသွားသူကတော့ နယ်ကျွမ်းပြီးသားဖြစ်နေသည်၊ တစ်နေရာရာကနေ ချောင်းပစ်လိုက်လျှင် သူသာ ခံရဖို့ရှိနေ၏။





ထို့ကြောင့် တင်မောင်ဆွေသည်မိမိနှင့် ကျန်နေရစ်သူ နှစ်ယောက်ကိုသာ စူးစမ်းစစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။ တင်မောင်ဆွေက လက်ထဲတွင်သေနတ်ကို အသင့်ကိုင်ကာ ကြမ်းပြင်ကိုချတ်နင်း၍ လျှောက်လိုက်ရာ ခြေလှမ်းသုံးလှမ်းလောက် လှမ်းမိလျှင်ကြမ်းပြင်ပေါ်တွင် လဲကျနေသော လူတစ်ယောက်ကို ခလုတ်ဝင်တိုက်မိလေ၏။ သို့ရာတွင် ထိုလူကတော့ တုတ်တုတ်မျှပင်လှုပ်ချေ။

တင်မောင်ဆွေက ထိုလူ့ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ကာ လက်တစ်ဖက်ဖြင့်အသာစမ်းကြည့်လိုက်ရာ စေးကပ်ကပ်အရည်များကို သွား၍စမ်းမိလေသည်။ သွေးတွေပင် ဖြစ်ရပေမည်။ တင်မောင်ဆွေက သူ့ရှပ်အင်္ကျီအတွင်းမှ ရွှန်ဆွန်မာတ်မီးခြစ်ကလေးကိုထုတ်ယူ၍ ခြစ်လိုက်သည်။ မီးစာတွင် တောက်လာသောမီးရောင်ကလေးဖြင့် ထိုလူ၏ကိုယ်တွင် ရှာဖွေကြည့်ရာ ခါးကြားတွင်ထိုးထားသော နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်ကိုတွေ့ရှိလေ၏။

တင်မောင်ဆွေက ဓာတ်မီးခြစ်မှမီးကို ငြိမ်းသတ်လိုက်ပြီးလက်နှိပ်ဓာတ်မီးကိုဖွင့်လိုက်သည်။ လက်နှိပ်ဓာတ်မီး၏အလင်းရောင်တန်းအားဖြင့် သူသည် ဧည့်ခန်းထဲတွင် လူသေနှစ်ယောက်နှင့်သာအတူရှိနေကြောင်းကို တင်မောင်ဆွေက သိလိုက်ရတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၄

တင်မောင်ဆွေက လက်နှိပ်ဓာတ်မီးရောင်တန်းဖြင့် လူသေအလောင်းနှစ်လောင်း၏ မျက်နှာကို သေသေချာချာ ထိုးကြည့်လိုက်သည်။ သို့ရာတွင် နှစ်ယောက်စလုံးကိုပင် သူကမသိ။ သူ့အတွက် ပကတိလူစိမ်းတွေပင် ဖြစ်နေကြ၏။

တစ်ယောက်သောသူသည် ဝမ်းဗိုက်တစ်ချက် လည်မျိုတည့်တည့်တွင်တစ်ချက် ကျည်ဆန်ထိထားရကား သွေးတွေက အိုင်ထွန်းနေသည်။

ဒုတိယလူကိုတော့ ကျည်ဆန်တစ်ချက်မှမထိခဲ့ချေ။ သို့ရာတွင် နှာခေါင်းကတော့ ချိုင့်ဝင်နေသည်။ တင်မောင်ဆွေသည် စောစောက သူ့လက်သီးအောက်တွင် အရိုးနုများကြေမွသွားသည်ကို အမှတ်ရလိုက်မိသည်။ နှာနုအရိုးလေးများသည် သူ့လက်သီးဒဏ်ကြောင့် မွမွကြေသွားခဲ့ပြီး ဦးနှောက်ထဲသို့ ထိုးဖောက်ဝင်ရောက်ကာ ပွဲချင်းပြီး အသက်ပျောက်သွားခြင်း ဖြစ်ပေမည်။

တင်မောင်ဆွေက စိတ်ပျက်စွာ ခေါင်းကို ယမ်းခါလိုက်မိ





သည်။ သူ့အသက် ကိုယ့်အသက်လုရခြင်းဖြစ်၍ လူသတ်လိုက်ရခြင်း ဖြစ်သော်လည်း ၄င်းတို့နှစ်ယောက်စလုံးသေသွားရခြင်းသည် အကျိုးမရှိလှပေ။ တစ်ယောက်ယောက်အသက်ရှင်လျက် ကျန်ရစ်ပါက မေးစမ်း၍ရပေဦးမည်။ ယခုတော့ နှစ်ယောက်စလုံး နှုတ်ပိတ်သွားခဲ့ချေပြီ။

နှစ်ယောက်စလုံးမှာပင် မြန်မာတွေဖြစ်ကြသည်။ ဝတ်ဆင်ထားကြသည်ကလည်း အပေါ်စားအဝတ်အစားတွေသာ ဖြစ်ကြသည်။ တင်မောင်ဆွေက ထိုအဝတ်အစားများကို စနစ်တကျရှာဖွေပြန်သည်။ သို့ရာတွင် ထိုလူတွေသည် ဘယ်သူဘယ်ဝါ ဖြစ်သည်ဟု ပြောနိုင်စရာ အမှတ်အသားဆို၍ ဘာတစ်ခုမှမတွေ့ရချေ။ ဒါကိုလည်း တင်မောင်ဆွေက ဘယ်လိုမှမအံ့သြမိတော့ချေ။

သေနတ်မှန်သေခဲ့ရသူ၏အင်္ကျီအိတ်ထဲတွင် စုစုပေါင်းငွေနှစ်ရာသုံးဆယ်ရှိနေသည်။ ၄င်း၏အဖော်တွင်ကား ငွေခုနစ်ဆယ့်နှစ်ကျပ်နှင့် အကြွေအနည်းငယ်ရှိ၏။

တင်မောင်ဆွေသည် ခေါင်းကိုယမ်းခါလိုက်ပြန်ကာ ထ၍ရပ်လိုက်သည်။ ပြီးလျှင် တံခါးပေါက်ရှိသည့်နေရာကို မှတ်ထားလိုက်ကာ လက်နှိပ်ဓာတ်မီးကို မှိတ်ပစ်လိုက်သည်။ သေနတ်ကို အသင့်ကိုင်လျက် သူက တံခါးပေါက်မှ သွက်လက်စွာပင် အပြင်သို့ လှမ်းထွက်လိုက်သည်။

ပတ်ဝန်းကျင်သည် ပကတိတိတ်ဆိတ်ငြိမ်သက်နေသည်။ မီးရောင်ဆို၍လည်း ဘာမှမရှိ။ လွှမ်းမိုးထားသော အမှောင်ထုကို နေးမှိန်သော ကြယ်ရောင်ကလေးများကသာ ထိုးဖောက်နေ၏။ ချက်လုံး ကျင့်သားရလာသည်တွင် သူသည် ရှေ့တည့်တည့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းပြင်ကြီးတွေသာ ရှိနေသည်ကို တွေ့လာရလေ၏။

ပတ်ဝန်းကျင်ကို တင်မောင်ဆွေက မှောင်ရိပ်ထဲတွင် ရပ်လျက် သုံးမိနစ်လောက် သေချာစွာ လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်သည့်အခါတွင်ကား သူသည် တစ်ဖက်တွင် လယ်ကွင်းများနှင့် အခြားတစ်ဖက်တွင် မြစ်တစ်ခုရှိနေသော ကွင်းခေါင်ခေါင်တစ်နေရာတွင် ရောက်နေကြောင်းကို သိလာရလေသည်။ သူထွက်လာခဲ့သော ဝါးတဲကလေးတစ်ခုမှအပ အနီးအနားတွင် အခြားလူနေအိမ်ခြေဆို၍လည်း ဘာမှမရှိချေ။

တဲကလေး၏နောက်ဘက်တွင် စီးဆင်းနေသော မြစ်ကားလှိုင်မြစ်ပင် ဖြစ်ချေမည်။ သို့ဖြစ်လျှင် သူသည် အင်းစိန်နယ်နိမိတ်ထဲတွင် ရောက်နေပေမည်။

အရှေ့တောင်ဘက် နှစ်ဖာလုံ သုံးဖာလုံ အကွာအဝေးဆီတွင်ကား မီးရောင်ကလေးတွေ ညီညီညာညာ စီတန်းလျက်ရှိသည်ကို တွေ့ရနိုင်သည်။ ကားလမ်းတစ်ခုမှ လမ်းဘေးဓာတ်မီးတိုင်တွေပင်တည်း။

တင်မောင်ဆွေသည် သေနတ်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ကာ ထိုမီးရောင်တွေရှိရာသို့သွားသီည့် လူသွားလမ်းကျဉ်းကလေးအတိုင်း သတိထား၍ လျှောက်ခဲ့လေသည်။ တဲတွင်းမှ ထွက်ပြေးသွားသူ၏ အရိပ်အရောင်မျှပင် မတွေ့ရတော့ချေ။ လူသွားလမ်းကလေး၏အဆုံးတွင် အိမ်တစ်ဆောင်ရှိနေသည်ကို တင်မောင်ဆွေက မကြာခင် သတိပြုလာမိတော့သည်။ ထိုအိမ်သို့ ရောက်သွားသည့်အခါ၌ မီးလင်းနေသေးသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဖြစ်နေသည်ကို တွေ့ရ၏။





ဆိုင်ထဲတွင်ကား ဖန်ချိုင့်တွေစီတန်းထားသော ခုံရှည်နောက်တွင် ဆေးပေါ့လိပ်ကိုခဲကာ မှိန်းနေသော ဆိုင်ရှင်နှင့်တူသည့် လူကြီးတစ်ယောက်မှအပ ပကတိလူရှင်းလျက်ရှိနေသည်။ လက်ဖက်ရည်ဆိုင်သည် သိပ်ခမ်းနားခြင်းမရှိလှ၊ ညစ်ပတ်အိုမင်းနေသော စားပွဲရှည်နှစ်လုံးနှင့် သံကြေးတက်နေသော သံကုလားထိုင်များသာရှိပြီး အခင်းကတော့ မြေကြီးသာ ဖြစ်လေသည်။

တင်မောင်ဆွေက ချောင်းသံပေးလိုက်မှ လက်ဖက်ရည်ဆိုင်ရှင်လူကြီးသည် ငိုက်နေရာကမော့ကြည့်လိုက်၏။

'ဆိုင်ပိတ်တော့မယ် မောင်ရင်၊ ဘာမှမရတော့ဘူး'

'စီးကရက်လေး ဘာကလေးကော မရဘူးလား ဦးလေးရဲ့'

'အင်း··· ဂိုးဖလိပ်ပဲရမယ်'

တင်မောင်ဆွေက ပြောပြောဆိုဆို သူ့ပိုက်ဆံအိတ်ကို ထုတ်ယူကာ အထဲမှ ငွေဆယ်တန်တစ်ချပ်ကို ထုတ်ယူပြီး လူကြီးအား လှမ်းပေးလိုက်သည်။ လူကြီးသည် ပိုက်ဆံအိတ်ထဲမှ ငွေစက္ကူအထပ်တွေကိုတွေ့လိုက်ရလျှင် မျက်လုံးကျယ်လာဟန်တူသည်။

'အယ်··· ငွေတစ်ဆယ်တန်ချည်းတောင် ဘယ်အမ်းနိုင်ပါ့မလဲ မောင်ရင်ရယ်၊ ကျုပ်က ဆိုင်ကိုတစ်နေ့လုံးရောင်းလို့ တစ်ဆယ်တောင် မရပါဘူး'

'အမ်းဖို့မလိုပါဘူး ဦးလေးရာ၊ ကျွန်တော့်ကိုသာ အကူအညီတစ်ခုပေးရင် တော်ပါပြီ'

လူကြီးသည် မျက်လုံးများဝင်းလက်သွားကာ တင်မောင်ဆွေ့လက်ထဲမှ ငွေတစ်ဆယ်တန်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။

'ဘယ်လိုကူညီရမှာလဲ မောင်ရင်၊ မိန်းမတော့ ရှာမပေး



www.burmeseclassic.com

နိုင်ဘူးနော်…'

'ဒါမျိုးကူညီဖို့ ပြောတာမဟုတ်ပါဘူး။ ပထမ ကျွန်တော် ဘယ်ရောက်နေတယ်ဆိုတာကို ပြောပြပါလား'

'လှိုင်လမ်းမှာလေကွယ်'

'အင်းစိန်လှိုင်လမ်းလား ဦးလေး'

'အင်းစိန် မဟုတ်ဘူး ကမာရွတ်ကွယ့်'

လူကြီးသည် တင်မောင်ဆွေ့မေးခွန်းတွေကို ပြန်ဖြေရင်းက သူ့မျက်လုံးတွေကလည်း ၄င်းကို ခြေအဆုံးခေါင်းအဆုံး အကဲခတ်လျက် ရှိနေသည်။ သူတွေ့ရသည်ကား ရွှံ့တွေပေကျံနေသော မိုးကာအင်္ကျီနှင့်ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသော မျက်နှာတွင်လည်း သွေးတွေခြောက်ကပ်နေသည့် ကွဲနေသော ဒဏ်ရာရှိနေသည့် အရပ်မြင့်မြင့် လူရွယ်တစ်ယောက်ဖြစ်လေ၏။ လူရွယ်၏မျက်နှာသည် ဒဏ်ရာဒဏ်ချက်တွေဖြင့် ဖြစ်နေသည့်တိုင် ကြည့်ကောင်းသော မျက်နှာမျိုးဖြစ်လေသည်။ သို့ရာတွင် လူရွယ်၏ ပါးစပ်နှင့် မျက်လုံးများကတော့လည်း သူ့အား တော်ရုံတန်ရုံလူက လာစမ်း၍ ရမည်မဟုတ်ကြောင်းကို ဖော်ပြနေ၏။

'ကျွန်တော့်အရင်က လူတစ်ယောက် ဦးလေးဆိုင်ကို ဝင်လာသေးသလား၊ ဒါမှမဟုတ် ဖြတ်သွားသေးသလား'

သည်တစ်ခါတော့ ဆိုင်ရှင်လူကြီးက ပါးစပ်မှမဖြေဘဲ ခေါင်းကိုသာ ခါပြလိုက်၏။

'ထားပါတော့လေ၊ ကျွန်တော်မျက်နှာသစ်ချင်တယ် ဦးလေး၊ ရေဘယ်မှာရနိုင်မလဲ'

ဆိုင်ရှင်လူကြီးက ဆိုင်အဝနားတွင်ရှိသော သံစည်ပိုင်းရှည်





ကြီးဆီသို့ လက်ညှိုးထိုးပြလိုက်သည်။ တင်မောင်ဆွေသည် စည်…င်းအဖုံးကို ဖွင့်လိုက်ကာ အထဲတွင်ရှိနေသော ဒန်ရေခွက်ဖြင့် …ခပ်ပြီး သူ့မျက်နှာကို ကျကျနနဆေးကြော သုတ်သင်ပစ်လိုက်သည်။

'ကဲ… ဦးလေး၊ ကျွန်တော် မြို့ထဲကိုပြန်ချင်တယ်ဗျာ။ …ကားကလေး ဘာကလေးများ ဒီအနီးအနားမှာ ရနိုင်ပါ့မလား'

ရေစိုနေသောမျက်နှာကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်ပြီးနောက် တင်မောင်ဆွေက သူ့အား မျက်တောင်မခတ်ကြည့်နေသော ဆိုင်ရှင်လူကြီးကို လှမ်းမေးလိုက်သည်။

'ဟိုဘက်ကအကွက်မှာ သုံးဘီးကားလိုက်တဲ့ လူတစ်ယောက်တော့ရှိတယ်။ သူ ခုနကပဲ ကားသိမ်းလာတာ တွေ့လိုက်တယ်။ ကျုပ်သွားပြောရင် သူလိုက်ချင်လိုက်မယ်။ ဒါပေမဲ့ ကားခ…တော့ ထုံးစံထက် ပိုပေးရလိမ့်မယ်ကွယ်''

'ပေးပါ့မယ်ဗျာ၊ တဆိတ်သွားပြောပေးပါလား'

ဆိုင်ရှင်လူကြီးက ခေါင်းကိုညိတ်ကာ အတွင်းဘက်ခန်းသို့ …ည့်၍ 'ဟဲ့… အေးစိန် အေးစိန် ခဏလာစမ်း' ဟု အသံကိုမြှင့်၍ ခေါ်လိုက်သည်။

'ဘာလဲတော့ သူများအိပ်နေပြီ'

အထဲမှ အိပ်ချင်မူးတူး ပြန်ထူးလိုက်သံတစ်ခုက ထွက်ပေါ်လာသည်။

'လာစမ်းပါဦးဟာ ကိစ္စတစ်ခုရှိလို့'

ခဏကြာလျှင် ဆိုင်အတွင်းဘက်မှ အဝတ်အစားတိုသီ…တ်သီနှင့် အသက်၄၀-အရွယ်ခန့်ရှိ ကိုယ်လုံးခပ်တောင့်တောင့်

www.burmeseclassic.com



မိန်းမတစ်ယောက်က ထွက်လာကာ ဆိုင်ရှင်လူကြီးအား မှုန်ကုပ်ကုပ်မျက်နှာဖြင့် ကြည့်လိုက်သည်။

'ဘာလဲတော့'

'ဆိုင်ခဏကြည့်နေလိုက်စမ်း၊ ငါကိစ္စရှိလို့ အပြင်ခဏသွားဦးမယ်'

မိန်းမကြီးသည် တင်မောင်ဆွေအား မျက်လုံးများစွေလျက် တစ်ချက်ကြည့်လိုက်ပြီး ခွေးခြေတစ်လုံးတွင် ခပ်ဆောင့်ဆောင့်ဝင်ထိုင်ချလိုက်သည်။ ဆိုင်ရှင်လူကြီးလည်း ဆိုင်ထဲမှ ခပ်သုတ်သုတ်ထွက်သွားလေ၏။

တင်မောင်ဆွေက သူ၏အိုမီဂါအော်တိုမက်တစ်နာရီကို မြှောက်ကြည့်လိုက်သည်။ ၁၂-နာရီကျော်နေပေပြီ။ သူ့အား မှုန်ကုပ်ကုပ်ကြည့်နေသော မိန်းမကြီးကို တင်မောင်ဆွေက ဘယ်လိုမှ ဂရုမစိုက်ဘဲ ပိုးဖလိပ်ဘူးကိုဖောက်ကာ တစ်လိပ်မီးညှိသောက်လိုက်လေသည်။ စီးကရက်လေးလိပ်ကို ဆက်တိုက်သောက်ပြီးသည့်အခါတွင် ဆိုင်ရှင်လူကြီးသည် တိတ်ဆိတ်စွာ ဆိုင်ထဲသို့ ပြန်ဝင်လာသည်။ ၄င်းနောက်တွင် လူတစ်ယောက်ပါလာသည်။

အသက် ၄၀ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဘိုကေဘုတ်သိုက်နှင့်ကျောက်ပေါက်မာ သက်သက်ရှိသောမျက်နှာ ခွက်ခွက်ဖြစ်ကာ အရပ်ပုသော်လည်း အင်မတန်တုတ်ခိုင်သည့် ကိုယ်ခန္ဓာရှိ၏။ ညစ်ထေးနေသော စွပ်ကျယ်ပေါ်တွင် အနက်ရောင် ကုတ်အင်္ကျီဖားဖားကြီးကို ဝတ်ထားကာ ခါးတွင်ချည်လုံချည်ကို ဒူးဆစ်အထိရောက်အောင် ခပ်စိုတိုစည်းထားလေသည်။ ဆိုင်ရှင်လူကြီးက ၄င်းအား တင်မောင်ဆွေဆီကို မေးငေါ့ပြလိုက်သည်။





'ဟောဒီ ဆရာလေးပဲကွ'

ကားသမားက တင်မောင်ဆွေအား မျက်မှောင်ကြုတ်လျက်ကြည့်လိုက်သည်။

'အချိန်က သိပ်မကောင်းဘူးဗျ။ ခင်ဗျားက ဘယ်ကိုသွားချင်တာလဲ'

'မြို့ထဲတင်ပါဗျာ။ ဆူးလေ ဘုရားလမ်းကို ရောက်ရင် တော်ပါပြီ'

'ထုံးစံနှုန်းနဲ့တော့ မလိုက်နိုင်ဘူးဗျာ'

'ကျွန်တော်နားလည်ပါတယ်။ ဘယ်လောက်လိုချင်သလဲဆိုတာသာပြောပါ'

'နှစ်ဆယ်'

တင်မောင်ဆွေက ဘာမှပြန်မပြောဘဲ အိတ်ထဲကပိုက်ဆံအိတ်ကို ထုတ်ဖွင့်ကာ ငွေနှစ်ဆယ်တန်တစ်ချပ်ကို နှုတ်ယူလိုက်ပြီး ကားသမားအား လှမ်းပေးလိုက်၏။ ကားသမားသည် ငွေနှစ်ဆယ်တန်ကို လေးခေါက်ခေါက်လျက် ၄င်း၏ကုတ်အင်္ကျီတွင်းသို့ သေသေချာချာ ထည့်လိုက်ပြီးမှ တင်မောင်ဆွေအား ခေါင်းညိတ်လိုက်သည်။

'ကဲ… သွားကြစို့လေ'

'ခင်ဗျားကားကကော'

'ရှိပါတယ်ဗျ၊ ကျုပ်နဲ့သာ လိုက်ခဲ့ပါ'

တင်မောင်ဆွေက ဆိုင်ရှင်လူကြီးအား ကျေးဇူးတင်စကားပြောလိုက်ပြီးနောက် ကားသမားနှင့်အတူ ဆိုင်ထဲမှ ထွက်လိုက်ခဲ့သည်။ လူတိတ်ဆိတ်ရှင်းလင်းနေသော လှိုင်လမ်းအတိုင်း ကိုက်



www.burmeseclassic.com

www.burmeseclassic.com



၅၀ခန့်လျှောက်ခဲ့ကြပြီးမှ ကားသမားက ရှေ့မှောင်ရိပ်ဆီသို့ မေးငေါ့ပြလိုက်သည်။

'ကားက ရှေ့မှာလေ'

မှောင်ရိပ်ထဲတွင် သုံးဘီးကားတစ်စင်း၏ မည်းမည်းသဏ္ဍာန်ကို ရေးရေးမျှ တွေ့ရနိုင်၏။

'ကဲ… ဆရာ၊ ရှေ့ကပဲတက်ပါဗျာ'

တင်မောင်ဆွေက ကား၏လက်ဝဲဘက်ဘေးသို့သွားကာ ခါးကို ကိုင်းလျက် ကားတံခါးလက်ကိုင်ဆီသို့ လက်လှမ်းလိုက်သည်။ ဤတွင် သူ့နောက်ဘက်မှ ကားသမားက ရုတ်တရက် ပင့်သက်တစ်ချက် ရှိုက်လိုက်သည်ကို သူ ကြားလိုက်ရ၏။ ချက်ချင်းပင် ဘေးအန္တရာယ်ကို စိတ်ထဲတွင် သိမြင်ခံစားလာရသဖြင့် တင်မောင်ဆွေသည် သူ့ကိုယ်ကို ဘေးသို့တိမ်းပေးလိုက်ကာ ချာခနဲ လှည့်လိုက်သည်။ သို့ကြောင့်လည်း သူ့ခေါင်းနောက်ဘက်ကိုချိန်၍ တအားရိုက်ချလိုက်သော ပိုက်လုံးတိုသည် သူ့ပခုံးပေါ်မှကျော်၍ ကားဘေးမှန်တံခါးကိုသာ ရိုက်မိသွားပြီး မှန်ချပ်က အစိတ်စိတ် အမွှာမွှာ ကွဲအက်သွားတော့သည်။

ကားသမားသည် အားလွန်သွားသော ကိုယ်ကို ပြန်ထိန်းကာ ချက်ချင်းပင် လက်ထဲမှ သံပိုက်လုံးကို လွှဲမြှောက်လိုက်ပြန်သည်။ တင်မောင်ဆွေက သွက်လက်စွာပင် လူချင်းဝင်ပူးလိုက်ကာ ၎င်း၏ သံတုတ်ကိုင် လက်ကောက်ဝတ်ကို ကိုင်ဖမ်းလျက် ဒူးတစ်ဖက်ပေါ်သို့ လက်ကို တအားရိုက်ဆောင့်ချလိုက်သည်။ ဖျောက်ခနဲ အသံမြည်ကာ ကားသမား၏ လက်ကောက်ဝတ်အရိုးသည် တွင်တွင်ကျိုးထွက်သွားပြီး ၎င်း၏နာကျင်စွာ ညည်းတွားအော်ဟစ်လိုက်သံ





ဘာ ထွက်ပေါ်လာ၏။

သက်ညှာဖို့ဆိုသည်ကို တင်မောင်ဆွေက ဘယ်လိုမှစိတ်ကူးမှတော့။ ကားသမား၏ လက်ကောက်ဝတ်ကို လွှတ်လိုက်ကာ ၎င်း၏ဝမ်းဗိုက်ဆူဆူအတွင်းသို့ ဘယ်လက်သီးကို လက်ကောက်ဝတ်အထိ မြုပ်အောင် ကိုယ်အားနှင့် ဖိသွင်းလိုက်ပြန်သည်။

'အွတ်'ခနဲ ပါးစပ်မှမြည်ကာ ကားသမားသည် ကိုယ်ကြီးရှေ့သို့ကုန်းကျလာရာက တင်မောင်ဆွေ၏ ညာပင့် 'အပ်ပါးကပ်' လက်သီးက ၎င်း၏ မေးဖျားတည့်တည့်သို့ စွပ်ခနဲ ဆီးကြိုလိုက်ပြန်သည်။ ကားသမားများခမျာ အရုပ်ကြိုးပြတ်သွားသည့်အလားမြေပြင်ပေါ်သို့ လဲကျသွားကာ ခွေခွေကလေး ငြိမ်သက်နေတော့၏။

တင်မောင်ဆွေသည် ကားသမား၏ကိုယ်ကို ဆွဲလှန်လိုက်ကာ ပိတ်နေသော မျက်ခွံများကို လှန်ကြည့်နေသည်။ မျက်နက်ဆံကို မတွေ့ရတော့။ မျက်ဖြူလန်ကာ သတိမေ့နေ၏။ တင်မောင်ဆွေက ၎င်း၏ကုတ်အင်္ကျီအတွင်းအိတ်ထဲသို့ လက်နှိုက်ကာ မိမိစောစောကပေးလိုက်သော ငွေနှစ်ဆယ်တန်ကို ထုတ်ယူလိုက်သည်။ ငွေနှစ်ဆယ်တန်လေးချိုးခေါက်ထားသည်ကို ကျကျနန ဆွဲဖြန့်လိုက်သည်။ ကားသမား၏ ကိုယ်ခန္ဓာကြီးကို လမ်းဘေးမြောင်းထဲသို့ဆသာ လိမ့်တွန်းချလိုက်၏။ ထို့နောက်မှ ဖုတ်ဖက်ခါကာ သုံးဘီးကားဒရိုင်ဘာနေရာတွင် ဝင်ထိုင်လျက် စက်နှိုးမောင်းထွက်ခဲ့တော့သည်။

တင်မောင်ဆွေသည် ကမာရွတ်လှည်းတန်း အဝိုင်းကြီးသို့ရောက်လာလျှင် သုံးဘီးကားကို ရဲစခန်းတောင်ဘက်ရှိ အမှုန်းသုံးဘယ်လီဖုန်းရုံနားတွင် ရပ်လိုက်ကာ ကားပေါ်မှဆင်းပြီး တယ်လီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ရုံထဲသို့ ဝင်လိုက်သည်။ အဆင်သင့်ပင် သူ့ဘောင်းဘီအိတ်ထဲ၌ ပိုက်ဆံအကြွေတစ်မတ်က ရှိနေသည်။ မတ်စေ့ကိုပိုက်ဆံထည့်သည့် အပေါက်ထဲသို့ ကျောက်ခဲနဲ့ထည့်လိုက်ပြီးနောက် တင်မောင်ဆွေ သည် မှုခင်းစုံစမ်းရေးတပ်ဖွဲ့မှ လူသတ်မှုစုံစမ်းစစ်ဆေးရေးဌာနသို့ ဆက်လိုက်သည်။ ပြန်ဖြေသူက လုံခြုံရေးမှူးကြီး၏ လက်ထောက် မှုညွှန်ကြားရေးမှူး ကိုဘရွှေဖြစ်နေ၏။

'ကျကျနန နားထောင်နော်။ ကမာရွတ် လှိုင်မြစ်လမ်းက အနောက်ဘက်ကိုသွားတဲ့ လူသွားလမ်းကလေးအဆုံးမှာ တဲတစ်တဲ တွေ့လိမ့်မယ်။ အဲဒီလမ်းထိပ်မှာတော့ လက်ဖက်ရည်ဆိုင်တစ် ဆိုင်ရှိတယ်။ အဲဒီတဲကလေးထဲမှာ လူနှစ်ယောက်သေနေလေရဲ့ ဒီလူနှစ်ယောက်ဟာ အခုည ရွှေတံခါးပျော်ပွဲစားရုံမှာ လူသတ်မှု ကျူးလွန်ခဲ့တဲ့ တရားခံတွေပဲ'

တစ်ဖက်မှ ကိုဘရွှေက ဘာမှပြန်မမေးနိုင်ခင် တင်မောင် ဆွေက ဖုန်းကိုပြန်ချလိုက်ကာ တယ်လီဖုန်းရုံထဲမှထွက်ပြီး သုံးဘီး ကားကို မောင်းထွက်ခဲ့ပြန်သည်။ တင်မောင်ဆွေသည် သုံးဘီးကား ကို ဦးဝိစာရလမ်းမှနေ၍ မြို့ထဲအထိ မောင်းခဲ့ကာ ဗိုလ်ချုပ်ဈေး တွင် ကားကို ရပ်လိုက်သည်။ ထို့နောက် ကားသော့ကို ကားထဲတွင် ပင် ထားခဲ့ကာ ဆူးလေဘုရားလမ်းရှိ သူ့တိုက်ခန်းဆီသို့ ခပ်သုတ် သုတ်လျှောက်ခဲ့လေသည်။

တင်မောင်ဆွေသည် လျှောက်လာခဲ့ရင်းက သူကြုံတွေ့ခဲ့ ရသော ဖြစ်ရပ်တွေကို ပြန်လည်စဉ်းစားနေလိုက်မိသည်။ ရွှေတံခါး ပျော်ပွဲစားရုံအဝင်ဝတွင် ဓားနှင့်ထိုးအသတ်ခံခဲ့ရသူသည် ဘယ်သူ ဘယ်ဝါဖြစ်သည်ကို ယခုထက်ထိ သူမသိရသေး။ တင်နန်းသီဆို





သည့် ရွှေမြိုင်သူကလေးက ဤကိစ္စထဲတွင် ဘယ်လိုပါဝင်နေသည် ဆိုလည်း သူကအတိအကျ နားမလည်သေး။ ထို့ပြင် လှိုင်မြစ်ကမ်း နားက တဲကလေးထဲတွင် သူသတ်ခဲ့ရသော လူနှစ်ယောက်နှင့် ထွက်ပြေးသွားသော သူ့အဖော်သည် မည်သူမည်ဝါတွေဖြစ်ပြီး သူ တို့က သူ့ထံတွင် တောင်းခဲ့သော အထုပ်ဆိုသည်မှာ ဘာဆိုသည် ဆိုလည်း သူက ဘယ်လိုမှမစဉ်းစားတတ်။

သို့တစေလည်း ဤညတွင် သူကြုံတွေ့ခဲ့ရသော ဖြစ်ရပ် တွေမှာ သူ့အတွက် စိတ်ဝင်စားဖွယ်ရာ ကောင်းခဲ့ရသည်ကား အမှန် ပင်ဖြစ်လေ၏။

သူ့တိုက်ခန်းထဲတွင် မီးလင်းနေသည်ကို တင်မောင်ဆွေက အောက်ထပ်ကပင် လှမ်းတွေ့ရကာ မသိမသာ မျက်မှောင်ကြုတ် လိုက်မိလေသည်။ တိုက်ခန်းထဲတွင် ဘယ်သူများ ရောက်နေသနည်း။ သူ့ခက္ကရီတေရီလည်းဖြစ်၊ လက်ထပ်ရန် ရည်မှန်းထားသူလည်း ဖြစ်သော မေစီများ သူပြန်လာမည်ကို ထိုင်စောင့်နေရှာသလား…

တင်မောင်ဆွေသည် တိုက်ခန်းတံခါးကို သော့ဖွင့်ကာ အထဲသို့လှမ်းဝင်လိုက်သည်။ သူ့တိုက်ခန်းတံခါးသည် ပိတ်လိုက် သည်နှင့် သော့ခတ်ပြီးသား ဖြစ်သွားလေသည်။ တင်မောင်ဆွေ သည် သော့ကို အိတ်ထဲပြန်ထည့်လိုက်ကာ ဧည့်ခန်းမကြီးထဲသို့ လှမ်းဝင်လိုက်၏။

ဧည့်ခန်းမကြီးထဲတွင် မျက်နှာကြက်ဆီမှ နီယွန်မီးချောင်း ၏ ဖြူအေးသော အလင်းရောင်ညင်သာစွာ လွှမ်းခြုံထားလျက်ရှိ နေသည်။ ဆိုဖာရှည်ကြီးတစ်ခုပေါ်တွင်ကား အမျိုးသမီးတစ်ယောက် သည် ခွေခွေကလေး လဲလျောင်းလျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတံခါးပျော်ပွဲစားရုံပိုင်ရှင် သွယ်သွယ်ပင် ဖြစ်နေသည် သူမသည် လက်ကလေးတစ်ဖက် မို့မောက်လုံးကျစ်သော ရင်အုံပေါ် တွင် တင်ကာ ညင်သာစွာ အသက်ရှူလျက် အိပ်ပျော်နေ၏။

တင်မောင်ဆွေက သူမအား ငုံ့ကြည့်ပြီး ပြုံးလိုက်ကာ ပခုံးနှစ်ဖက်ကို မသိမသာတွန့်လိုက်သည်။ သွယ်သွယ့်ကိုမနှိုး သူက အိပ်ခန်းထဲသို့ ဝင်ခဲ့ကာ အဝတ်အစားအားလုံးကိုချွတ်လိုက် ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ ရှောင်ဝါရေပန်းအောက်တွင် အ ရအောင် စိမ်ချိုးပြီးလျှင် သူ့မျက်နှာတွင် အကန်ခံခဲ့ရ၍ ကွဲသွားသေ ဒဏ်ရာကို ဆေးထည့်ပလတ်စတာ ကပ်လိုက်သည်။ ထို့နောင် အိပ်ခန်းထဲသို့ ဝင်ခဲ့ကာ ညဝတ်အဝတ်အစားတွေကို လဲပြီး စီးကရ တစ်လိပ်ကို မီးညှိလျက် ဧည့်ခန်းမကြီးထဲသို့ ပြန်ဝင်ခဲ့သည့်အခါတွ သွယ်သွယ်သည် အိပ်ရာမှနိုးပြီး ဆိုဖာရှည်ကြီးပေါ်တွင် ခြေနှစ်ဖ တင်လျက် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

လက်နှစ်ဖက်ကို ဆိုဖာနောက်မှီတွင် ကွေးတင်ထားကာ ရင်ကလေးကိုကော့ပြီး သူ့အား မော့ကြည့်နေသော သွယ်သွယ်သည တော်တော်လှပ၍ တပ်မက်ဖွယ်ကောင်းသည်ဟု တင်မောင်ဆွေ စိတ်ထဲတွင် ကြိတ်၍ မှတ်ချက်ချလိုက်မိ၏။ သွယ်သွယ်၏နက်မှော ရှည်လှဲ့နေသော မျက်လုံးအစုံက တင်မောင်ဆွေပါးရိုးဆီမှ ပလ စတာကပ်ထားသော ဒဏ်ရာကို စူးစိုက်ကြည့်လိုက်ကာ သူမ နီရဲစိုစွတ်သော နှုတ်ခမ်းကလေးများက အပြုံးကလေးဖြင့် တွန့်သွ ကြသည်။

'အင်း... ကိုဆွေတော့ ဒီလိုဖြစ်လိမ့်မယ်လို့ သွယ် တွ သွားပဲလေ၊ ဟိုဘက်က လူတွေကကော ဘာဖြစ်သွားကြသ





ကိုဆွေ'

တင်မောင်ဆွေက ဗီရိုတစ်ခုဆီသို့လျှောက်သွားကာ အထဲ မှဟင်နက်ဆီ ဘရန်ဒီပုလင်းကို ထုတ်ယူလျက် ဘရန်ဒီဖန်ခွက်ခပ် လုံးလုံးကြီးထဲသို့ လက်သုံးလုံးခန့် လောင်းထည့်လိုက်သည်။ ပြီးမှ သွယ်သွယ်ထံသို့ ပြန်လျှောက်လာကာ ဘရန်ဒီကို ရေမခရာဘဲတစ် ကျိုက်ချင်းစုပ်ရင်းက သွယ်သွယ့်အား သူ ကြုံတွေ့ခဲ့ရသည်များ ကိုဘာကိုမှ မထိမ်ချန်ဘဲ အားလုံးဖောက်သည် ချလိုက်လေသည်။

သွယ်သွယ်သည် စကားတစ်ခွန်းမှ ဝင်မဖြတ်ဘဲ ခေါင်း ကလေးတညိတ်ညိတ်ဖြင့်သာ နားထောင်နေလိုက်သည်။ သာမန် မိန်းကလေးတစ်ယောက်အတွက် တင်မောင်ဆွေပြောပြသော အကြောင်းအရာများသည် စိတ်ချောက်ချား တုန်လှုပ်ဖွယ်ဖြစ်သော် လည်း သွယ်သွယ်ကား သာမန်မိန်းကလေးတစ်ယောက် မဟုတ်ပါ ချေ။

တင်မောင်ဆွေက စကားအဆုံးသတ်လိုက်လျှင်...

'အင်း... ကိုသောင်းဖေကြီးကတော့ ရှင့်ကို မေ့တ္တာပို့ပါ လိမ့်မယ်'ဟုသာ သူမက မှတ်ချက်ချလိုက်၏။

'ကဲ... ဆိုစမ်းပါဦး၊ အမိကကော အချိန်မတော်ကြီးမှာ ဘာလို့ ကျုပ်ကို ဒီမှာ လာစောင့်နေရတာတုန်း'

သွယ်သွယ်က ဘာမှပြန်မဖြေသေးဘဲ အရှည်လှဲ့နေသော မျက်လုံးကြီးတွေဖြင့်သာ တင်မောင်ဆွေအား မော့ကြည့်နေလိုက် သည်။ သွယ်သွယ်က စကားမပြောသော်လည်း ထိုမျက်လုံးကြီး တွေကတော့ စကားပြောနေကြသည်။ တင်မောင်ဆွေသည် တစ် ကိုယ်လုံးတွင် သွေးတွေက ဆူလောင်လာသည်ဟု ထင်မှတ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရာတွင် သူက အံကြိတ်ကာ မျက်နှာကိုတစ်ဖက်သို့ လှည့်လိုက်၏။

'ကဲ… ကဲ… သွယ်သွယ် အချိန်မရှိတော့ဘူး။ ပြန်ရင် ကောင်းမယ်။ ကိုဆွေ လိုက်ပို့မယ်'

သွယ်သွယ်က ဘာမှပြန်မဖြေ။ သရော်ပြုံးကလေးပြုံးလိုက်ကာ ဆိုဖာပေါ်မှ ဆင်းလာပြီး တင်မောင်ဆွေ ရှေ့တည့်တည့်တွင် ကိုယ်ချင်းထိလုနီးပါးကပ်လျက် ရပ်လိုက်ပြီး လက်ကလေး နှစ်ဖက်ကို တင်မောင်ဆွေပခုံးပေါ်တွင် တင်လိုက်သည်။ သူမ၏ မော့ထားသော မျက်နှာကလေးသည် တင်မောင်ဆွေ၏မျက်နှာနှင့် ထိလုနီးပါး ဖြစ်နေ၏။ သူမ၏ကိုယ်မှမွှေးရနံ့သည် တင်မောင်ဆွေ နှာဝကို လာ၍ချူကာ သွေးတွေကိုလည်း ပို၍ ဆူကြွလာစေ၏။

တင်မောင်ဆွေက ခြောက်သွေ့သွားသော သူ့နှုတ်ခမ်းတွေကို လျှာနှင့်ပွတ်လိမ်းလိုက်မိသည်။ သွယ်သွယ်က တင်မောင်ဆွေ့ မျက်လုံးများထဲသို့ စူးစိုက်ကြည့်ကာ သွားကလေးများ ပေါ်အောင် ပြုံးလိုက်ပြန်သည်။

သွယ်သွယ်က ခပ်လျှောင်လျှောင်ကလေး ပြန်မေးလိုက်ရာ တင်မောင်ဆွေခမျာ နားရွက်တွေ နီရဲတက်လာတော့သည်။

'သွယ်လည်း သိသားနဲ့ကွာ'

'ဟုတ်ကဲ့ သွယ် သိပါတယ်။ ကောင်းကောင်း သိပါတယ်။ ကိုဆွေ့မှာ တစ်နေ့ကျ လက်ထပ်ယူမယ့် ကိုဆွေ့အသည်းကျော်ကလေး မမမေစီရှိနေတယ်ဆိုတာကို သွယ်က ကောင်းကောင်းကြီး သိပါတယ်။ ကိုဆွေဟာ မမမေစီကလွဲလို့ ဘယ်မိန်းကလေးကိုမှ ထာဝစဉ် ကြင်ဖော်အဖြစ်နဲ့ မချစ်နိုင်ဘူးဆိုတာကိုလည်း သွယ်က





နားလည်ထားပါတယ်။ ရှင်းရှင်းပြောရရင် သွယ်ဟာ ကိုဆွေရဲ့ ထာဝစဉ်ကြင်ဖော်အဖြစ်ကို လုံးလုံးလျားလျား မမျှော်လင့်ပါဘူး။ ဒါပေမဲ့လည်း ကိုဆွေနဲ့သွယ်ဟာ အန္တရာယ်များတဲ့ တာဝန်တွေကို အတူတူ ထမ်းရွက်နေရတဲ့ ရဲဘော်တွေဖြစ်နေတော့ ကိုဆွေနဲ့ သွယ်ဟာ အခိုက်အတန့်ကော မဖြစ်နိုင်ဘူးတဲ့လားကွယ် ဟင်… ပြောစမ်းပါဦး'

'ခက်တာပဲ သွယ်ရယ်၊ ကိုယ်ဟာ မေစီ့အပေါ်မှာ သစ္စာဖောက်သလိုဖြစ်'

သွယ်သွယ်က တင်မောင်ဆွေ၏ ပါးစပ်ကို သူ့လက်ကလေးတစ်ဖက်ဖြင့် အသာပိတ်ထားလိုက်သည်။ ပြီးလျှင် တင်မောင်ဆွေနှင့်ပါးချင်းအပ်လိုက်ကာ တီးတိုးလေသံကလေးဖြင့် ဆက်ပြောလိုက်ပြန်သည်။

'မမမေစီဟာ သဘောထားကြီးပြီး ခွင့်လွှတ်တတ်တဲ့ မိန်းမတစ်ယောက်ပါ ကိုဆွေရယ်၊

နံနက် ကိုးနာရီတိတိတွင် တင်မောင်ဆွေ တိုက်ခန်းတံခါးကို တဒုံးဒုံးလက်သီးဖြင့် ထုလိုက်သံက ဆူညံစွာ ထွက်ပေါ်လာသည်။

တင်မောင်ဆွေက ဝါးခနဲ သမ်းဝေလိုက်ရာက 'အင်း… ပုလိပ်တွေတော့ လိုက်လာပြီ'ဟု ရေရွတ်လိုက်သည်။ တင်မောင်ဆွေသည် ကုတင်ပေါ်၌ ထထိုင်လိုက်ကာ နောက်တစ်ကြိမ်ထပ်၍ သမ်းဝေလိုက်ပြန်ပြီး ခြေနှစ်ဖက်ကို အောက်သို့ချလိုက်၏။

'ပုလိပ်တွေလို့ ကိုဆွေက ဘာလို့ပြောနိုင်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်က နဖူးပေါ်တွင် ဝဲကျနေသော ဆံနွယ်များကို လက်တစ်ဖက်ဖြင့် သိမ်းဖယ်ရင်းက အိပ်ချင်မူးတူးနှင့် လှမ်းမေးလိုက်သည်။

'ပုလိပ်တွေမို့သာ တံခါးခေါင်းလောင်းရှိလျက်နဲ့ လက်အနာခံပြီး တံခါးကို ထုနေကြတာပေါ့ကွယ်၊ သွယ်သွယ်ဒီမှာပဲနေနော်၊ ကိုဆွေသူတို့နဲ့ သွားတွေ့လိုက်ဦးမယ်'

တင်မောင်ဆွေသည် အိပ်ခန်းတံခါးကို ပိတ်ထားပစ်ခဲ့ကာ ဧည့်ခန်းကိုဖြတ်လျက် တံခါးဆီသို့လျှောက်ခဲ့သည်။ တင်မောင်ဆွေက တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်လိုက်သည်၌ တံခါးထုသံ ရပ်သွားတော့သည်။ တံခါးဝတွင် ယူနီဖောင်းဝတ်စုံနှင့် ပြည်သူ့ရဲ တပ်ဒုညွှန်ကြားရေးမှူးတစ်ယောက်နှင့် အရပ်ဝတ်အရပ်စားနှင့် ပြည်သူ့ရဲတပ်စုံထောက်အဖွဲ့ဝင်တစ်ယောက်တို့က ရပ်နေကြသည်ကို တင်မောင်ဆွေက တွေ့လိုက်ရ၏။

နှစ်ယောက်စလုံးသည် တင်မောင်ဆွေနှင့်သိကျွမ်းခင်မင်သူတွေ ဖြစ်သော်လည်း ယခုတော့ သူတို့နှစ်ဦးစလုံးက မျက်နှာကြီးတွေ တည်ကြည်တင်းမာနေကြသည်။

'ကိုတင်မောင်ဆွေ့ကို ဆရာက အခေါ်ခိုင်းလို့ လာခဲ့တာပဲ'

အရပ်ဝတ်အရပ်စားနှင့်လူက ပြောလိုက်သည်။ ၎င်းသည် လူသတ်မှုစုံစမ်းစစ်ဆေးရေးဌာနမှ ဒုညွှန်ကြားရေးမှူးတစ်ယောက် ဖြစ်ကာ ၎င်းပြောသောဆရာမှ ကိုသောင်းဖေကို ဆိုလိုခြင်းဖြစ်သေး၏။

'ကောင်းပြီလေ ကိုမြဘူး၊ ကျွန်တော်လိုက်တာပေါ့။ အထဲခဏဝင်ပါဦးလား'





'ဦးသောင်းဖေက ခင်ဗျားကို ချက်ချင်းခေါ်ခဲ့ရမယ်လို့ မှာလိုက်တာဗျ'

ယူနီဖောင်းဝတ်စုံဖြင့် လူက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက ၎င်း၏ တွန့်ကြေနေသော ညဝတ်စုံကို ငုံ့ကြည့်လိုက်သည်။

'ကျွန်တော်က အဝတ်အစားမလဲဘဲ ဒီအတိုင်းလိုက်ခဲ့ရမှာလားဗျာ'

'အင်းလေ အဝတ်အစားတော့ လဲခဲ့ပေါ့ဗျာ။ မြန်မြန်လုပ်ဗျာ၊ ဆရာက ခင်ဗျားကို အမြန်ဆုံးခေါ်လာရမယ်လို့ မှာလိုက်တာ'

'ဒီလိုဆိုလည်း ခင်ဗျားတို့ အထဲကို ဝင်စောင့်ကြဦးလေဗျာ'

ထိုအခါမှ ရဲအရာရှိနှစ်ယောက်သည် တိုက်ခန်းထဲသို့ ဝင်လိုက်ကြသည်။ တင်မောင်ဆွေက ၎င်းတို့အား ဧည့်ခန်းထဲတွင် နေရာချထားပေးကာ စီးကရက်ဘူးထုတ်တည်ပြီးနောက် မီးဖိုခန်းသို့ သွားခဲ့သည်။ မီးဖိုခန်းထဲတွင် လျှပ်စစ်မီးဖိုပေါ်၌ ကော်ဖီအိုးကျိုခဲ့ပြီး ရေမိုးချိုး ကိုယ်လက်သန့်စင်လိုက်သည်။

ရေမိုးချိုးပြီးချိန်တွင် ကော်ဖီသည် ဆူနေပြီဖြစ်သည်။ တင်မောင်ဆွေက ကော်ဖီခပ်ကျကျကြီးဖျော်ကာ လင်ပန်းတစ်ချပ်တွင် ပန်းကန်အစုံအလင်ဖြင့် တင်ပြီး အိပ်ခန်းသို့ပြန်ဝင်ခဲ့သည်။ သွယ်သွယ်က ကပျာကယာ အိပ်ရာပေါ်မှဆင်းကာ တင်မောင်ဆွေအတွက် ကော်ဖီငှဲ့ထည့်ပေးပြီး ရေချိုးခန်းထဲသို့ ဝင်သွားတော့၏။

'ဗျို့ ကိုတင်မောင်ဆွေ မပြီးသေးဘူးလားဗျ'

'အဝတ်အစားလဲနေတယ်ဗျို့၊ ကော်ဖီလည်း သောက်ရှုံးသေးတယ်ဗျ။ ခင်ဗျားတို့ကော သောက်ကြဦးမလား'



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှ စောင့်နေရသူတွေက စိတ်မရှည်ဘဲ လှမ်းအော်လိုက်သည်ကို တင်မောင်ဆွေက ခပ်အေးအေးပြန်ဖြေလိုက်ခြင်းဖြစ်သည်၊ သူသည် ကော်ဖီတစ်ခွက်ကို ဇိမ်ခံသောက်ပြီးမှ၊ အဝတ်အစားများကို ခါတိုင်းထက်ပို၍ ဂရုတစိုက် ရွေးချယ်ဝတ်ဆင်လိုက်သည်၊ တက်ထရွန်ရှပ်လက်ရှည်အဖြူကို နက်တိုင်လည်စည်းအပြာရင့်ရောင်တပ်၍ ပထမဝတ်လိုက်သည်။ ပြီးလျှင် မီးသွေးခဲရောင် ပိကယ်လ်သက္ကလပ်အပါးစားဖြင့် ချုပ်ထားသော အညိုနုရောင်ကုတ်အင်္ကျီကို ထပ်ဝတ်လိုက်ရာ ရှိုးအတောင့်သား ဖြစ်သွားတော့သည်။

'ကိုဆွေက ရှိုးတောင့်လှချေလား။ ကိုသောင်းဖေကြီးကတော့ ပိုလို့သာ ကျွဲမြီးတိုတော့မှာပဲ သူ့ခမျာ ကိုဆွေလုပ်ခဲ့တာတွေကြောင့် တစ်ညလုံး အိပ်ရမှာမဟုတ်ဘူး။ အဲဒါ အခုကိုဆွေက ရွှင်ရွှင်လန်းလန်း ရှိုးအပြည့်နဲ့ သူ့ကိုသွားတွေ့ရင် သူ့စိတ်ထဲ တော်တော့်ကို ကလိကလိ ဖြစ်နေတော့မှာပဲ'

မှန်ရှေ့တွင် ဆံပင်အကျဖြီးနေသော တင်မောင်ဆွေအား သွယ်သွယ်က ကော်ဖီသောက်နေရင်းက၊ လှမ်းကြည့်မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။

'ကိုသောင်းဖေကြီးကို ကိုဆွေက တမင်စချင်လို့ပဲ သွယ်ကဲ··· ကိုဆွေ သွားလိုက်ဦးမယ်၊ ဘယ်လောက်ကြာမယ်တော့ မပြောတတ်ဘူး၊ ကိုဆွေ့ကို စောင့်မနေနဲ့တော့နော်···'

သွယ်သွယ်က ခပ်ငေါ့ငေါ့ကလေးပြောလိုက်ကာ မှန်တင်ခုံရှေ့တွင် ဝင်ထိုင်လိုက်သည်။ တင်မောင်ဆွေက သူမ၏ ဖွံ့ထွားသော တင်ပါးကလေးတစ်ဖက်ကို တစ်ချက်ပုတ်လိုက်ပြီးနောက်





အိပ်ခန်းထဲမှ ထွက်ခဲ့လေသည်။

'ကော်ဖီသောက်ကြပါဦးလားဗျ၊ ကျွန်တော်ယူလာခဲ့ပေးမယ်လေ'

ရဲအရာရှိနှစ်ယောက်လုံးက ပြိုင်တူခေါင်းခါလိုက်ကြကာ ဆိုင်ရာမှ ထလိုက်ကြသည်။

'တော်ပြီဗျို့ အချိန်မရှိတော့ဘူး။ ဆရာက ချက်ချင်းခေါ်လာရမယ်လို့ အမိန့်ပေးလိုက်တာ၊ အခုပဲ ခင်ဗျားကိုစောင့်နေရတာ ဆိုဝက်ကျော်သွားပြီ၊ ကဲ··· လာ သွားကြမယ်'

ယူနီဖောင်းဝတ်စုံဖြင့် လူက စိတ်တိုစွာ ပြောလိုက်၏။

'ခဏလေးဗျာ'

တင်မောင်ဆွေက စားပွဲပေါ်ရှိ ရွှေစီးကရက် သေတ္တာကလေးထဲမှ စီးကရက်အလိပ်နှစ်ဆယ်ခန့်ကို သူ့ငွေစီးကရက်ဘူးပြားကလေးထဲသို့ တစ်လိပ်ချင်းပြောင်းထည့်ပြီးမှ၊ ရဲအရာရှိနှစ်ယောက်နှင့်အတူ တိုက်ခန်းထဲမှ ထွက်ခဲ့လေ၏။

'နေစမ်းပါဦးဗျ၊ ခင်ဗျားတို့ဆရာ လုံခြုံရေးမှူးကြီးက သူစုံစမ်းစစ်ဆေးနေတဲ့ အမှုတစ်ခုခုမှာ ကျွန်တော့်ဆီက ဘာအကူအညီတောင်းချင်လို့များ ခေါ်ခိုင်းခဲ့တာတဲ့လားဗျာ'

ရဲကားပေါ်သို့အတက်တွင် တင်မောင်ဆွေက မေးလိုက်ခြင်း ဖြစ်သည်။

'ဟိုကျတော့ ခင်ဗျားကို ဘာလို့ခေါ်တယ်ဆိုတာ သိရမှာပေါ့'

အရပ်ဝတ်အရပ်စားစုံထောက်က ခပ်တိုတိုဖြင့် ပြန်ဖြေလိုက်ရာက၊ ကားကို ဆောင့်မောင်းထွက်လိုက်လေ၏။ ၄င်းသည်



www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့ ဌာနချုပ်သို့ ငါးမိနစ်အတွင်း ရောက်အောင် ကားကိုအပြင်းမောင်းခဲ့လေသည်။ ရုံးသို့ရောက်ကြလျှင်လည်း နှစ်ယောက်သားမှာ ရုံးပေါ်သို့ တင်မောင်ဆွေ့အား အပြေးကလေး ခေါ်ဆောင်လာခဲ့ကြလေ၏။ ကိုသောင်းဖေသည် သူ့ရုံးခန်းထဲမှ စားပွဲတွင် ခပ်ကုန်းကုန်းကြီး စားပွဲပေါ်တွင် တံတောင်ဆစ်များထောက်လျက် ထိုင်နေသည်။ ၎င်း၏ ဆံပင်တိုတိုသည် ထိုးထိုးထောင်ထောင် ဖြစ်နေကာ မျက်နှာတစ်ခုလုံးမှာလည်း အဆီပြန်လျက် ဝင်းပြောင်နေ၏။ မျက်တွင်းများလည်း ညိုနေကာ မျက်လုံးကြီးတွေက နီရဲနေသဖြင့် တစ်ညလုံးမအိပ်ရခဲ့ သေးကြောင်း သိသာနေ၏။ ထုံးစံအတိုင်းပင် သူ့ပါးစပ်တွင်တော့ မီးသေနေသော ဆေးပြင်းလိပ်တစ်လိပ်တစ်လိပ်ကို ခဲထားလေ၏။

သူ့ရှေ့သို့ ရောက်လာသော ရှိုးအပြည့်နှင့် ရွှင်လန်းဖျတ်လတ်နေသော တင်မောင်ဆွေ့ကို ကိုသောင်းဖေက မော့ကြည့်လိုက်ကာ၊ မနှစ်မြို့သော အမူအရာဖြင့် နှာခေါင်းရှုံ့ပစ်လိုက်သည်။ ပြီးလျှင် သူ့လက်ထောက် အရာရှိနှစ်ယောက်အား မျက်မှောင်ကြီးကြုတ်လျက် ကြည့်လိုက်ပြန်သည်။

'ဘာလဲကွ၊ မင်းတို့က သူ့ကိုမြို့တစ်ပတ်ပတ်ပြီး ခေါ်လာတာလားဟေ့'

'သူက အဝတ်အစားလဲပါရစေဦးဆိုလို့ စောင့်နေရသေးတယ်ဆရာရဲ့'

အရပ်ဝတ်အရပ်စားစုံထောက်က အောင့်သက်သက်အမူအရာဖြင့် ပြန်ဖြေလိုက်သည်။

'အဝတ်အစားလဲရုံတင် မကပါဘူးဆရာရယ်၊ ရေချိုးသေး





တယ်၊ ကော်ဖီသောက်သေးတယ်'

ယူနီဖောင်းဝတ်စုံနှင့်လူက တင်မောင်ဆွေ့အား မကျေမနပ်ကြည့်ကာ ဖြည့်စွက်ပြောလိုက်၏။ တင်မောင်ဆွေက မည်သို့မျှမပြော။ ကိုသောင်းဖေ၏စားပွဲစွန်းတွင် တင်ပလ္လင်ဝင်ထိုင်လိုက်ကာ သူ့ရှေ့ စီးကရက်ဘူးကို ဟန်ပါပါထုတ်၍ စီးကရက်တစ်လိပ်ကို ဟန်ပါပါ ညှိနေလိုက်၏။

'ကောင်းပြီ၊ မင်းတို့ သွားနိုင်ကြပြီ'

သူ့လက်ထောက် နှစ်ယောက် ထွက်သွားသည်နှင့်တစ်ပြိုင်နက် ကိုသောင်းဖေက ထိုင်ရာမှထကာ တင်မောင်ဆွေအား သူ့စားပွဲပေါ်မှ တွန်းချလိုက်သည်။

'ကုလားထိုင်ပေါ်မှာ ကောင်းကောင်းထိုင်နေစမ်း တင်မောင်ဆွေ၊ မင်းနဲ့ငါ ခင်တာကတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ ငါ့လက်ထောက်ငယ်သားတွေရှေ့မှာတော့ တဆိတ်ကလေး မင်းက ငါ့ကို လေးစားမှုပြစမ်းပါကွာ၊ ဒါမှမဟုတ် မင်းငါ့ကို တမင်သက်သက် ဒေါသထွက်အောင် လုပ်နေတာလားကွ ဟေ'

တင်မောင်ဆွေက ကုလားထိုင်တွင် မထိုင်သေးဘဲ သူ့အိတ်ထဲမှ မီးခြစ်ကိုထုတ်ကာ ကိုသောင်းဖေကြီး၏ ပါးစပ်မှ ဆေးပြင်းလိပ်တိုကို ပထမဦးဆုံး မီးညှိပေးလိုက်သည်။ ပြီးမှ သူ့စီးကရက်ကို မီးညှိကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ကိုသောင်းဖေအား စီးကရက်ခိုးများကြားမှ ခပ်ပြုံးပြုံး မော့ကြည့်လိုက်၏။

'ခင်ဗျားကို ကျွန်တော်လေးစားပါတယ်ဆိုတာ ခင်ဗျား သိသားနဲ့ဗျာ၊ ကျွန်တော်က ပြနေရဦးမှာလား၊ ကဲ... ဆိုစမ်းပါဦး ခင်ဗျားက ဘာကြောင့်များ ကျွန်တော့်ကို ဒါလောက်အရေး



www.burmeseclassic.com

www.burmeseclassic.com



တကြီးခေါ်လိုက်ရတာလဲဗျာ'

'မင်းကို ငါဘာကြောင့်ခေါ်လိုက်တယ်ဆိုတာ မင်းတကယ်ပဲ မသိဘူးလား တင်မောင်ဆွေရာ'

တင်မောင်ဆွေက ခပ်ပြုံးပြုံးခေါင်းခါပြလိုက်ရာ ကိုသောင်းဖေက ပါးစပ်မှဆေးပြင်းလိပ်တိုကို ချွတ်လျက် စိတ်တို့ဖွာကြမ်းပြင်ပေါ်သို့ ပေါက်ချလိုက်၏။

'ဘာရမှာလဲကွ၊ မနေ့ညက ကမာရွတ်လှိုင်မြစ်ကမ်းဝါးက တဲတစ်တဲမှာ အသတ်ခံရတဲ့ လူနှစ်ယောက်ကိစ္စပေါ့ကွ၊ အသတ်ခံရတဲ့လူတွေက မှတ်တမ်းဝင်ကြေးစားလူမိုက်တွေပဲ။ ညကမင်းတို့ရွှေတံခါးမှာ ဖြစ်ခဲ့တဲ့ လူသတ်မှုနဲ့ ဒီကောင်နှစ်ကောင်က ပတ်သက်ချင်ပတ်သက်နေလိမ့်မယ်။ ဒီတော့ ဒီလူမိုက်နှစ်ယောက် အသတ်ခံရတာနဲ့ ပတ်သက်ပြီး၊ မင်းဘာတွေ သိထားသလဲဆိုတာ ငါသိချင်တယ်ဟေ့'

တင်မောင်ဆွေက မျက်ခုံးတစ်ဖက်ပင့်ကာ စီးကရက်ပြာကို ခွက်ထဲသို့ ဂရုတစိုက်ချွေချလိုက်သည်။ ပြီးမှ…

'နေစမ်းပါဦး ကိုသောင်းဖေရာ၊ ဒီလူမိုက်နှစ်ယောက် အသတ်ခံရတာကို၊ ကျွန်တော်က ဘာအကြောင်းများသိထားရမှာလဲ၊ သိထားရမယ်လို့ ခင်ဗျားက ဘာလို့ယူဆရတာလဲ'ဟု ပြန်မေးလိုက်သည်။

'ဘာလို့ ယူဆရမှာလဲ၊ သတ်သွားတာက မင်းလက်ရာနဲ့ တထေရာတည်း တူနေတာကိုးကွ၊ တစ်ယောက်က လည်မျိုမှာ တစ်ချက်၊ ဗိုက်မှာတစ်ချက် သေနတ်မှန်ပြီးသေရတာ။ ကျန်တစ်ယောက်က ဂျူဒိုနည်းနဲ့ နှာရိုးကျိုးအောင် တစ်ချက်တည်းအရိုက်





ခံပြီး သေသွားရှာတာပဲ။ အေး သူ့မတော်တဲ့နေရာကလည်း ကြေမွနေတယ်'

'ဟာ… ဒါ ကျွန်တော့်လက်ရာလို့ ဘယ်သူကပြောနိုင်မှာလဲဗျ၊ အခုခေတ်မှာ ဂျူဒိုတို့ကရာတေးတို့ တတ်တဲ့လူတွေက တစ်ပုံကြီးပါဗျ၊ ကျုပ်ကတော့ အခုခင်ဗျားပြောမှပဲ ဒီကိစ္စကို သိရတာပဲ ကိုသောင်းဖေ'

ကိုသောင်းဖေကို ခပ်တည်တည်ပင် တင်မောင်ဆွေက ဆိုလိုက်သည်။ ကိုသောင်းဖေကမူ မယုံသင်္ကာဖြင့် တင်မောင်ဆွေကို စူးစိုက်ကြည့်ကာ မေးခွန်းတွေ ဆက်တိုက်ထုတ်တော့သည်။

'ဒီလိုဆိုရင် မင်းမနေ့ညက ရွှေတံခါးပျော်ပွဲစားရုံက ပြန်လာတော့ ဘယ်ကိုသွားသေးသလဲကွာ'

'ဘယ်သွားရမှာလဲ၊ ကျွန်တော့်တိုက်ခန်းကို ပြန်ပြီး အိပ်တာပေါ့ဗျ'

ကိုသောင်းဖေက သူ့လက်ညှိုးကို တင်မောင်ဆွေ၏မျက်နှာဆီသို့ ဆတ်ခနဲထိုးလိုက်သည်။

'ဒီလိုဆိုရင် မင်းပါးတစ်ဖက်က ဒဏ်ရာက ဘယ်ကရလာတာလဲ၊ ညကမင်းကို ငါတွေ့ရတုန်းက ဒီဒဏ်ရာ မင်းမျက်နှာမှာ မတွေ့ရပါဘူးကွာ'

တင်မောင်ဆွေက သူ့ပါးရိုးတစ်ဘက်တွင် ပလတ်စတာနှင့် ကပ်ထားသော ဒဏ်ရာကို လက်တစ်ဖက်ဖြင့် အသာစမ်းကြည့်ပြီး ပခုံးများကို အသာတွန့်ပြလိုက်သည်။

'မနေ့ညက လေ့ကားပေါ်က ချော်လဲကျလို့ရတဲ့ ဒဏ်ရာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာချော်လဲတာလဲကွ'

'ရွှေတံခါးက အထွက်မှာဗျ၊ မိုးရေတွေနဲ့ လှေကားထစ်တွေက သိပ်ချောနေတာကလား'

ကိုသောင်းဖေက တင်မောင်ဆွေ့စကားများကို ဘယ်လိုမှ မယုံနိုင်ဟူသော အမူအရာဖြင့် နှုတ်ခမ်းများကို မဲ့ကာ နှာဝမှလေကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

'ဒီလိုဆိုရင် ညဉ့်၁၂-နာရီကျော်ကျော်လောက်မှာ ကမာရွတ်လှိုင်မြစ်ကမ်းက ကိုဖိုးသိန်းဆိုတဲ့ လူကြီးရဲ့ လက်ဖက်ရည်ဆိုင်ကို မင်းဘာသွားလုပ်တာလဲ'

တင်မောင်ဆွေက သူ့မျက်ခုံးများကို ပင့်ကာ လက်ထဲက စီးကရက်တိုကို ပြာခွက်ထဲတွင် ထိုးချေပစ်လိုက်သည်။ ဤတစ်ခုကိုပဲ သူက စိုးရိမ်နေသည်။ လက်ဖက်ရည်ဆိုင်ရှင်သည် ညက သူလာသွားသည်ကို ဘယ်သူ့ကိုမှ မပြောဘဲ နှုတ်ပိတ်ထားလိမ့်မည်ဟု သူက တွက်ထားမိခဲ့သည်။ တကယ်တော့ ၎င်းသည် သုံးဘီးကားသမားအား သူ့ကိုရိုက်လုရန် လက်ထောက်ချခဲ့သည် မဟုတ်ပါလား။

'ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကိုဖိုးသိန်းဆိုတာ ကျွန်တော့် အသိထဲမှာ မရှိပါကလားဗျ'

'ကိုဖိုးသိန်း လက်ဖက်ရည်ဆိုင်က၊ ငါအခုနက ပြောတဲ့ အကောင်နှစ်ကောင်ရဲ့ အလောင်းကိုတွေ့ရတဲ့၊ တဲ့ကလေးကို သွားရာလမ်းထိပ်မှာရှိတာကွ၊ ကဲပါကွာ မင်းငါ့ကိုလာလိမ့်မနေစမ်းပါနဲ့၊ မင်းညက အဲဒီကို ရောက်သွားတယ်မဟုတ်လား'

'ဘယ်ကလာ ရောက်ရမှာလဲဗျ'





တင်မောင်ဆွေက ဖွတ်မိုက်တ်၍ ငြင်းလိုက်သည်။ ကိုသောင်းဖေက တင်မောင်ဆွေရှေ့သို့လျှောက်လာပြီး ခါးထောက်ငုံ့ကြည့်လိုက်၏။

'ကျွဲသိုးထွန်းမောင်ဆိုတာကို မင်းသိသလား၊ ကမာရွတ်လှိုင်မြစ်လမ်းက လူမိုက်တစ်ယောက်ပဲ၊ သူ့ကို ညသန်းခေါင်ကျော်လောက်က ဆိုင်ကယ်ပတ်တရောင်က လှိုင်မြစ်ဘေးမြောင်းထဲမှာ တွေ့ခဲ့ရတယ်။ ကျွဲသိုးထွန်းမောင်က တို့မိတ်ဆွေဟောင်းကြီး တစ်ယောက်ပေါ့ကွာ၊ လုယက်မှုနဲ့ ထောင်နှစ်ခါကျဖူးတယ်။ သူ အခုလွတ်လာတာကလည်း မကြာသေးဘူး။ ဒါနဲ့ သူ့ကို ငါစစ်ကြည့်တော့ ညသန်းခေါင်လောက်က လူတစ်ယောက်က မြို့ထဲကိုပြန်ချင်တယ်၊ ငွေနှစ်ဆယ်ပေးမယ်ဆိုလို့ သူ့အသိသုံးဘီးကားကို စီးပြီး လိုက်ပို့ပေးခဲ့တယ်တဲ့၊ ဒါပေမဲ့ အဲဒီလူက သူ့ကိုရိုက်ပြီး သုံးဘီးကား ခိုးသွားတယ်တဲ့။ သုံးဘီးကားကိုတော့ စကော့ဈေးရှေ့မှာ ရပ်ထားခဲ့ကာ ပြန်ရှာတွေ့ရပါပြီ'

တင်မောင်ဆွေက လက်နှစ်ဖက်ဖြန့်ကာ သူ့ပခုံးကျယ်များကို အသာတွန့်ပြလိုက်သည်။

'အဲဒါ ကျွန်တော်နဲ့ဘာဆိုင်သလဲဗျာ'

'ကျွဲသိုး ထွန်းမောင်က ပြောပြတဲ့ပုံပန်းသဏ္ဌာန်ဟာ မင်းနဲ့ အထေရာတည်းကို တူနေတာပဲ တင်မောင်ဆွေ၊ ကဲပါကွာ မင်း ငြင်းမနေပါနဲ့၊ အဲဒီလူကတော့ မင်းပဲမဟုတ်လား၊ မင်းဟာ ကိုဖိုးသိန်းလက်ဖက်ရည်ဆိုင်ထဲကနေ ကျွဲသိုးထွန်းမောင်နဲ့ အဆက်ရပြီး သုံးဘီးကားနဲ့လိုက်အပို့ခိုင်းခဲ့တာ မဟုတ်လား၊ ဒါပေမဲ့ ထွန်းမောင်က သူ့ထုံးစံအတိုင်း လမ်းမှာရိုက်လုဖို့ ကြံခဲ့ပါလိမ့်မယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့သွားတွေ့နေတော့ သူပဲ ခံသွားရတာပေါ့မဟုတ်ဘူးလား တင်မောင်ဆွေ၊ လက်ဖက်ရည်ဆိုင်ရှင် ကိုဖိုးသိန်းပြောပြတဲ့ လူရဲ့ပုံပန်းသဏ္ဌာန်ကလည်း မင်းအတိုင်းပါပဲကွာ'

တင်မောင်ဆွေကတော့ မှင်သေသေပင် ဖြစ်နေသည်။ သို့ရာတွင် သူ့စိတ်ထဲမှာတော့ တော်တော်မငြိမ်မသက်ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် ညက သူသည် လူနှစ်ယောက်ကို သတ်ခဲ့မိသည်မှာ အမှန်ပင် ဖြစ်သည်။ သတ်ရသည်မှာ တာဝန်ကို ထမ်းရွက်နေရင်း ကိုယ့်အသက် ကိုယ်ခုခံကာကွယ်ရန်အတွက် ဖြစ်သည်က မှန်သော်လည်း သူ့စကားကို ဘယ်သူက ထောက်ခံမည်နည်း။ သူ့နောက်တွင် တန်ခိုးအာဏာကြီးမားလှသော လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့၏ တာဝန်ခံလူကြီးတစ်ဦးဖြစ်သူ ဦးဘငြိမ်းက ရှိနေသည်မှာတော့ ဟုတ်ပါ၏။ သို့ရာတွင် ဦးဘငြိမ်းက ညက ကိစ္စကို ဘာမှသိသေးသည်မဟုတ်၊ သိသွားဦးတော့လည်း ဦးဘငြိမ်းသည် ညက ကိစ္စမှာ သူ့ဌာနနှင့် သက်ဆိုင်ပါသည်ဟု တာဝန်ယူပါမည်လော။

ကိုသောင်းဖေက နှုတ်ဆိတ်နေသော တင်မောင်ဆွေအား ကြည့်ကာ စကားဆက်ပြန်၏။

'နောက်ပြီးတော့ လှိုင်မြစ်လမ်းထဲက တဲတစ်တဲမှာ ဒီကောင် နှစ်ကောင်ရဲ့အလောင်းကို တွေ့ရလိမ့်မယ်လို့ တယ်လီဖုန်းနဲ့ တို့ဆီကို သတင်း ပို့ခဲ့တဲ့လူရဲ့ အသံဟာ မင်းအသံနဲ့တထေရာတည်းပဲလို့ ဘရွှေက ပြောတယ်'

'ဘယ်အချိန်က သတင်းပို့တာလဲဗျ'

'၁၂-နာရီ မိနစ် ၄၀မှာ'

'အဲဒီအချိန်မှာ ကျုပ်က တိုက်ခန်းထဲမှာ မိတ်ဆွေတွေကို





ဧည့်ခံနေတုန်း ရှိသေးတယ်'

'အဲဒီမိတ်ဆွေတွေက ဘယ်သူလဲ'

'ဘယ်သူဘယ်ဝါဆိုတာတော့ ကျုပ်လည်း အတိအကျမသိဘူးလေ၊ သွယ်သွယ်နဲ့ သူ့မိတ်ဆွေတွေပဲဗျ၊ သူက ပြောပြပါလိမ့်မယ်'

ကိုသောင်းဖေက နှုတ်ခမ်းကြီးကို ထော်လိုက်သည်။

'တင်မောင်ဆွေ မင်းငါ့ကို ဆက်လိမ့်မနေပါနဲ့တော့လေ။ ကောင်းပြီ၊ မင်းကိုငါက တန်းစီခိုင်းပြီး ဟိုကောင်နှစ်ကောင်ကို ခွဲခိုင်းပြမယ်။ အဲဒီအခါကျတော့ မင်းဘာမှ ငြင်းနိုင်တော့မှာ မဟုတ်ဘူး'

ကိုသောင်းဖေသည် သူ့ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကာ စားပွဲပေါ်မှ တယ်လီဖုန်းတစ်လုံးကို ကောက်ယူလိုက်သည်။

'ဘရွှေလားဟေ့၊ အေး··· အခု တင်မောင်ဆွေကို တခြားလူလေးငါးယောက်နဲ့ တန်းစီပြီး၊ ဟိုကောင်နှစ်ကောင်ကို ပြမလို့ကွ၊ အဲဒါ မင်းစီစဉ်လိုက်စမ်း'

ကိုသောင်းဖေက တယ်လီဖုန်းကို ပြန်ချလိုက်ကာ တင်မောင်ဆွေအား ပြုံး၍ကြည့်လိုက်သည်။

'ဘယ့်နှယ်လဲကွ တင်မောင်ဆွေ၊ မင်းချွေးပြန်နေပြီလား၊ ဟိုကောင်နှစ်ကောင်က မင်းကိုခွဲပြနိုင်ရင် မင်းကိုငါက ကိုင်နိုင်ပြီလေ၊ မင်းကိုငါက လူသတ်မှုနဲ့ အရေးယူနိုင်တယ်ကွ၊ ဒါပေမဲ့ မင်းဒီကိစ္စကို ဖွင့်ပြောပြီး၊ ငါနဲ့ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ပြန်စဉ်းစားရမှာပေါ့'

တင်မောင်ဆွေက မည်သို့မျှ ပြန်မဖြေ၊ စီးကရက်တစ်လိပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ထပ်၍ မီးညှိလိုက်လေသည်။

ခေတ္တကြာလျှင် ဒုလုံခြုံရေးမှူး ဘရွှေက အခန်းထဲသို့ ဝင်လာသည်။ ၎င်းမှာ မျက်နှာသိပ်မကောင်းလှသည်ကို တင်မောင်ဆွေက သတိပြုမိလိုက်သည်။

'ဘယ့်နှယ်လဲဟေ့၊ လိုင်းအပ်(ပ်)လုပ်ဖို့ အသင့်ဖြစ်ပြီလားကွ'

ကိုသောင်းဖေက စိတ်အားထက်သန်စွာပင် မေးလိုက်ရာ ကိုဘရွှေက ခေါင်းကို ဖြည်းညင်းစွာ ခါပြလိုက်သည်။

'ဆောရီးပဲ အစ်ကိုကြီး၊ ကိုဘသိန်းနဲ့ ကျွဲသိုးတို့က ညက သူ့တို့တွေ့လိုက်ရတဲ့လူဟာ ကိုတင်မောင်ဆွေမဟုတ်ပါဘူးလို့ တညီတညာတည်း ပြောနေကြပြီလေ၊ ဒီတော့ ကိုတင်မောင်ဆွေကို လိုင်းအပ်(ပ်)လုပ်ပြီး သူတို့ကို ဆွဲပြခိုင်းလည်း အပိုဖြစ်နေတော့မှာပဲ'

ကိုသောင်းဖေကြီးခမျာ မျက်နှာကြီးနီရဲလာကာ စားပွဲကို လက်ဝါးနှင့် ဖြန်းခနဲရိုက်လိုက်၏။

'ဒီကောင်နှစ်ကောင်က ဘာဖြစ်သွားရတာလဲကွ ဟေ'

'သတင်းထောက်တွေပေါ့ အစ်ကိုကြီးရာ၊ ကိုတင်မောင်ဆွေကို ကျွန်တော်တို့က စော်ကားနေတယ်ဆိုတာ အနံ့ရသွားလို့ သူတို့လိုက်လာကြပြီး၊ ကိုဘသိန်းနဲ့ ကျွဲသိုးရှေ့မှာ ကိုဆွေ့အကြောင်း သူတို့က ဟောင်ဖွာဟောင်ဖွာ ပြောကြတယ်။ လူမိုက်ဘယ်နှစ်ယောက်ကို ဘယ်တုန်းက ဘယ်လိုဖြောင်ပစ်လိုက်တာတို့၊ ဘယ်လူမိုက် အဓိပတိကြီးတွေကို၊ ဘယ်နှစ်က ဘယ်လိုကြိုးစင်ပို့လိုက်တာတို့၊ ဘယ်သူတွေနဲ့ ဘယ်လိုအဆက်အသွယ်ရှိတယ်ဆိုတာတို့ကို





ပေါ့လေ။ ဒါတွေကို ဟိုလူနှစ်ယောက်က ကြားသွားတယ် အစ်ကိုကြီးရဲ့။ ဒါနဲ့ ကျွန်တော်က ခုနက အစ်ကိုကြီးရဲ့အမိန့်အရ လူတွေတန်းစီပြမယ်။ ညက သူတို့တွေ့လိုက်ရတဲ့လူကို ဆွဲထုတ်ပြပါဆိုတော့ သူတို့နှစ်ယောက်က ခါးခါးသီးသီး ငြင်းတော့တာပဲ အစ်ကိုကြီး။ ညက သူတို့တွေ့လိုက်ရတဲ့လူဟာ ကိုတင်မောင်ဆွေ မဟုတ်ပါဘူးရယ်လို့ အခိုင်အမာ ပြောနေတော့တာပဲ။ ဒီတော့ ကိုတင်မောင်ဆွေကို အခု ကျွန်တော်တို့က လိုင်းအပ်(ပ်)ထဲ ထည့်ပြဦးတော့ သူတို့နှစ်ယောက်က ဘယ်လိုမှဆွဲထုတ်ပြရဲတော့မယ် မထင်ဘူး'

ကိုသောင်းဖေသည် စိတ်ပျက်လက်ပျက်အသံကြီးဖြင့် 'ရှီးနှပဲ'ဟု ရေရွတ်လိုက်ကာ ကိုဘရွှေအား သက်သေနှစ်ယောက်ကို ချုပ်ထားပြီး ဆက်စစ်ရန် ညွှန်ကြားလိုက်သည်။ သို့ရာတွင် မျှော်လင့်ချက်သိပ်ရှိပုံမရတော့ချေ။

တင်မောင်ဆွေက လက်ထဲက စီးကရက်တိုကို ပြာခံခွက်ထဲတွင် ထိုးချေလိုက်ရာက ကိုသောင်းဖေအား ခပ်ပြုံးပြုံးကြည့်လိုက်သည်။

'ကဲ··· ကိုသောင်းဖေ၊ ကျွန်တော် သွားနိုင်ပြီလား ခင်ဗျာ'

'သွားနိုင်ပြီ၊ မြန်မြန်သာကြွပေတော့၊ မင်းမျက်နှာ ငါဆက်မြင်နေရရင်၊ ငါ လေဖြတ်သွားလိမ့်မယ်'

တင်မောင်ဆွေက ထိုင်ရာမှထလိုက်သော်လည်း ထွက်မသွားသေးပဲ စားပွဲပေါ်မှ ဖိုင်တွဲအထပ်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

'ဒါနဲ့ ကိုသောင်းဖေ၊ ညကကိစ္စမှာ ကျွန်တော်လည်း ဆော်တော်စိတ်ဝင်စားထားမိပြီဗျ၊ ဒီတော့ ဒီကိစ္စအကြောင်း ခင်ဗျား

www.burmeseclassic.com



တို့ သိထားတာတွေကို ကျွန်တော်ကော မသိရဘူးလားဗျာ၊ အမှုတွဲဖိုင်ကို ကျွန်တော် တဆိတ်လောက်ကြည့်ပါရစေလား'

ကိုသောင်းဖေက အမှုတွဲဖိုင်တွေအပေါ် ဖျတ်ခနဲ လက်နှစ်ဖက် အုပ်ထားလိုက်ကာ တင်မောင်ဆွေအား မျက်လုံးကြီးတွေပြူးလျက် ကြည့်လိုက်သည်။

'မင်း အမှုအကြောင်း သိချင်ရင်၊ သတင်းစာ ဝယ်ဖတ်ပေတော့ တင်မောင်ဆွေ၊ ငါ့ဖိုင်တွေ လာမထိနဲ့ ရှိး'

❖ ❖ ❖



## အခန်း - ၅

ကိုသောင်းဖေထံမှ ထွက်လာခဲ့ပြီးနောက် အိပ်ရာမှနိုးကတည်းက ကော်ဖီတစ်ခွက်ကိုသာ သောက်ခဲ့ရသည့် တင်မောင်ဆွေသည် မြို့ထဲသို့ပြန်လာကာ တရုတ်ဆိုင်တစ်ဆိုင်သို့ဝင်၍ ဆန်ပြုတ်ကောင်းကောင်းတစ်ခွက် ဝင်သောက်လေသည်။ ဆန်ပြုတ်သောက်ရင်း ခေါင်းသုတ်စားရင်းက သူသည် ဝယ်လာသော သတင်းစာနှစ်စောင်တွင်ပါသည့်ညက ဖြစ်ခဲ့ရသော လူသတ်မှုသတင်းကို သေချာစွာ လေ့လာဖတ်ရှုမိလေ၏။

ရွှေတံခါးပျော်ပွဲစားရုံအဝတွင် ဓားနှင့်ထိုးအသတ်ခံရသောသူသည် မည်သူမည်ဝါဖြစ်သည်ကို ရဲဘက်က ယခုထက်ထိ လုံးဝမသိရသေးဟု သတင်းစာနှစ်စောင်စလုံးက ဆိုထား၏။ ၎င်းသည် အသက် ၃၀အတွင်းမှ ၃၅နှစ်ရှိမည်ဟု အလောင်းကိုစစ်ဆေးရသော ဆရာဝန်က ခန့်မှန်းထားသည်။ ၎င်းဝတ်ဆင်ထားသော ဥရောပဝတ်စုံနှင့် ရုပ်အင်္ကျီသည် မြန်မာပြည်တွင် ချုပ်လုပ်ခြင်းမဟုတ်ဘဲ နိုင်ငံခြားဖြစ်တွေချည်း ဖြစ်နေကြရာ၊ ၎င်းအား နိုင်ငံခြားသားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟု ခန့်မှန်းကြသည်။ သို့ရာတွင် အာရှတိုက်သားတစ်ယောက်ပင်ဖြစ်၏။ ၎င်း၏ လက်ပုံစများမှာလည်း ရဲအဖွဲ့မှတ်တမ်းတွင်မရှိချေ။

ရွှေတံခါးပျော်ပွဲစားရုံတွင် ထိုလူအသတ်ခံရခြင်းသည် အဓိပ္ပာယ်ထူးခြားချက် တစ်ခုခုတော့ ရှိရမည်ဟု ရဲအဖွဲ့က ယူဆထားကြောင်း သတင်းစာနှစ်စောင်စလုံးက ဖော်ပြကြသည်။ ထို့အပြင် ၎င်းအသတ်ခံရပြီးနောက် ၂နာရီအကြာတွင် ကမာရွတ်လှိုင်မြစ်လမ်းနှင့် ၂ဖာလုံအကွာ လယ်တဲတစ်ခုထဲတွင် မှတ်တမ်းဝင်လူဆိုးနှစ်ဦးအသတ်ခံရခြင်းသည်လည်း၊ ထိုဖြစ်ရပ်နှစ်ခုနှင့် အဆက်အစပ်ရှိရမည်ဟု ဆက်လက်ဖော်ပြထားပြန်၏။

လယ်တဲထဲတွင် အသတ်ခံရသူနှစ်ယောက်မှာ သာယာဝတီဓာတိ၊ လူသတ်မှုဖြင့် ထောင်တစ်ခါကျဖူးသူ ထွန်းရင် နှင့် လယ်ဝေးသားလက်နက်ချ ကွန်မြူနစ်ပြောက်ကြားဟောင်း ဓားပြမှုနှင့်ထောင်ကျဖူးသူ ရဲဘော်အောင် ခေါ် ဘအောင်တို့ ဖြစ်ကြကြောင်းကိုလည်း တင်မောင်ဆွေက ဖတ်ရှုသိရှိရသည်။

သို့ရာတွင် ဤမှတ်တမ်းဝင် လူဆိုးနှစ်ယောက်နှင့်ရွှေတံခါးပျော်ပွဲစားရုံအဝတွင် အသတ်ခံရသူတို့ ဘယ်လိုအဆက်အသွယ်ရှိကြသည်ကို ရဲအဖွဲ့က မသိရသေး၍ ဆက်လက်စုံစမ်းလျက် ရှိသည်ဟု သတင်းကို နိဂုံးချုပ်ထားကြလေသည်။

မည်သည့်သတင်းစာတွင်မှ တင်မောင်ဆွေ၏နာမည်ကိုဖော်ပြမထားကြချေ။ ထူးခြားလှို့ဝှက်သော ရွှေမြိုင်သူလေး တင်နန်းသီအကြောင်းလည်း သတင်းစာထဲတွင် ပါမလာချေ။ တင်မောင်ဆွေက သတင်းစာတွေကို ဘေးဖယ်လိုက်ရာက ကျေနပ်စွာပြုံးလိုက်





မိသည်။ ဤအတိုင်းဆိုပါက ညက ဖြစ်ပွားခဲ့ရသော ကိစ္စနှင့်ပတ်သက်၍ သူသည် ရဲအဖွဲ့ထက်ပို၍ သိထားနေပေ၏။ ညက သူ့လက်ချက်ဖြင့် လှူမိုက်ဓာတ်သိမ်းသွားခဲ့ရသော ထွန်းရင်နှင့် ဘအောင်တို့သည် အခြားအဖော်များနှင့်အတူ ရွှေတံခါးအဝင်ဝတွင် သေခဲ့ရသူကိုပစ်သတ်ခဲ့ကြောင်း သူသိထားသည်။ ထို့ပြင် ထိုလူများသည် ရွှေမြိုင်သူကလေး တင်နန်းသီကို ချောင်းစောင့်နေပြီး သူမဆီမှ အထုပ်တစ်ထုပ်ကို အလိုရှိနေကြောင်းကိုလည်း သူက နားလည်ထားပြန်၏။

တင်မောင်ဆွေသည် ဆန်ပြုတ်နှင့် ဝမ်းဖြည့်ပြီးသည့်အခါတွင် ဆိုင်ထဲမှထွက်ကာ ဖြတ်သွားသော သုံးဘီးကားတစ်စင်းကိုလှမ်းခေါ်လိုက်လေ၏။

ရွှေတံခါးပျော်ပွဲစားရုံသို့ သူရောက်သွားသည့်အခါတွင် စစ်ထောက်လှမ်းရေးမှ တပ်ကြပ်ကြီးမောင်ဘိုနှင့် အထူးထောက်လှမ်းရေးမှ ဒုလုံခြုံရေးမှူးကိုချမ်းစိန်တို့ ရောက်နှင့်နေသည်ကြကို တင်မောင်ဆွေက တွေ့ရလေသည်။ ၎င်းတို့နှစ်ယောက်သည် ကောင်တာဘားတွင် ထိုင်နေကြသော်လည်း ဘာမှမသောက်ကြသေးပေ။ တင်မောင်ဆွေက ဘားတွင် နေ့ဘက်တာဝန်ကျသူ ကိုကျင်မောင်အား ခေါင်းညိတ်နှုတ်ဆက်လိုက်ကာ ဒုလုံခြုံရေးမှူးကိုချမ်းစိန်၏ဘေးမှ ခုံရှည်တွင် ဝင်ထိုင်လိုက်လေသည်။

'ဘယ်နှယ့်လဲ ရဲဘော်တို့၊ တာဝန်ထမ်းဆောင်နေကြတာလား၊ ဒါမှမဟုတ် အလည်သက်သက်ပဲလား'

'ခင်ဗျားသိသားနဲ့ ကိုတင်မောင်ဆွေရာ' ဟု ကိုချမ်းစိန်က မျက်နှာခပ်မှုန်မှုန်ဖြင့် ပြန်ဖြေလိုက်၏။ 'ကဲ… ကိုတင်မောင်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဘာတွေသိထားတယ်ဆိုတာ၊ ကျွန်တော်တို့ကို အားလုံးပြောပြရင် ကောင်းမယ်ဗျာ'

တင်မောင်ဆွေ ကိုချမ်းစိန်အား မျက်ခုံးတစ်ဖက်ချီကာ ကြည့်လိုက်သည်။

'ဩ… ခင်ဗျားတို့ဌာနက စိတ်ဝင်စားနေကြသတဲ့လား၊ ညက ကိစ္စအမှန်မှာတော့ ရဲဘက်က ကိုသောင်းဖေကြီးတို့နဲ့ ဆိုင်တယ် မဟုတ်လားဗျ'

'ညက ကိစ္စဟာ နိုင်ငံရေးပါချင်ပါနေမယ်လေ။ ညက ဒီတံခါးဝမှာ အသတ်ခံရသူဟာ နိုင်ငံခြားသား တစ်ယောက်လို့ ယူဆရတယ်မဟုတ်လားဗျ။ ဒီနေရာဟာ နိုင်ငံခြားနဲ့အဆက်အသွယ်မကင်းသူတွေ အများဆုံး လာတတ်တယ်ဆိုတာကိုလည်း ခင်ဗျားအသိပဲ၊ ဒီတော့ ကျုပ်တို့ဌာနအနေနဲ့ စိတ်ဝင်စားစရာ ဖြစ်ချင်ဖြစ်နေမှာပေါ့'

'အတိအကျပြောလို့တော့ ဘယ်ဖြစ်မလဲဗျာ' ဟု တင်မောင်ဆွေက ပခုံးများကို တွန့်ကာ ပြန်ဖြေလိုက်ရာ၊ ကိုချမ်းစိန်က မျက်မှောင်ကြုတ်လိုက်၏။

'ခင်ဗျားဘာသိတယ်ဆိုတာကိုသာ ပြောပြပါလေ။ အဲဒီအခါကျတော့ ကျုပ်တို့နဲ့ ဆိုင်မဆိုင်ဆိုတာကို ကျုပ်တို့ဘာသာကျုပ်တို့ဆုံးဖြတ်ပါ့မယ်၊ ကိုသောင်းဖေကြီးနဲ့လည်း ကျုပ်တို့သွားတွေ့ပြီးပါပြီ၊ သူကတော့ ခင်ဗျားကို တော်တော် မကျေမနပ်ဖြစ်နေတယ်'

တင်မောင်ဆွေက ဘာမှပြန်မပြောသေးဘဲ၊ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ အမှန်ကတော့ သူသည် စိတ်ထဲတွင်





ချင့်ချိန်နေမိခြင်းဖြစ်သည်။ သူသိထားရသလောက်ဆိုလျှင် ညက ကိစ္စသည် အထူးထောက်လှမ်းရေးအနေနှင့်သာမက၊ သူကိုယ်စားပြုထားရသော ဦးဘငြိမ်းတို့၏ လျှို့ဝှက်ထောက်လှမ်းရေးဘက်နှင့်လည်း သက်ဆိုင်နိုင်သော အခြေအနေက ရှိနေ၏။ ထို့ကြောင့် သူသည် ဦးဘငြိမ်းထံ အရင်ဆုံး အစီရင်ခံပြီး ၎င်းထံမှ ညွှန်ကြားချက်ရယူရကောင်းမည်လောဟု တင်မောင်ဆွေက စဉ်းစားလိုက်သည်။

'ညက ခင်ဗျားတို့လည်း ဒီမှာရှိနေကြတာပဲဗျာ၊ ကျုပ်တွေ့ရသလောက် ခင်ဗျားတို့လည်း တွေ့ခဲ့ရတာပဲ မဟုတ်လား'

'ဟိုအမျိုးသမီးကလေးနဲ့ ခင်ဗျား စကားပြောလိုက်ရတာကို ကျုပ်တို့တွေ့ခဲ့ရပါတယ်။ အဲဒါ သူ ဘယ်သူဆိုတာကို ကျုပ်တို့သိချင်တယ် ကိုတင်မောင်ဆွေ'

ကိုချမ်းစိန်နှင့်ကိုမောင်ဘိုတို့၏ မျက်လုံးများက တင်မောင်ဆွေ့မျက်နှာတွင် စူးစိုက်လျက်ရှိနေကြသည်။ တင်မောင်ဆွေက ပခုံးများကို မသိမသာတွန့်ပြလိုက်သည်။

'သူ့ကို ကျုပ်စကားပြောရတာက၊ ဟိုလူ ကိုမောင်လတ်သွားနှောင့်ယှက်နေလို့ အကူအညီသွားပေးရတာပါဗျာ၊ အလောင်းကိုတွေ့ကြရတော့ ကျုပ်တို့ အလောင်းကိုကြည့်နေတုန်း နောက်ဖေးပေါက်ကနေ သူ လစ်ပြေးသွားတာပဲဗျ၊ အဲဒါထက်ပိုပြီး ကျုပ်လည်း ဘာမှမသိဘူး'

ကိုချမ်းစိန်နှင့် ကိုမောင်ဘိုတို့သည် အောင့်သက်သက်အမူအရာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးလျှင် ဘာတစ်ခွန်းမှဆက်မပြောကြတော့ဘဲ ထိုင်ခုံများပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလိုက်ကြကာ ဆိုင်တံခါးဝဆီသို့ လျှောက်ထွက်သွားကြတော့၏။

တင်မောင်ဆွေတစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခါတွင် စီးကရက်ကို လက်တစ်ဖက်တွင် ကိုင်ကာ ကြမ်းပြင်ကို တွေတွေကြီး ငေးကြည့်နေသည်။ စီးကရက်တိုမီးလိုက်လာပြီး သူ့လက်ဖျားထိပ်ကို လောင်လာတော့မှ သူသည် စီးကရက်တိုကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ကာ ဖိနပ်ဖြင့် နင်းချေပစ်လိုက်သည်။ ပြီးလျှင် တစ်စုံတစ်ခုကို စိတ်ဆုံးဖြတ်ချက် ချလိုက်သည့်အလား ထိုင်ခုံပေါ်မှဆင်းပြီး ရုံးခန်းထဲသို့ ဝင်ခဲ့သည်။ သွယ်သွယ်အား ရောက်မလာသေးချေ။

တင်မောင်ဆွေက ရုံးခန်းတံခါးကို သေချာစွာ ပထမပိတ်လိုက်ကာ၊ တယ်လီဖုန်းကိုကောက်ယူလိုက်ပြီး၊ ဒိုင်ခွက်တွင်နံပါတ်များကို တစ်ခုပြီးတစ်ခု ၅ကြိမ်တိုင်လှည့်လိုက်လေသည်။ ထိုနံပါတ်ကို တယ်လီဖုန်း လမ်းညွှန်စာအုပ်တွင် တွေ့ရမည်မဟုတ်။ သိထားသူများကလည်း အင်မတန်မှ နည်းပါးလှတော့၏။

တစ်ဖက်နှင့်ဆက်သွယ်မိလျှင် တင်မောင်ဆွေက ဦးဘငြိမ်းနှင့် စကားပြောခွင့်တောင်းလိုက်ပြီး၊ သူ့နာမည်ကိုလည်း ပြောပြလိုက်၏။ ခဏွှာမျှစောင့်နေရပြီးမှ ဦးဘငြိမ်း၏အသံက နားခွက်ထဲတွင် ပေါ်လာတော့မည်။

'ကဲ… ကိုတင်မောင်ဆွေ ဆိုစမ်းပါဦး၊ ဘာများအကြောင်းထူးသလဲ…'

'ဦးဘငြိမ်းတို့ သိထားသင့်တယ်လို့ထင်တဲ့ ကိစ္စတစ်ခုပြောမလို့ပါ' ဟု တင်မောင်ဆွေက အစချီကာ ညက သူကြုံတွေ့သိနားလည်ခဲ့ရသမျှတွေကို အားလုံးပြန်၍ အစီရင်ခံပြလိုက်သည်။

'အင်း… ခင်ဗျား ညက တော်တော်ခြေရှုပ်ခဲ့တယ်ဆိုပါ





သတင်း ကျုပ်ဆီကိုရောက်လာပါတယ်လေ'

'အဲဒါကြောင့် ကျွန်တော် ခင်ဗျားနဲ့ ဆက်သွယ်တာပဲ ဦးဘငြိမ်း၊ ဒီကိစ္စကို ကျွန်တော်က ဆက်ကိုင်ရမလား၊ ဒါမှမဟုတ် အထူးထောက်လှမ်းရေးကို လွှဲပေးလိုက်ရမလား'

ဦးဘငြိမ်းက ရုတ်တရက် ပြန်မဖြေ။ စဉ်းစားချင့်ချိန်နေပုံရလေသည်။ ခဏကြာမှ နားခွက်ထဲတွင် ၄င်း၏အသံက ထွက်ပေါ်လာ၏။

'ခင်ဗျားပြောပုံအရဆိုရင်တော့ ဒီကိစ္စဟာ ကျွန်တော်တို့အနဲ့ ပတ်သက်ချင် ပတ်သက်နိုင်တာပဲ ကိုတင်မောင်ဆွေ၊ ဒီတော့ ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်'

'ဟုတ်ကဲ့ ဆိုစမ်းပါဦး'

'အခုအခြေအနေမှာ ခင်ဗျားကပဲ ဒီကိစ္စကို ဆက်လိုက်ကြည့်ပါဦး၊ အဲသလို ဆက်လိုက်လို့ ဒီကိစ္စဟာ အထူးထောက်လှမ်းရေးနဲ့ဆိုင်တယ်လို့ ခင်ဗျားဆုံးဖြတ်ရင်၊ သူတို့ကို လွှဲပေးလိုက်တာပေါ့၊ ဒါမှမဟုတ် ကျွန်တော်တို့နဲ့ဆိုင်တယ်လို့ ခင်ဗျားက ဆုံးဖြတ်ရင်လည်း ခင်ဗျားပဲတာဝန်ယူပြီး ဆက်လိုက်ပေတော့။ ဘာပဲ ဖြစ်ဖြစ် ခင်ဗျားနောက်တော့ ကျွန်တော်တို့ဌာန ရှိနေမယ်လေ'

'ကောင်းပြီ ဦးဘငြိမ်း ကျွန်တော် ခင်ဗျားပြောတဲ့အတိုင်း လုပ်ပါ့မယ်'

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်ချလိုက်ကာ ကျေနပ်အားရစွာ ပြုံးလိုက်သည်။ ဤကိစ္စတွင် သူက လူနှစ်ယောက်ကိုမြင်ပြီးသည်အထိ ပါဝင်ပတ်သက်နေပြီဖြစ်ရကား၊ ဆက်လိုက်ချင်စိတ်ဆန္ဒက သူ့တွင် ရှိပြီးသားဖြစ်နေသည်။ ယခု ဦးဘငြိမ်းက



www.burmeseclassic.com

www.burmeseclassic.com



သူ့အား တရားဝင်တာဝန်လွှဲပေးလိုက်ပြီး ဖြစ်သည့်အပြင် သူ့နောက်
က ၄င်းတို့၏ဌာနက ထောက်ခံလျက်ရှိပါသည်ဟူသည့် ကတိစကား
ရလိုက်ပြန်ခြင်းမှာ တင်မောင်ဆွေ့အတွက်တော့ အားတက်ဖွယ်ရာ
ဖြစ်နေပေ၏။

တင်မောင်ဆွေသည် ဘားတင်ဒါထဲမှ ဘီယာတစ်လုံးမှာ
လိုက်ကာ စားပွဲတစ်လုံးတွင် သွားထိုင်လျက် ဘီယာကို ဖိမ်ခံစုပ်
ရင်းက သူ့ရှေ့ခြေလှမ်းကို တွေးတော ချင့်ချိန်နေလိုက်သည်။
လောလောဆယ် သူ့အနေဖြင့် ရန်ကုန်တွင် ဆက်နေပါက အခြေ
အနေက၊ ဘယ်လိုမှ ထူးမလာနိုင်ဟု သူက တွက်မိသည်။ လုပ်စရာ
က တစ်ခုတည်းရှိနေသည်။

ညက ဒလန် ရောဘတ်ဝေါင်ပြောပြသွားသည့် အချက်
ပေါ်တွင် မူတည်၍ ဆက်လိုရဖို့ပင် ဖြစ်သည်။ စက်ဘ်ပူမှ လူတစ်
ယောက်ကို ၄င်း၏ငါးဖမ်းစက်လှေဖြင့် မြန်မာပြည်ကို တိတ်တဆိတ်
ခေါ်သွင်းလာသူ ကုလားသူဌေး စူလတန်အာမက်ထံသို့ လိုက်သွားပြီး
မေးမြန်းစုံစမ်းဖို့ပင် ဖြစ်သည်။ ရန်ကုန်တွင် ညက ဖြစ်ပွားခဲ့ရသော
ကိစ္စတွေကိုတော့ ကိုသောင်းဖေကြီးတို့က သူတို့ဝတ္တရားအတိုင်း
ဆက်၍ စုံစမ်းစစ်ဆေးကြပေမည်။ ညက သူသတ်ခဲ့ရသော ဖြေ
စားလူမိုက်နှစ်ယောက်ဖြစ်ကြသည့် ထွန်းရင်နှင့် အောင်တို့သည်
မည်သူ့အဆက်အသွယ်ဖြစ်ကြသည်ကို လည်းကောင်း၊ ရွှေတံခါး
တွင် အသတ်ခံရသူသည် မည်သူမည်ဝါ ဖြစ်သည်ကိုလည်းကောင်း
အချိန်တန်လျှင် ကိုသောင်းဖေကြီးတို့က စုံစမ်းသိရှိကြမည်သာ ဖြစ်
သည်။

သူ့အနေနှင့်မူကား ကိုသောင်းဖေကြီးတို့ သိမထားသည်





ဆက်လိုက်စရာ သဲလွန်စနှစ်ခုက ရှိနေသည်။ ၄င်းတို့ကား မော်
လမြိုင်မှ ငွေလရောင်စက်လှေပိုင်ရှင် ကုလားသူဌေးစူလတန်အာ
မက်နှင့် ရွှေမြို့သူ ပျိုဖြူချော တင်နန်းသီတို့ပင် ဖြစ်ကြလေ၏။

တင်နန်းသီအား မော်လမြိုင်တွင်လိုက်၍ ရှာဖွေဖို့ဆိုသည်
မှာ လွယ်တော့မည်မဟုတ်၊ သို့ရာတွင် ကုလားသူဌေးစူလတန်
အာမက်ကိုတော့ အလွယ်တကူပင် ခြေရာခံရှာတွေ့နိုင်မည်ဟု သူက
ယုံကြည်မိလေ၏။

ဘီယာကုန်အောင်သောက်ပြီးလျှင် သူက ဆူးလေဘုရား
လမ်းရှိ သူ့အလုပ်တိုက်သို့ ပြန်လာခဲ့သည်။ အလုပ်တိုက်တွင် သူ့
အသည်းကျော်မစီက ရောက်နှင့်နေပြီဖြစ်သည်။ ညကဖြစ်ခဲ့သော
ကိစ္စကြောင့်၊ တင်မောင်ဆွေသည် သူချစ်သော သူကလေး၏ မျက်
နှာကိုကောင်းကောင်းမကြည့်ဝံ့ဘဲ ဖြစ်နေမိသည်။

မစီအား ညကဖြစ်ပွားခဲ့သော လူသတ်မှုနှင့်မိမိရင်ဆိုင်
ကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ပြောပြကာ ထိုကိစ္စကြောင့် ယခု
မော်လမြိုင်သို့ လိုက်သွားရမည့်အကြောင်းကိုလည်း အသိပေးကာ
တင်မောင်ဆွေသည် သူ့အပေါ်ထပ်တိုက်ခန်းသို့ တက်ခဲ့လေသည်။

အဝတ်အစားအနည်းငယ်ကို ခရီးဆောင်သားရေအိတ်ထဲ
သို့ ထည့်ကာ သူက လက်စွဲတော်လျှူဂါသေနတ်ကို ပခုံးစလွယ်
အိတ်နှင့်မထည့်ခင် ပထမကျကျနန စစ်ဆေးကြည့်ရှုလိုက်သည်။
ပြီးလျှင် ကျည်ဆန်ကပ်အပိုနှစ်ခုကို ကုတ်အင်္ကျီဘေးအိတ်ထဲ ထည့်
လိုက်ကာ ပခုံးစလွယ်အိတ်ကို တပ်ဆင်ပြီး အောက်ထပ်အလုပ်တိုက်
သို့ ပြန်ဆင်းခဲ့လေသည်။

မစီက သူ့အား အလုပ်တိုက်မီးခံသေတ္တာထဲမှ ငွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထုတ်ပေးကာ မော်လမြိုင်လေယာဉ်လက်မှတ်ကို ဘုတ်လုပ်ထားပြီဖြစ်ရာ ယူဘီအေရုံးတွင် ဝင်ယူရန် ပြောရှာ၏။ တင်မောင်ဆွေလည်း နှုတ်ဆက်လိုက်ပြီးမှ ထွက်လာခဲ့သည်။ ယူဘီအေရုံးတွင် ဝင်၍ လက်မှတ်ယူ ငွေချေပြီးနောက် တင်မောင်ဆွေသည် ပရိုက်ဗိတ်ဘက္ကစီကား တစ်စင်းကိုခေါ်ကာ လေယာဉ်ကွင်းသို့ အမောင်းခိုင်းလိုက်သည်။

မော်လမြိုင်လေဆိပ်တွင် ယူဘီအေလေယာဉ် ဆင်းသက်လာသည့်အခါတွင် မိုးက ရွာမလို ခြိမ်းခြောက်လျက်ရှိနေသည်။ တင်မောင်ဆွေသည် ခရီးဆောင်လက်ဆွဲသားရေအိတ်ကို လက်တစ်ဖက်တွင်ဆွဲလျက် အခြားခရီးသည်များနှင့်အတူ လေဆိပ်ထွက်ပေါက်သို့ လျှောက်လာခဲ့ကြသည်။ ခရီးသည်များကို လာကြိုသူများထဲတွင် လူတစ်ယောက်ကို တွေ့လိုက်ရသည်၌ တင်မောင်ဆွေက ပြုံးလိုက်မိ၏။

'ကျုပ်ကိုလာကြိုနေတာလား ကိုစိန်းမောင်'

တင်မောင်ဆွေက ထိုလူအား ခပ်ငေါ့ငေါ့ကလေး မေးလိုက်ရာက ၄င်းက မသိမသာ မျက်မှောင်ကြုတ်လိုက်လေ၏။ ကိုစိန်းမောင်ဆိုသူကား မော်လမြိုင် မှုခင်းစစ်ဆေးရေးအဖွဲ့ဝင် အရပ်ဝတ်အရပ်စား စုံထောက်တစ်ယောက်ဖြစ်သည်။ ကိုသောင်းဖေကြီးသည် တင်မောင်ဆွေသွားလေရာ နောက်သို့ တကောက်ကောက်နောက်ယောင်ခံလိုက်ရန် သူ့လူတစ်ယောက်ကို တာဝန်လွှဲပေးထားခဲ့၏။ ထိုစုံထောက်သည် တင်မောင်ဆွေအား မင်္ဂလာဒုံလေဆိပ်အထိ နောက်ယောင်ခံလိုက်လာကာ ကိုသောင်းဖေထံသို့ သတင်းပို့လိုက်၏။ ကိုသောင်းဖေ၏ ဝါယာလက်နှင့် ဆက်၍ အကူအညီတောင်းချက်





အရ ယခု မော်လမြိုင်မှုခင်းစစ်ဆေးရေးအဖွဲ့ဝင် ကိုစိန်းမောင်မှာ မော်လမြိုင်တွင် တင်မောင်ဆွေဘယ်သွား၍ ဘာလုပ်ပြီး ဘယ်သူတွေနှင့်တွေ့သည်တို့ စောင့်ကြည့်ရန် တာဝန်ကျခဲ့ပေ၏။

ဒါကို တင်မောင်ဆွေက ကိုစိန်းမောင်အား တွေ့လိုက်ရကတည်းက နားလည်ထားပြီး ဖြစ်နေသည်။

ကိုစိန်းမောင်သည် အသက် ၃၀ခန့်ရှိကာ ပိန်ပိန်ရှည်ရှည်တစ်ယောက်ဖြစ်သည်။ ဟာဝေယံရှပ်အင်္ကျီနှင့် ဘောင်းဘီရှည် ဝတ်ထားကာ ဟာဝေယံအင်္ကျီခါးဝအောက်တွင် ခြောက်လုံးပြူးသားရေအိတ်ကို ချိတ်ထား၏။

'အင်း… ခင်ဗျားကို ကျုပ်လာကြိုတာပါပဲ ကိုတင်မောင်ဆွေ၊ ဒီကိုခင်ဗျားလိုက်လာလိမ့်မယ်လို့ ဟိုကနေ ဝါယာလက်နဲ့ သတင်းပို့ လိုက်တယ်ဗျ'

'ပြီးတော့ကောဗျာ'

'ခင်ဗျားကို ထပ်ချပ်မကွာ စောင့်ကြည့်နေရမယ်လို့လည်း ညွှန်ကြားချက် ပေးလိုက်သေးတယ်ဗျ'

တင်မောင်ဆွေက ပြုံးလိုက်ကာ ခင်မင့်ရင်းနှီးသော အမူအရာဖြင့် ကိုစိန်းမောင်၏ ပခုံးကို ဖက်လိုက်သည်။

'ဒီလိုဆို ကျုပ်မော်လမြိုင်မှာ အဖော်ရတာပေါ့။ ကောင်းပြီလေ ခင်ဗျားမှာ ကားပါတယ်မဟုတ်လား၊ ကျုပ်ကိုမြို့ထဲလိုက်ပို့ပေတော့။ ပြီးတော့ တည်းဖို့နေရာရှာရမယ်။ နောက်ပြီး ကားတစ်စီးကိုလည်း စီစဉ်ရဦးမယ်'

ကိုစိန်းမောင်သည် လေယာဉ်ကွင်းအစပ်တွင်ရပ်ထားသော ဂျစ် ဝီလီဂျစ်ကားဆီသို့ တင်မောင်ဆွေအား ခေါ်ဆောင်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



ကားကို မောင်းထွက်ခဲ့သည်။ တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိလိုက်ကာ မတွေ့ရတာကြာပြီဖြစ်သော မော်ရွှေမြိုင်၏ ရှုခင်းကို မျက်စိအရသာခံ၍ ကြည့်နေလိုက်သည်။

'ခင်ဗျားက ဘယ်နေရာမှာ တည်းမယ်စိတ်ကူးသလဲ'

'အရေးပိုင်ကုန်းက ကျုပ်တည်းနေကျ အိမ်တစ်အိမ်ရှိတယ်ဗျ၊ ဘော့ဒင်းဟောက်စ်ဆိုပါတော့။ ပိုင်ရှင်က ကျုပ်နဲ့ခင်တယ်။ ကျုပ်အမှုသည်ဟောင်းတစ်ယောက်လည်း ဖြစ်ဖူးတယ်။ သူ့ဆီမှာပဲ ကျုပ်အတွက် ကားတစ်စီး စီစဉ်ခိုင်းရမှာပဲ'

ကိုစိန်းမောင်၏မေးမြန်းစူးစမ်းချက်ကို တင်မောင်ဆွေက ပြန်၍ ဖြေလိုက်ခြင်းဖြစ်သည်။ ကိုစိန်းမောင်က ကားမောင်းနေရာက တင်မောင်ဆွေအား မျက်လုံးများဝေ့၍ ကြည့်လိုက်သည်။

'ခင်ဗျားကို ကျွန်တော် ရှင်းရှင်းပဲပြောမယ် ကိုတင်မောင်ဆွေ၊ ရန်ကုန်က ကျွန်တော့်ကို ညွှန်ကြားထားတာက ခင်ဗျားကို ဘယ်လိုမှအနှောင့်အယှက် မပေးရဘူးတဲ့။ ဒါပေမဲ့ ခင်ဗျားသွားလေရာကို ကျွန်တော်က ထပ်ချပ်မကွာ လိုက်ကြည့်ရမယ်။ ခင်ဗျား မော်လမြိုင်ကိုလာပြီး ဘယ်သူနဲ့တွေ့လို့ဘာတွေလုပ်တယ် ဆိုတာကို ကျွန်တော်က သူတို့ဆီကိုပြန်ပြီး အသေးစိတ်အစီရင်ခံရမှာ။ ဒီတော့ကာ ကျွန်တော့်အနေနဲ့က ကိုယ့်ကိုကိုယ် ခင်ဗျားအရိပ်လို့ပဲ ပြီး ခင်ဗျားသွားလေရာ ကျွန်တော်ပါရမှာပဲဗျ'

'ကောင်းတာပေါ့ ကိုစိန်းမောင်ရာ၊ ကျွန်တော့်အနေနဲ့ သွားလေရာ ရဲအစောင့်အရှောက် ရထားတယ်ဆိုတော့ ပိုလို့တောင် ကျေနပ်စရာကောင်းနေတော့တာပေါ့ ဟဲ... ဟဲ'

တင်မောင်ဆွေက ကိုစိန်းမောင်၏ လက်မောင်းတစ်ဖက်





ကို အသာပုတ်ကာ ရယ်ရယ်မောမော ပြန်ဖြေလိုက်သည်။

အရေးပိုင်ကုန်းသို့ရောက်လာကြလျှင် တင်မောင်ဆွေက ကိုစိန်းမောင်အား ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းရှိ ဗိုလ်တဲဆန်ဆန် ဆောက်ထားသော နှစ်ထပ်အိမ်ကြီးတစ်လုံးရှေ့တွင် ကားရပ်လိုက်စေသည်။ ခြံဝတွင် ရွှေမြိုင်ရိပ်သာဟူသော ဆိုင်းဘုတ်နှင့်အတူ တည်းခိုရန် ဧည့်သည်များလက်ခံသည်။ အတွင်းတွင် စုံစမ်းကြည့်ပါရန်၍ အသိပေးစာရေးထား၏။

ကိုစိန်းမောင်သည် တင်မောင်ဆွေနှင့်ကပ်လျက်-အတွင်းသို့ဝင်လိုက်လာလေသည်။ ရွှေမြိုင်ရိပ်သာ ပိုင်ရှင်ကား ကရင်ကပြားကြီး တစ်ယောက်ဖြစ်ကာ တင်မောင်ဆွေအား အားရပါးရဆီး၍ ကြိုဆိုလေသည်။ တင်မောင်ဆွေအား အထက်ထပ်ရှိ အခန်းတစ်ခန်းကို ပေးလိုက်ကာ ကားတစ်စင်းလည်း ချက်ချင်းပင် စီစဉ်ပေးလိုက်၏။

ကိုစိန်းမောင်ကား သူ့စကားအတိုင်းပင် တင်မောင်ဆွေနှင့် ထပ်ချပ်မကွာ လိုက်လျက်ရှိနေ၏။ တင်မောင်ဆွေသည် ရွှေမြိုင်ရိပ်သာ၏အများသုံးရန် ဧည့်ခန်းတွင်ထိုင်ကာ၊ ရိပ်သာပိုင်ရှင် ကရင်ကပြား ဦးစောဘငွေးက ရေခဲသေတ္တာထဲမှ ထုတ်ပေးသော ဘီယာကို စုပ်ရင်းက ကိုစိန်းမောင်အား မည်သို့မျက်ခြေမပြတ် ရှောင်သွားရမည်ကို အကြံထုတ်နေ၏။ ကိုစိန်းမောင် ပါလျက်နှင့်တော့ သူ၏ ရှုလတန်အာမက်ကိုလိုက်၍ မရှာချင်ပေ။ သူသွားရမည့်နေရာတွေမှာတစ်ယောက်တည်းသွားရမည့် နေရာတွေသာ ဖြစ်သည်။ ကိုစိန်းမောင်သည် ပြည်သူ့ရဲတပ်ဖွဲ့မှ စုံထောက်တစ်ဦးဖြစ်သည်ကို မော်လမြိုင်တစ်မြို့လုံးလိုလိုက သိထားနေသည်ဖြစ်ရာ ကိုစိန်းမောင်



www.burmeseclassic.com

www.burmeseclassic.com



က နောက်က တကောက်ကောက်လိုက်နေပါက ဘာမှစုံစမ်း၍ ရတော့မည်မဟုတ်သည်ကို တင်မောင်ဆွေက နားလည်မိလေ၏။

ကိုစိန်းမောင်ကတော့ အင်မတန် လုံ့လဝီရိယကောင်းနေသည်။ တင်မောင်ဆွေအပေါ်မှ တစ်ဖဝါးမှမခွာဘဲ တောက်တဲ့ကပ်နေ၏။ တင်မောင်ဆွေက ဘီယာတိုက်သည်ကိုပင် မသောက်ဘဲ ဘိလပ်ရည်တစ်ပုလင်းကိုသာ မှာယူခဲ့သည်။ ဒါတောင် ဘိလပ်ရည်ထည့်ထားသော ဖန်ခွက်ထဲသို့ တင်မောင်ဆွေက ဆေးခတ်မည်ကို စိုးရိမ်သည့်အလား ဖန်ခွက်ထိပ်ကို လက်တစ်ဖက်ဖြင့် အုပ်ထားလေသည်။

တင်မောင်ဆွေက ဘီယာတစ်လုံးကုန်အောင် သောက်ပြီးသည့်နောက်တွင် ကိုစိန်းမောင်အား ခပ်ပြုံးပြုံးလှမ်းကြည့်လိုက်သည်။

'ကဲ… ကိုစိန်းမောင်၊ ကျွန်တော်ရေချိုးလိုက်ဦးမယ်ဗျာ။ ခင်ဗျားပါရေချိုးခန်းထဲကို လိုက်ခဲ့ဦးမှာလား'

ကိုစိန်းမောင်က တင်မောင်ဆွေအား ဘာမှပြန်မပြောဘဲ သွားများကိုသာ ဖြဲပြလိုက်သည်။ သို့တစေလည်း တင်မောင်ဆွေနှင့်အတူ ရေချိုးခန်းထဲအထိတော့ လိုက်၍မလာ။ ဧည့်ခန်းမကြီးထဲတွင်သာ ထိုင်၍ စောင့်နေ၏။ အမှန်ကတော့လည်း သူ့အတွက် ပူစရာက သိပ်မရှိလှ၊ ရွှေမြိုင်ရိပ်သာရပ်ကွက်တွင် ထွက်ပေါက်တစ်ခုတည်းရှိနေသည်။ ကိုစိန်းမောင်သည် ဧည့်ခန်းမကြီးထဲတွင် ထိုင်လျက် ထွက်ပေါက်ကိုလည်းကောင်း၊ စောဘဌေးက တင်မောင်ဆွေအတွက်စီစဉ်ပေးထားသော မော်တော်ကားကိုလည်းကောင်း ကောင်းကောင်းကြီးတွေ့မြင်နေနိုင်၏။

တင်မောင်ဆွေသည် သူ့အခန်းသို့တက်ခဲ့ကာ အဝတ်များ





ကိုချွတ်ပစ်ပြီး ခါးတွင် ကိုယ်သုတ်ပုဝါတစ်ထည်ကိုစည်းလျက် အခန်းနှင့်ဆက်လျက်သား ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ ထို့နောက် ရှောင်ဝါရေပန်းကိုဖွင့်ကာ သီချင်းကိုအော်ဆိုရင်းက ရေကို အားရပါးရချိုးလိုက်၏။

သူထင်သည့်အတိုင်းပင်။ ရေချိုးခန်းတွင် ပြတင်းပေါက်တစ်ပေါက်က ရှိနေသည်။ ပြတင်းပေါက်ကို တင်မောင်ဆွေက သီချင်းဆိုရင်း အသာဖွင့်ကြည့်လိုက်သည်။ အထက်ထပ်ဖြစ်ရကား အောက်ခြေပြင်နှင့်လူနှစ်ရပ်စာသာ မြင့်နေသည်။ သို့ရာတွင် လက်တစ်ကမ်းအကွာသာလောက်တွင် သစ်ပင်တစ်ပင်က ရှိနေသည်။ ပြတင်းပေါက်ကနေ၍ သစ်ပင်မှတဆင့် အောက်သို့ဆင်းဖို့ဆိုသည်မှာ တင်မောင်ဆွေ့အတွက် အလွယ်ကလေးပင် ဖြစ်လေသည်။

တင်မောင်ဆွေသည် ရေကို အားရအောင် ချိုးပြီးနောက် ကိုယ်သုတ်ပုဝါကို ခါးတွင်စည်းပတ်လျက် အခန်းထဲသို့ပြန်ဝင်လာခဲ့သည်။ အခန်းကိုစေ့ထားရုံ စေ့ထားရာ၊ တံခါးကြားမှနေ၍ အပြင်ဘက်တွင် လူတစ်ယောက်က အတွင်းသို့ အသာချောင်းကြည့်နေသည်ကို တင်မောင်ဆွေက တစေ့တစောင်း တွေ့လိုက်ရသည်။ တင်မောင်ဆွေက ကြိတ်ပြုံးလိုက်မိ၏။ ဝီရိယကောင်းလှသော ကိုစိန်းမောင်ပဲပေါ့။ ပါးစပ်တွင် မီးမညှိရသေးသော ဆေးပေါ့လိပ်ကို ခဲထားနေသည်။

တင်မောင်ဆွေက သူချွတ်ထားသော 'ဘောင်းဘီအိတ်ထဲမှ [illegible]ဓာတ်မီးခြစ်ကို ထုတ်ယူကာ တံခါးဆီသို့အသာ ခြေဖျားထောက်၍ လျှောက်ခဲ့သည်။ ပြီးနောက် တံခါးကိုဆတ်ခနဲ ဆွဲဖွင့်လိုက်ကာ ကိုစိန်းမောင်၏နှာခေါင်းအောက်တွင် ဓာတ်မီးခြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချောက်ခနဲ ခြစ်ပေးလိုက်သည်။

'ဆေးပေါ့လိပ် မီးညှိပါဦး ကိုစိန်းမောင်'

ကိုစိန်းမောင်ခမျာ သူ့နှာခေါင်းအောက်တွင် ရုတ်တရက် မီးတောက်လာသော ဓာတ်မီးခြစ်ကြောင့် လန့်သွားရှာပြီး၊ ကိုယ်ကြီးကို နောက်သို့ ဆတ်ခနဲ တွန့်သွားရှာသည်။ ပြီးမှ စိတ်ဆိုးမာန်ဆိုးနှင့် ပါးစပ်မှဆေးလိပ်ကို ချွတ်ကာ ကြမ်းပြင်ပေါ်သို့ ပေါက်ချ၍ ဖိနပ်နှင့်နင်းချေလိုက်ပြီးမှ ဆောင့်ဆောင့်နှင့် အောက်ထပ်ဧည့်ခန်းမကြီးသို့ ပြန်ဆင်းသွားတော့သည်။

တင်မောင်ဆွေကတော့ တစ်ကိုယ်တည်း သဘောကျစွာ ရယ်လိုက်မိသည်။ သူက လျှင်မြန်သွက်လက်စွာ အဝတ်အစားတွေ ပြန်ဝတ်လိုက်သည်။ ပြီးလျှင် ရေချိုးခန်းထဲသို့ ပြန်ဝင်လိုက်၏။ ဖွင့်ထားခဲ့သော ပြတင်းပေါက်က သူ့အား အသင့်ဆီးကြိုနေသည်။ တင်မောင်ဆွေသည် ပြတင်းပေါက်ပေါင်ပေါ်တွင် ခြေတစ်ချောင်း ကျော်တင်လိုက်ကာ သစ်ပင်ဆီသို့ အကွာအဝေးမှန်းဆကြည့်လိုက်သည်။ သူ့အထက်နားဆီတွင် သစ်ကိုင်းတစ်ကိုင်းက ရှိနေသည်။ တင်မောင်ဆွေက ပြတင်းပေါက်ပေါ်တွင် ခြေနှစ်ဖက်တင်၍ ရှိန်လိုက်ကာ ထိုသစ်ကိုင်းဆီသို့ လှမ်းခုန်လိုက်သည်။ ဆန့်တန်းထားသော လက်နှစ်ဖက်က သစ်ကိုင်းကို မြဲမြဲစွာ ဆုပ်ကိုင်လိုက်မိကြ၏။

သစ်ကိုင်းတွင် တင်မောင်ဆွေက ခေတ္တမျှတွဲလောင်းဖြစ်နေသည်။ သို့ရာတွင် ဆုပ်ကိုင်ထားသော လက်များကို ရွှေ့လျားပြီး ပင်စည်ထံသို့ ကူးရသည်မှာ တင်မောင်ဆွေ့အတွက် တစ်မိနစ်လောက်သာကြာ၏။ ပင်စည်မှနေ၍ မြေကြီးပေါ်သို့ဆင်းရသည်က နောက်တစ်မိနစ်···





မြေကြီးပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် တင်မောင်ဆွေက ခြံစည်းရိုးဆီသို့အသာ ပြေးကပ်လိုက်သည်။ ကိုစိန်းမောင်တစ်ယောက်ခမျာကတော့ ဧည့်ခန်းထဲတွင်ထိုင်လျက် ရိပ်သာ၏ထွက်ပေါက်နှင့် သူငှားထားသော ကားကို စောင့်ကြည့်နေရှာပေမည်။

တင်မောင်ဆွေက ခြံစည်းရိုးကိုကျော်ထွက်လိုက်ကာ လမ်းထွင် အသင့်တွေ့ရသော ဆိုက်ကားကို လှမ်းခေါ်တက်ထိုင်ပြီး ကမ်းနားလမ်းသို့ အနင်းခိုင်းလိုက်သည်။ မော်လမြိုင်၏ ကမ်းနားလမ်းကား မြို့ကျက်သရေဆောင်ဖြစ်၏။ ညနေခင်းဘက်ဆိုလျှင် မော်လမြိုင်မြို့သူ မြို့သားများသာမက ဧည့်သည်တွေပါထွက်၍ လေညင်းခံလမ်းမကြီးဖြစ်၏။ သို့ရာတွင် ဧည့်သည်တင်မောင်ဆွေကတော့ မော်လမြိုင်၏ ကမ်းနားကြီးကို လေညင်းခံရန် ထွက်လာခြင်းမဟုတ်ပေ။

လူတစ်ယောက်ကို ရှာဖွေဖို့ဖြစ်သည်။ သူ့ကို ထိရောက်သော အကူအညီပေးရန်လူပင် ဖြစ်၏။ ကျင်ဟုတ်ဆိုသော တရုတ်ကပြားတစ်ယောက်···

ကျင်ဟုတ်သည် တရုတ်ကပြားဖြစ်သော်လည်း အင်မတန်မှ အမျိုးချစ်သူတစ်ဦး ဖြစ်သည်။ အမျိုးချစ်သည်ဆိုခြင်းမှာ သူ့အဖေ တရုတ်မျိုးကို ချစ်သည်ဟု ဆိုလိုခြင်းမဟုတ်၊ သူ့ကို ဝမ်းထဲတွင် ကိုးလဆယ်လလွယ်၍ မွေးထုတ်ခဲ့သောသူ့မိခင် ဒေါ်မြိုင်၏အမျိုး သူ့အမိဝမ်းထဲက ကျွတ်ကတည်းက အတူတကွ နေထိုင်စားသောက် အသက်ရှင်နေခဲ့ရသော မြန်မာလူမျိုးကို ချစ်ခြင်းဖြစ်သည်။ သူ့နာမည်ကို ခင်မောင်လွင်ဟုမပြောင်းဘဲ ကျင်ဟုတ်ဟုသာထားသော်လည်း မြန်မာနာမည် ယခုမှကောက်ကာငင်ကာ ယူကြသောသူ



www.burmeseclassic.com

www.burmeseclassic.com



များထက် ပို၍ မြန်မာစိတ်ရှိသူတစ်ယောက်လည်း ဖြစ်လေ၏။

ထို့ကြောင့်လည်း သူသည် အသက် ၁၆နှစ်သားအရွယ်က ဂျပန်ဖက်ဆစ်တော်လှန်ရေးထဲတွင် ပါဝင်ဆင်နွှဲခဲ့လေ၏။ ၁၉၄၈ခု နှစ်တွင်မြန်မာ့တပ်မတော်ထဲသို့ ဝင်ရောက်ကာ ဆယ်နှစ်ကျော်ကျော် တာဝန်ထမ်းရွက်ပြီးမှ ဗိုလ်ကြီးရာထူးဖြင့် တပ်မတော်မှ ဂုဏ်ပြု စွာနုတ်ထွက်လျက် သူ့ဇာတိမော်လမြိုင်သို့ ပြန်လာကာ ခေါက်ဆွဲ ဆိုင်ဖွင့်နေခဲ့လေသည်။

သို့တစေလည်း ကျင်ဟုတ်သည် သာမန်ခေါက်ဆွဲဆိုင်ရှင် တစ်ယောက်တော့ မဟုတ်ပေ။ အကြောင်းမူ သူသည် တပ်မတော် မှ နုတ်ထွက်ခဲ့သည့်တိုင် နိုင်ငံတာဝန်ကို ဆက်၍ ထမ်းရွက်နေ သော ကြောင့်ဖြစ်၏။ ဦးဘငြိမ်းတို့၏ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ တွင် ယုံကြည်စိတ်ချရသော အဖွဲ့ဝင်တစ်ယောက်အဖြစ်နှင့် သူက ဆောင်ရွက်နေ၏။

ထို့ကြောင့်ပင် တင်မောင်ဆွေက သူ့အား ရှာဖွေရန်ထွက် လာခြင်းဖြစ်သည်။ မော်လမြိုင်သို့ သူလိုက်လာသော ကိစ္စတွင် သူ့အားထိရောက်သော အကူအညီပေးနိုင်သူဆိုသည်မှာ ကိုကျင် ဟုတ်တစ်ယောက်သာဖြစ်သည်ကို သူက သိထားမိသည်။

တင်မောင်ဆွေရောက်သွားချိန်တွင် ကိုကျင်ဟုတ်၏ခေါက် ဆွဲဆိုင်သည် တော်တော်လူစည်ကားလျက်ရှိနေသည်။ ကိုကျင်ဟုတ် ကိုကား မတွေ့ရ။ ထို့ကြောင့် တင်မောင်ဆွေက လူလွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်ကာ၊ ဝမ်းကလည်း ခပ်ဟာဟာရှိသည် အတွက် ခေါက်ဆွဲပြုတ်ကြော်တစ်ပွဲ မှာလိုက်သည်။ ခေါက်ဆွဲပြုတ် ကြော်ပွဲကို စားပွဲထိုးက လာချပေးသည့်အခါတွင် 'ကိုကျင်ဟုတ်





တစ်ယောက် ဘယ်သွားသလဲကွ' ဟု မေးကြည့်လိုက်သည်။

'ဆရာကျင်ဟုတ် ရှိပါတယ်'

'ဒီလိုဆို သူ့ကို ငါ့ဆီလွှတ်လိုက်စမ်းပါကွာ။ ရန်ကုန်က ဧည့်သည်တစ်ယောက်က တွေ့ချင်တယ်လို့ ပြောပါ'

စားပွဲထိုးသည် ခေါင်းညိတ်လိုက်ကာ ဆိုင်နောက်ဘက်ခန်း ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ခေတ္တကြာလျှင် အရပ် အမောင်း တော်တော်ကောင်းသော တရုတ်ကပြားတစ်ယောက်နှင့် အတူ ပြန်ထွက်လာပြီး တင်မောင်ဆွေဆီသို့ လက်ညှိုးထိုးပြလိုက်၏။

တရုတ်ကပြားသည် တင်မောင်ဆွေ့စားပွဲသို့လျှောက်လာ ကာ ဘေးတွင်ရပ်လျက်၊ အကဲခတ် စူးစမ်းသော မျက်လုံးများဖြင့် ကြည့်လိုက်၏။

'ခင်ဗျားက ကျွန်တော့်ကို တွေ့ချင်တယ်ဆို ဟုတ်လား မိတ်ဆွေ . . .'

'ဟုတ်ကဲ့ ကိုကျင်ဟုတ်၊ ထိုင်ပါဦးဗျာ'

ကိုကျင်ဟုတ်က တင်မောင်ဆွေ၏မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ တရုတ်သွေးတစ်ဝက်ပါသော ကိုကျင်ဟုတ်သည် အသားဖြူကာ ဥပဓိရုပ်ကလည်း တော်တော် ခန့်ညားသူဖြစ်လှသည်။ မည်းနက်တောက်ပသော မျက်လုံးများက ကြံ့ခိုင်သော စိတ်ဓာတ်နှင့်ဖွဲ့သတ္တိ၏ ကြေးမုံပြင်တွေ ဖြစ်နေကြ၏။ သူသည် တင်မောင်ဆွေကို မှတ်မိပုံမပေါ်ချေ။

'ခင်ဗျားက ရန်ကုန်ကလား' ဟု သူက တင်မောင်ဆွေ၏ မျက်နှာကို စိုက်ကြည့်ရာက မေးလိုက်သည်။

'ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် တင်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဆွေလေ၊ ခင်ဗျား ရန်ကုန်ကိုလာတုန်းက ဦးဘငြိမ်းက ခင်ဗျား ကို ကျွန်တော်နဲ့ မိတ်ဆက်ပေးခဲ့တယ် မဟုတ်လား'

ချက်ချင်းပင် ကိုကျင်ဟုတ်၏ မျက်လုံးများက ပိုမို တောက်ပလာကြကာ သူ့မျက်နှာကလည်း နှစ်မြို့က်သော အပြုံးများ က လွှမ်းမိုးလာတော့သည်။

'ဟာ… ဟုတ်သားပဲ၊ ဒါကြောင့်လည်း ကျွန်တော် မြင်ဖူးပါတယ်လို့ စိတ်ထဲမှာ ထင်မိတာပေါ့'

ကိုကျင်ဟုတ်က ပြောပြောဆိုဆို ညာဘက်လက်ထုတ် သဖြင့် တင်မောင်ဆွေက ဆုပ်ကိုင်လှုပ်ယမ်းလိုက်ရသည်။

'မော်လမြိုင်ကို အလည်လာတာပဲလား ကိုဆွေ၊ ဒါ မဟုတ်'

'ကျွန်တော့်ကို ဦးဘငြိမ်းကလွှတ်လိုက်တာပဲ ဆိုပါတော့'

ကိုကျင်ဟုတ်က နားလည်သဘောပေါက်သွားသော အ အရာဖြင့် ခေါင်းညိတ်လိုက်သည်။

'ဒီလိုဆို ခင်ဗျားစားပြီးရင်၊ အထဲကိုသွားပြီး အေး ဆေးဆေး စကားပြောကြတာပေါ့'

ကိုကျင်ဟုတ်သည် ဆိုင်အတွင်းဘက်တွင် သူ့အတွ သီးသန့်အခန်းကလေး တစ်ခန်းထားလေသည်။ ထိုအခန်းကလေး တွင် သူတို့နှစ်ယောက်ထိုင်ကာ ကိုကျင်ဟုတ်၏ စပါယ်ရှယ်မြေ ခြောက်လက်ဖက်ရည်ကြမ်းသောက်ရင်းက စကားပြောဆိုကြလေ

'ကဲ… ဆိုစမ်းပါဦး ကိုတင်မောင်ဆွေ၊ ခင်ဗျားဘာတာ နဲ့ လာတာလဲ၊ ကျွန်တော်က ဘာများကူညီနိုင်မလဲ'

'ကျွန်တော် လူတစ်ယောက်လာရှာတာပဲ ဆိုပါတော့





ရူလတန်အာမက်ဆိုတဲ့ ကုလားပဲ။ ငွေလရောင် စက်လှေပိုင်ရှင်ပဲ'

ကိုကျင်ဟုတ်က ရူလတန်အာမက်၏ အမည်ကိုကြားရ သွင် နှာခေါင်းကို မသိမသာ ရှုံ့လိုက်သည်။

'ဒီကုလားက တကယ့်လူရှုပ်ပဲဗျ။ ပြီးတော့ မိုက်လည်း မိုက်တယ်။ မော်လမြိုင်မှာဆိုရင် ရူလတန်အာမက်ကို တကယ့်လူ မိုက်ကြီးတွေဆိုတဲ့ ကောင်တွေကတောင် ကြောက်ကြတယ်။ ခင်ဗျား သူ့ကို ရင်ဆိုင်ရမယ်ဆိုရင်တော့ သတိထားဗျို့'

'အင်း… ကျွန်တော်လာခဲ့တာကလည်း သူ့ကို ရင်ဆိုင်ရဖို့ ဆိုပါတော့ဗျာ၊ ခင်ဗျား သူ့အကြောင်း ဘာတွေများ သိထားသလဲ'

ကိုကျင်ဟုတ်က သူ၏မည်းနက်သော မျက်ခုံးများကို ကြုံ့ လိုက်သည်။

'ဒီကောင်က မော်လမြိုင်ကို စစ်ဖြစ်တုန်းက ရောက်လာပြီး မှာ သောင်တင်ကျန်ရစ်တယ်။ ကုလားစစ်တပ်နဲ့ ပါလာခဲ့တယ်လို့ ပြောတာပဲ။ ဆူးဘတ်စ်ချန္ဒရာ ဘို့စ်ရဲ့ အိုင်အင်အေ(အိန္ဒိယအမျိုး သားတပ်မတော်)မှာ တော်တော် အရေးပါအရာရောက်တဲ့ စစ်ဗိုလ် တစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ အဲဒီကတည်းက သူဟာ မော်လမြိုင်၊ မြိတ်၊ ထားဝယ်မှာ တော်တော်တွင်ကျယ်ခဲ့တယ်။ အခုတော့ စက်လှေထောင်ထားပြီး စက်လှေနဲ့ သူကိုယ်တိုင်လိုက် တယ်။ အားလုံး သူ့အမျိုးတွေချည်းပဲ၊ မိုက်လည်း တော်တော်မိုက်ကြ တယ်။ အကောက်ခွန်ဌာနက သူ့စက်လှေကို တော်တော် ဂရုစိုက် ကြည့်နေတာပဲ။ ဒါပေမဲ့ အခုထက်ထိတော့ ဘာကိုမှ လက်ပူး ကြပ် မမိသေးဘူးဗျ'

တင်မောင်ဆွေက ကိုကျင်ဟုတ်ပြောပြသမျှကို မှတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



စွာပင် နားထောင်နေလိုက်မိသည်။ ဤအတိုင်းဆိုပါက စုလတန်အာမက်မှာ သူစိတ်ဝင်စားရမည့် လူပင်ဖြစ်သည်ဟု သူက ဆုံးဖြတ်မိသည်။ ရန်ကုန်တွင် ဖြစ်ပွားခဲ့သော ကိစ္စများနှင့် ဤစုလတန်အာမက်သည် တနည်းနည်းတော့ ပတ်သက်ရပေမည်ဟုလည်း စိတ်ထဲတွင် ပို၍ ယုံကြည်လာမိတော့၏။

'သူဟာ သူ့စက်လှေနဲ့ လူတစ်ယောက်ကို ခိုးသွင်းခဲ့တယ်လို့ ကျွန်တော် ရန်ကုန်က သတင်းရလာခဲ့တယ် ကိုကျင်ဟုတ်'

ကိုကျင်ဟုတ်ကလည်း ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

'ကျွန်တော်တော့ မအံ့သြမိဘူး ကိုတင်မောင်ဆွေ၊ ဒီကုလား ငွေရရင် ဘာမဆိုလုပ်တတ်တဲ့ အကောင်ပဲ'

'သူ့စက်လှေ ငွေလရောင်ကကော အခု ဆိပ်ကမ်းမှာ ရှိနေသလား'

'ခဏနေဦး၊ ကျွန်တော် စုံစမ်းကြည့်လိုက်ဦးမယ်'

ကိုကျင်ဟုတ်သည် ထိုင်ရာမှထသွားပြီး တယ်လီဖုန်းကို ၁၀မိနစ်မျှ အသုံးပြုနေသည်။ ပြန်လာလျှင် သူက တင်မောင်ဆွေအား ခေါင်းညိတ်ပြလိုက်ပြန်၏။

'ကျွန်တော် ဆိပ်ကမ်း ဝန်ထောက်ကိုမေးကြည့်တော့ ငွေလရောင်စက်လှေဟာ ဆိပ်ကမ်းမှာပဲ ရှိနေသေးတယ်တဲ့၊ ဆိပ်ကမ်းနံပါတ် (    )မှာ ဆိုက်ထားတယ်။ စက်လှေက အပြာနုရောင်ဆေးသုတ်ထားတယ် ကိုတင်မောင်ဆွေ၊ ဆိပ်ကမ်းမှာ ဆိုက်ထားတာ ၉ရက်တောင် ရှိနေပြီတဲ့'

၉ရက်ဆိုတော့ ငွေလရောင်စက်လှေဖြင့် တိတ်တဆိတ်





ဆိုက်လာခဲ့သူသည် ရန်ကုန်သို့ရောက်ကာ သူ့အဆက်အသွယ်တွေနှင့် ဆက်သွယ်မိဖို့ အချိန်ကောင်းကောင်း လုံလောက်နေပေပြီဟု တင်မောင်ဆွေက တွက်လိုက်မိသည်။

သူက ပျော်ပွဲစားရုံအဝတွင် အသတ်ခံခဲ့ရသောသူ၏ ပုံပန်းသဏ္ဌာန်ကို ကိုကျင်ဟုတ်အား ပြောပြလိုက်သည်။ ကိုကျင်ဟုတ်က ခေါင်းခါပြလိုက်၏။

'ကျွန်တော်တော့ တစ်ခါမှမတွေ့ဖူးပါဘူး။ ခင်ဗျားပြောသလို အဝတ်အစားတွေက အားလုံးနိုင်ငံခြားဖြစ်ဆိုတော့ စုလတန်အာမက် စက်လှေက ခေါ်လာတဲ့လူဖြစ်နိုင်တာပဲ'

'ထားလိုက်ပါတော့လေ၊ နောက်ပြီး အမျိုးသမီးတစ်ယောက် ရှိသေးတယ်ဗျ။ သူ့နာမည်က တင်နန်းသီတဲ့'

တင်မောင်ဆွေက သူတတ်နိုင်သရွေ့ တင်နန်းသီ၏ ပုံပန်းသဏ္ဌာန်ကို ပြောပြလိုက်သည်။ သည်တစ်ခါတွင်လည်း ကိုကျင်ဟုတ်က ခေါင်းခါပြလိုက်ပြန်၏။

'ခင်ဗျားပြောတဲ့ အမျိုးသမီးဟာ တော်တော်လှတယ်ဆိုတော့ ကျွန်တော် မြင်ဖူးရင် မှတ်မိမှာပါပဲ။ နာမည်ကိုလည်း မကြားဖူးဘူး'

'ဒီလိုဆိုလည်း ခင်ဗျားတစ်ဆိတ်လောက် စုံစမ်းပေးပါလားဗျာ၊ ပြီးတော့ ကျွန်တော် စုလတန်အာမက်နဲ့ ဘယ်မှာတွေ့နိုင်မလဲ'

'ခင်ဗျား သူ့ကို သွားမတွေ့ရင် မဖြစ်ဘူးလား ကိုတင်မောင်ဆွေ၊ ဒီကုလားကို ရှောင်နိုင်ရင် ရှောင်တာအကောင်းဆုံးပဲ'

'တင်နန်းသီကို ရှာမတွေ့ရင်တော့၊ ဒီကုလားကို သွားချဉ်းကြည့်ရမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အာမက်ကို တွေ့ချင်ရင်တော့ ဆိပ်ကမ်းနံပါတ် (
နားမှာရှိတဲ့ အစ္စမေးလ်ကဖီးကိုသွား ကုလားဟော်တယ်တစ်ခု
ရှုလတန်အာမက်က အဲဒီကို အမြဲလာတတ်တယ်ဗျ၊ ကျွန်တော်လည်း
ခင်ဗျား တင်နန်းသီကို စုံစမ်းကြည့်ပါဦးမယ်'

'ကျေးဇူးပဲ ကိုကျင်ဟုတ်၊ ဒါနဲ့ ကျွန်တော်က ကားတ
စင်းခဏလောက် သုံးချင်တယ်'

'ကျွန်တော့်ကား ယူသွားလေ၊ ဟောဒီမှာ ကားသော့ဆို
ဘေးမှာ ရပ်ထားတဲ့ လင်းရီဇာပဲ'

❖ ❖ ❖



## အခန်း - ၆

ကိုကျင်ဟုတ်၏ လင်းရီဇာကားကလေးသည် မောင်း
ကောင်းလှပေသည်။ တင်မောင်ဆွေသည် ကားကို အစ္စမေးလ်ကဖီး
သို့ တိုက်ရိုက်မမောင်းဘဲ မြို့ထဲကိုပတ်၍ မောင်းလိုက်သည်။ သူ့
နောက်က လိုက်လာသူရှိမရှိ သိလို၍ ဖြစ်သည်။ သူ့ကားနောက်
က မည်သူမျှလိုက်လာခြင်းမရှိသည်ကို စိတ်ချရမှ ကိုကျင်ဟုတ်လမ်း
ညွှန်လိုက်သည့်အတိုင်း အစ္စမေးလ်ကဖီးသို့မောင်းကာ ဆိုင်ရှေ့တွင်
ကားကို ရပ်လိုက်သည်။

ကဖီးဆိုင်ထဲသို့မဝင်ခင် တင်မောင်ဆွေက ဆိုင်အခြေအနေ
ကို အပြင်ဘက်မှ အကဲခတ်ကြည့်လိုက်သည်။ သံလွင်မြစ်ဘက်ကို
မျက်နှာပြု၍ ဆောက်လုပ်ထားသော တစ်ထပ်အုတ်တိုက်ကလေးတစ်
ခုပင် ဖြစ်နေသည်။ ဆိုင်ထဲတွင် နီယွန်စာတ်မီးချောင်းတွေက လင်း
နေ၏။ လူတွေ တော်တော်စည်ကားနေသည်။

တင်မောင်ဆွေက ဆိုင်ထဲသို့ ဝင်လိုက်လျှင် စည်ကားနေ
သော လူတွေမှာ အများအားဖြင့်ကုလားတွေသာ ဖြစ်နေကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ထားလိုက်မိသည်။ ဆိုင်ကို အလယ်က ပျဉ်ချပ်နံရံတစ်ခုဖြင့် နှစ်ခြမ်းခွဲထားသည်။ လက်ယာဘက်တွင်တော့ သီးသန့်အခန်းငယ်ကလေးတွေ ရှိနေ၏။

တင်မောင်ဆွေဝင်သွားလျှင် ဆိုင်ထဲတွင်ရှိနေသော လူများသည် ခေတ္တမျှတော့ ငြိမ်ကျသွားသည်။ အားလုံးကပင် လူစိမ်းတစ်ယောက်ဖြစ်သော မိမိအား အကဲခတ်ကြည့်နေကြသည်ကို တင်မောင်ဆွေက ရိပ်မိလိုက်သည်။ သူကလည်း ခပ်တည်တည်ပင် ဆိုင်အတွင်းဘက် ထောင့်ကျကျ လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

ခေတ္တကြာလျှင် အရပ်ပုပုနှင့် ကိုယ်လုံးကိုယ်ထည် ကြီးမားလှသော ကုလားတစ်ယောက်က တင်မောင်ဆွေ့စားပွဲသို့ လျှောက်လာသည်။

'ဆရာ ဘာယူမလဲ'

ကုလားသည် မေးရင်းက တင်မောင်ဆွေအား ပြောင်ပြောင်တင်းတင်းပင် အကဲခတ်နေလိုက်သည်။ တင်မောင်ဆွေက ကုလား၏နီကြောင်ကြောင် မျက်လုံးများထဲသို့ စူးစိုက်၍ ကြည့်လိုက်၏။

'ငါ ဘာမှမယူပါဘူး၊ စူလတန်အာမက်နဲ့သာ တွေ့ချင်တယ်'

တင်မောင်ဆွေ၏ အဖြေကိုကြားရလျှင် ကုလားသည် မျက်မှောင်ကြုတ်သွားလေ၏။

'စူလတန်အာမက်ကို တွေ့ချင်တယ် ဟုတ်လား'

'အေး… မင်း နားမထိုင်းပါဘူး။ သူ့ကို ဒီမှာတွေ့ရမယ်လို့ပြောလိုက်လို့ကွ'





'ဆရာက ဘယ်ကလဲ စူလတန်အာမက်နဲ့ ဘာကြောင့်တွေ့ချင်ရတာလဲ'

ကုလားက တင်မောင်ဆွေကို မသိမသာ သွေးတိုးစမ်းကြည့်လိုက်သည်။ တင်မောင်ဆွေက ကုလားအား ပြန်မော့ကြည့်လိုက်သည်။ သူ့မျက်နှာသည် ခပ်ပြုံးပြုံးဖြစ်နေသော်လည်း၊ ကုလား မျက်နှာကို စူးစိုက်ကြည့်လိုက်ကြသော မျက်လုံးများကတော့ တိ အေးစက်မာကျောနေကြသည်။ အန္တရာယ်ရှိသည်ဟု အချက်သကဲ့သို့ပင်။

'မင်းနဲ့ ဘာမှမဆိုင်ပါဘူးကွာ၊ စူလတန်အာမက်ကို ငါ တွေ့ချင်တယ်ဆိုတာကိုသာ သွားပြောလိုက်စမ်းပါ'

'ဘယ်သူက တွေ့ချင်တယ်လို့ကော ကျွန်တော်က ပြောရမလဲ'

'ဒါကလည်း သူငါနဲ့ လာတွေ့တော့ သိရမှာပေါ့'

ကုလားသည် တော်တော် အောင့်သက်သက်ဖြစ်သွားပုံ ရသော်လည်း ဘာမှတော့ဆက်ပြောဝံ့တော့ဟန်မတူ။ စောင်းငန်း စောင်းငန်းနှင့်ထွက်သွားလေတော့သည်။ ၎င်းသည် ပျဉ်ချပ်ထရံ ခြိမ့်ကာထားသော အခန်းငယ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

တင်မောင်ဆွေက စီးကရက်တစ်လိပ်ထပ်၍ မီးညှိကာ ရှည်လက်ရှည် ထိုင်စောင့်နေလိုက်သည်။ ခေတ္တကြာလျှင် အခန်းငယ်ကလေးအတွင်းမှ လူတစ်ယောက်က လက်တစ်ဖက်တွင် အရက်ပုလင်းကိုကိုင်လျက် ထွက်လာကာ ဆိုင်ခန်းကို လှည့်ပတ်ကြည့်ရှုလိုက်သည်။ နောက်ဆုံးတွင် သူ့မျက်လုံးတွေက စားပွဲတွင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်း ထိုင်နေသော တင်မောင်ဆွေထံသို့ ကျရောက်လာ လေသည်။

၄င်းသည် မော်လမြိုင်ကုလားခေါ် ကုလားဒိန်တစ်ယောက် ဖြစ်သည်ကို တင်မောင်ဆွေက သတိပြုလိုက်မိသည်။ အဝါရင့်ရောင် ဟာဝေယံအင်္ကျီလက်တိုနှင့် ကာကီနုရောင် ဖင်ကြပ်ဘောင်းဘီကို ဝတ်ဆင်ထားကာ ရှည်လျားသော ဆံပင်တွေကို အမောက်ထောင် လျက် ခပ်ဖွာဖွာ လမ်းသူရဲဆန်ဆန် ဖီးထားသည်။

တင်မောင်ဆွေက ၄င်းအား ကြည့်နေစဉ်မှာပင် ကုလားဒိန် သည် တင်မောင်ဆွေထံသို့ အမေရိကန်လမ်းသူရဲ အမူအရာဖြင့် မထီလေးစား လျှောက်လာ၏။

'ဆရာ စူလတန်ကို တွေ့ချင်တယ်ဆိုတာ ခင်ဗျားလားဗျ'

'အေး… ဟုတ်တယ်'

'ဆရာစူလတန်က မအားသေးဘူးဗျ၊ အလုပ်ကိစ္စနဲ့ပတ် သက်လို့ အစည်းအဝေးထိုင်နေတယ်။ ဆရာစူလတန်က သူ့အလုပ် ကိစ္စလုပ်နေတုန်း နှောင့်ယှက်ပင် ကြိုက်တာမဟုတ်ဘူး ကိုယ့်လူ'

ကုလားဒိန်၏ မြန်မာစကားမှာ ဝဲတဲတဲဖြစ်နေသည်။ ၄င်း ၏ မျက်လုံးများကတော့ တင်မောင်ဆွေ့အား ရဲတင်းစွာ အကဲခတ် နေကြသည်။

'မင်းရဲ့ဆရာ စူလတန်ကိုပြောပြလိုက်စမ်းပါကွာ၊ သူ့ကို ငါတွေ့ချင်တာဟာ၊ ရန်ကုန်မှာ အသတ်ခံခဲ့ရတဲ့ လူသုံးယောက်ရယ် ပြီးတော့ ကောင်မလေးတစ်ယောက်က ရန်ကုန်ကိုယူလာခဲ့တဲ့ အထုပ် တစ်ထုပ်နဲ့ ပတ်သက်လို့ပဲလို့၊ အဲဒီအကြောင်းတွေကို သူက မှန်း စိတ်ဝင်စားပါလိမ့်မယ်'





ကုလားဒိန်၏မျက်လုံးများက ကျဉ်းမြောင်းသွားကြသည်။ သို့ရာတွင် မျက်နှာတွင်တော့ ဘယ်လိုအမူအရာမှ ပေါ်မလာ၊ ပါး စပ်မှ တံတွေးကို ပစ်ခနဲတစ်ချက်ထွေးလိုက်ပြီးမှ ထရံပုကလေးတစ် ချပ်ကာထားသည့် အခန်းငယ်ကလေးထဲသို့ ပြန်လျှောက်သွားတော့ သည်။

တင်မောင်ဆွေက နောက်ထပ်၍ ၅မိနစ်မျှ စောင့်နေလိုက် ရသည်။ ထို့နောက်တွင် အခန်းငယ်ကလေးထဲမှ ကုလားဒိန်က ထွက်ပေါ်လာသည်။ ၄င်းနောက်မှ လူနှစ်ယောက်က လိုက်ပါလာ၏။

တစ်ယောက်မှာ အသားဝါညစ်ညစ်နှင့်ကြီးမားထွားကြိုင်း သော ကိုယ်ထည်ကြီးရှိသူဖြစ်သည်။ ၄င်းသည် ပိုးရှပ်အင်္ကျီအနီ ရောင်ပေါ်တွင် အနက်ရောင် ကုတ်အင်္ကျီဖားဖားကြီးကို ထပ်ဝတ် ထားကာ ကုလားဘောင်းဘီပွကြီးနှင့် ဖြစ်သည်။ ၄င်း၏ဦးခေါင်း တွင်ကား ဖက်စ်ခေါ် မဟာဗေဒင်ကုလားတွေ ဗလီတက်လျှင် ဆောင်းနေကျ ဦးထုပ်နီကလေးကို ဘေးစောင်းကလေး ဆောင်း ထားသည်။

၄င်းမျက်နှာ၏ထူးခြားချက်ကား ရောမကြီးမား၍ ငှက်နှုတ် သီးကဲ့သို့ ကောက်နေသော နှာခေါင်းကြီးနှင့် မေးစေ့မှဆိတ်သိုး နှုတ်ခမ်းမွေးကလေးတို့ပင် ဖြစ်သည်။ ကျန်တစ်ယောက်ကတော့ အသွင်အပြင် သိပ်မတူလှသော်လည်း ကုလားဒိန်ကဲ့သို့ပင် လူမိုက် တစ်ယောက်ဖြစ်ကြောင်းမှာ ထင်ရှားနေသည်။

ကုလားဒိန်က တင်မောင်ဆွေ့လက်ယာဘက်နားမှ တိုင် တစ်တိုင်တွင် မှီ၍ရပ်နေလိုက်သည်။ ကျန်တစ်ယောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေ ဝဲဘက် နောက်ဘက်ခပ်ကျကျစားပွဲတွင် သွားထိုင် နေလိုက်သည်။ အနီးအနားတွင် ရှိနေကြသော လူများသည် ကယ… ကယာနေရာရွှေ့၊ သူကရွှေ့ ဆိုင်ထဲက ထွက်သွားသူက ထွက်သွား… ကြ၏။

ဆိတ်သိုးမုတ်ဆိတ်မွေးဖြင့် နှာယောင်ကောက်မွတ်စလေ… ကြီးသည် တင်မောင်ဆွေထံသို့ လျှောက်လာကာ အပေါ်ကစီးမိုး… ကြည့်လိုက်၏။

'ဒီမှာ မိတ်ဆွေ၊ ကျုပ်ဟာ အင်မတန်မှ အလုပ်များ… လူတစ်ယောက်ပါ။ ဒီတော့ ခင်ဗျားအခုလို ကျုပ်ကိုဘာလို့ … နှောင့်ယှက်တယ်ဆိုတာ ခပ်တိုတိုပြောပြစမ်းဗျာ'

နှာယောင်ကောက်လူကြီး၏ မြန်မာစကားသည် အံ့… လောက်အောင်ပင် ချောမွတ်လှပေသည်။ သို့ရာတွင် အသံကဟော… မာကျောမှုဖြင့် ပြည့်စုံနေသည်။ အာဏာပြနေကျအသံမျိုးပင်ဖြစ်…

တင်မောင်ဆွေက ၎င်းအား မပြုံးမရယ်ဖြင့် ခပ်တည်တည်… မော့ကြည့်လိုက်သည်။

'စူလတန်အာမက်ဆိုတာ ခင်ဗျားလား'

ဆိတ်သိုးမုတ်ဆိတ်ဖြင့် နှာယောင်ကောက် လူကြီးက … မရှည်သလို ခေါင်းကိုဆတ်ခနဲ ညိတ်ပြလိုက်သည်။

'ဟုတ်တယ်လေ၊ ခင်ဗျားဘာလိုချင်သလဲ'

'ကျုပ်နာမည်က တင်မောင်ဆွေပဲ၊ ရန်ကုန်မှာ ကျုပ်… ပျော်ပွဲစားရုံတစ်ခု ဖွင့်ထားတယ်။ အဲဒီပျော်ပွဲစားရုံမှာ လူ… ယောက်အသတ်ခံရတယ်။ အဲဒီလို ဖြစ်ရတာကို ကျုပ် မကျေနပ်… ဘူး စူလတန်အာမက်'





စူလတန်အာမက်က ရုတ်တရက် တင်မောင်ဆွေအား ပြန်၍ မဖြေ၊ နီကြောင်ကြောင် မျက်လုံးများဖြင့် တင်မောင်ဆွေအား စိုက်ကြည့်နေသည်။ တင်မောင်ဆွေကလည်း မျက်တောင်မခတ် ၎င်းကို ပြန်ကြည့်နေလိုက်သည်။ မျက်လုံးစစ်ပွဲကြီးကို စူလတန်အာမက်ကစတင်၍ ရှောင်လွှဲလိုက်သည်။ ၎င်းက စားပွဲထိုးကလေးတစ်ယောက်ဆီသို့ လှမ်းကြည့်လိုက်၏။

'ဟေ့ ကောင်ကလေး၊ ငါ့ကို ကော်ဖီခပ်ကျကျတစ်ခွက် ယူခဲ့စမ်း'

ပြီးမှ စူလတန်အာမက်က တင်မောင်ဆွေနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ရန်ကုန်က ခင်ဗျား ပျော်ပွဲစားရုံမှာ လူအသတ်ခံရတာနဲ့ …လမြိုင်က ကျုပ်နဲ့ ဘယ်လိုသက်ဆိုင်လို့၊ ခင်ဗျားက ကျုပ်ဆီကို လိုက်လာရတာလဲ။ ခင်ဗျားကို ကျုပ်က သိတာလည်းမဟုတ်ဘူး။ သိချင်တာလည်း မဟုတ်ဘူး'

ဤအခါတွင် တင်မောင်ဆွေက ခပ်သဲ့သဲ့ကလေး ပြုံးလိုက်သည်။

'အသတ်ခံရတဲ့လူဟာ ခင်ဗျား စက်ဘုကနေ ခင်ဗျားစက်…ဆေးနဲ့ခေါ်လာခဲ့တာပဲ။ သူ ဘယ်သူဆိုတာကိုတော့ ကျုပ်လည်းမသိ…ဘူး၊ ဂရုလည်းမစိုက်လှပါဘူး။ ဒါပေမဲ့ သူ့ကို လူဆိုးသုံးယောက်က ကျုပ်ဆိုင်ထဲကို အဝင်မှာ ဓားနဲ့အသေထိုးသတ်ခဲ့တာကိုတော့ ကျုပ် …တော်တော့ကို မကျေမနပ်ဖြစ်မိတယ်။ အသတ်ခံရတာလည်း …ထုပ်တစ်ထုပ်ကြောင့်လို့ ကျုပ်နားလည်ရတယ်။ သတ်သွားတဲ့လူ …သုံးယောက်အနက် နှစ်ယောက်ကတော့ ရာဇဝင်လူဆိုးတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ ထွန်းရင်နဲ့ မောင်အောင်ဆိုတာပဲ။ ကျန်တဲ့လူတစ်ယောက် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကိုတော့ ကျုပ်မသိရသေးဘူး'

'ဒီလိုဆိုရင်လည်း ဘာဖြစ်လို့ ကျုပ်ကို လာမေးနေရတာလဲ၊ အဲဒီလူဆိုးနှစ်ယောက်ကို သွားမေးကြည့်ပေါ့'

'အဲဒီလူဆိုးနှစ်ယောက်က သေနေကြပြီလေ၊ ဒါကို ခင်ဗျားလည်း သိပါတယ်။ သတင်းစာထဲမှာ ပါလာတာပဲ။ ဒါပေမဲ့ သတင်းစာတွေထဲမှာ ပါမလာတောင်လည်း ခင်ဗျားက သိမှာပါပဲ'

စူလတန်အာမက်သည် စားပွဲထိုးကလေးလာချပေးသွားသော ကော်ဖီခွက်ကိုကောက်ယူကာ တစ်ကျိုက်သောက်ကြည့်လိုက်သည်။ ပြီးမှ ကျေနပ်သွားဟန်ဖြင့် နောက်တစ်ကျိုက်ထပ်သောက်လိုက်ပြန်ကာ ခွက်ကို စားပွဲပေါ်တွင် ပြန်ချထားလိုက်၏။ ထို့နောက်တွင်မှ သူ့မုတ်ဆိတ်မွေးကို လက်တစ်ဖက်ဖြင့် အသာသပ်ကာ တင်မောင်ဆွေအား နီကြောင်ကြောင် မျက်လုံးကြီးတွေဖြင့် စိုက်ကြည့်လိုက်သည်။

'ခင်ဗျားပြောတာတွေကို ကျုပ်ဘာမှ မသိဘူး။ သိဦးတော့လည်း ကျုပ်ခင်ဗျားကို ဘာမှမပြောပြနိုင်ဘူး။ ခင်ဗျားရဲ့ သေသွားတဲ့လူဆိုးနှစ်ယောက်ကိုသာ သွားမေးကြည့်ပေါ့'

'ထွန်းရင်နဲ့ မောင်အောင်က သူတို့မသေခင်မှာ နည်းနည်းပါးပါးတော့ ပြောပြသွားတာရှိတယ်'

'ဟုတ်လား…'

သည်တစ်ခါတော့ စူလတန်အာမက်၏ အမူအရာသည် စိတ်ဝင်စားမှုကို သိသိသာသာကြီး ပြလာတော့သည်။

'ဟုတ်တယ်လေ၊ ပြီးတော့ စူလတန်အာမက် ဒီကောင်နှ





ကောင်ကို ကျုပ်က သတ်ပစ်လိုက်တာပဲဆိုတာကိုလည်း ခင်ဗျားသိပြီးသား မဟုတ်လား၊ တတိယလူတစ်ယောက်က လွတ်ပြေးသွားတာကိုး'

စူလတန်အာမက်၏ မျက်နှာကြီးသည် ပြန်လည်၍ အမူအရာကင်းစင်သွားသည်။ သူ့မျက်ခွံများသည် မသိမသာ မှေးကျသွားကာ နီကြောင်ကြောင် မျက်လုံးတွေက တင်မောင်ဆွေ့မျက်နှာကို စူးစိုက်ကြည့်လိုက်ကြသည်။

'ဒီမှာ မိတ်ဆွေ၊ ခင်ဗျားဟာ တော်တော်တုံးတဲ့လူပဲ။ ခင်ဗျားက ကျုပ်ဆီကို ဒီလိုလာပြီး ခြိမ်းခြောက် ချဉ်းကပ်လို့ရမယ်ထင်ရင် ခင်ဗျားအမှားကြီးမှားပြီ။ ဒါမျိုး ကျုပ်ကို လာစမ်းလို့မရဘူးလေ၊ ခင်ဗျားသာ အသက်နဲ့ကိုယ် အိုးစားကွဲသွားနိုင်တယ်'

တင်မောင်ဆွေက သရော်ပြုံးပြုံးကာ သူ့ပခုံးများကို တွန့်ပြလိုက်သည်။

'အမှန်ကတော့ ခင်ဗျားသာ တော်တော်တုံးတာ စူလတန်အာမက်၊ ကောင်းပြီလေ ဟိုအထုပ်ကို ခင်ဗျားမလိုချင်ရင်လည်း ပြီးတာပဲ'

စူလတန်အာမက်၏မျက်နှာကြီးသည် ရုတ်တရက် ခက်ထန်ကြမ်းကြုတ်သွားသည်။ သူ့လက်ယာလက်ကလည်း ကုတ်အင်္ကျီအားဖားကြီး၏ ဘေးအိတ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

တင်မောင်ဆွေ၏ဘယ်လက်က လျင်မြန်စွာပင် စူလတန်အာမက်၏ ယာလက်ကောက်ဝတ်ကို အပြင်မှနေ၍ သံညှပ်ပမာဆုပ်ကိုင်ထားလိုက်သည်။ သူ့မျက်လုံးများကလည်း အေးစက်မာကျောလှစွာ စူလတန်အာမက်၏ မျက်လုံးထဲသို့ စူးစိုက်၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com



'ရှုလတန်အာမက် ခင်ဗျားဘာကိုမှ မစလိုက်ပါနဲ့။ ခင်ဗျာ
းလိုက်တာနဲ့တစ်ပြိုင်နက် ဒီနေရာမှာတင် ထိုင်ရာကမထ ခင်ဗျာ
ကို ကျုပ်က အသေသတ်ပစ်လိုက်မယ်။ ခင်ဗျားတပည့်တွေ
ခင်ဗျားကို ဘာမှမကူညီနိုင်ခင် ခင်ဗျားဟာ တစ်ခါတည်းပွဲချင်းပြ
အသက်ပျောက်သွားလိမ့်မယ်'

တင်မောင်ဆွေက ထိုစကားများကို ခပ်နိမ့်နိမ့်ပင် သံမှန်ဖြ
ပြောလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ရှုလတန်အာမက်က တင
မောင်ဆွေသည် ထိုစကားများကို အတည်ပေါက်ပြောလိုက်ခြ
ဖြစ်သည်ကို နားလည်လိုက်မိသည်။ ၄င်းသည် သတ္တိနည်းသူတ
ယောက်မဟုတ်သည့်တိုင် အခြောက်တိုက် သေချင်သူလည်း မဟုတ
ပေ။

'ကောင်းပြီလေ၊ ခင်ဗျားက ဘာလိုချင်တာလဲ၊ ဆိုစမ်းပါ
ဦး'

'ခင်ဗျားတို့ကိစ္စထဲ ကျုပ်ဝင်ပါပြီး ရှယ်ယာခွဲယူချင်တယ်
ခင်ဗျားတို့ကိစ္စထဲမှာ ငွေရပေါက် တော်တော်များများတော့ ရှိရမယ်
ဟိုအထုပ်ကို ကျုပ်ကရအောင် ရှာပေးနိုင်မယ်လို့ ထင်တယ်။ စက်ာပူ
က ခင်ဗျားစက်လှေနဲ့ခေါ်လာတဲ့လူဟာ ဘယ်သူဆိုတာကို ကျုပ်
သိချင်တယ်။ သူဘာကြောင့် ကျုပ်တို့ ပြည်ထဲတိတ်တိတ် ဝင်ရလာ
တယ်ဆိုတာကိုလည်း သိချင်တယ်'

'ခင်ဗျားပြောနေတဲ့ စင်္ကာပူက လူဆိုတဲ့အကြောင်းကို
ကျုပ်ဘာမှမသိဘူး။ ခင်ဗျားပြောတဲ့ အထုပ်ဆိုတာကိုလည်း ကျုပ်
ဘာမှနားမလည်ဘူး။ ကျုပ်မှာ ခင်ဗျားသိသင့်တဲ့ ကိစ္စဆိုတာလည်း





ဘာမှမရှိဘူး။ ပြီးတော့ ခင်ဗျား ကျုပ်ကို တစ်ခုပြောစမ်းပါ။ ခင်ဗျား
ဟာပျော်ပွဲစားရုံပိုင်ရှင်ဆိုရင် ဘာဖြစ်လို့ ဒီလိုကိစ္စထဲမှာ ဝင်စွက်နေ
ရတာလဲ'

'ခင်ဗျားဟာ စက်လှေတစ်စင်းထောင်ပြီး တခြားကိစ္စတွေ
ရောလုပ်နေသလို၊ ကျုပ်ကလည်း ပျော်ပွဲစားရုံတစ်ခုထောင်ပြီး
တခြား ကိစ္စတွေမှာ လိုက်စိတ်ဝင်စားနေတယ် ဆိုပါတော့။
ကောင်းပြီလေ၊ ခင်ဗျားက ဒီအထုပ်မှာ စိတ်မဝင်စားဘူးဆိုရင်တော့၊
စိတ်ဝင်စားမယ့် တခြားလူတွေဆီကိုပဲ ကျုပ် သွားရတော့မှာပေါ့'

တင်မောင်ဆွေက စကားအဆုံးတွင် ထိုင်ရာမှထမည်ပြု
လိုက်သည်။ သို့ရာတွင် ရှုလတန်အာမက်က လက်တစ်ဖက်ကာပြ
ရာက…

'နေစမ်းပါဦးလေမိတ်ဆွေ၊ ကျုပ် ခင်ဗျား နားလည်မှုယူနိုင်
စရာအကြောင်းတစ်ခုတော့ ရှိချင်ရှိနေပါလိမ့်မယ်'ဟု 'တားထား
လိုက်သည်။

'ဒီလိုမှပေါ့လေ၊ ကဲ…ခင်ဗျား စင်္ကာပူက ခေါ်သွင်းလာ
တဲ့ လူအကြောင်းကို စပြောပေတော့'

ရှုလတန်အာမက်က ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါ
ပြလိုက်သည်။

'ကျုပ်ခုနက ပြောသလိုပဲ၊ အဲဒီလူအကြောင်းကိုကော
အထုပ်အကြောင်းကိုကော ကျုပ် ဘာမှမသိပါဘူး။ ဒါပေမဲ့ တစ်
ယောက်က ကျုပ်ကို ဒီကိစ္စထဲအတင်းဆွဲသွင်းဖို့ ကြိုးစားနေတာ
အမှန်ပဲဗျ။ အခုတင်ပဲ ကျုပ်ကို ပုလိပ်ဘက်ကကော အကောက်ခွန်
ဌာနဘက်ကကော စောင့်ကြည့်နေတယ်။ ကျုပ်ဘာကလေးလုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက် သင်္ကာမကင်းဖြစ်နေကြရတဲ့ အထဲမှာ၊ ခင်ဗျားပြောတဲ့ ကိစ္စက ပေါ်လာပြန်တယ်။ ဒီတော့ ခင်ဗျားပြောတဲ့ ကိစ္စတွေကို ကျုပ်ခေါင်းပေါ်ပုံချဖို့ ကြိုးစားနေတဲ့ ခွေးသားဟာ ဘယ်သူဆိုတာ ကျုပ်သိချင်တယ်'

'ခင်ဗျားမှာလည်း အဆက်အသွယ်ရှိနေတာပဲ စုလတန် အာမက်ရာ၊ ခင်ဗျားရန်သူတွေ ဘယ်သူဆိုတာကို ကျုပ်ဆီမှာ လာ မေးနေရသေးသလား၊ ကျုပ်ကကော ဘယ်လိုလုပ်သိနိုင်မှာတဲ့လဲ'

'ဒီတော့ ဒီလိုလုပ်ပါလား၊ ကျုပ်ကိုဒီကိစ္စထဲမှာ ဆွဲသွင်းပြီး မားစာခံလိုပ်ဖို့ ကြံစည်နေတဲ့လူတွေဟာ ဘယ်သူတွေဆိုတာကို ခင်ဗျားက စုံစမ်းပြီး ကျုပ်ကိုလာပြောပြပါ။ အဲဒီအခါကျရင် သူတို့ ဆီက ခင်ဗျားသိချင်တာတွေ သိရအောင် ကျုပ်က ဆောင်ရွက်ပေး မယ် ဘယ့်နှယ်လဲ'

တင်မောင်ဆွေက စုလတန်အာမက်အား နှုတ်ခမ်းများတွန့် ပြလိုက်သည်။

'သူတို့ဆီက ကျုပ်သိချင်တာ သိရအောင် ခင်ဗျားကဆောင် ရွက်ပေးနေစရာမလိုပါဘူးလေ၊ ကျုပ် သိချင်တာတွေကို ကျုပ်ဘာ သာ ကျုပ်လုပ်ယူနိုင်ပါတယ်။ အဲဒါကို ခင်ဗျားလည်း ကောင်း ကောင်းမှတ်ထားပါ အဘိုးကြီး'

စုလတန်အာမက်သည် တင်မောင်ဆွေက သူ့အား မထေမဲ့ မြင် အဘိုးကြီးဟု အခေါ်ခံလိုက်ရသည့်အတွက် တော်တော်ခံပြင်း သွားပုံရသည်။ ဝါညစ်ညစ်မျက်နှာကြီးသည် ညိုပုတ်ပုတ်ဖြစ်လာ ကာ ရုတ်တရက် လက်နှစ်ဖက်ကို စားပွဲပေါ်တွင်ထောက်ပြီး ကုန်း ကုန်းကြီး ထလိုက်သည်။ ၎င်း၏ လူမိုက်နှစ်ယောက်ကလည်း





၎င်း၏ အမူအရာကိုကြည့်ကာ ရှေ့တိုးလာကြ၏။

တင်မောင်ဆွေက သူ့ကုတ်အင်္ကျီ ရင်ဘတ်ကိုဖွင့်ပြကာ ပခုံးစလွယ်အိတ်နှင့် လွယ်ထားသော လျှူဂါသေနတ်ကို မြင်သာ အောင် ပြလိုက်၏။ ပြီးမှ အေးအေးဆေးဆေး အမူအရာဖြင့် ထိုင် ရာမှထလိုက်၏။ 'ကဲ… ဘူဒါကြီး။ ခင်ဗျားလူတွေဆီ အေးအေး ပြန်သွားပြီး ခင်ဗျားရဲ့မဟုတ်တဲ့အကြံအစည်တွေကို တိုင်ပင်ချေဦး၊ ကျုပ်သွားတဲ့အခါမှာ ကျုပ်နောက်က လိုက်လာဖို့လည်း မကြိုးစား နဲ့ လိုက်လာတဲ့လူဟာလည်း သက်သာမယ်မဟုတ်ဘူး။ ကျုပ်ပြော တာ သဘောပေါက်ရဲ့လား'

စုလတန်အာမက်က တင်မောင်ဆွေ၏ ပခုံးစလွယ်အိတ် ထဲမှ သေနတ်ကိုတစ်လှည့်၊ တင်မောင်ဆွေမျက်နှာကိုတစ်လှည့်ကြည့် ရာက ဘာမှ နောက်ထပ်မပြောတော့။ အူရဒူရဘာသာဖြင့်သာ ကျိန် ဆဲလိုက်ရာက သူ့လူများကို လက်တစ်ဖက်နှင့်အချက်ပြလိုက်သည်။ ဤတွင် ၎င်း၏လူမိုက်နှစ်ယောက်က ထရံပုကာထားသည့် အခန်း ကလေးထဲသို့ ပြန်ဝင်သွားကြတော့ရာ စုလတန်အာမက်ကလည်း ၎င်းတို့နောက်သို့ လိုက်သွားလေ၏။

အစ္စမေးလ်ကဖီးထဲမှ ထွက်လာပြီးနောက် တင်မောင်ဆွေ သည် ကိုကျင်ဟုတ်၏ လင်းရိုဗာကားကလေးပေါ်သို့ တက်၍ မောင်းထွက်ခဲ့လေသည်။ သူ့နောက်မှ လိုက်လာသူရှိမရှိကိုတော့ တင်မောင်ဆွေက တပ်အပ်သေချာ မပြောနိုင်။ သူ့နောက်တွင် ကားတွေက တသီတတန်းကြီးပါလာသောကြောင့် ဖြစ်၏။

သို့ရာတွင် တင်မောင်ဆွေကတော့ ဘယ်လိုမှမဟုတ်မပူမိ စုလတန်အာမက်သည် သူဘာကောင်မှန်းအသေအချာ မသိသေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့်တော့၊ သူ့အားရန်ရှာဖို့ ကြိုးစားလိမ့်မည်မဟုတ်သေးကြောင်းကို နားလည်ထားမိသောကြောင့် ဖြစ်သည်။

ယခုဆိုလျှင် စူလတန်အာမက်သည် သူ့ထံလာ၍ စက်ဘူ မှလူအကြောင်းနှင့် အထုပ်အကြောင်းကို ခပ်တည်တည်လာမေးသွား သူ တင်မောင်ဆွေဆိုသည့်လူသည် တကယ်တော့ ဘယ်သူဘယ်ဝါ ဖြစ်ပြီး ဘာအဆက်အသွယ်ရှိနေသည်ကို စုံစမ်းနေတော့မည် ဖြစ် သည်။ သို့တစေလည်း စူလတန်အာမက်သည် သူ့အားကြာရှည်စွာ ဘေးမဲ့ပေးထားလိမ့်မည် မဟုတ်သည်ကိုလည်း တင်မောင်ဆွေက နားလည်မိသည်။

သူသည် တကယ်တော့ ရန်ကုန်မှ စုံထောက်တစ်ယောက် ဖြစ်သည်ကို သိသွားရသည့်နောက်တွင်တော့၊ စူလတန်အာမက်သည် ၎င်းကိစ္စထဲတွင် သူက ဝင်နှောက်လာခြင်းကို လက်ပိုက်ကြည့်နေ လိမ့်မည်မဟုတ်။ အပျောက်ရှင်းပစ်ဖို့ တနည်းနည်းဖြင့် ကြိုးစား လိမ့်မည်သာ ဖြစ်လေသည်။

တင်မောင်ဆွေသည် လင်းရိုဗာ ကားကို မူလကယူခဲ့သော နေရာတွင် ပြန်ထားလိုက်ပြီးနောက်၊ ကိုကျင်ဟုတ်၏ ခေါက်ဆွဲဆိုင် ထဲသို့ ပြန်ဝင်ခဲ့လေသည်။

ခေါက်ဆွဲဆိုင်ထဲတွင် ညနေကထက် လူပိုရှင်းနေသည်။ တင်မောင်ဆွေက စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်စဉ် ကိုကျင် ဟုတ်က အတွင်းခန်းထဲမှ ထွက်လာ၏။ သူသည် တင်မောင်ဆွေ လှမ်းပေးသော ကားသော့ကိုယူကာ တင်မောင်ဆွေအား စူးစမ်း သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ ကိုတင်မောင်ဆွေ၊ တွေ့ခဲ့ရရဲ့လား'





'တွေ့ခဲ့ရပါတယ်၊ တစ်နေ့နေ့ကျရင်တော့ ဒီကုလားနဲ့ [illegible]တော် တိတိကျကျ ရင်ဆိုင်ရမှာကလည်း သေချာပါတယ် [illegible]ကျင်ဟုတ်'

ကိုကျင်ဟုတ်က ခေါင်းကိုဖြည်းညင်းစွာ ညိတ်လိုက်ကာ [illegible]ျီအိတ်ထဲမှ ဖောင်တိန်ကို ထုတ်ယူလျက် စာရွက်ကလေးတစ် [illegible]ပေါ်တွင် နံပါတ်တစ်ခုကိုရေးကာ တင်မောင်ဆွေ့အား လှမ်းပေး [illegible]က်သည်။

'ကိုတင်မောင်ဆွေ၊ ခင်ဗျား ဒီမြို့မှာ အခက်အခဲအကျဉ်း [illegible]ျပ် တစ်ခုခုနဲ့တွေ့ရင် အဲဒီနံပါတ်အတိုင်း ဖုန်းဆက်ပေတော့ [illegible]ယ်လို့ ကျွန်တော်က ပြန်မဖြေတောင် ပြန်ဖြေတဲ့လူ့ကို ခင်ဗျား [illegible]ည်ကိုသာ ပြောလိုက်၊ သူက ခင်ဗျားလိုချင်တဲ့ အကူအညီကို [illegible]ချင်း စီစဉ်ပေးလိုက်မယ်'

'ကျေးဇူးပဲ ကိုကျင်ဟုတ်'

တင်မောင်ဆွေက စာရွက်ပေါ်မှနံပါတ်ကို စိတ်ထဲတွင် [illegible]ထားလိုက်ကာ စာရွက်ကလေးကို သူ့ကုတ်အင်္ကျီအတွင်းအိတ် [illegible]ွင် ထည့်ထားလိုက်သည်။

'ဒါနဲ့ ခင်ဗျားကို ရဲဘက်က လိုက်ရှာနေလေရဲ့၊ လွန်ခဲ့တဲ့ [illegible]မိနစ်လောက်ကပဲ လူဆိုးထိန်းစုံထောက်က ကျွန်တော့်ဆိုင်ထဲ [illegible]ပြီး မေးသွားသေးတယ်'

တင်မောင်ဆွေက နှုတ်ခမ်းကို မသိမသာမဲ့လိုက်သည်။ [illegible]ည် ရွှေမြို့ရိပ်သာမှ သူ့အခန်းသို့ သူလာခဲ့သည့်လမ်းအတိုင်း [illegible]သူမှမသိဘဲ တိတ်တဆိတ် ပြန်လည်ဝင်ရောက်ရန် ရည်ရွယ်ထား သည်။ ယခုတော့ ကိုစိန်းမောင်သည် သူ့ရွှေမြို့ရိပ်သာမှ တိတ်



www.burmeseclassic.com

www.burmeseclassic.com



တဆိတ် အပြင်ထွက်သွားကြောင်းကို သိကာ အပူတပြင်းလိုက်... ၍ နေချေပြီ။ သူ့နောက်က ရဲဘက်က စုံထောက်တွေ တကောက်ကောက်လိုက်နေပါက သူ့အတွက် အသွားအလာ မလွတ်လပ်တော့ပေ။

မတတ်သာသည့်အဆုံးတွင် ဦးဘငြိမ်းထံ ဆက်သွယ်... ရဲဘက်၏အနှောင့်အယှက်မှ ကင်းလွတ်ရန် တောင်းဆိုရပေမည်...

'ကဲ... ကိုတင်မောင်ဆွေ၊ အထဲကို လိုက်ခဲ့စမ်းဗျာ... ခင်ဗျားကို ကျွန်တော်ပြောစရာ ရှိသေးတယ်'

ကိုကျင်ဟုတ်သည် တင်မောင်ဆွေအား ဆိုင်အတွင်းဘက်... သူ့သီးသန့်အခန်းလေးထဲသို့ ခေါ်ဆောင်သွားပြန်၏။ ဗီရိုတစ်လုံး... ထဲမှ ဟင်နက်ဆီဘရန်ဒီပုလင်းတစ်ပုလင်းကို ထုတ်ယူလာကာ ဖန်... ပက်စီငှဲ့ထည့်ပေးလိုက်ပြီးနောက်မှ ကိုကျင်ဟုတ်က စကားစလိုက်... သည်။

'ခင်ဗျားပြောတဲ့ တင်နန်းသီဆိုတဲ့ အမျိုးသမီးနဲ့ ပတ်သက်... လို့ ကျွန်တော် ခြေရာခံမိထားပြီဗျ'

တင်မောင်ဆွေသည် တော်တော်ပင် စိတ်အားထက်သန်... လာမိကာ လက်ထဲက ဘရန်ဒီကိုပင်သောက်ရန် မေ့သွားပြီး... ကျင်ဟုတ်အား စိုက်၍ ကြည့်လိုက်သည်။

'ဆိုစမ်းပါဦး ကိုကျင်ဟုတ်'

'ဒိုင်းဝန်ကွင်းမှာ မော်လမြိုင်အနုပညာ အသင်းဆိုတာ... ရှိတယ်။ မော်လမြိုင်က အနုပညာနဲ့ ဂီတဝါသနာပါတဲ့ လူငယ်... နဲ့ ကျောင်းသားတွေ ဖွဲ့စည်းထားတဲ့ အသင်းတစ်ခုပဲ။ အဲဒီ... သီ သီဆိုတဲ့ အမျိုးသမီးတစ်ယောက်က မကြာခဏ လာလေ့ရှိသည်...





သူ့ပုံပန်းသဏ္ဍာန်ကလည်း၊ ခင်ဗျားပြောတဲ့ တင်နန်းသီဆိုတာနဲ့ တော်တော်ဆင်တယ်'

တင်မောင်ဆွေက ဘရန်ဒီကို တစ်ကျိုက်တည်း မော့ချလိုက်ကာ ထိုင်ရာမှ ထလိုက်သည်။

'ဒီလိုဆို ခင်ဗျားကားကိုပဲ ကျုပ်ဆွဲရလိမ့်ဦးမယ်ဗျာ...'

ကိုကျင်ဟုတ်က မော်လမြိုင်အနုပညာအသင်းသို့ သွားရန် တင်မောင်ဆွေအား အတိအကျ လမ်းညွှန်လိုက်ပြီးနောက် ကားသော့ကို ထုတ်ပေးလိုက်ပြန်သည်။

တင်မောင်ဆွေက ကားမောင်းထွက်လာခဲ့ရာတွင် မော်လမြိုင်တစ်မြို့လုံးကို အမှောင်ဓာတ်က လွှမ်းခြုံရစ်ပတ်ထားပြီ ဖြစ်ရကား လမ်းဓာတ်မီးတွေပင် လင်းနေပြီဖြစ်ပေသည်။ တစ်နေ့လုံး ရွာနေသော မိုးကလည်း ထိုအချိန်မှပင် တသည်းသည်း ရွာချလိုက်လေ၏။

ယခုလိုအချိန်မျိုးတွင် မော်လမြိုင် အနုပညာအသင်းတိုက်သည် ဖွင့်လျက်မှ ရှိပါဦးမည်လား သို့ရာတွင် ကိုကျင်ဟုတ်ကတော့ အနုပညာအသင်းတည်ရာဌာနမှာ လက်ဖက်ရည်ဆိုင်ကလေးသဖွယ် ဖြစ်ကာ ညဉ့်နက်သည်အထိ လူငယ်တွေစုရုံးရှိနေတတ်ပြီး ဂီတသံ တညံညံ ဖြစ်နေတတ်သည်ဟု ပြောလိုက်၏။

ကိုကျင်ဟုတ်က အသေအချာ လမ်းညွှန်ပြလိုက်သည့်အတွက်လည်း တင်မောင်ဆွေက ထိုနေရာကို အလွယ်တကူပင် ရှာဖွေတွေ့ရလေသည်။ သို့ရာတွင် ဂီတသံကိုကား မကြားရ၊ ဆိတ်ဆိတ်ငြိမ်ငြိမ်ပင် ရှိနေ၏။ အထဲတွင်တော့ မီးရောင်က ခပ်မှိန်မှိန် လင်းနေသေးပေရာ တစ်စုံတစ်ယောက်တော့ ရှိရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



မော်ရွှေမြိုင်အနုပညာအသင်းသည် လမ်းပေါ်မှနေ၍ ဆယ်ငါးကိုက်အကွာ မြေကွက်လပ်ကလေးတစ်ခုတွင်ရှိသော ဝါးထရံကာ သစ်တိုင်ထူပြီး သက်ငယ်မိုးထားသည့် တဲရုံကြီးတစ်ရုံဖြစ်လေသည်။ အဝင်တံခါးဝ မျက်နှာစာတွင် မော်ရွှေမြိုင် အနုပညာအသင်း ၁၉၆၀ခုနှစ်တွင် တည်ထောင်သည်ဟူသည့် အပြာနုရောင်တွင် အဖြူ ဖောက်ထားသော ဆိုင်းဘုတ်ကြီးကြီးတစ်ခုကို ချိတ်ဆွဲထားလေ၏။ မိုးတွေရွာနေသောကြောင့်လား မသိ၊ အဝင်မှအပ ကျန်ပြတင်းပေါက် တံခါးတွေကို အလုံပိတ်လျက် ရှိနေသည်။ ဖြူရော်ရော် အားနည်းသော မီးရောင်တစ်ခုက ထိုအဝင်ဝမှနေ၍ အပြင်ဘက်သို့ ထိုးထွက်နေခြင်းဖြစ်သည်။

တင်မောင်ဆွေသည် ကားပေါ်မှဆင်းကာ မိုးရေထဲတွင် ဖြတ်လျက် ထိုအဝင်ဝဆီသို့ ပြေးလာခဲ့လေသည်။ အဝင်ဝဘေးတွင် ဘုတ်ပြားတစ်ချပ်က ထောင်ထားကာ ကြိုဆိုပါသည် လက်ဖက်ရည် ကော်ဖီနှင့်အအေးအစုံအလင် ရပါသည်ဟု ရေးထားသည်ကို ထိုအခါမှ တင်မောင်ဆွေက သတိပြုမိလိုက်သည်။

အမှန်မှာ ထိုနေရာသည် မူလကတော့ လက်ဖက်ရည်နှင့် အအေးဆိုင်ကလေးတစ်ဆိုင် ဖြစ်လေသည်။ ထိုဆိုင်ကလေးသို့ ညဘက်များတွင် ဂီတဝါသနာ၊ စာပေအနုပညာ ဝါသနာပါသော လူငယ်တွေလာရောက်စုဝေးလျက် လက်ဖက်ရည်သောက်ကြရင်းက ဆွေးနွေးတတ်ကြသည်။ ထိုကမှတဆင့် မော်ရွှေမြိုင်အနုပညာအသင်းကို ဖွဲ့စည်းခဲ့ကြကာ ဆိုင်ရှင်ကလည်း သူ၏ဖောက်သည်တွေ ဖြစ်နေသည့် ဤလူငယ်တစ်စုကို သူတို့အသင်းတည်နေရာအဖြစ် သူ့ဆိုင်တွင် ခွင့်ပြုထားခဲ့ခြင်း ဖြစ်လေ၏။





တင်မောင်ဆွေသည် အဝင်ဝမှနေ၍ အထဲသို့ လှမ်းဝင်လိုက်ပြီးလျှင် အဝတ်တွင် တင်နေသော မိုးရေစက်တွေကို လက်နှင့်ခါ ခ်ရင်းက လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်သည်။

ဆိုင်ထဲတွင် စားပွဲဝိုင်းကလေးတွေ အစီအရီ ခင်းထားသော်လည်း ထောင့်ကျကျ စားပွဲဝိုင်းကလေးတစ်ခုတွင်သာ လူငယ်နှစ်ယောက်က ခေါင်းချင်းဆိုင်ထိုင်ကာ စကားတတွတ်တွတ် ပြောနေသည်။ ဆိုင်အတွင်းဘက်ကျကျ စားပွဲတစ်လုံးတွင်ကား အသက်၃၀-ကျော်ခန့်ရှိ ထိပ်ပြောင်ပြောင်နှင့်မျက်မှန်တပ် လူပိန်ပိန်တစ်ယောက်က ထိုင်နေသည်။

တင်မောင်ဆွေဝင်လာလျှင် ထိုလူသုံးယောက်စလုံးကပင် လှမ်း၍ ကြည့်လိုက်ကြသည်။ လူငယ်နှစ်ယောက်က တင်မောင်ဆွေအား ဘယ်လိုမှ စိတ်ဝင်စားမှုမပြဘဲ သူတို့ဘာသာသူတို့ ဆက်၍ စကားပြောနေကြ၏။ တင်မောင်ဆွေက ဆိုင်ထဲသို့လျှောက်ဝင်လိုက်ကာ စားပွဲတွင် ထိုင်နေသောမျက်မှန်နှင့် လူပိန်ပိန်အနီးမှ စားပွဲလွတ်တွင် ဝင်ထိုင်လိုက်လေသည်။

'ဘာသောက်မလဲဗျ'

မျက်မှန်နှင့်လူက တင်မောင်ဆွေအား လှမ်းမေးလိုက်၏။

'ကော်ဖီခပ်ကျကျ တစ်ခွက်ပေးပါ'

'ကော်ဖီခပ်ကျကျ တစ်ခွက်ဟေ့ နံပါတ် ၄စားပွဲကို'

မျက်မှန်ဖြင့်လူက သူ့ကျောဘက်တွင်ရှိသော အပေါက်ကလေးထဲသို့ လှမ်းအော်လိုက်သည်။ တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိကာ လူငယ်နှစ်ဦးကို အကဲခတ်နေလိုက်သည်။ သူငယ်ချင်းတို့က တင်မောင်ဆွေ့အား ဘယ်လိုမှဂရုမစိုက်ကြဘဲ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခဲ့ရသော မြန်မာရုပ်ရှင်တစ်ခုကို အားရပါးရ ပြန်လည်စမြုံ့ပြန်နေကြ၏။

ခေတ္တကြာလျှင် ဆိုင်အတွင်းဘက်မှ လူရွယ်တစ်ယောက်ထွက်လာကာ တင်မောင်ဆွေ့ရှေ့တွင် အငွေ့တထောင်းထောင်းထနေပြီး မွှေးကြိုင်လှသည့် ကော်ဖီတစ်ခွက်ကို ချပေးသွားလေသည်။

'မိုးတော်တော်အေးတဲ့ ညပဲနော်။ ကော်ဖီပူပူသောက်ရတာ သိပ်အရသာရှိမှာပဲ'

ဆိုင်ရှင်မျက်မှန်ဖြင့်လူက တင်မောင်ဆွေ့အား လှမ်း၍ စကား စလိုက်သည်။ ၎င်းသည်တစ်ယောက်တည်း ထိုင်နေရသည့်အတွက် အတော်ပျင်းနေပုံရလေသည်။

'အေးဗျာ မိုးကတော်တော်အေးတာပဲ'

'မိတ်ဆွေက မိုးဝင်ခိုတာထင်ပါရဲ့'

တင်မောင်ဆွေက စကားပြန်လိုက်သည့်အတွက် ဆိုင်ရှင်သည် အားရကျေနပ်သွားကာ နောက်ထပ်၍ စကားဆက်လိုက်ပြန်သည်။ သူ့ကို အဖက်လုပ်၍ စကားပြောမည့်လူ ရှိလာသည့်အတွက် အတော် ဝမ်းသာသွားပုံရ၏။

'မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော် ဒီကို တမင်သက်သက်လာခဲ့တာပါ'

'ဟုတ်လား' ဆိုင်ရှင်က အံ့သြစွာပြန်မေးလိုက်၏။ သူ့ဆိုင်ကို မော်ရွှေမြိုင်အနုပညာအသင်းဝင်တွေမှအပ အခြားမည်သူကမှ တမင်သက်သက် လာတတ်ခြင်း မရှိသောကြောင့်ဖြစ်သည်။

တင်မောင်ဆွေက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျားဆိုင်က မော်ရွှေမြိုင်အနုပညာ





အသင်း တည်ရာဌာန ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ် ဟုတ်ပါတယ်'

'ကျွန်တော်က ဒီမှာ သီသီတစ်ယောက်များ ရှိမလားဆိုပြီး လာရှာတာပဲ မိတ်ဆွေ'

'သီသီ ဟုတ်လား'

ဆိုင်ရှင်၏အမူအရာသည် တစ်မျိုးပြောင်းသွားပြီ ဖြစ်သည်။ သတိထားသော အသွင်ကိုဆောင်ယူလာ၏။

'ဟုတ်တယ်လေ၊ မော်ရွှေမြိုင်အနုပညာအသင်းကို မကြာခဏလာတတ်တဲ့ သီသီဆိုတာလေ၊ ခင်ဗျားကို သူ့အကြောင်းကိုကျင်ဟုတ်ကတောင် မေးပြီးပြီ မဟုတ်လား'

'ဪ… ခင်ဗျားက ကိုကျင်ဟုတ်ဆီက လူကိုး'

ဆိုင်ရှင်၏သတိထားနေသော အမူအရာသည် ပြန်လည်ပျောက်ကွယ်သွားလေသည်။

'ကိုကျင်ဟုတ်ရဲ့ ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာ တော်တော်ရှိနေတာကလား၊ သူက မှာထားတယ်၊ ခင်ဗျားလာရင် ကူညီလိုက်ပါတဲ့။ အင်း… သီသီတစ်ယောက် အခုတလော ဒီကို ပေါက်မလာတာ နှစ်ရက်လောက်ရှိသွားပြီဗျ။ သူ မကြာခဏတော့ လာတတ်ပါတယ်။ ဒါပေမဲ့ သူ့အကြောင်းကိုတော့ ကျွန်တော်က သိပ်မသိပါဘူး။ သူ့နာမည် သီသီဆိုတာကိုသာ သိတာ'

'သူ ဘယ်မှာနေတယ်ဆိုတာကိုကော သိသလား'

ဆိုင်ရှင်က ခေါင်းခါပြလိုက်သည်။

'မသိဘူးဗျ၊ ဒါပေမဲ့ ဒီအနီးအနားတစ်ဝိုက်လောက်မှာပဲ နေတယ် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဒီကိုလာရင်



www.burmeseclassic.com

www.burmeseclassic.com



အမြဲခြေလှမ်းလျှောက်လာတတ်တာကိုး။ မောင်ညွှန့်မောင်ကတော သူ့အကြောင်းကို သိပ်သိတာမဟုတ်ဘူးဗျ။ မောင်ညွှန့်မောင်တာ ဆိုရင် သူနဲ့အရင်းနှီးဆုံးပဲ'

'မောင်ညွှန့်မောင်ဆိုတာက ဘယ်သူလဲဗျ'

'ဟဲ… ဟဲ… မောင်ညွှန့်မောင်ဆိုတာက မော်ရှေမြို့ အနုပညာအသင်းရဲ့ စတားတစ်ယောက်ပဲ ဆိုပါတော့ဗျာ၊ ဂီတ သမားတစ်ယောက်ပဲ။ ဂီတာတီးတော့ တော်တော်လက်ရာမြော ပါတယ်။ သီသီဟာ မောင်ညွှန့်မောင်ဂီတာတီးတာကို ကြိုက်လွန်း ဒီကို မကြာခဏလာပြီး နားထောင်လေ့ရှိတယ်လေ'

ထိုစဉ်မှာပင် လူရွယ်တစ်ယောက်က လက်တစ်ဖက်တွ ထီးတစ်ချောင်း အခြားတစ်ဖက်တွင် ဂီတာတစ်လုံးကိုပိုက်လျှ ဆိုင်ထဲသို့ဝင်လာသည်။ ဆိုင်ရှင်က ၎င်းအား တွေ့လိုက်ရလျှ မျက်နှာဝင်းထိန်သွား၏။

'ဟော… ပြောရင်းဆိုရင်း ညွှန့်မောင်တစ်ယောက် ပေါ ချလာမှကိုးကွ၊ လာဟေ့ ညွှန့်မောင်၊ အခုပဲ တို့မင်းအကြောင်း ပြောနေကြသေးတယ်'

တင်မောင်ဆွေက ညွှန့်မောင်ဆိုသည့် လူရွယ်ကို အကဲခ ကြည့်ရှုလိုက်သည်။ အသက်နှစ်ဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန် ၏။ အသားနက်ကြုတ်ကြုတ်နှင့် လူဗလံလေးတစ်ယောက် ဖြစ် ၏။ တင်နန်းသီက သူ့ကို စိတ်ဝင်စားခြင်းထက် ဆိုင်ရှင်ပြောသ ပင် သူ့ဂီတတွင် ပိုမို၍ စိတ်ဝင်စားခြင်း ဖြစ်ပေလိမ့်မည်။

မောင်ညွှန့်မောင်က ဆိုင်ရှင်အားကြည့်ကာ ခေါင်းခါ လိုက်သည်။





'ကျွန်တော် မထိုင်တော့ဘူး ကိုကြီးသန်းရှိန်၊ စီးကရက် ဝင်ဝယ်တာ၊ ကျွန်တော့်ကို ဂိုးဖလိပ်တစ်ဘူးပေးဗျာ'

'မင်းက ဂီတာကြီးနဲ့ပါလား၊ ဘယ်သွားမလို့လဲ'

ဆိုင်ရှင်ကို သန်းရှိန်က စီးကရက်ဘူးလှမ်းပေးရင်း စပ်စု လိုက်သည်။

'မောင်ချိုတို့အိမ်ကိုလေ ဒီကနေ့ သူတို့ဘောလုံးအသင်းနိုင် တာလို့ စုပြီးပွဲလုပ်နေလေရဲ့၊ အဲဒါ ကျွန်တော့်ကို ဂီတာတီးလှည့် ပါဆိုလို့ သွားရဦးမယ်ဗျာ'

မောင်ညွှန့်မောင်က စီးကရက်ဖိုး လှမ်းပေးရင်း ထွက်သွား ည်ပြုစဉ် ကိုသန်းရှိန်က ကပျာကယာ လှမ်းမေးလိုက်သည်။

'ဟော့ နေပါဦးကွ၊ မင်းဒီကနေ့ သီသီနဲ့တွေ့သေးသလား'

'မတွေ့ဘူး ကိုကြီးသန်းရှိန်၊ မောင်ချိုတို့ပွဲကိုတော့ လာ လားမဆိုနိုင်ဘူး။ မောင်ချိုကတော့ သူဖိတ်ထားတယ်လို့ ပြောတာ ပဲ'

ညွှန့်မောင်သည် ပြောပြောဆိုဆို ထီးကိုဖွင့်ဂီတာကို လွယ် လျက်အပြင်ဘက် မိုးရေထဲသို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ကိုသန်းရှိန်က တင်မောင်ဆွေ့အား လှည့်ကြည့်လိုက်၏။

'ကဲ… ခင်ဗျား သီသီ့ကို တွေ့ချင်တယ်ဆိုရင်ဖြင့် အဲဒီ မောင်ချိုတို့အိမ်ကို သွားကြည့်ပါလား။ သီသီက မောင်ညွှန့်မောင် ဂီတာတီးတယ်ဆိုရင် အလွတ်ခံတာ မဟုတ်ဘူး။ ဘယ်မှာဖြစ်ဖြစ် လိုက်နားထောင်တတ်တာ'

'အေးဗျာ ကျွန်တော်တော့ ဘာပဲဖြစ်ဖြစ် လိုက်သွားရမှာ ပဲ၊ အဲဒီ မောင်ချိုတို့အိမ်ဆိုတာက ဘယ်မှာရှိသလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ယုဇနလမ်းထဲမှာလေ၊ နေပါဦး ကျွန်တော်ပြောပြမယ်'

ကိုသန်းရှိန်က တင်မောင်ဆွေအား မောင်ချိုတို့အိမ်ကို သွား ရန် လမ်းကို အတိအကျ ညွှန်ပြလိုက်ပြန်သည်။

'ကျေးဇူးတင်ပါတယ် ကိုသန်းရှိန်၊ ကဲ… ကျွန်တော် လိုက်သွားလိုက်ဦးမယ်'

တင်မောင်ဆွေက ထိုင်ရာမှထကာ ကော်ဖီဖိုးလှမ်းပေးရင်း က ပြောလိုက်သည်။

'ဒီမှာ မိတ်ဆွေ စပ်စုတယ်လို့တော့ မထင်ပါနဲ့ဗျာ၊ ခင်ဗျား သီသီ့ကို ဘာဖြစ်လို့ ဒါလောက်တွေ့ချင်ရတာလဲ'

ကိုသန်းရှိန်က မေးလိုက်ရာ တင်မောင်ဆွေက ၎င်းအား တည်ကြည်သော မျက်နှာဖြင့် ပြန်ကြည့်လိုက်သည်။

'သီသီဟာ ဘေးအန္တရာယ် တော်တော်ကြီးကြီးမားမား နေတယ် ကိုသန်းရှိန်၊ သူ့ကို လူတစ်စုကလိုက်ရှာနေကြတယ် အဲဒါ ရှာတွေ့သွားကြရင် သီသီဟာ အသက်ဘေးတောင် ရှိနိုင် တယ်။ ဒါကြောင့် သူ့ကို အဲဒီလူတွေက ရှာမတွေ့ခင်၊ ကျွန်တော်က အရင် ရှာတွေ့ရဖို့ သိပ်အရေးကြီးနေတာပေါ့'

'ဟုတ်လား၊ ဒီလိုဆို ခင်ဗျား မောင်ချိုတို့အိမ်ကိုသာ မြန် မြန်လိုက်သွားပေတော့။ အဲဒီကို သီသီရောက်လာမှာတော့ အမှန်ပဲဗျ'

ကိုသန်းရှိန်ညွှန်ကြားလိုက်သည့်အတိုင်း တင်မောင်ဆွေက မိုးတွေကြားဝယ် မောင်ချိုကြီးတို့အိမ်သို့ လိုက်၍ ရှာဖွေရသည်။ ယုဇနလမ်းသည် ကိုသန်းရှိန်၏ဆိုင်နှင့် တစ်လမ်းကျော်တွင် ရှိသည်။ မောင်ချိုတို့အိမ်ကတော့ လမ်းအတွင်းဘက်ကျကျ သစ်ပင်





ကြီးတွေ အုပ်ဆိုင်းနေသော ဝင်းခြံတစ်ခုထဲမှ လေးပင်သုံးခန်း ပျဉ် ထောင်ကာ တစ်ထပ်အိမ်ကလေး ဖြစ်နေသည်။

အိမ်တစ်ခုလုံးသည် လျှပ်စစ်မီးရောင်ဖြင့် လင်းထိန်နေကာ အိမ်ရှေ့ကွက်လပ်ထဲတွင် စက်ဘီးလေး ငါးစီးထောင်လျက် ရှိနေ သည်။ အိမ်ထဲတွင်ကား ရွှင်မြူးစွာ စကားပြောသံ ရယ်မောသံနှင့် စီးကော်ဒါမှ ဂီတသံက ဆူညံစွာ လုံးထွေးထွက်ပေါ်လာလျက် ရှိနေ သည်။

တင်မောင်ဆွေက လင်းရှိဗာကားကို ခြံဝနှင့်မလှမ်းမကမ်း တွင် ရပ်ထားလိုက်ကာ၊ အိမ်ကလေး၏ ခြံဝင်းဆီသို့ လမ်းလျှောက် သည်။ မိုးသည် ရပ်သွားပြီဖြစ်သော်လည်း မြေပြင်ကား မိုးရေတွေ ဖြင့် စိုစွတ်လျက်ပင် ရှိနေသေးသည်။

တင်မောင်ဆွေက လှေကားမှတဆင့် အိမ်တံခါးဝတွင် သွားရပ်လိုက်သည့်အခါတွင် ပထမတော့ မည်သူကမှ ၎င်းကို သတိ ပြုမိကြသေးဘဲ ရှိနေသည်။ အိမ်ရှေ့ဧည့်ခန်းထဲတွင် လူငယ်တွေ ပြည့်ကြပ်နေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။ အချို့ က စကားပြောဆိုနေကြသည်။ အချို့က တစ်ယောက်ကိုတစ် ယောက် နောက်ပြောင်နေကြသည်။ အချို့ကမူ တိတ်ရီကော်ဒါ ဖွင့်ထားသည်ကို ဝိုင်းနားထောင် စည်းလိုက်နေကြသည်။ အမျိုးသမီး ဟူ၍တစ်ယောက်တလေမှ မတွေ့ရချေ။

တိတ်ရီကော်ဒါအနီးမှ လူရွယ်တစ်ယောက်က တံခါးဝတွင် ရပ်နေသော တင်မောင်ဆွေ့အား ပထမဦးဆုံးစတင်၍ သတိပြုမိ သွားလေသည်။ ၎င်းက တင်မောင်ဆွေ့အား ခပ်ကြောင်ကြောင် ကြည့်နေပြီးမှ သူ့ဘေးကလူရွယ်တစ်ယောက်ကို တံတောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တွက်ကာ 'ဟော ချိုကြီး၊ ဧည့်သည်တစ်ယောက် အိမ်ပေါက်ဝမှာ ရောက်နေတယ်ကွ' ဟု ပြောလိုက်၏။

အိမ်ရှင်မောင်ချိုသည် အိမ်ပေါက်ဝဆီသို့ မော့ကြည့်လိုက်ကာ တင်မောင်ဆွေအား တွေ့ရလျှင် ထိုင်ရာမှထလိုက်သည်။

'ဟုတ်ကဲ့ နောင်ကြီး၊ ဘာကိစ္စများရှိပါသလဲ ခင်ဗျာ'

'ဒီကို သီသီဆိုတဲ့ မိန်းကလေးတစ်ယောက်လာတယ်ကြားလို့ ကျွန်တော်လိုက်လာတာပဲ။ ကျွန်တော် သီသီနဲ့တွေ့စရာ အကြောင်းရှိလို့ပါ'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်သည်။

အခန်းထဲတွင် ဆူညံနေသော လူရွယ်များကလည်း ငြိမ်ကျသွားကာ တင်မောင်ဆွေအား ဝိုင်းကြည့်နေကြ၏။

'သြော်… သီသီကို လာရှာတာလား၊ ဟုတ်ကဲ့ သူရှိပါတယ်၊ သူက အမျိုးသမီးဝိုင်းမှာခင်ဗျ၊ ဒီအိမ်ဘေးက အိမ်ကလေးမှာပါ၊ နောင်ကြီးအဲဒီကို လိုက်သွားပါလား'

အိမ်ရှင်မောင်ချိုက အိမ်ဘေးရှိ အိမ်ကုပ်ကလေးတစ်ခုဆီသို့ညွှန်ပြရာက လွယ်ကူစွာပင် အဖြေပေးလိုက်၏။ တင်မောင်ဆွေက ကျေးဇူးတင်စကားပြောကာ ထိုအိမ်ပေါ်မှ ပြန်ဆင်းခဲ့ရပြီး ထိုအိမ်ဘေးကပ်လျက်သားတွင် ရှိနေသော အိမ်ကုပ်ကလေးဆီသို့ လျှောက်ခဲ့ရပြန်သည်။ အိမ်ကုပ်ကလေးမှာ ဝါးထရံကာထားသည်။ ဘေးအိမ်မကြီး၏ အဆွယ်အပွားလေးတစ်ခု ဖြစ်ဟန်တူသည်။

အတွင်းမှ အတော်လက်သံပြောင်သော ဂီတသံက သာယာညင်းပျောင်းစွာ ထွက်ပေါ်လာနေသည်။ တင်မောင်ဆွေက ခြေလှတက်ပေါ်သို့ တက်လိုက်ကာ ပွင့်နေသော တံခါးမှ အထဲသို့အသာ





ခေါင်းပြူ၍ ကြည့်လိုက်သည်။

အိမ်ရှေ့ခန်းသည် ခပ်ကျဉ်းကျဉ်းကလေးသာဖြစ်ကာ ခန်းဆီးပြည့် သင်ဖြူးဖျာတွေ ခင်းထားသည်။ မျက်နှာကြက်တွင် ဝပ်၄၀ အားရှိယွန်မီးချောင်းတစ်ခုက ခပ်ဖျော့ဖျော့ကလေး လင်းနေ၏။ အခန်းထောင့်တစ်ဘက်တွင်ကား မောင်ညွှန့်မောင်သည် ဂီတာကို ခေါင်းပေါ်တွင်တင်ကာ စိတ်ပါလက်ပါ တီးခတ်လျက် ရှိနေသည်။

မောင်ညွှန့်မောင်၏ ဂီတာသံကို ငေးစိုက် နားထောင်နေကြသူများမှာကား အမျိုးသမီးလေးယောက်ဖြစ်သည်။ အသက်၄၀ကျော် အရွယ်ခန့်ရှိ အမျိုးသမီးတစ်ယောက်နှင့်အသက် ၁၈နှစ်မှ ၂၀ကျော်ခန့်ရှိအမျိုးသမီး သုံးယောက်ဖြစ်ကြသည်။ ထိုအမျိုးသမီးကလေးသုံးယောက်အနက် တစ်ယောက်မှာ တင်နန်းသီပင်ဖြစ်လေသည်။

သူမသည် ရန်ကုန်မှာ တွေ့ရစဉ်တုန်းကလိုပင် ချစ်စရာကောင်းနေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။ သူမသည် ဆံပင်ကို နောက်တွဲထုံးကာ ဖလန်နယ်ရင်ခွဲအနွေးထည်နှင့် ချိတ်ထဘီပန်းရောင်ကလေး ဝတ်ဆင်ထားရာ အလွန်ပင်ကြည့်ကောင်းနေသည်။

ဤမျှ ရိုးသားပုံရ၍ ချစ်စရာကောင်းသော အမျိုးသမီးကလေးသည် ထူးခြားလှို့ဝှက်သော လူသတ်မှုကြီးတစ်ခုတွင် ပါဝင်ပတ်သက်နေခြင်းကို တင်မောင်ဆွေက တွေးတော အံ့သြလိုက်မိပြန်သည်။

မောင်ညွှန့်မောင်၏ ဂီတာသံတွင် နစ်မျောနေကြသော အမျိုးသမီးလေးယောက်အနက် တင်မောင်ဆွေအား ပထမဦးဆုံး သတိပြုလိုက်မိသူမှာ တင်နန်းသီပင် ဖြစ်၏။ သူမသည် တံခါးဝဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့လှမ်းကြည့်လိုက်ပြီး တင်မောင်ဆွေ့အား တွေ့လိုက်ရလျှင် မျက်
လုံးများ ပြူးကျယ်သွားကြလေသည်။ ထိုမျက်လုံးများထဲဝယ် ချ
ချင်းပင် မှတ်မိခြင်းနှင့် ထိတ်လန့်ကြောက်ရွံ့ခြင်းတို့ပေါ်
ကြသည်ကို တင်မောင်ဆွေက တွေ့လိုက်ရ၏။

တင်နန်းသီ၏ဦးခေါင်းကလေးသည် မော့တက်လာသည်
ကြော့ရှင်းသော လည်တိုင်ဖြူဖြူကလေးတွင် အကြောတစ်ချောင်း
ကထောင်တက်လာသည်။ ပန်းနုရောင်နှုတ်ခမ်းများက ပွင့်ဟသွား
ပြီးနောက် စူးစူးအော်ဟစ်လိုက်သံကလေးက အခြားအသံတွေအ
လုံးကို လွှမ်းမိုးသွားလေတော့၏။

❖ ❖ ❖



# အခန်း - ၇

တင်နန်းသီ၏ အပြုအမူကို တင်မောင်ဆွေက မည်သို့မျှ
မျှော်လင့်ခဲ့မိသည့်အတွက် ရုတ်တရက် သူသည် ဘာလုပ်ရမည်
သိဘဲ ခပ်ကြောင်ကြောင်ကြီးသာ ရပ်နေမိသည်။ တင်နန်းသီ၏
အော်သံ ပျောက်ကွယ်သွားသည့်အခါတွင်မှ သူက လက်နှစ်ဖက်
ကာင်ပြကာ...

'မကြောက်ပါနဲ့ခင်ဗျာ၊ ကျွန်တော်က ခင်ဗျားတို့ကို ဘာမှ
ပြုဖို့လာတာ မဟုတ်ပါဘူး' ဟု ရှင်းပြရန် ကြိုးစားလိုက်သည်။

သို့ရာတွင် သူ့ရှင်းပြချက်က ဘယ်လိုမှမထိရောက်တော့
။ အကြောင်းမှု အခြားအမျိုးသမီးကလေး နှစ်ယောက်ကလည်း
တင်နန်းသီ၏နမူနာကိုယူကာ ဘုမသိ ဘမသိနှင့် အသံကုန်လိုက်၍
အော်လိုက်ကြပြန်သောကြောင့်တည်း။

နောက်တစ်ခဏတွင်တော့ တင်မောင်ဆွေမှာ လူငယ်အုပ်
အလယ်တွင် ခွေးတွေဝိုင်းဆွဲခြင်းခံရသော ကျားသစ်တစ်ကောင်လို
ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ၏ အော်ဟစ်သံကို ကြားရသည်နှင့်တစ် ပြိုင်နက် တစ်ဖက်အိမ်ကြီးမှ လူငယ်တွေသည် ဗိုးဒိုင်းနှင့် ပြေးဆင်း လာခဲ့ကြသည်။ တင်မောင်ဆွေ၏ ရှင်းပြချက်တွေကို ဘယ်သူက နားမထောင်ကြ။ လူငယ်လေးငါးယောက်က တင်မောင်ဆွေအား အတင်းဝိုင်းဆွဲ တွန်းထိုးလုပ်ကြ၏။ တင်မောင်ဆွေကလည်း မတတ် သာတော့ဘဲ ကိုယ့်ကိုကိုယ် ခုခံကာကွယ်ရတော့သည်။

တင်မောင်ဆွေက သူရင်ဆိုင်နေရသူများမှာ လူဆိုးလူမိုက် တွေမဟုတ်ဘဲ သူ့အား အထင်လွဲနေကြသည့် လူငယ်ကလေးတွေ သာဖြစ်ကြောင်းကို နားလည်ထားရကား တတ်ထားသော ဂျူဒိုကိုယ် ခံပညာကိုသုံးလျက် ကိုယ့်ကိုကိုယ် ခုခံကာကွယ်ရလေ၏။ သူ့ လက်နှစ်ဖက်ကို လာရောက်ချုပ်ကိုင်ကြသော လူငယ်နှစ်ယောက် ကို အလွယ်တကူပင် အေးသို့လွင့်ထွက်သွားအောင် လုပ်လိုက် နိုင်သည်။ သူ့မျက်နှာကို စွပ်ဝင်လာသော လက်သီးတစ်လုံး လည်း လေထဲတွင် ဖမ်းဆွဲကာ လက်သီးရှင်အား ကျွမ်းပြန်ကျသွား စေနိုင်ခဲ့သည်။ သို့ရာတွင် လူငယ်တစ်ယောက်က ကောက်ထုလိုက် သော အုတ်ပိုင်းကျိုးကိုတော့ လုံးဝလွတ်နိုင်အောင် မရှောင်နိုင် ပခုံးတစ်ဖက် ထုံကျင်သွားအောင်ပင် ခံလိုက်ရသည်။

ထို့နောက်တွင် တင်မောင်ဆွေ့အား လူငယ်တစ်သိုက်တ ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ဝိုင်းဝန်းတိုက်ခိုက် တော့ရာ တစ်ယောက်နှင့်အများဖြစ်နေရကား တင်မောင်ဆွေသည် မြေကြီးပေါ်သို့ ပုံလျက်သားကျသွားရတော့၏။

သို့တိုင်အောင်လည်း သူ့ဝေါ်သို့ခုန်အုပ်လိုက်သည့် လူငယ် တစ်ယောက်ကို တင်မောင်ဆွေက နောက်သို့လန်ကျသွားအောင်





နှိထုတ်လိုက်နိုင်သေးသည်။ သို့သော်လည်း နောက်တစ်ခဏတွင် တော့ တင်မောင်ဆွေမှာ လူငယ်လေးငါးယောက်၏ လက်တွေ ကြားဝယ် မလှုပ်နိုင်အောင် ဖြစ်နေရတော့၏။

အကယ်၍သာ ထိုအချိန်တွင် ကိုသန်းရှိန်သည် စက်ဘီး စီးနှင့်ရောက်မလာပါက တင်မောင်ဆွေမှာ လူငယ်တွေလက် တွင် ငါးဖယ်တေသလို အတေခံရတော့မည် ဖြစ်လေသည်။ ကိုသန်းရှိန်သည် ဖြစ်ပျက်နေပုံကို တွေ့ရသည်နှင့်တစ်ပြိုင်နက် ကမျာ ယာ စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်ကာ အသံကုန် အော်ဟစ်တား းလိုက်လေ၏။

'ဟေ့ကောင်တွေ အရမ်းမလုပ်ကြနဲ့၊ လက်လွန်ကုန်မယ်၊ ဖြစ်ကြတာလဲ၊ ငါ့ကို ပြောပြကြစမ်းပါဦး'

ထိုအခါမှ လူရွယ်တွေက ရှဲသွားကာ လူရွယ်နှစ်ယောက် တင်မောင်ဆွေအား မြေပြင်ပေါ်မှ ကြမ်းတမ်းစွာ ဆွဲထူလိုက်ကြ သည်။

'ဒီလူပေါ့ကိုသန်းရှိန်၊ ခုနက အိမ်ရောက်လာပြီး သီသီ့ကို တယ်။ ကျွန်တော်က ဒီမှာရှိတယ်လို့ လမ်းညွှန်လိုက်မိတယ်။ လိုက်သွားပြီး မကြာခင်ပဲမိန်းကလေးတွေ အော်သံတွေ ထွက်လာ တော့တာပဲ။ ကျွန်တော်တို့ ဝိုင်းလာတော့ သူက ပြန်ခုခံတယ်လေ'

မောင်ချိုက ကိုသန်းရှိန်အား ရှင်းပြလိုက်၏။

'ဟ ဒီလူကို ငါက လွှတ်လိုက်တာပါကွာ၊ ကဲ... လူ၊ ခင်ဗျား မိန်းကလေးတွေကို ဘာသွားလုပ်သလဲ ပြောစမ်း'

ကိုသန်းရှိန်က တင်မောင်ဆွေ့အား ခက်ထန်စွာကြည့်လျက် လိုက်သည်။ တင်မောင်ဆွေက ပြန်မဖြေခင် သက်ပြင်းကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို အားရပါးရ ရှိုက်သွင်းလိုက်ရသည်။ လူငယ်တစ်ယောက်၏ ဖနောင့်ဒဏ်ကို သူ့ရင်ဝတည့်တည့်တွင် ခံခဲ့ရသည်ဖြစ်ရာ သတိလစ်သွားမတတ်ပင် ဖြစ်သည်။ သူက သက်မကြီးကို ပြန်မှုတ်ထုတ်လိုက်ရင်းက ကြိုးစား၍ စကားပြောလိုက်ရ၏။

'ကျွန်တော် အမျိုးသမီးတွေကို ဘာမှမလုပ်ရပါဘူးဗျာ ကျွန်တော့်ကို တွေ့တွေ့ချင်းပဲ သီသီဆိုတဲ့ အမျိုးသမီးက လန့်အော်လိုက်ရာမှာ တခြားမိန်းကလေးတွေကပါ သံယောင်လိုက်ပြီး ဝိုင်းအော်ခဲ့ကြတာပဲဗျ၊ အဲဒါ ကျွန်တော်ရှင်းပြဖို့ ကြိုးစားနေတုန်း၊ ခင်ဗျားရဲ့ ဘော်လုံးသမားတွေက ခြေမြန်လက်မြန် ကျွန်တော့်ကို ဝိုင်းဆော်ကြတော့တာပါပဲ။ ဒီတော့လည်း ကျွန်တော်က ခုခံရတာပေါ့ဗျ'

တင်မောင်ဆွေက ရှင်းပြနေရင်းကပင် သူ့မျက်လုံးများက အိမ်ခွေးကတက်ပေါ်တွင် ရပ်ကြည့်နေကြသော အမျိုးသမီးတွေထဲတွင် တင်နန်းသီတစ်ယောက် ရှိနေသေးသည်ကို သတိပြုလိုက်မိကာ စိတ်သက်သာရာရသွားမိသည်။ ရှုပ်ယှက်ခတ်ဖြစ်နေစဉ် သူမတစ်ယောက် အသာလစ်ပြေးသွားမည်ကို သူက စိုးရိမ်ခဲ့သည်။

သူက ယခု တင်နန်းသီအား လှမ်း၍ စကားပြောလိုက်သည်။

'တင်နန်းသီ၊ ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိတယ်မဟုတ်လားဗျာ'

ထိုအခါမှ တင်နန်းသီထံမှ စကားထွက်လာတော့သည်။

'ရှင် ကျွန်မဆီကို ဘာကြောင့်လိုက်လာရတာလဲ၊ ဘာလုပ်ချင်လို့လဲ'

'တင်နန်းသီဆီမှာ မေးစရာကလေးတွေ ရှိနေလို့ပါ။ ဒါ





အကြောင်းနဲ့ ပတ်သက်တယ်ဆိုတာကိုလည်း တင်နန်းသီ သိပါတယ်လေ'

'ကဲ... ကဲ... မင်းတို့လည်း အိမ်ပေါ်ကို ပြန်တက်ကြပါကွာ၊ မင်းတို့ အထင်မှားတာ ရှင်းသွားပြီ မဟုတ်လား၊ သူတို့နှစ်ယောက်ပြောစရာရှိတာ လွတ်လွတ်လပ်လပ် စကားပြောကြပါစေ'

ကိုသန်းရှိန်က ဝိုင်းကြည့်နေသော လူငယ်အုပ်ကို လူစုခွဲရန် ကြိုးစားလိုက်သည်။ လူငယ်များကလည်း အချင်းချင်း ရယ်မောက်ပြောင်ကြကာ အမျိုးသမီးတွေကို လှမ်း၍ ကျီစယ်ရင်းက အိမ်ကြီးပေါ်သို့ ပြန်တက်သွားကြလေသည်။ မကြာမီတွင်ပင် အိမ်ကလေးရှေ့တွင် တင်မောင်ဆွေနှင့် တင်နန်းသီတို့နှစ်ယောက်သာ ကျန်နေလေ၏။

'ကဲ... ကျွန်တော်တို့ တစ်နေရာရာကို သွားစကားပြောကြရအောင်လား တင်နန်းသီ၊ ကျွန်တော့်မှာ ကားပါလာပါတယ်'

တင်နန်းသီသည် စိတ်ဝေခွဲ၍မရသလို တင်မောင်ဆွေအား ကြည့်နေသည်။

'တင်နန်းသီ ကျွန်တော်ဟာ တင်နန်းသီကို ကူညီချင်တဲ့ လူတစ်ယောက်ပါ။ ရန်ကုန်မှာတုန်းကလည်း ကျွန်တော် တင်နန်းသီကို အကူအညီပေးခဲ့တယ် မဟုတ်လား'

ထိုအခါမှ တင်နန်းသီက ခေါင်းညိတ်ပြလိုက်သည်။

တင်မောင်ဆွေသည် တင်နန်းသီအား လင်းရိုဗာကားဆီ ခေါ်ဆောင်ကာ မောင်းထွက်ခဲ့သည်။ မိုးက လုံးဝရပ်သွားပြီဖြစ်ရာ ကောင်းကင်တွင် ကြယ်ပွင့်ကလေးများ မှိတ်တုတ်မှိတ်တုတ် လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်ကို ကြည်လင်စွာ တွေ့ရနိုင်သည်။ မိုးနံ့သင်းနေသေး
လေချိုအေးကလေးကတော့ သွေးလျက်ပင် ရှိနေသေးသည်။

တင်နန်းသီသည် အပြင်သို့ငေးကြည့်ကာ တင်မောင်ဆွေ
ဘေးတွင် တိတ်ဆိတ်စွာပင်ထိုင်၍ လိုက်ပါလာသည်။ တင်မောင်ဆွေ
ကလည်း ကားမောင်းရင်းက ကားနောက်မှ နောက်ယောင်ခံလိုက်
လာသူ ရှိမရှိကို ဂရုစိုက်၍ အကဲခတ်နေသည်။ မြို့ထဲတွင်လှည့်ပတ်
မောင်းပြီး နောက်က ဘယ်သူမှလိုက်လာခြင်း မရှိသည်သေချာ
ကားကို ကမ်းနားလမ်းအတိုင်း မောင်းကာ လူပြတ်လပ်သောနေရာ
တွင် ရပ်လိုက်၏။

'သံလွင်မြစ်ပြင်ကြီးသည် မဟူရာကျောက်သားပြင်အလား
မည်းနက်နေသည်။ မြစ်ထဲတွင် ကျောက်ချရပ်ထားသော ရေတပ်
မတော်မှသင်္ဘောများ၊ စက်လှေများနှင့် ပင်လယ်ကူးသင်္ဘောကြီး
တွေကို မီးကလေးတွေ မှိတ်တုတ်မှိတ်တုတ်ဖြင့် ဟိုနေရာ သည်နေရာ
တွင် တွေ့ရနိုင်၏။

တင်မောင်ဆွေက အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ကာ
စီးကရက်တစ်လိပ်ရွေးပြီး မီးညှိလိုက်သည်။ ဆေးလိပ်မီးခိုးတွေကို
နှစ်ကြိမ် သုံးကြိမ်အဆုတ်တွင်းသို့ အားရပါးရ ရှိုက်သွင်းလိုက်ပြီး
နောက်မှ တိတ်ဆိတ်စွာထိုင်လျက် မြစ်ပြင်ကြီးကို ငေးမျှော်ကြည့်
နေသူ တင်နန်းသီဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ တင်နန်းသီ နှုတ်ဆိတ်လှချေလား။ ဘာတွေ
များတွေးနေတာလဲ'

ထိုအခါမှ တင်နန်းသီက ခေါင်းကလေးလှည့်လာကာ
တင်မောင်ဆွေအား မော့ကြည့်လိုက်၏။ သူမ၏မျက်လုံးကြီးတွေထဲ





င် စုံစမ်းမှုကိုသာမက တစ်စုံတစ်ရာကို ကြောက်ရွံ့စိုးရိမ်နေမှု
ပါ တင်မောင်ဆွေက ရှာတွေ့လိုက်ရသည်။

'ရှင်က ဘယ်သူလဲဟင်...၊ ရှင် ကျွန်မကို ဘာလုပ်မလို့
'

တင်မောင်ဆွေက သူမအား ညင်သာစွာ ခေါင်းခါပြလိုက်
သည်။

'ကျွန်တော့်နာမည်က တင်မောင်ဆွေပါ၊ ကျွန်တော်
ကို ဘာမှမလုပ်ပါဘူး။ ကူညီချင်စရာရှိရင်သာ ကူညီမှာပါ'

'ကျွန်မ ရှင့်ကို တွေ့ကတည်းက မှတ်မိပါတယ်။ ရန်ကုန်
ခါး ဟော်တယ်ကလူပဲ မဟုတ်လား'

တင်မောင်ဆွေက ပြုံးလျက် ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်လေ၊ တင်နန်းသီကလည်း ဟို အသတ်ခံရတဲ့
ကို ထိုင်စောင့်နေခဲ့တဲ့ အမျိုးသမီးကလေးပဲ မဟုတ်လား။ ကျွန်
က အခု တင်နန်းသီကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး မေးစမ်း
ချင်တာပါပဲ'

'အင်းလေ... ကျွန်မလည်း ဒီကိစ္စ ကျွန်မနောက်ကို မုချ
လာမှာပဲဆိုတာ အသိမိသားလေ'

တင်နန်းသီသည် ရှောင်လွှဲ၍ မရတော့သည့်ဒုက္ခတစ်ခုကို
ခိုင်တော့မည့်သံမျိုးဖြင့် ခပ်ညည်းညည်းကလေး ပြောလိုက်ရာ
။ ပြီးမှ တင်မောင်ဆွေကို ဆတ်ခနဲမော့ကြည့်လိုက်၏။

'ဒီမှာ အစ်ကိုကြီး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မဟာ ဘယ်
ကိုမှမပြောသင့်ပါဘူး။ ပြီးတော့ အစ်ကိုကြီးကလည်း ဝင်စွက်
ပါဘူး။ အစ်ကိုကြီးဝင်စွက်ရင် ဒုက္ခများမှာလည်း မုချပဲ၊ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



*ကြီးဘာသာ အစ်ကိုကြီး ရန်ကုန်မှာအေးအေးပြန်နေရင် ကောင်းမေ…*
ထင်တယ်'

'တင်နန်းသီပြောတာ နောက်ကျနေပြီလေ၊ တင်နန်း…
ကြောင့်ပဲ အခု ကျွန်တော်ဟာ ရန်ကုန်ရဲတပ်ဖွဲ့မှုခင်းစုံစမ်းစစ်ဆေ…
ရေးဌာန အထူးထောက်လှမ်းရေးဌာနရဲ့ မကျေနပ်မှု မသင်္ကာမှု…
ကို စုပြုံခံနေရပြီလေ၊ ပြီးတော့ ခင်ဗျားကို လိုက်ရှာရင်းက ကြေး…
လူဆိုးတွေက ကျွန်တော့်ခေါင်းကို အမှေ့ရိုက်ပြီး ဖမ်းခေါ်သွားတ…
ကိုတောင်- ခံခဲ့ရသေးတယ်'

တင်နန်းသီ၏မျက်လုံးများက ပြူးကျယ်သွားကြသည်…

'ကျွန်မ နားမလည်ပါဘူး'

'တင်နန်းသီ ရွှေတံခါးကိုလာတုန်းက ဆိုင်ထဲမှာ …
ထောက်လှမ်းရေးက လူတစ်ယောက်နဲ့ အထူးထောက်လှမ်းရေး…
တစ်ယောက်က ရှိနေခဲ့ကြတယ်လေ။ သူတို့ကတော့ ညတိုင်းဆို…
ကိုလာနေကျပဲ။ အဲဒါ ကျွန်တော်က တင်နန်းသီနဲ့လာစကားပြော…
တာကို မြင်သွားကြတယ်။ ဟိုလူက ဆိုင်ဝမှာအသတ်ခံရပြီး၊ တ…
နန်းသီကလည်း ဆိုင်ထဲက တိတ်တဆိတ် လစ်သွားတဲ့အခါမှာ…
သူ တို့က တင်နန်းသီအကြောင်းကို ကျွန်တော့်ဆီမှာ မေးကြတယ်…
ကျွန်တော်က ဘာမှမပြောဘဲ ရေငုံနေခဲ့တော့ သူတို့က ကျွန်တော်…
ကို ဒေါ်ဖောင်းပြီး သင်္ကာမကင်းဖြစ်ကြတာပေါ့ဗျာ။ ကျွန်တော်က…
သာ အဲဒီတုန်းက ပြောပြလိုက်ရင် တင်နန်းသီက ဒီကိုပြန်လာနိုင်…
မှာမဟုတ်ဘဲ၊ သူတို့လက်ထဲ ရောက်သွားရတော့မှာပဲ'

တင်နန်းသီက တင်မောင်ဆွေအား ကျေးဇူးတင်သော အ…
အရာကလေးဖြင့် ပြုံးလိုက်သည်။ ပြီးမှ မျက်မှောင်ကလေးကို ကြု…





…တ်ပြန်သည်။

'နို့… လူဆိုးနှစ်ယောက်က အစ်ကိုကြီးကို ဖမ်းရိုက်ခေါ်
…သွားခဲ့တယ်ဆိုတာကကော ရှင့်'

'ရဲဘက်က လူတွေပြန်သွားကြတော့ ကျွန်တော်က
…ခင်ဗျားရပ်ထားတဲ့ ကားကလေးကို သွားကြည့်ခဲ့တယ်။ အဲဒီကား
…လူဆိုးတွေက စောင့်ကြည့်နေတော့ ကျွန်တော့်ခေါင်းကိုရိုက်ပြီး
…ဖမ်းခေါ်သွားကြတာပဲ'

'အို… ကျွတ်… ကျွတ်၊ ကျွန်မ စိတ်မကောင်းပါဘူး
…အစ်ကိုကြီးရယ်'

'ကိစ္စမရှိပါဘူးလေ၊ ကျွန်တော်က လူဆိုးနှစ်ယောက်ကို
…သတ်ပစ်လိုက်နိုင်ပါတယ်'

တင်နန်းသီမှာ ဟိုက်ခနဲ ဖြစ်သွားရှာသည်။

'သူတို့အထုပ်တစ်ထုပ် လိုချင်လို့တဲ့လေ'ဟု တင်မောင်ဆွေ
…စီးကရက်တစ်လိပ် ထပ်၍ မီးညှိရင်း စကားဆက်လိုက်ကာ
…တင်နန်းသီ၏မျက်နှာကလေးကို စေ့စေ့ကြည့်နေလိုက်သည်။ အထုပ်
…တစ်ထုပ်ဟူသော စကားကိုကြားရသည်နှင့်တစ်ပြိုင်နက် တင်နန်းသီ
…မှာ မျက်နှာကလေးပျက်သွားရှာသည်ကို သူက သတိပြုလိုက်မိ
…သည်။

'အဲဒီအထုပ်ကို သူတို့က လိုချင်လို့ ဟိုလူကို သတ်ပစ်ခဲ့
…တာပဲ။ ဒါပေမဲ့ အဲဒီအသတ်ခံရတဲ့သူဆီမှာ အထုပ်ကမရှိတော့
…ခင်ဗျားဆီမှာရှိရမယ်လို့ သူတို့က တွက်ထားကြတယ်လေ'

'အဲဒါမှ ဒုက္ခအကြီးအကျယ်ပါပဲရှင်'

တင်နန်းသီက မျက်နှာကလေး ငုံ့ကာ ညည်းလိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'သူတို့တွက်တာ မှန်တယ်လို့ ကျွန်တော်လည်း ထင်တာ' တင်နန်းသီခမျာ မျက်နှာကလေး ဆတ်ခနဲပြန်မော့လာ

'အို… မဟုတ်ပါဘူးရှင်၊ အဲဒီအထုပ်က ကျွန်မဆီ မရှိပါဘူး'ဟု သူမက သွက်သွက်ကြီး ငြင်းဆိုလိုက်သည်။

'ထားပါတော့၊ အသတ်ခံရတဲ့လူကကော ဘယ်သူလဲ'

'ဘယ်သူဆိုတာ ကျွန်မ မသိပါဘူး အစ်ကိုကြီးရယ်' လာပြန်ပြီ ငြင်းဆိုချက်၊ တင်မောင်ဆွေက တင်နန်းသီ လက်ကလေးနှစ်ဖက်စလုံးကို ဆုပ်ကိုင်ထားလိုက်သည်။

'တင်နန်းသီ ကွယ်နေလို့ အလကားပဲ၊ ဒီလူ ဘယ်သူ တာ ကျုပ်ကို ပြောပြမလား၊ သို့မဟုတ် ရဲဘက်ကိုပြောပြမလား ရွေးပေတော့။ ကျွန်တော် အထူးထောက်လှမ်းရေးက စုံထောက်တ ယောက်ဆီကို အခုချက်ချင်း ခင်ဗျားကို ခေါ်သွားနိုင်တယ် တင်နန်းသီ'

တင်နန်းသီက ဘယ်လိုမှပြန်မဖြေ၊ တင်မောင်ဆွေနှင့်မျက် လုံးချင်း ရင်မဆိုင်ဘဲ နှုတ်ခမ်းကလေးကို ကိုက်လျက် တွေဝေ သည်။ တင်မောင်ဆွေက စကားကိုဆက်ပြန်၏။

'ခင်ဗျားရဲဘက်နဲ့ စကားပြောတာကသာ အကောင်းဆုံး ဖြစ်မှာပါလေ၊ သူတို့ဆိုရင် ကျွန်တော့်ထက် ခင်ဗျားကိုပိုပြီး အ အညီ အကာအကွယ် ထိထိရောက်ရောက် ပေးနိုင်ကြပါလိမ့်မယ်'

ထိုအခါမှ တင်နန်းသီက မျက်မှောင်ကလေးကြုတ်ကာ တင်မောင်ဆွေအား မော့ကြည့်လိုက်သည်။

'အို… အစ်ကိုကြီးရယ်၊ ကျွန်မက ဘာကြောင့် အကာ





အကွယ်လိုရမှာလဲရှင့်၊ ကျွန်မကို ဘယ်သူက ရန်ရှာမှာမို့လို့လဲ ကျွန်မက ဘယ်သူ့ကို ဘာလုပ်ခဲ့တာလဲ ဒီအကြောင်းတွေဟာ ဘာတွေဆိုတာကိုလည်း ကျွန်မ ဘာမှသိထားရတာမှ မဟုတ် တာပဲ'

တင်နန်းသီ၏အသံကလေးတွင် စိတ်ရှုပ်ထွေးမှုနှင့် ခံပြင်းမှု အ အပြည့်အဝပါနေ၏။

'ကဲပါ အသတ်ခံရတဲ့လူကို တင်နန်းသီ သိပါတယ်။ သူ ဘယ်သူလဲ'

'ကျွန်မက သူ့ကို ဝယ်သူတစ်ယောက်အနေနဲ့သာ သိခဲ့ ရတာပါ အစ်ကိုကြီးရယ်၊ သူ့နာမည်က ဂီးလ်ဘတ်သွင်တဲ့ရှင့်၊ သူက ရန်ကုန်က ဆိုလားတော့မသိပါဘူး။ သူ့ကို ကျွန်မလွှန်ခဲ့တဲ့ ၁ဝရက်လောက်ကမှ သိခဲ့ရတာပါ။ သိတယ်ဆိုတာကလည်း ဆယ် မိနစ်လောက်ပဲတွေ့ပြီး စကားပြောလိုက်ရတာပါ'

'ခင်ဗျားက သူ့ကို ဘာရောင်းလိုက်တာလဲ'

'ကျွန်မထုထားတဲ့ ပန်းပုရုပ်ပါ၊ ကျွန်မက ပန်းပုပညာ သည်လေ၊ ကျွန်မ ဖေဖေဆီက လက်ထပ်သင်ယူခဲ့တဲ့ ပညာရှင်ပေါ့ ရှင်၊ အစ်ကိုကြီးကြားဖူးသလား မဆိုနိုင်ဘူး။ ပန်းပုဆရာကြီး ဦး တင်ဆိုတာဟာ ကျွန်မ ဖေဖေပဲ၊ ကျွန်မရဲ့ ပန်းပုရုပ်တွေကို ကျွန်မ က ရန်ကုန်ကိုပို့ပေးတာ သူကတော်တော် ဝယ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁ဝရက်ကတော့ သူက ကျွန်မဆီကိုတိုက်ရိုက်လာပြီး ပန်းပုရုပ် လေးခု လာဝယ်သွားတာပဲ'

'ဒါနဲ့တောင်မှ တင်နန်းသီက သူဘယ်မှာနေတယ်ဆိုတာ ကို အတိအကျမသိဘူးနော်…'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေပြောလိုက်သည်တွင် မယုံကြည်မှုက အပြည့်အဝပါနေသည်။

'အို… တကယ်ပါရှင်၊ သူက ရန်ကုန်ကဆိုတာကိုပဲ ကျွန်မသိပါတယ်။ သူ ဘယ်မှာနေတယ်ဆိုတာကို ပြောသွားတာမှ မဟုတ်တာ'

'ထားလိုက်ပါတော့လေ။ ဒီအတိုင်းဆိုရင်တော့ ရှေ့တံခါးအဝင်မှာ အသတ်ခံရတာဟာ၊ အဲဒီ ဂီးလ်ဘတ်သွင် ဟုတ်မဟုတ်ကို တင်နန်းသီ အတိအကျ ဘယ်သိနိုင်ဦးမှာလဲ၊ ဒီလူဟာ ဂီးလ်ဘတ်သွင်ရဲ့ နာမည်ကို ယူအသုံးချတာ ဖြစ်ချင်ဖြစ်မှာပေါ့လေ'

တင်နန်းသီက ခေါင်းကလေးကို ဖြည်းညင်းစွာ ညိတ်ပြလိုက်သည်။

'ကဲ… အဲဒီ ဂီးလ်ဘတ်သွင်ဆိုတဲ့လူက တင်နန်းသီကို လာတွေ့ခဲ့ပုံကို ပြောပြစမ်းပါဦး'

'လွန်ခဲ့တဲ့ ကိုးရက် ဆယ်ရက်ထင်တယ်။ အတိအကျတော့ မမှတ်မိဘူး အစ်ကိုကြီး၊ သူက ကျွန်မရဲ့ အိမ်ကိုပေါက်လာပြီး သူဟာ ဂီးလ်ဘတ်သွင် ဖြစ်ပါတယ်လို့ဆိုတယ်။ ပြီးတော့ သူနဲ့ ကျွန်မ စကားပြောကြတယ်'

'ဘာအကြောင်းတွေများ ပြောခဲ့ကြသလဲ တင်နန်းသီ'

'အနုပညာနဲ့ပတ်သက်လို့ပါပဲ အစ်ကိုကြီးရယ်။ တကယ်တော့ သူဟာ အနုပညာနဲ့ ပတ်သက်လို့ သိပ်နားမလည်ပေမယ့် တီးဒိခေါက်မိလောက်တော့ ရှိတာကို ကျွန်မတွေ့ခဲ့ရပါတယ်။ ကျွန်မရဲ့ပန်းပုရုပ်တွေကို သုံ့မျက်စိထဲမှာ သဘောကျမိတာနဲ့ ဝယ်ခဲ့တာပါလို့ဆိုတယ်'





တင်မောင်ဆွေက နှာခေါင်းကို ရှုံ့ပစ်လိုက်မိသည်။

'ဘာမှ ထူးထူးခြားခြား မပြောခဲ့ကြဘူးဆိုပါတော့ ဟုတ်ပါး ကဲ… အထုပ်အကြောင်း ဆိုစမ်းပါဦး'

တင်နန်းသီက သူမ၏လက်ကလေးနှစ်ဖက်ဖြင့် လေထဲတွင် အတိုင်းအထွာ လုပ်ပြလိုက်သည်။ စွပ်ကျယ်ထည့်သော စက္ကူသေတ္တာအရွယ်နီးနီးရှိသည်ကို တင်မောင်ဆွေ ခန့်မှန်းလိုက်မိသည်။

'သူက အဲဒီအထုပ်ကို ကျွန်မဆီမှာ ငါးရက်လောက် အပ်ထားခဲ့ပါရစေလို့ဆိုတယ်။ အဲဒီအထုပ်ထဲမှာ အဖိုးတန်တဲ့ပစ္စည်းတွေ ရှိနေတဲ့အတွက် သူက သွားလေရာကို ယူမသွားချင်လို့ပါတဲ့'

တင်မောင်ဆွေက တင်နန်းသီအား ခပ်ပြုံးပြုံးကြည့်ကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

'ဒီထက်ပိုပြီး ယုတ္တိရှိအောင် မပြောနိုင်တော့ဘူးလား တင်နန်းသီရယ်၊ တင်နန်းသီ အရင်တုန်းက မသိခဲ့ဘူးတဲ့လူက အင်တန် အဖိုးတန်တဲ့ တကယ်တော့ သူ့အသက်ပေးသွားရအောင် အဖိုးတန်တဲ့အထုပ်ကို သူအခုမှ တွေ့ဖူးသိဖူးတဲ့ တင်နန်းသီဆီမှာ ယုံယုံကြည်ကြည် အပ်သွားတယ်ဆိုတာဟာ ဖြစ်နိုင်ပါ့မလားကွယ်'

'အို… အစ်ကိုကြီး မယုံလည်း ကျွန်မ မတတ်နိုင်တော့ဘူးလေ။ ကျွန်မက အမှန်အတိုင်းပြောနေတာပဲ'

တင်နန်းသီက ခံပြင်းသော အသံကလေးဖြင့် ပြန်ဖြေလိုက်ရာ တင်မောင်ဆွေက သူ့ပခုံးများကို မသိမသာ တွန့်ပြလိုက်သည်။

'ထားလိုက်ပါတော့လေ၊ သူကအထုပ်ကို တင်နန်းသီဆီ အပ်သွားပြီး ဘယ်လိုပြန်ယူမယ်ဆိုတာကို ပြောခဲ့သလဲ'

'သူက ကျွန်မဆီကို လေးငါးရက်ကြာရင် ပြန်လာမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်။ ဒါပေမဲ့ လေးငါးရက်ကြာတော့ သူ့ဆီက စာတစ်စောင်ရောက်လာတော့တယ်။ မန်နီအော်ဒါနဲ့ ငွေတစ်ရာလည်း ပို့လိုက်တယ်။ စာထဲမှာပါတာကတော့ ကျွန်မကို ဒုက္ခပေးရတာ သိပ်အားနာပါတယ်တဲ့။ ဒါပေမဲ့ ကျွန်မကို အပ်ထားခဲ့တဲ့ သူ့အထုပ်ကို လာမယူနိုင်တဲ့အတွက် ကျွန်မက ရန်ကုန်ကိုလိုက်လာပြီး အထုပ်ကိုပေးပါတဲ့။ အထုပ်ပေးရမယ့်နေရာကလည်း ရှင်တို့ ရွှေတံခါးဟော်တယ်မှာပဲတဲ့'

'ဒါပေမဲ့ တင်နန်းသီက အထုပ်ကို ယူမလာခဲ့ဘူး မဟုတ်လား'

'ဟုတ်တယ်လေ ကျွန်မမှ ယူမလာနိုင်ခဲ့ဘဲရှင်'

တင်မောင်ဆွေက တင်နန်းသီ၏မျက်နှာကလေးကို စူးစိုက်၍ ကြည့်လိုက်သည်။ အရေးပါသည့် အစိတ်အပိုင်းသို့ ရောက်လာခဲ့ရလေပြီ။

'ဘာဖြစ်လို့ အထုပ်ကို ယူမလာနိုင်ခဲ့ရတာလဲ၊ အထုပ်ကို တင်နန်းသီလက်ထဲက သူများခိုးယူသွားလို့လား'

'မဟုတ်ပါဘူး၊ အထုပ်ကို ကျွန်မ ရန်ကုန်ကို ယူလာခဲ့ပါတယ်။ ဒါပေမဲ့ အဖိုးတန်တယ်ဆိုတော့ ကျွန်မလက်ထဲမှာ မထားခဲ့ဘူးလေ။ ရန်ကုန်ကိုရောက်ရောက်ချင်းပဲ ဘဏ်တိုက်တစ်ခုကို သွားပြီး ဆေ့ဖ်တီဒက်ပိုစစ်ဘောက်(က်စ်)တစ်ခုငှားပြီး အဲဒီအထဲမှာ ထည့်ပစ်ခဲ့တယ်။ နောက်ဂီးဘတ်သွင် ချိန်းထားတဲ့ညပိုင်းမှာ ကျွန်မက ရှင်တို့ရွှေတံခါးကို လာခဲ့တာပဲ။ သူနဲ့တွေ့တဲ့အခါကျတော့ ကျွန်မ သူ့ကို ဘဏ်တိုက်မှာ သူ့အထုပ်ကို အပ်ထားတဲ့အကြောင်း ပြောပြီး ငှားထားတဲ့ သေတ္တာသော့ကို သူ့ကိုပေးလိုက်မယ်လို့ စိတ်ကူးမိတာ





ပေါ့။ ဒါပေမဲ့ ရွှေတံခါးကျတော့ သူက ပေါ်မလာဘူး ကျွန်မက လည်း ရွှေတံခါးလိုနေရာမျိုးကို တစ်ခါမှမရောက်ဘူးတော့ စိတ်ထဲမှာအလိုလိုနေရင်း ကြောက်နေမိတယ်လေ။ နောက် တံခါးဝမှာ လူတစ်ယောက်သေနေတယ်ဆိုတာကိုလည်း ကြားရော၊ ကျွန်မ ဆက်မနေဝံ့တော့ဘူး၊ ရှင်တို့ဟော်တယ် နောက်ဖေးပေါက်ကနေ တစ်ခါတည်း ထွက်ပြေးခဲ့မိတာပဲ'

'ကားက တင်နန်းသီ ဘယ်ကယူလာခဲ့တာလဲ'

'ကျွန်မတည်းတဲ့ အိမ်က ကားပဲလေ။ ကျွန်မ ဖေဖေရဲ့ မိတ်ဆွေကြီးတစ်ယောက်ပေါ့။ ဒါပေမဲ့ ကျွန်မ ကားဆီကိုတောင် ပြန်မသွားဝံ့တော့ဘူး။ ရှင်တို့ဟော်တယ် နောက်ဖေးလမ်းကြားထဲကနေ တစ်ဖက်လမ်းကိုကူးပြီး အသင့်တွေ့ရတဲ့ သုံးဘီးကားနဲ့ တည်းတဲ့အိမ်ကိုပြန်ခဲ့တယ်။ ပြီးမှ သူတို့ကားကို ရွှေတံခါးဟော်တယ်ရှေ့မှာ သွားယူခိုင်းပြီး ကျွန်မကတော့ ညရထားနဲ့တစ်ခါတည်း မော်လမြိုင်ကို ပြန်လိုက်ခဲ့တော့တာပေါ့'

'တင်နန်းသီက ဘာဖြစ်လို့ အဲဒီလို ထွက်ပြေးရတာလဲ'

တင်နန်းသီက တင်မောင်ဆွေအား မော့ကြည့်လိုက်ကာ လက်ကလေးနှစ်ဖက် ဖြန့်ပြလိုက်သည်။

'အို··· ကျွန်မက ဘာမှမသိ၊ ဘမသိနဲ့ ရှုပ်ရှုပ်ယှက်ယှက်ကိစ္စထဲ ဝင်ပါနေရမှာကို ကြောက်မိတာကိုး အစ်ကိုကြီးရယ်···'

'ဒါပေမဲ့ တင်နန်းသီမပါချင်ဘဲ ပါနေရပြီလေ၊ ကဲ··· အသတ်ခံရတဲ့လူဟာ တင်နန်းသီရဲ့ ဂီးလ်ဘတ်သွင်ဟုတ်မဟုတ် ကြည့်ရအောင်'

တင်မောင်ဆွေက ရွှေတံခါးအဝင်ဝတွင် အသတ်ခံခဲ့ရသော

www.burmeseclassic.com



လူ၏ပုံပန်းသဏ္ဌာန်ကို အသေးစိတ်ပြောပြလိုက်သည်။ တင်နန်းသီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်… သူပဲနေမှာပဲ'

'ဘာပဲဖြစ်ဖြစ် တင်နန်းသီဟာ ရန်ကုန်ကိုလိုက်လာပြီး အလောင်းကိုတော့ ကြည့်ရလိမ့်မယ် ထင်တယ်'

တင်နန်းသီက မျက်မှောင်ကလေးကြုတ်ကာ နှုတ်ခမ်းကလေးကိုက်လိုက်သည်။

'အိုရှင် ကျွန်မနဲ့ သူနဲ့ ဘာဆိုင်လို့လဲ၊ ပြီးတော့ ကျွန်မက သူ့ကို ကျကျနနသိခဲ့ရတာလည်း မဟုတ်ပါဘူး'

'အဲဒီလူဟာ တင်နန်းသီဆီကို ဂီးလ်ဘတ်သွင်အဖြစ်နဲ့ လာခဲ့တဲ့လူ ဟုတ်မဟုတ်ကိုတော့ ပြောပြနိုင်မှာပေါ့။ ဒါနဲ့ အထုပ်ကကော ရန်ကုန်ကဘဏ်မှာပဲလား'

'ဟုတ်တယ် အစ်ကိုကြီး'

'တော်သေးတာပေါ့။ ထူးခြားလျှို့ဝှက်တဲ့ အထုပ်တွေဟာ ထူးခြားလျှို့ဝှက်တဲ့နည်းနဲ့ ပျောက်သွားတတ်တာကလား။ ဘာပဲဖြစ်ဖြစ်လေ၊ မနက်ဖြန် ရန်ကုန်ကိုလေယာဉ်နဲ့ပြန်ပြီး ကျွန်တော်နဲ့ တင်နန်းသီ ဘဏ်တိုက်ကို သွားကြည့်ကြတာပေါ့'

တင်နန်းသီက သွက်လက်စွာပင် ခေါင်းကိုယမ်းခါပြလိုက်၏။

'ဟင့်အင်း၊ ကျွန်မတော့ မလိုက်ဘူး။ အစ်ကိုကြီးဘာသာ အစ်ကိုကြီး သွားကြည့်ပေတော့။ ကျွန်မ ဒီကိစ္စထဲကို ဘယ်လိုမှ ဝင်မပါချင်တော့ဘူး'

'မခက်စမ်းပါနဲ့ တင်နန်းသီ၊ ဘဏ်တိုက်က လုံခြုံရေး





သေတ္တာကို တင်နန်းသီက ငှားထားခဲ့တာဆိုတော့ တင်နန်းသီကိုယ်တိုင် သွားဖွင့်မှရမှာပဲ၊ အဲဒါဟာ ဘဏ်တိုက်ရဲ့စည်းကမ်းပဲ'

တင်နန်းသီက ဘာမှမပြောတော့။ ထိုအကြောင်းကို မစဉ်းစားလိုတော့သည့်အလား မျက်လုံးများကို ပိတ်ထားလိုက်လေ၏။

'တင်နန်းသီက ဘယ်မှာနေသလဲ'

'အောင်သုခလမ်းထဲမှာ ကျွန်မအိမ်ရှိပါတယ်။ ကျွန်မ အဒေါ်နဲ့အတူနေတယ်'

'ကောင်းပြီ အခု ကျွန်တော်လိုက်ပို့ပေးမယ်။ ပြီးတော့ ခင်ဗျားအိမ်ကို ရဲဘက်ကိုစောင့်ကြည့်ခိုင်းထားရင် ကောင်းမယ်ထင်တယ်'

'အို… ဘာဖြစ်လို့ ရဲဘက်က ကျွန်မတို့အိမ်ကို စောင့်ကြည့်ရမှာလဲရှင်…'

တင်နန်းသီက ထိတ်လန့်တကြား ပြန်မေးလိုက်သည်။

'တကယ်တော့ တင်နန်းသီဟာ တော်တော်ကံကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ။ လူသတ်သမားတွေက အခုထက်ထိတော့ တင်နန်းသီကို ခြေရာမခံနိုင်ကြသေးဘူး။ ဒါပေမဲ့ နောက်ကျတော့လည်း ခြေရာမခံမိဘူးရယ်လို့ မပြောနိုင်ဘူးလေ။ ရဲဘက်ကို စောင့်ကြည့်ခိုင်းထားရမှာက တင်နန်းသီကို ဒီကောင်တွေရန်က အကာအကွယ်ပေးဖို့ပဲ'

'အိုရှင် သူတို့က ကျွန်မကို ဘယ်လိုခြေရာခံနိုင်မှာတဲ့လဲ။ ကျွန်မကို သူတို့က သိကြတာမှမဟုတ်တာ။ ကျွန်မဘာသာ ကျွန်မ အေးအေးနေလိုက်ရင်…'

'မထင်နဲ့အမိ၊ ဟိုညက တင်နန်းသီရှေ့တံခါးကို လာတုန်း



www.burmeseclassic.com

www.burmeseclassic.com



က ယူလာတဲ့ ကားကို သူတို့က သိနေတာပဲ။ အဲဒီကားကနေ တဆင့်ပြီးတဆင့် သူတို့က တင်နန်းသီကို ခြေရာခံလိုက်လာနိုင်တာပေါ့။ ကျွန်တော်တောင် တင်နန်းသီဆီကို အရောက်လာနိုင်တာ ကြည့်ပါလား'

တင်နန်းသီသည် ရုတ်တရက် ကြက်သီးမွေးညင်းများ ထသွားမိသည့်အလား လက်နှစ်ဖက်ပိုက်ကာ ပခုံးကလေးများကို ကျုံ့လိုက်သည်။ တင်မောင်ဆွေက စကားစပြန်၏။

'ဂီးလ်ဘတ်သွင်အသတ်မခံရမီက လူသတ်သမားတွေရဲ့ ကားထဲကို ဝင်ခဲ့သေးတယ်ဆိုတာ ကျွန်တော်တို့သိထားရတယ် တင်နန်းသီ၊ ကားထဲမှာတင် သူ့ခမျာ ဓားထိုးခံရရှာတာပါပဲ။ အဲသလို ဓားထိုးမခံရမီမှာ သူဟာ တင်နန်းသီအကြောင်း သူတို့ကို ပြောပြ ချင်ပြောပြခဲ့မှာ၊ လူသတ်သမားက စုစုပေါင်းသုံးယောက်ပဲ။ နှစ်ယောက်ကိုတော့ ကျွန်တော်က ဖြောင်ပစ်လိုက်နိုင်ပါရဲ့။ ဒါပေမဲ့ တစ်ယောက်ကတော့ လွတ်သွားတယ်'

တင်နန်းသီက ဘာမှပြန်မပြောတော့ နှုတ်ဆိတ်လျက်ရှိနေလေသည်။ တင်မောင်ဆွေက သူ့လက်ထဲက စီးကရက်တိုကို နောက်ဆုံးတစ်ချက် ဖွာရှိုက်လိုက်ပြီး အပြင်သို့ လွှင့်ပစ်လိုက်ကာ ကားကို စက်နှိုးလျက် မောင်းထွက်ခဲ့လေသည်။

အောင်သုခလမ်းရှိ တင်နန်းသီ၏အိမ်မှာ တစ်ထပ်တိုက်ပုကလေး ဖြစ်သည်။ တင်မောင်ဆွေတို့ ရောက်သွားချိန်တွင် တိုက်ပုကလေးမှာ တံခါးတွေပိတ်လျက် မှောင်ကျနေ၏။ တင်နန်းသီက အငှားနေနေသူ သူမ၏အဒေါ်သည် အိမ်ထောင်ကျနေသော သားဖြစ်သူ၏အိမ်တွင် သွားနေသည်ဟုဆို၏။





တင်မောင်ဆွေက တင်နန်းသီ၏ လက်ထဲမှသော့ကိုယူကာ ရှေ့မှအရင် ခြံထဲသို့ ဝင်လိုက်သည်။ တံခါးသော့ဖွင့်ပြီးနောက် သို့ရမည်ရ ပခုံးစလွယ်အိတ်ထဲမှ သေနတ်ကိုထုတ်ယူကာ တံခါးကို ခြေတစ်ဖက်နှင့်အသာတွန်းကန်၍ ဖွင့်လိုက်သည်။ အထဲသို့လည်း ချက်ချင်းမဝင်သေးဘဲ ဖျောင်တိန်လက်နှိပ်ဓာတ်မီးကိုထုတ်ကာ မှောင်နေသော တိုက်တွင်းသို့ လှည့်ပတ်ထိုးကြည့်လိုက်သည်။ ပြီးမှ တံခါးခေါင်ဘေးတွင်တွေ့ရသော ဓာတ်မီးခလုတ်ကို ဖွင့်လိုက်ရာ ဓာတ်မီးချောင်းမှ ဖြူဖွေးသော အလင်းရောင်က လင်းလာ၏။

သူတို့နှစ်ယောက်သည် အထဲသို့ ဝင်ခဲ့ကြသည်။ အိမ်ရှေ့ဧည့်ခန်းသည် မကျယ်ဝန်းလှသော်လည်း သပ်သပ်ရပ်ရပ် ခင်းကျင်းပြင်ဆင်ထားပြီး တင်နန်းသီ၏လက်ရာများ ဖြစ်ဟန်တူသော ပန်းပုရုပ်အချို့နှင့် တန်ဆာဆင်ထားသည်ကို တင်မောင်ဆွေက တွေ့ရသည်။

'အိပ်ခန်းက ဘယ်မှာလဲ တင်နန်းသီ'

'ဟော ဟိုဘက်မှာ'

တင်မောင်ဆွေ့လက်ထဲမှ သေနတ်ကို တင်နန်းသီက ပြူးကျယ်သော မျက်လုံးအစုံဖြင့်ကြည့်ရာက ဧည့်ခန်း၏လက်ယာဘက်တွင်ရှိသော ကန့်လန့်ကာကာထားသည့် တံခါးပေါက်တစ်ခုဆီသို့ ညွှန်ပြလိုက်သည်။ တင်မောင်ဆွေက ဧည့်ခန်းကိုဖြတ်ကာ အိပ်ခန်းအတွင်းသို့ ဝင်လိုက်ပြီး ဓာတ်မီးခလုတ်ကို ဖွင့်လိုက်သည်။ သပ်ရပ်စွာ မွေ့ရာခင်းခြင်ထောင်တင်ထားသော တစ်ယောက်အိပ် ကုတင်ခေါင်းအုံးနှင့် မှန်တင်ခုံအဝတ်ဗီရိုစသည်တို့က သူ့နေရာနှင့်သူ သပ်ရပ်စွာ ရှိနေကြသည်။ လူတစ်ယောက်မှတော့မရှိ။ သို့ရာတွင် တင်နန်းသီ



www.burmeseclassic.com

www.burmeseclassic.com



က ကုတင်နှစ်ခု၏အလယ် ခေါင်းရင်းဘက်တွင်ရှိနေသော ပြတင်းပေါက်ကို မျက်မှောင်ကလေး ကြုတ်လျက်ကြည့်လိုက်သည်။

'တစ်ယောက်ယောက်တော့ အိမ်ထဲကိုဝင်သွားပြီ အစ်ကို ကြီး၊ ကျွန်မ ထွက်လာတုန်းက ပြတင်းပေါက်က ခန်းဆီးကို သေသေချာချာ ဆွဲပိတ်ထားခဲ့တာပဲ။ အခုတော့ ခန်းဆီးကပွင့်နေ တယ်၊ ဒေါ်ဒေါ်လည်း ပြန်လာသေးတာမဟုတ်ဘူး'

တင်မောင်ဆွေက ပြတင်းပေါက်ကို သွားရောက်စစ်ဆေး ကြည့်ရှုလိုက်သည်။ အပြင်ဘက်မှဓားဖြင့်ကလန့်၍ ပြတင်းပေါက် ချက်ကိုဖွင့်ခဲ့သည့် အရိပ်လက္ခဏာများကို သူ၏ကျင့်သားရပြီးဖြစ် သော မျက်လုံးများက ချက်ချင်း ရှာဖွေတွေ့ရှိရတော့သည်။

'အပြင်က ပြတင်းပေါက်ကိုဖွင့်ပြီး လူဝင်သွားခဲ့တာသေချာ ပါတယ် တင်နန်းသီ၊ ဘာတွေ ပျောက်နေသလဲဆိုတာ စစ်ကြည့်စမ်း'

တင်နန်းသီက အိပ်ခန်းကိုလှည့်ပတ်ကြည့်ရှုကာ ဗီရိုကြီး ကိုဖွင့်ကြည့်လိုက်သည်။ ပြီးလျှင် တင်မောင်ဆွေဘက်သို့လှည့်ကာ ခေါင်းကလေး ယမ်းခါပြလိုက်၏။

'ဘာမှ ခြေရာလက်ရာ မပျက်ပါဘူးအစ်ကိုကြီး'

'ဘဏ်တိုက်မှာ ငှားထားတဲ့ လုံခြုံရေးသေတ္တာသော့ကော'

'အို… ဟုတ်သားပဲ'

တင်နန်းသီက ပြောပြောဆိုဆိုပင် မှန်တင်ခုံကြီးမှ အံဆွဲ တစ်ခုကို ဖွင့်လျက် ယွန်းသေတ္တာကလေးထဲမှ ပစ္စည်းများကို မွှေ နှောက်ရှာဖွေပြီးနောက် ထိတ်လန့်တကြား အမူအရာကလေးဖြင့် တင်မောင်ဆွေ့အား မော့ကြည့်လိုက်သည်။

'မရှိတော့ဘူး အစ်ကိုကြီး'





တင်မောင်ဆွေက ဘာမှပြန်မပြော၊ တင်နန်းသီ၏လက်ထဲမှ ယွန်းသေတ္တာကလေးကို ယူကြည့်လိုက်သည်။ အထဲတွင် စာရွက်စာ တမ်းအချို့သာ ရှိနေသည်။ သော့နှင့်တူသော အရာဆို၍ ဘာကိုမှ မတွေ့ရ။

'သူတို့က ဒီသော့ကိုခိုးယူသွားဦးတော့ ဘာများ အသုံးကျ မှာလဲ'ဟု တင်နန်းသီက မျက်မှောင်ကလေးကြုတ်ကာ ပြောနေ သည်။ 'ဘဏ်တိုက်ကသေတ္တာကို ကျွန်မကိုယ်တိုင် လက်မှတ်ထိုး ပြီးမှ ဖွင့်ခွင့်ရတာပဲရှင်'

'တင်နန်းသီရဲ့ လက်မှတ်က ဘယ်လိုလဲဟင်…'

တင်နန်းသီက စာရွက်တစ်ရွက်ပေါ်တွင် သူ၏လက်မှတ် ထိုးပြလိုက်ရာ တင်မောင်ဆွေက စိတ်ပျက်စွာ မျက်နှာရှုံ့လိုက်မိလေ ၏။ တင်နန်းသီ၏လက်မှတ်မှာ လက်မှတ်ဟုပင် မခေါ်နိုင်ဘဲ လက် ရေးသက်သက် ခပ်ရှင်းရှင်းကြီး ဖြစ်နေသည်။ အတုခိုးထိုးနိုင်ဖို့က အင်မတန်မှ လွယ်လှတော့သည်။

'တင်နန်းသီရဲ့လက်မှတ်က သိပ်ရှင်းနေတာပဲကိုး၊ နေပါဦး ဘဏ်တိုက်ကကော တင်နန်းသီကို သိသလား…'

တင်နန်းသီက မျက်နှာငယ်ကလေးဖြင့် ခေါင်းကိုယမ်းခါ ပြလိုက်သည်။

'ဟင့်အင်း ဘယ်သိမလဲရှင်၊ ကျွန်မက ရန်ကုန်က ဘဏ်တိုက်ကို သွားနေကျမှမဟုတ်တာ၊ အထုပ်ကလေးအတွက် စိတ်မချတာနဲ့ သွားအပ်ထားခဲ့တာပဲရှင်…'

'တင်နန်းသီ ဒီတိုက်ကလေးထဲက ဘယ်အချိန် ထွက်ခဲ့တာ လဲ'



www.burmeseclassic.com

www.burmeseclassic.com



'မနက်အစောကြီးကတည်းကရှင့်၊ ဒေါ်ဒေါ်လည်း သူ့သား အိမ်ကို ထွက်သွားရော၊ ကျွန်မလည်း ကျွန်မပန်းပုထုတဲ့ဆီကို ထွက်ခဲ့ တာပေါ့၊ အခုမှပြန်ရောက်တာပဲ အစ်ကိုကြီး'

'ဒီလိုဆို သူတို့မနက်ကတည်းက တိုက်ထဲကိုဝင်ပြီး ဒီသော့ကို ယူသွားတာဖြစ်ချင်ဖြစ်နိုင်တာပေါ့၊ ဒီအတိုင်းသာဆိုရင် တော့ သူတို့ဟာ ချက်ချင်း ရန်ကုန်ကို လေယာဉ်ပျံနဲ့ပြန်ပြီး ဘဏ် တိုက်ကို သွားပြီးပြီလားတောင် မဆိုနိုင်ဘူး'

တင်မောင်ဆွေမှာ တော်တော် ဦးနှောက်ခြောက်နေမိတော့ သည်။ သူပြောသည့်အတိုင်းဖြစ်နေပါက အထုပ်သည် ရန်သူတွေ နောက်သို့ ပါသွားချေတော့သည်။ ယခုသူလုပ်ရမည်ကား အကျိုး အကြောင်းကို စုံထောက်လုံခြုံရေးမှူး ကိုစိန်းမောင်အားပြောပြကာ မနက်ဖြန်တွင် ရန်ကုန်သို့ အမြန်ပြန်လိုက်ဖို့ပင် ဖြစ်တော့သည်။ ရန်ကုန်သို့ ပြန်ရာတွင် တင်နန်းသီကိုပါ မဖြစ်မနေ ခေါ်ရဦးမည် ဖြစ်သည်။

'ကဲ… မရွှေတင်နန်းသီ။ ခင်ဗျားကလေးက ဘာမှဂျော့ ပတ်တာများမနေနဲ့တော့။ အခုည ခင်ဗျားတစ်ယောက်တည်း ဒီမှာ အိပ်လို့ မဖြစ်ဘူး။ ဒီတော့ ကျုပ်တည်းနေတဲ့ ရွှေမြိုင်ဂေဟာမှာ လိုက်အိပ်၊ ခင်ဗျားအတွက် အခန်းတစ်ခန်း သတ်သတ်ရအောင် ကျုပ် စီစဉ်ပေးမယ်။ ပြီးတော့ မနက်ဖြန်ကျရင် လေယာဉ်ပျံနဲ့ ရန်ကုန်ကို လိုက်ခဲ့ရမယ် ဒါပဲ'

တင်နန်းသီက ထူးထူးခြားခြား ငြင်းမနေတော့။ သူမ၏ အခေါ်အတွက် စာတစ်စောင်ရေးထားခဲ့ကာ အဝတ်အစား အနည်း ငယ်ကို လက်ဆွဲခရီးဆောင် သားရေသေတ္တာတွင်ထည့်လျက် တင်





မောင်ဆွေ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့လေတော့ ၏။ သူမ၏တိုက်ထဲသို့ လူဖောက်ဝင်ရောက်သွားခဲ့ခြင်းကို တွေး ကြောက်လာခဲ့ခြင်း ဖြစ်ဟန်တူသည်။

ကိုစိန်းမောင်သည် သူ့အား တော်တော်ဒေါ်ပွ ကျွဲမြီးတိုနေ သည်ကို တင်မောင်ဆွေက တွေ့ရသည်။ အကျိုးအကြောင်း အစုံ အလင်ကို တင်မောင်ဆွေ့ထံမှသိရပြန်သည်၌ ပို၍ ကျွဲမြီးတိုလာ တော့ကာ တင်မောင်ဆွေ့အား ဖိ၍ အပြစ်တင်တော့သည်။

'ခင်ဗျားဟာ ကိုယ့်ကိုကိုယ် လည်လှပြီဆိုပြီး တစ်ကိုယ် တော်လျှောက်လုပ်တာ အမှားကြီးမှားပြီဆိုတာ သိပြီလား ကိုတင် မောင်ဆွေ၊ ရန်ကုန်က ဦးသောင်းဖေကြီးကတော့ ခင်ဗျားကိုဖိထောင်း တော့မှာပဲ'

'အစ်ကိုကြီးကိုတင်မောင်ဆွေရဲ့ အပြစ်ချည်းသာ မဟုတ် သေးပါဘူးရှင်'

တင်နန်းသီက တင်မောင်ဆွေ့ဘက်မှ ဝင်ရောက်ကာကွယ် ၍ ကြိုးစားရှာသေးသည်။

'ဒီမှာ မိန်းကလေး၊ မင်းလုပ်ခဲ့တာတွေဟာ အားလုံးအမှား ချည်းပါပဲ။ ဒါပေမဲ့ မင်းကိုတော့ ဦးလေးက အပြစ်မတင်နိုင်ပါဘူး ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ အရပ်သူကိုး၊ သာမန်အရပ်သူအရပ် သားတွေဟာ မင်းကြုံတွေ့သလို ကြုံတွေ့ခဲ့ရရင် မင်းလုပ်သလိုပဲ လုပ်မှာချည်းပဲ။ ဒါပေမဲ့ ဟောဒီက သူ့ကိုယ်သူ လည်လှပြီလို့ ထင်နေတဲ့ ကိုတင်မောင်ဆွေဟာ သာမန်အရပ်သားတစ်ယောက် မဟုတ်ဘူး။ တာဝန်ရှိတဲ့ စုံထောက်တစ်ယောက်ဖြစ်တယ်။ တကယ် လို့ ဂီးလ်ဘတ်သွင်အသတ်ခံရတုန်းက မိန်းကလေးရဲ့နာမည်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဦးသောင်းဖေကို ဖွင့်ပြောပြလိုက်လို့ရှိရင် ဒီအထုပ်ဟာ လူသတ်သမားတွေရဲ့ လက်ထဲကိုရောက်သွားမှာ မဟုတ်ဘူး။ ရဲအဖွဲ့က ချက်ချင်းပဲ တင်နန်းသီနဲ့ဆက်သွယ်ပြီး အထုပ်ကို သိမ်းထားလိုက်နိုင်မှာ မဟုတ်လား'

'မထင်လိုက်ပါနဲ့ ကိုစိန်းမောင်ရာ၊ ကျွန်တော်လည်း ချက်ချင်းပဲ မော်လမြိုင်ကို လိုက်လာခဲ့တာပါ။ ကျုပ်က တင်နန်းသီကိုနာမည်နဲ့ မော်လမြိုင်မှာနေတယ်ဆိုတာကိုသာ သိခဲ့ရတာပါ။ အခုလို ရှာတွေ့တာ ကျုပ်အဆက်အသွယ် ကျုပ်နည်းနဲ့ ကျုပ်ရှာရတာပါ။ ခင်ဗျားတို့ ကျုပ်လောက် မြန်မြန် တင်နန်းသီကို ရှာတွေ့နိုင်မှာတဲ့လားဗျာ။ ကဲ… ကျုပ်ကို အပြစ်တင်နေတာနဲ့ ပြီးမှာမဟုတ်ဘူး ကိုစိန်းမောင်။ ရန်ကုန်ကို အမြန်ကြေးနန်းရိုက် အကြောင်းကြားဖို့ရှိသေးတယ်။ ပြီးတော့ မနက်ဖြန်မိုးလင်းလင်းချင်း ကျုပ်နဲ့ တင်နန်းသီ ရန်ကုန်ကို ပြန်လိုက်ဖို့ အထူးလေယာဉ်စီစဉ်ပေး။ ခင်ဗျားမစီစဉ်နိုင်ရင် ကျုပ်က ရန်ကုန်က ကျုပ်အဆက်ဆီကို ဝိုင်ယာလက်စ်နဲ့ အကြောင်းကြားပြီး စီစဉ်ခိုင်းရမှာပဲ'

သို့နှင့်ပင် တင်မောင်ဆွေနှင့် တင်နန်းသီတို့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်သို့ ခပ်စောစောတွင် ဆိုက်ရောက်လာတော့သည်။ တင်မောင်ဆွေအား စုံထောက်လုံခြုံရေးမှူးကြီး ကိုသောင်းဖေက လေယာဉ်ကွင်းတွင် လာရောက်စောင့်ကြိုလျက် ရှိနေ၏။

'မင်းကို ငါနောက်မှ ကောင်းကောင်းကြိမ်းရမယ် တင်မောင်ဆွေ၊ အခုတော့ မင်းကော မိန်းကလေးပါ ငါနဲ့ လိုက်ခဲ့ကြဦး။ မင်းတို့နှစ်ယောက်စလုံးဆီက စတိတ်မင်ယူရမယ်'

ကိုသောင်းဖေက တင်မောင်ဆွေ့အား မျက်ခြေပြတ်ခံလို့





တော့ဟန်မတူ။ သူနဲ့အပါ ခေါ်တော့သည်။

'စတိတ်မင်က ဘယ်အချိန်ယူယူရပါတယ် ကိုသောင်းဖေရာ၊ အခု အရေးကြီးတာက ဘဏ်တိုက်ကို အုပ်မိအောင်သွားဖို့ပဲဗျ'

တင်မောင်ဆွေက ကန့်ကွက်လိုက်ရာ ကိုသောင်းဖေက မျက်မှောင်ကြီးကြုတ်လိုက်သည်။

'ဒါကို ငါစီစဉ်ပြီးပါပြီ၊ ဘဏ်တိုက် မန်နေဂျာဆီကို ငါဖုန်းဆက်အကြောင်းကြားထားပြီးပါပြီ။ မတင်နန်းသီရဲ့ နာမည်နဲ့ ဆေ့ဖတီဒက် ပိုဇစ်ဘောက် (က်စ်)လာဖွင့်ရင် အဲဒီလူကို တားထားပြီး၊ သူက တို့ဆီကို ချက်ချင်းအကြောင်းကြားလိမ့်မယ်။ ပြီးတော့ ဘဏ်တိုက်က မနက်ဆယ်နာရီမှဖွင့်တာ၊ အခုမှ ရှစ်နာရီကျော်ကျော်ပဲရှိသေးတယ်။ စကားထပ်ရှည်မနေနဲ့၊ တို့နဲ့သာ မင်းတို့လိုက်ခဲ့ပေတော့'

တင်မောင်ဆွေလည်း ဘယ်လိုမှ စောဒက မတက်နိုင်တော့ဘဲ တင်နန်းသီနှင့်အတူ စုံထောက်ဌာနချုပ်သို့ လိုက်ခဲ့ရလေ၏။ ဌာနချုပ်တွင် တင်နန်းသီက တင်မောင်ဆွေအား ပြောပြခဲ့သည့်အတိုင်း ကိုသောင်းဖေအား ဂီးလ်ဘတ်သွင်အကြောင်းကို အပြည့်အစုံပြောပြလိုက်ရသည်။ ကိုသောင်းဖေက သူမပြောသမျှကို လက်ရေးတိုစာရေးတစ်ယောက်အား ရေးမှတ်ထားခိုင်းလိုက်၏။

တင်မောင်ဆွေကတော့ လက်ပတ်နာရီတကြည့်ကြည့်နှင့် ဘဏ်တိုက်သို့ လိုက်သွားဖို့သာ စိတ်စောနေမိလေသည်။

နံနက်ဆယ်နာရီတိတိတွင်ကား ကိုသောင်းဖေကြီးနှင့်အတူ တင်မောင်ဆွေနှင့်တင်နန်းသီတို့က ဘဏ်တိုက်သို့ရောက်လာတော့သည်။ ဘဏ်တိုက်တွင် ကိုသောင်းဖေအရင်စေလွှတ်ထားသော်စောင့်ခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



သော ဒုလုံခြုံရေးမှူး ကိုဘရွှေအား တွေ့ကြရသည်။ ကိုဘရွှေအ တင်နန်းသီနာမည်နှင့် ဘဏ်တိုက်သို့ တစ်ယောက်မှမလာသေး ကြောင်း ဆီး၍အစီရင်ခံသည်။

'ဒီလိုဆို ငါဘဏ်တိုက်မန်နေဂျာနဲ့ ဝင်တွေ့ဦးမယ်ကွာ'

ကိုသောင်းဖေနှင့်အတူ တင်မောင်ဆွေကလည်း ကပ်လိုက် သွားလေသည်။

'ဟော ရဲမှူးကြီးတို့ရောက်လာကြပြီကိုး၊ ထိုင်ကြပါခင်ဗျာ'

ဘဏ်မန်နေဂျာက ၎င်းတို့ကို ဖော်ဖော်ရွေရွေပင်ဆီး၍ ကြိုဆိုလျက် နေရာထိုင်ခင်းများ ပေးလိုက်သည်။

'အခုထက်ထိတော့ တင်နန်းသီအနေနဲ့ ဆေ့ဖ်တီဒက်ပိုဇစ် ဘောက်(က်စ်)ကို ဘယ်သူကမှ လာမဖွင့်သေးဘူး'ဟု ကိုသောင်းဖေ က စကားစလိုက်လျှင် ဘဏ်မန်နေဂျာက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

'တင်နန်းသီဆိုလို့ ကျွန်တော်ပြောရဦးမယ်၊ ရဲမှူးကြီးဆီက အကြောင်းကြားချက်ရလို့ ကျွန်တော် ခုနကပဲ မနေ့က ရက်ကျော် တွေကို ပြန်ရှာကြည့်တယ်။ အဲဒီအခါမှာ မနေ့နေ့လည် ၁ နာရီ ကျော်ကျော်လောက်က တင်နန်းသီဆိုတဲ့အမည်နဲ့ အမျိုးသမီးတစ် ယောက်က သူ၄ားထားတဲ့ဆေ့ဖ်တီဒက်ပိုဇစ်ဘောက်(က်စ်)ကို လာ ဖွင့်သွားတယ်ဆိုတာကို ကျွန်တော် တွေ့ရတယ်ဗျ'

ကိုသောင်းဖေသည် မျက်နှာကြီးမည်းကနဲ ဖြစ်သွားတော့ သည်။ တင်မောင်ဆွေအား မျက်လုံးကြီးများပြူးလျက် တစ်ချက် ကြည့်လိုက်၏။ တင်မောင်ဆွေကတော့ ဘာမျှားတတ်နိုင်ဦးမည်နည်း ဟူသည့် အမူအရာဖြင့် ပခုံးကို တွန့်ပြလိုက်သည်။





'ကဲ… တင်မောင်ဆွေ၊ မင်းရဲ့ တင်နန်းသီကို သွားခေါ် လိုက်စမ်းကွာ'

တင်မောင်ဆွေကလည်း သူ့အပြစ်နှင့်သူမို့ အပြင်ဘက်တွင် စောင့်ကျန်ရစ်ခဲ့သော တင်နန်းသီအား သွားခေါ်ပေးလိုက်သည်။

'ကဲ… မနေ့က ဆေ့ဖ်တီဒက်ပိုဇစ်ဘောက်(က်စ်)ကို လာ ဖွင့်သွားတဲ့ အမျိုးသမီးဟာ သူပဲလားဗျာ'

ဘဏ်မန်နေဂျာက စားပွဲပေါ်ရှိ ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။ ခေါင်းလောင်းသံကြောင့် ဝင်လာသော ရုံးစေလုလင် အား ဆေ့ဖ်တီဒက်ပိုဇစ်ဘောက်(က်စ်)ခေါ် လုံခြုံရေးသေတ္တာတာဝန် ခံအား ခေါ်ငင်ပေးရန် ခိုင်းစေလိုက်ရာ မကြာခင် အသက်၄၀ကျော် ခန့်ရှိ လူကြီးတစ်ယောက်က ဝင်ရောက်လာသည်။

'ကိုဘဇင် မနေ့က တင်နန်းသီ အမည်ခံပြီး သူ၄ားထားတဲ့ ဆေ့ဖ်တီဒက်ပိုဇစ်ဘောက်(က်စ်)ကို လာဖွင့်သွားတဲ့ အမျိုးသမီးဟာ သူပဲလားဗျ'

ဘဏ်မန်နေဂျာက တင်နန်းသီအား လက်ညှိုးထိုးပြကာ လုံခြုံရေးသေတ္တာတာဝန်ခံအား မေးလိုက်သည်။ လုံခြုံရေးသေတ္တာ တာဝန်ခံက တင်နန်းသီအား ခေတ္တမျှ စူးစိုက်ကြည့်ရှု အကဲခတ် ပြီးနောက် ခေါင်းကို ယမ်းခါပြလိုက်၏။

'မနေ့က တင်နန်းသီအမည်နဲ့ သူ၄ားထားတဲ့ ဆေ့ဖ်တီဒက် ပိုဇစ်ဘောက်(က်စ်)ကို လာဖွင့်သွားတဲ့ အမျိုးသမီးကို ကျွန်တော် ကိုယ်တိုင် လက်ခံခဲ့ရတာပါ ဦးစံရှိန်း။ အဲဒီအမျိုးသမီးဟာ သူမ ဟုတ်တာတော့ သေချာပါတယ်။ ဒါပေမဲ့ လာသွားတဲ့အမျိုးသမီး က သူနဲ့တော့အဆင်အပြင် တော်တော်တူတယ်။ သူ့ထက် အရပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး နည်းနည်းပိုရှည်ပြီး ကိုယ်လုံးကိုယ်ထည် ပိုကြီးပါတယ်။ ပြီးတော့ နေကာမျက်မှန်လည်း တပ်ထားပါတယ်'

ကိုသောင်းဖေက မျက်မှောင်ကြီးကြုတ်ကာ တင်နန်းသီအားတစ်လှည့်၊ တင်မောင်ဆွေအားတစ်လှည့် ကြည့်လိုက်သည်။

'မနေ့က လာသွားတဲ့အမျိုးသမီးဟာ တင်နန်းသီအတုပဲဗျ၊ အခု အမျိုးသမီးကမှ တင်နန်းသီအစစ်ပဲ'

လုံခြုံရေးသေတ္တာတာဝန်ခံ ကိုဘဇင်ခမျာ မျက်စေ့မျက်နှာပျက်သွားရှာသည်။

'သူလက်မှတ်ထိုးသွားတာကတော့ တင်နန်းသီနမူနာပေးသွားတဲ့ လက်မှတ်နဲ့ တထေရာတည်းပါပဲခင်ဗျာ၊ ကျွန်တော်ကလည်း တင်နန်းသီဆိုတာ လူကိုယ်တိုင် မရင်းနှီးတော့'

'ခင်ဗျားကို အပြစ်တင်စရာအကြောင်းမရှိပါဘူးလေ'ဟု ကိုသောင်းဖေက ပြောလိုက်အာ တင်မောင်ဆွေ့ထံသို့ မျက်မှောင်ကြီးကြုတ်လျက် တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။

'အပြစ်တင်ရမယ့် လူက တခြားတစ်ယောက်ပါ။ ကဲ… ကဲ… ဒါကို ထားလိုက်ပါတော့။ တင်နန်းသီ ငှားခဲ့တဲ့ ဆေ့ဖ်တီဒက်ပိုဇစ်ဘောက်(က်စ်)ကို ကျွန်တော်တို့ ကြည့်ပါရစေလား…'

လုံခြုံရေးသေတ္တာတာဝန်ခံ ကိုဘဇင် နောက်သို့ သူတို့အားလုံး လိုက်သွားကြသည်။ ကိုဘဇင်က ၎င်းတို့အား လုံခြုံရေးသေတ္တာများထားရာ အခန်းသို့ ခေါ်ဆောင်သွားကာ စာရင်းစာအုပ်ကိုကြည့်ပြီး သေတ္တာကလေးတစ်ခုကို ဖွင့်ပြလိုက်သည်။ သို့ရာတွင် သေတ္တာကလေးထဲတွင် ဘာမှမရှိတော့ချေ။

❖ ❖ ❖



# အခန်း - ၈

'ကဲ… တင်မောင်ဆွေ၊ မင်းနဲ့ငါနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ အချိန်ကျပြီကွ'

ကိုသောင်းဖေက တင်မောင်ဆွေ့အား အင်မတန်မှ စိတ်ရှည်လက်ရှည်ထားနေရသော အမူအရာဖြင့် ပြောလိုက်သည်။

ကိုသောင်းဖေ၏ရုံးခန်းထဲတွင် ဖြစ်သည်။ ကိုသောင်းဖေနှင့်တင်မောင်ဆွေအပြင် အထူးထောက်လှမ်းရေးမှ စုံထောက်ကိုချမ်းစိန်တို့ပါရှိနေကြသည်။ သူတို့ ဘဏ်တိုက်မှပြန်လာကြပြီး နေ့ခင်းပိုင်းတွင် ကိုသောင်းဖေ၏ရုံးခန်းထဲတွင် ပြန်လည်စုရုံးမိကြခြင်း ဖြစ်၏။

တင်မောင်ဆွေမှာလည်း တော်တော်အလုပ်ရှုပ်ခဲ့သည်။ တင်နန်းသီအား မော်လမြိုင်သို့ ပြန်ပို့ရန် ပထမစီစဉ်ရပြီးနောက် သို့ဝ်က်ထောက်လှမ်းရေးမှ ဦးဘငြိမ်းထံ လူကိုယ်တိုင်သွားရောက်ကာ အကျိုးအကြောင်း စုံလင်စွာ အစီရင်ခံလျက် ညွှန်ကြားချက်များ တောင်းခံခဲ့ရသည်။ ဤတွင် ဦးဘငြိမ်းက ထိုကိစ္စကို တင်မောင်ဆွေပင် ဆက်ကိုင်ပြီး ရဲဘက်နှင့် တတ်နိုင်သမျှ ပူးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန် ညွှန်ကြားချက်ပေးလိုက်၏။

'ဆွေးနွေးရပါတယ် ကိုသောင်းဖေ၊ ကျွန်တော်လည်း ကျွန်တော့်ကို တာဝန်ပေးတဲ့လူဆီက ခင်ဗျားတို့နဲ့ တတ်အားသရွေ့ ပူးပေါင်းဆောင်ရွက်ဖို့ ညွှန်ကြားချက်ရခဲ့ပါပြီဗျ'

တင်မောင်ဆွေက ဤသို့အစချီကာ ကိုသောင်းဖေကြီးနှင့် ကိုချမ်းစိန်တို့အား သူသိထားသရွေ့ကို ဗူလတန်အာမက်အကြောင်း ပါမချန် အကုန်အစင် ပြန်လည်ပြောပြလိုက်လေ၏။

'အင်း... မင်းပြောတာတွေက တော်တော်စိတ်ဝင်စားစရာ ကောင်းပါရဲ့ကွာ။ ဒါပေမဲ့ ဘာတစ်ခုမှ တိတိကျကျ မရှိသေးဘူး ဗူလတန်အာမက်ကို သွားခြိမ်းခြောက်ခဲ့တာသာ တိကျတာတစ်ခု ပဲရှိတယ်'

တင်မောင်ဆွေပြောသမျှကို စိတ်ဝင်စားစွာ နားထောင်ပြီး နောက် ကိုသောင်းဖေက မီးမညှိရသေးသော ဆေးပြင်းလိပ်တိုကို ဝါးရင်းက မှတ်ချက်ချလိုက်သည်။

'အတိအကျသိရအောင် လိုက်စုံစမ်းရဖို့က ခင်ဗျားတို့ ကျွန်တော်တို့တာဝန်ပဲပေါ့ ကိုသောင်းဖေရာ။ ဒီကိစ္စထဲမှာ ဗူလတန် အာမက်ပါနေတာကတော့ သေချာပါတယ်။ အသတ်ခံရတဲ့ ဂီးလ် ဘတ်သွင်ကို သူကစင်္ကာပူကနေခေါ်လာပြီး မြန်မာပြည်ထဲကို တိတ် တိတ်ခိုးသွင်းပေးခဲ့တာကတော့ သေချာသလောက်ပါပဲ။ ဘာကြောင့် ဂီးလ်ဘတ်သွင်က စင်္ကာပူကနေ မြန်မာပြည်ထဲကို တိတ်တိတ်ခိုး သွင်းခဲ့တယ်။ ဂီးလ်ဘတ်သွင်ယူလာတဲ့ အထုပ်ဟာ ဘာဆိုတာ ကို သိရရင် ဒီကိစ္စဟာ တော်တော်ရှင်းသွားတော့မှာပါဗျာ'

'ဗူလတန်အာမက်ကို ကျွန်တော်တို့ဌာနက စောင့်ကြည့်





ခဲ့တာကြာပါပြီ။ ဒီကုလား ရုတ်ရုတ်ရုတ်ရုတ်လုပ်နေတာ သေချာ ပေမယ့် ဘာမှ လက်ဆုပ်လက်ကိုင်တော့ မမိသေးဘူးဗျ'

အထူးထောက်လှမ်းရေးမှ ကိုချမ်းစိန်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစဉ် ဒုလုံခြုံရေးမှူး ကိုဘရွှေက အခန်းထဲသို့ဝင်လာ ကာ စာရွက်တစ်ရွက်ကို ကိုသောင်းဖေကြီးအား လှမ်းပေးလိုက် သည်။ ကိုသောင်းဖေကြီးက စာရွက်ကို ဖတ်ပြီးသည့်အခါတွင်မှ တင်မောင်ဆွေအား ခပ်မဲ့မဲ့ လှမ်းကြည့်လိုက်၏။

'ဂီးလ်ဘတ်သွင် အကြောင်းပဲကွ တင်မောင်ဆွေ။ သူ့ အကြောင်း ငါစုံစမ်းခိုင်းထားတာကွ၊ ဂီးလ်ဘတ်သွင်ဟာ မင်းပြော သလို စင်္ကာပူကလာတာ မဟုတ်ဘူးကွ။ ပြည်ထောင်စုမြန်မာနိုင်ငံ သား သူဌေးတစ်ယောက်ပဲ။ ကြို့ကုန်းက သူ့တိုက်ကြီးမှာ နေလာ တာ ၁၅နှစ်လောက်ရှိပြီ'

'ရွှေတံခါးမှာ အသတ်ခံခဲ့ရတဲ့လူရဲ့ဓာတ်ပုံ ခင်ဗျားတို့ဆီမှာ ရှိတယ် မဟုတ်လား'

'ဓာတ်ပုံမလိုပါဘူးလေ။ သူဟာ အခုထက်ထိ ကြို့ကုန်းမှာ ကျန်းကျန်းမာမာနဲ့ အသက်ရှင်လျက်ရှိနေသေးတယ်ကွ။ မင်းတို့ရဲ့ ရွှေတံခါးမှာ အသတ်ခံရတဲ့လူက ဂီးလ်ဘတ်သွင် ဟုတ်ကိုမဟုတ် ဘူး'

တင်မောင်ဆွေကတော့ မအံ့သြမိတော့ချေ။ မူလကတည်း ကပင် အသတ်ခံရသူသည် ဂီးလ်ဘတ်သွင်၏အမည်ကို ခံယူထား ခြင်းဖြစ်ချင် ဖြစ်မည်ဟု သူက ထည့်တွက်ထားခဲ့သည် မဟုတ် ပါလား။

ကြို့ကုန်းရှိ ဂီးလ်ဘတ်သွင်၏တိုက်ကြီးမှာ ခမ်းနားကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လှလေသည်။ ၂၉ကကျော်ကျော် ကျယ်ဝန်းမည်ဖြစ်သော စိမ်းလန်းစိုပြည်သည့် ခြံဝင်းထဲတွင် ထည်ထည်ဝါဝါကြီး ရပ်တည် လျက်ရှိနေ၏။ တိုက်ကြီး၏ဘေးတစ်ဘက်တွင် တင်းနစ်ကွင်းတစ်ခု ရှိကာ အခြားတစ်ဘက်တွင် ခေတ်မီသော ရေကူးကန်တစ်ခုက ရှိနေသေးသည်။ ဤအခြင်းအရာတွေကို ထောက်ချင့်၍ ဤတိုက်ပိုင် ရှင်ကြီးသည် နေဥစ္စာလိုသည်ထက် ပိုမိုပြည့်စုံသူတစ်ဦးဖြစ်ကြောင်း သိသာနိုင်၏။

'ဒီ ဂီးလ်ဘတ်သွင်အကြောင်းနဲ့ ပတ်သက်လို့ မင်းဘာတွေ တိတိကျကျ သိထားရသလဲ'

ကိုသောင်းဖေက ကားပေါ်မှ မဆင်းခင် ဂီးလ်ဘတ်သွင် အကြောင်းကို စုံစမ်းခဲ့သည့် သူ့လက်ထောက် စုံထောက်ရဲတပ်ကြပ် ကြီးကို မေးလိုက်သည်။

'သူ့နာမည်ဟာ ဂီးလ်ဘတ်သွင့်ဆိုတာ အမှန်ပါဆရာ ပြီးတော့ သူဟာ ရန်ကုန်ကနေ ဘယ်ကိုမှမသွားခဲ့တာ သုံးလတိတိ ရှိပြီဆိုတာလည်း သေချာပါတယ်။ သူဌေးတစ်ယောက်ပဲ ဆရာ နိုင်လွန်စက်ရုံပိုင်ရှင်တစ်ယောက်ပဲ။ ပြည်သူပိုင်စနစ် မလာခင်တုန်း ကတော့ စီးပွားရေးလုပ်ငန်းတွေ တော်တော်ဖြန့်လုပ်ခဲ့တဲ့ လူတစ် ယောက်ပဲ။ ပြည်သူပိုင်အလုပ်လုပ်တဲ့အထဲမှာ သူ့စတိုးဆိုင်ကြီး သုံးဆိုင်တောင် ပါသွားခဲ့သေးတယ် ဆရာရဲ့'

ကိုသောင်းဖေတို့၏ မော်တော်ကားသည် ကျောက်ခင်းခြံ ဝင်းလမ်းကလေးအတိုင်း ပိုးမွေးသလို မွေးထားသည့် လှပညီညာ သော မြက်ခင်းပိုင်းကြီးကိုပတ်ကာ တိုက်ကြီး၏ပေါ်တီကို အောက် တွင် ဝင်ရပ်လိုက်သည်။ တိုက်ဘေးကွက်လပ်ထဲတွင် ကားသုံးလေး





စီး ရပ်ထားသည်ကို သူ တွေ့ရသည်။

'သူ့မန်နေဂျာတွေရဲ့ ကားတွေပဲ။ သူက အိမ်ကနေ အလုပ် လုပ်တယ်။ သူ့မန်နေဂျာတွေက ဒီလိုပဲ သူ့ဆီကို နေ့တိုင်း လာတွေ့ ရတယ်'

စုံထောက်ရဲတပ်ကြပ်ကြီးက ရှင်းပြလိုက်ပြန်၏။ ဂီးလ် ဘတ်သွင်ကား လုပ်ငန်းတော်တော် ကြီးကျယ်သူဖြစ်ကြောင်း တစ် ခုတိုးလာပြန်ခြင်းဖြစ်သည်။

သူတို့အား တံခါးလာဖွင့်ပေးသူမှာ သပ်သပ်ရပ်ရပ်ဝတ်ဆင် ထားသော အိမ်စေယောက်ျားတစ်ယောက် ဖြစ်လေ၏။

ကိုသောင်းဖေက သူ့ရာထူးစာအုပ်ကလေး ထုတ်ပြလိုက် သည်။

'ဂီးလ်ဘတ်သွင်နဲ့ ငါတို့ စကားပြောချင်တယ်ကွာ'

အိမ်စေယောက်ျားသည် ကိုသောင်းဖေ၏ရာထူးစာအုပ်ကို တစ်လှည့်၊ ကိုသောင်းဖေကို တစ်လှည့်ကြည့်ကာ ခပ်ကြောင်ကြောင် ဖြစ်နေသည်။ ပြီးမှ···

'ဧည့်ခန်းထဲမှာ ခဏစောင့်နေကြပါဦးခင်ဗျာ။ ကျွန်တော် ကို့ဆရာ အား မအား ကျွန်တော် သွားကြည့်ပါဦးမယ်'

ဂီးလ်ဘတ်သွင်၏ ဧည့်ခန်းမကြီးမှာ တိုက်ကြီးကဲ့သို့ပင် ခြောင်လက်ချောမွတ်နေ၏။ ခမ်းနားသော ဆိုဖာကြီးများ ချထားရာ နေရာတွင်တော့ အဖိုးတန် မွေးပွကော်ဇောကြီးတွေကို ခင်းထား၏။ အိမ်ထောင်ပရိဘောဂ အားလုံးသည်လည်း အထက်တန်းကျလှသည်။ ၎င်း၌ ထူးခြားသည်ကား လေအေးလွှတ်စက်များ ကပ်ထားခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဆယ်မိနစ်ကြာအောင် စောင့်နေရ၏။ ပြီးမှ ဧည့်ခန်းကြီး၏ အတွင်းဘက်ရှိ ပိတ်ထားသော ကွန်းတံခါးတစ်ချပ်က ပွင့်လာကာ လူတစ်ယောက်ဝင်လာသည်။ အသားဖြူဖြူ အရပ်ရှည်ကာ ဥပဓိရုပ်တော်တော် ခံ့ညားလှသူတစ်ဦးဖြစ်၏။ ကပြား သွေးပါပုံရ၏။ သို့ရာတွင် တက်ထရွန်ရှပ်လက်ရှည်အဖြူ ပါတိတ်ချည်လုံချည်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော ဖြူနုသောခြေထောက်များတွင် ကတ္တီပါညှပ်ဖိနပ်ကို စီးထား၏။ အသက်ကတော့ ငါးဆယ်နီးပါးဟု ခန့်မှန်းရသည်။

ငင်းသည် ဖျတ်လတ်စူးရှသော မျက်လုံးများဖြင့် ကိုသောင်းဖေတို့လူစုကို ခြုံကြည့်လိုက်သည်။ ကိုသောင်းဖေတို့ကလည်း တင်မောင်ဆွေအပါအဝင် အားလုံးထိုင်ရာမှ ထလိုက်ကြသည်။

'အင်း... ကျွန်တော့်အနေနဲ့ စုံထောက်ဘက်ကလူတွေနဲ့ တစ်ခါမှ မဆက်ဆံဘူးသေးဘူးဗျာ' ဟု ငင်းက ခပ်ပြုံးပြုံး စကားပလ္လင်ခံပြီးမှ လက်တစ်ဖက်ယမ်းကာ...

'ကဲ... ကျွန်တော့် အောဖစ္စအလုပ်ခန်းထဲမှာပဲ စကားပြောကြတာပေါ့ဗျ၊ ကြွကြပါ' ဟု ဖိတ်ခေါ်လိုက်သည်။

ဂီးလ်ဘတ်သွင်၏ အောဖစ္စအလုပ်ခန်းသည်လည်း ထည်ဝါခန့်ညားလှသည်။ ကြီးမားပြောင်လက်သော စားပွဲကြီးတစ်ခုက ကျယ်ဝန်းသော မှန်ပြတင်းကြီးတစ်ခုကို ကျောပြုလျက်ရှိနေ၏။ စားပွဲနောက်တွင်တော့ သားရေဖုံးဆုံလည်ကုလားထိုင်တစ်ခုက ရှိနေသည်။ ဧည့်ခန်းထဲမှာလိုပင် လေအေးစက်က အေးမြသော လေတွေကို လွှတ်ပေးနေ၏။ ဧည့်ခန်း၏ တစ်ဘက်ထောင့်တွင်တော့ အရက်ဆိုင်များမှာလို ကောင်တာဘားကလေးတစ်ခုက ရှိနေသည်။ ကောင်





တာဘားနောက်မှ မှန်စီရိုကြီးထဲတွင်ကား နိုင်ငံခြားအရက်ပုလင်းအမျိုးမျိုးက အစီအရီရှိနေကြ၏။

ကိုသောင်းဖေက သူနှင့်ပါလာသူများကို ဂီးလ်ဘတ်သွင်နှင့်မိတ်ဆက်ပေးလိုက်သည်။ ထို့နောက် သူအသင့်ယူဆောင်လာသော ရွှေတံခါးပျော်ပွဲစားရုံအဆင်ဝတွင် အသတ်ခံခဲ့ရသော လူ၏ဓာတ်ပုံကို ဂီးလ်ဘတ်သွင်အား ထုတ်ပြလိုက်သည်။

'ဒီလူကို မစ္စတာဂီးလ်ဘတ်သွင် မြင်ဖူးပါသလားဗျာ'

ဂီးလ်ဘတ်သွင်သည် ဓာတ်ပုံကိုကြည့်လိုက်ပြီးလျှင် တော်တော် အံ့သြသွားပုံရလေသည်။

'ဟာ... မြင်ဖူးရုံတင် ဘယ်ကမလဲ ကျွန်တော် ကောင်းကောင်းသိတာပေါ့။ ဒါပေမဲ့ သူ့မျက်နှာက ဘာဖြစ်နေတာလဲ တော်တော်နေမကောင်း ဖြစ်နေပုံရတယ်'

'နေမကောင်းဖြစ်နေတာ မဟုတ်ပါဘူးလေ။ သေနေတာပါ မစ္စတာ ဂီးလ်ဘတ်၊ သူ့အလောင်းကို ကျွန်တော်တို့က ဓာတ်ပုံရိုက်ယူထားတာပါ'

ဂီးလ်ဘတ်သွင်၏ မျက်နှာသည် အလွန်အမင်း အံ့သြတုန်လှုပ်သွားမှုကို ဖော်ပြလိုက်ပြန်သည်။ ထို အံ့သြတုန်လှုပ်သော အမူအရာသည် အစစ်အမှန် ဖြစ်ပေမည်ဟု တင်မောင်ဆွေက အကဲခတ်ချမှတ်လိုက်မိသည်။

'သူ သေပြီဟုတ်လား၊ မယုံကြည်နိုင်စရာပါပဲဗျာ'

ဂီးလ်ဘတ်သွင်က လက်တစ်ဖက်ဖြင့် နားကိုသပ်လိုက်ကာ တစ်ယောက်တည်း ပြောသလို ရေရွတ်လိုက်သည်။

'သူ ဘယ်သူဆိုတာကို ကျွန်တော်တို့သိချင်တယ် မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ဂီးလ်ဘတ်၊ သူ့အကြောင်း ခင်ဗျားသိသမျှကို ကျေးဇူးပြုပြီး ပြော ပါလား'

'သူ့နာမည်က ဒေးဗစ်ခေါ် ဘလွင်ပဲ၊ ကျွန်တော်နဲ့ဆွေမျိုး နီးစပ်တော်တယ်။ ကျွန်တော့်ပီအေ ကိုယ်ရံတော်လက်ထောက်အဖြစ် ဆောင်ရွက်ခဲ့ဖူးတယ်။ နေပါဦးလေ။ သူဘယ်လိုသေရတယ်ဆိုတာ ကျွန်တော် မသိရဘူးလားဗျာ'

'ရန်ကုန်ထဲက ရွှေတံခါးပျော်ပွဲစားရုံအဝင်ဝမှာ ဓားထိုး အသတ်ခံရတာပါ။ ကြေးစားလူဆိုးတွေက သတ်တယ်ဆိုတာ ကျွန်တော်တို့ သိရတယ်။ ထူးခြားတာက သူဟာ ခင်ဗျားနာမည်ကို အသုံးပြုနေခဲ့တာပဲ မစ္စတာ ဂီးလ်ဘတ်'

'ကျုပ်နာမည်ကို သူက သုံးခဲ့တယ်ဟုတ်လား'

ဂီးလ်ဘတ်သွင်သည် တအံ့တသြ ရေရွတ်လိုက်ပြန်ရာ နှဖူးကို လက်ဖြင့်သပ်လိုက်ပြန်သည်။ ပြီးလျှင် ထိုင်ရာမှထ ဘားဆီသို့ လျှောက်သွားပြီး ကောင်တာအောက်မှ ဟင်နက်ဆီဘ ဒီပုလင်းကိုထုတ်ယူလျက် ဖန်ခွက်ထဲတွင် လက်နှစ်လုံးခန့်ထည့် တစ်ကျိုက်တည်း မော့ချလိုက်သည်။

ဘရန်ဒီအရက်သည် ၎င်း၏စိတ်ကို တော်တော် ပြန်လည် တည်ငြိမ်သွားစေပုံရသည်။ ဂီးလ်ဘတ်သွင်က ကိုသောင်းဖေအ လှမ်းကြည့်ကာ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်၏

'ကျွန်တော်တော့ အံ့သြလို့ မဆုံးတော့ပါဘူး အင်စပေ တာ။ တကယ့်ကို အံ့သြလို့မဆုံးတော့ပါဘူး။ ဒေးဗစ်ဟာ ကျွန်တော့် နာမည်ကိုယူပြီး အသတ်ခံခဲ့ရတယ်ဆိုတာ ကျွန်တော့်အနေနဲ့ န လည်ဖို့ အတော်ခက်နေရတော့တာပါပဲ'





'သူ့အကြောင်းကို ဒီထက် စုံစုံလင်လင် ပြောပြပါလား။ ပမာ သူ့ကို ခင်ဗျား ဘယ်တုန်းက နောက်ဆုံးတွေ့ခဲ့ရသလဲဆို ာ…'

ကိုသောင်းဖေက သူသိလိုသော အကြောင်းအရာကိုသာ ာ်၍ မေးလိုက်သည်။ ဂီးလ်ဘတ်သွင်က သူ့စားပွဲသို့ ပြန်လျှောက် ာကာ ဆုံလည်ကုလားထိုင်ကြီးတွင် လေးတွဲ့စွာ ဝင်ထိုင်လိုက်၏။

'သူ ကျွန်တော့်ဆီက ထွက်သွားတာ အင်း… နှစ်လ ောက်တော့ရှိပြီ။ သူက ကျွန်တော့်လိုပဲ အင်္ဂလိပ်တစ်ယောက်ပါပဲ။ ာ်ပူမှာ သူ့ဦးလေးဝမ်းကွဲတစ်ယောက်ရှိတော့ အဲဒီကိုသွားမယ် ပြီး ထွက်သွားတာပဲ ခင်ဗျ…'

'သူ့ကို ခင်ဗျားက အလုပ်ဖြုတ်ပစ်လိုက်တာလား…'

တင်မောင်ဆွေက ဝင်မေးလိုက်ခြင်းဖြစ်သည်။ ဂီးလ်ဘတ် င်က တင်မောင်ဆွေဘက်သို့ လှည့်ကြည့်ကာ ခေါင်းခါပြလိုက် ည်။

'မဟုတ်ပါဘူးလေ။ သူဟာ ကျွန်တော် အလွန်အားကိုးရ ဲ့ လက်ထောက်တစ်ယောက်ပါ။ အလုပ်ကို ကျွမ်းကျင်တယ်။ ွားရေးအမြင်လည်း ရှိတယ်။ သူက သူ့ကိုယ်ပိုင်စီးပွားရေးအလုပ် ်ခုလုပ်ဖို့ ကြံစည်ကြိုးစားနေခဲ့တယ်။ ဒါနဲ့ စင်္ကာပူက သူ့ဦးလေး ဆက်သွယ်ရအောင်ဆိုပြီး ကျုပ်ဆီက ခွင့်ယူလို့ ထွက်သွားတော့ ာပဲ'

'ဒီလိုဆို သူဟာ အသတ်မခံရမီအချိန်က ဘာပဲလုပ်နေခဲ့ ေး။ ခင်ဗျားကို ကိုယ်စားပြုလုပ်ခဲ့တာ မဟုတ်ဘူးလို့ ခင်ဗျား ဆိုလိုတာပေါ့…'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက မေးလိုက်ပြန်ခြင်းဖြစ်၏။ ဂီးလ်ဘတ်သွင်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

'မှန်တာပေါ့ဗျာ၊ သူ ကျွန်တော့်ဆီက ထွက်သွားကတည်းက ဘာတွေလုပ်ခဲ့တယ်ဆိုတာ ကျွန်တော့်အနေနဲ့ လုံးဝမသိပါဘူး မိတ်ဆွေ။ ဒါပေမဲ့ သူ့အလုပ်ကိစ္စတွေမှာ ကျွန်တော့်ကို ရည်ညွှန်းစရာလိုရင် ရည်ညွှန်းဖို့ကိုတော့ ကျွန်တော်ပြောခဲ့ပါတယ်'

'သူ့မှာ နိုင်ငံကူး ပတ်စ်ပို့တ်လက်မှတ်ရှိသလား'

ဤမေးခွန်းကိုတော့ ကိုသောင်းဖေက ထုတ်လိုက်၏။

'ရှိမှာပေါ့ဗျာ၊ ရှိလို့သာ သူသွားနိုင်တာပေါ့၊ သူဟာ အရင်ကလည်း စက်ာပူနဲ့အဆက်အသွယ်ရှိနေခဲ့တာပဲ'

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိနေရာမှ ရုတ်တရက်မေးခွန်းထုတ်လိုက်ပြန်သည်။

'ဒီမှာ မစ္စတာ ဂီးလ်ဘတ်၊ ခင်ဗျား တင်နန်းသီဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို သိသလား'

'ဟုတ်ကဲ့ သိပါတယ်။ သူဟာ ပန်းပုဆရာမတစ်ယောက်ပဲ။ သူ့လက်ရာကို ကျွန်တော် တော်တော်ကြိုက်လို့ သူ့ဆီက ပန်းပုရုပ်လေးငါးရုပ်တောင် ဝယ်ခဲ့သေးတာပဲ'

'ခင်ဗျား သူနဲ့ ဘယ်လောက်ရင်းနှီးသလဲ'

ဂီးလ်ဘတ်သွင်က ပြုံးကာ ခေါင်းကို ယမ်းခါပြလိုက်သည်။

'ဆောရီးပဲဗျာ၊ ကျွန်တော် သူ့ကို သိတယ်ဆိုတာက လူချင်းသိတာကို ပြောတာမဟုတ်ပါဘူး။ သူ့နာမည်နဲ့ သူ့လက်ရာကိုသာ သိတာလို့ ဆိုလိုတာပါ။ ကျွန်တော်နဲ့သူဟာ လူချင်းတော့





တစ်ခါမှ ဆုံဖူးသေးတာ မဟုတ်ပါဘူး'

'ဒေးဗစ်ဘလွင်ဟာ သူအသတ်မခံရမီ ရက်အနည်းငယ်က တင်နန်းသီကို သူကိုယ်တိုင်သွားတွေ့ခဲ့ပါတယ် မစ္စတာဂီးလ်ဘတ်။ အဲသလိုသွားတွေ့ရာမှာ ဒေးဗစ်ဟာ သူ့ကိုယ်သူ ဂီးလ်ဘတ်သွင်လို့ ပြောခဲ့ပါတယ်။ ပြီးတော့ အဖိုးတန်တယ်ဆိုတဲ့ အထုပ်တစ်ထုပ်ကို တင်နန်းသီဆီမှာ အပ်ထားခဲ့ပါတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ခင်ဗျားက ဘာများသိသလဲ'

ဂီးလ်ဘတ်သွင်က မျက်မှောင်ကြုတ်လျက် တင်မောင်ဆွေအား ကြည့်ကာ ခေါင်းခါပြလိုက်သည်။

'အဲဒါကိုတော့ ကျုပ်ဘာမှမသိပါဘူး။ သူ အဲသလို လုပ်ခဲ့တယ်ဆိုရင် ကျုပ်တော့ တော်တော်အံ့သြမိတာပဲ။ သူ့မှာ အဲသလို လုပ်စရာ ဘာအကြောင်းများ ရှိလို့လဲဗျာ'

'အဲဒါကို ကျွန်တော်တို့ကလည်း သိချင်နေတာပါပဲ မစ္စတာဂီးလ်ဘတ်၊ အဖိုးတန်လှတယ်ဆိုတဲ့ အထုပ်တစ်ထုပ်ကို လုံလုံခြုံခြုံထားစရာနေရာတွေက အများကြီးပါ မစ္စတာ ဂီးလ်ဘတ်၊ ဒါနဲ့တောင် သူဟာ သူတစ်ခါမှမတွေ့ဘူးတဲ့ မိန်းကလေးတစ်ယောက်ဆီမှာ ခင်ဗျားနာမည်ကို သုံးပြီး သွားအပ်ထားခဲ့တယ် အဲဒါ ဘာကြောင့်လဲ'

ဂီးလ်ဘတ်သွင်က လက်နှစ်ဖက်ကို ဖြန့်ပြလိုက်၏။

'အဲဒါကို ကျုပ်လည်း မစဉ်းစားတတ်တော့ပါဘူးဗျာ'

တင်မောင်ဆွေက ဂီးလ်ဘတ်သွင်၏ မျက်နှာကိုစူးစိုက်ကြည့်ရှုလိုက်သည်။

'ကျွန်တော် စဉ်းစားမိတာကတော့ တစ်ခုရှိတယ်မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ဂီးလ်ဘတ်၊ ဒေးဗစ်ဟာ ဥပဒေအပြင်ဘက်က လူတစ်စုနဲ့ ဆက်သွယ်မိပြီး ဥပဒေအပြင်ဘက်က ကိစ္စတစ်ခုကို လုပ်ခဲ့လိမ့်မယ်။ ဒီတော့ သူ့ဆီမှာ ဘေးအန္တရာယ်ရှိနေတယ်ဆိုတာကိုလည်း သူသိခဲ့လိမ့်မယ်။ ဒီတော့ကာ သူဟာ တစ်ခုခုဖြစ်သွားရရင် ဒီအထုပ်ဟာ ခင်ဗျားဆီရောက်သွားရဖို့ကို သူကရည်ရွယ်ပြီး ခင်ဗျားနာမည်ကို သိထားတဲ့ ပန်းပုဆရာမ တင်နန်းသီဆီမှာ ခင်ဗျားနာမည်ကို သုံးပြီး အပ်ထားခဲ့တာပဲ ဖြစ်ရမယ်။ အထုပ်ကို သူက ပြန်မယူနိုင်ရင် အမျိုးသမီးက ခင်ဗျားဆီကို စာတိုက်ကနေ ပြန်ပို့ရင် ပို့မယ်။ ဒါမှမဟုတ် စာနဲ့အဆက်သွယ်အကြောင်းကြားမယ်လို့ သူက တွက်ခဲ့ပါလိမ့်မယ်'

ဂီးလ်ဘတ်သွင်သည် မျက်မှောင်ကြုတ်ပြန်သည်။ တင်မောင်ဆွေကပြောသည်ကို သူက သိပ်သဘောကျပုံမရ။

'ခင်ဗျား စဉ်းစားထားတာဟာ ဖြစ်ချင်လည်းဖြစ်နိုင်တာပေါ့လေ။ ဒါပေမဲ့ ဒီအကြောင်းကို ကျုပ်က လုံးဝမသိတာတော့ အမှန်ပဲ။ ခင်ဗျားတို့ပြောနေတဲ့ အထုပ်ဆိုတာ ဘာအထုပ်မှန်းတောင် ကျုပ် မသိပါဘူး။ ဒေးဗစ်အလုပ်က ခွင့်ယူသွားတဲ့နောက် သူနဲ့ကျုပ်ဟာ ဘာအဆက်အသွယ်မှ မရှိခဲ့တော့ဘူး'

ဂီးလ်ဘတ်သွင်က ပြောပြောဆိုဆို စားပွဲအံဆွဲတစ်ခုကို ဆွဲဖွင့်ကာ အထဲတွင် ရှာဖွေပြီးနောက် ဖိုင်တွဲခပ်ပါးပါးတစ်ခုကို ဆွဲထုတ်လိုက်သည်။

'ဟောဒီမှာ ဒေးဗစ်ရဲ့ ပါဆင်နယ်ဖိုင် (ကိုယ်ရေးမှတ်တမ်း) ရှိတယ်။ ခင်ဗျားတို့ ကြည့်ချင်ကြည့်နိုင်ပါတယ်။ သူဟာ ကျွန်တော့်ဆီမှာ ရှိတုန်းကတော့ အလုပ်ကို ရိုးရိုးတန်းတန်းလုပ်ခဲ့တာပဲ ခင်ဗျ'





'ကျေးဇူးတင်ပါတယ်' ဟု ပြောပြောဆိုဆို ဂီးလ်ဘတ်သွင်၏ လက်ထဲမှ ဖိုင်တွဲကို လှမ်းယူလိုက်သည်။

'ဒါနဲ့ ဒေးဗစ်မှာ အိမ်ထောင်တွေ ဘာတွေကော ရှိသလား ဗျ'

'ကျွန်တော်သိရသလောက်တော့ ဒေးဗစ်ဟာ လက်ရှိတော့ တစ်ကိုယ်ရေ တစ်ကာယသမားတစ်ယောက်ပဲ။ ဒါပေမဲ့ တစ်ခါတုန်းကတော့ သူဟာ အိမ်ထောင်ကျခဲ့ဖူးတယ်လို့ ကျွန်တော်နားလည်ရပါတယ်။ ဒါပေမဲ့ ဘယ်က အမျိုးသမီးဆိုတာကိုတော့ ကျွန်တော် မသိရပါဘူး အင်စပက်တာ'

ကိုသောင်းဖေက ဒေးဗစ်ဘလွင်၏ ကိုယ်ရေးမှတ်တမ်းကိုဖွင့်ကြည့်လိုက်ရာ တင်မောင်ဆွေကပါ ထိုင်ရာမှထလာပြီး ၎င်း၏ ခုံးပေါ်မှ ကျော်ကြည့်လိုက်၏။

ဒေးဗစ်ဘလွင်၏ ကိုယ်ရေးရာဇဝင်ကား သိပ်ပြီးတော့ ထူးထူးခြားခြား မရှိလှချေ။

ဒေးဗစ်ဘလွင်သည် ၎င်းအသတ်ခံရသော အချိန်တွင် အသက် ၃၈နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် ဂီးလ်ဘတ်သွင်ထံ၌ လာ၍ အလုပ်လုပ်နေခဲ့သည်မှာ ငါးနှစ်ရှိသွားခဲ့ပေပြီ။ လွန်ခဲ့သော နှစ်လက သူသည် ခွင့်ရက်ရှည်ယူသွားခဲ့၏။ ၎င်းသည် ရန်ကုန်တက္ကသိုလ်တွင် ဥပစာ အထက်တန်းအောင်မြင်ခဲ့ကာ စာရင်းကိုင်စာမေးပွဲလည်း အောင်ထားသူဖြစ်သည်။ တစ်ခါက အိမ်ထောင်ကျပြီး ယခုတစ်ကိုယ်ရေတစ်ကာယ ဖြစ်သည်ဟု မှတ်တမ်းတွင် ဖော်ပြထားသော်လည်း မည်သည့်အမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့ဖူးသည်ကိုကား ဖော်ပြ၍ မထားချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်ဘလွင် အသက်ရှင်စဉ်က နေထိုင်ခဲ့သည့်ကား အင်းစိန်ကြေးတိုင်အုပ်စုအရပ်မှ တိုက်ခန်းတစ်ခန်းတွင် ဖြစ်လေ၏။

'ဒေးဗစ်ဘလွင်ရဲ့ ကိုယ်ရေးရာဇဝင်ပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ ဆက်စုံစမ်းကြတာပေါ့ဗျာ'

ပြန်ရန် ကားပေါ်သို့ ပြန်အတက်တွင် စုံထောက်ရဲတပ်ကြပ်ကြီးက ပြောလိုက်ခြင်းဖြစ်သည်။

'ဂီးလ်ဘတ်သွင်က ကိုတင်မောင်ဆွေကိုတော့ သိပ်သဘောကျပုံမရဘူးနော်'

'တင်မောင်ဆွေကို ဘယ်သူကကော သဘောကျလို့လဲကွာ'

တင်မောင်ဆွေကို ကျွဲမြီးတိုလျက်ပင် ရှိနေသေးသော ကိုသောင်းဖေက ရွဲ့လိုက်ခြင်းဖြစ်လေ၏။ တင်မောင်ဆွေက ဘာမှ မပြော။ မထေမဲ့မြင်ပြုံးကာ ပခုံးကိုသာ တွန့်ပြလိုက်သည်။

သူ့တိုက်ခန်းသို့ ပြန်ရောက်လျှင် တင်မောင်ဆွေက ရေခဲသေတ္တာထဲမှ ဘီယာပုလင်းကို ထုတ်ယူကာ ဘီယာအေးအေးစုပ်ရင်းက ဦးဘငြိမ်းထံသို့ ဖုန်းဆက်လိုက်ကာ ဂီးလ်ဘတ်သွင်ထံမှ သိခဲ့သော အကျိုးအကြောင်း အစုံအလင်ကို အစီရင်ခံလိုက်၏။ ဦးဘငြိမ်းက အဆုံးအထိ နားထောင်ပြီးနောက် ကျေနပ်သံပြုလိုက်သည်။

'ဒီလိုဆို စက်ဘူကိုများ ခင်ဗျားလိုက်သွားရင် မြန်ပြီလား ကိုတင်မောင်ဆွေ။ ဒါပေမဲ့ ခင်ဗျားလိုက်သွားဖို့လိုမယ် မထင်ပါဘူး။ ဟိုမှာ ကျုပ်တို့ အဆက်တွေရှိပါတယ်'

'ဒီလိုဆိုလည်း ဒေးဗစ်ဘလွင်ဟာ စက်ဘူမှာ ဘယ်သူတွေနဲ့တွေ့ပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာကို စုံစမ်းခိုင်းပါ ဦးဘငြိမ်း





စုံစမ်းဖို့ သိပ်ခက်မယ်မထင်ပါဘူး။ ဒေးဗစ်ဘလွင်ဟာ ဒီက ပတ်စ်ပို့တ်နဲ့ တရားဝင် အဲဒီကိုသွားတာပဲ။ ဟိုမှာ သူတစ်ခုခုလုပ်ခဲ့တာဟာတော့ အမှန်ဖြစ်ရမယ်။ မြန်မာပြည်ကို စူလတန်အာမက်ရဲ့ စက်လှေနဲ့ တိတ်တိတ်ကလေး ပြန်လာရတာ အကြောင်းရှိရမှာပဲ ဦးဘငြိမ်း'

'ကောင်းပြီလေ ကိုတင်မောင်ဆွေ၊ ခင်ဗျားပြောတာ ဖြစ်အောင် ကျွန်တော် စီစဉ်လိုက်မယ်။ အကြောင်းထူးရင် ခင်ဗျားဆီကို ကျွန်တော် ဖုန်းဆက်ပါ့မယ်။ ဒါနဲ့ မှုခင်း စစ်ဆေးရေးက ကိုသောင်းဖေကြီးနဲ့ကော ခင်ဗျား ပြန်သင့်မြတ်သွားပြီလား'

'ဒီလူကြီး ကျွန်တော့်အပေါ် ဒေါပွလည်း ခဏပေါ့ ဦးဘငြိမ်းရာ'

တင်မောင်ဆွေသည် တယ်လီဖုန်းဆက်ပြီးလျှင် ရေချိုးခန်းထဲသို့ဝင်ကာ အားရပါးရ ရေချိုးပစ်လိုက်သည်။ ပြီးနောက် အဝတ်အစားလဲကာ သေနတ်ကို ပခုံးစလွယ်အိတ်ဖြင့်ထည့်၍ အောက်ထပ်သူ့အလုပ်တိုက်သို့ ပြန်ဆင်းလျက် မေစီအား ဝင်ရောက်နှုတ်ဆက်ပြီးအပြင်သို့ ထွက်ခဲ့လေသည်။ သူရည်ရွယ်ရာ ပန်းတိုင်ကား ရွှေတံခါးပျော်ပွဲစားရုံပင် ဖြစ်လေ၏။

ရွှေတံခါးပျော်ပွဲစားရုံသည် ခါတိုင်းထက်ပို၍ လူစည်ကားနေသည်ကို တင်မောင်ဆွေက တွေ့ရသည်။ သွယ်သွယ်သည် ထုံးစံအတိုင်း ငွေသိမ်းဖန်လှောင်ချိုင့်ထဲတွင် ထိုင်နေ၏။ တင်မောင်ဆွေအားတွေ့ရလျှင် မျက်နှာကလေး ဝင်းလက်သွားကာ လက်ကလေးတစ်ဖက် မြှောက်ပြပြီး နှုတ်ဆက်လိုက်သည်။

စားပွဲတိုင်းတွင် လူတွေ ပြည့်ကျပ်နေသည်ဖြစ်ရကား



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ကောင်တာဘားဆီသို့ လျှောက်ခဲ့ရကာ စ်တူးထ ခုံမြင့်လွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ရသည်။ သွယ်သွယ်က သူ့ဖော ဖန်လှောင်ချိုင့်ထဲမှ ထွက်လာသည်။

'ဘယ့်နှယ်လဲ ကိုဆွေ၊ မော်လမြိုင်က ချက်ချင်းပဲ ပြန်လာ တာပဲလား...'

'ဟုတ်တယ်လေ၊ ကိစ္စက ဒီမှာဆက်လိုက်ရမလို ဖြစ်နေ တာကိုး။ ဒါနဲ့ ဆိုင်က လူစည်ကားလှချေကလား'

'ဟုတ်တယ် ကိုဆွေ၊ လူသတ်မှုသတင်းစာထဲမှာပါလာ ကတည်းက ဆိုင်ကိုလာလိုက်တဲ့လူတွေ ရိုက်ထုတ်ရမလို ဖြစ်နေ တယ်။ လူသတ်မှုဖြစ်တဲ့နေရာဆိုပြီး မလာဘူးတဲ့ လူတွေကပ အဲထူးအဆန်းလာကြည့်ကြတာလေ။ ကဲ... ကိုဆွေ အေးအေးဆေး ဆေး စကားပြောရအောင် အော့ဖစ္စထဲကို သွားစို့လား...'

တင်မောင်ဆွေအား သွယ်သွယ်က သူမ၏ သီးသန့်ရုံးခန်း ကလေးထဲသို့ ခေါ်သွားပြီး တံခါးပိတ်လိုက်သည်။ တင်မောင်ဆွေက သက်ပြင်းတစ်ချက် ချလိုက်သည်။ ဤကလေးမ သူ့အပေါ် သံယော ဇဉ်ကြိုးတွယ်လာသည်ကို သူက စိုးရွံ့မိသည်။ မေစီက ရှိနေသေး သည် မဟုတ်လား။

'ကဲ... ကိုဆွေ မော်လမြိုင်မှာ ဘာဖြစ်ခဲ့သလဲ ဆိုစမ်း ပါဦး'

တင်မောင်ဆွေ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ကာ စီးကရက်တစ်လိပ်ကို မီးညှိပြီး မော်လမြိုင်၌ သူကြုံတွေ့ခဲ့ရသော ဖြစ်ရပ်များကို ပြောပြလိုက်သည်။ သွယ်သွယ်က စိတ်ဝင်စားစွာ နားထောင်လိုက်ပြီးနောက်၊ မော်လမြိုင်သို့ တင်မောင်ဆွေသွားနေ





သည့်အတွင်း ရွှေတံခါးပျော်ပွဲစားရုံတွင် သိပ်မထူးကြောင်း လာနေ ကျလူများအထဲမှ ရောဘတ်ဆေါင်တစ်ယောက်သာ ပေါ်မလာတော့ ကြောင်း၊ ဆိုင်ရှေ့မှ ကိုအာဝီ၏ တိုက်ခန်းတွင်တော့ လူစိမ်းကုလား နှစ်ယောက်ရောက်နေပြီး ဆိုင်ကို နေ့ရောညပါ စောင့်ကြည့်နေကြ ကြောင်းကို ပြောပြလိုက်သည်။

'အင်း... ရူလတန်အာမက်ရဲ့ အဆက်တွေဖြစ်မှာပေါ့။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုဆွေဟာ ဒီကုလားနဲ့ တော့တော့ဆိုင်ဆိုင် တစ်ခါတော့ တွေ့ရလိမ့်ဦးမယ်ထင်တာပဲ'

တင်မောင်ဆွေက ညစာကို ရွှေတံခါးတွင်ပင် စားလိုက် သည်။ စားပြီး၍ မကြာခင် ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာကာ တင်မောင်ဆွေ့စားပွဲသို့ လျှောက်လာပြီးမျက်နှာချင်းဆိုင် ကုလားထိုင် တွင် ဝင်ထိုင်လိုက်သည်။

ထိုလူသည် တင်မောင်ဆွေနှင့် အသက်အရွယ်တူ ဖြစ်ကာ အလုံးအရပ် သန့်မာကျစ်လစ်တောင့်တင်းလှသည်။ အရပ်ဝတ် အရပ် စားဝတ်ထားသော်လည် ကိုယ်ဟန်ကိုကြည့်ခြင်းအားဖြင့် စစ်သား လူထွက်တစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။ ဆံပင်ကို ခပ် တိုတိုညှပ်ထားကာ ကြည့်ကောင်းသော မျက်နှာတွင် ခိုင်မာသော မေးရိုးကြီးများ ရှိနေသေး၏။

တင်မောင်ဆွေက ထိုလူအား ကောင်းစွာသိလေသည်။

'ကျွန်တော့်ကို ဦးဘငြိမ်းက လွှတ်လိုက်လို့ လာခဲ့ရတာပဲ ကိုတင်မောင်ဆွေ'

ထိုလူက အသံခပ်နိမ့်နိမ့်ဖြင့် ပြောလိုက်သည်။

'ဘာသောက်မလဲ ကိုဇော်မိုး'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားသောက်တာပဲပေါ့ဗျာ'

တင်မောင်ဆွေက စားပွဲထိုးတစ်ယောက်အား လှမ်းခေါ်ကာ ပိုက်လေဘယ် ဝမ်းပက်နှင့် ဆော်ဒါယူခဲ့ရန် မှာလိုက်၏။ ရဲဘော်ဇော်မိုးကား တော်လှန်ရေးတုန်းက မြန်မာ့တပ်မတော်တွင် သာမန်တပ်သားကလေး အဖြစ်နှင့် ဝင်ခဲ့ပြီး၊ လွတ်လပ်ရေးခေတ်သည်ဘက်လောက်တွင်မှ တပ်မတော်က ဗိုလ်ကြီးရာထူးဖြင့် နုတ်ထွက်ခဲ့လေသည်။ ထို့နောက်တွင်တော့ အပျော်တမ်းစုံထောက်လုပ်နေရာမှ ဦးဘငြိမ်းတို့နှင့် ဆက်မိကာ ယခုတော့ ဦးဘငြိမ်း အထူးအားထားရသော လူတစ်ယောက်ဖြစ်နေ၏။

ရဲဘော်ဇော်မိုး၏ ထူးချွန်မှုကားလေယာဉ်မှူးလိုင်စင်ကိုရထားပြီး ကိုယ်ပိုင်စက်နှစ်လုံးတပ် လေးယောက်စီးလေယာဉ်ကလေးတစ်စင်း ရှိနေခြင်းပင်တည်း။ ဤသည်မှာလည်း ဦးဘငြိမ်းတို့၏ လျှို့ဝှက်ထောက်လှမ်းရေးဌာနမှ စီစဉ်ပေးထားခြင်းဖြစ်လေသည်။ သူသည် အပြင်ပန်းတွင်တော့ လူပေါ်ကြော့ သူဌေးတစ်ဦးအသွင်ကို ယူထားကာ ကိုယ်ပိုင်လေယာဉ်ကို ကိုယ်တိုင်မောင်းလျက်ကမ္ဘာအရပ်ရပ်တွင် လျှောက်ပွေနေသူတစ်ဦးဖြစ်၏။ သူနှင့်တည့်အောင်ပေါင်း၍ သူ့အား တောင်းသည့်ငွေပေးလျှင် ဘယ်သူ့ကိုမဆို ဘယ်အရပ်သို့မဆို သူ့ယာဉ်နှင့်အရောက်ပို့ပေးသူ ဖြစ်သည်ဟု အချို့သော အသိုက်အဝန်းက နားလည်ထားကြသည်။

ထိုအချို့သော အသိုက်အဝန်းက ထိုကဲ့သို့ နားလည်ရအောင်လည်း ဦးဘငြိမ်းတို့က တမင်ဖန်တီး စီစဉ်ထားခြင်းဖြစ်သည်။ အကယ်စင်စစ် ရဲဘော်ဇော်မိုးကား ဦးဘငြိမ်းက တမင်သက်သက် အသုံးပြုနေသော 'တည်ကောင်' ပင် ဖြစ်လေ၏။





ဝီစကီအရက်ရောက်လာလျှင် တင်မောင်ဆွေက ရဲဘော်ဇော်မိုးအား ရွှေတံခါးပျော်ပွဲစားရုံ၏ သီးသန့်ရုံးခန်းထဲသို့ ခေါ်ဆောင်သွားသည်။

'ခင်ဗျားတော့ ဒီကိစ္စထဲမှာ ဝင်ပါနေရပြီလား ကိုဇော်မိုး'

ရုံးခန်းထဲ၌ ထိုင်မိကြလျှင် တင်မောင်ဆွေက ရဲဘော်ဇော်မိုးကို မေးလိုက်သည်။

'အင်း… ပါချင် ပါနေရလိမ့်မယ်ထင်တယ် ကိုတင်မောင်ဆွေ၊ ကျွန်တော်က လူတစ်ယောက်ကို စင်္ကာပူကို လိုက်ပို့ရဖို့ ချိန်းထားတာ။ အခုတော့ လွဲသွားတယ်'

'ဆိုစမ်းပါဦး၊ ဘယ်သူကို ခင်ဗျားက ချိန်းထားတာလဲ'

တင်မောင်ဆွေက စိတ်ဝင်စားစွာ ပြန်မေးလိုက်သည်။

'ဒီလိုဗျ ကျွန်တော့်ဆီကို ကျွန်တော်နဲ့ ဆက်ထားတဲ့ လူတစ်ယောက်က ချဉ်းကပ်လာတယ်။ လူတစ်ယောက်ကို စင်္ကာပူကို ကျွန်တော့်လေယာဉ်နဲ့ လိုက်ပို့နိုင်မလားတဲ့။ ပို့ရင် ငွေတစ်သောင်းတိတိရပါ့မယ်တဲ့။ ကျွန်တော်က အဲဒီအကြောင်း ဦးဘငြိမ်းကို သတင်းပို့တော့ သူက လက်ခံလိုက်လို့ ပြောတယ်။ ဒါနဲ့ ဒီရွှေတံခါးမှာ အဲဒီလူကို လာတွေ့ဖို့ချိန်းထားခဲ့တယ်။ အဲဒီညမှာပဲ ခင်ဗျားရဲ့လူက ရွှေတံခါးအဝင်ဝမှာ အသတ်ခံခဲ့ရတာပဲ'

'ခင်ဗျား အဲဒီညက ပေါ်မလာပါလား'

'ကျွန်တော် မော်တော်ကိုသွားရာမှာ အပြန်ကားမှောက်နေလို့ဗျ'

တင်မောင်ဆွေက စဉ်းစဉ်းစားစားအမူအရာဖြင့် ခေါင်းညိတ်လိုက်သည်။

'အင်း… ဟိုညက မားထိုးအသတ်ခံရတဲ့လူဟာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားတဲ့လူ ဖြစ်ချင်ဖြစ်နိုင်တာပေါ့'

'ဖြစ်နိုင်တာပေါ့လေ၊ ကျုပ်ဆီကို နောက်ထပ်ပြီး မဆက်သွယ်မချဉ်းကပ်တော့ဘဲကိုး။ အသတ်ခံရတဲ့လူ မဟုတ်ဦးတော့ အဲဒီလူ အသတ်ခံရတဲ့အတွက် ကျုပ်လူက ကြောက်သွားပြီး ခွာသွားတာ ဖြစ်နိုင်တာပေါ့'

ရဲဘော် ဇော်မိုးသည် ဗွီက်လေဘယ်ကို တစ်ကျိုက် ကျိုက်လိုက်ပြီးနောက် လက်ပတ်နာရီကို မျှော်ကြည့်လိုက်၏။

'ဦးဘငြိမ်းကမှာလိုက်တယ် ကိုတင်မောင်ဆွေ၊ ဒီအချိန်လောက်မှာ သူ့ဆီကို ဖုန်းဆက်ပါတဲ့'

တင်မောင်ဆွေက တယ်လီဖုန်းကို ကောက်ယူကာ ဒိုင်ခွက်တွင် ဦးဘငြိမ်း၏လျှို့ဝှက်နံပါတ်ကို လှည့်လိုက်သည်။

ဦးဘငြိမ်းသည် တယ်လီဖုန်းနားတွင် အသင့်စောင့်နေဟန်တူသည် ချက်ချင်းပင် ပြန်ထူးလိုက်၏။

'ခင်ဗျား သိချင်တာတွေ တော်တော့်ကို သိရပြီ ကိုတင်မောင်ဆွေ၊ ဒေးဗစ်ဘလွင်ဟာ ဘီအိုအေစီလေယာဉ်နဲ့ လွန်ခဲ့တဲ့ ၄၃-ရက်က စလိုက်သွားပြီး ကူလာလွယ်ပါမှာ ဆင်းတယ်။ ကူလာလွယ်ပါမှတဆင့် စင်္ကာပူကိုကူးသွားပြီး အိမ်တစ်အိမ်ငှားနေတယ်တဲ့။ သူ့ဆီကို လာတွေ့တဲ့လူတွေအထဲမှာ စင်္ကာပူက တရုတ်သူဌေးနဲ့ ကုလားစီးပွားရေးသမားတွေ ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကျတော့ သူ့ကို စင်္ကာပူမှာ မတွေ့ရတော့ဘူး။ အဲဒီအတောအတွင်း စင်္ကာပူမှာ ထူးခြားတဲ့ အဖြစ်နှစ်ရပ်ဖြစ်ခဲ့တယ်။ တစ်ခုက စင်္ကာပူ ပုလိပ်အဖွဲ့ကနေ လျှို့ဝှက်ယစ်မျိုးရောင်းဝယ်နေတဲ့ ဂိုဏ်းတစ်ဂိုဏ်းကို ဖမ်းမိခဲ့ကြတယ်။ ဘိန်းနဲ့ ကိုကင်း တော်တော်များများကို မိ





သိမ်းလိုက်ကြတယ်။ ဂိုဏ်းခေါင်းဆောင်တချို့ကို ဖမ်းမိလိုက်ပေမယ့် တချို့ကတော့ လွတ်ပြေးသွားတယ်'

'နောက်တစ်ခုကတော့ ကုလားသုံးယောက်ကိစ္စပဲ။ သူတို့ဟာ အမေရိကန်ဒေါ်လာငွေတွေကို စင်္ကာပူကယူလာပြီး ဟိုတ်တိုတ်ရောင်းဖို့ ကြိုးစားခဲ့တယ်။ အဲဒါကို လူဆိုးတစ်စုက သူတို့ဆီက လုလိုက်ကြတယ်။ အဲဒီအကြောင်းကို ကုလားသုံးယောက်က ပုလိပ်ကို တိုင်တော့ ပုလိပ်တွေက သူတို့ကို မလိုလားအပ်တဲ့ လူတွေဆိုပြီး စင်္ကာပူကနေ ပြည်နှင်ဒဏ်ပေးလွှတ်လိုက်ကြသတဲ့'

'အဲဒီ ဖြစ်ရပ်နှစ်ခုအနက် တစ်ခုခုဟာ ဧကန္တ ဒေးဗစ်ဘလွင်နဲ့ ပတ်သက်နေရမှာပဲ ဦးဘငြိမ်း'ဟု တင်မောင်ဆွေက စိတ်အားထက်သန်စွာ ပြောလိုက်သည်။ 'ကျွန်တော့် ဒုတိယဖြစ်ရပ်ကို ပိုထင်တယ်။ ဒေးဗစ်ဘလွင်က တင်နန်းသီဆီမှာ အပ်ထားခဲ့တဲ့ အထုပ်ဟာ ကုလားသုံးယောက်ဆီက အမေရိကန် ဒေါ်လာငွေတွေ ဖြစ်နိုင်တယ်။ ငွေက ဘယ်လောက်လဲဆိုတာကိုကော သိရသလား ဦးဘငြိမ်း'

'အမေရိကန်ဒေါ်လာ လေးသောင်းဖိုး ရှိတာပေါ့ ကိုတင်မောင်ဆွေ၊ ဒီလောက်များတဲ့ ငွေတွေဟာ အထုပ်ကလေးတစ်ထုပ်ထဲမှာ ဖြစ်နိုင်ပါ့မလား'

'ငါးဆယ်တန် ရာတန်တွေဆို ဖြစ်နိုင်တာပေါ့ ဦးဘငြိမ်း၊ ကောင်းပြီလေ၊ နောက်ထပ်သိရသေးရင်လည်း စုံစမ်းထားပါ။ ကျွန်တော် မနက်ဖြန်ကျတော့ ခင်ဗျားဆီကို ဖုန်းဆက်ဦးမယ်'

တင်မောင်ဆွေက တယ်လီဖုန်းကို ပြန်ချလိုက်ကာ ဦးကရက်တစ်လိပ် မီးညှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ဇော်မိုးအား တင်မောင်ဆွေက ဦးဘငြိမ်းပြောသည့် အကြောင်းအရာများကို ပြန်လည်အသိပေးလိုက်သည်။

'တင်နန်းသီဆိုတဲ့ အမျိုးသမီးပြောပြချက်အရတော့ အထုပ်ဟာ စွပ်ကျယ်ထည့်တဲ့ စက္ကူသေတ္တာလောက်သာ ရှိတယ်ဆိုတော့ အမေရိကန် ဒေါ်လာ လေးသောင်းဖိုး ဆန့်ပါ့မလားဗျ'

တင်မောင်ဆွေက စကားအဆုံးတွင် ရဲဘော်ဇော်မိုးထံ ထင်မြင်ချက်ပေးလိုက်သည်။

'ခင်ဗျား ခုနကပြောသလို ငါးဆယ်တန် တစ်ရာတန်တွေ ချည်းပဲဆိုရင်တော့ ဆန့်တာပေါ့ဗျာ'

ရဲဘော်ဇော်မိုးက ပြောပြောဆိုဆို တစ်စုံတစ်ခုကို စဉ်းစား သလို မျက်မှောင်ကြုတ်လိုက်သည်။

'ဒေးဗစ်ဘလွင်ဟာ စင်္ကာပူကိုသွားပြီး ဒေါ်လာတွေရှိး ရောင်းတဲ့ ကုလားတွေဆီက ဒေါ်လာလေးသောင်းလုယူခဲ့တဲ့ အထဲမှာ ပါခဲ့ပြီး မြန်မာပြည်ကို စက်လှေနဲ့ တိတ်တိတ်ပြန်ပြေးလာပြီး အထုပ်ကို သူ့အလုပ်ရှင်နာမည်သုံးပြီး တင်နန်းသီဆီမှာ အပ်ခဲ့တယ်။ ဒါကြောင့် သူဟာ အသတ်ခံခဲ့ရတယ်။ အဲဒီလိုဆိုရင်တော့ ကျုပ်လူဟာ သူ့မဟုတ်နိုင်ဘူးထင်တယ် ကိုဆွေ'

'ဘယ်လိုကြောင့်လဲဗျာ'

'ဒေးဗစ်ဘလွင်ဟာ စင်္ကာပူကနေ ထွက်ပြေးလာတာ မဟုတ်ဘူးလားဗျ၊ ဘာကြောင့် သူက စင်္ကာပူကို ပြန်သွားချင်ရမှာလဲ'

တင်မောင်ဆွေက ပခုံးများကိုတွန့်လိုက်သည်။

'လူတစ်ယောက်ဟာ သူပြစ်မှုကျူးလွန်ခဲ့တဲ့ နေရာကို အမြဲ





ပြန်သွားတတ်တယ်ဆိုတဲ့ စကားအတိုင်းများ ဖြစ်နေမလား တိုဇော်မိုးရယ်'

ထိုစဉ် ပိတ်ထားသော ရုံးခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်သဖြင့် တင်မောင်ဆွေက သွားဖွင့်ပေးလိုက်သည်။ ဤတွင် အထူးထောက်လှမ်းရေးမှ ကိုချမ်းစိန်နှင့် မှုခင်းစုံစမ်းရေးမှ ရဲလုံခြုံရေးမှူး ကိုဘရွှေတို့ ဝင်လာကြသည်။

'ဘာလဲဗျ ကိုချမ်းစိန်၊ အပြင့်ခန်းမှာ နေရာမရှိတော့လို့ လား'ဟု တင်မောင်ဆွေက ၎င်းတို့အား ဆီး၍ငေါ့လိုက်၏။

'အပြင်မှာ ထိုင်စရာမရှိအောင် လူတွေကြပ်နေတာတော့ အမှန်ပဲဗျို့'ဟု ကိုချမ်းစိန်က ပြန်ဖြေလိုက်ကာ စားပွဲတွင် တင်ပါးစွန်း တင်၍ ဝင်ထိုင်လိုက်သည်။

'ခင်ဗျား ဒေးဗစ်ဘလွင်နဲ့ ပတ်သက်ပြီး ဘာတွေနောက် ထပ်သိရသေးသလဲဆိုတာ အစ်ကိုကြီး ကိုသောင်းဖေက မေးခိုင်း လိုက်လို့ လာမေးရတာပဲကိုဆွေ၊ ကျွန်တော်တို့ကလည်း ကျွန်တော် တို့စုံစမ်းသိထားရတာတွေကို ပြောပြမယ်၊ သတင်းဖလှယ်ကြရ အောင် ဆိုပါတော့ဗျာ'

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို အချိန်ယူလျက် မီးညှိလိုက်သည်။ ပြီးမှ...

'ကျုပ် ဘာမှ ထပ်မသိရသေးပါဘူးဗျာ'

'ကိုဆွေ သိထားသလောက်ပေါ့ဗျာ။ ဒေးဗစ်ဟာ စင်္ကာပူ က ပြန်လာပြီးမှ ရန်ကုန်ထဲမှာ ဘယ်မှာနေသွားခဲ့တယ်ဆိုတာကို ကျွန်တော်သိရပြီဗျ။ ပြီးတော့ တင်နန်းသီရဲ့ အိမ်ကို ဘဏ်ထိုက်မှာ တင်နန်းသီယောင်ဆောင်သွားတုန်းက ဘယ်လိုခြေရာခံလိုက်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကိုလည်း ကျွန်တော်သိထားရတယ်'

ထိုအခါမှ တင်မောင်ဆွေကလည်း ဦးဘငြိမ်းထံမှ သိခဲ့ရသော စက်ဘုကအကြောင်းအရာတွေကို ကိုဘရွှေအား ပြန်လည်ဖောက်သည်ချပေးလိုက်သည်။ ကိုဘရွှေမျာ မျက်နှာရှုံ့မဲ့သွားရှာသည်။

'အင်း... ဓာတ်က ပိုရှုပ်လာတော့တာပဲ။ ဒီလိုဆို မြန်မာပြည်ထဲကို အမေရိကန်ဒေါ်လာတွေ တော်တော်များများ ရောက်နေပြီပေါ့ ဟုတ်စ'

'ဒီလိုဆိုရင် ဒီကိစ္စဟာ ကျွန်တော်တို့ဘက်နဲ့လည်း ဆိုင်လာပြီပဲဗျ'

အထူးထောက်လှမ်းရေးမှ ကိုချမ်းစိန်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက ပခုံးများကို တွန့်ပြလိုက်ပြန်ကာ ကိုဘရွှေအား မော့ကြည့်လိုက်လေသည်။

'က်... ဆိုစမ်းပါဦး ကိုဘရွှေ၊ ခင်ဗျားသိထားခဲ့ရတာတွေက ဘယ်လိုလဲ'

'ဒေးဗစ်ဘလွင်ဟာ ရှစ်မိုင်က တရုတ်ဟော်တယ်တစ်ခုမှာ နှစ်ယောက်တွဲ အိပ်ခန်းတစ်ခန်းကို ငှားပြီးနေခဲ့တယ်။ ပြီးတော့ ဂီးလ်ဘတ်သွင်ရဲ့ နာမည်ကိုလည်း သုံးခဲ့တယ်၊ သူ့ဆီကို မိန်းမတစ်ယောက်က မကြာခဏလာလေ့ရှိသတဲ့။ ပုံပန်းသဏ္ဌာန်ကို ပြောပြတာကတော့၊ ခင်ဗျားရဲ့ တင်နန်းသီနဲ့ တော်တော်ဆင်နေတယ်။ ဒေးဗစ်ဘလွင်သေပြီး နောက်တစ်နေ့ နံနက်မှာပဲ ဒေးဗစ်ဘလွင်ရဲ့ သားရေသေတ္တာကို ယူသွားတယ်တဲ့ဗျ'

'အဲဒီမိန်းမကို ခင်ဗျားတို့အခုထက်ထိ ရှာမရသေးဘူး





ဟုတ်လား'

'ဒါလောက် စုံစမ်းလို့သိခဲ့ရတာကပဲ နည်းသလား ကိုဆွေရာ။ ဒီမိန်းမဟာပဲ မော်လမြိုင်ကို လိုက်သွားပြီး တင်နန်းသီမရှိတုန်း တင်နန်းသီအိမ်ထဲ တိတ်တိတ်ခိုးဝင်ခဲ့ရာမှာ ဆေ့ဖ်တီဒက်ပိုစ်ဘောက်(က်စ်)သော့ကို တွေ့သွားတော့တာပေါ့။ ဒါနဲ့ သော့ကိုယူပြီး ချက်ချင်းရန်ကုန်ကို လေယာဉ်ပျံနဲ့လိုက် ရောက်ရောက်ချင်း ဘဏ်တိုက်ကိုသွား တင်နန်းသီရဲ့ လက်မှတ်အတုထိုးလို့ ဆေ့ဖ်တီဒက်ပိုစ်ဘောက်(က်စ်)ကိုဖွင့်ပြီး အထုပ်ကို သုတ်ပြေးသွားတော့တာပဲဖြစ်မယ် ထင်တယ်'

'ဒီမိန်းမ ဘယ်သူဆိုတာ သိရဖို့ သဲလွန်စကလေး ဘာဘာလေးမှ မရကြသေးဘူးလားဗျာ'

ကိုဘရွှေက နှုတ်ခမ်းမဲ့ကာ ခေါင်းကို ယမ်းခါပြလိုက်သည်။

'ဘာသဲလွန်စမှ မရသေးပါဘူး ကိုဆွေရာ။ တရုတ်ဟော်တယ်က စာရေးကိုတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ ဓာတ်ပုံတွေကို ပြခဲ့ပါရဲ့၊ ဒါပေမဲ့ တစ်ပုံမှ သူမဟုတ်ဘူးဖြစ်နေတယ်'

'ရုလတန်အာမက်နဲ့ အဆက်အသွယ်ရှိတဲ့ အမျိုးသမီးတွေကို လိုက်စုံစမ်းတာကမှ ပိုထိရောက်လိမ့်မယ်ထင်တယ် ကိုဘရွှေ'

'ဟုတ်ကဲ့ အစ်ကိုကြီး ကိုသောင်းဖေက မော်လမြိုင်ကို ဝါယာလက်နဲ့ ချက်ချင်း ညွှန်ကြားထားပြီးပါပြီ'

တင်မောင်ဆွေက ရုတ်တရက် ဝါးခနဲသမ်းလိုက်ကာ ထိုင်ရာမှထလိုက်သည်။ ပြီးလျှင် တံခါးဆီသို့ခြေလှမ်းလိုက်ရာ ကိုချမ်းစိန်က ၎င်းအား ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်မောင်ဆွေ၊ အခု ခင်ဗျား ဘယ်သွားဦးမလို့လဲ"

"ကျုပ်တိုက်ခန်းကိုပေါ့ဗျာ၊ ကျုပ်က ခင်ဗျားတို့လို အချိန်ရှိသရွေ့ ဟော်တယ်မှာလာအချိန်ဖြုန်းနေနိုင်တာ မဟုတ်ဘူး။ သွားပြီဗျို့ ကိုဇော်မိုး၊ နောက်တွေ့ကြသေးတာပေါ့"

တင်မောင်ဆွေက ပြောပြောဆိုဆိုပင် အခန်းထဲမှထွက်လိုက်ကာ တံခါးကို ပြန်ပိတ်လိုက်လေ၏။

❖ ❖ ❖



## အခန်း - ၉

နောက်တစ်နေ့နံနက်တွင် ကိုသောင်းဖေ၏ရုံးခန်းထဲတွင် လူစုံပြန်လည် တွေ့ဆုံကာ ဆွေးနွေးပွဲထိုင်ကြ၏။ မှုခင်းစုံစမ်းရေးဘက်မှ ကိုသောင်းဖေနှင့် ကိုဘရွှေတို့၊ အထူးထောက်လှမ်းရေးမှ ကိုချမ်းစိန်နှင့် ဒုလုံခြုံရေးမှူးတစ်ယောက်နှင့် တင်မောင်ဆွေတို့ ဖြစ်ကြသည်။

ကိုသောင်းဖေက အားလုံးကို ကော်ဖီနှင့် ဧည့်ခံသည်။

"အင်း… ကျွန်တော်တို့ ဒီကိစ္စမှာ လူတော်တော်စုံလာပြီ။ မှုခင်းစစ်ဆေးရေးဘက်ကော အထူးထောက်လှမ်းရေးကော ကျွန်တော်တို့ရော၊ နောက်ဆိုရင် အမ်အိုင်အက်စ်ကတောင် ပါလာဦးမလား မသိဘူး"

တင်မောင်ဆွေက ခပ်နောက်နောက် ပြောလိုက်ခြင်းဖြစ်သည်။

"ဒီကိစ္စဟာ အသေးအဖွဲမဟုတ်ဘူး တင်မောင်ဆွေ၊ အားလုံးက စိတ်ဝင်စားသင့်တဲ့ ကိစ္စကြီးတစ်ခုပဲ။ တို့အခုလို စုပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီကိစ္စကြီးကိုလိုက်ကြရတာ၊ ပိုပြီးတောင် အားကောင်းလာတာပေါ့'

ကိုသောင်းဖေက တင်မောင်ဆွေအားမျက်မှောင်ကြီးကြုတ်လျက်ကြည့်ပြီးပြောလိုက်သည်။

'စုပေါင်းလုပ်ကြဖို့ဆိုတာကို ကျွန်တော်ကလည်း လက်ခံပါတယ် ကိုသောင်းဖေရာ၊ ဒါပေမဲ့ ဆရာများ သားသေဖြစ်နေမှာလည်းစိုးရသေးတယ်ဗျ၊ အရေးကြီးတာက ကိုယ်တတ်နိုင်တဲ့ ဘက်က ကိုယ်အစွမ်းကုန်ဆောင်ရွက်ဖို့ပဲ။ ဥပမာဆိုရင် ရှုလတန်အာမက်ရဲ့ကိစ္စဗျာ။ ရှုလတန်အာမက်ကို ကျုပ်က ရှာတွေ့ခဲ့တယ်။ သူ့အကြောင်း နှံ့နှံ့စပ်စပ်စုံစမ်းဖို့က ခင်ဗျားတို့ရဲ့တာဝန်ပဲ ကိုသောင်းဖေ ဒီတော့ ရှုလတန်အာမက်နဲ့ ပတ်သက်လို့ ခင်ဗျားတို့ ဘာများစုံစမ်းပြီးပြီလဲ'

ကိုသောင်းဖေမျာ မျက်နှာကြီး မဲ့သွားရှာသည်။

'ငါတို့လည်း ရှုလတန်အာမက်နဲ့ ပတ်သက်လို့ တတ်နိုင်သလောက် စုံစမ်းရေးလုပ်ထားပါတယ်ကွာ။ ဒါပေမဲ့ ဒီကုလားက သိပ်ပါးတာကွ၊ မြွေခွေးလိုမျိုးပေါ့ကွာ... သူက အားလုံးကို [illegible] ငြင်းခဲ့တယ်။ ဒေးဗစ်ဘလွင်ကို သူ စင်္ကာပူကနေ ခေါ်လာတာလေ တာဝေးလို့ ကြားတောင်မကြားဘူးပါဘူးတဲ့။ မင်းပစ်သတ်လိုက်တဲ့ ထွန်းရှင်နဲ့ ကိုအောင်ဆိုတဲ့ လူမိုက်နှစ်ယောက်ကိုလည်း သူမသိပါဘူးတဲ့။ ပြီးတော့ တို့လိုချင်တဲ့ ဟိုအမျိုးသမီးနဲ့ သူအဆက်အသွယ်ရှိတယ်ဆိုတာကိုလည်း တို့က ဘယ်လိုမှစုံစမ်းလို့ မရဘူးကွ'

'ဂီးလ်ဘတ်သွင်နဲ့ သူနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာကိုကောဗျာ'





ကိုသောင်းဖေက အထူးထောက်လှမ်းရေးမှ ကိုချမ်းစိန်အား မေးငေါ့ပြလိုက်သည်။

'ဂီးလ်ဘတ်သွင်ကို ကျွန်တော်တို့ စောင့်ကြည့်နေခဲ့တာ ကြာပါပြီ၊ ဘာရယ်လို့တော့ မဟုတ်ပါဘူးဗျာ။ ဒီလူကြီးဟာ ရန်ကုန် စီးပွားရေးနယ်ထဲမှာ သိပ်တွင်ကျယ်ခဲ့တဲ့ လူကြီးတစ်ယောက်ပါပဲ။ သူဟာ ရန်ကုန် စီးပွားရေးနယ်ထဲမှာ ခြေအသွက်ဆုံးလူတစ်ယောက် ဖြစ်ခဲ့တာပဲ။ ကုမ္ပဏီကြီးတိုင်းလိုလိုမှာ သူရှယ်ယာပါခဲ့တာ များတယ်။ သူပိုင်ကုမ္ပဏီကြီးကပဲ သုံးခုလောက်ရှိတယ်။ နိုင်ငံခြားအထိ သူက ခြေလှမ်းနိုင်တဲ့ မြန်မာတိုင်းရင်းသား အရင်းရှင်ကြီး တစ်ယောက်ဆိုပါတော့။ ဒါပေမဲ့ သူဟာ အမြတ်ကြီးစားခေါင်းပုံဖြတ် အရင်းရှင်ကြီး တစ်ယောက်ဖြစ်ခဲ့တာကလွဲလို့ ဥပဒေအပြင်ဘက်က အလုပ်တွေ လုပ်ခဲ့တာကို ကျွန်တော်တို့ မတွေ့ခဲ့ရပါဘူး။ ရှုလတန်အာမက်နဲ့ အဆက်အသွယ်ရှိတာကိုလည်း မတွေ့ရပါဘူး'

'ဟဲ... စင်္ကာပူမှာ ဖြစ်ခဲ့တဲ့ ကိစ္စနဲ့ ဒေးဗစ်ဘလွင်ဟာ ပတ်သက်နေတယ်လို့ မင်းထင်သလားကွ တင်မောင်ဆွေ'

ကိုသောင်းဖေက တင်မောင်ဆွေအား ပြန်မေးလိုက်ခြင်း ဖြစ်သည်။

'စင်္ကာပူမှာ ကုလားသုံးယောက်က အမေရိကန်ဒေါ်လာငွေလေးသောင်း တိတ်တိတ်ယူလာပြီး ရောင်းဖို့ကြိုးစားခဲ့တယ်။ ဒါကို ခာတ်သိတွေက ကုလားသုံးယောက်ဆီက ဒီဒေါ်လာငွေတွေကို လုယူပြေးခဲ့ကြတယ်။ အဲဒီလို လုတဲ့လူတွေထဲမှာ ဒေးဗစ်ဘလွင်ပါခဲ့သလား၊ မပါခဲ့သလားတော့ မသိပါဘူး။ ဒါပေမဲ့ တနည်းနည်းနဲ့ ဒီဒေါ်လာငွေတွေဟာ သူ့လက်ထဲကို ရောက်သွားပြီး သူက



www.burmeseclassic.com

www.burmeseclassic.com



ရှုလတန်အာမက်ရဲ့ စက်လှေနဲ့ စကော့ပူကထွက်ပြေးခဲ့တယ်။ မြန် ပြည်ပြန်ရောက်တော့ သူဟာ သူ့အလုပ်ရှင် ဂီးလ်ဘတ်သွင်ရဲ့ အမည် ကိုသုံးပြီး ဂီးလ်ဘတ်သွင် ဆက်သွယ်ဖူးတဲ့ မော်လမြိုင်က တင်နန်း သီဆီမှာ ငွေကိုအထုပ်လုပ်ပြီး ဝင်အပ်ခဲ့တယ်။ နောက်တော့ တင် နန်းသီကို သူအပ်ခဲ့တဲ့အထုပ်ကို ရန်ကုန်ကိုယူလာဖို့ခေါ်ပြီး ရွှေတံခါး ပျော်ပွဲစားရုံမှာတွေ့ဖို့ သူက ချိန်းခဲ့တယ်။ ဒါပေမဲ့ ရွှေတံခါးထဲ ဝင်မယ်အလုပ်မှာ သူဟာ အသတ်ခံခဲ့ရတာပဲ'

တင်မောင်ဆွေက စကားကိုရပ်လိုက်ကာ ကိုသောင်း အားပြုံး၍ ကြည့်လိုက်သည်။

'အဲဒါဟာ အခုထက်ထိ ကျွန်တော်ရဲ့ တွေးခေါ်ယူဆချက် ပဲကိုသောင်းဖေ၊ ဒါပေမဲ့ တကယ်တမ်းကျတော့ စကော့ပူက ခေါ် ငွေလုမှုနဲ့ ဒေးဗစ်ဘလွင်ဟာ ဘယ်လိုမှမသက်ဆိုင်ဘဲလည်း ဖြစ်နိုင် တာပဲ'

စကားအဆုံးတွင် တင်မောင်ဆွေက လက်ပတ်နာရီကို ငုံ့ ကြည့်လိုက်ကာ ထိုင်ရာမှထလိုက်သည်။

'ကဲ... ခင်ဗျားတို့လည်း ကျုပ်လိုပဲ ဘယ်လိုဖြစ်နိုင်တယ် ဆိုတာ သီအိုရီက်ဖေးရှင်းတွေလုပ်ကြည့်ကြဦးပေါ့ဗျာ၊ ကျုပ်တော့ ထမင်းဆာပြီ ပြန်ဦးမယ်'

တင်မောင်ဆွေသည် တရုတ်ဟော်တယ်ဆိုင်တစ်ဆိုင်တွင် နံနက်စာ ထမင်းဝင်စားပြီးနောက် တရုတ်တန်းထဲမှ ကျေးဇူးမောင် ဘဲ သူ့အား အမြဲတစေ အကူအညီပေးတတ်သော ထောင်ကဲကြီး တစ်ယောက်အား ဝင်ရောက်တွေ့ဆုံလေသည်။ ထိုထောင်ကဲကြီး သည် ရန်ကုန်တရုတ်လောကတွင် တွင်ကျယ်ဩဇာအရှိဆုံးပုဂ္ဂိုလ်





ကြီး တစ်ယောက်ဖြစ်ရုံသာမက နိုင်ငံခြားမှ ဩဇာရှိတရုတ်အမျိုး သားတွေနှင့်လည်း အမြဲတမ်းအဆက်အသွယ်ရှိသူတစ်ဦးလည်း ဖြစ် ၏။

ထောင်ကဲကြီးအား တစ်ကြိမ်သောအခါက အသက်လုပ် ကြံမှုအန္တရာယ်မှ တင်မောင်ဆွေက ကယ်ဆယ်ခဲ့ဖူးသည်ကစ၍ ၄င်းသည် တင်မောင်ဆွေအား အသက်သခင် ကျေးဇူးရှင်အဖြစ် သတ်မှတ်ကာ အချိန်မရွေး မိမိတတ်နိုင်သော အကူအညီပေးပါမည် ဟု ကတိပြုထားလျက် ကတိအတိုင်းလည်း လက်တွေ့ပြုလုပ်ခဲ့ရှာ ပေ၏။

ယခု တင်မောင်ဆွေက ၄င်းထံသို့ရောက်သွားလျှင် ထောင် ကဲကြီးက ဝမ်းသာအားရ ဆီး၍ကြိုလေသည်။ စေတနာဗရပွနှင့် ထုတ်၍ တည်ခင်းသော အစားအသောက်များအနက်မှ မော်ထိုင်း အရက် တစ်ခွက်ကိုသာသောက်ရင်းက တင်မောင်ဆွေသည် ထောင် ကဲကြီးနှင့် အလ္လာပ သလ္လာပ စကားများကို ပြောဆိုပြီးလျှင် လိုရင်း ကို စကားစလိုက်ရလေသည်။

'အမှန်ကတော့ ကျွန်တော် ထောင်ကဲကြီးဆီမှာ အရေးကြီး တဲ့ အကူအညီတစ်ခုတောင်းရအောင် လာခဲ့တာပဲ...'

ထောင်ကဲကြီးသည် ပါးနပ်စူးရှသော မျက်လုံးများဖြင့် တင်မောင်ဆွေမျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

'ငါ့မှာ မင်းပေးထားတဲ့ အသက်သာရှိတော့တာပဲ တင် မောင်ဆွေ၊ အမှန်တော့ မင်း ငါ့အသက်ကို ကယ်ခဲ့တဲ့နေ့ကစပြီး မင်းကို ငါ့သားအဖြစ် မှတ်ယူထားခဲ့တာပဲ၊ မင်း ငါ့ဆီက ဘာမဆို အကူအညီတောင်းတောင်း ငါတတ်နိုင်ရင် ပေးမှာပဲလို့ ကတိပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတယ် မဟုတ်လားကွာ။ မင်း အကူအညီတောင်းတာ နည်းလွန်းလို့တောင် မင်းကိုငါက အားမလို အားမရဖြစ်ခဲ့ရပါသေးတယ်။ ကဲ… ဆိုစမ်း၊ မင်းကို ငါ ဘယ်လိုအကူအညီပေးရမလဲ…'

'ဒါကို ကျွန်တော်ကသိလို့လည်း အားကိုးတကြီးနဲ့ လာခဲ့တာပေါ့။ ထောင်ကဲကြီး အခုထက်ထိ စက်ဘပူနဲ့ အဆက်အသွယ်ရှိတုန်းပဲ မဟုတ်လား'

ထောင်ကဲကြီးက ရုတ်တရက် ပြန်မဖြေ။ တင်မောင်ဆွေ၏ ပန်းကန်လုံးကလေးထဲသို့ မော်ထိုင်းအရက် ထပ်ငှဲ့၍ ပေးလိုက်သည်။

'ငါဟာ ဘာကောင်ဆိုတာလည်း မင်းသိသားပဲ တင်မောင်ဆွေရာ၊ ငါ စက်ဘပူနဲ့သာမကဘူး။ ဟောင်ကောင် ဘန်ကောက် ပီနန် ပီကင်းတို့နဲ့လည်း အဆက်အသွယ်ကတော့ အမြဲတမ်းရှိနေတာပဲကွာ၊ မင်းအကူအညီလိုချင်တာက စက်ဘပူနဲ့ ပတ်သက်နေလို့လား…'

'ဟုတ်တယ် ထောင်ကဲကြီး၊ ထောင်ကဲကြီးဟာ စက်ဘပူမှာဖြစ်ပျက်ခဲ့သမျှ၊ အရေးကြီးတဲ့ ကိစ္စမှန်သမျှကို၊ ထောင်ကဲကြီးဝင်ထားတဲ့ အသင်းကနေတဆင့် အနေးနဲ့အမြန်ဆိုသလို သိရတာချည်းပဲဆိုတာ ကျွန်တော် နားလည်ပါတယ်…'

ထောင်ကဲကြီးက မော်ထိုင်းတစ်ကျိုက်ကျိုက်လိုက်ရင်းက ခပ်သဲ့သဲ့ပြုံးကာ ဦးခေါင်းညိတ်ပြလိုက်သည်။ တင်မောင်ဆွေက စကားဆက်ပြန်သည်။

'ကျွန်တော်သိချင်တာက လွန်ခဲ့တဲ့တစ်လကျော်ကျော်က စက်ဘပူမှာဖြစ်ခဲ့ဖူးတဲ့ အမှုတစ်ခုပါပဲ'

'အား… စက်ဘပူမှာဖြစ်ပွားတဲ့အရေးကြီးတဲ့ အမှုတွေ





အကြောင်းကတော့၊ ခုနက မင်းပြောသလို အနေးနဲ့အမြန်ဆိုသလို ငါ့ဆီရောက်လာတာပါပဲ တင်မောင်ဆွေ။ အကယ်၍ မင်းပြောတဲ့ အမှုအကြောင်းဟာ ငါ့ဆီကို ရောက်မလာသေးတောင် ငါက လှမ်းစုံစမ်းပေးနိုင်ပါတယ်။ ကဲ… ဆိုစမ်းပါဦး၊ မင်းပြောတဲ့ အမှုက ဘာလဲကွ…'

'စက်ဘပူကို ကုလားသုံးယောက်က အမေရိကန်ဒေါ်လာငွေ လေးသောင်းဖိုးယူလာပြီး တိတ်တိတ်ရောင်းဖို့ ကြိုးစားနေတုန်းမှာ သူတို့လက်ထဲက လူတစ်စုက ဒီငွေကို လုယူသွားတဲ့အမှုပါပဲ'

ထောင်ကဲကြီး၏ သေးငယ်သော မျက်လုံးများသည် အရောင် ဝင်းလက်လာကြသည်။ ၎င်းက ဆံပင်မရှိသော ဦးခေါင်းကြီးကို တညိတ်ညိတ်လုပ်လိုက်သည်။

'အား… ဒီအမှုကို ငါသိပြီးပါပြီ တင်မောင်ဆွေ၊ မင်းက ဒီအမှုမှာ စိတ်ဝင်စားနေတယ်ပေါ့'

'ကျွန်တော်လိုက်နေရတဲ့ အမှုတစ်ခုဟာ အဲဒီအမှုနဲ့ ပတ်သက်နေတယ် ထောင်ကဲကြီး။ ဒါကြောင့် ကျွန်တော် အဲဒီအမှုနဲ့ ပတ်သက်လို့ အသေးစိတ်သိချင်တယ် ထောင်ကဲကြီး'

'ဒီလိုဆို ခဏနေဦးနော်…'

ထောင်ကဲကြီးသည် ထိုင်ရာမှထကာ ပုတီးစေ့ခန်းဆီးကို ဆွဲဖယ်လျက် အတွင်းခန်းတစ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ခေတ္တကြာလျှင် မူလကနေရာတွင် ဝင်ထိုင်လိုက်ပြီး လက်ထဲတွင်ပါလာသော စာရွက်ဝါဝါတစ်ရွက်ကို ဖြန့်ကြည့်လိုက်သည်။ စာရွက်ပေါ်တွင် တရုတ်စာလုံးကလေးများ ခပ်စိပ်စိပ် အဆက်အောက် စီတန်းရှိနေကြကာ စာရွက်ထိပ်တွင်တော့ နီရဲသော



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တစ်ခု ခပ်နှိပ်ထားပေ၏။

'အင်း… မင်းပြောတဲ့အမှုမှာ ခံလိုက်ရတဲ့လူတွေ ကုလားအမျိုးသားတွေပဲ။ သူတို့ဟာ ကလကတ္တားကနေ စင်္ကာ ကိုလေယာဉ်ပျံနဲ့လိုက်လာကြတာ၊ သူတို့ရဲ့ နာမည်တွေက အင်း ရာမနသန်အာရ်သို့ (ရှ)နဲ့ ရစ်ချက်ဝက်သ်တဲ့၊ နောက်ဆုံးလူ အိန္ဒိယတိုင်းသားအင်္ဂလို အင်ဒီယန်းကပြားတစ်ယောက်ပေါ့ကွာ သူတို့နဲ့အတူ မာရီချိုဆိုတဲ့ မိန်းမတစ်ယောက်လည်းပါတယ်။ သူ တော့ တရုတ်ကပြားမပဲ'

မာရီချိုဆိုသော အမျိုးသမီးနာမည်ကို ကြားလိုက်ရသည် တင်မောင်ဆွေက စိတ်ဝင်စားလာမိတော့သည်။ ထောင်ကဲကြီးက လက်ထဲက စာရွက်ကလေးကိုကြည့်လျက် စကားဆက်လိုက်ပြ လေသည်။

'သူတို့ဟာ စင်္ကာပူကိုရောက်လာပြီး အကောင်းဆုံးဟော် တယ်တစ်ခုမှာ ဆွိ(တ်)အခန်းတွဲကြီးငှားလို့ အခန့်သားနေခဲ့တယ် သူတို့အလုပမခံရမီ ၁၁ရက်တိတိပေါ့ကွယ်။ အဲဒီအတောအတွင်းမှာ သူတို့ဆီကို ဧည့်သည်တော်တော်များများ လာခဲ့ကြတယ်'

'အဲဒီဧည့်သည်တွေထဲမှာ ဒေးဗစ်ဆိုတဲ့ မြန်မာနိုင်ငံသား တစ်ယောက်ကော ပါခဲ့သလား ထောင်ကဲကြီး'

ထောင်ကဲကြီးက စာရွက်ငုံ့ကြည့်ပြီးမှ ခေါင်းညိတ်လိုက် သည်။

'အင်း… ပါတယ်၊ သူ့ကို စင်္ကာပူပုလိပ်အဖွဲ့က စစ်ဆေး မေးမြန်းဖို့ အလိုရှိနေကြတယ်။ သူဟာ စင်္ကာပူကိုရောက်လာပြီး သူနဲ့ဆွေမျိုးတော်တဲ့ အာသာစမစ်ဆိုတဲ့ စင်္ကာပူကပြားတစ်ယောက်





နဲ့အတူ အိမ်ငှားနေခဲ့ကြသတဲ့။ အာသာစမစ်က ဒေးဗစ်ဘလွင်ဟာ ခရီးလွန်နေတယ်။ မကြာခင် ပြန်လာပါလိမ့်မယ်လို့ စင်္ကာပူပုလိပ်တွေကို ပြောထားသတဲ့'

'ဒေးဗစ်ဘလွင် လွန်ခဲ့တဲ့ခရီးက၊ ပြန်မလာနိုင်တဲ့ ခရီးပဲ ထောင်ကဲကြီး၊ သူဟာ လွန်ခဲ့တဲ့ လေးရက်လောက်ကပဲ အသတ်ခံရပြီလေ'

ထောင်ကဲကြီးက ဘာမှမပြော။ ခပ်ပါးပါးမျက်ခုံးများကိုသာ မသိမသာ ပင့်လိုက်၏။

'ကုလားတွေ ငွေလုခံရတဲ့ အသေးစိတ်ကကော ထောင်ကဲကြီး'

'အင်း… ငွေလုသွားတဲ့နည်းကတော့ တော်တော်ကြီးကို ခေတ်မီပြီး ပိရိတယ်။ ကုလားတွေငှားနေတဲ့ ဟော်တယ်ခန်းက လေအေးစက်ရှိတယ်။ အဲဒီလေအေးပေးတဲ့ ပြွန်တွေထဲကို အိပ်ဆေးငွေ့တွေ လွှတ်ပေးတော့ အခန်းထဲမှာရှိနေတဲ့ လူတွေအားလုံးဟာ အိပ်မွေ့ချခံသွားကြရတာပေါ့။ အဲဒီအတောအတွင်းမှာ အခန်းထဲကိုဝင်ပြီး ကုလားတွေဝှက်ထားတဲ့ ဒေါ်လာငွေလေးသောင်းတိတိကို ခိုးယူသွားကြသတဲ့'

'အဲဒီအချိန်မှာ လူအားလုံးက အခန်းထဲမှာ ရှိနေသလား ထောင်ကဲကြီး'

ထောင်ကဲကြီးက လက်ထဲမှ စာရွက်ကို ငုံ့ကြည့်ပြန်ပြီးမှ ခေါင်းခါပြလိုက်သည်။

'မရှိပါဘူး တင်မောင်ဆွေ၊ ကုလားသုံးယောက်သာ ရှိတယ်။ သူတို့ပါလာတဲ့ မာရီချိုဆိုတာက အပြင်ထွက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မာရီချိုပြန်လာတော့မှ ကုလားတွေ အိပ်မွေ့မိနေတာကို တွေ့ခဲ့ရတာပဲ'

'ကုလားတွေက ငွေတွေကို ဘယ်မှာထားတာတဲ့လဲ'

'လက်ဆွဲသားရေသေတ္တာနှစ်လုံးနဲ့ ထည့်ထားတယ်'

တင်မောင်ဆွေက မျက်မှောင်ကြုတ်လိုက်သည်။ လက်ဆွဲသားရေအိတ်နှစ်လုံးဖြင့် ထည့်ရသော ငွေစက္ကူတွေကို စွပ်ကျယ်စက္ကူ သေတ္တာမျှရှိသော အထုပ်ထဲတွင် ထည့်ထုပ်၍ ရပါမည်လား။

'မာရီချိုအပြင်သွားနေတယ် ဆိုတာကကော ဘယ်လိုလဲ'

'မာရီချိုက အဖော်တစ်ယောက်နဲ့အတူ လျှောက်ဈေးဝယ်နေတာကို သူတို့ကို တွေ့ရတဲ့လူတွေအားလုံးက သက်သေခံကြတယ်'

'သူ့ပုံပန်းသဏ္ဌာန်ကိုကော ထောင်ကဲကြီးပြောနိုင်မလား'

ထောင်ကဲကြီးက လက်ထဲကစာရွက်ကို ဖတ်ကြည့်ပြီးမှ ပြုံးလိုက်သည်။

'ငါတို့အဖွဲ့က အဖွဲ့ဝင်တွေကို သတင်းပို့တဲ့အခါမှာ တတ်နိုင်သမျှ ပြည့်စုံအောင် သတင်းပို့ပါတယ် တင်မောင်ဆွေ၊ ဒီမှာ မာရီချိုဆိုတဲ့ မိန်းမရဲ့ပုံပန်းသဏ္ဌာန်ကို အကြမ်းဖျင်းတော့ ဖော်ပြထားပါတယ်။ ရုပ်အင်မတန်လှတယ်၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းတယ်။ အသားဖြူတယ်။ သူဟာ အစက မြန်မာပြည်ထဲမှာပဲ၊ အိမ်ထောင်နှစ်ဆက် သုံးဆက်ရှိတယ်။ တတိယအိမ်ထောင်ရဲ့ အိန္ဒိယကိုပါသွားခဲ့တာပဲ'

တင်မောင်ဆွေက ဒေးဗစ်ဘလွင်သည် အိမ်ထောင်တစ်ခါကျဖူးသည်ကို ရုတ်တရက် အမှတ်ရလိုက်မိသည်။





'မာရီရခဲ့ဖူးတဲ့ လင်တွေထဲမှာ ဒေးဗစ်ဘလွင်ကော ပါခဲ့သေးသတဲ့လား'

'မာရီချိုက ဒေးဗစ်ဘလွင်ကို စင်္ကာပူမှာတွေ့မှ စသိရတာပါလို့ ဆိုခဲ့တယ်'

'အဲဒါ သူ ညာတာပဲဆိုတာ သေချာပါတယ်။ ဒါနဲ့ ထောင်ကဲကြီး ကျွန်တော့်ကိုတစ်ခု ဆောင်ရွက်ပေးပါဦး'

'ဆိုစမ်း'

'ခင်ဗျားတို့အဖွဲ့ကို ခင်ဗျားအနေနဲ့ အဲဒီမာရီချိုရဲ့ ဓာတ်ပုံကို ရအောင်ယူပေးနိုင်းပါလားခင်ဗျာ၊ အဲသလို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော့်အတွက် အကူအညီအများကြီးရမှာပါပဲ'

'ငါတို့အဖွဲ့က အဖွဲ့ဝင်တွေကို တောင်းဆိုတာကို ဖြစ်မြောက်အောင်လုပ်ပေးတာကို ဂုဏ်ယူပါတယ်။ ငါက သူတို့ဆီမှာ ဆိုတာနိုင်းရင် ငါကလည်း လုပ်ပေးရမှာပဲ။ ဒီတော့ မင်းစိတ်သာ ချပေတော့၊ မာရီချိုရဲ့ဓာတ်ပုံကို အမြန်ဆုံးရအောင် ငါဆောင်ရွက်ပေးပါမယ်'

တင်မောင်ဆွေသည် ထောင်ကဲကြီးအား ကျေးဇူးတင်ကြောင်းပြောကြားကာ ငှင်းပေးသည့် ငှက်သိုက်အားတိုးဆေးပုလင်းတစ်ဆောင်ကို လက်ခံလျက် နှုတ်ဆက်ထွက်ခွာလာခဲ့လေ၏။

သူ့တိုက်ခန်းကို ပြန်ရောက်လျှင် တင်မောင်ဆွေက ဆိုဖာကြီးပေါ်တွင် အေးအေးဆေးဆေး ခြေဆန့်လက်ဆန့်ထိုင်ရင်းက စီးကရက်တစ်လိပ် ဇိမ်ခံသောက်ရှူရင်းက ထောင်ကဲကြီးထံမှ သိရှိခဲ့ရသော အကြောင်းအချက်များကို ပြန်လည်စဉ်းစားသုံးသပ်နေလိုက်မိလေသည်။



www.burmeseclassic.com

**သိခဲ့ရသော** အချက်များအနက် သူ အားအရမိဆုံးမှာ **မာရီချိုအကြောင်းဝင်** ဖြစ်သည်။ မာရီချိုသည် ရှစ်မိုင်ရှိတရုတ်ဟော်တယ်တွင် တည်းခိုနေခဲ့သော ဒေးဗစ်ဘလွင်ထံသို့ မကြာခဏလာလည်ခဲ့သော အမျိုးသမီးပင်ဖြစ်နိုင်ပေသည်။ ထိုဖန် တင်နန်းသီ၏အိမ်ကို ဖောက်ထွင်းဝင်ရောက်လျှက် လုံခြုံရေးသေတ္တာကို ခိုးယူကာ ရန်ကုန်သို့နေ့ချင်းပြန်လာပြီး တင်နန်းသီယောင်ဆောင်၍ အထုပ်ကို လစ်သွားသည့် အမျိုးသမီးမှာလည်း သူမသာလျှင် ဖြစ်နိုင်နေပြန်၏။

မာရီချို၏ဓာတ်ပုံကို ရပါက အသေအချာ သိရတော့မည် ဖြစ်သည်။ ကိုသောင်းဖေကြီးအပေါ် တစ်ကွက်သာရပေဦးတော့မည်ဟု တွေးကာ တင်မောင်ဆွေက တစ်ကိုယ်တည်း နှစ်ခြိုက်စွာ ပြုံးလိုက်မိသေးတော့၏။

ထို့ကြောင့် သူ့လောလောလတ်လတ်တာဝန်မှာ မာရီချိုဆိုသူ အမျိုးသမီးအား လက်ရှာဖွေဖို့သာ ဖြစ်သည်ဟု တင်မောင်ဆွေက ဆုံးဖြတ်လိုက်မိသည်။ မာရီချိုအားတွေ့ရလျှင် ပျောက်ဆုံးနေသော အထုပ်ကိုလည်း တွေ့ရမည်သာ ဖြစ်သည်ဟု တင်မောင်ဆွေက ယုံကြည်မိလေ၏။

တင်မောင်ဆွေသည် ၁၅-မိနစ်ခန့် နားနေပြီးနောက် အထူးထောက်လှမ်းရေးဌာနသို့ ဖုန်းဆက်ကာ ဒုလုံခြုံရေးမှူးကိုချမ်းစိန်အား တောင်းလိုက်သည်။ ကိုချမ်းစိန်အားရလျှင် သူ ၁၀မိနစ်အတွင်း လာခဲ့မည်ဖြစ်ကြောင်းပြောကာ တိုက်ခန်းပေါ်မှ ဆင်းလာခဲ့လေ၏။

အထူးထောက်လှမ်းရေးအနေဖြင့်လည်း ဒေးဗစ်ဘလွင် အသတ်ခံရသော ကိစ္စတွင် စုံစမ်းသိရှိရပြီးထက်ပို၍ ဘာမှခရီးမပေါက်သေးပါဟု ကိုချမ်းစိန်က တင်မောင်ဆွေအား ဝန်ခံရှာသည်။





'ဂီးလ်ဘတ်သွင်ရဲ့ ဘတ်ခရောင်းကို ကျွန်တော်တို့ ထပ်စမ်းခဲ့ပါသေးတယ် ကိုတင်မောင်ဆွေ၊ သူဟာ ကျိုကျိုတက်ချမ်းသာလာတာ စစ်ပြီးခေတ်ကတည်းကပဲ ကိုဆွေ၊ ဒါပေမဲ့ အရင်းရှင်ကြီးတစ်ယောက်ဖြစ်တာကလွဲလို့ သူဟာ မတရားတဲ့နည်းနဲ့ သူဌေးဖြစ်ခဲ့တယ်ဆိုတဲ့ အထောက်အထားကို ဘယ်လိုမှ မတွေ့ရဘူး၊ ဥပဒေအပြင်ဘက်ကလူတွေနဲ့ ဆက်သွယ်တယ်လို့ ယူဆရမဲ့ အထောက်အထားကလည်း ဘယ်လိုမှမရှိဘူး။ ဂီးလ်ဘတ်သွင်ဟာ အရင်းရှင်သူဌေးကြီးတစ်ယောက်သာပဲ ဖြစ်နေပါတယ်...'

'ဒေးဗစ်ဘလွင်ကတော့ကော'

'သူကလည်း ပြဿနာပဲဗျ။ သူဟာ အခုကိစ္စပေါ်မလာခင်ကဆိုရင် ရိုးရိုးတန်းတန်း စီးပွားရေးသမားတစ်ယောက်ပဲ၊ သူကလည်း ငွေရေးကြေးရေး အခြေအနေမဆိုးရှာပါဘူး။ တစ်သိန်းခင်းလောက်တော့ စုပြီးဆောင်ပြီးရှိတဲ့ လူတစ်ယောက်ပဲ။ သူဟာ စင်ကာပူကို လိုက်သွားပြီး၊ ဘာကြောင့်ရာဇဝတ်ကောင်တွေနဲ့ ပတ်သက်စပ်ယှက်လာရတယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့တော့ အစဖော်လို့ကို မရသေးဘူး...'

'ဒေးဗစ်ဟာ စင်ကာပူမှာကုလားတွေဆီက အမေရိကန်ဒေါ်လာငွေတွေ လစ်ပြေးတဲ့ကိစ္စမှာ တစ်နေရာရာက ပါဝင်နေတာတော့ သေချာပါတယ်လေ။ ပြီးတော့ သူဟာ ရှုလတန်အာမက်နဲ့ အစကတည်းက အဆက်အသွယ် ရှိခဲ့ရမှာပဲ။ အစကတည်းက အဆက်အသွယ်မရှိဘဲနဲ့တော့ သူဟာ စင်ကာပူကနေ ရှုလတန်အာမက် ကော်လေ့နဲ့ ထွက်ပြေးလာနိုင်ခဲ့မှာ မဟုတ်ပါဘူး...'

'အဲဒါကိုလည်း ကျွန်တော်တို့နဲ့ ကိုသောင်းဖေတို့က



www.burmeseclassic.com

www.burmeseclassic.com



အဆက်ရှာကြည့်နေကြပါတယ်။ ဒေးဗစ်ဘလွင်ရဲ့ ကိုယ်ရေးကိုယ်တာတွေကို ကျွန်တော်တို့က လျှောက်လိုက်ကြည့်ခဲ့တဲ့အခါမှာ သူဟာ မြင်း အင်မတန်စွဲတာရယ်၊ တနင်္ဂနွေနေ့တိုင်း သူပိုင်ပွဲချိတ်ကလေးပေါ် မြာဖွဲ့တင်ပြီး ပျော်ပွဲစားထွက်တတ်တယ်ဆိုတာလို သိခဲ့ရတယ်ဗျ'

ပွဲချိတ်ဟူသော စကားကြောင့် တင်မောင်ဆွေက စိတ်ဝင်စားလာမိတော့သည်။

'ဩ... ဒေးဗစ်ဘလွင်မှာ သူပိုင်ပွဲချိတ်ရှိသတဲ့လား'

'ဟုတ်တယ်လေ ဗိုလ်တထောင်က ဦးလူအောင်ဆိုတဲ့ လူပိုင်တဲ့ သင်္ဘောကျင်းကလေးမှာ ထားတယ်...'

တင်မောင်ဆွေက ပို၍သာ စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလာမိတော့သည်။

'ဒါနဲ့ သူ စက်ဘီးကို မသွားခင်က ငှားနေခဲ့တဲ့ အိမ် ကိုကော ခင်ဗျားတို့သွားရှာကြည့်ကြပြီးပြီလား'

ကိုချမ်းစိန်က ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော်တို့ရော ကိုသောင်းဖေတို့ရော အပ်ကျ မကျန်ရအောင် ရှာကြည့်ပြီးပါပြီဗျာ၊ ဘာမှ ထူးထူးခြားခြား မတွေ့ရပါဘူး'

အထူးထောက်လှမ်းရေးကတော့ မှုခင်းစစ်ဆေးရေးက ရှာဖွေပြီးပြီဆိုလျှင် ဒေးဗစ်ဘလွင်နေခဲ့သော တိုက်သို့ သူက တစ် သွား၍ ရှာဖွေကြည့်နေ၍လည်း အကြောင်းထူးတော့မည် မဟုတ်ချေ။ တင်မောင်ဆွေကလည်း ကိုချမ်းစိန်အား နှုတ်ဆက်ကာ ပြ ထွက်လာခဲ့လေ၏။





ကိုချမ်းစိန်ထံမှ သိခဲ့ရသော အကြောင်းအချက်များအနက် ဒေးဗစ်ဘလွင်ထံတွင် ပွဲချိတ်မော်တော်ဘုတ်တစ်စင်းရှိနေပြီး ထိုမော်တော်ဘုတ်ကို ဗိုလ်တထောင်မှ ဦးလူအောင်ဆိုသူ၏ သင်္ဘောကျင်းတွင် ထားသည်ဆိုသောအချက်မှာ တင်မောင်ဆွေအတွက် အခန့်ထက်ပို၍ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့၏။ ဤအချက်သည် ဒေးဗစ်ဘလွင်နှင့် ဇူလတန်အာမက်တို့ ဆက်မိကြသော ကွင်းဆက်များ ဖြစ်လေမလားဟု သူက စဉ်းစားမိသောကြောင့် ဖြစ်လေ၏။

ထိုညနေဘက်တွင် တင်မောင်ဆွေသည် ဗိုလ်တထောင်ရှိ ဦးလူအောင်၏ သင်္ဘောကျင်းကလေးဆီသို့ ရောက်ရှိသွားလေသည်။ သင်္ဘောကျင်းသည် တော်တော်အလုပ်များဟန် ရှိလေသည်။ ပြန်လည်ပြင်ဆင်နေသော သမ္ဗာန်ကြီးများ၊ လှေကြီးများကို အမြောက်အမြားတွေ့ရှိရနိုင်လေသည်။ သမ္ဗာန်ကြီးတစ်စင်းမှာမူ ဆောက်လုပ်ဆဲဖြစ်နေ၏။

တင်မောင်ဆွေသည် အလုပ်လုပ်နေသော အလုပ်သမားတွေကြားထဲမှဖြတ်၍ ရုံးခန်းဖြစ်ဟန်ရှိသော သွပ်မိုးပျဉ်ကာရုံးကလေးဆီသို့လျှောက်ခဲ့လေသည်။ ရုံးကလေးထဲတွင် ဇွပ်ကျယ်လက်ကို ဝတ်ဆင်ထားသော တိုင်းမျက်မှန်ဖြင့် လူဝဝကြီးတစ်ယောက်က ဒန်တိုခဲကာ စာရင်းစာအုပ်တစ်အုပ်တွင် စာရင်းတွေရေးမှတ်လျက် ရှိနေသည်။

တင်မောင်ဆွေက ချောင်းဟန့်အသံပြုလိုက်တော့မှ လူဝကြီးက စာရင်းစာအုပ်မှနေ၍ မော့ကြည့်လိုက်သည်။

'ဘာအလိုရှိပါသလဲ မောင်ရင်၊ အလုပ်အပ်ချင်ရင်တော့ ကျုပ်တို့မှာ တော်တော် အလုပ်ကြပ်နေတယ်ဗျ'

'ကျွန်တော် အလုပ်အပ်ဖို့လာတာ မဟုတ်ပါဘူးဗျာ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကျင်းပိုင်ရှင် ဦးလှအောင်ဆိုတာနဲ့ စကားပြောစရာရှိလို့ပါ'

လူဝကြီးက ကွမ်းစားထားသဖြင့် မည်းညစ်နေသော သွား များပေါ်အောင် ပြုံးလိုက်သည်။

'ဦးလှအောင်ခမျာ သေတာကြာခဲ့ပြီပဲကွယ်'

'ဒီလိုဆို အခု ဒီသင်္ဘောကျင်းကို ဘယ်သူက...'

'ဦးလှအောင်ရဲ့သား မောင်ဝင်းမောင်က ဆက်လုပ်နေတာ ကွယ့်။ ကျုပ်ကတော့ စာရင်းကိုင်စာရေးကြီးဆိုပါတော့'

'ဒီလိုဆို အဲဒီ ကိုဝင်းမောင်နဲ့ ကျွန်တော် စကားပြောပါရ စေလားခင်ဗျာ'

လူဝကြီးက ပစ်ခနဲ မြေပြင်ပေါ်သို့ တံတွေးတစ်ချက်ထွေး လိုက်ရင်းက အပြင်သို့ လှမ်းကြည့်ကာ ဖြတ်သွားသော အလုပ် သမားတစ်ယောက်ကို လှမ်းခေါ်လိုက်၏။

'ဟေ့ မောင်ထွေးရေ၊ မင်းတို့ဆရာဝင်းမောင်ကို ခေါ်ပေး စမ်းကွာ။ ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့'

၁၀မိနစ်ခန့် စောင့်နေရပြီးနောက်မှ စက်ဆီတွေပေကျံနေ သော အင်္ကျီနှင့်ဘောင်းဘီတစ်ဆက်တည်း ဖြစ်သည့် အလုပ်ဝတ် စုံဝတ်ထားသူတစ်ယောက်က ရောက်လာသည်။ ၎င်းသည် ပိန်ပိန် ရှည်ရှည်ဖြစ်ကာ ဖော်ရွေသော မျက်နှာရှိလျက် အသက်၃၀ခန့်ရှိ ပြီဟု ခန့်မှန်းရသည်။

'ကျွန်တော့်နာမည်က တင်မောင်ဆွေတဲ့ဗျ၊ စုံစမ်းစစ်ဆေး ရေးဘက်က ဆိုပါတော့ဗျာ...'

ကိုဝင်းမောင်က စားပွဲအစွန်းတွင် ဝင်ထိုင်လိုက်ရာက မျက်ခုံးနှစ်ဖက်ကို မသိမသာပင့်လိုက်သည်။





'ကျွန်တော်တို့ လုပ်ငန်းကို လာပြီးစစ်ဆေးတာလား'

'မဟုတ်ပါဘူး၊ ခင်ဗျားတို့ဖောက်သည်တစ်ယောက်နဲ့ ပတ် သက်ပြီး သိချင်တာကလေးတစ်ခု နှစ်ခု ရှိနေလို့ပါ'

'ဘယ်သူများပါလိမ့်ဗျာ'

'ဒေးဗစ်ဘလွင် ဆိုတဲ့လူပါ'

ကိုဝင်းမောင်က ခုတိယမ္ပိမျက်ခုံးများကို ပင့်လိုက်ပြန် သည်။

'သူ မကြာသေးခင်ကမှ အသတ်ခံခဲ့ရတယ်မဟုတ်လား။ သူ့အကြောင်း ကျွန်တော်က ဘာများ ပြောပြနိုင်မှာလဲဗျာ'

'သူ့မှာ ပွဲချိတ်တစ်စင်းရှိကယ် မဟုတ်လား'

'သြော် ဒီပွဲချိတ်ကိစ္စကိုး၊ ဟုတ်တယ်၊ ရှိပါတယ်။ သူက ဒီမှာပဲ ထားလေ့ရှိတယ်။ ဒီပွဲချိတ်နဲ့ ပတ်သက်ပြီး ဘာလုပ်ရမယ် ဆိုတာ ခုထက်ထိ ကျွန်တော့်ဆီ ဘယ်သူကမှ လာမပြောဘူးသေး ဘူး။ ခင်ဗျားက အခု ဒီကိစ္စအတွက် ရောက်လာတာကိုး'

တင်မောင်ဆွေက ဘာမှမပြောဘဲ ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ သင်္ဘောကျင်းဆီသို့ လှမ်းကြည့်လိုက်သည်။

'ခင်ဗျား သင်္ဘောကျင်းမှာ စက်လှေတွေ ဘာတွေတောင် အကြတာပဲနော်။ လုပ်ငန်းက တော်တော်ကြီးသားပဲ'

'လာကြပါတယ်၊ ဒီလုပ်ငန်းကို စလုပ်ခဲ့တဲ့ ကျွန်တော့် အဖေလက်ထဲကပါပဲ'

ကိုဝင်းမောင်က ဂုဏ်ယူသော အမူအရာကြီးဖြင့် ပြော လိုက်၏။

'ငွေလရောင် စက်လှေလည်း ခင်ဗျားဆီကို လာဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့'

ကိုဝင်းမောင်က စဉ်းစားသလို အမူအရာဖြင့် နဖူးရေများ တွန့်လိုက်သည်။

'ငွေလရောင်... လဝင်းရောင် ဘယ်စက်လှေပါလိမ့်'

'မော်လမြိုင်က စူလတန်အာမက်ရဲ့ စက်လှေဟာကော'

'သြော် ကုလား ငါးဖမ်းစက်လှေကို ပြောတာလား အင်း... ဒီစက်လှေက ရန်ကုန်ကိုလာတိုင်း ကျွန်တော့် သဘော်ကျင်းမှာချည်းပဲ ပြင်စရာ ဆင်စရာတွေလာပြင်တတ်တာပဲဗျ'

'နောက်ဆုံးအခေါက် ဘယ်တုန်းကလာသေးသလဲ'

ကိုဝင်းမောင်က မေးစေ့ကိုလက်ဖြင့်ပွတ်ကာ ခေတ္တမျှ စဉ်းစားနေလိုက်သည်။ ပြီးမှ...

'လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပဲဗျ။ သူ့အင်ဂျင်စက်က ဖျူ့ရယ်လ် အင်ဂျက်တာ (လောင်စာသွင်းစက်)ပျက်နေလို့တဲ့၊ ကျွန်တော်တို့စစ်ကြည့်တော့ အင်ဂျင်ပျက်နေတာ မဟုတ်ဘဲ ပိုက်တွေ ကြေးပိတ်နေတာ ဖြစ်နေတာပဲ။ စက်ဆီမကောင်းလို့ပေါ့ဗျာ'

ကိုဝင်းမောင်က သူ့အလုပ်ကို ပြောပြနေသည်ဖြစ်၍ စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

'စက်လှေပေါ်မှာ လူဘယ်နှစ်ယောက်ပါလာသလဲဗျ'

ကိုဝင်းမောင်က ခေါင်းကုတ်လိုက်၏။

'အဲဒါကိုတော့ ကျွန်တော်လည်း အတိအကျ မသိဘူးဗျ ပါနေကျ လူတွေသာ ဖြစ်မှာပေါ့။ စုစုပေါင်းမှ လေးယောက် ငါးယောက်ပါပဲ'

'သူတို့အထဲမှာ ဒေးဗစ်ဘလွင်ကကော ပါသေးသလား'





ကိုဝင်းမောင်က တင်မောင်ဆွေအား အံ့အားသင့်သလို ကြည့်လိုက်သည်။

'ဟာ ဦးဒေးဗစ်ဘလွင်လိုလူက ကုလားငါးဖမ်းသဘော်ပေါ်မှာ ဘာလာလုပ်မှာလဲဗျ'

'ခင်ဗျား စူလတန်အာမက်ရဲ့ သဘော်ပေါ်မှာ ဒေးဗစ်ဘလွင်ကို မတွေ့ခဲ့ရဘူးပေါ့'

ကိုဝင်းမောင်က ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ်၊ တကယ်တော့ ကျွန်တော်က သဘော်ပေါ်မှာ ဘယ်သူဘယ်ဝါတွေပါတယ်ဆိုတာ ဘာမှမသိပါဘူး။ ကျွန်တော် တွေ့ရတာက စူလတန်အာမက်တစ်ယောက်တည်းရယ်။ သူက အကျိုးအကြောင်းကိုပြောပြီး ကျွန်တော့်ဆီမှာ စက်လှေကို အပ်သွားတာပဲ။ ကျွန်တော်တို့က ညတွင်းချင်း စက်လှေကိုပြင်ပြီးသွားတော့ နောက်အစောကြီးပဲ သူတို့က စက်လှေကို လာယူသွားကြတယ်'

'ကောင်းပြီလေ၊ ကျွန်တော်တစ်ခု မေးပါရစေဦး။ စူလတန်အာမက်နဲ့ ဒေးဗစ်ဘလွင်ကို ခင်ဗျားအတူတူများ တွေ့ဖူးသလား'

'အင်း... ဆုံမိကြတယ် ထင်ပါရဲ့။ စူလတန်အာမက်က ဘာ ဒေးဗစ်ဘလွင်ကကော သဘော်ကျင်းကို အရောက်များကြတာကလား'

ဤမျှနှင့်ပင် ကျေနပ်ကာ တင်မောင်ဆွေက ပြန်ခဲ့ရသည်။ စူလတန်အာမက်နှင့် ဒေးဗစ်ဘလွင်တို့သည် ဤသဘော်ကျင်းတွင် တင် သိကျွမ်းအဆက်အသွယ်ရသွားကြောင်း အထောက်အထား တစ်ခုခု ရလိမ့်မည်ဟု သူက မျှော်လင့်ထားခဲ့ရာ ယခုတော့ မျှော်လင့်ချက်မကိုက်ဘဲ ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ သူသည် စူလတန်အာမက်နှင့်နောက် တစ်ကြိမ်သွား၍ ရင်ဆိုင်ဖို့ကတော့ လိုအပ်လာလေပြီ။

❖ ❖ ❖



## အခန်း - ၁၀

မာရီချိုအကြောင်းကို တင်မောင်ဆွေက ကိုသောင်းဖေကြီး အား ပြောပြခဲ့ရာ ကိုသောင်းဖေကြီးတို့ဘက်မှ ကြိုးပမ်းစုံစမ်း ထောက်လှမ်းချက်အရ သူမအကြောင်း စုံစုံလင်လင် သိလာရ၏။

'ဒီမာရီချိုဟာ ကျွန်တော်တို့လိုချင်တဲ့ အမျိုးသမီး အမှန် ပဲဗျ' ဟု စုံထောက် ဒုညွှန်ကြားရေးမှူး ကိုဘရွှေက အားရကျေ နပ်သောအသံဖြင့် ကိုသောင်းဖေနှင့် တင်မောင်ဆွေတို့အား ပြန်လည် အစီရင်ခံနေသည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဒီမာရီချိုဟာ ပြင်ဦးလွင်မှာ ဒေးဗစ်ဘလွင်နဲ့ လက်ထပ်ခဲ့ကြတယ်။ အဲဒီတုန်းက ဒေးဗစ်ဘလွင် ဟာ ပြင်ဦးလွင်က တရုတ်ကုန်သည်တစ်ယောက်ဆီမှာ စာရင်းကိုင် လုပ်နေခဲ့တယ်။ အဲဒီတရုတ်က ခပ်ရှုပ်ရှုပ်ထဲကပဲ။ မာရီချိုကို ဒေးဗစ် ဘလွင်ဟာ အဲဒီတရုတ်နဲ့ ပတ်သက်တွေ့သွားပြီး မကြာခင် လက် ထပ်ယူခဲ့တာပဲတဲ့ အစ်ကိုကြီးရယ်'

'သူတို့ဘယ်တုန်းက ကွဲသွားကြတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မာရီချို့ဟာ ရုပ်ကလေးလှပေမယ့် ခပ်ရှုပ်ရှုပ်ဆိုတော့ ဒေးဗစ်ဘလွင်နဲ့ပေါင်းတာ နှစ်နှစ်သာခံတယ်။ နောက်ဒေးဗစ်နဲ့ ကွဲပြီး လင်နှစ်ယောက် တစ်ဆက်ပြီးတစ်ဆက် ထပ်ယူသေးတယ်။ အခုနောက်ဆုံးဘိတ် ရထားတဲ့လူက မစ္စတာရာဂျန်ဆိုတဲ့ ကုလားကုန်သည်ကြီးတစ်ဦးပဲ။ မြန်မာပြည်က လွှန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက မာရီချို့ရဲ့ယောကျ်ားဟာ မှောင်ခိုကုန်လှောင်မှုနဲ့ ကလကတ္တားပုလိပ်အဖွဲ့က ဖမ်းမယ်လုပ်တော့ ပျောက်သွားတယ်။ အခုထက်ထိ မြေလျှိုးနေတုန်းပဲလို့ ပြောတယ်။ မာရီချို့ကတော့ စကော့ပ္ပမှာ ဒေါ်လာငွေတွေကို တိတ်တိတ်လာရောင်းတဲ့ ကုလားတွေနဲ့ပါလာပြီး အခုပျောက်နေတယ်ဆိုတော့ မြန်မာပြည်ထဲ ပြန်ရောက်နေတာ သေချာပါတယ် အစ်ကိုကြီးရယ်'

တင်မောင်ဆွေက ကိုဘဆွေ၏စကားကို ထောက်ခံလိုက်၏။

'ဲ့ ချာတာပေါ့ ကိုဘဆွေ။ ဒီငတိမက အမေရိကန်ဒေါ်လာငွေစက္ကူတွေ အပြည့်ပါတဲ့ သားရေသေတ္တာနှစ်လုံးကို လိုက်ရှာနေကြတာ ဖြစ်မှာပဲ'

ကိုသောင်းဖေက တင်မောင်ဆွေအား မျက်မှောင်ကြီးကြုတ်၍ ကြည့်လိုက်သည်။

'မင်းဟာက ရှုပ်လာပြန်ပြီကွာ အမေရိကန်ဒေါ်လာငွေတွေက ဟိုအထုပ်ထဲမှာ မပါဘူးလားကွ'

'မပါဘူးလို့ ကျွန်တော်တော့ ထင်တာပဲ။ ငါးဆယ်တန်ငွေစက္ကူတွေမဟုတ်ရင် ဒေါ်လာလေးသောင်းဟာ အဲဒီအထုပ်ကလေးနဲ့ ဘယ်နည်းနဲ့မှ မဆန့်ဘူးဗျ'





ကိုသောင်းဖေက စိတ်ရှုပ်လာသည့် အမူအရာဖြင့်ခေါင်းကြီးကို တဗျစ်ဗျစ် ကုတ်လိုက်ရှာသည်။

'ဒီလိုဆို အထုပ်ထဲမှာက ဘာပါသလဲကွာ'

တင်မောင်ဆွေက ပခုံးများကို တွန့်လိုက်သည်။

'အဲဒါကိုတော့ ကျွန်တော်လည်း မသိဘူးလေ။ ကျွန်တော်ခန့်မှန်းချက်ကတော့ ဒေးဗစ်ဘလွင်ဟာ စကော့ပ္ပကိုလိုက်သွားတာ ဒီအမေရိကန် ဒေါ်လာငွေတွေကို သွားဝယ်တာ ဖြစ်နိုင်တယ်။ ဒီဒေါ်လာတွေအစား သူ့အထုပ်ထဲမှာပါတာကို ပေးဖို့ဖြစ်ချင်ဖြစ်နိုင်တယ်'

တင်မောင်ဆွေ၏ခန့်မှန်းတွေးချက်သည် ယုတ္တိတော်တော်ရှိနေရာ ကိုသောင်းဖေကြီးက မေးစေ့ကို လက်ဖြင့်ပွတ်သပ်စဉ်းစားရာက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'အေး··· မင်းတွေးတာဟာ သိပ်တော့မဆိုးလှဘူးကွ။ ဒါပေမဲ့ သူဟာ ဒီဒေါ်လာငွေတွေကို ခိုးယူဖို့ကြံခဲ့တာဆိုရင်တော့ ဒေါ်လာငွေတွေကို အစားပေးဖို့ပစ္စည်း ဘာလို့ ယူလာခဲ့ရမှာလဲကွာ'

'ဒီလို တွေးကြည့်လေဗျာ၊ ဒေးဗစ်ဘလွင်ဟာ အစကတော့ ဒီဒေါ်လာငွေတွေကို ရိုးရိုးတန်းတန်း တန်ရာတန်ဖိုးပစ္စည်းပေးပြီး လဲယူမလို့၊ ဒါပေမဲ့ ဟိုကျတော့ သူ့မယားဟောင်း မာရီချို့နဲ့တွေ့ကြရပြီး သူတို့နှစ်ယောက်ပေါင်းလို့ ဒေါ်လာငွေတွေကို ကုလားတွေဆီက အရခိုးယူခဲ့ကြတာကော မဖြစ်နိုင်ဘူးလား'

'မဟုတ်သေးဘူးကွ၊ ရှုလတန်အာမက်က သူ့စက်လှေနဲ့ သူတို့ကို စကော့ပ္ပကခေါ်ခဲ့တာဆိုရင် ဒီအကြံအစည်ကို သူတို့အစောကြီးကတည်းက စီစဉ်ထားခဲ့တာ ဖြစ်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေက ပြန်၍ စောဒကတက်လိုက်ရာ တင်မောင်ဆွေက ပခုံးတွန့်ပြလိုက်၏။

'အင်း… ခင်ဗျားပြောတာလည်း စဉ်းစားစရာပဲပေါ့လေ။ အဖြေကတော့ တစ်ခုခုရှိရမှာပဲ'

'အေး… အဲဒီ အဖြေကို မင်းသိရရင် ငါတို့ကို အသိပေးဖို့လည်း မမေ့ပါနဲ့'

ကိုသောင်းဖေက တင်မောင်ဆွေအား ေ၀့လိုက်ရာ တင်မောင်ဆွေက ပြုံးပြီးထိုင်ရာမှထလိုက်၏။

'စိတ်ချပါ ကိုသောင်းဖေ။ ကျွန်တော်တို့ ခင်ဗျားတို့ သိချင်တဲ့ အဖြေကို ကျွန်တော်က အခု ရူလတန်အာမက်ဆီ သွားမေးစမ်းကြည့်လိုက်ဦးမယ်'

တင်မောင်ဆွေက ပြောပြောဆိုဆို သူ့ပခုံးစလွယ်အိတ်ထဲမှ လှူဂါသေနတ်ကို လက်တစ်ဖက်ဖြင့် အသာပုတ်ကာ ထွက်လာခဲ့လေ၏။

သီချင်းထဲကလို တင်မောင်ဆွေတစ်ယောက်ကတော့ မော်ရွေမြို့သို့ တစ်ခါတစ်ခေါက် ရောက်လာခဲ့ရပြန်ပြီ ဖြစ်လေသည်။

ယခု သူက ကိုကျင်ဟုတ်၏ခေါက်ဆွဲဆိုင်ထဲရှိ ကိုကျင်ဟုတ်နှင့်အတူ ထိုင်လျက်ရှိနေသည်။ ကိုကျင်ဟုတ်က ဟင်နက်ဆီဘရန်ဒီကိုထုတ်၍ ဧည့်ခံနေ၏။ သို့ရာတွင် သူပြောစရာရှိသောစကားများကတော့ တင်မောင်ဆွေအတွက် သိပ်မင်္လာမရှိသောစကားများဖြစ်နေ၏။

'ကိုတင်မောင်ဆွေ၊ ခင်ဗျား သတိတော့ ထားရလိမ့်မယ်နော်။ တစ်နေ့ကပဲ နိုင်စောမဲဆိုတဲ့ကောင်က ကျွန်တော့်ဆီလာပြီး





ရန်ကုန်က စုံထောက်တင်မောင်ဆွေဆိုတာ ရှိသလားလို့ မေးသွားသေးတယ်'

'နိုင်စောမဲဆိုတာကို ကျွန်တော်တစ်ခါမှမသိဘူးပါကလား'

'လက်နက်ချ သူပုန်တစ်ယောက်ဗျ။ သူပုန်ဘ၀တုန်းက လူကို ရက်ရက်စက်စက် သတ်ရာမှာ အင်မတန် နာမည်ကြီးခဲ့တဲ့လူတစ်ယောက်ပဲ။ အခုတော့ ရူလတန်အာမက်ရဲ့ အငှားလူမိုက်လုပ်နေတယ်'

'သူက ဒီဆိုင်ကို ဘယ်လိုလုပ် လိုက်လာနိုင်တာလဲ'

'ခင်ဗျား အရင်တစ်ခေါက် မော်လမြိုင်ကိုလာတုန်း ကျွန်တော့်ကားကို အသုံးပြုခဲ့တယ် မဟုတ်လား။ အဲဒီ ကားနံပါတ်ကို ရူလတန်အာမက်ရဲ့ လူတစ်ယောက်က မှတ်ထားလိုက်နိုင်ပြီး ခြေရာခံလိုက်လာနိုင်တာပဲပေါ့ ကိုတင်မောင်ဆွေ'

'နိုင်စောမဲ တစ်ယောက်တည်းပဲလား'

'တစ်ယောက်တည်းပါပဲ။ ဒီကောင်က တော်တော့်ကို မိုက်တဲ့ကောင်နော်။ အထင်သေးလို့တော့ မကောင်းဘူး။ သူက ခပ်ပြောင်ပြောင်ပဲ၊ ခင်ဗျားကိုမေးတာ ကျွန်တော့်ကိုလည်း ခြိမ်းခြောက်သွားသေးတယ်။ လောကကြီးမှာ ကြာကြာဆက်ပြီး ၀က်သားစားနေချင်သေးရင်၊ ရန်ကုန်ကစုံထောက်ဆိုတဲ့ မကြာခင် ဘ၀ကူးရတော့မယ့် တင်မောင်ဆွေဆိုတဲ့အကောင်နဲ့ စပ်စပ်ယှက်ယှက် မလုပ်နဲ့တဲ့'

ကိုကျင်ဟုတ်ကပြောရာက နှုတ်ခမ်းမဲ့လိုက်ကာ ဘရန်ဒီလက်တစ်လုံးခန့်ကို ကျိုက်ခနဲမော့ပစ်လိုက်သည်။ တင်မောင်ဆွေက သဘောကျစွာ ရယ်လိုက်မိ၏။

'ဒီတော့ ခင်ဗျားက ငြိမ်ခံနေတာပဲလား ကိုကျင်ဟုတ်ရာ'



www.burmeseclassic.com

www.burmeseclassic.com



'ငြိမ်ခံနေလိုက်လည်း ပြီးတာပဲမဟုတ်လား ကိုတင်မောင်ဆွေ၊ ဒါပေမဲ့ စိတ်တိုတတ်တဲ့ ကျွန်တော့်ရဲ့ တရုတ်သွေးက ငြိမ်မနေဘူးဗျ။ ခွေးခြေတစ်ခုဆွဲပြီး ကောက်ရိုက်လိုက်မိတယ်။ ဒီကောင်ခေါင်းကွဲသွားလို့ ဆေးရုံမှာ ရှစ်ချက်တောင်တက်ချုပ်လိုက်ရတယ်လေ'

ကိုကျင်ဟုတ်က ကျေနပ်အားရစွာ ပြောရာက သူ့ဖန်ခွက်နှင့် တင်မောင်ဆွေ၏ဖန်ခွက်သို့ ဘရန်ဒီထပ်၍ထည့်လိုက်သည်။ တင်မောင်ဆွေက အမြည်း ဝက်နံကင်တစ်ဖတ်ကို တူနှင့်ညှပ်လျက် ပါးစပ်ထဲသို့ ထည့်လိုက်ရာက မေးခွန်းတစ်ခု ထုတ်လိုက်သည်။

'အခု ဒီကောင် ဆေးရုံက ဆင်းပြီလား'

'ဒီနေ့မနက်ပဲ ဆင်းသွားတယ်လို့ကြားတယ်'

'သူ့ကို ကျွန်တော် ဘယ်မှာရှာတွေ့ရမလဲ'

'စူလတန်အာမက်ဆီ သွားမေးကြည့်ပေတော့ ကိုတင်မောင်ဆွေ…'

ကိုကျင်ဟုတ်က တင်မောင်ဆွေအား ပြန်ဖြေရာက ရုတ်တရက် မျက်နှာတည်ကြည်သွား၏။

'ပေါ့ပေါ့ဆဆလုပ်နေဖို့တော့ မကောင်းဘူး ကိုတင်မောင်ဆွေ။ စူလတန်အာမက်က တကယ်တော့ ကြောက်စရာကောင်းတဲ့ ရန်သူတစ်ယောက်ပဲ။ ခင်ဗျားကို ကျွန်တော် အရင်တစ်ခေါက်က ပေးထားတဲ့ တယ်လီဖုန်းနံပါတ်ကိုလည်း မေ့မထားနဲ့နော်။ ဒါမှမဟုတ်လည်း ကျွန်တော် ခင်ဗျားနဲ့အတူ လိုက်ခဲ့မယ်လေ'

တင်မောင်ဆွေက ဘရန်ဒီကို မော့ချလိုက်ရာက ခေါင်းခါပြလိုက်သည်။





'နေပါစေ ကိုကျင်ဟုတ်၊ ခင်ဗျားဟာ ကျွန်တော်တို့ လူ…စ်ယောက်ဆိုတာ သိမသွားစေချင်ဘူးလေ။ အရေးကြီး အကျပ်…လာတဲ့အခါကျတော့မှသာ ခင်ဗျားကို ကျွန်တော် အားကိုးပါရ…မှာ ဟုတ်လား။ ခင်ဗျား နိုင်စောမဲကို ရိုက်ပစ်လိုက်တာတောင်…တယ်ဗျ'

ကိုကျင်ဟုတ်က တဟဲဟဲ ရယ်လိုက်၏။

'ဒါက ကိစ္စမရှိပါဘူးလေ။ ကျွန်တော့်ကို မော်လမြိုင်တစ်…လုံးက စိတ်တိုတတ်တဲ့ စစ်ဗိုလ်လူထွက် တစ်ယောက်ဆိုတာကို…သားကြတာပဲဗျ'

တင်မောင်ဆွေကလည်း ရယ်လိုက်ကာ ခင်မင်ရင်းနှီးစွာ… ကိုကျင်ဟုတ်၏ပခုံးကို ပုတ်လိုက်၏။

'ခင်ဗျားလောက် မြန်မြန်စိတ်ရှိတဲ့ တရုတ်ကိုတော့ ကျွန်…တ် တော်တော်ရှာယူရဦးမယ် ကိုကျင်ဟုတ်။ ကဲ… ကျွန်တော်…မ်းနားလမ်းတစ်လျှောက် အညောင်းပြေ လမ်းလျှောက်လိုက်ဦး…ယ်ဗျာ'

'အကူအညီလိုရင် ကျွန်တော်ပေးထားတဲ့ နံပါတ်အတိုင်း…ဆက်ဗျနော်'

ကိုကျင်ဟုတ်က တင်မောင်ဆွေအတွက် စိတ်မချနိုင်ဘဲ…မှာလိုက်ရသေး၏။ တင်မောင်ဆွေက ခေါင်းညိတ်ကာ လက်မ…ထောင်ပြပြီး အခန်းထဲမှ ထွက်ခဲ့လေသည်။

အမှန်တော့ တင်မောင်ဆွေသည် စိတ်ဆုံးဖြတ်ပြီးသား…နေသည်။ စူလတန်အာမက်နှင့် သည်တစ်ခါတော့ တွေ့တွေ့ဆိုင်…တို တွေ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ရုလတန်**အာမက်၏စက်လှေ'ငွေလရောင်'သည် မော်
မြိုင်ဆိပ်ကမ်းအမှတ် ( )အလွန် မြစ်လယ်တွင် ဆိုက်ကပ်ထား
လျက်ရှိနေသည်ဟု ကိုကျင်ဟုတ်ထံမှ သူသိခဲ့ရသည်။ ယခု သူ
သည် ကမ်းနားတစ်လျှောက် ခြေလျင်လျှောက်ခဲ့ကာ ဆိပ်ကမ်း
အမှတ် ( )သို့ရောက်လာလျှင် အုတ်တံတိုင်းတွင် မှီရပ်လျက်
မြစ်လယ်ဆီသို့ မျှော်ကြည့်လိုက်မိသည်။ သူနှင့်အနီးဆုံးတွင် ရေတ
မှ မိကျောင်းတိုက်ရေယာဉ်တစ်စင်းက ရှိနေ၏။

ထိုမိကျောင်းတိုက်ရေယာဉ်၏ တစ်ဖက်တွင်ကား စက်လှေ
ကြီးသုံးစင်းက အစီအရီ ကျောက်ချထားလျက် ရှိနေသေးသည်
ဘယ်ဟာသည် ငွေလရောင် စက်လှေဖြစ်သည်ကိုတော့ မပြော
ချေ။

တင်မောင်ဆွေက ဆိပ်ဈာမ်းတံတားသို့ ဆင်းခဲ့သည်
ဘောက်တူကလေးတစ်စင်းက တံတားထိပ်တွင် ကပ်လျက်သာ
အသင့်ရှိနေသည်။ လှော်တက်ကလည်း အသင့်။ လှေရှင်ကိုတော့
မတွေ့ရ။

သွက်လက်ပေါ့ပါးစွာပင် တင်မောင်ဆွေက လှေကလေး
ပေါ်သို့ ခုန်ဆင်းလိုက်ကာ တံတားတိုင်ချည်ထားသော လှေဦးက
ကြိုးကိုဖြေလိုက်သည်။ နောက်တစ်ခဏတွင်တော့ တင်မောင်ဆွေ
သည် လှေကလေးကို ရေလယ်တွင်ရပ်ထားသော စက်လှေသုံးစင်း
ဆီသို့ လှော်ခတ်လျက်ရှိနေလေသည်။

ပထမဦးဆုံး စက်လှေသည် ငွေလရောင် မဟုတ်ချေ
ဒုတိယစက်လှေဆီသို့ တင်မောင်ဆွေက ဆက်လှော်ခဲ့ပြန်သည်
ထိုစက်လှေလည်းမဟုတ်ပြန်။ တင်မောင်ဆွေက နောက်ဆုံးပိတ်





စက်လှေဆီသို့ လှမ်းကြည့်လိုက်သည်။

စက်လှေ၏ရှက်တိုင်ထိပ်တွင် ထွန်းထားသော မီးနီမီးပြာ
ကလေးတစ်ခုမှအပ စက်လှေသုံးစင်းစလုံးသည် မှောင်အတိကျနေ
သည်။ စက်လှေကုန်းပတ်ပေါ်တွင်လည်း လူဆို၍ တစ်ယောက်
ကလေးမှမတွေ့ရ။ အကယ်၍ စက်လှေပေါ်တွင် လူရှိသည်ဆိုပါက
အခန်းထဲတွင်သာ ရှိနေပေမည်။

တင်မောင်ဆွေက သူ့လှေကလေးကို စက်လှေကြီးကို ပတ်
လှော်ကာ အကဲခတ်ကြည့်လိုက်သည်။ တကယ်ကိုပင် စက်လှေကြီး
ပေါ်၌ အသက်ရှင်နေသည့် အရိပ်လက္ခဏာဆို၍ ဘာတစ်ခုကိုမှ
မတွေ့ရ။ စက်လှေ၏ဦးပိုင်းတွင် ငွေလရောင်ဟူသည့် စာတန်းကို
တော့ တင်မောင်ဆွေက အထင်အရှားတွေ့ရသည်။

တင်မောင်ဆွေက သူ့လှေကို စက်လှေကြီး၏ ပဲ့ပိုင်းသို့
ချဉ်းကပ်ခဲ့ကာ လှေဦးမှကြိုးကို စက်လှေကြီး၏ပဲ့တိုင်တွင် ချည်
နှောင်လိုက်သည်။ ထို့နောက် ပဲ့တိုင်ကိုတွယ်၍ လှေကြီး၏ကုန်း
ပတ်ပေါ်သို့ သွက်လက်ပေါ့ပါးစွာ တက်လိုက်လေ၏။

ကုန်းပတ်ပေါ်သို့ ရောက်သွားလျှင် တင်မောင်ဆွေက
ကြိုးပုံကြီးတစ်ခုဘေးတွင် အသာကပ်လျက် အခြေအနေကို အကဲ
ခတ်ကြည့်နေလိုက်သည်။ သူ့ညာလက်ကလည်း ရင်ဘတ်မှ ပခုံး
သွယ်အိတ်အနားတွင် အသင့်ရောက်ရှိနေ၏။

`စက်လှေကြီးတစ်စင်းလုံးသည် လုံးဝအသက်ကင်းမဲ့နေ
သည့်အလား ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ တင်မောင်ဆွေ
က သူ့အသက်ရှူသံကို အတိုင်းသားပြန်ကြားနေရသည်။ လေတိုး၍
ရှက်တိုင်မှကြိုးတွေ တဖျစ်ဖျစ် မြည်သွားသံကသာ တစ်ခါတရံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတတ်၏။

တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့။ သူ၏ဖောင်တိန် လက်နှိပ်ဓာတ်မီးကလေးကို ဖြုတ်ယူလိုက်ကာ ပွဲပိုင်းစင်မြင့်ပေါ်မှ အသာ ခြေကိုဖော့နင်းခဲ့ပြီး ကုန်းပတ်အလယ်တွင်ရှိနေသော ကက်ဆင်အခန်းအိမ်ကလေးဆီသို့ ချဉ်းကပ်ခဲ့ပြန်တော့သည်။ ကက်ဆင်အခန်းအိမ်ကလေး၏ တံခါးကို သူ့လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ သော့ခလောက်ကြီး ခတ်လျက်သားဖြစ်နေသည်ကို တွေ့လိုက်ရပြန်၏။

ဤသို့သော အခြေအနေမျိုးအတွက် ကြိုတင်အသင့်ဖြင့် လာခဲ့သည်ဖြစ်ရာ တင်မောင်ဆွေက သူ့အင်္ကျီအိတ်အတွင်းမှ သံမဏိချောင်းရှည်ရှည်ပြားပြားကလေးတစ်ခုကို ထုတ်ယူလိုက်၏။ ထိုသံမဏိချောင်းဖြင့်ပင် တင်မောင်ဆွေက တံခါးမှသော့ခလောက်ကို နှစ်မိနစ်အတွင်း ဖွင့်လိုက်နိုင်တော့သည်။

သော့ခလောက်ကို ဖြုတ်ပြီးနောက် တင်မောင်ဆွေက တံခါးရွက်ကို အသာတွန်းကြည့်လိုက်သည်။ တံခါးပတ္တာများကို ကောင်းစွာ ဆီထည့်ထားသည်ဖြစ်ရကား တံခါးရွက်ကမည်သို့မျှ အသံမမြည်ဘဲ ချောမွတ်စွာပင် ပွင့်သွားလေ၏။

တင်မောင်ဆွေက လက်နှိပ်ဓာတ်မီးကလေးကို ဖွင့်လိုက်ကာ ကက်ဆင်အခန်းအိမ်ကလေးထဲသို့ လှမ်းဝင်လိုက်သည်။ ငါးညှီနံ့ ခပ်သဲ့သဲ့က သူ့နှာဝထဲသို့ တိုးဝင်လာသည်။

အခန်းအိမ်ကလေးမှာ သိပ်မကျယ်လှ၊ ဖျက်ခုနစ်ပေ အရှည်ဆယ့်လေးပေမျှသာ ရှိမည်ဖြစ်သည်။ ကြမ်းပြင်ပေါ်တွင် တာရပတ်တွေခင်းထားပြီး အိပ်ယာကလေးတစ်ခုက ဖြန့်လျက်သားဖြစ်နေ





သည်။ တင်မောင်ဆွေက လက်နှိပ်ဓာတ်မီးဖြင့် ကြမ်းပြင်တစ်လျှောက်ထိုးကြည့်ရာ လှေဝမ်းအတွင်းသို့ဆင်းသော အံဖုံးတံခါးချပ်ကို တွေ့လိုက်ရ၏။

တံခါးချပ်၏အလယ်မှ သံကွင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် အားစိုက်ဆွဲလိုက်ရာ အံဖုံးတံခါးချပ်တစ်ခုလုံးက ကြမ်းပြင်မှကြွတက်လျက် လက်ထဲတွင်ပါလာသည်။ ဟောင်းလောင်းပေါက်မှ ငုံ့ကြည့်လိုက်ရာ လှေဝမ်းထဲသို့ ဆင်းရသောလှေကားကို တွေ့ရ၏။ တင်မောင်ဆွေက ထိုလှေကားပေါ်သို့ ကိုယ်ကို အသာလျှောဆင်းလိုက်ကာ အံဖုံးတံခါးကို သူ့ခေါင်းထက်တွင် နေရာတကျပြန်ပိတ်ထားလိုက်သည်။

လှေကားအဆုံး လှေဝမ်းထဲသို့ရောက်သွားလျှင် တင်မောင်ဆွေက သေးငယ်သော်လည်း အားကောင်းသည့် လက်နှိပ်ဓာတ်မီးကလေး၏အလင်းရောင်ဖြင့် ငါးလှောင်ကန်ကြီးတစ်ကန်ကို တွေ့လိုက်ရသည်။ ငါးညှီနံ့က ပို၍ပြင်းလာ၏။ ငါးလှောင်ကန်ကြီး၏နောက်တွင်ကား ရေခဲစက်ကလေးတစ်ခုက ရှိနေသည်။ ထိုရေခဲစက်၏ နောက်တွင်ကား စက်လှေကြီး၏ဒီဇယ်အင်ဂျင်စက်ကြီးကို တင်မောင်ဆွေက တွေ့လိုက်ရတော့သည်။

ဒီဇယ်အင်ဂျင်စက်ကို တင်မောင်ဆွေက စစ်ဆေးပြီးနောက် အံ့သြသွားစွာ လေချွန်လိုက်မိသည်။ ရှုလတန်အာမက်၏ စက်လှေသည် သာမန်စက်လှေများတွင် အသုံးပြုသည်ထက် ပိုမိုအားကောင်းသောကြောင့် ဖြစ်လေ၏။ သည်လိုအင်ဂျင်စက်မျိုးနှင့်ဆိုပါက ငွေသရောင်စက်လှေသည် ပင်လယ်ပြင်တွင် ခရီးဝေးကိုစိတ်ချလက်ချ သွားနိုင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက အင်ဂျင်စက်ကို စစ်ဆေးကြည့်ရှုပြီး နောက် ရှေ့ပိုင်းသို့ဆက်လျှောက်ခဲ့ရာ လှေကားတစ်ခုကို တွေ့ရပြန် သည်။ သူဆင်းလာခဲ့သော လှေကားက နောက်ပိုင်းတွင် ကျန်ရစ်ခဲ့ ပြီဖြစ်သည်။

တင်မောင်ဆွေက ထိုလှေကားပေါ်သို့တက်ကြည့်ပြီး အမိုး တံခါးကိုတွန်းဖွင့်လိုက်ရာ ပဲ့ကိုင်အခန်းဆီသို့ ရောက်သွားလေသည်။ ပဲ့ကိုင်အခန်း၏မှန်ပြတင်းပေါက်များမှနေ၍ ဆိပ်ကမ်းဆီသို့ ကောင်း စွာတွေ့ခဲ့နိုင်သည်။ သို့ရာတွင် ဆိပ်ကမ်းတံတားပေါ်၌ လူရိပ်လူ ယောင် မတွေ့ရ။

တင်မောင်ဆွေက လက်နှိပ်ဓာတ်မီးဖြင့် ပဲ့ကိုင်အိမ်ခန်းထဲ လျှောက်ထိုးကြည့်ရာ ပဲ့ကိုင်ဘီးကြီး၏နောက်ဘက်ထရံတွင် ဗီရို ကလေးတစ်ခု ချိတ်ထားသည်ကို တွေ့လိုက်ရသည်။ ဗီရိုတံခါးကို အသာဆွဲကြည့်ရာ သော့မခတ်ထားသည့်အတွက် အလိုက်သင့်ပင် ပွင့်ပါလာ၏။

ဗီရိုထဲသို့ တင်မောင်ဆွေက လက်နှိပ်ဓာတ်မီးဖြင့် ထိုး ကြည့်လိုက်သည်။ လက်နှိပ်ဓာတ်မီး၏အလင်းရောင်တွင် စာအုပ်ထူ ကြီးတစ်ခုကို တွေ့လိုက်ရလေသည်။ လော့ဂ်ဘွတ်ကဲခေါ် ပင်လယ် သွားရေယာဉ်တိုင်းတွင်ထားရသော မှတ်တမ်းစာအုပ်ကြီးပင် ဖြစ်နေ သည်။

တင်မောင်ဆွေက ဝမ်းသာအားရစာအုပ်ကို ဗီရိုထဲမှထုတ် ယူလိုက်သည်။ ပြီးလျှင် မီးရောင်ကို ဆိပ်ကမ်းဆီမှ မမြင်နိုင်အောင် ကြမ်းပြင်ပေါ်တွင်ထိုင်လျက်၊ စာအုပ်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုး ပြီး တစ်ရွက်ချင်း ဖွင့်လှန်ဖတ်ရှုလေ၏။





ငွေလရောင်စက်လှေသည် နောက်ဆုံးပိတ် ထွက်ခဲ့သော ခရီးတွင် ခုနစ်ရက် ငါးပတ်တိတိ ကြာမြင့်ခဲ့ကြောင်းကို တင်မောင် ဆွေက တွေ့လိုက်ရသည်။ မာလာယုကျွန်းဆွယ် တောင်ပိုင်းနားထိ ပင် ဆိုက်ရောက်ခဲ့သည်။ အပြန်ခရီးတွင် ဒီဇယ်စက်ကြီးအတွက် ...တ်ဆီစက်ဆီဖြည့်ရန်အတွက် စင်္ကာပူတွင် ဝင်နားခဲ့ရသေးကြောင်း ...တ်တမ်းတွင် ဖော်ပြထားသည်။ ထိုသို့ နားခဲ့ရသော အချိန်တွင် စင်္ကာပူတွင် ဒေါ်လာတိတ်တိတ်လာရောင်းသော တုလားသုံးယောက် ဒေါ်လာအလုခံလိုက်ရသော နေ့ရက်သည်လည်း အပါအဝင်ဖြစ်နေ ကြောင်းကို တွေ့လိုက်ရလျှင် တင်မောင်ဆွေက ကျေနပ်အားရစွာ ...လိုက်မိသည်။ ကုလားတွေ ဒေါ်လာငွေအလုခံရပြီး နောက်တစ် ...တွင်ပင် ငွေလရောင်စက်လှေကြီးက စင်္ကာပူဆိပ်ကမ်းမှ ထွက် ခဲ့ခြင်းဖြစ်လေ၏။

တင်မောင်ဆွေက လော့ဂ်ဘွတ်(ကဲ)မှတ်တမ်းစာအုပ်ကြီး ကို သူ့ဘောင်းဘီနှင့် ကျောပြင်ကြားထဲသို့ အသာထိုးထည့်လိုက် သည်။ မှတ်တမ်းတွင်ပါသောအကြောင်းအရာများသည် စိတ်ဝင်စား ဖွယ် ကောင်းသည်မှာမှန်သော်လည်း၊ ရှုလတန်အာမက်သည် စင်္ကာပူ ...၍ ဒေးဗစ်ဘလွင်ကို တင်ခေါ်ဆောင်ကျဉ်းလာကြောင်း သက် သေအထောက်အထားကား ဟုတ်မနေသေးပေ။ သို့တစေလည်း ...ယ်တမ်းကျတော့ ခိုင်လုံသော သက်သေအထောက်အထားကား ...ပါဟု တင်မောင်ဆွေက တွေးလိုက်မိ၏။

ဤကိစ္စအား သာမန်အမှုကိစ္စမျိုးမဟုတ်။ သို့အတွက် ...ရုံးတော်သို့တက်၍ သက်သေအထောက်အထားတွေ တင်ပြ ...ဆုံးဖြတ်ရမည့် အမှုကိစ္စလည်း မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တင်မောင်ဆွေ့နားထဲသို့ အသံတစ်ခုက ဝင်လာ… သည်။ တဖုတ်ဖုတ်မြည်နေသော ပွဲချိတ်စက်သံကလေးပင်တည်း… စက်သံက စက်လှေကြီးဆီသို့ ဦးတည်ချဉ်းကပ်လာနေခြင်း ဖြစ်…

တင်မောင်ဆွေက လက်နှိပ်ဓာတ်မီးကိုပိတ်လိုက်ကာ … ကုတ်အင်္ကျီအိတ်ထဲတွင် ပြန်၍ ချိတ်ထားလိုက်သည်။ ထို့နောက်… မှန်ပြတင်းပေါက်မှနေ၍ မည်းမှောင်နေသော မြစ်ပြင်ကိုဖြတ်… ဆိပ်ကမ်းတံတားဆီသို့ အသာချောင်းကြည့်လိုက်သည်။ အမှောင်… ဓာတ်ကို ဖောက်ထွင်း၍ မြစ်ပြင်ပေါ်တွင် ဘာကိုမှ သဲကွဲစွာ မ… မြင်နိုင်ရ။

ပွဲချိတ်မော်တော်စက်သံကတော့ ပို၍ နီးကပ်လာနေပြီ မြ… သည်။ တင်မောင်ဆွေက ချက်ချင်းပင် ဝင်လာသော အပေါက်… ၍ စက်လှေဝမ်းထဲသို့ လျင်မြန်စွာ ဆင်းလိုက်သည်။ လောကြီး… သဖြင့် လှေကားတစ်ထစ်ချော်နင်းမိရာ လှေဝမ်းထဲသို့ ဝုန်းခနဲ… အောင်ပင် လှေကားမှ လျှောဆင်းသွားတော့သည်။ တော်ပါသေး… အကျကောင်းသဖြင့် ဘာမှမဖြစ်။

ငါးလှောင်ကန်ကို ကျော်ဖြတ်ကာ တင်မောင်ဆွေက … လာခဲ့သော လှေကားဆီသို့ ပြေးရပြန်သည်။ မည်းမှောင်နေသ… လှေကားကို အလွယ်တကူရှာမတွေ့။ ခေါင်းနှင့်ဝင်ဆောင့်မိတော့… လက်ဖြင့် စမ်းသပ်ကာ လှေကားလက်ရမ်းကိုင်မိပြီး သတိထား… တက်ခဲ့ရသည်။ ကက်ဘင်အိမ်ခန်းထဲသို့ ပြန်ရောက်လျှင် တဖုတ်… စက်သံက ရုတ်တရက် ရပ်သွားသည်။ တင်မောင်ဆွေက ကုန်း… သို့ထွက်လိုက်ကာ ကုန်းပတ်လက်ရမ်းမှ ရေပြင်ဆီသို့ အသာချော… ကြည့်လိုက်ရာ မီးပျူ၍ လုံးဝမပါသည့် ပွဲချိတ်စက်တပ်ထားသ…

…သာတစ်စင်းက စက်လှေကြီးဘေးဆီသို့ ကပ်လာနေသည်ကို တွေ့ …တ်လေ၏။

တင်မောင်ဆွေက သူ့လှေချည်ထားခဲ့ရာ စက်လှေပွဲပိုင်း …သို့ ပြေးသွားမည်ပြုစဉ်မှာပင် ရုတ်တရက် အူရဒူဘာသာဖြင့် …ာ်ပြောလိုက်သံတစ်ခုက ထွက်ပေါ်လာသည်။ အူရဒူကုလား …ားကို အတော်နားလည်သော တင်မောင်ဆွေက ခြေလှမ်းများ …ခနဲ ရပ်သွားတော့၏။

အကြောင်းမှ အူရဒူဘာသာဖြင့် ပြောလိုက်သော စကား …မှာ···

'ဟေ့ ပွဲပိုင်းမှာ လှေတစ်စင်းချည်ထားပါကလား၊ ဒွေး …သား တစ်ယောက်ယောက်တော့ စက်လှေပေါ် တိတ်တိတ် တက် …ကြည့်နေပြီ' ဟူ၍ ဖြစ်နေသောကြောင့်တည်း။

ပွဲချိတ်နှင့်တက်လာကြသူများက စူလတန်အာမက်၏ စက် …သားများ ဖြစ်နေ၏။ ၄င်းတို့က စက်လှေပေါ်တွင် သူတို့မရှိ …န်း တစ်စုံတစ်ယောက်က တက်နေကြောင်းကို သိသွားကြပေပြီ။ …အနေဖြင့် သူ့လှေသို့ပြန်သွား၍ မဖြစ်သည်ကို တင်မောင်ဆွေက …လည်လိုက်မိ၏။

တင်မောင်ဆွေက ကက်ဘင်အိမ်ခန်း၏မှောင်ရိပ်ဆီသို့ …ဆောပြန်၍ ဆုတ်ခွာခဲ့ကာ အခြေအနေကို သတိဖြင့် စောင့်ကြည့် …လိုက်၏။

စက်လှေဘေးလက်ရမ်းကို ကျော်လျက် ကုန်းပတ်ပေါ်သို့ …က်လာကြသော လူသဏ္ဍာန်သုံးခုကို တင်မောင်ဆွေက အမှောင် …ထို ဖောက်ထွင်းလျက် ခပ်ရေးရေးမျှသာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၄င်းတို့သည် အသံမပြုကြဘဲ တိတ်ဆိတ်သွက်လက်စွာ လူဖြန့်လျ
ကက်ဘင်ခန်းမဆီသို့ ချဉ်းကပ်လာကြသည်။ နှစ်ယောက်က
လှေ၏ဘေးတစ်ဖက်တစ်ချက်မှ ကပ်၍လျှောက်လာကာ ကျန်
ယောက်က ပွဲပိုင်းတွင် စောင့်ကျန်နေရစ်ခဲ့သည်ကို တင်မောင်ဆွေ
တွေ့လိုက်ရသည်။

ဂျောက်ခနဲ ခြောက်လုံးပြူးသေနတ် မောင်းတင်လိုက်
က တိတ်ဆိတ်မှုကို ဖောက်ဖျက်လိုက်၏။

"ဟေ့ကောင် အရှုံးသေနတ်မသုံးရဘူး။ ဘာသံမှမပြ
စေနဲ့"

အူရဒူဘာသာဖြင့် အမိန့်ပေးလိုက်သံက ထွက်ပေါ်
သည်။ ရှုလတန်အာမက်၏ အသံပင် ဖြစ်သည်။ တင်မောင်ဆွေ
သူ့လျှိုဂါသေနတ်ကို ထုတ်ယူလိုက်ပြီး နောက်သို့ တဖြည်းဖြ
ဆုတ်လာသည်။ သို့ရာတွင် ဤလူသုံးယောက်ကို သူက ကြာ
စွာရှောင်ရှားနိုင်မည် မဟုတ်ကြောင်းကို သူက နားလည်မိသ

ဤသုံးယောက်စလုံးကား ဤစက်လှေပေါ်တွင် ကျွမ်း
ပြီးသားဖြစ်နေသည်။ ဘယ်နေရာတွင် ဘာရှိသည်ဆိုသည်ကို
လက်မကစ၍ သိနေကြ၏။ သူ့အနေနှင့်က မျက်ကန်းလို စမ်း
ဝါးရွေ့လျားနေရသည် ဖြစ်၏။ ယခုပင်လျှင် သူက စည်ပိုင်း
တစ်ခုနှင့်ကျောဝင်ဆောင့်မိပေပြီ။

တင်မောင်ဆွေက သေနတ်ကို စလွယ်အိတ်ထဲသို့ ပြန်
လိုက်သည်။ လူတစ်ယောက်က သူ့ရှေ့လေးပေအကွာသို့ ရောင်
ပေပြီ။ သို့ရာတွင် သူ့ကိုတော့ မတွေ့ရသေး။ ဦးခေါင်းကို ဟိုး
လှည့်သည်ဘက်လှည့်လိုက်နှင့် မှောင်ထဲတွင်လိုက်လံရှာဖွေနေသ





၄င်း၏ညာလက်ထဲတွင် သံမဏိရောင် လက်ခနဲတွေ့လိုက်ရခြင်းအားဖြင့် ဓားတစ်ချောင်းကို အသင့်ကိုင်ထားကြောင်းကို တင်မောင်ဆွေက သိလိုက်ရသည်။ တင်မောင်ဆွေက အသင့်ရပ်လိုက်ကာ ချဉ်းကပ်လာနေသော လူ၏လည်ပင်းစောင်းကို မှန်းဆကြည့်လိုက်သည်။ ပြီးနောက် ရုတ်တရက် ရှေ့သို့လွှားခနဲ ခုန်အုပ်လိုက်ကာ ညာလက်ဝါးစောင်းဖြင့် ထိုလူ၏ လည်ပင်းစောင်းကို တအားခုတ်ချလိုက်သည်။

သို့တစေ လက်ဝါးစောင်းက ထိုလူ၏လည်ပင်းစောင်းကို မထိဘဲ မာကျောသောမေးရိုးသို့သာ သွား၍ထိလိုက်သည်။ အင့်ခနဲ အော်လိုက်သံက ထွက်ပေါ်လာသည်။

ဓားသွားသည် ဝင်းခနဲလက်သွားကာ အောက်ကနေပင့်၍ တင်မောင်ဆွေဝမ်းဗိုက်သို့ တည့်တည့်မတ်မတ် ဝင်လာသည်။ တင်မောင်ဆွေက ဘယ်လက်ဖြင့် ဘေးသို့ခတ်ပစ်လိုက်ပြီး ညာဒူးဖြင့် ပင့်တိုက်လိုက်သည်။ ဒူးသည် မှန်းဆသလို ထိုလူ၏ပေါင်ရင်းခွဆုံသို့ မရောက်သော်လည်း ဒူးတိုက်ခံလိုက်ရသော အရှိန်ဖြင့် ထိုလူသည် ဘေးသို့ယိုင်သွားကာ စက်လှေလက်ရမ်းတွင် မှီလျက်သားကြီးဖြစ်နေသည်။

တစ်စုံတစ်ယောက်က အော်လိုက်သံနှင့် စက်လှေကုန်းပတ်ကို တဒုံးဒုံးနင်းလျက် ပြေးလာသံများကို တင်မောင်ဆွေက ကြားလိုက်ရသည်။ လက်ရမ်းကို မှီနေသူများကလည်း ကိုယ်ကို ပြန်မတ်လိုက်ကာ လက်ထဲကဓားကို ရမ်းလျက် တင်မောင်ဆွေအား အတင်းဝင်၍ တိုက်ခိုက်ပြန်သည်။ ဓားသွားသည် တင်မောင်ဆွေ၏ကုတ်အင်္ကျီလက်တစ်ဖက်ကို ဖြန်းခနဲ ကွဲထွက်သွားစေသည်။ တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



တည်းမှာပင် တင်မောင်ဆွေ၏ ညာလက်သီးကလည်း နောက်ထ ပခုံးအား အပြည့်အဝဖြင့် ထိုလူ၏မျက်ခွက်တည့်တည့်ထဲသို့ စွတ်ဝင်သွားလေတော့သည်။

အထိုးခံလိုက်ရသူသည် နောက်သို့ အရှိန်ဖြင့်လန်ကျသွားကာ လက်ရမ်းကို ဝင်ဆောင့်မိပြီး အားလွန်လျက် ရေထဲသို့ ထိုးကျသွားလေ၏။

တင်မောင်ဆွေက ချာခနဲလှည့်ကာ ရန်သူအုပ်သစ်ကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။ သို့တစေ စူးရှအားကောင်းသော လက်နှိပ်ဓာတ်မီးရောင်တန်းတစ်ခုက သူ့မျက်နှာတည့်တည့်သို့ ထိုးကျလာ၏။ မီးရောင်ကြောင့် သူသည် ရုတ်တရက် မျက်လုံးများ ပြာဝေသွားကာ ဘာကိုမှ သဲကွဲစွာ မမြင်ရဘဲရှိသည်။ မီးရောင်နောက်မှ အရာဝတ္ထုတစ်ခုက လေထဲတွင် ချာလပတ်လည်ကာ သူ့ထံသို့ တည့်မတ်စွာ ပြေးဝင်လာသည်ကို သူက ဘယ်လိုမှမရှောင်နိုင်တော့ချေ။

ထိုအရာဝတ္ထုကား လူတစ်ယောက်က တအားပစ်ပေါက်လိုက်သော ရွက်ကြိုးချည်တိုင်တို တစ်ချောင်းဖြစ်သည်။ ဒေါင်ခနဲနေအောင်ပင် တင်မောင်ဆွေ၏ နဖူးတည့်တည့်ကို ဝင်မှန်တော့သည်။ ပြာနေသော မျက်လုံးများတွင် မီးဝင်းဝင်းတောက်သွားကာ တင်မောင်ဆွေသည် ကိုယ်ခန္ဓာကို ထိန်းမထားနိုင်တော့ဘဲ ယိုင်လဲသွားလေသည်။ ကုန်းပတ်ပေါ်သို့ ဘိုင်းခနဲ လဲကျသွားသည့်အခါတွင်ကား သူ့သတိတွေက ကင်းလွတ်သွားခဲ့ပြီ ဖြစ်လေ၏။

လှိုင်မြစ်ဘေးက လယ်တဲကလေးတွင် တွေ့ကြုံခဲ့ရသည့် အတိုင်းဖြစ်နေသည်ကို၊ တင်မောင်ဆွေသတိပြန်ရလာသည့်အခါတွင်





တွေ့လိုက်ရသည်။ သည်တစ်ခါတွင်တော့ သူက စက်လှေ၏ကုန်းပတ်ကက်ဆင်အိမ်ခန်းကလေး၏ ကြမ်းပြင်ပေါ်တွင် ရောက်နေသည်။ လျှပ်စစ်မီးပွင့်တစ်ပွင့်က ကက်ဆင်အိမ်ခန်း၏မျက်နှာကြက်ဆီမှ တွဲလောင်းကျနေသည်။ ထိုလျှပ်စစ်မီးပွင့်၏ အလင်းရောင်ဖြင့် သူ့ရှေ့တွင် ရပ်နေကြသော လူသုံးယောက်၏မျက်နှာကို ကောင်းစွာ တွေ့ရ၏။

တစ်ယောက်က စူလတန်အာမက်ပင် ဖြစ်သည်။ သူ့ဘေးတွင်ရပ်နေသူကတော့ အစ္စမေးလကဖီးတွင် တွေ့ခဲ့ရသောကုလားဖြစ်သည်။ ၎င်းတို့နောက်ဘက် ထင်းရှူးသေတ္တာတစ်လုံးပေါ်တွင် ထိုင်နေသူကတော့ အသားညိုညိုနှင့် ပြားခွက်သောမျက်နှာရှိသူဖြစ်၏။ ကုလားအစစ်တစ်ယောက် ဟုတ်ဟန်မတူ။ ၎င်းသည် တင်မောင်ဆွေအား မျက်တောင်မခတ် စိမ်းစိမ်းကြီးစိုက်ကြည့်နေသည်။ ၎င်း၏လက်ထဲတွင် ခြောက်လက်မမျှ အသွားရှည်သော ဓောင်းချွားတစ်ချောင်းကို ဖွင့်ကိုင်ထားကာ ဓားသွားကို လက်ဖဝါးပေါ်တင်လျက် မကြာခဏ စမ်းကြည့်နေသည်။

တင်မောင်ဆွေက မူးဝေနေသော သူ့ဦးနှောက် ကြည်လင်သွားစေရန် ဦးခေါင်းကို ယမ်းခါလိုက်ပြီး ထထိုင်ရန် ကြိုးစားလိုက်သည်။ ထိုအခါတွင်မှ သူ့ခြေနှင့်လက်များကို မလှုပ်နိုင်အောင် ကြိုးဖြင့်တုပ်ထားကြောင်းကို သိလိုက်ရတော့သည်။

'ဘယ်နှယ့်လဲ၊ မင်း မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်ပါဦးလားကွ။ ဆော: ဟိုနေ့ကလို ငါ့ကို ကြိမ်းလားမောင်းလား လုပ်ပါဦးကွ ဆော...'

စူလတန်အာမက်က သူ့ဆိတ်သိုးမုတ်ဆိတ်ကလေးကို ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်အားရသော အမူအရာဖြင့် လက်တစ်ဖက်နှင့် သပ်ရင်းက တင်
မောင်ဆွေအား ထွေလိုက်၏။

တင်မောင်ဆွေက ၎င်းအား ဂရုမစိုက်ဘဲ ထင်းရှူးသေတ္တာ
ပေါ်တွင် ထိုင်နေသူကိုသာ လှမ်းကြည့်လိုက်သည်။

'ဟေ့ မင်းနာမည်က ဘယ်သူလဲကွ'

တင်မောင်ဆွေက လှမ်းမေးလိုက်သဖြင့် ထိုသူသည်
ကြောင်ကြောင် ဖြစ်သွားကာ မျက်တောင်များကို စုံခတ်လိုက်သည်။

'ဟေ့ကောင် မေးနေတာ ဖြေလေကွာ' ဟု တင်မောင်ဆွေ
က ခပ်ဆတ်ဆတ်ထပ်မေးလိုက်သည့်အခါတွင်မှ...

'အောင်မယ် မင်းက လူပါးဝလို့ မင်းမေးတိုင်း ငါ
ဖြေရမှာလား' ဟု ခပ်ပြင်းသော အသံကြီးဖြင့် ပြန်ဖြေလိုက်ရာ ၎င်း
အသံသည် သိသိသာသာကြီး မြိတ်သံဝဲနေကြောင်းကို တင်မောင်
ဆွေက သိလိုက်ရသည်။

တင်မောင်ဆွေက ပြုံးလိုက်၏။

'အေး မင်းနာမည်ကို ငါသိဖို့ မလိုပါဘူးကွာ။ ဟိုညက
အောင်တို့၊ ထွန်းရင်တို့နဲ့ပါလာပြီး ထွက်ပြေးသွားတဲ့အကောင်ဟာ
မင်းပဲဆိုတာ ငါသိပါပြီ၊ မင်းအသံကို ငါမှတ်မိပါပြီ'

မြိတ်သားက ထိုင်ရာမှထမည် ပြုလိုက်သည်။ ပြီးမှ ပြန်
ထိုင်လိုက်ကာ လက်ထဲမှ မောင်းချဓားသွားကို လက်မနှင့်စမ်းကြည့်
ရာက တင်မောင်ဆွေအား မခန့်လေးစားပြုံး၍ ကြည့်လိုက်သည်။

'မင်း သိသွားလို့ကော မင်းအတွက် ဘာများ အကျိုးရှိ
မယ် ထင်သလဲကွ'

'တိတ်တိတ်နေစမ်း သန်းမောင်'





စုလတန်အာမက်က မြိတ်သားဘက်သို့လှည့်၍ ငေါက်
လိုက်သည်။ ပြီးလျှင် ရင်ကော့လိုက်ကာ တင်မောင်ဆွေအား စူးစိုက်
၍ကြည့်လိုက်သည်။

'မင်းဟာ သေလူဖြစ်နေပြီ စုံထောက်စုတ်၊ ဒီအကြောင်းကို
မင်းလည်းသိပါတယ်။ ငါက သေဆိုတဲ့အချိန်မှာ မင်းကတစ်ခါ
တည်း သေရတော့မှာပဲ'

တင်မောင်ဆွေက ကြောက်ရွံ့မှု ဘယ်လိုမှမပြဘဲ စုလတန်
အာမက်အား မော့ကြည့်လိုက်သည်။

'ငါသေရင်လည်း မင်းပါသေရမှာပဲ ကိုရွှေကုလား၊ ငါ
ဒီကိုလာတယ်ဆိုတာ သိထားတဲ့လူတွေရှိနေတယ်။ ဒီတော့ ငါ့ကို
မင်းက ဖြောင်ပစ်လိုက်ရင် မင်းလည်း ကြိုးစင်ပေါ်က တစ်ဆင့်
ငါ့နောက်ကို လိုက်လာရမှာပဲ'

စုလတန်အာမက်၏မျက်နှာကြီးသည် ရုတ်တရက် သွေး
လျှမ်းသွားသဖြင့် ဝါညစ်ညစ်ကြီး ဖြစ်သွားသည်။ ၎င်းသည် အူရဒူ
ဘာသာဖြင့် ညစ်ညမ်းစွာဆဲလိုက်ကာ ရှေ့သို့တိုးလာပြီး တင်မောင်
ဆွေမျက်နှာကို လက်ဝါးကြမ်းကြီးဖြင့် တအားလွှဲရိုက်လိုက်၏။
လက်ဝါးချက်မှာ ပြင်းထန်လှရာ တင်မောင်ဆွေမျက်လုံးများတွင်
ပြာခနဲဖြစ်သွားပြီး ကိုယ်ကတစ်ဘက်သို့ လဲကျသွားတော့သည်။
နားတစ်ဖက်ကလည်း အူထွက်သွားသဖြင့် စုလတန်အာမက်က
ကြိမ်းဝါးနေသည်ကို ခပ်သဲ့သဲ့သာကြားရသည်။

'ငါ သေမလား၊ မင်းသေမလားတော့ မသိဘူး။ မင်းသေ
ရမှာကတော့ သေချာတယ်။ မင်းကို ငါကိုယ်တိုင် သတ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



စုလတန်က ပြောပြောဆိုဆို တင်မောင်ဆွေ၏ရင်ဝတည့်တည့်ဆီသို့ ဖနောင့်နှင့် ပေါက်ချလိုက်ပြန်၏။ တင်မောင်ဆွေ့ခမျှာ အသက်မရှူနိုင်တော့သည့် ဝေဒနာကို ခံစားလိုက်ရကာ နောက်တစ်ကြိမ် သတိလစ်သွားပြန်လေ၏။

ဗွမ်းခနဲ လောင်းချလိုက်သော ရေတွေက သူ့မျက်နှာပေါ်သို့ တည့်တည့်ကြီး ကျလာသည်ကို ခံစားလာရရင်းက တင်မောင်ဆွေက ပြန်လည်သတိရလာသည်။ သို့ရာတွင် ဦးနှောက်က ကောင်းကောင်းကြည်မလာသေး ရီဝေဝေဖြစ်နေသည်။ မျက်လုံးတစ်ဖက်ကိုလည်း ဖွင့်၍မရ၊ ဖူးယောင်ပြီးပိတ်နေ၏။ အသက်ရှူလိုက်တိုင်းလည်း ရင်က အောင့်၍အောင့်၍ နေသည်။

'ဆရာ စုလတန် အချိန်ဆွဲမနေပါနဲ့တော့ဗျာ။ ဒီကောင့်ကို တစ်ခါတည်းဖြောင်ပြီး အလောင်းကို ပင်လယ်ထဲသွားချ ငါးစာကျွေးလိုက်ရင် ပြီးတာပဲ'

မြိတ်သားသန်းမောင်ဆိုသူက ပြောနေခြင်းဖြစ်လေ၏။ ၎င်း၏ စကားသံကို တင်မောင်ဆွေက ကြားရတစ်ချက် မကြားရတစ်ချက် ဖြစ်နေသည်။ သူ့ရှေ့တွင်တော့ စုလတန်အာမက်က မားမားကြီး ခါးထောက်ရပ်နေ၏။

'ဒီကောင့်ကို ချက်ချင်းဖြောင်ပစ်လို့ မဖြစ်သေးဘူး သန်းမောင်။ ဒီကောင် တို့ကိစ္စထဲ ဘယ်လိုဝင်စွက်နေတယ်ဆိုတာ သိအောင်မေးရဦးမယ်ကွ။ ကဲ··· အီဘရာဟင်၊ ဒီကောင့်ပေါ် နောက်ထပ်ရေတစ်ပုံး ထပ်လောင်းချလိုက်ဦးကွာ'

အေးမြသော မြစ်ရေတွေက တင်မောင်ဆွေ့မျက်နှာပေါ်သို့ ဗွမ်းခနဲ ကျလာပြန်သည်။ တင်မောင်ဆွေက စိုရွှဲနေသော ခေါင်းကို





ဖြည်းညင်းစွာ ယမ်းခါကာ ပါးစပ်ထဲသို့ ဝင်သွားသောရေတွေကိုလည်း ဖူးခနဲ မှုတ်ထုတ်လိုက်ရ၏။ တင်မောင်ဆွေက ထထိုင်လိုက်ကာ စုလတန်အာမက်အား သူတတ်သမျှ မှတ်သမျှ ကုလား စကားကုန်စင်အောင် ဆဲပစ်လိုက်၏။

'ဆရာ ဒီလူဟာ ရဲဘက်က လူဖြစ်မှာပါဆရာ···'

သန်းမောင်က ဝင်ပြောလိုက်သည်။

'ငါ ရန်ကုန်ကို လှမ်းစုံစမ်းကြည့်ပြီးပြီ။ ဒီကောင်ဟာ ရဲဘက်က မဟုတ်ဘူးကွ။ ရဲဘက်နဲ့လည်း ကောင်းကောင်းတည့်တာမဟုတ်ဘူး။ အလွတ်စုံထောက်လို့ သူ့ကို ခေါ်ကြတယ်။ အဆက်အသွယ်လည်း တော်တော်ကောင်းတယ်ကွ။ ပြီးတော့ တော်တော်လည်းမိုက်တယ်လို့ဆိုတယ်။ အခု သူဘယ်လောက်မိုက်နိုင်တယ်ဆိုတာကို ကြည့်ကြတာပေါ့ကွာ'

စုလတန်အာမက်က ရယ်လိုက်ကာ တင်မောင်ဆွေ့ပေါင်တစ်ဖက်ကို ခြေထောက်နှင့်ကန်လိုက်၏။

'ကဲ··· မိုက်လှတယ်ဆိုတဲ့ စုံထောက်စုတ်၊ မင်း စကားပြောဖို့ အချိန်ရောက်ပြီ၊ မပြောရင် မင်း မချိမဆန့်ခံပြီးမှ အသက်ထွက်ရမယ်'

'ဘာအကြောင်း ပြောရမှာလဲ၊ မင်းနဲ့ငါ တစ်ခါကစကားပြောဖို့-ကြိုးစားခဲ့သေးတာပဲ၊ အခုမှ ဘာလာပြောခိုင်းနေတာလဲ'

'မင်းဟာ ရွှေတံခါးပေါက်တယ်မှာ အသတ်ခံရတဲ့လူ ဘယ်သူဘယ်ဝါဆိုတာ ငါ့ဆီမှာ လာအောက်ခဲ့တာပဲ။ ပြီးတော့ မင်းဟာ အထုပ်တစ်ထုပ်အကြောင်းကိုလည်း သိချင်ခဲ့တယ်'

'အဲဒါတွေကို အခု ငါသိရပြီလေ။ အထုပ်ကလည်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး'

ဇူလတန်အာမက်မှာ မျက်မှောင်ကြီးကြုတ်သွားသည်။ မယုံသင်္ကာအမူအရာဖြင့် တင်မောင်ဆွေအား ကြည့်လိုက်၏။

'အထုပ်မရှိဘူးဆိုတာက ဘယ်လိုလဲ။ မင်းက ငါ့ကို လိမ့်ဦးမလို့လား'

'မင်းမသိသေးဘဲကိုး၊ မသိရင်လည်း ပြီးရောပေါ့၊ မင်းကို ငါက ဘာမှပြောပြနေဖို့ မလိုဘူး'

ဇူလတန်အာမက်က ရှေ့သို့ကုန်းလိုက်ကာ လက်ဝါးကြီးဖြင့် တင်မောင်ဆွေပါးတစ်ဖက်ကို ခပ်ဆတ်ဆတ်လွှဲရိုက်လိုက်သည်။

'ပြောစမ်းကွာ ပြောစမ်း၊ မပြောရင် မင်းလျှာကို ငါဓားနဲ့ ဖြတ်ပစ်လိုက်မယ်'

တင်မောင်ဆွေက ကြိုးစား၍ ပြုံးလိုက်သည်။

'အင်း... မင်း ဒီလောက်သိချင်နေရင်လည်း ပြောပြရတာပေါ့။ ပထမတော့ ငါ စီးကရက်တစ်လိပ်သောက်ပါရစေ၊ ပြီးတော့ ဒီကြမ်းပြင်ပေါ်မှာ ငါ ဒီလိုလည်း ဆက်ထိုင်မနေနိုင်ဘူး။ ဟိုပေါ်မှာ သွားထိုင်ပါရစေ'

တင်မောင်ဆွေက သန်းမောင် ထိုင်နေသော ထင်းရှူးသေတ္တာဆီသို့ မေးငေါ့ပြလိုက်သည်။

ဇူလတန်အာမက်က ဝေခွဲ၍မရသလို တင်မောင်ဆွေအား တွေ၍ကြည့်နေလိုက်သည်။ ပြီးမှ အီဘရာဟင်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်သည်။

'အီဘရာဟင်၊ ဒီကောင့်ကိုထူပြီး ထင်းရှူးသေတ္တာပေါ် ထိုင်ပါစေ။ သန်းမောင်က ဘေးဖယ်ပေးလိုက်'





တင်မောင်ဆွေက သန်းမောင်၏နေရာ ထင်းရှူးသေတ္တာပေါ်တွင် ထိုင်မိလျှင် ဇူလတန်အာမက်က ရှေ့သို့လာရပ်ကာ ပါးစပ်ဆဲသို့ စီးကရက်တစ်လိပ်ထည့်ပေးပြီး မီးပါညှိပေးလိုက်သည်။

တင်မောင်ဆွေက စီးကရက်ကို အားရပါးရ လေးငါးချက်ဖွာလိုက်ပြီးနောက်မှ စီးကရက်ခဲရာကပင် စကားစလိုက်၏။

'မင်းဟာ ဒီအထုပ်ကို အရလိုချင်ခဲ့တယ်။ ဒါကြောင့်ပဲ ဒီအထုပ်ရအောင် မင်းဟာ လူတစ်ယောက်ကို သတ်ခိုင်းခဲ့တယ်။ အဲဒီလူက မင်းလူမိုက်တွေရဲ့ လက်ချက်နဲ့ သေသွားရပေမယ့် အထုပ်ကိုတော့ မင်းလူတွေက မရခဲ့ဘူး။ အထုပ်က အဲဒီလူဆီမှာမှ မရှိတော့ဘဲကိုး။ အဲဒီနောက်မှာ ငါက ဒီကိစ္စထဲ ဝင်ပါလာခဲ့တယ်။ မင်းဆီကို ငါလိုက်လာပြီး စေ့စပ်ဖို့ ကြိုးစားခဲ့ပေမယ့် မရခဲ့ဘူး။ ဒါနဲ့ငါဟာ အသတ်ခံရတဲ့လူက အထုပ်အပ်ထားတဲ့လူကို ငါ့သာသာငါ ရှာတွေ့ခဲ့တယ်။ သူဟာ အမျိုးသမီးတစ်ယောက်ပဲ။ အထုပ်ကိုသာ လက်ခံထားရတယ်။ အထုပ်နဲ့ပတ်သက်လို့ ဘာမှမသိရှာဘူး။ အထုပ်ထဲမှာ ဘာတွေပါတယ်ဆိုတာကိုတောင် သူမသိဘူး။ သူဟာ အထုပ်ကို ရန်ကုန်ကိုယူလာပြီး ဘဏ်တိုက်တစ်တိုက်မှာ သွားအပ်ထားလိုက်မယ်။ ဒါပေမဲ့ မိန်းမတစ်ယောက်က အဲဒီအမျိုးသမီးယောင်ဆောင်ပြီး အထုပ်ကို ဘဏ်တိုက်က ထုတ်သွားခဲ့တယ်'

'ကောင်းပြီ၊ အခု အဲဒီအမျိုးသမီးက ဘယ်မှာလဲ'

ဇူလတန်အာမက်က မျက်မှောင်ကြီးကြုတ်မေးလိုက်သည်။

'ဒါကိုတော့ ကျုပ်လည်း ဘယ်သိမလဲဗျ'

'မင်း ငါ့ကို ညာမနေနဲ့နော်'

'မညာပါဘူး၊ ငါ အမှန်အတိုင်းပြောနေတာပဲ၊ အထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်တိုက်က ထုတ်ယူသွားတဲ့ အမျိုးသမီးကို ငါ အခုထက်ထိ လိုက်ရှာလို့မရသေးဘူး။ ငါက မင်းနဲ့ဆက်သွယ်နေတဲ့ အမျိုးသမီး လို့ထင်နေမိတာ'

စူလတန်အာမက်က ခေါင်းကို သွက်သွက်ကြီး ယမ်းခါ လိုက်သည်။

'ဒီမိန်းမဟာ ငါနဲ့ ဘယ်လိုမှမပတ်သက်ပါဘူးကွ။ ဖြေ စမ်းပါဦး၊ ဒီမိန်းမက ဘယ်သူလဲ၊ ဘယ်ကလဲ'

'သူဟာ တစ်ခါတုန်းကတော့ ဒေးဗစ်ဘလွင်ဆိုတဲ့လူရဲ့ မိန်းမပေါ့။ ဒေးဗစ်ဘလွင်ကို မင်းသိပါတယ်။ မင်း စက်ဘ်ပူမှာ နေ ခေါ်လာခဲ့တဲ့ လူပဲ။ ရွှေတံခါးမှာ မင်းလွှတ်လိုက်တဲ့ လူမိုက်တွေ က သတ်ပစ်ခဲ့တဲ့လူပဲ။ စက်ဘ်ပူကို ဒေါ်လာငွေတွေ တိတ်တိတ်သေ ရောင်းတဲ့ ကုလားသုံးယောက်ဆီက ဒီငွေတွေကို လုယူရအောင် ဒီမိန်းမက စီစဉ်ပေးခဲ့တာပဲလို့ ငါတော့ထင်တယ်'

စူလတန်အာမက်က တင်မောင်ဆွေ ပြောပြသော အကြောင်းအရာတွေကို စဉ်းစားနေသည့်အလား တိတ်ဆိတ်နေသည်။ ပြီးလျှင် အိတ်ထဲမှ ဆေးပြင်းလိပ်ခပ်တုတ်တုတ်တစ်လိပ်ကို ထုတ် ကာ သွားများဖြင့်ကိုက်လိုက်ပြီး မီးညှိရာက မီးခိုးပြာပြာကလေးများ ရစ်ခွေတက်လာသည်ကို တွေ့၍ ကြည့်နေ၏။ ပြီးမှ တင်မောင်ဆွေ အား မျက်မှောင်ကြီးကြုတ်လျက် ပြန်မေးလိုက်သည်။

'ဒီမိန်းမ အခု ဘယ်မှာလဲကွဟေ'

'ဒီမိန်းမ အခုဘယ်မှာရှိတယ်ဆိုတာ ငါသိနေရင် မင်းဆီ လှေပေါ်ကို ငါက အရဲစွန့်ပြီး တက်ရှာခဲ့ပါ့မလားကွ။ မင်းခေါင်း ထဲဘာတွေရှိနေသလဲ၊ ဦးနှောက်ကလေးများသုံးပြီး စဉ်းစားပါဦး'





'စကားပြောတာ ကြည့်ပြောနော်။ နို့မဟုတ်ရင် မင်းဦး နှောက်တွေ ခေါင်းထဲကထွက်လာအောင် ငါရိုက်ပစ်လိုက်မယ်။ အဲ... ငါမေးတာကို ဖြေစမ်း။ ဒီမိန်းမနာမည်က ဘာတဲ့လဲ'

'မာရီချိုတဲ့။ သူ့ကိုယ်သူ အဲသလို ခေါ်တာပဲ။ နာမည် ရင်းဟုတ်မဟုတ်တော့ ငါလည်း မသိဘူး'

'နောက်ကော မင်းဘာသိသေးသလဲ'

'အခု ငါသိသမျှ အကုန်ပြောပြနေတာပဲ'

စူလတန်အာမက်က ၎င်း၏နီကြောင်ကြောင် မျက်လုံးကြီး တွေဖြင့် တင်မောင်ဆွေ့မျက်နှာကို စူးစိုက်၍ ကြည့်လိုက်သည်။ ပြီးမှ ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်သည်။

'အင်း... မင်းအမှန်ပြောနေတာပဲ၊ မင်းသိတာ နောက် ဘာမှမရှိတော့ပါဘူး'

'ငါသိရသလောက်ကို အကုန်အစင် မင်းကို ငါ ပြောပြပြီးပြီ၊ မင်းကကော ငါ့ကို တစ်ခုပြောပြပါလား'

'မင်းကိုငါက ဘာများ ပြောပြနေရဦးမှာလဲကွ'

'အထုပ်ထဲမှာ ဘာပါတယ်ဆိုတာကို ငါသိချင်တယ်'

စူလတန်အာမက်က အံ့သြသွားဟန်ဖြင့် မျက်ခုံးတစ်ဖက် ပင့်လိုက်သည်။

'ဘာပါရမှာလဲ၊ စက်ဘ်ပူက ဒေးဗစ်ဘလွင်ခိုးယူလာတဲ့ အမေရိကန်ဒေါ်လာတွေ ပါတာပေါ့ကွ'

တင်မောင်ဆွေက ပြုံးကာ ခေါင်းခါပြလိုက်သည်။

'မင်းမှားနေပြီ စူလတန်အာမက်။ အထုပ်ထဲမှာ ငွေတွေ ရှိမနေပါဘူး။ ဒီအထုပ်က ခပ်သေးသေးရယ်၊ အမေရိကန်ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ငွေလေးသောင်းတောင် မဆန့်နိုင်ဘူးကွ’

ရှုလတန်အာမက်က ပါးစပ်အဟောင်းသားဖြင့် တင်မောင် ဆွေအား ကြည့်နေလိုက်သည်။ တင်မောင်ဆွေက စကားဆက်ပြ သည်။

‘အမေရိကန်ဒေါ်လာ လေးသောင်းကို လက်ဆွဲသားရေ အိတ်နှစ်လုံးနဲ့ထည့်ထားခဲ့တယ်ဆိုတာ ငါသိထားရတယ်’

ရှုလတန်အာမက်က ခေါင်းညိတ်လိုက်၏။

‘ဟုတ်တယ်၊ မင်းပြောတာအများကြီးဖြစ်နိုင်တယ်။ အထုပ် ကလေးက ခပ်သေးသေးရယ်ကွ။ ကောင်းပြီ၊ အထုပ်ထဲမှာ ဘာရှိ သလဲ’

‘အဲဒါကို ငါက မင်းကို အရင်မေးခဲ့တာပါကွာ’

အီဘရာဟင်ဆိုသည့် ကုလားက ဤတွင် ကြားဝင်လာ သည်။

‘ရှုလတန်ဆပ်၊ ဒီကောင်ပြောတာ ဟုတ်နိုင်တယ်။ ဒေးဗစ် ဘလွင်က ကျွန်တော်တို့စက်လှေပေါ်ရောက်လာတော့ သူ့မှာလက် ဆွဲသားရေအိတ်နှစ်လုံးပါလာတယ်။ ဟိုအထုပ်လည်း ပါတာပေါ့ လေ။ အဲဒီသားရေအိတ်နှစ်လုံးကို သူဘာလုပ်ပေးလိုက်တယ်တော့ ကျွန်တော်လည်း မသိဘူး။ သူ စက်လှေပေါ်က ဆင်းသွားတုန်းက တော့၊ အဲဒီသားရေသေတ္တာနှစ်လုံးက သူနဲ့အတူ ပါမသွားဘူး’

ရှုလတန်အာမက်သည် မချင့်မရဲအမူအရာဖြင့် တစ်စုံတစ် ရာကို ရေရွတ်နေလိုက်သည်။

တင်မောင်ဆွေမှာ ယခုဆိုလျှင် တစ်ကိုယ်လုံးထုံကျင်နေ လေပြီ။ လက်နှင့်ခြေကို အတုတ်ခံနေရသည့်အထဲ အဝတ်တွေက





ရေတွေဖြင့် စိုစွတ်နေ၏။

‘ကဲ… မင်းတို့ကို ငါတစ်ခု ထပ်မေးပါရစေ။ ဒီဒေးဗစ် ဘလွင်ကို မင်းတို့က စက်လှေပေါ်တင်ပြီး စကၤာပူကနေ မော်လမြိုင် ရောက်အောင် ခေါ်လာခဲ့ကြတယ်။ မင်းတို့ သူ့ဆီက ဒေါ်လာငွေ လုချင်တယ်ဆိုရင် ဘာဖြစ်လို့လမ်းမှာတင် သူ့ကို သတ်မလုခဲ့ကြ ရတာလဲ လမ်းမှာတင် သူ့ကိုသတ်ပြီး ပင်လယ်ထဲပစ်ချဖို့ဆိုတာက အလွယ်ကလေးရယ်။ ဘာဖြစ်လို့ ဒီရောက်မှ သူ့နောက်ကို တကူး တက လိုက်ရှာသတ်ခဲ့ရတာလဲ’

ရှုလတန်အာမက်က မရယ်ချင်ရယ်ချင် အမူအရာဖြင့် ရယ် လိုက်သည်။

‘ငါတို့ စောစောက မသိခဲ့လို့ပေါ့ကွာ။ ဒေးဗစ်ဘလွင်ကို စကၤာပူက ငါတို့ခေါ်သာခေါ်လာခဲ့ရတယ်။ သူ့ဆီမှာ သူခိုးယူလာ တဲ့ အမေရိကန်ဒေါ်လာငွေ လေးသောင်းဖိုးလောက် ပါတယ်ဆိုတာ ကို ငါတို့မသိခဲ့ဘူးလေ။ သူ့ကို ရိုးရိုးခရီးသည်တစ်ယောက် ငါတို့ စက်လှေ ခရီးကြုံလို့ စီးလိုက်လာတာလို့ပဲ ထင်ခဲ့တာ။ ဒီရောက်ပြီး သုစက်လှေကဆင်းသွားတော့မှ စကၤာပူမှာ သူဘာတွေလုပ်ခဲ့ပြီး သူ့ဆီမှာ ငွေတွေပါလာတာကို သိရတော့တာပဲ’

တင်မောင်ဆွေက ရှုလတန်အာမက်အား စိုက်ကြည့်ကာ ၎င်းသည် အမှန်အတိုင်းပြောနေခြင်းဖြစ်သည်ကို နားလည်လာမိ တော့သည်။

ယခုတော့ သူလိုချင်သော အဖြေတွေကို သိရလေပြီ။ သူမျှော်လင့်ခဲ့သော အဖြေတွေ မဟုတ်သော်လည်း မရှင်းလင်းခဲ့ သည့်အကြောင်းအရာအချို့ကတော့ ရှင်းသွားခဲ့ရပြီဖြစ်သည်။

www.burmeseclassic.com



တင်မောင်ဆွေက စူလတန်အာမက်နှင့် ၄င်း၏တပည့် နှမ်ယောက်ကို ကြည့်လိုက်သည်။ ဤသို့ကြည့်မိရင်းကလည်း ယခုသူသိခဲ့ရသော အချက်အလက်များကို အသုံးပြုနိုင်ဖို့အတွက် သူသည် ကြာကြာဆက်၍ အသက်ရှင်နေရတော့မည် မဟုတ်သည်ကို နားလည်လိုက်မိလေတော့၏။

❖ ❖ ❖



## အခန်း - ၁၁

'ဒီမှာ ဆရာစူလတန်၊ ဒီကောင့်ကို ကျွန်တော်တို့ ဘယ်လောက် ကြာကြာဆက်ကြည့်နေကြဦးမှာလဲ'

မြိတ်သားသန်းမောင်က မောင်းချဓားကို လက်ဖဝါးတွင် တင်သွေးနေရာက မေးလိုက်သည်။ ပြီးလျှင် ဓားသွားကိုလက်မနှင့် စမ်းကြည့်လိုက်ပြန်ရာက တင်မောင်ဆွေ၏ လည်မျိုကို စူးစိုက်၍ ကြည့်လိုက်၏။

'ဆက်လျှာရှည်နေကြမယ့်အစား သူ့ကို ဖြောင်ပစ်လိုက်တာ ကောင်းပါတယ်ဆရာ။ ပြီးတော့ ပင်လယ်ဝကို ထွက်ပြီး အလောင်းကို ပစ်ချ အစဖျောက်ပစ်လိုက်ရင် ပြီးတာပဲ'

စူလတန်အာမက်က ၄င်းအား မည်သို့မျှမဖြေ၊ ဆေးပြင်းထိပ်ကိုခဲကာ အကြဲထုတ်နေသည့်အလား တင်မောင်ဆွေကိုသာ သေတွေကြီးစိုက်ကြည့်နေသည်။ ပြီးမှ…

'တခြား နည်းတစ်နည်း စဉ်းစားကြည့်ကြဦးမယ်ကွာ' ဟု စိတ်ဝေခွဲ၍ မရသောအသံဖြင့် ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မြိတ်သားသန်းမောင်က ကျေနပ်ပုံမရ။

'ဟာ... ဆရာကလည်း အခြားနည်းစဉ်းစားနေဖို့ လိုသေးသလားဗျာ။ သူ့အလောင်းကို ပင်လယ်ထဲပစ်ချ၊ ငါးစာကျွေးပစ်တဲ့နည်းလောက် အပျောက်ရှင်းနိုင်နည်း ရှိဦးမှာလားဗျ'

'ရေတပ်က တိုက်ရေယာဉ်တွေက ပင်လယ်ဝမှာရှိနေတာကွ။ မင်းပြောသလို လုပ်ဖို့ဆိုတာက မလွယ်ဘူး။ ငါ့စက်လှေကို ဒီကောင်တွေက ဂရုစိုက်စောင့်ကြည့်နေတာလည်း မင်းသိသားနဲ့'

ရှူလတန်အာမက်က စိတ်မရှည်သံကြီးဖြင့် သန်းမောင်အား ပြန်ပြောလိုက်သည်။

'ဒီလိုဆို ဆရာက သူ့ကို ပြန်လွှတ်လိုက်တော့မလို့လား။ လွှတ်လိုက်ရင် ကျွန်တော်တို့အားလုံး ဂါတ်ဘဲက အချုပ်ခန်းထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြရတော့မှာပဲ'

'ငါ နားလည်ပါတယ် သန်းမောင်၊ ဒါပေမဲ့ စဉ်းစားစရာတစ်ခုကလည်း ရှိနေသေးတယ်။ သူပျောက်သွားရင် သူ့လူတွေက ငါတို့နောက် လိုက်လာမှာသေချာတယ်။ သူဟာ ခေါက်ဆွဲဆိုင်က ကျင်ဟုတ်နဲ့အဆက်ရှိတယ်ဆိုတာ ငါသိတယ်။ အခု သူဒီကိုလာခဲ့တာလည်း ကျင်ဟုတ်ဆီက တိုက်ရိုက်လာခဲ့တာကွ'

'ဒီတရုတ်ကိုများ ဂရုစိုက်နေရဦးမှာလား ဆရာ၊ သူ့ကိုပါ တစ်ခါတည်း ဖြောင်ပစ်လိုက်ရင် ပြီးတာပဲ'

မြိတ်သားသန်းမောင်က မောင်းချမားကို ပိတ်လိုက်ဖွင့်လိုက် လုပ်ရာက ပြန်၍ စောဒကတက်လိုက်ရာ ရှူလတန်အာမက်က မျက်မှောင်ကြုတ်လျက် ကြည့်လိုက်သည်။

'မင်းက ကျင်ဟုတ်ကို ဘာကောင်မှတ်နေလို့လဲ၊ ဒီကောင်ဟာ ရဲဘက်နဲ့ရော စစ်ဘက်နဲ့ရော အဆက်အသွယ် ရှိနေတဲ့ကောင်ကွ။ ငါ့အထင်တော့ ဒီကောင်ဟာ စစ်ဘက်က လျှို့ဝှက်တဲ့စုံထောက်တစ်ယောက်ပဲ။ သူ့ကိုပါ ဖြောင်ပစ်လိုက်ရင် ပျားအုံကို တုတ်နဲ့သွားထိုးသလို ဖြစ်နေဦးမယ်'





တင်မောင်ဆွေက ဤနေရာတွင် သူ့အတွက် အချက်ပေါ်လာပြီဟု ဝင်စွက်လိုက်သည်။

'ခင်ဗျားနဲ့ကျုပ်နဲ့ စေ့စပ်ရေးလုပ်ကြရအောင်လား ရှူလတန်အာမက်...'

'မင်းနဲ့ ငါက ဘာများ စေ့စပ်ရေးလုပ်နေဦးမှာလဲ၊ မင်းက ငါ့လက်ထဲရောက်နေပြီပဲဟာ။ ငါ့အတွက် ဘေးအကင်းဆုံး မင်းကိုဖြောင်ပစ်နိုင်တဲ့နည်း ရှာဖို့သာ လိုတော့တာ'

နီးကပ်နေပြီဖြစ်သော သူ့အသက်ဘေးကို ရှောင်လွှဲနိုင်ရန် တင်မောင်ဆွေက ဖျောင်းဖျသွေးဆောင်နည်းကို သုံးလျက် အစွမ်းကုန် ဆက်လက်ကြိုးစားရပြန်၏။

'ခင်ဗျားအတွက် ဘေးအန္တရာယ်ကင်းကင်းနဲ့ ကျုပ်ကို ဖြောင်ပစ်နိုင်တဲ့နည်းဆိုတာ မရှိပါဘူး ရှူလတန်အာမက်၊ ခင်ဗျား ကျုပ်ကို ဖြောင်ပစ်ရင် ခင်ဗျားလည်း မုချဘေးတွေ့ရမှာပဲ။ ဒါကို ခင်ဗျားသိပါတယ်။ သိလို့လည်း ခင်ဗျားဟာ အခုထက်ထိ ကျုပ်ကို မဖြောင်သေးတာပေါ့။ တကယ်လို့ ဟောဟိုက ခင်ဗျားတပည့်ကျော် မြိတ်သားသန်းမောင်ကသာ ဒေးဗစ်ဘလွင်ကိုသတ်မပစ်ခဲ့ရင် ခင်ဗျားဟာ အခုလို အကြပ်တွေ့နေရမှာမဟုတ်ဘူး။ ဒီတော့ ခင်ဗျားအတွက် ဒီကောင်းတာက ကျုပ်ကို ပင်လယ်ထဲမှာဖြောင်ပစ်မယ့်အစား သူ့ကိုဖြောင်ပစ်ရင် ခင်ဗျားအတွက် ဒုက္ခတစ်ခုတော့ ငြိမ်းသွားမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ် လူပါးဝလို့ ခွေးမသား'

မြိတ်သားသန်းမောင်က တင်မောင်ဆွေစကားတွေကို ပါးစပ်ကြီးအဟောင်းသားဖြင့် နားထောင်နေရာက ရုတ်တရက် ဒေါသပေါက်ကွဲသွားကာ အော်ဟစ်ဆဲရေးလိုက်သည်။ ပြီးလျှင် လက်ထဲက ဓားကို အသင့်ကိုင်ကာ တင်မောင်ဆွေ့ထံသို့ တဟုန်ထိုးပြေးဝင်လာတော့၏။

သို့ရာတွင် တင်မောင်ဆွေထံသို့ မရောက်ခင် ရှုလတာန်အာမက်က ၎င်းရှေ့တွင် ဆတ်ခနဲ ခြေတစ်ဖက်ထိုးခံလိုက်ရာ သန်းမောင်ခမျာ ကြမ်းပြင်ပေါ်သို့ ဟပ်ထိုးကြီး လဲကျသွားတော့သည်။

'ခင်ဗျား ကျုပ်ပြောတာကို သဘောပေါက်တယ်ပေါ့ ရှုလတာန်အာမက်'

တင်မောင်ဆွေက ရှုလတာန်အာမက်ကို လှမ်းကြည့်ကာ ပြုံးလျက်ပြောလိုက်သည်။ သို့ရာတွင် ရှုလတာန်အာမက်က သူ့ကို မပြုံးမရယ် ခပ်တည်တည်ကြီး ပြန်ကြည့်လိုက်သည်။

'ဒေးဗစ်ဘလွင်ကို သန်းမောင်က သတ်လိုက်တာတော့ အမှန်ပါပဲ။ ဒါပေမဲ့ မလွှဲသာမရှောင်သာ သတ်လိုက်ရတာပါ။ သူက ကျုပ်တို့ကို သူ့ဒေါ်လာငွေတွေ ရှယ်ယာခွဲပေးဖို့ ငြင်းဆန်ရုံမကဘူး။ ကျုပ်တို့ကို ရန်မူဖို့ သေနတ်တောင် ဆွဲထုတ်တာ။ ဒါနဲ့ သန်းမောင်က သူ့ကို ဓားနဲ့ထိုးလိုက်ရတာပဲ'

'ဘာပဲဖြစ်ဖြစ်လေ ခင်ဗျားတို့ ဒေးဗစ်ဘလွင်ဆီက ငွေညှစ်ဖို့ ကြိုးစားရင်းနဲ့ သတ်မိခဲ့ကြတယ်။ ဒီတော့ကာ လူသတ်မှုကြီးတစ်ခုက ခင်ဗျားတို့ ခေါင်းပေါ်ကိုရောက်ကြရပြီ၊ ခင်ဗျားတို့ လိုချင်တာ မရတဲ့အပြင် ပိုလို့သာ ဆိုးနေရတော့တယ်။ ပြီးတော့





ကျုပ်ရှင်းမပြခင်တုန်းက ဒေးဗစ်ဘလွင်ရဲ့အထုပ်ထဲမှာ ခင်ဗျားတို့ လိုချင်တဲ့ အမေရိကန်ဒေါ်လာငွေတွေရှိနေတယ်လို့ ခင်ဗျားတို့က ထင်နေခဲ့ကြတယ်။ ဒီတော့ ခင်ဗျားတို့ စဉ်းစားကြည့်ကြစမ်း၊ ခင်ဗျားတို့ဟာ တောက်လျှောက် အကျိုးမရှိတဲ့အမှားတွေကိုသာ ဆက်တိုက်လုပ်ခဲ့ကြတာပဲ။ အခု ကျုပ်ကိုပါ ခင်ဗျားတို့က ဆက်သတ်ပစ်လိုက်ဦးမယ်ဆိုရင် ခင်ဗျားတို့ ပိုလို့သာ မှားရဦးမှာပဲ။ ဥပဒေကျော့ကွင်းထဲမရောက်တောင်……'

တင်မောင်ဆွေက နောက်ဆုံးပိတ် ဝါကျစကားလုံးကို တစ်လုံးချင်း ဖြည်းညင်းစွာ ပြောလိုက်ခြင်းဖြစ်သည်။ ပြီးလျှင် ထိုစကားလုံးများသည် ရှုလတာန်အာမက်အတွက် တော်တော်ကြီး ထိရောက်သွားသည်ကိုတွေ့လိုက်ရပြန်သဖြင့် ကြိတ်၍ဝမ်းသာလိုက်မိတော့၏။

တင်မောင်ဆွေပြောသော စကားများကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရှုလတာန်အာမက်၏ မျက်နှာအမူအရာသည် သိသိသာသာကြီး ပြောင်းလဲသွားခဲ့တော့သည်။ အလွန်အမင်း အံ့သြသွားသော အမူအရာကြီးဖြင့် မျက်လုံးကြီးတွေပြူး ပါးစပ်ကြီးအဟောင်းသားဟကာ တင်မောင်ဆွေအား ငေးစိုက်၍ ကြည့်လိုက်လေ၏။

ရှုလတာန်အာမက်သည် တင်မောင်ဆွေ၏စကားတွေကို နားထောင်ရာက သိသိသာသာကြီး မျက်စေ့မျက်နှာ ပျက်လာတော့သည်။ တင်မောင်ဆွေအား သူက စိတ်ဝေခွဲ၍ မရသောအမူအရာဖြင့်ကြည့်လိုက်သည်။

မိမိ၏ကြိုးစားချက် အောင်မြင်ရတော့မည်ဟု ဝမ်းသာအားရဖြစ်လာမိရာက တင်မောင်ဆွေက ခေါင်းခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နေဦး… နေဦး… မပြောနဲ့ဦး'

စူလတန်အာမက်က ကပျာကယာ တားမြစ်လိုက်သည်။ သူ့နဖူးတွင် ချွေးပေါက်ကလေးတွေက စို့တက်လာနေကြ၏။ သူသည် မြိတ်သားသန်းမောင်နှင့် အီဘရာဟင်တို့ဘက်သို့ မျက်မှောင်ကြီးကြုတ်လျက် ကြည့်လိုက်သည်။

'ဟောကောင် နှစ်ကောင်၊ မင်းတို့နှစ်ယောက် အပြင်ထွက်ပေးကြစမ်း။ ငါနဲ့ သူနှစ်ယောက်တည်း စကားပြောချင်တယ်'

'ဟာ… ဆရာ ကျွန်တော်ကော သံမှုင့်မရှိ…'

'မင်း စကားမရှည်မနေနဲ့၊ ထွက်မှာသာ ထွက်စမ်းကွာ မြန်မြန်'

မြိတ်သားသန်းမောင်က ပကတိ မုန်းတီးစက်ဆုပ်သော အမူအရာကြီးဖြင့် တင်မောင်ဆွေ့အား စူးစိုက်ကြည့်လိုက်သည်။ ပြီးမှ လက်ထဲမှဖွင့်ထားသော မောင်းချမားကို ဂျောက်ခနဲ ပြန်ပိတ်လျက် ကက်ဘင်အခန်းထဲမှ ထွက်သွားရာ ၎င်းနောက်မှ အီဘရာဟင်က စောင်းငန်းစောင်းငန်းနှင့် လိုက်ထွက်သွားလေ၏။

'ကဲ… ဆိုစမ်းပါဦး တင်မောင်ဆွေ၊ မင်းက ငါတို့ မွတ်စလင်ညီအစ်ကိုများနဲ့ ဘယ်လိုပတ်သက်တာလဲ'

စူလတန်အာမက်က ကက်ဘင်အခန်းတံခါးကို ကျကျနန ဂျက်ထိုး၍ ပိတ်လိုက်ပြီးနောက် တင်မောင်ဆွေအနားသို့ တိုးကပ်လာကာ ခပ်အုပ်အုပ်အသံဖြင့် အရေးတကြီးမေးလိုက်သည်။

ယင်းသည့်တိုင် စူလတန်အာမက်သည် တင်မောင်ဆွေအား လုံးလုံးလျားလျား ယုံကြည်ပုံမရသေး။

တင်မောင်ဆွေက ချက်ချင်းပင် နာမည်တစ်ခုကို ပြောပြ





လိုက်ရာ စူလတန်အာမက်သည် မျက်လုံးများပြူးကျယ်သွားလေ၏။

'ဥက္ကဋ္ဌတင် မကပါဘူးလေ။ ဦးစီးကောင်စီအဖွဲ့ဝင်တွေရဲ့ နာမည်ကိုကော ပြောပြရဦးမလား'

တင်မောင်ဆွေက နာမည်တွေကို တစ်ခုပြီးတစ်ခု ရွတ်ဆိုပြလိုက်သည်။ စူလတန်အာမက်သည် ထိုနာမည်တွေကို နားထောင်နေရာက၊ နဖူးတွင် စို့တက်လာပြန်သော ချွေးသီးချွေးပေါက်တွေကို လက်ကိုင်ပုဝါတစ်ထည်ထုတ်၍ သုတ်ပစ်လိုက်၏။

သို့တစေလည်း ယခု ထိုအချက်က စူလတန်အာမက် လက်ထဲတွင် အသက်ဘေးအတွက် စိုးရိမ်စရာကောင်းသော အခြေအနေ၌ သူ့အတွက် အဖိုးတန် အသုံးဝင်နေချေပြီ။

'ကဲ… စူလတန်အာမက်၊ ကျုပ်ဘာကောင်ဆိုတာ ခင်ဗျား သိရပြီ။ ဒီတော့ ခင်ဗျားက ကျုပ်ကို ဖြောင်ပစ်ဦးမှာလား။' ဒါမှမဟုတ် ခင်ဗျားနဲ့ ကျုပ်ပူးပေါင်းဆောင်ရွက်ကြမှာလား…'

'ဘာကို ပူးပေါင်းဆောင်ရွက်ကြမှာလဲ'

တင်မောင်ဆွေကပေးရန် အဖြေကို စဉ်းစားနေဆဲမှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက အခြေအနေကို ရုတ်တရက် ပြောင်းလဲပစ်လိုက်ပြန်တော့သည်။

ရုတ်တရက် အခန်းအပြင်ဘက်မှ ထိတ်လန့်တကြား အော်လိုက်သံတစ်ခုက ထွက်ပေါ်လာကာ ချက်ချင်းပင် အော်သံက ပြတ်သွားပြီး ရေထဲသို့ တစ်စုံတစ်ခုက ဗွမ်းခနဲကျသွားသံကြီးကို ကြားလိုက်ရပြန်သည်။

စူလတန်အာမက်သည် ၎င်း၏ ကုတ်အင်္ကျီဖားဖားကြီး၏ အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ကာ ကက်ဘင်

www.burmeseclassic.com



အိမ်ခန်း၏ တံခါးချက်ကိုဖွင့်ပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။ ထို့နောက် ခေါင်းအသာပြူလျက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ညဏ်တိတ်ဆိတ်မှုကို 'ဒိုင်း'ခနဲ မြည်ဟီးသွားသော သေနတ်သံတစ်ချက်က ဖောက်ဖျက်ပစ်လိုက်ကာ သေနတ်ကျည်ဆန်တစ်ခုက ရှုလတန်အာမက်ခေါင်းဘေးမှ တံခါးပေါင်ကို လာမှန်လျက် ဗွီခနဲအော်မြည်ပြီး ဘေးသို့လွင့်စင်သွား၏။ ရှုလတန်အာမက်သည် ချက်ချင်းပင် ခေါင်းကို ပြန်ရုပ်ကာ တံခါးကိုတွန်းဖယ်လိုက်ပြီး တံခါးပေါင်ဘေးမှ ဓာတ်မီးခလုတ်ကို လက်တစ်ဖက်ဖြင့် လှမ်းရိုက်ချလိုက်သည်။

ကင်ဘင်ခန်းကလေးသည် မှောင်ကျသွားတော့ရာ တင်မောင်ဆွေက ရုတ်တရက် ဘာမှမမြင်ရတော့ချေ။ သူ့ရှေ့နားတွင် ရှုလတန်အာမက်က ဟောဟဲ ဟောဟဲနှင့် အသက်ရှူနေသံကိုသာ ကြားရနိုင်သည်။

ရုတ်တရက် အော်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။ သေနတ်သံတစ်ချက်ကလည်း ဒိုင်းခနဲမြည်ဟီးသွားပြန်သည်။ လူတစ်ယောက်က နာကျင်စွာ အသံကုန်အော်လိုက်သည်။

ထိုအခါမှပင် တင်မောင်ဆွေက ထင်းရှူးသေတ္တာပေါ်မှ သူ့ကိုယ်ကို လှိမ့်ချလိုက်သည်။ ကြမ်းပြင်ပေါ်သို့ ဒုံးခနဲနေအောင် ကျသွားသော်လည်း ထုံကျင်နေသော သူ့ကိုယ်ခန္ဓာတွင် ဘာယ်လိုမှ မခံစားရ။

ရှုလတန်အာမက်က တံခါးကို ရုတ်တရက် ဆွဲဖွင့်လိုက်ရာ အပြင်ဘက်မှ အလင်းရောင်ခပ်မှိန်မှိန်က ထိုးဝင်လိုက်သည်။ ထို





အလင်းရောင်ထဲတွင် အပြင်ဘက်သို့ သေနတ်ဆန့်တန်း ချိန်ထားနေသော ရှုလတန်အာမက်၏ အရိပ်သဏ္ဍာန်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။

တင်မောင်ဆွေက ရှုလတန်အာမက်၏ သဏ္ဍာန်ဆီသို့ သူ့ကိုယ်ကို အတင်းပစ်လှိမ့်လိုက်ပြန်သည်။ ကိုယ်တစ်ပတ်နှင့် တစ်ဝက် လှိမ့်မိလျှင် ရှုလတန်အာမက်၏ ခြေထောက်နှစ်ဖက်ကို အရှိန်နှင့် ဝင်တိုက်မိတော့သည်။ ထိုစဉ်မှာပင် ရှုလတန်အာမက် သေနတ်ပြောင်းဝမှ လိမ္မော်ရောင်မီးတန်းကလေးက ပွင့်လက်သွားလေ၏။

ရှုလတန်အာမက်သည် တစ်စုံတစ်ရာကို ဆဲရေးရေရွတ်လိုက်ကာ တင်မောင်ဆွေအား ဒေါသတကြီး ခြေထောက်ဖြင့် လှမ်းကျောက်လိုက်သည်။ တစ်စုံတစ်ယောက်က ကုန်းပတ်တစ်လျှောက် ခြေသံတဖုတ်ဖုတ်ဖြင့် ပြေးလာနေသည်။ မိမိ၏နာမည်ကို အော်လိုက်သံကိုလည်း တင်မောင်ဆွေက ကြားလိုက်ရသည်။

တင်မောင်ဆွေက သူ့ဂျုံးများကို ကြမ်းပြင်ပေါ်မှ ဂုံ့ကူလိုက်သည်။ ရှုလတန်အာမက်၏ ခြေသလုံးတစ်ဖက်သည် သူ့မျက်နှာရှေ့တွင် ရောက်နေသည်။ တင်မောင်ဆွေက ပါးစပ်ဟကာ ရှုလတန်အာမက်၏ ခြေသလုံးသားကြီးကို သွားများဖြင့် အားရပါးရ ကိုက်ချလိုက်၏။

ရှုလတန်အာမက်က နာကျင်စွာ အော်ဟစ်လိုက်ကာ သူ့ခြေထောက်ကို အတင်းရုန်းထွက်လိုက်သည်။ ထို့နောက် တင်မောင်ဆွေအား ဖနောင့်နှင့်ပေါက်လိုက်ရာက တံခါးကိုပြန်ပိတ်ရန် ကြိုးစားလိုက်သည်။

အပြင်ဘက်မှ တဖုတ်ဖုတ်ပြေးလာသော ခြေသံသည်



www.burmeseclassic.com

www.burmeseclassic.com



ကတ်ဘင်ခန်းသို့ လျှင်မြန်စွာနီးကပ်လာသည်။ ထို့နောက် စူလတန်အာမက်က ပိတ်ရန်ကြိုးစားနေသော တံခါးရွက်ကို ဝုန်းခနဲပြင်းထန်သောအရှိန်ဖြင့် ဝင်ဆောင့်လိုက်သည်။

တံခါးက ပြင်းထန်စွာ ဝုန်းခနဲပွင့်သွားကာ စူလတန်အာမက်သည် တံခါးရွက်နှင့်ရိုက်မိပြီး နောက်သို့ လန်ကျသွားသည်။ တံခါးရွက်နောက်မှနေ၍ လူတစ်ယောက်၏သဏ္ဌာန်ကလည်း အခန်းထဲသို့ အားလွန်၍ဝင်လာသည်။

စူလတန်အာမက်က ကိုယ်ကို ပြန်ထိန်းကာ ဝင်လာသောသူကို လက်ထဲကသေနတ်ပြောင်းတံဖြင့် ရိုက်ချလိုက်သည်။ သေနတ်ပြောင်းတံသည် မှန်းဆ၍ ရိုက်ချလိုက်သော ဝင်လာသူ၏ဦးခေါင်းကို မထိဘဲပခုံးကိုသာ ထိသွား၏။ သို့ရာတွင် ဝင်လာသူသည် ကိုယ်ရှိန်မသတ်နိုင်ဘဲ ကြမ်းပြင်ပေါ်သို့ ဟပ်ထိုးကြီးလဲကျသွားတော့သည်။

စူလတန်အာမက်သည် သူ၏ကိုယ်ခန္ဓာကြီးနှင့် မလိုက်အောင်ပင် သွက်လက်ပေါ့ပါးစွာ ထိုလူ၏ကိုယ်ခန္ဓာကို ခုန်ကျော်လိုက်သည်။ ပြီးလျှင် အပြင်ဘက်ကုန်းပတ်ဆီသို့ တံခါးဝမှနေ၍ လှစ်ခနဲထွက်သွားတော့သည်။ ပြီးလျှင် စက်လှေ၏ပဲ့ပိုင်းဆီသို့ တဒုံးဒုံးပြေးသွားသံများ ထွက်ပေါ်လာ၏။

'ကိုတင်မောင်ဆွေ ခင်ဗျား အထဲမှာရှိသလား'

ကိုကျင်ဟုတ်၏ အသံပင်ဖြစ်၏။

'ရှိတယ် ကိုကျင်ဟုတ်'

'ဒီလိုဆို ခဏနေဦး ကျုပ် ဒီခွေးသားနောက်လိုက်ဦးမယ်'

ကိုကျင်ဟုတ်သည် ကြမ်းပြင်ပေါ်မှ ပြန်ကုန်းထကာ တံခါး





ပေါက်မှနေ၍ အပြင်ဘက်သို့ ပြန်ပြေးထွက်သွားသည်။ ၎င်း ပြေးသွားသောခြေသံ တဒုံးဒုံးသည် စက်လှေတစ်လျှောက် ဆူညံစွာ မြည်ဟီး၍ သွားသည်။

ထိုစဉ် ပဲ့ချိတ်စက်သံက ရုတ်တရက် တဖုတ်ဖုတ်ထွက်ပေါ်လာကာ စက်လှေမှ လျှင်မြန်စွာဝေး၍ သွားတော့သည်။ တင်မောင်ဆွေက နားစွင့်နေစဉ်မှာပင် ကိုကျင်ဟုတ်ပြန်လျှောက်လာသံကိုကြားရကာ ခဏကြာလျှင် အခန်းထဲသို့ ၎င်းကပြန်ဝင်လာသည်။

'ကိုတင်မောင်ဆွေ ခင်ဗျား ဘယ်မှာလဲဗျ'

'ကြမ်းပြင်ပေါ်မှာ ကိုကျင်ဟုတ်၊ ခင်ဗျားရှေ့နားတင်ပဲ၊ ကျုပ်ခြေရောလက်ရော ကြိုးတုတ်ထားတယ်'

ကိုကျင်ဟုတ်က ရှဲခနဲ မီးခြစ်ခြစ်လိုက်သည်။ တင်မောင်ဆွေကို တွေ့ရလျှင် ကပျာကယာ ဘေးတွင်ဒူးထောက်လျက် ချည်နှောင်ထားသော ကြိုးတွေကို ဓားမြှောင်တစ်ချောင်းဖြင့် လျှင်မြန်စွာ ဖြတ်တောက်ပစ်လိုက်သည်။

ကြိုးတွေပြေသွားသော်လည်း တင်မောင်ဆွေက ရုတ်တရက်မလှုပ်နိုင်။ ကြာမြင့်စွာ တုတ်နှောင်ခံထားရသည့်အတွက် သွေးဆွဲခံပြီး တစ်ကိုယ်လုံးထုံကျင်နေသည်။ သွေးများပြန်လည် လှည့်ပတ်အောင် ကိုကျင်ဟုတ်က ၎င်း၏ခြေလက်များကို လက်နှစ်ဖက်နှင့် ဆုပ်နယ်ပွတ်တိုက်ပေးနေ၏။

'ခင်ဗျားရောက်လာတာ အချိန်မီကလေးပဲဗျာ။ သူတို့ကတော့ လွတ်ပြေးသွားကြသလား။ ပဲ့ချိတ်စက်သံကြားလိုက်ရတယ်'

'အေးဗျ၊ အပြင်ဘက်မှာ တွေ့ခဲ့ရတဲ့လူနှစ်ယောက်တော့ ကျုပ်က မြစ်ထဲပစ်ချလိုက်တယ်။ စူလတန်အာမက် ဒီအခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားချိန်မှာ သူတို့က ပွဲချိတ်ပေါ်ပြန်တက်လာပြီး စူလတန်
အာမက်ကို တင်လို့ ထွက်ပြေးသွားနိုင်တာပဲ။ အရေးထဲမှာ မြစ်ပြင်
ထဲ မြူတွေဆိုင်းနေတယ်ဗျ၊ ဆယ်ကိုက်ကကျော်ပြီး ဘာကိုမှ မမြင်
ရနိုင်ဘူး'

တင်မောင်ဆွေက ကြိုးစား၍ ထရပ်ကြည့်လိုက်သည်။ သူ့လက်နှင့်ခြေတွေမှာ တစစ်စစ်နာကျင်နေဆဲဖြစ်သည်။

'နေပါဦး၊ ခင်ဗျားက ဘယ်လိုလုပ် ဒီကိုလိုက်လာခဲ့တာ လဲ'

'ခင်ဗျား ကျုပ်ဆီက ထွက်သွားပြီးမကြာခင် စူလတန် အာမက်က ကားတစ်စင်းနဲ့ဆိုင်ကိုဖြတ်မောင်းသွားတာ တွေ့လိုက် ရတယ်။ ပြီးတော့ ခင်ဗျားရောက်လာတုန်းက ဆိုင်ထဲမှာနေနေတဲ့ ကောင်တစ်ကောင်က ခင်ဗျားထွက်သွားသွားချင်း ခင်ဗျားနောက်က လိုက်သွားတာ ကျွန်တော်တွေ့လိုက်ရတယ်။ ဒါနဲ့ ကျွန်တော်လည်း စိတ်မချဖြစ်လာပြီး လိုက်လာတာ ဒီကိုပါတော့'

'ခင်ဗျား လိုက်လာပေလို့သာပေါ့ဗျာ။ ကဲ... ကျုပ်တို့ လစ်ကြရအောင် စူလတန်အာမက် နောက် ကျုပ်လိုက်ချင်သေးတယ်'

သူတို့နှစ်ယောက် ကုန်းပတ်ပေါ်သို့ ထွက်ခဲ့ကြသည်။ မြစ်ပြင်ထဲတွင် ကိုကျော်ဟုတ်ပြောသည့်အတိုင်း မြူတွေက ပိတ်ပိန်း ဆိုင်းနေ၏။ စက်လှေ၏ပွဲပိုင်းတွင်တော့ တင်မောင်ဆွေဆိပ်ကမ်း တံတားမှလစ်ယူလာသော ဘောက်တူလှေကလေးက ရှိနေသေး သည်။

နှစ်ယောက်သား လှေကလေးထဲသို့ ဆင်းမိကြစဉ်တွင် ပင် ဥသြသံတစ်ခုနှင့်အတူ တဝီဝီမောင်းလာသော မော်တော်ဘော





သံတစ်ခုက မြူတွေဆိုင်းရစ်နေသော အထဲကပေါ်ထွက်လာသည်။ ဆတ်ချ်လိုက်မီးမောင်းတစ်ခုကလည်း မြူနှင်းထုကြီးကို ဖောက်ထွင်း ရှာဖွေရန် ကြိုးစားလိုက်သည်။

'သေနတ်သံတွေကြောင့် ရဲတိုက်ကင်း ထွက်လိုက်လာပြီ ချို၊ လစ်ကြစို့'

ကိုကျော်ဟုတ်က ပြောပြောဆိုဆို လှေကလေးကို ကမ်း ဘက်သို့ အားစိုက်၍ လှော်လိုက်လေ၏။

ကိုကျော်ဟုတ်၏လင်ရိုဗာကားပေါ်သို့ တက်ထိုင်လိုက်သည့် နောက်တွင် တင်မောင်ဆွေသည် သတိလစ်သလို ဖြစ်သွားမိပြန် သည်။ ကားရွေ့လျားနေသည်ကိုသာ စိတ်ထဲတွင် သိမြင်ခံစားနေရပြီး ဘယ်ကိုသွားနေသည်ကိုမှု အမှတ်မထားမိဘဲ ရှိလေသည်။

ကားသည်ရွေ့လျားခြင်း မရှိတော့ဘဲ ရပ်နေပြီး ကိုကျော် ဟုတ်၏လက်တစ်ဖက်က သူ့ပခုံးကိုပွေ့လာသည့်အခါတွင်မှ တင် မောင်ဆွေက ဟက်ဝန်းကျင်ကိုပြန်၍ သတိထားလိုက်မိသည်။

'ကိုကျော်ဟုတ်၊ ကျွန်တော်တို့ အခု ဘယ်ရောက်နေပြီလဲ'

'လိုက်မှာသာ လိုက်ခဲ့စမ်းပါ။ ခင်ဗျားကို ဆရာဝန်ဆီမှာ ပြဦးမှပေါ့'

'အာ... ကျုပ်ဆရာဝန်မလိုပါဘူး'

'ဘယ့်နှယ်မလိုရမှာလဲ ခင်ဗျားခံထားရတာက နည်းတာ မှတ်လို့၊ ပြီးတော့ ဒီဆရာဝန်က စိတ်ချရပါတယ်ဗျ။ ကျုပ် လူရင်း ပါ။ ကဲ... ထ... ကျုပ်ခင်ဗျားကို တွဲခေါ်မယ်'

ကိုကျော်ဟုတ်က ပြောပြောဆိုဆို တင်မောင်ဆွေအား ကား ပေါ်မှတွဲချလိုက်သည်။ ထို့နောက် ဝင်းခြံလေးတစ်ခုအတွင်းရှိ တစ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်အုတ်တိုက်ပုကလေးဆီသို့ တွဲခေါ်သွားလေသည်။

တိုက်ပုကလေးအတွင်းဝယ် အလင်းရောင် ကင်းမဲ့နေသည်။ သို့ရာတွင် ကိုကျင်ဟုတ်က တင်မောင်ဆွေအား အုတ်လှေကားထစ်ဝယ် အံထိုင်ခိုင်းလိုက်တာ တံခါးဘေးရှိလူခေါ် လျှပ်စစ်ခေါင်းလောင်းဘုကလေးကို လက်မနှင့်နှိပ်လိုက်သည်။ တစ်ချက်က ခပ်ရှည်ရှည် နောက်နှစ်ချက်က ဆက်ကာဆက်ကာ ခပ်တိုတို ဤအတိုင်းနှစ်ကြိမ်နှိပ်မိလျှင် ပေါ်တီကိုစာတ်မီးက လင်းလာ၏။ တံခါးမှာ နှစ်ထပ်ဖြစ်သည်။ အတွင်းဘက်က သစ်သားတံခါး အပြင်ဘက်က သံဆွဲတံခါး...

သစ်သားတံခါး ပွင့်လာပြီးလျှင် လူရွယ်တစ်ယောက်ကို တွေ့ရသည်။ ဆံပင်ကပိုကရိုဖြင့် အိပ်ရာမှထလာဟန်တူသည်။ ကိုကျင်ဟုတ်ကိုတွေ့ရလျှင် ၎င်းက ပြုံး၍နှုတ်ဆက်လိုက်သည်။

'ဟော... ကိုကျင်ဟုတ်ကြီးပါကလား၊ ဘာများအရေးပေါ်လာပြန်ပြီလဲဗျ'

'မင်းကို လူနာတစ်ယောက် လာပြတာပဲ သန်းထွန်း၊ သူ့ကိုကျကျနန ချက်ကင်လုပ်ကြည့်စမ်းကွာ'

လှေကားထစ်ပေါ်တွင် ခေါင်းငိုက်စိုက်ဖြစ်နေသော တင်မောင်ဆွေအား ကိုကျင်ဟုတ်က ချိုင်းနှစ်ဖက်မှနေ၍ ပွေ့ထူလိုက်စဉ် အထဲမှ ဆရာဝန်လူရွယ်က သံဆွဲတံခါးကို ဖွင့်ပေးလိုက်သည်။

မျက်နှာတွင် ပူခနဲ စပ်ဖျင်းဖျင်းဖြစ်လာသည့်အခါတွင်မှ တင်မောင်ဆွေက မိမိသည် သံကုတင်တစ်လုံးတွင် ပက်လက်ဖြစ်ကာ ဆရာဝန်က သူ့မျက်နှာမှ ဒဏ်ရာတွေကို ဆေးကြောပြီးဆေးထည့်ပေးနေသည်ကို ကောင်းစွာ သိလာမိတော့သည်။





ဆရာဝန်သည် တင်မောင်ဆွေအား နာရီဝက်မျှကြာအောင် ရေတစိုက် စစ်ဆေးကြည့်ရှုပြီး ဆေးထည့်ပေးတန်သည်ကိုထည့်၊ ချုပ်တန်သည်ကိုချုပ်နှင့် ကုသပေးနေသည်။ တင်မောင်ဆွေ၏ဖူးရောင်၍ ပိတ်နေသော ညာမျက်လုံးကိုလည်း ကျကျနနဆေးကြောကာ ဆေးထည့်ပိတ်ပြီး အပေါ်က အနက်ရောင်ကတ်ပြားအဝိုင်းကလေး နှင့်ဖုံးထားပေးလိုက်သည်။

'တကယ်တော့ ခင်ဗျားဟာနှစ်ရက်လောက် အိပ်ရာထဲမှာပဲ အိပ်ပြီးအနားယူသင့်တယ်။ ခင်ဗျား အခုခံခဲ့ရတာတွေက အရိုးတွေ ဘာတွေမကျိုးပေမယ့် နည်းတော့မနည်းဘူး'

နောက်ဆုံးတွင် ဆရာဝန်က မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။ တင်မောင်ဆွေက ထထိုင်လိုက်ကာ ချွတ်ထားသော စွပ်ကျယ် ရှပ်အင်္ကျီနှင့် ကုတ်အင်္ကျီတို့ကို ပြန်ဝတ်လိုက်သည်။

'ကျေးဇူးပါပဲ ဒေါက်တာ၊ ဒါပေမဲ့ ကျွန်တော့်မှာ နှစ်ရက်လောက် အိပ်ရာထဲမှာ အိပ်နေနိုင်ဖို့ အချိန်မရှိဘူးဗျ။ ဘရန်ဒီနှစ်ခွက်လောက် ဆင့်ချလိုက်ရင် ပြန်လန်းလာမှာပါ'

ဆရာဝန်က ပန်းများကိုတွန်းကာ ဗီရိုဆီလျှောက်သွားပြီး ဒီပိုက်(စ်)ဘရန်ဒီတစ်လုံးကို ထုတ်ယူလျက် ဖန်ခွက်ထဲတွင် လက်လေးလုံးခန့် ထည့်ပေးလိုက်သည်။ တင်မောင်ဆွေက တစ်ကျိုက်တည်း မော့ချလိုက်ပြီး ကြမ်းပြင်ပေါ်တွင် ထရပ်လိုက်၏။ မျက်နှာတစ်ဝိုက်တွင် စပ်ဖျင်းဖျင်းဖြစ်နေပြီး ရင်ထဲတွင် အနည်းငယ် အောင့်အောင့်တောင့် ဖြစ်နေသည်ကအပ သူသည် ကောင်းစွာလှုပ်ရှားနိုင်သည်ကို တွေ့ရသည်။

ကိုကျင်ဟုတ်က တင်မောင်ဆွေအားကြည့်လာ သဘော

www.burmeseclassic.com



ကျွှာ ရယ်လိုက်၏။

'ကိုတင်မောင်ဆွေ၊ ခင်ဗျားကိုယ်ခင်ဗျား မှန်ထဲမှာပြ
ကြည့်စမ်းဗျာ။ မျက်လုံးတစ်ဖက်မှာ အနက်ပိတ်ပြီး မျက်နှာတစ်ခုလုံး
လိုလိုမှာ ပလတ်စတာတွေ ကပ်ထားတော့ တကယ့်ပင်လယ်ဓား
လူဆိုးကြီးတစ်ယောက် ဖြစ်နေတော့တာပဲ'

ဆရာဝန်က ဗီရိုထဲမှ ဆေးပုလင်း ပြားပြားကလေးတ
လုံးကို ထုတ်ယူပြန်ရာက တင်မောင်ဆွေအား လှမ်းပေးလိုက်သည်။

'မခံမရပ်နိုင်လောက်အောင် ကိုက်ခဲနာကျင်လွန်းရင် ဒီဆေး
ပြားနှစ်ပြားကိုစား၊ တစ်ခါစားရင် လေးနာရီအနည်းဆုံး ခြားရမ
နော်...'

တင်မောင်ဆွေက ဆေးပုလင်းကို သူ့ကုတ်အင်္ကျီဘေးအိတ်
ထဲသို့ ထည့်လိုက်ပြီး ဆရာဝန်အား ကျေးဇူးတင်စကား ပြောရှ
သည်။ ထို့နောက်တွင် ကိုကျင်ဟုတ်က ဆရာဝန်အား ကျသင့်
ဘီလ် သူ့ထံပို့ရန်ပြောပြီး နှုတ်ဆက်လျှက် ပြန်ထွက်ခဲ့ကြလေသည်။

ကားပေါ်တွင် ကိုကျင်ဟုတ်က စက်နှိုးပြီး သူ့ဘေး
တင်မောင်ဆွေအား လှမ်းကြည့်လိုက်သည်။

'ကဲ... ကိုဆွေ၊ အခု ဘယ်သွားလို့ ဘာလုပ်ချင်သေး
သလဲ'

တင်မောင်ဆွေက ပြုံးလျက် ခေါင်းခါပြလိုက်သည်။

'ဒီညအဖို့တော့ တော်လောက်ပါပြီဗျာ။ ကျွန်တော်တည်း
တဲ့ ရွှေမြိုင်ရိပ်သာကိုသာ လိုက်ပို့ပါတော့'

ရွှေမြိုင်ရိပ်သာတွင် တင်မောင်ဆွေအား ချထားပေးခဲ့
နောက်၊ ကိုကျင်ဟုတ်က ထွက်ခွာသွားတော့သည်။ တင်မောင်





သည် သူ့အခန်းထဲတွင် မွေ့ရာပေါ်၌ ကိုယ်ကိုဆန့်ကာ စီးကရက်
တစ်လိပ်ကို ဖိမ်ခံသောက်ရင်းက နာရီဝက်မျှ အနားယူနေလိုက်
သည်။ ဆရာဝန်၏ဆေးစွမ်း၍ပဲလား၊ သောက်ခဲ့သော ဘရန်ဒီ
ကြောင့်လားတော့ မသိရ။ နာကျင်ကိုက်ခဲမှုတွေက တော်တော်
လျော့ပျောက်ကုန်ကြသည်။

နာရီဝက်ကြာခဲ့ပြီးသည့်နောက်တွင် တင်မောင်ဆွေသည်
ရိပ်သာ၏ဧည့်ခန်းသို့ ဆင်းခဲ့ကာ နံပါတ်တစ်ခုသို့ ဖုန်းဆက်ကြည့်
ရာ သူတွေ့လိုသူကို အဆင်သင့်ပင် တွေ့ရသည်။ တင်မောင်ဆွေ
သည်း ဖုန်းကိုချပြီးနောက် ရိပ်သာအစေခံတစ်ယောက်ကို ခေါင်း
ဆောင်းတီး၍ ခေါ်လိုက်ကာ ရိပ်သာစတိုးထဲမှ သူ့အတွက် ဝိုက်လေ
ဘယ်လ်ဝီစကီတစ်လုံးယူခဲ့ရန် မှာပြီး ထိုင်စောင့်နေလိုက်၏။

၁၅-မိနစ်ကျော် ကြာလျှင် တင်မောင်ဆွေက မှာလိုက်သော
စုံထောက်အဖွဲ့ဝင် ကိုစိန်မောင် ပေါက်ချလာတော့သည်။

'စောစောက ငွေလရောင်စက်လှေပေါ်က သေနတ်သံတွေ
ကြားရတယ်လို့ သတင်းပို့လို့ ရဲတိုက်ကင်းက သွားကြည့်ခဲ့တာ
တစ်ယောက်မှ မတွေ့ခဲ့ရဘူး။ လက်စသတ်တော့ ခင်ဗျားရဲ့
လက်ချက်ဖြစ်နေတာကိုး'

စုံထောက်ကိုစိန်မောင်က ဒဏ်ရာဒဏ်ချက် အပြည့်ဖြစ်နေ
သော တင်မောင်ဆွေ့မျက်နှာကို ကြည့်ကာ မှတ်ချက်ချလိုက်သည်။

'ထိုင်ပါဦး ကိုစိန်မောင်၊ ကျုပ် အခု ခင်ဗျားကိုခေါ်လိုက်
တာ ဒီအကြောင်းပြောပြဖို့ပါပဲ။ ကဲ... ဝီစကီတစ်ခွက်လောက်
သောက်လိုက်ပါဦးဗျာ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

ကိုစိန်မောင်က နှုတ်ခမ်းကိုစေ့လျက် ခေါင်းယမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဝတ္ထုရေးထမ်းဆောင်နေချိန်မှာ ဘယ်တော့မှ အရက် မသောက်ဘူးဗျ'

'ခင်ဗျားအနေနဲ့ အခုအချိန်လေးကို ဝတ္ထုရေးကကင်းလွတ် တဲ့အချိန်လို့ သတ်မှတ်လိုက်ပေါ့ဗျ'

'ခင်ဗျားရှိနေသရွေ့ ကျုပ်ကိုယ်ကျုပ် ဝတ္ထုရေးထမ်းဆောင် တယ်လို့ပဲ သတ်မှတ်ထားတယ်ဗျ'

ကိုစိန်းမောင်က ပြောပြောဆိုဆို ဆေးလိပ်တစ်လိပ် ထုတ်လျက် ဖင်အစီခံကို လက်ညှိုးနှင့်ဆွပြီး ပါးစပ်တွင်ခဲလိုက် သည်။

'အခုအချိန်မှာ ကျုပ်တို့ဟာ ဘယ်သူ့နောက်ကိုမှ လိုက် မနေပါဘူးဗျာ။ လိုက်တောင် ကျုပ်အနေနဲ့ ပက်ကိုတစ်ကောင်တော မှ ဖမ်းမိနိုင်မှာမဟုတ်ဘူး။ ခင်ဗျား မသောက်ချင်နေ၊ ကျုပ်တော့ ချလိုက်ဦးမယ်'

ပြောပြောဆိုဆို တင်မောင်ဆွေက ဖန်ခွက်ထဲသို့ ဝီစ ဝမ်းပက်ထည့်လိုက်ကာ ဆော်ဒါလုပ်သော 'ဆိုင်ဖွန်'ပုလင်း ရေအနည်းငယ်ကို ဖန်ခွက်ထဲသို့ ပန်းထည့်လိုက်သည်။ ထိုအ ကိုစိန်းမောင်က သူ့အတွက်လည်း ဟက်ဖ်ဝက်လောက်ထည့် ရန်ပြောလိုက်၏။

နှစ်ယောက်သား ဝီစကီတစ်ကျိုက်စီ စုပ်လိုက်ကြပြီးနော တွင်မှ ကိုစိန်းမောင်က စတင်၍ မေးခွန်းထုတ်လိုက်သည်။

တင်မောင်ဆွေက ငွေလရောင်စက်လှေပေါ်တွင် သူ တွေ့ခဲ့ရသမျှတွေကို ကိုစိန်းမောင်အား ပြောပြလိုက်သည်။

'ပြီးတော့ စူလတန်အာမက်က ရန်ကုန်မှာ ဒေးဗစ်ဘ





ကိုသတ်ခဲ့တာလည်း ဖွင့်ဟဝန်ခံတယ်။ ဒေးဗစ်ဘလွင်ကို သူက စကော်ပူကနေ သူ့စက်လှေနဲ့ ပြန်ခေါ်လာခဲ့တာပဲ။ လမ်းမှာတုန်းက ဒေးဗစ်ဘလွင်ဆီမှာ အမေရိကန် ဒေါ်လာငွေတွေပါလာတာကို သူတို့က မသိခဲ့ဘူး။ မော်လမြိုင်ကို ပြန်ရောက်တော့မှ သိတယ်။ ဒါနဲ့ သူတို့ရန်ကုန်ကို ပြန်လိုက်လာကြပြီး ဒေးဗစ်ဘလွင်ကို လိုက် ရှာကြတာမှာ ရွှေတံခါးဟော်တယ် အဝင်မှာတွေ့ပြီး သူတို့ကား ပေါ်ကို ပထမခေါ်ပြီး ငွေကိုပေးစေတောင်းကြတယ်။ ဒါပေမဲ့ ဒေးဗစ် ဘလွင်က ငြင်းတော့၊ သူတို့က ဒေးဗစ်ဘလွင်ဆီမှာပါသမျှ ပစ္စည်း တွေကို ယူကြတယ်။ ပြီးတော့ ဒေးဗစ်ဘလွင်ကိုဓားနဲ့ထိုးပြီး ကား ပေါ်က ချပေးလိုက်ကြတယ်'

'သက်သေအထောက်အထားကကော ကိုတင်မောင်ဆွေ'

တင်မောင်ဆွေက သူ့ပခုံးများကို တွန့်ပြလိုက်သည်။

'ဒါကတော့ ခင်ဗျားတို့ရှာကြည့်ပေါ့ဗျ။ ကျုပ်က သူဖွင့် ဟန်ခံတာကို ပြောပြနေတာ၊ ခင်ဗျားတို့ သူ့ကို လိုက်ရှာဖမ်းဆီးပြီး စ်ကြပေါ့'

'အင်း… အခုပဲ မော်လမြိုင်ရဲအဖွဲ့က စူလတန်အာမက် ဆိုလိုက်ခြေရာခံရှာနေကြပါပြီ ကိုတင်မောင်ဆွေ၊ ကဲ… ကျွန်တော် ပြန်လိုက်ပါဦးမယ်'

ပြောပြောဆိုဆို ထိုင်ရာမှထလိုက်သော ကိုစိန်းမောင်ကို တင်မောင်ဆွေက လက်တစ်ဖက်ထောင်ပြထားလိုက်သည်။

'နေပါဦး ကိုစိန်းမောင်၊ ကျုပ်က ခင်ဗျားကို မေးစရာရှိ နေသေးတယ်'

'ဘာများလဲဗျား ဆိုစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ရန်ကုန်က ဘာသတင်းရထားသေးလဲ'

ကိုစိန်မောင်သည် ပြောရကောင်းမလားဟူသော အမူအရာ လုပ်နေပြီးနောက်မှ ကုလားထိုင်တွင် ပြန်ထိုင်လိုက်၏။

'မာရီချိုဆိုတဲ့ မိန်းမတစ်ယောက်ကို မော်လမြိုင်မှာ ရှာကြည့်ခိုင်းထားတယ်။ ရန်ကုန်မှာ အသတ်ခံရတဲ့ ဒေးဗစ်ဘလွင်ရဲ့ မယားဟောင်းပဲတဲ့။ တင်နုန်းသီအိမ်ကို ဖောက်ဝင်သွားတာလည်း သူပဲတဲ့ဗျ'

'ဒါတွေကို ကျုပ်သိပြီးပါပြီ၊ ခင်ဗျားသူ့ကို ခြေရာခံလို့ ရသလား၊ သူ့ဓာတ်ပုံကိုကော ရသလား…'

ကိုစိန်မောင်က ခေါင်းခါပြလိုက်သည်။

'ဒီလိုဆို ခင်ဗျား ခဏစောင့်နေ၊ ကျုပ်မှာ သူ့ဓာတ်ပုံရှိတယ်'

တင်မောင်ဆွေက သူ့အခန်းသို့ ဓာတ်ပုံယူရန် တက်သွားရာ၊ ကိုစိန်မောင်က ဝီစကီနောက်ထပ်ဟာဖ်လ်ပက်ကိုငှဲ့လျက် ကျန်နေရစ်လေသည်။ ရန်ကုန်မှ သူ့မိတ်ဆွေထောင်ကဲကြီးက ပို့လိုက်သော မာရီချို၏ဓာတ်ပုံကို တင်မောင်ဆွေသည် မော်လမြိုင်သို့ လိုက်မလာမီကလေးကမှ ရခဲ့၏။ ယခု သူသည် ထိုဓာတ်ပုံကို သူ့ခရီးဆောင်သေတ္တာထဲမှ ထုတ်ယူလိုက်ကာ ကိုစိန်မောင်ထံသို့ ပြန်ဆင်းလာခဲ့၏။

'မာရီချိုဆိုတာ သူပဲ။ ခင်ဗျားယူသွားပြီး အမြန်ဆုံးကူးယူပြီး ကျွန်တော့်ကို ပြန်ပေးပါ ဟုတ်လား…'

ကိုစိန်မောင်က တင်မောင်ဆွေအား ကျေးဇူးတင်စကား ပြောကာ ဓာတ်ပုံကို ခေတ္တမျှကြည့်ရှုပြီး သူ့အင်္ကျီအိတ်ထဲ တရို





တသေထည့်လျက် နှုတ်ဆက်ပြန်သွားလေတော့၏။

တင်မောင်ဆွေက သူ့အခန်းသို့ ပြန်မတက်သေး။ ဝီစကီ လ်ပက်ထပ်ငှဲ့ကာ ဖိမ်ခံစုပ်ရင်းက စဉ်းစားခန်းဝင်နေလိုက်သည်။

မော်လမြိုင်သို့ ဒုတိယတစ်ခေါက် လိုက်လာခြင်းသည် သိပ်အကြောင်းမထူးလှဟု သူက စဉ်းစားဆုံးဖြတ်လိုက်မိသည်။ ရုလတန်အာမက်နှင့် တွေ့ဆုံရခြင်းသည် သူ့အတွက် သေရမည့်ဘေးက သီသီကလေး လွတ်မြောက်ခဲ့ရသည်ကလွဲ၍ သိပ်အကျိုးမထူးခဲ့ချေ။

ရုလတန်အာမက်သည် ဒေးဗစ်ဘလွင်အား စင်္ကာပူမှခေါ်လာခဲ့စဉ်အခါက ဒေးဗစ်ဘလွင်ထံတွင် အမေရိကန်ဒေါ်လာတွေပါလာခြင်း မသိခဲ့ကြောင်းဆိုသည်ကို တင်မောင်ဆွေက ယုံကြည်မိသည်။ အကယ်၍ သိခဲ့ပါက ပင်လယ်ခရီးတွင်ပင် ထိုငွေတွေကို သူယူပြီး ဒေးဗစ်ဘလွင်ကို ပင်လယ်ထဲမှာပင် ဖျောက်ဖျက်ပစ်ခဲ့လေလိမ့်မည်'

သို့ရာတွင် ဒေးဗစ်ဘလွင် စင်္ကာပူမှယူလာသော သားရေသေတ္တာနှစ်လုံးက ဘယ်ရောက်သွားခဲ့ပြီနည်း။

တင်မောင်ဆွေသည် ဒေးဗစ်ဘလွင်နေရာတွင် ကိုယ့်ကိုကိုယ်ထားကြည့်ပြီး စဉ်းစားမိပြန်သည်။

ဒေးဗစ်ဘလွင်သည် စင်္ကာပူသို့ အမေရိကန်ဒေါ်လာငွေများကို ကလကတ္တားမှ ကုလားသုံးယောက် တိတ်တိတ်လာရောင်းလိမ့်မည်ဖြစ်ကြောင်းကို တစ်နည်းနည်းဖြင့် သတင်းရခဲ့ပေလိမ့်မည်။ သူ့တွင်လည်း စင်္ကာပူ၌ အဆက်ရှိခဲ့သည် မဟုတ်လော။

သို့အတွက် သူသည် ဂီးလ်ဘတ်ထံတွင် အလုပ်မှခွင့်ယူကာ စင်္ကာပူသို့လေယာဉ်ဖြင့် လိုက်သွားခဲ့သည်။ မူလရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုဒေါ်လာငွေများကို သူက ဟန်ရာတန်ဖိုးပေး၍ ဝယ်ဖို့ ဖြစ်ခဲ့ပေမည်။ သို့ရာတွင် စက်ဘူသို့ရောက်သည့်အခါ၌၊ ဒေါ်လာ ငွေရောင်းမည့် ကုလားတွေနှင့်အတူ၊ တစ်ခါက သူ့ဇနီးဖြစ်ခဲ့ဖူးသော မိန်းမလည်မာရီချိုပါလာသည်ကို တွေ့ခဲ့ရပေလိမ့်မည်။ ထိုမိန်းမ လည်၏ လက်ထောက်ချမှုကြောင့်ပင် သူတို့နှစ်ယောက်ပေါင်းပြီး ကုလားတွေထံမှ ဒေါ်လာငွေတွေကို ခိုးယူဖို့ကြံစည်ခဲ့ပြီးအောင်မြင် စွာ ခိုးယူနိုင်ကာ၊ ကုလားတွေက သူ့အားခြေရာခံ၍ လိုက်မမီ နိုင်အောင် စူလတန်အာမက်၏စက်လှေဖြင့် မြန်မာပြည်သို့ ပြန်လိုက် လာခဲ့သည်။

သည်အထိကတော့ ရှင်းနေ၏။

မရှင်းသေးသည်က ဒေးဗစ်ဘလွင်သည်အဘယ် အကြောင်း ကြောင့် မော်လမြိုင်သို့ဝင်ပြီး အထုပ်တစ်ထုပ်ကို သူ့အလုပ်ရှင်ဂီး ဘတ်သွင်၏နာမည်ကိုသုံးလျက် တင်နန်းသီထံတွင် အပ်သွားခဲ့ သနည်း။ ထိုအထုပ်ထဲမှာကော ဘာတွေပါသလဲ။ ဒေါ်လာငွေ ထည့်ထားသော သားရေသေတ္တာနှစ်လုံးကကော ဘယ်ရောက်နေ ပြီလဲ…

ဒါတွေကို ဒေးဗစ်ဘလွင်ခမျာက သေရွာကနေပြီး ပြော နိုင်တော့မည် မဟုတ်ချေ။

တင်မောင်ဆွေက လက်ပတ်နာရီကို မြှောက်ကြည့်လိုက် သည်။ ညသန်းခေါင်တောင် ကျော်တော့ပေမည်။ တင်မောင်ဆွေ ဝီစကီနောက်ဆုံးတစ်ကျိုက်ကို ကျိုက်လိုက်ပြီး သူ့အခန်းသို့ တက် လေ၏။

❖ ❖ ❖



## အခန်း - ၁၂

အသစ်ပေါ်ထွန်းလာသော နေ့သည် မိုးမင်းကိုပါ လောက ကြီးထဲသို့ ဆောင်ယူလာခဲ့သည်။ ကောင်းကင်ကို မမြင်ရအောင် ညိုညစ်သောမိုးသားတွေက ပိတ်ဖုံးနေကာ မော်လမြိုင်တစ်မြို့လုံး သည် အဆက်မပြတ် မိုးရေချိုးနေရလေသည်။

တင်မောင်ဆွေ အိပ်ရာမှနိုးလာသည့်အချိန် နံနက် ၈- နာရီအချိန်တွင်ပင် မိုးကမစဲသေးပေ။ တဖွဲဖွဲရွာချနေဆဲသာ ဖြစ်နေ သည်။ ညကရခဲ့သော ဒဏ်ရာများအနက် ရင်အောင့်ခြင်းကတော့ ပျောက်သွားရပေပြီ။ မျက်နှာကတော့ ညိုမည်းဖူးရောင်လျက်ပင် ရှိနေသေးကာ ညာဘက်မျက်လုံးကလည်း ဖွင့်လို့မရသေးချေ။

ရေကိုတဗွမ်းဗွမ်း လောင်းချိုးပြီးသည့်အခါတွင်ကား တင် မောင်ဆွေသည် တော်တော်လန်းဆန်းလာ၏။ ဝမ်းထဲကလည်း တော် တော်ဟာနေသည့်အတွက် ခပ်မြန်မြန်အဝတ်တွေဝတ်ကာ ရိပ်သာ ထမင်းစားခန်းသို့ ဆင်းလာခဲ့သည်။

ထမင်းစားခန်းထဲတွင် ကြက်ဥ မကျက်တကျက်နှင့် ဝက်



www.burmeseclassic.com

www.burmeseclassic.com



အချောင်းကြော် ပေါင်မုန့်ထောပတ်သုတ်နှင့် ရှောက်ချိုဖျော်ရည်တို့ဖြင့် ဝမ်းဖြည့်နေစဉ်တွင် ရိပ်သာဘဏ္ဍာစိုးကြီးက တင်မောင်ဆွေအား သို့ရောက်လာသည်။

'ဟော… ဆရာနိုးလာပြီကိုး'

'အေးဗျာ… ညက အိပ်ရာဝင် နောက်ကျသွားလို့ ခုနကမှ နိုးတယ်ဗျ'

'ဆရာအိပ်ပျော်နေတုန်းက ဆရာ့အတွက် တယ်လီဖုန်းလာတယ်'

ကိုစိန်းမောင်ပင်ဖြစ်မည်ဟု ထင်မှတ်နေမိသော တင်မောင်ဆွေက ဘဏ္ဍာစိုးကြီး၏ နောက်ဆက်တွဲစကားကို ကြားလိုက်ရလျှင် ဆတ်ခနဲ ခေါင်းထောင်လာတော့သည်။

'တင်နန်းသီဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ ဆရာရဲ့'

'ဟုတ်လား သူက ဘာမှာသွားသလဲ'

'ဆရာ့ကို မနက်ကိုးနာရီထိုးကျရင် မော်လမြိုင်အနုပညာအသင်းရှိတဲ့နေရာကို လာပါလို့ မှာသွားတာပဲ'

'ကျေးဇူးပါပဲဗျာ၊ ကျွန်တော် သွားလိုက်ပါ့မယ်'

တင်နန်းသီကတကူးတက ဖုန်းဆက်မှာသည်ဆိုတော့ အကြောင်း တစ်ခုခုတော့ ထူးပေတော့မည်။ မာရီချိုကိုများ သူမကတွေ့ရလို့လား။ ဒါတော့မဖြစ်နိုင်၊ မာရီချိုကို တင်နန်းသီက တစ်ခါမှတွေ့ဖူးသည်မဟုတ်။

သို့ဖြစ်လျှင် စူလတန်အာမက်တို့လူစုကများ ခြေရာခံမိပြီး အနှောင့်အယှက်ပေးနေချေပြီလား။ ဒေးဗစ်ဘလွင်က သူမထံအထုပ် အပ်သွားကြောင်းကို စူလတန်အာမက်က သိသွားလျှင် သူမထော





သူတို့ကိစ္စ ဘာမှမသိရှာသည်ကို နားလည်မည်မဟုတ်။ ဒေးဗစ်ဘလွင်နှင့်အဆက်အသွယ်ရှိသည်ဟု တစ်ထစ်ချယူဆကြတော့မည်ဖြစ်ကြောင်းကို တင်မောင်ဆွေက နားလည်မိ၏။

တွေးရင်းကပင် စိုးရိမ်မိလာကာ တင်မောင်ဆွေသည် ကိုးနာရီထိုးသည်အထိ စောင့်မနေတော့ဘဲ ဒိုင်းဝန်ကွင်းရှိ မော်ရွှေမြိုင်အနုပညာသင်းတည်ရာ ကိုသန်းရှိန်၏ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့တော့သည်။

ဆိုင်ထဲတွင် တုံးစံအတိုင်း လူငယ်လေးငါးယောက်က လက်ဖက်ရည်ထိုင်သောက်နေကြရင်းက လေဖောင်းနေကြသည်။ ကိုသန်းရှိန်က တင်မောင်ဆွေအား မျက်နှာတွင်ရထားသော ဒဏ်ရာများနှင့် မျက်လုံးတစ်ဖက်ကို ဖုံးအုပ်ထားသော အမည်းကွက်ကြောင့် ရုတ်တရက် မမှတ်မိချေ။

'ကိုသန်းရှိန် သီသီတစ်ယောက် မလာသေးဘူးလားဗျ'ဟု မေးလိုက်တော့မှ တင်မောင်ဆွေ့မျက်နှာကို သေသေချာချာကြည့်ကာ တော်တော် အံ့သြသွားပုံရလေသည်။

'လက်စသတ်တော့ ဟိုညက ကိုကျင်ဟုတ်ရဲ့လူကိုး။ ဟင့်အင်း သီသီတစ်ယောက်ပေါ်မလာသေးဘူး။ မနေ့ညနေကတော့ တစ်ခေါက်လာသွားသေးတယ်။ ဒါနဲ့ခင်ဗျားမျက်နှာမှာ ဒဏ်ရာတွေနဲ့ပါလား။ ဘယ်လိုဖြစ်တာလဲဗျာ'

'အလုပ်လုပ်ရင်းကရခဲ့တဲ့ ဆုမှတ်တွေဆိုပါတော့ဗျာ။ အဲ… ကျွန်တော့်ကို ကော်ဖီတစ်ခွက် ခပ်ကျကျပေးစမ်းဗျာ'

တင်မောင်ဆွေက စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်ကာ နံရံကပ်နာရီကို ကြည့်နေလိုက်သည်။ ကိုးနာရီထိုးရန် မိနစ်အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်မှုသာ လို့တော့သည်။ သီသီက သူမ၏ နေအိမ်သို့မချိန်းဘဲ ဤနေရာတွင် ချိန်းသည်မှာ ဘယ်လိုသဘောပါလိမ့်။

ကိုသန်းရှိန်လာပေးသည့် ကော်ဖီကိုသောက်ပြီး ကိုးနာရီ ထိုး၍ ငါးမိနစ်အကျော်တွင်တော့ သီသီခေါ် တင်နန်းသီက ဆိုင်ထဲသို့ ဝင်လာတော့သည်။ သူမနှင့်အတူ ဂီတာသမား မောင်ညွန့်မောင် ကလည်း ပါလာ၏။ တင်မောင်ဆွေက သူမအား လက်တစ်ဖက် ထောင်ပြလိုက်သည်။

'တင်နန်းသီ၊ ကျွန်တော် ဒီမှာ'

တင်နန်းသီနှင့် မောင်ညွန့်မောင်တို့က တင်မောင်ဆွေထံ လျှောက်လာကြပြီး ကုလားထိုင်တစ်လုံးစီတွင် ဝင်ထိုင်လိုက်ကြ သည်။ တင်နန်းသီသည် တင်မောင်ဆွေ့မျက်နှာကိုကြည့်ကာ မျက် လုံးကလေးတွေ ပြူးကျယ်သွားကြ၏။

'ဟင် အစ်ကိုကြီးမျက်နှာမှာ ဒဏ်ရာတွေနဲ့ပါလား'

'ကျုပ်မျက်နှာက ဒဏ်ရာတွေရနေကျပါ၊ မဆန်းတော့ပါ ဘူး။ ကဲ··· ဆိုစမ်းပါဦး တင်နန်းသီ။ ဘာကိစ္စနဲ့ ကျုပ်ကိုခေါ် ရတာလဲ၊ အကြောင်းထူးရှိလို့လား'

'အကြောင်းထူးသလား မထူးသလားတော့မသိဘူး အစ်ကို ကြီး။ မနေ့ညက ကျွန်မအိမ်မှာ မအိပ်ဘူး။ ကျွန်မမိတ်ဆွေတစ် ယောက်အိမ်မှာ သွားအိပ်တယ်။ မနက်စောစော အိမ်ပြန်လာတော့ အိမ်ပြတင်းပေါက်ပွင့်နေတာ တွေ့ရတယ်။ အိမ်ထဲဝင်ကြည့်တော့ ပစ္စည်းတွေ မွှေနှောက်ရှာထားတာကို တွေ့ရတော့တာပဲ။ ဘာမှတော့ မပျောက်ပါဘူး။ တစ်ယောက်ယောက်က သူလိုချင်တာတစ်ခုခုကို ဝင်ရှာသွားတာဖြစ်မှာပဲ။ ဒါနဲ့ ကျွန်မလည်း အစ်ကိုကြီးရှိလိုရှိငြား





ဆွမြိုင်ရိပ်သာကို ဖုန်းဆက်ကြည့်တော့ ရှိတယ်ဆိုတာနဲ့ ဒီကိုလာ ခဲ့ခိုင်းလိုက်တာပါ'

တင်နန်းသီက တည်ငြိမ်သောအသံကလေးဖြင့်ပင် ပြောနေ သည်။ သို့တစေလည်း သူမ၏မျက်လုံးတွင်တော့ စိုးရိမ်မှုအရိပ် အရောင်ကလေးတွေက ခိုကပ်လျက်ရှိနေသည်။

တင်မောင်ဆွေက သေဆုံးသူဒေးဗစ်ဘလွင်ကို စိတ်ထဲက မြင်ယောင်၍ ကျိန်ဆဲသည်။ ဒေးဗစ်ဘလွင်သည် ဤအပြစ်ကင်းစင်သော မိန်းကလေးကို ၄င်း၏ဓာတ်ရှုပ်ထဲသို့ ဘုမသိဘမသိ ဆွဲထည့်ခဲ့ သည်။ ယခုတော့ ဤမိန်းကလေးသည် ၄င်းရင်ဆိုင်ခဲ့ရသော ဘေး အန္တရာယ်မျိုးကိုပင် ရင်ဆိုင်နေရှာချေပြီ။

'အဲဒီအကြောင်း ရဲဘက်ကိုကော အကြောင်းမကြားဘူး လား'

တင်နန်းသီက ခေါင်းကလေး ယမ်းလိုက်သည်။

'ပထမတော့ အစ်ကိုကြီးကိုပဲအကြောင်းကြားမယ်လို့ ကျွန်မက ဆုံးဖြတ်လိုက်တယ်လေ။ အစ်ကိုကြီးမရှိမှ ရဲဘက်ကို အကြောင်းကြားမယ်လို့ ကျွန်မက စိတ်ကူးထားမိတာ၊ ရဲဘက်ကို အကြောင်းကြားတာထက် အစ်ကိုကြီးကို အကြောင်းကြားတာက ပိုထိရောက်လိမ့်မယ်လို့ ကျွန်မ ထင်မိတယ်။ အစ်ကိုကြီးက ဓာတ်သိ ဘူတ်လား'

တင်မောင်ဆွေက ဘာမှပြန်မဖြေ။ စီးကရက်တစ်လိပ်ကို ဖွာ မီးညှိကာစဉ်းစားနေလိုက်သည်။ တင်နန်းသီ၏အိမ်ကို ဝင်ရှာ သူသည် သည်တစ်ခါတော့ မာရီချိုမဟုတ်နိုင်၊ သူမက လိုချင်တာ ရသွားခဲ့ပြီဖြစ်သည်။ တင်နန်းသီအား တစ်နည်းနည်းဖြင့် ဆက်စပ်



www.burmeseclassic.com

www.burmeseclassic.com



ခြေရာခံမိသွားပြီးသော စုလတန်အာမက်သာလျှင် ဖြစ်ရမည်။ ငှ... သည် အမေရိကန်ဒေါ်လာငွေတွေ ထည့်ထားသော ဒေးဗစ်ဘလွှ... ၏ သားရေသေတ္တာနှစ်လုံးကို လိုက်ရှာနေခြင်းသာ ဖြစ်မည်။

တင်နန်းသီခမျာ ထိုသေတ္တာတွေအကြောင်း ဘာမှမ... သည်ကို စုလတန်အာမက်လိုလူစားမျိုးက ယုံကြည်မည်မဟုတ်... ရိုးရိုးတန်းတန်းရှာမတွေ့လျှင် တင်နန်းသီအား ဖမ်းဆီးခေါ်ဆော... ပြီး သူသိလိုသည်ကို အတင်းအဓမ္မ မေးချေတော့မည်။

တင်နန်းသီက တိတ်ဆိတ်နေသော တင်မောင်ဆွေ့မျက်... ကိုကြည့်ပြီး စကားဆက်လိုက်ပြန်သည်။

'ပြီးတော့ ကျွန်မနောက်ကို ကျွန်မ မနက်အိမ်ကထွက်... ခဲ့ကတည်းက ကားတစ်စင်းက တကောက်ကောက် လိုက်နေခဲ့တ... အစ်ကိုကြီးရယ်'

တင်မောင်ဆွေက ဆတ်ခနဲ ခေါင်းမော့လာသည်။

'ကားတစ်စင်းက တင်နန်းသီနောက်ကို တကော... ကောက်လိုက်နေတယ်ဆိုတာ သေချာတယ်နော်...'

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်မမနက်က သူငယ်ချ... အိမ်ကနေ ကျွန်မကားကလေးကိုမောင်းပြီး အိမ်ကိုပြန်လာ... ကျွန်မနောက်က ဆီဒင်ကားအပြာတစ်စင်း လိုက်လာတာကို အ... မထင်ဘဲ သတိထားခဲ့မိပါတယ်။ ကျွန်မ အိမ်ပြန်ရောက်ပြီး ... ပြောသလိုပဲ အိမ်ကို မွှေနှောက်ထားတာကိုတွေ့ရတော့ ကျွန်မလ... အစ်ကိုကြီးကို ဖုန်းဆက်ရအောင် ကားနဲ့ပဲ ပြန်ထွက်လာခဲ့... တယ်။ စာတိုက်မှာ ဖုန်းဆက်ပြီး ကျွန်မ ပြန်ထွက်လာတော့ ... ရပ်ထားတဲ့ကားနဲ့ မလှမ်းမကမ်းမှာ အဲဒီကားပြာကြီးက ရပ်ထား...





ကို တွေ့ရပြန်တယ်။ ကျွန်မအိမ်ကို ကားပြန်မောင်းလာတဲ့အထိ အဲဒီကားအပြာက နောက်ကလိုက်လာတယ်'

'အင်း... နောက်ယောင်ခံလိုက်နေတာ သေချာသလောက်ပေါ့။ အခု တင်နန်းသီက ဒီကိုဘာနဲ့လာခဲ့သလဲ'

'ကျွန်မကားနဲ့ပဲအစ်ကိုကြီး။ ဒီတော့လည်း ကားပြာကြီးက ကျွန်မနောက်က ပါလာတယ်'

'အခု သီသီက ကားကိုဘယ်မှာထားခဲ့သလဲ'

'လမ်းထောင့်မှာ၊ ကျွန်မက ကိုညွန့်မောင်ကို ဝင်ခေါ်ပြီး ဒီကို တိုက်ရိုက်လာခဲ့တာပဲ'

တင်မောင်ဆွေက စားပွဲကို လက်ချောင်းကလေးများဖြင့် ခေါက်ကာ စဉ်းစားနေလိုက်ပြီးနောက်၊ ရုတ်တရက် စိတ်ဆုံးဖြတ်ချက်ချလိုက်သည်။

'ဒီလိုဆို တင်နန်းသီနောက်ကို လိုက်နေတဲ့ ကားပြာဟာ သည်း အနီးအနားတစ်ဝိုက်မှာရှိရမယ်။ ဒီကောင်တွေကို ထောင်ဖမ်းဖို့ အလွယ်ကလေးနေမှာပဲ'

တင်နန်းသီ၏မျက်လုံးကလေးများက ပြူးကျယ်သွားကြတော့သည်။

'ဖြစ်ပါ့မလား အစ်ကိုကြီးရယ်။ သူတို့ လူဆိုးတွေဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ'

တင်နန်းသီစကားကြောင့် တင်မောင်ဆွေမှာ ပြုံးလိုက်ရသည်။

'သူတို့ဟာ လူဆိုးတွေဖြစ်နေလို့ ထောင်ဖမ်းရမှာပေါ့ တင်နန်းသီရယ်...'

www.burmeseclassic.com



'အို…'

တင်မောင်ဆွေက တင်နန်းသီ၏ လက်ကလေးကို အသာ ဆုပ်ကိုင်လိုက်သည်။

'မကြောက်ပါနဲ့ တင်နန်းသီ၊ တင်နန်းသီ ဘာမှမဖြစ်စေရပါဘူး'

'ခင်ဗျား သူတို့ကို ဘယ်လိုထောင်ဖမ်းမှာလဲဗျ'

တိတ်ဆိတ်နေသော မောင်ညွန့်မောင်က ယခုမှ ဝင်မေးလိုက်သည်။ တင်နန်းသီအတွက် သူက စိုးရိမ်မကင်းဖြစ်နေပုံ ရသည်။

'ကျုပ် အခုအရင်သွားနှင့်ပြီး လမ်းထောင့်မှာစောင့်နေမယ် ခဏကြာတော့ တင်နန်းသီလိုက်လာခဲ့၊ ကားပေါ်ကိုတက်ပြီး ဒီလမ်းကို တစ်ပတ်ပတ်မောင်း။ ဖြည်းဖြည်းနော်…'

'ကျွန်တော်ပါ သူနဲ့ လိုက်သွားမယ်'

'သဘောပဲလေ။ တစ်ခုတော့ရှိတယ်။ တစ်ခုခု ပစ်သံကြားတာနဲ့တစ်ပြိုင်နက် ကားကို မောင်းထွက်ပြေးပေတော့'

'ခင်ဗျားခုနကပြောတော့ ဘေးအန္တရာယ်မရှိဘူးလို့'

'တင်နန်းသီအတွက်တော့ ဘေးအန္တရာယ်မရှိပါဘူး မောင်ညွန့်မောင်ရယ်။ သူ့ကို ဖမ်းခေါ်သွားချင်ရင် သူတို့အစောကြီးကတည်းက ခေါ်သွားကြရောပေါ့။ ဒါပေမဲ့ သူတို့လိုက်နေတဲ့ လူတွေက ကျုပ်ကိုသိချင်သိနေကြမှာ၊ သူတို့ကို ကျုပ်ကဖမ်းဖို့ ကြိုးစားရင်ပြန်ခုခံကြမှာ၊ ဒီတော့ ကြားထဲက အချောင်မထိရအောင် သတိထားဖို့တော့ လိုလိမ့်မယ်။ ဒါနဲ့ တင်နန်းသီကားက ဘယ်လိုအမျိုးအစားလဲ'





'အော်စတင်ပါ အစ်ကိုကြီး၊ အနက်ရောင်ပဲ၊ ဒီလမ်းထောင့်က ညောင်ပင်ကြီးအောက်မှာ ရပ်ထားခဲ့ပါတယ်'

'ဒီလိုဆို ကျုပ်အရင်သွားနှင့်မယ်။ ငါးမိနစ်တိတိ စောင့်ပြီးမှ လိုက်လာခဲ့ကြဟုတ်လား'

တင်မောင်ဆွေသည် ဆိုင်နောက်ဖေးပေါက်မှ ထွက်ကာ ခြံစည်းရိုးကိုကျော်လျက် ဘေးလမ်းကြားကလေးမှနေ၍ တစ်ဖက်လမ်းသို့ ဆက်လျှောက်ခဲ့ပြန်သည်။

ညောင်ပင်ကြီးအောက်တွင် ရပ်ထားသော တင်နန်းသီ၏ အော်စတင်ကားနက်ကလေးကို ခပ်လှမ်းလှမ်းကပင် တွေ့ရနိုင်သည်။ ထိုကားကလေး အနီးအနားတစ်ဝိုက်တွင်တော့ လော်ရီကားကြီးတစ်စင်းက ရပ်ထားလျက်ရှိနေသည်။ တင်မောင်ဆွေက ရှေ့သို့ဆက်၍ လျှောက်ခဲ့ပြန်ရာတွင် လော်ရီကားကြီးကိုကွယ်လျက် ရပ်ထားနေသော အပြာရင့်ရောင် ဆလွန်းကားတစ်စင်းကို တွေ့လိုက်ရလေ၏။

တင်မောင်ဆွေက လမ်းဘေး အိမ်ဆိုင်ကလေးတစ်ဆိုင်သို့ ဝင်ခဲ့ကာ ဆိုင်ထဲမှနေ၍ အခြေအနေကို စောင့်ကြည့်နေလိုက်၏။ သို့ရာတွင် ဆိုင်ရှင်က တင်မောင်ဆွေမျက်နှာမှ ဒဏ်ရာတွေနှင့်မျက်လုံး ဖုံးထားသော အနက်ကွက်ကို ကြည့်ကာ သင်္ကာမကင်းဖြစ်လာပုံရ၏။

'ဒီမှာ မောင်ရင်၊ ဘာလိုချင်သလဲကွယ့်'ဟု ခပ်ဆတ်ဆတ် မေးလိုက်တော့သည်။

'အဲ… ကျွန်တော့်ကို ကက်ပီတန်စီးကရက်တစ်ဘူး ပေးပါခင်ဗျာ။ ပြီးတော့ ကျွန်တော် ဒီမှာ ခဏစောင့်နေပါရစေ။ လူတစ်ယောက်နဲ့ ချိန်းထားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ပြောပြောဆိုဆို ဆိုင်ရှင်စိတ်ချသွားစေ တစ်ဆယ်တန်ငွေစက္ကူတစ်ချပ်ကို ထုတ်ပေးလိုက်ရ၏။ သူ့မျက်လုံး ကတော့ ကားပြာနှင့် ကားနက်ကလေးဆီသို့သာ ရောက်ရှိနေကြ သည်။ ထိုစဉ် တင်နန်းသီနှင့်မောင်ညွန့်မောင်တို့က ကားနက်ကလေး ရပ်ထားရာသို့ ဖြည်းညင်းစွာ လျှောက်လာနေသည်ကို သူက တွေ့ လိုက်ရသည်။

'ရော့ မောင်ရင်၊ စီးကရက်နဲ့အကြွေ'

ဆိုင်ရှင်က စီးကရက်ဘူးနှင့်တစ်ဆယ်တန်အမ်းငွေတွေ ပြန် ပေးသည်ကို မကြည့်ဘဲလှမ်းယူကာ ဘောင်းဘီအိတ်ထဲသို့ ထိုးထည့် ပြီး၊ တင်မောင်ဆွေက သူ၏မျက်လုံးကောင်းတစ်ဖက်ကို အရှင်ဆုံး ထား၍ အကဲခတ်ကြည့်နေလိုက်သည်။

ကားပြာထဲမှသူသည်လည်း တင်နန်းသီအား မြင်သွား ရသည်။ ထိုကားဆီမှ ဘက်ထရီဟွန်းကို ခပ်ဆတ်ဆတ်နှစ်ချက်ဆင့် နှိပ်၍ အချက်ပေးလိုက်သံက ထွက်ပေါ်လာသည်။ ချက်ချင်းပင် အော်စတင်ကားထဲတွင် ဘယ်တုန်းက ရောက်နေမှန်းမသိသည့်လူ က ခေါင်းထောင်ပြလိုက်ကာ ကားပြာဆီသို့ ပြတင်းပေါက်မှ ခေါင်း ပြူပြီး လည်ပြန်ကြည့်လိုက်သည်။ ကားပြာထဲမှလူက လက်ယမ်း အချက်ပြလိုက်ပြန်ရာ ကားနက်ကလေးထဲမှ လူက ခေါင်းပြန်ရှော် လိုက်၏။

ချက်ချင်းပင် အော်စတင်ကားနက်ကလေး၏ စက်သည် ဂူးခနဲ နိုးလာတော့သည်။ တင်မောင်ဆွေကလည်း ကသောကမျော နှင့်ဆိုင်ထဲမှ လမ်းပေါ်သို့ ပြေးထွက်လိုက်သည်။

ထိုအချိန်တွင် ကားပြာကလေးသည် ဦးတည်ရာဘက်သို့





အရှိန်ယူ၍ ထွက်စပြုနေပေပြီ။

'တင်နန်းသီ၊ မောင်ညွန့်မောင်၊ ဘေးဖယ်ပြီး ဝပ်နေကြ'

တင်မောင်ဆွေက လျှို့ဂါသေနတ်ကို ဆွဲထုတ်လိုက်ရာက လျှောက်လာနေကြသော တင်နန်းသီတို့ထံ လှမ်းအော်သတိပေးလိုက် သည်။ အော်စတင်ကားနက်ကလေးသည် သူတို့ကို ဝီးခနဲကျော် ဖြတ်လိုက်သည်။

မောင်ညွန့်မောင်က ငေးကြောင်နေသော တင်နန်းသီအား လမ်းဘေးသို့ သွက်လက်စွာဆွဲချလိုက်ကာ မြေကြီးပေါ်သို့ လှဲဝပ်ချ လိုက်သည်။ တင်မောင်ဆွေကတော့ လမ်းလယ်တွင် ဒူးထောက်ကာ ထိုက်တစ်ရာကျော် ကွာဝေးသွားပြီး အပြင်းမောင်းနှင်သွားသော ကားဆီသို့ လက်ကိုဆန့်သေနတ်ကိုချိန်ပြီး သေနတ်မောင်းခလုတ် ကို လက်ညှိုးဖြင့် အသာကွေးညှစ်ချလိုက်သည်။

ဒိုင်းခနဲ သေနတ်သံသည် လမ်းတစ်လမ်းလုံးကို ယောက် ယက်ခတ်ဖြစ်သွားစေသည်။ အော်စတင်ကားကတော့ လမ်းချိုးတွင် ကျွီခနဲမြည်အောင် ချိုးကွေ့ကာ မြင်ကွင်းမှ ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ထိုစဉ်မှာပင် ကားပြာကြီးကလည်း စက်နှိုးလာကာ သူ့ထံ သို့ ဦးတည်လျက် တည့်မတ်စွာမောင်းချလာသည်ကို တင်မောင်ဆွေ က တွေ့လာရသည်။ ကားမောင်းလာသူ၏ ညိုမည်းသောမျက်နှာ ကြီးကို သူက ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။

တင်မောင်ဆွေက လက်ထဲမှသေနတ်ကို အသုံးပြုချိန်မရ တော့။ သူ့ထံသို့ လျင်မြန်သောအဟုန်ဖြင့် တရှိန်ထိုးမောင်းချလာ နေသော ကားကို လွတ်အောင်ရှောင်ဖို့သာ ကြိုးစားနေရတော့သည်။

www.burmeseclassic.com



တင်မောင်ဆွေသည် ဒူးထောက်နေရာမှပင် လမ်းဘေးသို့ကိုယ်ကို တဟုန်ထိုး ထိုးချလိုက်ရသည်။

သို့တိုင်အောင် ကားကိုတော့ သူက လုံးဝလွတ်အောင် မရှောင်နိုင်။ ကားရှေ့ ဘန်ပါတစ်ဖက်က သူ့ပေါင်တစ်ဖက်ကို ရှပ်၍ ပွတ်တိုက်မိသွားရာ တင်မောင်ဆွေမှာ လမ်းဘေးသို့ ဒလိမ့်ခေါက်ကွေးနှင့် လွင့်စင်ကျသွားပြီး ရပ်ထားသောလော်ရီကားကြီးအောက်သို့ အရှိန်လွန်ဝင်သွားတော့သည်။ သူ့ညာလက်သည် လော်ရီကားဘီးနှင့်ရိုက်မိကာ လက်ထဲမှသေနတ်လည်း လွတ်ကျသွားတော့၏။

ကားပြာကြီးကတော့ လမ်းထိပ်သို့ရောက်လျှင် အနောက်ဘက်သို့ကွေ့လျက် တရှိန်ထိုးဆက်မောင်းသွားလေပြီ။

တင်မောင်ဆွေသည် လော်ရီကားကြီးအောက်တွင် မလှုပ်မယှက်ဖြစ်နေသည်။ တကယ်တော့ သူသည် အသက်ရှူမှားကာ ခေတ္တမျှ မရှုနိုင်မကယ်နိုင်ဖြစ်နေခြင်းပင်။ ခေတ္တကြာမှ သူ့ခြေလက်များကို စမ်းလှုပ်ကြည့်ရာ မည်သို့မျှနာကျင်လှုပ်ရှားမှုမရှိသည်ကို တွေ့လိုက်ရသည်။ ထိုအခါမှ လော်ရီကားအောက်မှ တွားထွက်လာ၍ လမ်းဘေးတွင် ထိုးကျနေသော သေနတ်ကို ပြန်ကောက်လိုက်၏။

တင်နန်းသီနှင့်မောင်ညွန့်မောင်တို့က သူ့ဆီသို့ အပြေးအလွှားရောက်လာကြသည်။

'အစ်ကိုကြီး... အစ်ကိုကြီး... ဘာဖြစ်သွားသေးသလဲ ဟင်'

'ဘာမှမဖြစ်ပါဘူးကွယ်...'

တင်မောင်ဆွေက သူ့ကိုယ်တွင်ပေနေသော ဖုန်တွေကို ခါပစ်ရင်းက တောက်တစ်ချက်ခေါက်လိုက်သည်။





'ကျုပ်ဟာ တော်တော်ချာသေးတာပဲဗျာ။ ကားနံပါတ်ကိုတောင် မှတ်မထားလိုက်မိဘူး'

သူတို့ ပတ်ပတ်လည်တွင် အရပ်ကလူတွေက ဝိုင်းအုံစပြုလာကြသည်။ တစ်ယောက်တစ်ပေါက် မေးကြမြန်းကြ ထင်မြင်ချက်ပေးကြလုပ်နေကာ တင်မောင်ဆွေအား စိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြသည်။

မကြာမီ ရဲတပ်ကြပ်ကြီးတစ်ယောက်က မော်တော်ဆိုင်ကယ်တဖုတ်ဖုတ်ဖြင့် ပေါက်ချလာတော့သည်။ ၎င်းက လူအုပ်ကြီးထဲသို့ အတင်း တိုးဝင်လာကြသည်။

'ကဲ... ဘယ်လိုဖြစ်ကြတာလဲ။ ခင်ဗျားကသေနတ်နဲ့ ပစ်တယ်ဆို၊ ခင်ဗျားမှာ သေနတ်ကိုင်ခွင့်ရှိသလား'

ရဲတပ်ကြပ်ကြီးက နောက်ထပ်ဘာမှမပြောနိုင်ခင် ယခင်ချုပ် ယခုညွှန်ကြားရေးမှူးချုပ်ရုံးက ထုတ်ပေးထားသော အထူးစုံထောက်လိုင်စင်ကို တင်မောင်ဆွေက ထုတ်ပြလိုက်သည်။

'ကျုပ်တို့ အထူးထောက်လှမ်းရေးနဲ့ ရဲဘက်ပူးပေါင်းပြီး လိုက်နေတဲ့ အမှုတစ်ခုပဲရဲကြပ်ကြီး၊ ဒီအမှုအကြောင်းကို လမ်းပေါ်မှာပြောပြလို့ မကောင်းဘူး'

'ဒီလိုဆိုလည်း ခင်ဗျား ကျွန်တော်နဲ့ရဲတပ်စခန်းကို ခဏလိုက်ခဲ့ပါ။ ဟိုကျတော့ ကျွန်တော်တို့ရဲ့ လုံခြုံရေးမှူးကိုရှင်းပြပေါ့'

'ကျုပ်က လူတစ်ယောက် ကားခိုးပြေးလို့ ပစ်ဖမ်းတာ။ ဒါပေမဲ့ ရိုးရိုးကားခိုးမှုတော့ မဟုတ်ဘူး။ ခိုးသွားတဲ့ကားက ကျုပ်လိုက်နေတဲ့အမှုအတွက် သိပ်အရေးကြီးတာ၊ ချက်ချင်းလိုက်ရှာဖို့ အရေးကြီးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကားက ခင်ဗျားကားလား'

'မဟုတ်ဘူး ဟောဒီအမျိုးသမီးရဲ့ကား'

'ဒီလိုဆို သူပါ ဌာနကို လိုက်ခဲ့ပါ။ ဟိုကျတော့ ကျွန်တော်တို့ လုံခြုံရေးမှူးနဲ့တိုင်ပင်ပြီး စီစဉ်ကြတာပေါ့'

ရဲတပ်ကြပ်ကြီးက ဆိုက်ကားတစ်စင်းကို လှမ်းခေါ်ကာ တင်နန်းသီနှင့်မောင်ညွန့်မောင်တို့ကို ဆိုက်ကားပေါ်သို့ အတက်ခိုင်းလိုက်သည်။ တင်မောင်ဆွေကိုတော့ သူ့ဆိုင်ကယ်နောက်ဘက်တွင် တက်ခိုင်းကာ တစုတဝေးတည်း ပြည်သူ့ရဲတပ်စခန်းသို့ ထွက်ခဲ့ကြလေ၏။

စခန်းမှူးသည် တင်မောင်ဆွေ့အကြောင်း သိထားပြီးသူ ဖြစ်နေသည်။

'ခင်ဗျားဟာ ဟိုတလောက ကျွန်တော်တို့ရဲ့ ကိုစိန်းမောင်ကြီးကို ရွှေမြိုင်ရိပ်သာမှာ အစောင့်ခိုင်းထားပြီး ပြတင်းပေါက်ကဆင်းပြေးသွားတဲ့လူမဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်တို့ ကိစ္စကို ကိုစိန်းမောင် ကောင်းကောင်းသိပါတယ် မိတ်ဆွေ၊ အခု အခိုးခံရတဲ့ကားကို အမြန်ဆုံးလိုက်ရှာဖို့ အရေးကြီးတယ်ဗျ'

'အဲဒီကားက ဘာများဒါလောက်တောင် အရေးကြီးနေတာလဲ ကိုတင်မောင်ဆွေ'

'ရန်ကုန်မှာ အသတ်ခံရတဲ့ လူတစ်ယောက်က အဖိုးတန်တဲ့ ပစ္စည်းတစ်ခုခုကို ကားထဲမှာဝှက်ထားခဲ့တာနဲ့ တူတယ်။ ဒါကြောင့် ဒီကောင်တွေကားကို အရရိုးသွားကြတာပေါ့'

'ဒီကားကို ရှာတွေ့ရင် ကားနဲ့တွေ့ရတဲ့လူကို တစ်ခါတည်း





ဖမ်းထားလိုက်ရမယ်ပေါ့'

တင်မောင်ဆွေက ခပ်သွက်သွက်ပင် ခေါင်းယမ်းပြလိုက်သည်။

'မဖမ်းသေးပါဘူး မိတ်ဆွေ၊ သူတို့ ဘယ်သွားပြီး ဘာလုပ်တယ်ဆိုတာကိုသာ ကျွန်တော်တို့သိချင်တယ်'

ရဲတပ်စခန်းမှူးလည်း သူ့ရဲတပ်စခန်းမှ ရဲသားအချို့နှင့် ရဲတပ်ကြပ်ကြီးတစ်ယောက်တို့ကို တင်နန်းသီ၏ကားကို အမြန်ဆုံးလိုက်၍ ခြေရာခံစုံစမ်းဖို့ တာဝန်ပေးလိုက်သည်။ သူကိုယ်တိုင်ကလည်း တယ်လီဖုန်းဖြင့် မြို့အဝင်အထွက်ကားလမ်းများတွင် စောင့်နေသော ရဲကင်းစခန်းများသို့ တင်နန်းသီ၏ကားအမျိုးအစားနှင့် နံပါတ်ကို ပြောပြကာ၊ ထိုကားကို စောင့်ကြည့်ရန် ညွှန်ကြားလိုက်သည်။

တင်နန်းသီက တင်မောင်ဆွေအား စိတ်ရှုပ်ထွေးသော အမူအရာကလေးဖြင့် လှမ်းကြည့်လိုက်သည်။

'ကျွန်မတို့ အခု ဘာလုပ်ကြရမှာလဲ အစ်ကိုကြီး'

'အခြေအနေကို ထိုင်စောင့်နေရဖို့ပဲ ရှိတော့တာပေါ့။ တင်နန်းသီအိမ်ပြန်ချင်လည်း ပြန်လေ။ ကျုပ်ပါလိုက်ခဲ့မယ်။ အိမ်ထဲမှာ သူတို့ဝင်ရှာကြတုန်းက သဲလွန်စတစ်ခုခုတလေ ကျန်ရစ်ရင် ကျန်ရစ်မှာ'

'ဒီလိုဆို ကျွန်တော်တော့ မလိုက်တော့ဘူးဗျာ၊ ပြန်တော့မယ်'

ထိုင်စောင့်နေသော မောင်ညွန့်မောင်က ပြောလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေနှင့်တင်နန်းသီတို့သည် မောင်ညွန့်မောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲလိုက်ကြပြီးနောက် တင်နန်းသီအိမ်သို့ ခရီးဆက်ခဲ့ကြပြန်သည်။

တင်နန်းသီက သူမ၏တိုက်ပုကလေးမှ တံခါးမကြီးကို သော့ဖွင့်နေစဉ် မဲ့ပြုံးကလေးပြုံးလိုက်ရသည်။

'ကျွန်မအနေနဲ့ တံခါးကို ဘာလို့များဒုက္ခရှာပြီး သော့ခတ်နေသေးသလဲ မပြောတတ်တော့ပါဘူး အစ်ကိုကြီးရယ်။ သော့ခတ်ထားလည်း လူတွေက ဝင်ချင်သလို ဝင်နေကြတာပဲ'

'အင်း… တင်နန်းသီပြောလည်း ပြောချင်စရာပဲလေး ကဲ… ဝင်ကြည့်ရအောင်၊ ဘာပစ္စည်းများ ပျောက်နေသလဲဆိုတာကို သေသေချာချာပြန်ပြီး ချက်ကင်လုပ်ကြည့်စမ်းပါဦး ဟုတ်လား'

တိုက်ပုကလေးအတွင်းဝယ် တစ်စုံတစ်ယောက်က ဝင်ရောက်မွှေနှောက်သွားခဲ့သည်မှာ ထင်ရှားနေသည်။ နံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံများ ရုပ်ပုံများကိုပင်ဖြုတ်ကာ ဘောင်တွေကို ချွတ်၍ သေသေချာချာ ရှာဖွေခဲ့ကြသည်။ ဧည့်ခန်းထဲမှဆိုဖာကြီးကိုမှူ ဖုံးထားသောအဝတ်ကို ဓားနှင့်ခွဲထားကြသည်။ ထို့အတူ အိပ်ခန်းထဲမှ မွေ့ရာကြီးများ၊ ခေါင်းအုံးကြီးများကိုလည်း ဓားနှင့်ထိုးဖောက်မွှေနှောက်ထားခဲ့ကြသည်။

စားပွဲအံဆွဲများမှာ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေကြ၏။ မီးဖိုခန်းထဲမှ ကြောင်အိမ်နှင့်မီးဖိုပါမကျန် အရှာခံခဲ့သည်ကို တင်မောင်ဆွေက တွေ့ရသည်။

တင်မောင်ဆွေက တစ်ခန်းပြီးတစ်ခန်း ဝင်ကြည့်ရာ တင်နန်းသီက ဖြူရော်သောမျက်နှာကလေးဖြင့် သူ့နောက်မှလိုက်ပါလာကာ ဖရိုဖရဲဖြစ်နေသော ပစ္စည်းများကိုကြည့်ပြီး ခေါင်းကလေး





တယမ်းယမ်းဖြစ်နေသည်။

ဧည့်ခန်းထဲသို့ ပြန်ရောက်လျှင် တင်မောင်ဆွေက ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကာ တင်နန်းသီအား မော့ကြည့်လိုက်သည်။

'ကဲ… ဘယ့်နှယ်လဲ တင်နန်းသီ၊ ဘာတွေပျောက်နေသလဲ'

တင်နန်းသီက ခေါင်းကလေးကို ယမ်းခါလိုက်သည်။

'ကျွန်မသိသလောက်တော့ ဘာပစ္စည်းမှ မပျောက်ပါဘူး အစ်ကိုကြီးရယ်…'

'သူတို့ရှာတဲ့ပစ္စည်းဟာ ခပ်ငယ်ငယ်ခပ်ပြားပြားပဲ ဖြစ်ရမယ်။ ဓာတ်ပုံကျောဘက်မှာပဲဖြစ်ဖြစ်၊ ဆိုဖာထဲမှာပဲဖြစ်ဖြစ်၊ ထည့်ဝှက်ထားနိုင်တဲ့ ပစ္စည်းမျိုးပေါ့လေ'

တင်နန်းသီက စိတ်ရှုပ်ထွေးနားမလည်သော အမူအရာကလေးဖြင့် တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ကျွန်မတော့ နားမလည်တော့ပါဘူး အစ်ကိုကြီးရယ်… အခုတစ်ခါ သူတို့က ဘာလို့ထပ်လာရှာကြပြန်တာလဲ။ အရင်တစ်ခေါက်က သူတို့ဝင်ရှာလို့ သူတို့လိုချင်တာကို ရသွားကြပြီမဟုတ်လား'

'အရင်တစ်ခေါက်က သူတို့ဘဏ်တိုက် လုံခြုံရေးသေတ္တာ သော့ရသွားတော့ သူတို့လိုချင်တာရပြီလို့ ထင်ခဲ့ကြပါလိမ့်မယ်။ ဒါပေမဲ့ ဘဏ်တိုက်က လုံခြုံရေးသေတ္တာထဲမှာ သူတို့လိုချင်တာ တွေ့ခဲ့ဘူးနဲ့တူတာပဲ'

တင်နန်းသီက တင်မောင်ဆွေ၏ခြေရင်းတွင် ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ လတ်တလေးနှစ်ဖက်ကို ပိုက်လျက် မော့ကြည့်လိုက်သည်။

'အစ်ကိုကြီး၊ ကျွန်မဟာ သူ့ရဲ့ဘောကြောင်တတ်တဲ့ မိန်းကလေးတစ်ယောက်တော့ မဟုတ်ဘူး။ ဒါပေမဲ့ အခုကိစ္စမှာတော့ ကျွန်မဟာ ဘုမသိဘမသိနဲ့ အရှောင်ကြားက ဒုက္ခရောက်ရမှာကို သိပ်ကြောက်မိတာပဲ။ ကျွန်မ တစ်ခါမှမတွေ့ဘူးတဲ့လူတွေက ကျွန်မကို အခုလိုလိုက်နှောင့်ယှက်နေတာဟာ တွေးကြည့်တော့ တကယ်ကြောက်စရာကောင်းတာပဲ။ ဒီလို အဖြစ်မျိုးတွေဟာ ဝတ္ထုစာအုပ်တွေထဲမှာသာ ဖြစ်တတ်တယ်လို့ ထင်နေမိဟာ'

တင်မောင်ဆွေက ကရုဏာသက်စွာ တင်နန်းသီအား စိုက်ကြည့်မိသည်။ သူမစိတ်ထဲ ဘယ်လိုခံစားနေရမည်ကို သူက ကိုယ်ချင်းစာလျက် နားလည်မိသည်။ သူက သူမ၏လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ သူမ၏မျက်လုံးများထဲသို့ စူးစိုက်၍ ကြည့်လိုက်၏။

'ဒီမှာ တင်နန်းသီ၊ အစ်ကိုကြီးပြောတာကို နားထောင်စမ်း။ တင်နန်းသီမှာ အန္တရာယ်ရှိနေရင် အစ်ကိုကြီးက အစွမ်းကုန်ကာကွယ်ပေးမယ်။ သူတို့က တင်နန်းသီကို နောက်ထပ် ရန်မရှာနိုင်ရအောင် ရဲဘက်က တင်နန်းသီကိုအမြဲတမ်းစောင့်ကြည့်ပေးဖို့ကို အစ်ကိုကြီး စီစဉ်ပေးပါ့မယ်။ ဒါပေမဲ့ တင်နန်းသီကို သူတို့ကဆက်ပြီး နှောင့်ယှက်တော့မယ်လို့ အစ်ကိုကြီးသိပ်မထင်ပါဘူး။ အခု တင်နန်းသီရဲ့ကားကို သူတို့ခိုးပြေးကြတာ သူတို့လိုချင်တာရသွားကြပြီလို့ ထင်တယ်။ ဒီအတိုင်းဆိုရင်တော့ သူတို့က တင်နန်းသီကို ဆက်ပြီးနှောင့်ယှက်စရာအကြောင်းက မရှိတော့ပါဘူး'

တင်မောင်ဆွေ၏စကားများတွင် တင်နန်းသီသည် တော်တော်ကြီး စိတ်နှစ်သိမ့်မှုရသွားပုံရသည်။ သူမ၏ညှိုးငယ်နေသော မျက်နှာကလေးသည် ပြန်၍ ကြည်လင်လန်းဆန်းလာ၏။





တင်မောင်ဆွေက လက်ပတ်နာရီကိုကြည့်ကာ ထိုင်ရာမှ ထလိုက်သည်။

'ကဲ··· အစ်ကိုကြီးတော့ မြို့ထဲကို ပြန်လိုက်ဦးမယ်။ တင်နန်းသီကို ရဲအကာအကွယ်ပေးဖို့ သွားစီစဉ်မယ်လေ'

တင်နန်းသီကလည်း ကပျာကယာထိုင်ရာမှ ထလိုက်သည်။

'ဒီလိုဆို ကျွန်မလည်း လိုက်ခဲ့မယ်လေ'

'လိုက်မနေပါနဲ့တော့ကွယ်။ အစ်ကိုကြီး သွားစရာ၊ လုပ်စရာတွေအများကြီးရှိနေတယ်။ တင်နန်းသီတစ်ယောက်တည်း မနေရဲရင် ကိုသန်းရှိန်ဆိုင်မှာသွားနေပေါ့ ဟုတ်လား။ အဲဒီအထိ အစ်ကိုကြီး လိုက်ပို့ပေးမယ်လေ'

တင်နန်းသီအား တင်မောင်ဆွေက ကိုသန်းရှိန်၏ဆိုင်တွင် အားပစ်ခဲ့ပြီးနောက်၊ ခုနက ရဲစခန်းသို့ခရီးဆက်ခဲ့ပြန်သည်။ စခန်းမှူးကို မတွေ့ရသော်လည်း ဒုလုံခြုံရေးမှူးတစ်ယောက်က တင်မောင်ဆွေသိလိုသည့် အကြောင်းအရာကို ပြောပြနိုင်သည်။

'ခိုးပြေးသွားတဲ့ ကားကို ခင်ဗျားတို့ဒီကထွက်ခွာပြီး မိနစ်အနည်းငယ်အကြာမှာ သံဖြူဇရပ်ကတာဝန်နဲ့ ပြန်လာတဲ့ဒုလုံခြုံရေးမှူးတစ်ယောက်က တွေ့လိုက်ရတယ်။ သူက မုဒုံကိုမော်တော်ဆိုင်ကယ်နဲ့ပြန်အလာ ကားကသံဖြူဇရပ်ကိုအသွား လမ်းမှာတိုးမိကြတာ။ ကားက သိပ်အရှိန်ပြင်းပြင်းကြီးမောင်းတဲ့အတွက် ဒုလုံခြုံရေးမှူးက ကားနံပါတ်ကိုမှတ်ထားလိုက်တယ်။ ဒီကားကိုခိုးပြေးသွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူက မုဒုံရောက်မှသိရတာပဲ'

တင်မောင်ဆွေမှာ တော်တော်ကို စိတ်အားထက်သန်လာ တော့သည်။

'အခု အဲဒီ ဒုလုံခြုံရေးမှူးက မုဒုံမှာ ရှိသေးသလားဗျ'

'ဟုတ်တယ်။ မုဒုံပြည်သူ့ရဲတပ်စခန်းမှာ သူရှိနေတယ် သူက အဲဒီကနေဖုန်းဆက်ပြီး သတင်းပို့တာပဲ၊ ကျုပ်တို့က ခင်ဗျား တို့ ကားအခိုးခံရတဲ့အကြောင်း သတင်းပို့ထားတာကို သူတို့ ရချင်းချင်း ဒီကားသံဖြူဇရပ်ဘက်ကို မောင်းပြေးတဲ့အကြောင်း ဖြ သတင်းပို့လိုက်တာပေါ့'

'ကျေးဇူးပါပဲဗျာ၊ ကျွန်တော် မုဒုံကို လိုက်သွားဦးမယ် ပြီးတော့ ကျွန်တော့်ကို ဟောဒီကိစ္စလေးလည်း စီစဉ်ပေးပါဦး ရုံထောက်လုံခြုံရေးမှူးကိုစိန်းမောင်ကလည်း ထောက်ခံပါလိမ့်မယ်'

တင်မောင်ဆွေက တင်နန်းသီအား ယခုရက်များအတော အတွင်း ရဲဘက်က ဂရုစိုက်စောင့်ကြည့် အကာအကွယ်ပေး ဒုလုံခြုံရေးမှူးများအား မေတ္တာရပ်ခံရာ၊ ၎င်းက စခန်းမှူးနှင့်တိုင် ပြီး ချက်ချင်းစီစဉ်ပေးပါမည်ဟု ကတိပေးလိုက်လေ၏။

တင်မောင်ဆွေလည်း တော်တော်စိတ်သက်သာရာရသွား ကာ ကိုကျင်ဟုတ်ဆီသို့ ပြေးခဲ့ရပြန်သည်။ ၎င်းအား အကျိ အကြောင်း ပြောပြလျက် ၎င်း၏လင်းရိဗာကားကိုဆွဲကာ မုဒုံသို့ ဆက်ခဲ့ပြန်လေသည်။

တင်နန်းသီ၏ကားကို ခိုးပြေးကြသူများသည် အသေ ကြောင့် သံဖြူဇရပ်ဘက်သို့ သွားလေသနည်း။ သံဖြူဇရပ်ကို ကျော် လွန်ကာ သူတို့သည် ရေးသို့အထိများ ဆက်သွားလေမည်လား





ထိုဘက်တွင် သူပုန်များ၏ပိုင်နယ်နေရာများက ရှိနေသည်။ ၎င်းတို့ သည် ထိုနေရာတွင်များ ခိုအောင်းနေကြလေသလား။

ဘာပဲဖြစ်ဖြစ် သူ့အနေနှင့်တော့ သူပုန်နယ်ထဲသို့ လိုက်မည် ဆိုပါကလည်း စွန့်စား၍ လိုက်ရမည်သာဖြစ်ပေတော့သည်။

မုဒုံရဲစခန်းသို့ရောက်လျှင် အသက်၂၀-ကျော်အရွယ်မျှသာ ရှိဦးမည့် လူငယ်ဒုလုံခြုံရေးမှူးကလေးက တင်မောင်ဆွေအား ဆီး၍ ကြိုဆိုလိုက်သည်။

'ရန်ကုန်က အထူးစုံထောက် ကိုတင်မောင်ဆွေဆိုတာ အစ်ကိုကြီးပဲလား...'

'ဟုတ်ပါတယ်၊ ခင်ဗျားတွေ့လိုက်ရတဲ့ကားကို ဆက်ခြေ ရာခံဖို့လိုက်လာတာပဲ'

'အေးဗျာ၊ ကျွန်တော် သံဖြူဇရပ်က ထွက်အလာငါးမိုင် လောက်အရောက်မှာ ဒီကားနဲ့ပက်ပင်းတိုးမိတာပဲဗျ။ ကားကို အရမ်း မောင်းချလာလို့ ကျွန်တော်က ကားနံပါတ်မှတ်ထားလိုက်တာ ဒီကျ တော့ ဒီကားကိုခိုးသွားကြောင်း မော်လမြိုင်က သတင်းပို့ထားတာ ကိုတွေ့ရတာပဲ။ ကျွန်တော်လည်း ချက်ချင်းပဲ သံဖြူဇရပ်ရဲကင်းစခန်း ကို ဖုန်းနဲ့သတင်းပို့လိုက်တယ်။ ဒီကားကိုတွေ့ရင် မဖမ်းဘဲ၊ ဘယ် ကိုသွားတယ်ဆိုတာသာ လိုက်ကြည့်ရမယ်လို့ မော်လမြိုင်က ညွှန် ထားတယ်၊ ဟုတ်သလားဗျ'

ဒုလုံခြုံရေးမှူးကလေးက စိတ်ဝင်စားစွာ မေးလိုက်ရာ တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်သည်။

'ဒီကိစ္စက ကားခိုးမှုရိုးရိုးမဟုတ်ဘူးဗျ။ ကျွန်တော်လိုက်နေ တဲ့ လူသတ်မှု၊ ငွေခိုးမှုကိစ္စကြီးနဲ့ ပတ်သက်နေတယ်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကားခိုးပြေးတဲ့အကောင်ကိုမိဖို့ထက်၊ ဒီကောင်ဟာ ကားကိုဘာကြောင့် ခိုးရတယ်ဆိုတာကို သိရဖို့က ပိုအရေးကြီးနေပါတယ်။ ဒါပေမဲ့ အခုအခါကတော့ ကားကိုခြေရာခံမိဖို့ပဲပေါ့ဗျာ။ သံဖြူဇရပ်ရဲ့စခန်းက ဘာများသတင်းပို့သေးသလဲဗျ'

'သူတို့ ကားအကြောင်းကို မြို့ထဲမှာ လိုက်စုံစမ်းနေကြတယ်။ ဘတ်စ်ကားဆိပ်မှာ ဒီကားကိုတွေ့လိုက် သတိပြုမိလိုက်တဲ့လူတွေတော့ရှိမှာပဲ။ သူတို့ဆီက သတင်းပို့ချက်ကို ကျွန်တော်စောင့်နေတာပဲဗျ'

တင်မောင်ဆွေက စီးကရက်ဘူးကိုထုတ်လျက် ဒုလုံခြုံရေးမှူးလူရွယ်အား တစ်လိပ်ပေးကာ သူကိုယ်တိုင်လည်း တစ်လိပ်မီးညှိလိုက်သည်။

'ကျွန်တော်တို့ရှာရမှာက လူသုံးယောက်နဲ့ မိန်းမတစ်ယောက်ပဲဗျ။ မိန်းမတစ်ယောက်ပါတာကတော့ သေချာပါတယ်။ သူ့နာမည်က မာရီချို့တဲ့။ တရုတ်ကပြားတစ်ယောက်ပဲ။ သူနဲ့အတူပါနေမယ့် လူသုံးယောက်ကတော့ ကုလားနှစ်ယောက်နဲ့ အင်္ဂလိပ်ကပြားတစ်ယောက်ပဲ'

'မာရီချို့တဲ့ ဟုတ်လား'

'ဟုတ်တယ်၊ အခုတော့ သူက နာမည်ပြောင်းချင်ပြောင်းထားမှာပေါ့လေ၊ ဟောဒီမှာ သူ့ဓာတ်ပုံ'

တင်မောင်ဆွေက သူ့အိတ်ကပ်ထဲတွင် ဆောင်ထားသော မာရီချို၏ဓာတ်ပုံကို ထုတ်ပြလိုက်သည်။ ဒုလုံခြုံရေးမှူးက ဓာတ်ပုံကို သေသေချာချာကြည့်ကာ ခေါင်းကိုဖြည်းညင်းစွာ ယမ်းခါလိုက်သည်။





'တော်တော်ချောတဲ့အမျိုးသမီးတစ်ယောက်ပဲ။ သူ့ကို ဒီမှာ ကျွန်တော်တွေ့ဖူးရင်တော့ မှတ်မိရမှာပဲ'

တင်မောင်ဆွေသည် သံဖြူဇရပ်ရဲစခန်းမှ သတင်းပို့ချက် လာလိုလာငြား စောင့်နေလိုက်သည်။ သို့ရာတွင် နာရီဝက်ကြာသွားသည့်အခါ၌ သူက စိတ်မရှည်နိုင်တော့ဘဲ ထိုင်ရာမှထလိုက်သည်။

'ကျွန်တော်ကိုယ်တိုင် သံဖြူဇရပ်ကိုလိုက်ပြီး စုံစမ်းလိုက်ဦးမယ်ဗျာ။ သံဖြူဇရပ် ရဲစခန်းကို ကျွန်တော်လာမယ့်အကြောင်း ခင်ဗျားက ကျေးဇူးပြုပြီး သတင်းပို့ပေးပါဗျာ ဟုတ်လား'

'စိတ်ချပါ ကိုတင်မောင်ဆွေ၊ ကျွန်တော်လည်း ဒီမှာ ခင်ဗျားပြောတဲ့ မာရီချို့နဲ့ကုလားသုံးယောက် ရှိမရှိသေသေချာချာ လိုက်စုံစမ်းကြည့်လိုက်ပါဦးမယ်'

'ကျေးဇူးပါပဲ၊ အကြောင်းထူးခြားရင် မော်လမြိုင်မှုခင်းစုံစမ်းရေးဘက်က လုံခြုံရေးမှူးကိုစိန်းမောင်ဆီနဲ့ သံဖြူဇရပ်ရဲကင်းစခန်းကတဆင့်၊ ကျွန်တော့်ဆီကို အကြောင်းကြားပေးပါဗျာ ဟုတ်လား...'

တင်မောင်ဆွေက ဒုလုံခြုံရေးမှူးလူရွယ်အား မှာကြားခဲ့ပြီးနောက်၊ ကိုကျော်ဟုတ်၏လင်းရိုဗာကားနှင့်ပင် မုဒုံမှသံဖြူဇရပ်သို့ ခရီးဆက်ခဲ့ပြန်တော့သည်။

သံဖြူဇရပ်သို့ရောက်လျှင် နေ့လည်၁-နာရီကျော်နေပြီ ဖြစ်သည်။ နံနက်က မိုးအုံ့နေသော်လည်း ယခုသံဖြူဇရပ်တွင်တော့ ထူးခြားစွာ နေကခပ်ကျဲကျဲကြီးပူနေသည်။

တင်မောင်ဆွေသည် ကားကို ဘတ်စ်ကားဆိပ်အနီးမှ သစ်ပင်ရိပ်တစ်ရိပ်အောက်တွင် သော့ခတ်ရပ်ခဲ့ကာ ဆိုင်တန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိရာဘက်သို့ လျှောက်ခဲ့သည်။ နေ့လည်ခင်းဖြစ်၍ ဆိုင်တန်း
တစ်လျှောက်ဝယ် ခေါက်ဆွဲဆိုင်တစ်ခုကို တွေ့ရလျှင် အထဲသို့ဝင်
ထမင်းကြော် တစ်ပန်းကန်နှင့် ၁၂မျိုးဟင်းချိုတစ်ပွဲမှာကာ ဝမ်းဖြ
ရသည်။

ခေါက်ဆွဲဆိုင်ရှင် တရုတ်ကြီးအား မာရီချို၏ဓာတ်ပုံ
ထုတ်ပြလျက် ဤမိန်းမအား တွေ့ဖူးသလားဟု တင်မောင်ဆွေ
မေးကြည့်လိုက်သေးသည်။ တရုတ်ကြီးက ဓာတ်ပုံကိုအသေအ
ကြည့်ကာ ခေါင်းကို ယမ်းခါပြလိုက်၏။

ဝမ်းပြည့်သွားလျှင် တင်မောင်ဆွေက ရဲစခန်းသို့သတင်း
ပေးဦးမှပဲဟု ရဲကင်းစခန်းရှိရာကိုမေးလျက် ထွက်ခဲ့ရပြန်သည်။

ရဲကင်းစခန်းမှူးက သူ့အား ဖော်ရွေစွာပင် ဆီး၍ ကြို
သည်။

"ကျွန်တော်တို့လည်း မုဒုံကသတင်းရရချင်း ဒီကား
လိုက်စုံစမ်းနေပါတယ်။ ကျွန်တော်က မြို့ထဲကို လူတွေတတ်
သလောက် ဖြန့်လွှတ်ထားပါတယ်။ ကားဆိပ်မှာလည်း လျှော
စုံစမ်းခိုင်းထားပါတယ်။ ကားကို သတိပြုလိုက်မိတဲ့လူတစ်ယော
ယောက်တော့ ရှိမှာပဲလို့မျှော်လင့်ရတာပဲ…"

တင်မောင်ဆွေက မာရီချို၏ဓာတ်ပုံကိုထုတ်ပြကာ
ဒုလုံခြုံရေးမှူးအား ပြောပြခဲ့သည့်အတိုင်း၊ ယခု ရဲစခန်းမှူး
ပြောပြလိုက်ရသည်။

"ဒီအမျိုးသမီးကို ဒီမြို့ထဲမှာ ကျွန်တော်တော့ သတိ
မိသေးဘူးဗျ"

စခန်းမှူးက မာရီချို၏ဓာတ်ပုံကို သေသေချာချာ





လိုက်ပြီးနောက် ပြောလိုက်ရာက ရုတ်တရက် တစ်စုံတစ်ခုကို သတိ
ရလာသည့်အလား လက်ဖျောက်တီးလိုက်သည်။

"နေဦးဗျို့၊ ကိုစိန်လှိုင်တစ်ယောက်တော့ သိမလားမသိဘူး။
သူက သတင်းထောက်လေ။ ဒီတစ်ပိုက်မှာတော့ တော်တော်နဲ့စပ်
တဲ့လူပေါ့"

ရဲစခန်းမှူးက ရဲသားတစ်ယောက်အား လှမ်းခေါ်ကာ
သတင်းထောက်ကိုစိန်လှိုင်အား ရှာဖွေလျက် အမြန်ဆုံးခေါ်လာရန်
ညွှန်ကြားလိုက်သည်။ တင်မောင်ဆွေက မျှော်လင့်ချက်တက်လာ
ခဲ့သည်။

မာရီချိုသည် ဤအရပ်သို့ရောက်နေသည်ဆိုလျှင် သူမလို
ဆွဲဆောင်မှုအပြည့်အဝရှိသည့် မိန်းမတစ်ယောက်အား သတိပြုမိ
သူတော့ ရှိရပေမည်။

ဆယ့်ငါးမိနစ်ခန့် စောင့်နေရပြီးနောက် လွှတ်လိုက်သော
ရဲသားသည် လူတစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။ ရဲသား
နှင့်ပါလာသူမှာ အသက်လေးဆယ်ခန့်ရှိပြီဟု ခန့်မှန်းရသည်။ တော်
တော်ဖျတ်လတ်၍ လူရည်လည်ပုံရသည်။

ရဲစခန်းမှူးက တင်မောင်ဆွေအား ၎င်းနှင့်မိတ်ဆက်ပေး
လိုက်သည်။

"ကိုစိန်လှိုင်၊ သူက ရန်ကုန်က အထူးတာဝန်တစ်ခုနဲ့ လိုက်
လာရတဲ့ စုံထောက်တစ်ယောက်ပဲ။ နာမည်ကတော့ တင်မောင်ဆွေ
တဲ့။ သူ့ကို ခင်ဗျားက အကူအညီပေးနိုင်လိမ့်မယ် ထင်တယ်"

"စုံထောက် တင်မောင်ဆွေဆိုတာ ကျွန်တော်သတင်း
ကောင်း ကြားဖူးတာပေါ့ဗျာ။ ခင်ဗျားကို ကျွန်တော်က ကူညီနိုင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကျွန်တော့်အတွက် ဂုဏ်တစ်ရပ်ပဲပေါ့။ ဆိုစမ်းပါဦး ကျွန်… က ဘယ်လိုကူညီနိုင်မှာလဲဗျ'

တင်မောင်ဆွေက မာရီချို၏ဓာတ်ပုံကို ထုတ်ပြလိုက်… သည်။

'ဒီအမျိုးသမီးကို ကျွန်တော်အလိုရှိနေတယ်ဗျ။ သူ… ဒီအရပ်မှာရောက်နေတယ်လို့ ယူဆရတယ်။ အဲဒါ ခင်ဗျား… သူ့ကိုသတိပြုမိသလားဗျာ။ သူရောက်လာတာ ကြာဦးမှာ… မဟုတ်သေးဘူး။ ရက်ပိုင်းလောက်ပဲရှိဦးမယ်'

ကိုစိန်လှိုင်က ကျွဲကော်မျက်မှန်တစ်လက်ကို ထုတ်… ကာ ဓာတ်ပုံကို အသေအချာ ကြည့်လိုက်သည်။ ပြီးလျှင် တင်… ဆွေအား ဆတ်ခနဲ မော့ကြည့်လျက် အားရပါးရပြုံးလိုက်သည်…

'ဟာ… ဒီအမျိုးသမီးကို ကျွန်တော်မှတ်မိတယ်'

'ဟုတ်လား၊ ဘယ်တုန်းက တွေ့ဖူးတာလဲ၊ ဘယ်မှာ… ရတာလဲ'

တင်မောင်ဆွေသည် မျှော်လင့်ချက် ဟုန်းခနဲ တက်… ရာက စိတ်အားထက်သန်စွာ မေးလိုက်သည်။

'ခင်ဗျား သိပ်ကံကောင်းတာပဲ ကိုတင်မောင်ဆွေ၊ ဒီ… မနက်ကတင် ကျွန်တော်တွေ့ခဲ့ရတာဗျ။ ဒီအမျိုးသမီးက တော်… မှည့်တော့ ကျွန်တော်က သတိပြုလိုက်မိတာပေါ့'

'ပြောစမ်းပါဦး၊ သူ့ကိုခင်ဗျား ဘယ်မှာတွေ့ခဲ့ရတာ…

တင်မောင်ဆွေက စိတ်မရှည်နိုင်ဘဲ ခပ်လောလော… မေးလိုက်မိသည်။ ကိုစိန်လှိုင်က ဈေးကိုင်နေသည့်အလား သူ့အ… အိတ်ထဲက ဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်ကာ မီးညှိဖွာရှိုက်နေ…





…သည်။ ဆေးပေါ့လိပ်မီး ညီမညီကို သေချာစွာ ကြည့်ပြီးနောက်မှ …ားစလိုက်သည်။

'ဒီကနေ့မနက် ကျွန်တော် ကျိုက္ကမီကို ကိစ္စတစ်ခုရှိလို့ …ပြီးပြန်အလာမှာ တွေ့ရတာပဲ။ မနက်က ၁၁နာရီခွဲလောက်မှာ …တယ်။ စက်စဲကိုသွားတဲ့ လမ်းခွဲကိုလွန်လာပြီး မိုင်ဝက်လောက် …ပေါ့။ အဲဒီအမျိုးသမီးက လမ်းဘေးမှာ ဘီးပေါက်လို့ ဘီးလဲပြီး …တစ်စင်းပေါ်တက်သွားတာ တွေ့လိုက်ရတာပဲ။ အမျိုးသမီးက …တော်ပဲ ခေတ်ဆန်ဆန်ဝတ်ထားပြီး ရုပ်ကလည်းချော ကိုယ်လုံး …ယ်ပေါက်ကလည်းတောင့်တော့ ကျွန်တော် သတိထားပြီးကြည့် …မိပါတယ်။ ခင်ဗျားရဲ့ဓာတ်ပုံထဲက အမျိုးသမီးအစစ်ပါပဲဗျာ'

'ကားကကော ဘယ်လိုအမျိုးအစားလဲဗျ'

'ဆလွန်းကားပဲ၊ ကွန်ဆူလ်နဲ့တူတယ်'

'ကားအရောင်ကကောဗျာ'

'အပြာရင့်ရောင်ပဲဗျ၊ ဖုတ်တွေတက်နေတော့ တော်တော် …ဝေးလာခဲ့ရတာနဲ့ တူတယ်'

တင်မောင်ဆွေ၏ စိတ်အားထက်သန်မှုသည် တိုးတက်လာ …သည်။ တင်နန်းသီအား နောက်ယောင်ခံလိုက်ခဲ့သောကားသည် …ည်း အပြာရင့်ရောင် ဆလွန်းကားပင် ဖြစ်ခဲ့သည်။

သည်အတိုင်းဆိုပါက သူတွက်ခဲ့သည့်အတိုင်း တင်နန်းသီ… ကားကိုနိုးပြေးကြသူများသည် စူလတန်အာမက်တို့ လူသိုက် …တ်ဘဲ မာရီချိုနှင့်သူမ၏အပေါင်းအဖော် ကုလားသုံးယောက်တို့ … ဖြစ်နေပေတော့ပြီ။

'ကားပေါ်မှာ ဘယ်သူတွေပါသေးသလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ကုလားကပြား အင်ဂလိုလိုလူတစ်ယောက်ကိုတော့ ကျွန်တော်သတိပြုမိလိုက်ပါတယ် ကိုတင်မောင်ဆွေ'

သေချာသလောက်ရှိနေပေပြီ။ အင်ဂလိုကုလားကပြားသည် စက်ဘ်ပူသို့ အမေရိကန်ဒေါ်လာလေးသောင်းဖိုးတိတိ လာလဲခဲ့သော လူသုံးဦးထဲတွင် အပါအဝင်ဖြစ်သော ရစ်ချက်ဝက်ဘ်ဆိုသူဖြစ်နိုင်ပေသည်။

'အဲဒီ အနီးအနားတစ်ဝိုက်မှာ လူနေအိမ်ခြေများကော ရှိသလား ကိုစိန်လှိုင်...'

'နေဦးဗျ'

ကိုစိန်လှိုင်က နဖူးရေများတွန့်ကာ ခေတ္တမျှစဉ်းစားနေဝင်နေလိုက်သည်။

'အဲ... ဟုတ်ပြီ၊ ကားကိုကျွန်တော်တွေ့ခဲ့ရတဲ့ နေရာမရောက်ခင် သုံးဖာလုံလောက်မှာတော့ ရော်ဘာခြံတစ်ခြံရှိတယ်။ အဲဒီရော်ဘာခြံကို အရင်ကတော့ ကုလားသူဌေးတွေပိုင်ခဲ့တယ်။ ခုတော့ ဘာမှမလုပ်တော့ဘူး။ ရော်ဘာပင်တွေလည်း ပျက်စီးနေပါပြီ။ ဒါပေမဲ့ ခြံထဲမှာတော့ ကုလားသူဌေးနေသွားဖူးတဲ့ ဘန်ဂလိုဟောင်းတစ်ခုရှိတယ်။ အခု လူနေတယ် မနေတယ်ဆိုတာကိုတော့ ကျွန်တော်လည်း မပြောတတ်ဘူး'

ကိုစိန်လှိုင်ပြောပြနေသော နေရာသည် တကယ်တော့ ဇော်ချိုနှင့်သူမ၏အဖော်များ ခိုအောင်းထိုက်သော နေရာကောင်းတစ်ပင်ဖြစ်ချေသည်။ တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့။

'ကဲ... ကျွန်တော် အဲဒီကို လိုက်ကြည့်လိုက်ဦးမယ်ဗျာ'

တင်မောင်ဆွေလည်း ရဲစခန်းမှူးနှင့် ကိုစိန်လှိုင်အား နှုတ်





ဆက်ကာ သူ့ကားဆီသို့ သွက်လက်စွာ လျှောက်လာခဲ့လေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၁၃

ကိုစိန်လှိုင်ပြောပြလိုက်သော ရော်ဘာခြံကို စက်စဲလမ်းခွဲသို့မရောက်ခင် နှစ်ဖာလုံခန့်အလိုတွင် တင်မောင်ဆွေက အလွယ်တကူပင် ရှာတွေ့ရလေသည်။

ရော်ဘာခြံသည် ယခင်က တော်တော်ကြီးကျယ်ခဲ့မည်ဖြစ်ဟန်ရှိသော်လည်း ယခုတော့ ရော်ဘာပင်တွေမှာ ပြုစုပျိုးထောင်မှုမရှိတော့ဘဲ သည်အတိုင်းပစ်ထားခဲ့ခြင်း ဖြစ်ကြောင်းမှာ ထင်ရှားနေသည်။ ရော်ဘာပင်တွေကြားထဲတွင် ချုံနွယ်ပိတ်ပေါင်းတွေလည်း ထူထပ်စွာ ပေါက်ရောက်နေရာ တောကြီးသဖွယ်ဖြစ်နေတော့သည်။

ရော်ဘာခြံထဲသို့ အဝင်ဝကား ကားလမ်းမှအနောက်ဘက်သို့ ခွဲထွက်သည့်လှည်းလမ်းသာသာ မြေလမ်းကြမ်းတစ်ခု ဖြစ်နေသည်။ အဝင်ဝတွင် စိုက်ထူထားသော ဆိုင်းဘုတ်ကြီးကား ယခုတော့ ဘေးသို့ယိုင်လဲလျက် ပျက်စီးယိုယွင်းလျက် ရှိနေလေပြီ။ သံဆူးကြိုးခြံစည်းရိုး၏ အကြွင်းအကျန်အဖြစ်နှင့် သစ်ငုတ်တိုအချို့နှင့် သံချေးဘက်ပြတ်တောက်နေသော သံဆူးကြိုးခက် အခွေအချို့





သာ ကျန်ရှိနေတော့သည်။

တင်မောင်ဆွေသည် ကားကိုလမ်းဘေးတွင် ထိုးချရပ်ကာ တ်သတ်လိုက်သည်။ ပြီးနောက် ကားကို သော့ခတ်ကာ မြေလမ်းလေးအတိုင်း ခြေလျင်လျှောက်ဝင်ခဲ့သည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် လူတစ်ရပ်ကျော်ကျော်သော ချုံပုတ်တွေက အဆက်မပြတ်ထူထပ်စွာ ပေါက်နေသဖြင့် ားဘီကို ဘာမှမမြင်ရနိုင်ချေ။ ကိုက် ၂၀၀ခန့်လျှောက်မိတော့မှ ားက ချုံပုတ်တွေက ကျဲလာသည်။ လမ်းကွေ့ကလေးတစ်ခုကို ွေ့လိုက်မိသည့်အခါတွင်ကား ရော်ဘာပင်တွေရှင်းထားသော မြေကွက်လပ်တစ်ခုကို ရှေ့ကိုက်တစ်ရာအကွာခန့်တွင် တွေ့လိုက်ရ၏။

မြေကွက်လပ်မှာ ဧကဝက်ကျော်ကျော် ကျယ်ဝန်းပြီး ဆောက်အဦ သုံးခုရှိနေသည်။ တစ်ခုမှာ အုတ်ကြွပ်မိုး ပျဉ်ထောင်ခင်းဘန်ဂလိုဆန်ဆန် အိမ်တစ်ဆောင်ဖြစ်၏။ ထိုအိမ်၏ နောက်တွင် အစေခံတန်းလျားကရှိကာ ဘေးဘက်တွင်တော့ ကားရုံသော သွပ်မိုးသွပ်ကာရုံကလေးတစ်ခုကို တွေ့ရသည်။

တင်မောင်ဆွေရောက်နေသော နေရာမှဆိုလျှင် ဘန်ဂလိုကြီးကို ဘေးတိုက်မြင်နေရခြင်းဖြစ်သည်။

တင်မောင်ဆွေက ပထမ သူ့လျှို့ဝှက်သေနတ်ကိုထုတ်ကာ ဆေးကြည့်ရှုလိုက်ပြီး ပခုံးစလွယ်အိတ်ထဲသို့ ပြန်ထည့်ထားလိုက်ည်း ထို့နောက် မြေလမ်းအတိုင်း မလိုက်တော့ဘဲ၊ ရော်ဘာပင်ကြားထဲသို့ ဝင်လိုက်ကာ၊ အိမ်ကြီး၏ဘေးဘက်ဆီသို့ ခပ်သွက်သွက်ချဉ်းကပ်လာခဲ့သည်။ နေရောင်သည် ရော်ဘာပင်ကြားထဲတွင် ကျားပြောက်ကျား ကျနေ၏။ တင်မောင်ဆွေ၏ဖိနပ်များ



www.burmeseclassic.com

www.burmeseclassic.com



သည် နေ ကွက်ကြားကျနေသော မြေပြင်ကို အသံမမြည်ဘဲ သွက်လက်စွာ နင်းလျှောက်လျက်ရှိနေသည်။

အိမ်ကြီးနှင့်ဂိုက်အစိတ်ခန့်သာ လိုတော့သည့်အခါတွင်ကား တင်မောင်ဆွေက ရော်ဘာပင်တစ်ပင်ကို အကွယ်အကာယူကာ အိမ်ကြီး၏အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

အိမ်ကြီး၏ဘေးဘက် မြက်ခင်းပေါ်တွင် အပြာရောင်ကွန်ဆူလ်ဆီဒင်ကားက ရပ်ထားလျက်ရှိနေသည်။

ကားရုံတံခါးကတော့ ဖွင့်ထားလျက်ရှိနေရာ အထဲတွင် တင်နန်းသီ၏အော်စတင်ကားနက်ကလေး ရှိနေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။ ကားဘေးတွင်တော့ လူတစ်ယောက်က ဆောင့်ကြောင့်ထိုင်ကာ ကား၏ကိုယ်ထည်ကို သေသေချာချာ စစ်ဆေးကြည့်ရှုလျက်ရှိနေသည်။ ၎င်းသည် စပို့ရှပ်အင်္ကျီနှင့် ကာကီရောင်ဘောင်းဘီရှည် ဝတ်ထားသည်။ ၎င်း၏အသားကတော့ နက်ကြုတ်နေရာ ကုလားတစ်ယောက်ဖြစ်ကြောင်း သိသာလှသည်။

တင်မောင်ဆွေက ရော်ဘာပင်တွေကို အကာအကွယ်ယူကာ အိမ်ကြီးဆီသို့ချဉ်းကပ်လာခဲ့သည်။ သို့နှင့်ပင် သူသည် အိမ်ကြီးနှင့် ဝါးနှစ်ပြန်ရိုက်အကွာလောက်သာ လိုတော့သည့်နေရာသို့ ရောက်သွားသည်။

ထိုစဉ် အိမ်ကြီး၏ ပြတင်းပေါက်တစ်ခုတွင် လူရိပ်တစ်ခု ရုတ်တရက်ပေါ်လာသည့်အတွက် တင်မောင်ဆွေက ကပျာကယာ မြေကြီးပေါ်သို့ ဝပ်ချလိုက်ရသည်။

ပြတင်းပေါက်တွင် ပေါ်ထွက်လာသူမှာ မိန်းမတစ်ယောက်ဖြစ်ကြောင်း သူတွေ့လိုက်ရသည်။ ထိုမိန်းမက ကားရုံဆီသို့ အင်္ဂလိပ်





ဘာသာစကားဖြင့် တစ်စုံတစ်ရာ လှမ်းအော်လိုက်သည်။ ကားရုံထဲမှလူက သူ့မထံလက်တစ်ဖက်ယမ်းပြလိုက်ကာ ပြန်၍ အဖြေပေးလိုက်သည်။

စကားသံတွေကို တင်မောင်ဆွေက သဲကွဲစွာမကြားရချေ။ ပြတင်းပေါက်မှ မိန်းမသဏ္ဌာန်သည် ပြန်၍ ပျောက်ကွယ်သွားသည်။ ခပ်လှမ်းလှမ်းမှ တွေ့ရခြင်းဖြစ်သော်လည်း သူမသည် မာရီချိုပင်ဖြစ်မည်ဟု တင်မောင်ဆွေက ယုံကြည်မိသည်။

တင်မောင်ဆွေက ဝပ်နေရာမှပင် သူ့ခြေလှမ်းကို စဉ်းစားနေလိုက်သည်။ သံဖြူဇရပ်သို့ပြန်၍ ရဲဘက်ကို အကူအညီတောင်းရကောင်းမလား။ သို့ရာတွင် မိမိက သံဖြူဇရပ်သို့ ပြန်သွားဆဲ အိမ်ထဲကလူတွေ ထွက်သွားမည်ကိုလည်း စိုးရိမ်ရသေးသည်။

ဤလေးယောက်ကို သူတစ်ယောက်တည်းနှင့် ရင်ဆိုင်ရတော့မည်ဟု နောက်ဆုံးတွင် တင်မောင်ဆွေက ဆုံးဖြတ်လိုက်တော့သည်။ အရေးကြီးသည်က ၎င်းတို့ကို အဝိုက်ဖမ်းမိဖို့ပင် ဖြစ်သည်။

ကားရုံထဲမှလူသည် အပြင်သို့ပြန်ထွက်၍ မလာသည့်သာမက ကားအောက်သို့ ကိုယ်ကိုမြေကြီးပေါ်တွင် ပက်လက်လှဲလျက် တိုးဝင်သွားတော့သည်။

တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့ဘဲ ရော်ဘာပင်ကြီးတွေနှင့် ချုံပုတ်တွေကို တတ်နိုင်သမျှ အကာအကွယ်ယူကာ အိမ်ကြီး၏ နောက်ဘက်ဆီသို့ နေရာရွှေ့လိုက်သည်။ ပြီးနောက် သွက်လက်ပေါ့ပါးစွာဖြင့် သူက အိမ်ကြီးဆီသို့ အားသွန်ပြေးသွား၏။

သူ့အား အိမ်ထဲကလူတွေကလည်းကောင်း၊ ကားရုံထဲမှ



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်းကောင်း မည်သူကမျှ သတိမပြုမိဘဲ အိမ်ကြီးဘေးသို့ ချောချောမောမော ရောက်သွားတော့သည်။ ခေတ္တမျှ အသက်ရှူမှန်ရန် ရပ်နားပြီးနောက်မှ တင်မောင်ဆွေသည် အိမ်နောက်ဘက်တံခါးဆီသို့ ခြေကို အသာဖော့နင်းလျက် လျှောက်လာခဲ့သည်။

အိမ်နောက်ဖေးတံခါးမှာ အဆင်သင့်ပင် ဟောင်းလောင်းကြီး ပွင့်နေသည်။ တင်မောင်ဆွေက ပခုံးစလွယ်အိတ်ထဲမှ လျှူဂါသေနတ်ကို ဆွဲထုတ်လိုက်ကာ ထိုတံခါးဝမှနေ၍ အိမ်ထဲသို့ လှမ်းဝင်လိုက်တော့သည်။ ဤတွင် သူက မီးဖိုခန်းသို့ရောက်သွားလေ၏။

မီးဖိုခန်းကိုသိပ်အသုံးပြုပုံမရကြချေ။ မီးဖိုကြီးထဲတွင် ပြာပုံတွေကသာ ရှိနေသည်။ လူတစ်ယောက်မှ မရှိချေ။ မီးဖိုခန်းကိုဖြတ်ခဲ့လျှင်ကား စင်္ကြံရှည်ကလေးတစ်ခုထဲသို့ သူကရောက်သွားပြန်သည်။

ထိုစင်္ကြံရှည်သည် အိမ်ရှေ့ဧည့်ခန်းမကြီးဆီသို့ ဒိုးယိုပေါက်ကာ တစ်ဖက်တစ်ချက်တွင်တော့ အခန်းတွေက ရှိနေသည်။ တင်မောင်ဆွေသည် မျက်စိရှင်ရှင်ထားကာ လက်ထဲတွင် လျှူဂါသေနတ်ကိုအသင့်ကိုင်လျက် စင်္ကြံကလေးအတိုင်း လျှောက်ဝင်ခဲ့သည်။ စင်္ကြံအဆုံးနားသို့ရောက်လျှင် အင်္ဂလိပ်ဘာသာဖြင့် စကားပြောနေကြသံများကို တင်မောင်ဆွေက ကြားလာရ၏။ တင်မောင်ဆွေက စင်္ကြံအဆုံးမှ အပေါက်ဝနားသို့ရောက်လာလျှင်ကား ဧည့်ခန်းမကြီးထဲသို့ အတိုင်းသား လှမ်းမြင်နေရတော့၏။

မာရီချိုသည် ကြိမ်ကုလားထိုင်ကြီးပေါ်တွင်ထိုင်လျက် လက်ထဲတွင် ဖန်ခွက်တစ်ခွက် ကိုင်ထားသည်။ သူမသည် အစိမ်းနုရောင်သိုးမွေးဆွယ်တာလက်ရှည်နှင့် ပါတိတ်ထမီကို ခါးတွင်





တင်းတင်းဝတ်ဆင်ထားရာ အချိုးအဆက်ကျသော သူမ၏ကိုယ်ခန္ဓာအလှမှာ အထင်းသားပေါ်လွင်နေသည်။ သူမနှင့်အတူ ယောကျ်ားနှစ်ယောက်ကရှိနေသည်။

တစ်ယောက်မှာ အရပ်ခြောက်ပေနီးပါးမျှ ရှိမည်ဖြစ်သော အသားနီစပ်စပ်နှင့် အင်္ဂလိုကပြားကြီးတစ်ယောက် ဖြစ်သည်။ ခာကီအင်္ကျီကို လက်ခေါက်ဝတ်ထားရာ ကြီးမားတုတ်ခိုင်၍ အမွေးထူသော ၎င်း၏လက်တံကြီးများကို အတိုင်းသားတွေ့ရသည်။ ခါးတွင်တော့ တွီသားအဖြူရောင်ဘောင်းဘီရှည် ခပ်ပွပွကို ဝတ်ထားသည်။ ၎င်းသည်လည်း ကုလားထိုင်တစ်လုံးတွင် ခြေဆန့်လက်ဆန့်ထိုင်နေ၏။

တတိယလူကတော့ အခန်းအလယ်တွင်ရပ်ကာ လက်ဟန်ခြေဟန်ဖြင့် စကားပြောနေခြင်းဖြစ်၏။ ၎င်းကတော့ အသားမဲမဲ အရပ်ပုပု ကိုယ်လုံးခပ်ဝဝဖြင့် ရွှေမျက်မှန်တပ်ထားသော ကုလားတစ်ယောက်ဖြစ်သည်။ ၎င်းသည် ဒက်ကရွှန်ဟာဝေယံရှပ်နှင့် အညိုရောင် သက္ကလပ်ဘောင်းဘီရှည်ကို ဝတ်ထားသည်။

တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့။ လက်ထဲကသေနတ်ကို အသင့်ကိုင်ကာ စင်္ကြံအပေါက်ဝမှနေ၍ ဧည့်ခန်းမထဲသို့ လှမ်းဝင်လိုက်သည်။

"ကဲ… ဘယ်သူမှ မလှုပ်ကြနဲ့။ ဘယ်သူမှ အသံကျယ်ကျယ်မပြုကြနဲ့၊ အားလုံးငြိမ်ငြိမ်ကလေး နေလိုက်ကြစမ်း"

တင်မောင်ဆွေက အင်္ဂလိပ်ဘာသာစကားဖြင့် တည်ငြိမ်စွာအမိန့်ပေးလိုက်သည်။

မာရီချိုသည် မျက်လုံးများပြူးကျယ်သွားကာ လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်လွတ်ကျသွားပြီး ကြမ်းပြင်ပေါ်တွင် ချွမ်ခနဲ အစိတ်စိတ်အမွှာမွှာ ကွဲသွားတော့သည်။ ပုပုဝဝနှင့်ကုလားသည် စကားစပြတ်သွားတော့ကာ ပါးစပ်အဟောင်းသားနှင့် တင်မောင်ဆွေအား ငေးကြည့်နေ၏။ အင်္ဂလိပ်ကပြားကသာ ကိုယ်ကိုဆတ်ခနဲ မတ်လိုက်ကာ ထမည်ပြုပြီးမှ တင်မောင်ဆွေ၏သေနတ်ပြောင်းဝက သူ့ဘက်သို့ လှည့်လာသည့်အတွက် အသာပြန်ထိုင်ချလိုက်သည်။

'ကောင်းပြီ အားလုံးမတ်တပ်ရပ်ပြီး ဟောဟိုက ထရံမှာ သုံးပေအကွာရပ်ပြီး ထရံကိုလက်နဲ့ ထောက်ထားလိုက်ကြစမ်း'

တင်မောင်ဆွေက လက်ထဲကသေနတ်ဖြင့် တစ်ဖက်မှ အိမ်ထရံဆီသို့ ဆတ်ပြပြီး အမိန့်ပေးလိုက်ပြန်ရာ သုံးယောက်စလုံးက ထိုအမိန့်ကို လိုက်နာကြသည်။

သုံးယောက်စလုံးကိုပင် တင်မောင်ဆွေက တစ်ယောက်ပြီးတစ်ယောက် နှံ့စပ်စွာ ရှာဖွေလိုက်သည်။ အင်္ဂလိပ်ကပြားကြီး၏ ဘောင်းဘီနောက်အိတ်ထဲမှ ပွိုင့် ၃၂ပြောင်းတိုသေနတ်ကလေးတစ်လက် ရှာတွေ့ရသည်။ ပုပုဝဝရွှေမျက်မှန်ကုလား၏ ဘေးဘောင်းဘီအိတ်ထဲတွင်ကား ပွိုင့် ၃၈အော်တိုမက်တစ်သေနတ်ရှိနေ၏။ မာရီချို၏ကိုယ်တွင် တင်မောင်ဆွေက စမ်းသပ်ရှာဖွေလိုက်သည့်အခါတွင်ကား ဘာလက်နက်မှမတွေ့ရချေ။ သူမက တင်မောင်ဆွေအား မျက်စောင်းထိုးကာ တစ်စုံတစ်ရာကို တီးတိုးရေရွတ်လိုက်၏။

'ခင်ဗျားကိုရှာဖို့ မိန်းမပုလိပ်တစ်ယောက် ပါမလာတာ ဆောရီးပဲဗျာ' ဟု တင်မောင်ဆွေက ခပ်သဲ့သဲ့ပြုံးလျက် ပြောလိုက်သည်။

'ကဲ... ခင်ဗျားတို့အားလုံး ဟိုဆိုဖာကြီးပေါ်မှာ သွားထိုင်





ကြချေ။ နောက်ကို ကျကျနနမှီထိုင်ပြီး လက်တွေကို လည်ဂုတ်ဆီမှာ မြှောက်ယှက်ထားလိုက်ကြ၊ ဉာဏ်များမယ်လည်း မကြံကြနဲ့'

တင်မောင်ဆွေပြောသလို သုံးယောက်သား ဆိုဖာကြီးပေါ်တွင် ဘေးချင်းယှဉ်လျက် ထိုင်မိကြလျှင် မာရီချိုက မကျေချမ်းသော မျက်လုံးများဖြင့် တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ရှင်က ဘယ်သူလဲ၊ ရှင် ဘာလိုချင်သလဲ'

သူမမေးလိုက်သံတွင် ခံပြင်းမှုက အပြည့်အဝပါဝင်နေသည်။

တင်မောင်ဆွေက ကုလားထိုင်တစ်လုံး၏ လက်ရမ်းတွင် တင်ပါးလွှဲဝင်ထိုင်လိုက်ကာ ညာလက်ကသေနတ်ကို တည်ငြိမ်စွာ ကိုင်ထားရာကပင် ဘယ်လက်ဖြင့်စီးကရက်ဘူးကို အိတ်ထဲမှထုတ်ယူပြီး စီးကရက်တစ်လိပ်ကို ပါးစပ်တွင်တပ်လိုက်သည်။ ထို့နောက် ဓာတ်မီးခြစ်ကလေးဖြင့် မီးညှိလိုက်ပြီးမှ မီးခိုးများကို မာရီချိုဆီသို့ အသာမှုတ်ထုတ်လိုက်သည်။

'ကျုပ်လိုချင်တာက ခင်ဗျားတို့လိုချင်တာနဲ့ အတူတူပါပဲ မာရီချို၊ ခင်ဗျားတို့နောက်ကို ကျုပ်က တမင်သက်သက် လိုက်လာတာပဲ။ ခင်ဗျားတို့ စင်္ကာပူကနေ မြန်မာပြည်ကို ဘာကြောင့်လိုက်လာရတယ်ဆိုတာကိုလည်း ကျုပ်သိတယ်။ ခင်ဗျားတို့ရဲ့အဖော်နာမည်တွေကိုလည်း ကျုပ်သိတယ်။ ဥပမာ ဟောဒီက လူကြီးလူကောင်းမင်းဟာ ကာလကတ္တားက ရစ်ချက်ဝက်ဘ်ဆိုတာပဲ။ ဒီအိန္ဒိယအမျိုးသားကတော့ ရာမူနသန်ဆော်လည်းကောင်း၊ အာရ်ဘို့ရှိုဆော်လည်းကောင်း ဖြစ်ရမယ် ဘယ့်နှယ်လဲ'

'ကျုပ် အာရ်ဘို့ရှိုပါ'



www.burmeseclassic.com

www.burmeseclassic.com



ရွှေမျက်မှန်ဖြင့် ကုလားပုပုဝဝက ကုလားသံဝဲသော အင်္ဂလိပ်စကားဖြင့် ပြောလိုက်သည်။

'အင်း… ဒီလိုဆိုရင် ကားရုံထဲကလူကတော့ ရာမှုနေသည် ပေါ့'

'နေစမ်းပါဦး၊ ခင်ဗျားကကော ဘယ်သူလဲ၊ ခင်ဗျားက ကျုပ်တို့ကို သိနေပေမယ့် ကျုပ်တို့က ခင်ဗျားကိုတော့မသိပါ ကလား…'

'ကျုပ်နာမည်က တင်မောင်ဆွေပါ၊ ကျုပ်မိတ်ဆွေတစ် ယောက်ရဲ့ ပျော်ပွဲစားရုံတံခါးဝမှာ လူတစ်ယောက်အသတ်ခံခဲ့ရတာ ကအစပြုပြီး ခင်ဗျားတို့ဇာတ်ရှုပ်ထဲမှာ ကျုပ်ဝင်ပါခဲ့ရတာပဲ ဆိုပါ တော့ဗျာ'

'ရှင်ညာနေတာ၊ ရှင်ဟာ မြန်မာပုလိပ်အဖွဲ့က မဟုတ် လား။ အစိုးရရဲ့သူလျှိုတစ်ယောက်ပဲဖြစ်ရမယ်'

မာရီချို့က တင်မောင်ဆွေအား မုန်းတီးစက်ဆုပ်သော အမူ အရာဖြင့်ကြည့်ကာ စွပ်စွဲပြောဆိုလိုက်သည်။

တင်မောင်ဆွေကပြုံး၍ သူမအား ပြန်ကြည့်လိုက်သည်။

'ကျုပ်တို့ မြန်မာအစိုးရမှာ နယ်ချဲ့ဖက်ဆစ်အစိုးရတွေလို အစိုးရသူလျှိုတွေ ဘာတွေဆိုတာ မရှိပါဘူး မစ္စမာရီချို့၊ ဒါပေမဲ့ ခင်ဗျားတို့ကို မြန်မာပြည် ပြည်သူ့ရဲတပ်ဖွဲ့နဲ့ မှုခင်းစုံစမ်းစစ်ဆေးရေး ဌာနတို့က တွေ့ပြီး စစ်ဆေးချင်ကြတာကတော့ အမှန်ပါပဲ၊ ဒါက လည်း ခင်ဗျားတို့ မြန်မာပြည်တွင်းမှာ ကျူးလွန်ခဲ့ကြတဲ့ ဥပဒေချိုး ဖောက်မှုတွေ အတွက်ပါပဲ'

'ဒီလိုဆိုရင် ရှင်က ကျွန်မတို့ကိစ္စထဲမှာ ဘယ်လိုဝင်ပါနေ





တာလဲ။ ရှင်ဟာ ပုလိပ်ဘက်ကမဟုတ်ဘူးလို့ ဆိုတယ်။ ကောင်းပြီ ဒီလိုဆိုရင် ရှင်တစ်ယောက်တည်း ကျွန်မတို့ကို ဘယ်လိုခြေရာခံ လိုက်လာနိုင်တာလဲ။ ဒါမှမဟုတ် ရှင်ဟာ စူလတန်အာမက်ရဲ့ လူ တစ်ယောက်ပဲလား…'

တင်မောင်ဆွေ၏မျက်နှာက ရုတ်တရက် တင်းမာသွား သည်။

'ကျုပ်မျက်နှာက ဒဏ်ရာတွေဟာ စူလတန်အာမက်ရဲ့ လက်ချက်ပါ မစ္စမာရီချို့၊ ဒါပေမဲ့ စူလတန်အာမက်ဟာ သေလူဖြစ် နေပါပြီ။ သူဟာ မကြာခင်သေရတော့မှာပါ'

တင်မောင်ဆွေက သူ့မျက်လုံးကောင်းတစ်ဖက်ဖြင့် မာရီချို့ ၏မျက်နှာကိုစူးစိုက်ကြည့်ကာ တည်ငြိမ်သောအသံဖြင့် စကားဆက် ပြန်သည်။

'စက်ာပူမှာ ခင်ဗျားတို့ဘာတွေဖြစ်ခဲ့ကြတယ်ဆိုတာကို ကျုပ်က သိထားပြီးပြီလေ။ ဒီက ဒေးဗစ်ဘလွင်က စက်ာပူကို ဘာဖြစ်လို့ သွားတယ်ဆိုတာ ကျုပ်သိပြီးပြီ။ စက်ာပူမှာ သူက ဘာလုပ်ပြီး စက်ာပူကနေ ဘယ်လိုလစ်ထွက်လာနိုင်တယ်ဆိုတာကို လည်း ကျုပ်သိထားတယ်။ ခင်ဗျားတို့အထဲက ဘယ်သူဟာ ဘာ တွေလုပ်ခဲ့တယ်ဆိုတာကို ကျုပ်က အတိအကျသိထားပါတယ်'

တင်မောင်ဆွေက အတိအကျဟူသော စကားလုံးကို တမင် တကာပင် အလေးအနက်ထား၍ ပြောလိုက်သည်။ ပြီးလျှင် မာရီချို့ အား မသိမသာခေါင်းညိတ်ပြလိုက်၏။ မာရီချို့၏နှုတ်ခမ်းများသည် တင်းကြပ်သွားကြပြီး မျက်လုံးများမသိမသာ ကျဉ်းမြောင်းသွားသည် ကိုတွေ့လျက် သူဘာဆိုလိုသည်ကို သူမက သဘောပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တင်မောင်ဆွေနားလည်လိုက်ရ၏။

တင်မောင်ဆွေက စကားဆက်လိုက်ပြန်သည်။

'ကျုပ်မသိသေးတာက တစ်ခုနှစ်ခုရှိသေးတယ်။ အဲဒါ
ကိုလည်း ခင်ဗျားတို့ဆီက ကျုပ်သိရလိမ့်မယ်လို့ ယုံကြည်တယ်'

တင်မောင်ဆွေက သူချဉ်းကပ်ပုံ မှန်မှမှန်ပါမည်လား
စိတ်ထဲတွင် သံသယဖြစ်လာမိသည်။

တကယ်တော့ မာရီချိုသည် သူမ၏အဖော်သုံးယောက်
သူ့လူကိုယ့်ဘက်သ းလုပ်လျက် သစ္စာဖောက်ခဲ့ခြင်းဖြစ်သည်။ သူ
၏လင်ဟောင်းက ဤလူသုံးယောက်ထံမှ အမေရိကန်ဒေါ်လာ
တွေ အပိုင်စီးသွားနိုင်ခြင်းမှာ သူမကိုယ်တိုင်က လက်ထောက်
ကူညီခဲ့ခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် မာရီချိုက ယခုထက်တိုင်
ဤလူသုံးယောက်နှင့်ဆက်လက်ပူးပေါင်းလျက်သာ ရှိနေသေးခြင်း
ထောက်လျှင် သူမသစ္စာဖောက်ကလိမ်ကျခဲ့ခြင်းကို ၎င်းတို့ မသိသေး
သည်မှာ ထင်ရှားနေ၏။

သို့ဖြစ်လျှင် မာရီချို၏သစ္စာဖောက်မှုကို ယခုသူက ဤ
တွေအား အသိပေးလိုက်ဖို့ သင့်တော်ပါမည်။

'ကဲ… ရှင်သိချင်တာက ဘာတွေလဲမေးပါလေ'

မာရီချို၏ခပ်ဆတ်ဆတ်အသံက သူ့အတွေးကို ဖြတ်
လိုက်သည်။

'ခင်ဗျားတို့ဆီမှာရောင်းလို့ အမေရိကန်ဒေါ်လာငွေ
ပါလာခဲ့ကြတယ်။ စုစုပေါင်း ဘယ်လောက်ဖိုးလဲ'

'အမေရိကန်ဒေါ်လာ ငါးသောင်းဖိုးတိတိပဲ'

တင်မောင်ဆွေက လေချွန်လိုက်မိသည်။ သူတို့ထင်မှ





ထားသည်ထက်ပင် တစ်သောင်းပိုများနေသည်။

'မြန်မာပြည်က ဒေးဗစ်ဘလွှင်ဆိုတာဟာ စက်ဘုပ္ပမှာ
အဆက်အသွယ်ရှိနေတယ်။ ခင်ဗျားတို့က ဒီဒေါ်လာငွေတွေကို
စက်ဘုပ္ပမှာသွားရောင်းမယ်ဆိုတာကို သိရတော့ သူကစက်ဘုပ္ပကို
လိုက်လာခဲ့တယ်။ သူက ခင်ဗျားတို့ဆီက ဒေါ်လာငွေတွေကို ဝယ်
ယူဖို့စီစဉ်ခဲ့တယ်။ ဒါပေမဲ့ ဒီဒေါ်လာငွေတွေအတွက် သူက ခင်ဗျား
တို့ကို ဘာပြန်ပေးတယ်ဆိုတာကိုတော့ ကျုပ်မသိရသေးဘူး။ သူက
ခင်ဗျားတို့ကို ဒီဒေါ်လာငွေအတွက် ဘာပြန်ပေးမယ်လို့ ကတိထား
ခဲ့သလဲ'

'စာချုပ်စာတမ်းတွေပါ'

တင်မောင်ဆွေက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာစာချုပ် စာတမ်းတွေလဲ'

တင်မောင်ဆွေ၏မေးခွန်းတွေကို ပြန်ဖြေနေသော ကုလား
အာရ်ဘို့ရှ်ဆိုသူက သည်တစ်ခါတော့ ရုတ်တရက် ပြန်မဖြေတော့။
သူ့အဖော်ရစ်ချက်ဝက်ဘ်နှင့် မာရီချိုတို့အား လှမ်းကြည့်လိုက်သည်။

ရစ်ချက်ဝက်ဘ်က ပခုံးများကို တွန့်ပြလိုက်သည်။

'ကျုပ်တို့ ကာလကတ္တားမှာ ဖွင့်ထားတဲ့ဆန်ရောင်းဝယ်ရေး
ကုမ္ပဏီကြီးတစ်ခုကို ကျုပ်တို့လက်ထဲလုံးဝ အာဏာကုန်လွှဲပေးလိုက်
တဲ့ စာချုပ်စာတမ်းနဲ့ အစုရှယ်ယာလက်မှတ်တွေပါပဲ။ ဒီကုမ္ပဏီကြီး
ကိုအစုရှယ်ယာနဲ့ တည်ထောင်ထားခဲ့ကြတာမှာ၊ မြန်မာပြည်မှာ
လည်း အစုရှယ်ယာပါထားတဲ့ လူတွေက ရှိနေကြပါတယ်။ ဒီအစု
ရှယ်ယာတွေကို ဒေးဗစ်ဘလွှင်က အရယူပြီး ကျုပ်တို့ဆီက အမေရိ



www.burmeseclassic.com

www.burmeseclassic.com



ကန်ဒေါ်လာငွေတွေနဲ့လဲယူဖို့ပါပဲ'

'အင်း··· နည်းနည်းတော့ ရှင်းလာပြီ'

တင်မောင်ဆွေက ဖြည်းညင်းစွာ ရေရွတ်လိုက်သည်။

အရင်းရှင်စီးပွားရေးစနစ်တွင် ငွေရှင်ကြေးရှင်တစ်စုတို့၏ စီးပွားရေး မျက်လှည့်ပြကွက်တစ်ခုဖြစ်၏။ ကာလကတ္တားတွင် ရှိနေသောစီးပွားရေးသမားများက၊ ဆန်ရောင်းဝယ်ရေးကုမ္ပဏီကြီးတစ်ခုကိုလက်ဝါးကြီးအုပ် အပိုင်စီးလို၏။

ထိုကုမ္ပဏီတွင်မြန်မာပြည်မှ အရင်းရှင်ငွေရှင်တစ်စုက လည်း အစုရှယ်ယာပါဝင်ထားကြသည်။ (၎င်းတို့သည် မြန်မာပြည်ရှိကုလားသူဌေးကြီးတွေ ဖြစ်ကြမည်ဟု တင်မောင်ဆွေက တွက်မိသည်။)

၎င်းတို့သည် လက်ရှိမြန်မာပြည် စီးပွားရေးအရ မြန်မာ့စီးပွားရေးနယ်ပယ်တွင် ဆက်လက်၍ မတွင်ကျယ်နိုင်တော့သည့်အခါဝယ် ၎င်းတို့လက်ဝယ်တွင်ရှိနေသော တောင်ပုံယာပုံ မြန်မာငွေများကို နိုင်ငံခြားငွေအဖြစ်သို့ ပြောင်းလဲပစ်ကုန်ကြပေမည်။ ဤတွင် 'ဒေးဗစ်ဘလွင်က ကြားဝင်လာခဲ့ခြင်းဖြစ်ပေမည်။

တင်မောင်ဆွေက ရစ်ချက်ဝက်ဘ်နှင့်အာရ်ဘို့ရှ်ထံသို့ နှုတ်ခမ်းကိုတွန့်လျက် လှမ်းကြည့်လိုက်၏။

'အခုအတိုင်းဆိုရင်တော့ ခင်ဗျားတို့ဆီမှာ အမေရိကန်ဒေါ်လာငွေတွေလည်း မရှိတော့ဘူး၊ အစုရှယ်ယာလက်မှတ်တွေလည်း ခင်ဗျားတို့မရလိုက်တော့ မျောက်သစ်ကိုင်းလွတ် ဖြစ်နေတာပေါ့'

'ဟုတ်တာပေါ့၊ ရှင်ပြောတာ သိပ်မှန်တာပေါ့'

မာရီချိုက တင်မောင်ဆွေအား ခပ်သွက်သွက်ကြီး စကားဝင်ထောက်ပေးလိုက်သည်။



'ဒေးဗစ်ဘလွင်က ခင်ဗျားတို့ပေါ်မှာ ကတုံးပေါ်ထိပ်ကွက် သွားခဲ့တယ် မဟုတ်လား။ သူက ခင်ဗျားတို့နဲ့ နားလည်မှုယူထားတဲ့ အတိုင်း၊ ခင်ဗျားတို့ရဲ့ အမေရိကန်ဒေါ်လာတွေကို သူ့ဆီကအစုရှယ်ယာလက်မှတ်တွေနဲ့မလဲဘဲ ခင်ဗျားတို့ဆီက ဒေါ်လာတွေကိုသာ အရယူ လုသွားခဲ့တယ် မဟုတ်လား။ ဒါနဲ့ ဒီအမေရိကန်ဒေါ်လာတွေက လက်ဆွဲသားရေသေတ္တာနှစ်လုံးအပြည့်လို့ ဆိုတယ်မဟုတ်လား'

ရစ်ချက်ဝက်ဘ်နှင့် အာရ်ဘို့ရှ်တို့က မျက်နှာထားခပ်ပုတ်ပုတ်နှင့် ခေါင်းညိတ်ပြလိုက်ကြ၏။ တင်မောင်ဆွေက စကားဆက်ပြန်သည်။

'သူက ခင်ဗျားတို့ဒေါ်လာတွေကို ခိုးပြီး တစ်ခါတည်း မြန်မာပြည်ကို လစ်ပြေးသွားခဲ့တော့တယ်။ ခင်ဗျားတို့က ဒါကိုမခံမရပ်နိုင်ဖြစ်ပြီး ပုလိပ်ဘက်ကိုတိုင်တော့ ပုလိပ်တွေကအကျိုးအကြောင်း သိသွားပြီး ခင်ဗျားတို့ကို စက်ဘုပ်ကန့်ထုတ်လိုက်တော့တာပဲ မဟုတ်လား'

'ရှင်က ကျွန်မတို့အကြောင်း တော်တော်သိနေတာကိုး'

မာရီချိုက နှုတ်ခမ်းကလေးမဲ့လျက် မှတ်ချက်ချလိုက်သည်။ တင်မောင်ဆွေက သူမအား အဓိပ္ပာယ်ပါပါ ပြန်ကြည့်လိုက်၏။

'သိပါတယ် မစ္စမာရီချို၊ ကျုပ်အခုပြောနေတာတွေထက် ကျုပ်ပိုသိထားတာတွေက ရှိနေသေးပါတယ်။ ကဲ··· ဆက်ပြောရမယ်ဆိုရင် ခင်ဗျားတို့ဟာ မြန်မာပြည်ကိုလိုက်လာကြတယ်။ ပြီးတော့ ဒေးဗစ်ဘလွင်ကို လိုက်ခြေရာခံရာမှာ သူဟာ မော်လမြိုင်က တင်နန်းသီဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ အဆက်အသွယ်လုပ်





www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာကို ခင်ဗျားတို့သိခဲ့ကြရတယ်။ ဒါနဲ့ တင်နန်းသီဟာ ဒေးဗစ်ဘလွင်ရဲ့ကြီးရာပါပဲလို့ ခင်ဗျားတို့ ယူဆခဲ့ကြတယ်ထင်ပါရဲ့ ဟုတ်လား'

တင်မောင်ဆွေက စကားကိုခေတ္တရပ်ကာ မာရီချိုအား လှောင်ပြုံးကလေးပြုံးလျက် ကြည့်လိုက်သည်။

ဒါနဲ့ ခင်ဗျားတို့ဟာ တင်နန်းသီရဲ့တိုက်ကလေးထဲကို ဝင်ရှာကြည့်ကြတယ်။ ဒါပေမဲ့ ခင်ဗျားတို့လိုချင်တာကို မတွေ့ကြရဘူး။ အခုတော့ ခင်ဗျားတို့က ကားကိုနိုးလာကြတယ်။ ဒီကားကို အခု နသန်က ကျကျနနစစ်နေတယ်။ ဒီတော့ အခု သူ့ကို ဒီခေါ်ပြီး သူဘာရှာနေတယ်ဆိုတာ ကျုပ်တို့မေးကြည့်ကြရင် မကောင်းဘူးလားဗျာ'

'သူ့ကိုခေါ်ဖို့ မလိုတော့ပါဘူး မစ္စတာတင်မောင်ဆွေ'

မာရီချိုက နှုတ်ခမ်းကလေးတွန့်လျက် ပြန်ပြောလိုက်၏။

'ဘယ်လိုကြောင့်လဲ မစ္စမာရီချို'

'ဘာဖြစ်လို့လဲဆိုတော့ ခု ရာမူနသန်က ရှင့်နောက်က ပြတင်းပေါက်မှာ ရောက်နေပြီ။ သူ့လက်ထဲက သေနတ်ကလည်း ရှင့်ခေါင်းကို တည့်တည့်ကြီး ချိန်ထားလျက်ရှိနေတယ်...'

တင်မောင်ဆွေက လှည့်မကြည့်ချေ။ မာရီချိုပြောသည်မှာ မှန်ပါက ရာမူနသန်ကိုယ်တိုင်က သူ့ကိုယ်သူ ကြေညာမည်ဖြစ်၏။ ထိုစဉ်မှာပင် သူ့နောက်မှ အသံတစ်သံက ထွက်ပေါ်လာသည်။

'ခင်ဗျားလက်ထဲက သေနတ်ကို လွှတ်ချလိုက်ပါ မစ္စတာ'

တင်မောင်ဆွေက သေနတ်ကိုလွှတ်မချသေးဘဲ ဖြည်းညင်းစွာ အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သည်။ ပြတင်းပေါက်





တွင်လူတစ်ယောက်က ရပ်နေ၏။ ၎င်း၏လက်ထဲမှ ကိုလ့်ခြောက်လုံးပြူးသေနတ်က သူ့အား တည့်မတ်စွာချိန်ရွယ်ထားနေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။

ထိုအခါမှ တင်မောင်ဆွေက သူ့လူဂါသေနတ်ကို ကုလားထိုင်ဖင်ထိုင်ခုံပေါ်သို့ အသာလွှတ်ချလိုက်ကာ မတ်တပ်ထရပ်လိုက်သည်။

'ကျေးဇူးပြုပြီး အခန်းအလယ်တည့်တည့်မှာ သွားရပ်နေလိုက်ပါ မိတ်ဆွေ၊ လက်တွေကိုလည်း ခင်ဗျားခေါင်းမှာ ငြိမ်ငြိမ်ကလေးပဲထားပါ...'

ပြတင်းပေါက်မှလူသည် ထိုအခါမှသေနတ်ကို အသင့်ကိုင်ထားလျက်က အခန်းထဲသို့ ကျော်ဝင်လာသည်။ ၎င်းသည် အသက်အစိတ်ခန့်ရှိမည့် လူရွယ်တစ်ယောက်ဖြစ်သည်။ ရုပ်ရည်က ကုလားရုပ်ရှင်ဇာတ်လိုက်မင်းသား ရပ်(ဂျ)ကပူးနှင့်ခပ်ဆင်ဆင်တူသည်။

မာရီချိုကလည်း ကဗျာကယာ ထိုင်ရာမှထလိုက်ကာ ကုလားထိုင်ပေါ်မှ တင်မောင်ဆွေ၏သေနတ်ကို ကောက်ယူလိုက်ကာ တင်မောင်ဆွေ့အား ချိန်ရွယ်ထားလိုက်သည်။ သူမ၏မျက်နှာက တင်းမာနေ၏။

'ရှင့်ကို တစ်ခါတည်း အသေသတ်ပစ်လိုက်ရင် ကောင်းမယ်'

မာရီချိုက ပြောပြောဆိုဆို သေနတ်ပြောင်းတံဖြင့် တင်မောင်ဆွေ၏မျက်နှာကို ရိုက်လိုက်ရာ သူ့မျက်လုံးကိုဖုံးထားသည့် အမည်းကွက်ကလေးပြုတ်ကျသွားပြီး ဒဏ်ရာမှသွေးတွေ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

'ခင်ဗျားတို့ ကျုပ်ကို သတ်ပစ်ရင် မိုက်မဲရာကျမှာပေါ့'

'ဘာဖြစ်လို့ မိုက်မဲရာကျရမှာလဲ'

မာရီချိုက အံကြိတ်လျက် ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

'ခင်ဗျားတို့ဟာ အခုဆိုရင် ဥပဒေတွေအချို့ကို ကျူးလွန်ဖောက်ဖျက်ခဲ့တာ မှန်ပေမယ့် သိပ်ကြီးကြီးကျယ်ကျယ် ပြစ်မှုတွေကို မကျူးလွန်ခဲ့သေးဘူး။ လူသတ်မှုကို မကျူးလွန်ခဲ့သေးဘူး။ လူသတ်မှုကျူးလွန်မိတဲ့နောက်မှာတော့ ခင်ဗျားတို့အားလုံးအတွက် ပြန်လမ်းရှိတော့မှာ မဟုတ်ဘူး'

တင်မောင်ဆွေက အသံမှန်နှင့်ပြောနေသော်လည်း သူ့ရင်ဘတ်ထဲတွင် တင်းကြပ်နေကာ အာခေါင်တွေခြောက်နေ၏။ စက်ရုံတွင် အမေရိကန်ဒေါ်လာငွေ အလုခံရသောကိစ္စ၌ မာရီချိုပါဝင်သော အခန်းကဏ္ဍအစစ်အမှန်ကို သူက ဤလူတွေအား ဖွင့်မပြောရသေးချေ။ သူဖွင့်ပြောမည်ဆိုလျှင်လည်း ယခု မာရီချိုက သူ့အားသတ်ပစ်လိုခြင်းဖြစ်ရာ သူသည် သေမင်းကို မျက်နှာချင်းဆိုင်တည့်တည့် ရင်ဆိုင်နေရပြီဖြစ်သည်ကို နားလည်မိ၏။

'ကျုပ်ဟာ ဒီကိုတစ်ယောက်တည်း လာခဲ့တာမှန်ပေမယ့် ကျုပ်ဒီကိုလာတယ်ဆိုတာ ကျုပ်မိတ်ဆွေတွေက သိထားတယ်။ ဒီတော့ ခင်ဗျားတို့ကျုပ်ကို သတ်ပစ်ရင် ခင်ဗျားတို့အပေါ် လူသတ်မှုကြီးက ပိကျလာတော့မှာပဲ။ လူသတ်မှုဆိုတာက ပြေးလို့မလွတ်ဘူးကိုယ့်လူတို့။ ကြိုးစင်ပေါ်တစ်ပြိုင်ကြီး တက်ကြရမှာ'

အခန်းထဲတွင် မည်သူကမျှ စကားမပြောကြ။ တိတ်ဆိတ်





နေကြသည်။ ရစ်ချက်ဝက်ဘ်နှင့် အာရ်ဘို့ရှ်တို့က တင်မောင်ဆွေ သိမ်းထားသော ၄င်းတို့၏ သေနတ်များကို ပြန်ယူကြရာက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြ၏။ ပြီးမှ ရစ်ချက်ဝက်ဘ်က မာရီချိုထံသို့ လျှောက်လာကာ သူမ၏လက်ထဲမှသေနတ်ကို အတင်းဆွဲလုလိုက်သည်။ ပြီးလျှင်တင်မောင်ဆွေရှေ့တွင်ရပ်လိုက်၏။

'ခင်ဗျားပြောတာမှန်တယ် မစ္စတာတင်မောင်ဆွေ၊ ကျုပ်တို့ဟာ ရာဇဝတ်မှု ကျူးလွန်ချင်တဲ့လူတွေ မဟုတ်ပါဘူး။ ကျုပ်တို့ ပစ္စည်းကိုသာ ပြန်လိုချင်ကြတာပါ။ ကျုပ်တို့ဟာ နိုင်ငံခြားသားတွေပါ။ ကျုပ်တို့ဟာ မလွဲသာမရှောင်သာ ခင်ဗျားတို့တိုင်းပြည်ရဲ့ ဥပဒေအချို့ကို ဖောက်ဖျက်ကျူးလွန်မိခဲ့ကြပါတယ်။ ဒါပေမဲ့ လူတစ်စုံတစ်ယောက်ကိုမှ ရန်မပြုကြသေးပါဘူး။ အခုလည်း ကျုပ်တို့ဟာ ဘယ်သူ့ကိုမှ ရန်မပြုလိုဘူး။ ဒါပေမဲ့ ကျုပ်ပစ္စည်းကို ပြန်ရဖို့ ကြိုးစားရာမှာလည်း အနှောင့်အယှက်အဖြစ်မခံနိုင်ဘူး'

ရစ်ချက်ဝက်ဘ်က ပြောပြောဆိုဆို ရာမူနသန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဘယ့်နှယ့်လဲ နသန်၊ ကားထဲမှာ ဘာရှာလို့ တွေ့ရသလဲ…'

ရာမူနသန်က သူ့ဘောင်းဘီအိတ်ထဲမှ ဒန်ရည်သုတ်ဘူးပြားကလေးတစ်ခုကို ထုတ်ပြလိုက်သည်။

'ဟောဒီသေတ္တာကလေးက ကားအောက်က ကိုယ်ထည်မှာ သံလိုက်နဲ့ကပ်နေတယ် ရစ်ချပ်'

နသန်က ပြောပြောဆိုဆို ဘူးကလေးကိုဖွင့်လျက် လက်ဝါးပေါ်သို့မှောက်ချလိုက်ရာ သော့တံတစ်ချောင်းက အထဲမှထွက်ကျလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဟောဒီက သော့နှစ်ချောင်းပဲပါတယ်။ ဒီသော့တစ်ချောင်းဟာ တစ်နေရာရာက သေတ္တာတစ်ခုကိုဖွင့်ဖို့နဲ့ တူတယ်။ သော့မှာလည်း နံပါတ်ပါတယ်'

'သေတ္တာက ဘယ်နေရာမှာရှိမလဲ…'

အာရ်ဘို့ရှ်က စိတ်ပျက်သောအမူအရာဖြင့် မေးလိုက်သည်။

'ဒါကို ဒေးဗစ်ဘလွင်ကသာ သိမှာပဲ အခု သူကလည်း သေနေပြီ'

ရစ်ချက်ဝက်ဘ်ကလည်း ညည်းညည်းညူညူ မှတ်ချက်ချလိုက်သည်။ ဤတွင် တင်မောင်ဆွေအတွက် အကွက်ဝင်လာတော့သည်။

'ခင်ဗျားတို့ရဲ့ အမျိုးသမီးကိုမေးကြည့်ပါလား။ ဒီသော့နဲ့ဖွင့်ရမယ့် သေတ္တာဘယ်နေရာမှာရှိတယ်ဆိုတာကို သူပြောပြနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်'

'ရှင် ဘာတွေပြောနေတာလဲ'

မာရီချိုခမျာ မျက်နှာပျက်သွားကာ စိတ်ဆိုးမာန်ဆိုး အော်လိုက်သည်။

'တိတ်တိတ်နေစမ်း မာရီ'

ရစ်ချက်ဝက်ဘ်က မာရီချိုအား ငေါက်လိုက်ကာ တင်မောင်ဆွေအား စိတ်ဝင်စားသော အမူအရာဖြင့် ကြည့်လိုက်သည်။

'ကဲ… မစ္စတာ ၊ ခင်ဗျားဘာဆိုလိုတာလဲ ခင်ဗျား ခုနကပြောလိုက်တဲ့စကားကို ရှင်းပြစမ်းပါဦး'

'ဒေးဗစ်ဘလွင်က ခင်ဗျားတို့ငွေတွေကို ဘယ်နေရာမှာ





ဝှက်ထားခဲ့တယ်ဆိုတာ ဒီအမျိုးသမီးသိမယ်လို့ ကျွန်တော်ထင်တယ်။ ခင်ဗျားတို့ရဲ့ စာချုပ်စာတမ်းနဲ့ ရှယ်ယာလက်မှတ်တွေကို ဒေးဗစ်ဘလွင်က ရန်ကုန်က ဘဏ်တိုက်မှာအပ်ထားတာကိုတော့ သူသိခဲ့တာပဲ။ ဒေးဗစ်ဘလွင် ရန်ကုန်မှာရှိနေတုန်းကလည်း မာရီချိုဟာ သူ့ဆီကို နှစ်ခေါက်တောင် သွားတွေ့ခဲ့တယ်'

'ရှင်ဘာမဟုတ်တာတွေ ပြောနေတာလဲ၊ ရှင်ဟာလူညာ'

မာရီချိုက ဒေါသတကြီးအော်လိုက်ပြန်ကာ တင်မောင်ဆွေဆီသို့ ခုန်ဝင်လာပြီး မျက်နှာကိုကုတ်ခြစ်ရန် ကြိုးစားသည်။ တင်မောင်ဆွေက သူမ၏မျက်နှာကို လက်ပြန်ရိုက်ချလိုက်ရာ နောက်သို့ လန်ကျွတ်သွားပြီး ဆိုဖာပေါ်သို့ ဖုတ်ခနဲ ထိုင်လျက်သားကလေး လဲကျသွားတော့သည်။

ကုလားပြည်မှ လူသုံးယောက်က သေနတ်ဖြင့် ဝိုင်းချိန်ထားသည့်ကြားဝယ် တင်မောင်ဆွေက အသာကလေးငြိမ်နေလိုက်ရသည်။

'ကျုပ်ပြောတာ အမှန်ပါ၊ မာရီချိုဟာ ဒေးဗစ်ဘလွင်ရဲ့ မယားဟောင်းပဲ။ တကယ်တော့ ခင်ဗျားတို့ဆီက ဒေါ်လာငွေတွေကို အပိုင်စီးဖို့ သူတို့နှစ်ယောက် ပေါင်းကြံခဲ့ကြတာပါ။ အမှန်က မာရီချိုက လက်ထောက်ချခဲ့တာပဲ။ ဒေးဗစ်ဘလွင်ဟာ သူ့အကူအညီနဲ့ ခင်ဗျားတို့ဆီက ဒေါ်လာငွေတွေကို အရယူပြီး မြန်မာပြည်ပြန်လာတယ်။ ပြီးတော့ သူ့အစုရှယ်ယာလက်မှတ်အထုပ်ကို၊ သူ့အလုပ်ရှင်ဂီးလ်ဘတ်သွင်ဆီသို့ ပြန်ပို့ဖို့ မော်လမြိုင်ကိုဝင်ပြီး ဂီးလ်ဘတ်သွင်နဲ့အဆက်အသွယ်ရှိဖူးတဲ့ တင်နန်းသီဆိုတဲ့ အမျိုးသမီးဆီမှာ အပ်ထားခဲ့ပြီး ရန်ကုန်ကို တိတ်တိတ်ကလေးပြန်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဂီးလ်ဘတ်သွင်ဆီကို ပြန်မသွားဝံ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆီမှာ ခင်ဗျားတို့ရဲ့ ဒေါ်လာငွေတွေပါသွားတယ်ဆိုတာကို သိရတဲ့ ဈူလတန်အာမက်က အတင်းလိုက်ပြီး ဝေစုတောင်းနေတာကိုး။ ဒါနဲ့ သူဟာရန်ကုန်က တရုတ်ဟော်တယ်မှာ တိတ်တိတ်ကိုယ်ယောင်ဖျောက်နေခဲ့ရတယ်'

တင်မောင်ဆွေက စကားကိုရပ်လိုက်ကာ မာရီချိုဆီကို လှမ်းကြည့်ပြီး လက်ညှိုးဆတ်ခနဲ ထိုးလိုက်သည်။

'ဒါပေမဲ့ ဒေးဗစ်ဘလွင် တိတ်တိတ်သွားပုန်းနေတဲ့ နေရာကို သူကတော့ သိခဲ့တယ်။ သိခဲ့လို့လည်း သူဟာ ဒေးဗစ်ဘလွင်ကို နှစ်ခေါက်တောင် အဲဒီမှာသွားတွေ့ခဲ့တယ်။ ဒါပေမဲ့ သူတို့ဟာ ခင်ဗျားတို့ရဲ့ ဒေါ်လာတွေကို ဝေစုမခွဲနိုင်ခင်၊ ဈူလတန်အာမက်က ဒေးဗစ်ဘလွင်ကို ခြေရာခံမိသွားခဲ့တယ်။ ဒေးဗစ်ဘလွင်ဆီက ဝေစုမရတော့ ဈူလတန်အာမက်က ဒေးဗစ်ဘလွင်ကို သတ်ပစ်ခဲ့တော့တာပဲ။ ဒေးဗစ်ဘလွင်ဟာ ဒေါ်လာငွေတွေကို တစ်နေရာရာမှာ ဝှက်ထားတဲ့ သေတ္တာကို ဖွင့်ရမယ့်သော့ကို တင်နန်းသီရဲ့ကားမှာ တစ်ခါထပ်ဝှက်ထားခဲ့တာ ဖြစ်ရမယ်။ ဒီသော့ကို ခင်ဗျားတို့ထက်အရင် တင်နန်းသီရဲ့အိမ်ကိုဝင်ရှာပြီး၊ တင်နန်းသီက ဒေးဗစ်ဘလွင်သူ့ဆီမှာ အပ်ထားခဲ့တဲ့ အထုပ်ကို စိတ်ချရအောင် အပ်ထားတဲ့ ဘဏ်တိုက်က ဆေ့ဖ်တီဒက်ပိုဇစ်ဘောက်က်စ်သော့ကို တွေ့သွားတယ်။ သူက အဲဒီသော့ကိုလစ်ပြီး ရန်ကုန်ကို ချက်ချင်းလိုက်လို့ တင်နန်းသီယောင်ဆောင်ပြီး အဲဒီအထုပ်ကို ထုတ်ယူသွားခဲ့ပြီးပြီလေ...'

တင်မောင်ဆွေက စကားရပ်လိုက်ကာ ဆိုဖာပေါ်တွင်





လက်သီးကလေးနှစ်ဖက်ဆုပ်လျက် ထိုင်နေသော မာရီချိုအား ခပ်လှောင်လှောင် အမူအရာဖြင့် လှမ်းကြည့်လိုက်၏။

'ဘယ့်နှယ်လဲ မာရီချို၊ ဒီအကြောင်းတွေကို ခင်ဗျားရဲ့ ပါတနာတွေကို ပြောပြပြီးပြီလား'

'ရှင်ပြောတာတွေဟာ တစ်ခုမှမဟုတ်ဘူး'

မာရီချိုက ဖွတ်မိုက်၍ငြင်းလိုက်သည်။ သို့ရာတွင် ရစ်ချက်ဝက်ဘ်က သူ့လက်ထဲမှသေနတ်ကို ဘောင်းဘီအိတ်ထဲထိုးထည့်ပြီး သူမအနားသို့ ချဉ်းကပ်သွားသည်။ ပြီးလျှင် သူမ၏မျက်နှာကို လက်တစ်ဖက်ဖြင့် ဆတ်ခနဲဆွဲမော့ကာ သူမ၏မျက်လုံးများထဲသို့ ခေတ္တမျှကြာအောင် စူးစိုက်၍ကြည့်လိုက်သည်။ ပြီးလျှင် ၎င်းက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ဒီလူပြောတာ မှန်တယ်'

အာရ်ဘိုဂျို့ရှိုလည်း မာရီချိုအနီးသို့ ရောက်လာကာ သူမ၏ လက်တစ်ဖက်ကို ဆတ်ခနဲဆွဲ၍ လိမ်ချိုးလိုက်သည်။

'ပြောစမ်း ခွေးမ နင် တို့ကို မှန်မှန်ပြောစမ်း'

'အို ကျွန်မ မသိဘူး'

ရစ်ချက်ဝက်ဘ်၏ ကြီးမားသော လက်ဝါးကြီးတစ်ဖက်က မာရီချိုပါးပြင်ပေါ်သို့ ဖြန်းခနဲမြည်အောင်ပင် အားနှင့် ကျလာသည်။ မာရီချိုသည် နာကျင်စွာအော်လိုက်ကာ ဆိုဖာပေါ်တွင် ကိုယ်ကလေးစောင်းလျက်သား လဲကျသွားသည်။ သူမ၏ဖြူဝင်းသော ပါးပြင်ပေါ်တွင် လက်ဝါးရာကြီးက အမှတ်ကြီးတစ်ခုလို နီရဲစွာ ထင်ကျန်ခဲ့လေ၏။

'ကဲ... ပြောစမ်း၊ ဟိုအကောင်က ငွေတွေကို ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ထားခဲ့သလဲ…'

'အို… ကျွန်မမသိဘူး'

မာရီချိုသည် ငါးမိနစ်အထိတော့ ဘူးခံနေသေးသည်။ သို့ရာတွင် နောက်ဆုံးတော့ ရစ်ချက်ဝက်ဘ်နှင့် အာရ်ဘို့ရှ်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို သူမက ဆက်လက်၍ တောင့်မခံနိုင်တော့။

'ပြောပါတော့မယ်… ပြောပါတော့မယ်…'ဟု အော်လိုက်ရှာသည်။

'ကဲ… ပြောစမ်း၊ နင့်လင်ခွေးသားကို ငါတို့ငွေတွေကို ဘယ်မှာဝှက်ထားခဲ့သလဲ'

'ရန်ကုန်မှာပါ၊ စက်လှေက မော်လမြိုင်ကို မသွားခင်က ရန်ကုန်ကို ဝင်သေးတယ်။ ရန်ကုန်မှာဝင်ပြီး စက်လှေပြင်ရတယ်။ အဲဒီအခါမှာ ဒေးဗစ်ကငွေတွေကို တစ်နေရာမှ သွားဝှက်ထားခဲ့တယ်။ နောက် ရူလတန်အာမက် မသင်္ကာမဖြစ်ရအောင် မော်လမြိုင်ကို လိုက်သွားရတယ်။ မော်လမြိုင်မှာ ရူလတန်အာမက်ရန်ကို ကြောက်လာတာနဲ့ အစုရှယ်ယာအထုပ်ကိုပါ သူ့ဆီမှာ သွားအပ်ထားခဲ့တာပဲ'

'ရန်ကုန်က ဘယ်နေရာမှာ အပ်ထားခဲ့တာလဲ'

အာရ်ဘို့ရှ်က စိတ်မရှည်သည့်အသံဖြင့် ဝင်မေးလိုက်၏။

'အဲဒါကိုတော့ ကျွန်မ မသိပါဘူး။ ကျွန်မကို ထပ်မလုပ်ကြပါနဲ့တော့ရှင်၊ ကျွန်မ အမှန်ပြောတာပါ။ သူက ကျွန်မကို သူတစ်နေရာမှာ ဝှက်ထားတယ်လို့သာ ပြောတယ်။ သူကလည်း ကျွန်မကို သိပ်ယုံတာမဟုတ်ပါဘူး'

ရစ်ချက်ဝက်ဘ်က သူမ၏မျက်နှာကို စူးစိုက်အကဲခတ်





လိုက်သည်။

'ဒီတစ်ခါတော့ သူအမှန်ပြောတာပါပဲ။ ဒီတော့ ငါတို့ ရန်ကုန်ကို လိုက်ကြဖို့ပဲ ရှိတော့တာပေါ့'

ရစ်ချက်ဝက်ဘ်က တင်မောင်ဆွေ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကျုပ်တို့ ခင်ဗျားကို ကျေးဇူးတင်ရမှာပဲ ထင်ပါရဲ့…'

'မလိုပါဘူး ကိုယ့်လူ၊ ခင်ဗျားတို့သိချင်တာ သိရပြီပဲ။ သူ့ကို ခင်ဗျားတို့ ဆက်မနှိပ်စက်ရန်မရှာကြပါနဲ့တော့'

တင်မောင်ဆွေက မာရီချိုဘက်သို့ မေးငေါ့ပြပြီး ပြန်ဖြေလိုက်သည်။ ရစ်ချက်ဝက်ဘ်၏မျက်နှာကြီးက ရုတ်တရက် တင်းမာလာတော့၏။

'ဒါက ကျုပ်တို့ကိစ္စပါ မစ္စတာ'

ခပ်ပြတ်ပြတ်ပြောရာက ရစ်ချက်ဝက်ဘ်သည် တင်မောင်ဆွေ့နောက်တွင်ရပ်နေသော ရာမူနသန်ဆီသို့ လှမ်းကြည့်လိုက်သည်။

'ကဲဟေ့ နသန်'

တင်မောင်ဆွေက ရစ်ချက်ဝက်ဘ်၏ စကားကိုချက်ချင်း အဓိပ္ပာယ်ပေါက်ကာ ချာခနဲကိုယ်ကို လှည့်လိုက်ပါသေး၏။ သို့တစေလည်း နောက်ကျခဲ့လေပြီ။

ရာမူနသန်၏ညာလက်ဝါးစောင်းက ကရာတေးသိုင်းပညာနည်းဖြင့် တင်မောင်ဆွေ၏ လည်ပင်းစောင်းပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်လာသည်။ တင်မောင်ဆွေအဖို့ လောကကြီးတစ်ခုလုံးသည် အမှောင်ထုကြီးသာ ဖြစ်သွားရလေတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၁၄

အေးမြသောရေတွေက မျက်နှာကိုလာရောက်ပက်ဖျန်းနေခြင်းကို သိရပြီး၊ တင်မောင်ဆွေက သူခေတ္တထွက်ခွာသွားခဲ့ရသောလောကကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည်။ သူ့နဖူးမှသွေးကြောသည် တဒိတ်ဒိတ်တိုးနေကာ ခေါင်းနောက်ပိုင်းတစ်ခုလုံးသည် အုံခဲလေးလံလျက်ရှိနေသည်ကို တင်မောင်ဆွေက ခံစားရရင်းက မျက်နှာတွင်စိုရွှဲနေသော ရေတွေကို လက်ဖြင့်သပ်ချလိုက်ကာ ထထိုင်ရန်ကြိုးစားလိုက်ရသည်။

သူသည် မျက်တောင်များခတ်ရာက လက်တစ်ဖက်တွင်ရေခွက်တစ်ခွက်ကိုင်ပြီး သူ့ရှေ့တွင် ရပ်နေသူကိုမော့ကြည့်လိုက်၏။ ဒီလူကို ငါမြင်ဖူးပါတယ်ဟု ခေါင်းထဲတွင် တွေးရာကပင် လက်စသတ်တော့ သံဖြူဇရပ်မှ သတင်းထောက် ကိုစိန်လှိုင်ကြီးပါလားဟု မှတ်မိလိုက်မိသည်။

'ဘယ့်နှယ်လဲ သတိရပြီလား ကိုတင်မောင်ဆွေ'

ကိုစိန်လှိုင်မှာ လက်ထဲကရေခွက်ကို လိုလိုမယ်မယ် အသုံး





ပြုရန် အသင့်ကိုင်ထားလျက်ပင် မေးလိုက်သည်။

တင်မောင်ဆွေက မည်သို့မျှပြန်မဖြေ။ အုံခဲနေသော သူ့ဦးခေါင်းနောက်ပိုင်းကို လက်တစ်ဖက်ဖြင့်သာ ဆုပ်ကိုင်ထားလိုက်မိသည်။ ရာမူနသန်၏ ကရာတေးလက်ဝါးစောင်းသည် တော်တော်ပြင်းထန်ခဲ့ပေ၏။ ကရာတေးလက်ဝါးစောင်းဖြင့် လူတစ်ယောက်တစ်ချက်တည်းဖြင့် အသေရိုက်သတ်နိုင်ခြင်းကို နားလည်ထားသောတင်မောင်ဆွေက မိမိအတော်ကံကောင်းလှသည်ဟု တွေးလိုက်မိ၏။

'ဘယ့်နှယ်လဲ ခေါင်းကို နောက်ထပ်ရေလောင်းပေးရဦးမလားဗျ'

ကိုစိန်လှိုင်က ပြောပြောဆိုဆို လက်ထဲကရေခွက်ကိုမြှောက်လိုက်ရာ တင်မောင်ဆွေက ကပျာကယာ လက်တစ်ဖက်ကာပြလိုက်ရသည်။

'ဟိုး ဆရာတော်ပါပြီ၊ တော်ကြာအရိုက်ခံရလို့ မသေဘဲရေမွန်းပြီး သေနေပါဦးမယ်'

'အင်း… ဒီလိုဆိုရင်တော့ ခင်ဗျားကောင်းကောင်းသတိရလာပါပြီ၊ ကဲ… ကျွန်တော် ဆွဲထူပေးမယ် ထရပ်နိုင်ပါ့မလား'

တင်မောင်ဆွေက ကိုစိန်လှိုင်၏ လက်မောင်းတစ်ဖက်ကိုအားပြုကာ ထရပ်လိုက်သည်။ ကိုယ်ခန္ဓာအနည်းငယ် ယိမ်းထိုးသွားသော်လည်း ချက်ချင်းလိုလိုပင် ခြေနှစ်ချောင်းက နိုင်မာလာကာမြဲမြဲစွာရပ်နိုင်တော့သည်။ ခေါင်းထဲတွင် အုံနေခြင်းမှအပ သူ့တွင်ဒဏ်ရာဒဏ်ချက်အသစ် ဘယ်လိုမှမရှိပေ။

တင်မောင်ဆွေက သူ့ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ မော်လမြိုင်မှ ကိုကျင်ဟုတ်၏ ဆရာဝန်ပေးလိုက်သော ဆေးပုလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူကာ ဆေးနှစ်ပြားကို ပါးစပ်ထဲသွင်းလျက် မျိုချလိုက်၏။ ကိုစိန်လှိုင်က ရေခွက်ကို စားပွဲပေါ်တွင်တင်လိုက်ကာ ပုလင်းတစ်လုံးကို တင်မောင်ဆွေအား ထိုးပေးလိုက်သည်။

'ဒါကလေး နည်းနည်းချလိုက်ပါလား ကိုတင်မောင်ဆွေ'

'အလို... ဟင်နက်ဆီဘရန်ဒီပါကလားဗျ။ ဘယ်ကရလာတာလဲ'

'ဒီအခန်းထဲမှာ ရှာတွေ့ခဲ့တာပဲ။ တစ်ဝက်နီးပါးတောင်ကျန်တာ ကျွန်တော်တောင်နှစ်ငုံလောက်တော့ချပြီးပြီဗျ'

တင်မောင်ဆွေက ပုလင်းဝကိုငုံပြီး အထဲမှပယင်းရည်တွေကို အာခေါင်ထဲသို့ လောင်းချလိုက်ရာ ပူပြင်းစွာဝမ်းထဲသို့ ကျဆင်းသွားကြသည်။ နှစ်ငုံလောက်သောက်ပြီးလျှင် တင်မောင်ဆွေက ပုလင်းကို ကိုစိန်လှိုင်အား ပြန်ပေးလိုက်၏။

'အခု ဘယ်အချိန်ရှိပြီလဲ ကိုစိန်လှိုင်'

'အဲ... ညနေလေးနာရီ ကျော်ပြီဗျ'

ကိုစိန်လှိုင်က လက်ပတ်နာရီကိုမြှောက်ကြည့်လျက် ပြန်ဖြေလိုက်သည်။ သည်အတိုင်းဆိုပါက သူသည် နှစ်နာရီနီးပါးမျှပင် သတိလစ်နေခဲ့ရပေသည်။

ဘရန်ဒီတန်ခိုးကြောင့်လော ဆရာဝန်၏ဆေးတန်ခိုးကြောင့်လားတော့မသိ။ ခေါင်းထဲတွင် အုံနေခြင်းက ပျောက်သွားပြီဖြစ်ကာ ဦးနှောက်က ပြန်လည်၍ ကြည်လင်ချောမွတ်စွာ အလုပ်လုပ်လာနိုင်ပြီဖြစ်၏။

'ခင်ဗျား ဒီရောက်တော့ ဒီမှာကျွန်တော်ကလွဲလို့ ဘယ်သူ့ကိုမှ မတွေ့ရတော့ဘူး မဟုတ်လား'





'ဟင့်အင်း... ကားရုံထဲမှာ အခိုးခံရတယ်ဆိုတဲ့ ကားပဲတွေ့ရတယ်။ ခင်ဗျားကိုတော့ ဒီအထဲကိုဝင်တဲ့ လမ်းထိပ်မှာတွေ့ရတယ်'

'ခင်ဗျားက ဘယ်လို ဒီကိုရောက်လာရတာလဲ'

ကိုစိန်လှိုင်က တင်မောင်ဆွေအားကြည့်လျက် ပြုံးလိုက်၏။

'ကျွန်တော်က သတင်းထောက်မဟုတ်လားဗျ။ ခင်ဗျားသွားရာနောက်ကိုလိုက်ရင် သတင်းတော့ရမှာပဲဆိုပြီး လိုက်လာတာ ကျွန်တော့်တွက်ကိန်း မှန်နေတော့တာပေါ့ဗျ။ ကဲ... ဆိုစမ်းပါဦး ဘယ်လိုဖြစ်တာလဲဗျ'

ကိုစိန်လှိုင်က အိတ်ထဲမှမှတ်စုစာအုပ်နှင့် ဖောင်တိန်ကို ထုတ်ယူကာ သတင်းယူရန် ပြင်လိုက်သည်။

'သတင်းက သိပ်မထူးသေးပါဘူး ကိုစိန်လှိုင်ရာ၊ နောက်ကျတော့မှ သတင်းအပြည့်အစုံ ကျွန်တော်ပေးပါ့မယ် ဟုတ်လား။ အခုတော့ ကျုပ်တို့ဟိုကောင်တွေနောက်ကိုလိုက်ဖို့က အရေးကြီးတယ်ဗျ။ ကဲ... လာသွားကြစို့'

ကိုစိန်လှိုင်က ကျေနပ်ပုံမရသော်လည်း ဘာမှထပ်၍ စောဒကတက်မနေတော့...

'ဂိုဒေါင်ထဲက ကားကို ကျွန်တော်တို့ ဆွဲယူသွားမလား'

တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်သည်။

'ဒီကားက အခုတော့ အရေးမကြီးတော့ပါဘူး။ သံဖြူဇရပ်ရဲစခန်းမှာ သတင်းဝင်ပို့ပြီး အယူခိုင်းတော့မယ်။ ကျွန်တော့်ကားကိုတော့ သူတို့က အကောင်းအတိုင်းထားခဲ့ကြမယ်လို့ မျှော်လင့်ရတာပဲ။ နေပါဦး ခင်ဗျားက ဒီကိုဘာနဲ့လိုက်လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ရဲ့မော်တော်ဆိုင်ကယ်နဲ့ပေါ့ဗျ'

တင်မောင်ဆွေသည် သူ့လွှုံဂုါသေနတ်ကို ကုလားထိုင်တစ်လုံးပေါ်တွင် ပြန်တွေ့ရသည်။ ရစ်ချက်ဝက်ဘ်တို့လူစုက အထဲမှ ကျည်ဆန်ကဒ်ကိုပင် ဖြုတ်ယူမသွားကြချေ။

သူ့လင်းရိုဗာကားမှာလည်း အကောင်းပကတိရှိနေရာ တင်မောင်ဆွေက စတက်တာနင်းလိုက်သည်နှင့်တစ်ပြိုင်နက် စက်နိုးလာတော့သည်။ ကိုစိန်လှိုင်က တင်မောင်ဆွေ့အား လက်တစ်ဖက်ပြကာ သူ့မော်တော်ဆိုင်ကယ်ကို ဒလကြမ်းရှေ့က မောင်းသွားနှင့်၏။

သံဖြူဇရပ်ရဲစခန်းသို့ရောက်ကြလျှင် တင်မောင်ဆွေက ရဲစခန်းမှူးအား သူကြုံတွေ့ခဲ့ရသမျှကို ပြန်လည်ပြောပြလိုက်၏။

'တောက်··· ကျွန်တော်ပါခင်ဗျားနဲ့အတူ တစ်ပါတည်းလိုက်ခဲ့ရင် ဒီကောင်တွေကို တစ်ခါတည်းလက်ရဖမ်းမိတာပေါ့ဗျာ'

ရဲစခန်းမှူးက မကျေမနပ်နှင့်တောက်ခေါက်ရေရွတ်လိုက်၏။

'ကျွန်တော်တို့က ဒီကောင်တွေကို လက်ရဖမ်းချင်သေးတာမှမဟုတ်တာပဲ။ ဒီကောင်တွေ မြန်မာပြည်ထဲကိုလာပြီး ဘယ်သူတွေနဲ့ ဆက်သွယ်လို့ ဘာတွေလုပ်နေတယ်ဆိုတာကိုသာ သိချင်တာကလား။ အခုဒီကောင်တွေနဲ့ ကျွန်တော်နဲ့ဖူးတော့ ဒုံးတော့တွေ့လိုက်ရပြီဆိုတော့ ကျွန်တော်တို့သိချင်တာကလေးတွေက တော်တော်ရှင်းသွားရပါပြီ'

တင်မောင်ဆွေက သူ၏ရည်ရွယ်ချက်ကို စခန်းမှူးအား ရှင်းပြပြီး···





'ဒါနဲ့ ဒီကောင်တွေကား ဒီကဖြုတ်သွားတာကိုများ သတိပြုမိလိုက်ကြသေးသလား'ဟု မေးခွန်းထုတ်လိုက်သည်။

'ကျွန်တော်လည်း ဘတ်စ်ကားဆိပ်မှာ ရဲသားတစ်ယောက်ချထားပြီး အသွားအလာကို စောင့်ကြည့်ခိုင်းထားပါတယ်။ သူ့ကိုသွားမေးကြည့်ကြတာပေါ့'

ဘတ်စ်ကားဆိပ်တွင် အစောင့်ကျနေသော ရဲသားကလွန်ခဲ့သော တစ်နာရီကျော် နှစ်နာရီနီးပါးက ကုလားနှစ်ယောက်နှင့် ကပြားတစ်ယောက်ပါသော ဆလွန်းကားပြာတစ်စင်း မုဒုံဘက်သို့ မောင်းနှင်သွားကြကြောင်းကို ပြောပြသည်။ သို့ရာတွင် ၄င်းအား ခိုးရာပါအော်စတင်ကားနက်နှင့် အမျိုးသမီးတစ်ယောက်ကိုသာ စောင့်ကြည့်ခိုင်းထားသည်ဖြစ်ရာ ထိုဆလွန်းကားပြာကို ၄င်းက သတိထားလိုက်ရုံမှအပ ဘယ်လိုမှမတားဆီး မဟန့်တားခဲ့ပေ။

တင်မောင်ဆွေသည် မာရီချိုအတွက် စိတ်ပူလာမိလေသည်။ ကားပြာထဲတွင် မာရီချိုမပါလျှင် ၄င်းတို့က သူမအားသတ်ပြီး တစ်နေရာရာတွင် ဖျောက်ဖျက်ထားခဲ့ပြီလော။ ဒါမှမဟုတ် အပြင်လူတွေမမြင်ရအောင် ကားထဲတွင်ပင်ဖုက်၍ တင်ဆောင်သွားကြတာများလား···။

တင်မောင်ဆွေလည်း သံဖြူဇရပ် ရဲကင်းစခန်းမှူးနှင့် သတင်းထောက်ကိုစိန်လှိုင်တို့ကို ကျေးဇူးတင်စကား ပြောကာ ရဲစခန်းမှူးအား မုဒုံရဲစခန်းသို့ သတင်းပို့ရန် မှာကြားပြီး သူ့လင်းရိုဗာကားကို ခဲတော်ဆီထပ်ဖြည့်ကာ မော်လမြိုင်သို့ ပြန်မောင်းခဲ့လေသည်။ မုဒုံရောက်တော့ မိုးချုပ်စပြုနေလေပြီ။

မုဒုံရဲစခန်းမှလည်း ဘယ်သူကမှ ရစ်ချက်ဝက်ဘ်တို့၏



www.burmeseclassic.com

www.burmeseclassic.com



ဆလွန်းကားဖြာကို သတိမထားလိုက်မိချေ။ တင်မောင်ဆွေက အချိန်ဖြုန်းမနေတော့ မော်လမြိုင်သို့ ဆက်လိုက်ခဲ့ရပြန်၏။

ရဲစခန်းတွင် သူက စုံထောက်ကိုစိန်းမောင်အား အဆင်သင့်ပင် တွေ့ရသည်။ ကိုစိန်းမောင်က တင်မောင်ဆွေမျက်နှာကို ကြည့်ကာ စိတ်ပျက်သော အမူအရာဖြင့် ခေါင်းကိုယမ်းခါလိုက်၏။

'ကိုတင်မောင်ဆွေ၊ ခင်ဗျားတော့ တော်တော်ရှားတဲ့လူပဲဗျာ၊ အမှတ်သည်းခြေကိုမရှိဘူး။ သိပ်တစ်ကိုယ်တော် လူစွမ်းကောင်းလုပ်ချင်တာကိုး။ အခုတော့ ခင်ဗျားကောင်တွေ လွတ်သွားပြန်ပြီမဟုတ်လား'

'မူလကတည်းက ဒီကောင်တွေကို ကျုပ်က လက်ရတစ်ခါတည်းဖမ်းဖို့ ရည်ရွယ်ခဲ့တာမှမဟုတ်တာ ကိုစိန်းမောင်ရာ။ ဒီကောင်တွေမြန်မာပြည်ထဲကိုဝင်ပြီး ဘယ်လိုရှုပ်နေတယ်ဆိုတာကိုသာ သိချင်တာကလား။ အခုတော့ ကျုပ်သိခဲ့ရပြီလေ။ ဒီကောင်တွေဟာ သူတို့ဆီက ကျုပ်တို့မြန်မာပြည်သား ဒေးဗစ်ဘလွင်ခိုးသွားခဲ့တဲ့ အမေရိကန် ဒေါ်လာတွေနောက်ကို လိုက်နေတာပဲ။ ဒေးဗစ်ဘလွင် အသတ်ခံရတာမှာ သူတို့ပယောဂဘာမှမပါဘူး။ ဒါက စုလတန်အာမက်ရဲ့ လက်ချက်သက်သက်ပဲဗျ။ စုလတန်အာမက်ဆိုလို့ ခင်ဗျားတို့ကောင်ကြီးကိုကော ရှာတွေ့ကြပြီလား…'

ကိုစိန်းမောင်ခမျာ မျက်နှာကြီးအိုကျသွားကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

'ဟိုညက ခင်ဗျား သူ့စက်လှေပေါ်တစ်ကိုယ်တော် လူစွမ်းကောင်းသွားလုပ်ခဲ့ကတည်းက နေကြီးက စုပ်စမြုပ်စ ပျောက်နေတယ်ဗျ။ သူနဲ့ အဆက်အသွယ်ရှိတဲ့ လူတွေမှန်သမျှကို ကျွန်တော်





တို့က ဖမ်းပြီးစစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီကောင်ကြီး ဘယ်ရောက်ပြီး ဘာတွေလုပ်နေတယ်ဆိုတာကို ဘယ်သူကမှမပြောကြဘူး။ သူတို့တကယ်မသိကြတာလည်းဖြစ်မယ်။ မပြောဝံ့ကြတာရင်လည်း ဖြစ်မယ်'

'သူ့စက်လှေကတော့ကော'

'သူ့စက်လှေကို ကျွန်တော်တို့က သိမ်းထားလိုက်ပါပြီ။ စက်လှေပေါ်မှာလက်နက်ကိုင်ရဲတပ်သား သုံးယောက်အမြဲရှိနေတယ်'

တင်မောင်ဆွေက ပခုံးများကို တွန့်ပြလိုက်သည်။

'အင်းလေ စုလတန်အာမက်ကို ဖမ်းမိဖို့ကတော့ ခင်ဗျားတို့ တာဝန်ပဲ၊ ရန်ကုန်မှာ ဒေးဗစ်ဘလွင်အသတ်ခံခဲ့ရတာဟာ ဒီကောင်ကြီးရဲ့ လက်ချက်ဆိုတာကို ဖော်ပေးခဲ့ပြီပဲ'

တင်မောင်ဆွေက ပြောပြောဆိုဆို ထိုင်ရာမှထလိုက်သည်။

'နေပါဦး၊ အခု ခင်ဗျားက ဘယ်သွားပြီး ဘာလုပ်မလို့လဲ'

ကိုစိန်းမောင်က သင်္ကာမကင်းသောအမူအရာဖြင့် မေးလိုက်သည်။ တင်မောင်ဆွေက ငှင်းအားပြုံးကြည့်ပြီး သူ့ဗိုက်ကို လက်တစ်ဖက်ဖြင့်ပွတ်ပြလိုက်သည်။

'တစ်နေ့လုံး ထမင်းကြော်တစ်ပွဲနဲ့ ဟင်းချိုတစ်ခွက်ကိုသာ သွင်းခဲ့ရသေးတဲ့ ကျွန်တော့်ဗိုက်က ဆန္ဒပြနေပြီဗျ။ အဲဒါ အခု သူ့ဆန္ဒကို သွားဖြည့်ရမယ်၊ ပြီးရင် ရိပ်သာပြန်ပြီးအိပ်မယ်။ မနက်ဖြန်ကျရင် လေယာဉ်ပျံနဲ့ ကျွန်တော်ရန်ကုန်ကို ပြန်လိုက်မယ်။ အမျိုးသားသုံးယောက်က သူတို့ရဲ့ဒေါ်လာငွေတွေကို ဒေးဗစ်ဘလွင်က သူအသတ်မခံရခင် ရန်ကုန်တစ်နေရာရာမှာ ဖွက်ထားခဲ့တယ်ဆိုတာကို သိသွားကြပြီး ငွေတွေထည့်ထားတဲ့ သားရေသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



သော့ကိုလည်းရသွားကြပြီ။ ဒီတော့ ဒီကောင်တွေဖြစ်တဲ့ နည်းနဲ့ ရန်ကုန်ကိုလိုက်ကြမှာပဲ။ ကျွန်တော့်အနေနဲ့ကလည်း မော်လမြိုင်မှာ ဆက်နေဖို့ အကြောင်းမထူးတော့ဘူး။ ရန်ကုန်ပြန်ပြီး ဒီကောင်တွေကို ခြေရာခံဖို့သာ ရှိတော့တယ်။ ခင်ဗျားတို့ကလည်း ဒီကနေပြီး ဒီကောင်တွေကို တတ်နိုင်သလောက်ခြေရာခံကြည့်ကြပြီး အကြောင်းထူးတာနဲ့ တစ်ပြိုင်နက် ရန်ကုန်ကိုသတင်းပို့ပေါ့ဗျာ ဟုတ်လား'

တင်မောင်ဆွေသည် ရဲစခန်းမှနေ၍ ကိုကျင်ဟုတ်၏ခေါက်ဆွဲဆိုင်သို့ တိုက်ရိုက်သူ့ကားကို မောင်းခဲ့လေသည်။

ကိုကျင်ဟုတ်အား ကားသော့ပြန်အပ်ကာ ၎င်း၏သီးသန့်အခန်းကလေးထဲတွင် ဝှိုက်လေဘယ်လ်စကော့(ချ်)ဝီစကီကို မိမိခံသောက်လျက် ညစာစားရင်းက တင်မောင်ဆွေသည် နောက်ဆုံးအခြေအနေနှင့် ဖြစ်ရပ်များကို ကိုကျင်ဟုတ်အား ရှင်းလင်းအသိပေးလိုက်လေသည်။

ကိုကျင်ဟုတ်ကလည်း ရစ်ချက်ဝက်ဘ်တို့လူစု၏ သွားလာလှုပ်ရှားမှုများကို ၎င်း၏အဆက်အသွယ်များမှတဆင့် တတ်နိုင်သရွေ့ စုံစမ်းကာ ရန်ကုန်သို့ သတင်းပို့ပေးပါမည်ဟု ကတိပေးလိုက်၏။

ဆိုက်ကားတစ်စင်းဖြင့် တင်မောင်ဆွေက တင်နန်းသီထံသို့ ထွက်ခဲ့သည့်အခါတွင် ညကိုးနာရီထိုးလုပြီဖြစ်လေသည်။ တင်နန်းသီ၏ တိုက်ပုကလေးသည် မီးလင်းလျှက်ပင် ရှိနေသေးလေသည်။

တင်မောင်ဆွေက ဆိုက်ကားခကိုရှင်းပေးပြီး တိုက်ဆီသို့ ခြေလှမ်းလိုက်သည့်အခါတွင် မှောင်ရိပ်ထဲမှ လူတစ်ယောက်အာရုတ်တရက် ထွက်လာကာ သူ့အားဟန့်တားလိုက်သည်။ ရဲတပ်





သားတစ်ယောက်ပင် ဖြစ်နေ၏။

'စိတ်မရှိပါနဲ့ နောင်ကြီး၊ နောင်ကြီးဘယ်သူဆိုတာ ပထမ သိပါရစေ'

သူကပင် တင်နန်းသီအား ရဲအစောင့်အရှောက် အကာအကွယ်ပေးဖို့ တောင်းဆိုခဲ့သည်ကို သတိရမိသော တင်မောင်ဆွေက ပြုံးလျက် မိမိမည်သူမည်ဝါဖြစ်ကြောင်းကို ပြောပြကာ မိမိ၏အထူးစုံထောက်လက်မှတ်ကို ထုတ်ပြလိုက်ရလေ၏။

တင်နန်းသီသည် တံခါးလာခေါက်သူမှာ တင်မောင်ဆွေမှန်းသိရသည်နှင့်တစ်ပြိုင်နက် တံခါးဖွင့်ပေးကာ ဝမ်းသာအားရဆီး၍ ကြိုဆိုရှာသည်။

'ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်... ကျွန်မတစ်ယောက်တည်း သိပ်ကိုအားငယ်နေတာ လာ... လာ'

တင်နန်းသီက ပက်လက်ကုလားထိုင်တစ်လုံးတွင် သူ့အား အထိုင်ခိုင်းကာ သူမကတော့ တင်မောင်ဆွေခြေရင်းတွင် သင်ဖြူးဖျာလေးတစ်ချပ်ခင်းလျက် ထိုင်ချလိုက်ပြီး တင်မောင်ဆွေအား အရည်တွေလဲ့နေသော မျက်လုံးကြီးများဖြင့် မော့ကြည့်လိုက်သည်။

'အစ်ကိုကြီးရောက်လာတော့မှပဲ ကျွန်မစိတ်ထဲ အားရှိလာမိတော့တာပဲ'

'အိမ်မှာ တင်နန်းသီက တစ်ယောက်တည်းလား။ တင်နန်းသီရဲ့အဖော်အဒေါ်ကော...'

တင်နန်းသီက မသိမသာ နှုတ်ခမ်းကလေးမဲ့လိုက်သည်။

'ဒေါ်ဒေါ်က သူ့မြေးကလေးနေမကောင်းလို့ဆိုပြီး သူ့သားအိမ်မှာ သွားအိပ်တယ်လေ။ အမှန်ကတော့ အသွားကြီး ဒီမှာ မအိပ်



www.burmeseclassic.com

www.burmeseclassic.com



ရဲလို့ သက်သက်အကြောင်းပြ ရှောင်ပြေးတာပါ။ အမှန်တော့လည်း သူ့ကို အပြစ်မဆိုသာပါဘူးလေ။ အိမ်ထဲကို ခဏခဏလူ ဖောက်ဝင်နေတော့လည်း သူ့ခမျာလည်း ကြောက်ရှာမှာပေါ့'

တင်မောင်ဆွေက သူမအား နှစ်သိမ့်သော အပြုံးဖြင့်ကြည့်လိုက်သည်။

'အဲဒီအကြောင်း ကိုဆွေ အခု တင်နန်းသီကိုလာပြောတာပါ။ တင်နန်းသီအတွက် နောက်ထပ်ဘာမှကြောက်စရာ မရှိတော့ပါဘူး။ သူတို့က တင်နန်းသီကိုနောက်ထပ် ရန်ရှာနှောင့်ယှက်စရာ မရှိတော့ဘူး။ သူတို့လိုချင်တာ ရသွားကြပြီလေ။ တင်နန်းသီရဲ့ ကားကိုလည်း ပြန်တွေ့ခဲ့ရပါပြီ။ မနက်ဖြန်ကျရင်တော့ ရဲဘက်က လာပို့ပေးလိမ့်မယ်'

တင်နန်းသီက မယုံတစ်ဝက် ယုံတစ်ဝက်အမူအရာကလေးဖြင့် တင်မောင်ဆွေမျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

'အစ်ကိုကြီး တကယ် ပြောတာနော်။ သူတို့က ကျွန်မကို နောက်ထပ် ရန်ရှာနှောင့်ယှက်စရာအကြောင်း မရှိတော့ဘူးဆိုတာလေ'

'တကယ်ပါကွယ်၊ အစ်ကိုကြီးကိုယ်တိုင် သူတို့နဲ့တွေ့ပြီး စကားပြောခဲ့ရတာပဲ။ သူတို့ဟာ အခု မော်လမြိုင်မှာ ဆက်နေစရာအကြောင်း မရှိတော့ပါဘူး'

တင်နန်းသီ၏မျက်နှာတွင် အပြုံးပန်းကလေးက ချစ်စရာပွင့်လာတော့သည်။

'အင်း... အခုမှပဲ ကျွန်မရင်ပေါ့သွားရတော့တယ် အစ်ကိုကြီးရယ်။ နို့မဟုတ်ရင် နေ့တထိတ်ထိတ် ညတထိတ်ထိတ်နဲ့...'





တင်မောင်ဆွေ လက်ပတ်နာရီကို မြှောက်ကြည့်လိုက်၏။

'ကဲ... အစ်ကိုကြီးလည်း ပြန်ဦးမှပဲ၊ ၁၀နာရီတောင်ထိုးတော့မယ်။ မနက်ဖြန်ကျရင် အစ်ကိုကြီး ရန်ကုန်ပြန်ဦးမယ်'

တင်နန်းသီ၏မျက်နှာကလေးသည် သိသိသာသာကြီး ညှိုးကျသွားတော့သည်။

'ဟင်... အစ်ကိုကြီး ပြန်တော့မယ် ဟုတ်လား...'

'ပြန်ရမှာပေါ့ တင်နန်းသီရယ်၊ အခုဆိုရင် အစ်ကိုကြီးတာဝန်က ရန်ကုန်ကိုပြောင်းသွားပြီလေ၊ ဟိုလူတွေကို လိုက်ဖမ်းရဖို့က ရှိသေးတယ် မဟုတ်လား'

'အစ်ကိုကြီးအလုပ်ကလည်း သိပ်အန္တရာယ်များတာပဲနော်ကြည့်ပါလား။ မျက်နှာက ဒဏ်ရာတွေက အခုထက်ထိတောင် မပျောက်သေးဘူး'

တင်နန်းသီက တင်မောင်ဆွေ့မျက်နှာမှ ဒဏ်ရာဒဏ်ချက်တွေကို လက်ဖျားကလေးများဖြင့် ညင်သာစွာ စမ်းသပ်ကာ ကြင်နာမကင်းပြောလိုက်သည်။ တင်မောင်ဆွေကပြုံးလျက် ပခုံးများကို တွန့်လိုက်၏။

'အစ်ကိုကြီးအလုပ်က ဒီလိုပဲကိုးကွယ့်၊ ဘယ်တတ်နိုင်မှာလဲ။ ဒါပေမဲ့ အစ်ကိုကြီးက တော်တော့်ကံကောင်းတဲ့လူပါကွယ်... အဲသလို တာဝန်ထမ်းရွက်နေရရင်၊ ရင်ဆိုင်ရတဲ့ ဘေးအန္တရာယ်က လွတ်တာချည်းပါပဲ။ အေး... တာဝန်မထမ်းရွက်ရတော့ဘဲ အေးအေးနေတဲ့ အခါကျတော့မှ ကားတိုက်သေမလားတော့ မပြောတတ်ဘူး'

'အို... အစ်ကိုကြီးကလည်း မပြောစကောင်းကွယ်'



www.burmeseclassic.com

www.burmeseclassic.com



တင်နန်းသီက တင်မောင်ဆွေပါးစပ်ကို လက်ကလေးတစ်ဖက်ဖြင့် ပိတ်ရင်းက ပြောလိုက်သည်။ တင်မောင်ဆွေက ထိုလက်ကလေးကိုဆွဲဖယ်လိုက်ရင်းက သူတို့နှစ်ယောက် မျက်လုံးချင်း ဆိုင်မိကြလေသည်။ တင်နန်းသီ၏မျက်လုံးကြီးများသည် ပျော်ကျလု မတတ် အရည်တွေလဲ့ကာ တောက်ပနေကြသည်။ သူမ၏မို့မောက်သောရင်အုံကလေးကလည်း နိမ့်ချီမြင့်ချီ ဖြစ်လာကြသည်။

တင်မောင်ဆွေက ယိုဖိတ်လုဆဲစိတ်တွေကို အချိန်မီ ထိန်းသိမ်းချုပ်တည်းလိုက်ရသည်။ ဤမိန်းကလေးကား အပြစ်ကင်းစင်၍ ရိုးသားလှပေသည်။ သွယ်သွယ့်လို လူရည်လည်ပြီး အတွေ့အကြုံရှိပြီးသား မိန်းမမျိုးမဟုတ်ချေ။

'ကဲ… အစ်ကိုကြီး သွားပြီ'

တင်မောင်ဆွေက တင်နန်းသီ၏လက်ကလေးကို ဆတ်ခနဲ လွှတ်ချလိုက်ကာ တိုက်တံခါးဆီသို့ ခြေဦးလှည့်လိုက်သည်။

'အစ်ကိုကြီး…'

တင်နန်းသီက လှမ်းခေါ်လိုက်သည့်အတွက် တင်မောင်ဆွေကလှည့်ကြည့်လိုက်ရသည်။

'ဘာများလဲ ညီမရယ်…'

'အစ်ကိုကြီး နောက်မော်လမြိုင်ကို ဘယ်တော့ရောက်ဦးမလဲဟင်…'

'ကြုံတဲ့အခါ သို့မဟုတ် ငါ့ညီမက အစ်ကိုကြီးဆီက အကူအညီလိုတဲ့အခါကျရင်တော့ ရောက်လာဦးမှာပေါ့ကွယ်'

❖ ❖ ❖



# အခန်း - ၁၅

နောက်တစ်နေ့တွင် တင်မောင်ဆွေက ဒုတိယအကြိမ် မော်လမြိုင်မြေကိုခွာကာ လေယာဉ်ဖြင့် ရန်ကုန်သို့ ပြန်ရောက်လာသည်။

တိုက်ခန်းတွင် ရေမိုးချိုးအဝတ်အစားလဲပြီးလျှင် တင်မောင်ဆွေက တိုက်အောက်ထပ်ရှိ သူ့အလုပ်တိုက်သို့ဆင်းကာ အသက်ဘူးမေစီနှင့် ရောင်းရင်းဂျင်မီစမတ်တို့ကို နှုတ်ဆက်ရသည်။

ထို့နောက်တွင်ကား သူ့အား တာဝန်ပေးအပ်ထားသော လျှို့ဝှက်ထောက်လှမ်းရေးမှ ဦးဘငြိမ်းထံဖုန်းဆက်ကာ အစီရင်ခံစရာ အကြောင်းတွေရှိနေသည်ဟု ပြောလိုက်သည်တွင် ဦးဘငြိမ်းက သူ့ထံသို့လာဖို့ ဖိတ်ခေါ်လိုက်လေ၏။

ဦးဘငြိမ်းသည် ရန်ကုန်မြို့တစ်နေရာတွင်ရှိသော သူ့ဌာနချုပ်မှ သူ၏သီးသန့်ရုံးခန်းထဲတွင် တင်မောင်ဆွေ့အား လက်ခံတွေ့ဆုံလေသည်။ ဦးဘငြိမ်းအား ဤသို့ လူကိုယ်တိုင် လက်တွေ့ဆုံဖို့အခွင့်အရေး ရသူများသည် လက်ချိုးရေတွက်၍ရသည့်အထိ နည်း



www.burmeseclassic.com

www.burmeseclassic.com



ပါးလှပေ၏။

"ခင်ဗျား မော်လမြိုင်မှာ တစ်ကိုယ်တော် အစွမ်းပြခဲ့တဲ့ သတင်းတွေ ကျုပ်ရပါတယ်။ ဟိုက ရဲဘက်နဲ့ခင်ဗျားတို့ ဘာလို့ ပူးပေါင်းမဆောင်ရွက်တာလဲ"

စစချင်း ဦးဘငြိမ်းက အပြစ်တင်လိုက်သည်။

"ကျွန်တော်က ထုံးစံအတိုင်း ရဲဘက်နဲ့ ပူးပေါင်း ဆောင်ရွက်ခဲ့ရရင် ကျွန်တော်တို့ လိုချင်တဲ့အဆက်တွေကို ရခဲ့မှာ မဟုတ်ဘူး။ ဒီအဆက်တွေ မရခဲ့ရင် ကျွန်တော် အခု သိခဲ့ရတာတွေကို သိခဲ့ရမှာ မဟုတ်ဘူး"

ထိုအခါမှ ဦးဘငြိမ်းက ခပ်သဲ့သဲ့ပြုံးလိုက်ကာ တင်မောင်ဆွေအား ကက်ပိတန်စီးကရက်သံဘူး ထုတ်တည်လိုက်သည်။

"ကဲ… ဆိုစမ်းပါဦး၊ ခင်ဗျားက ဘာတွေသိခဲ့ရတာလဲ"

တင်မောင်ဆွေက စီးကရက်တစ်လိပ်မီးညှိလိုက်ရာက ပထမဦးစွာ သူ စူလတန်အာမက်နှင့်တွေ့ဆုံရပြီး သိရှိခဲ့ရသော အကြောင်းအရာများကို ပြောပြရာ ဦးဘငြိမ်းက တစ်ခွန်းတစ်ပါဒမျှ ဝင်မစွက်ဘဲ စကားဆုံးသည်အထိ နားထောင်နေလိုက်သည်။ တင်မောင်ဆွေ့စကား ပြီးဆုံးသွားသည့်အခါတွင်မှ…

"အင်း… ဒီကုလားဟာ အစကဒေးဗစ်ဘလွင်က စက်ပူကနေ အမေရိကန်ဒေါ်လာငွေတွေ ခိုးထုတ်လာတာကို မသိဘဲ ဒေးဗစ်ဘလွင်ကို မြန်မာပြည်ကို သူ့စက်လှေနဲ့တင်ခေါ်လာတယ်။ ဒီကျမှ ဒီအကြောင်းကိုသိရပြီး ဒေးဗစ်ဘလွင်ဆီက ဝေစုခွဲဖို့ ကြိုးစားရာမှာ မရတဲ့အတွက်၊ သူကဒေးဗစ်ဘလွင်ကို သတ်ပစ်လိုက်တာပေါ့"





"ဟုတ်တယ် ဦးဘငြိမ်း၊ ဒီအကောင်ဟာ ဒေးဗစ်ဘလွင်ရဲ့ အမေရိကန်ဒေါ်လာကိစ္စမှာ ကြားဖြတ်ပြီး အဝင်းဝင်ပါခဲ့တဲ့လူပဲ။ ဒေးဗစ်ဘလွင်က တင်နန်းသီဆီမှာ အပ်ထားတဲ့အထုပ်ကိုပဲ ငွေထုပ်လို့ ကုလားတွက်ထားနေခဲ့သေးတာ။ အခုတော့ ဒီကောင်ဟာ ကျွန်တော်နဲ့တွေ့ပြီးတဲ့နောက် မြေလျှိုးသွားတယ်။ သူ့ကိုမိအောင်ဖမ်းဖို့ကတော့ မော်လမြိုင်ရဲဘက်ရဲ့ တာဝန်ပဲလေ။ အခု ကျွန်တော်တို့ရဲ့အဓိကတာဝန်ကတော့ ရစ်ချက်ဝက်ဘ်တို့ လူစုကိုရအောင် ခြေရာခံပြီး ဒီကောင်တွေကို အမေရိကန်ဒေါ်လာတွေနဲ့ တစ်ခါတည်း လက်ပူးလက်ကြပ် ဖမ်းဖို့ပါပဲ။ ဒီကောင်တွေဟာ ရန်ကုန်ကို တစ်နည်းနည်းနဲ့လိုက်လာပြီး သူတို့ဒေါ်လာတွေကို မရရတဲ့နည်းနဲ့ ပြန်ရဖို့ ကြိုးစားမှာ အမှန်ပါပဲ"

တင်မောင်ဆွေသည် ဤသို့ စကားပလ္လင်ခံကာ သံဖြူဇရပ်အလွန်တွင် ရစ်ချက်ဝက်ဘ်တို့လူစုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပုံနှင့် ၄င်းတို့ထံမှသိရှိခဲ့ရသော အကြောင်းအရာများကို ပြန်လည်ပြောပြလိုက်သည်။

ဦးဘငြိမ်းကား တင်မောင်ဆွေပြောပြသော အကြောင်းအရာများတွင် တော်တော်ပင် စိတ်ဝင်စားလာတော့သည်။

"အေး… ဒီကောင်တွေဟာ ပထမကတော့ တို့မြန်မာပြည်က ငွေရှင်ကြေးရှင်တွေနဲ့ ပူးပေါင်းပြီး ဒေါ်လာငွေတွေနဲ့ မြန်မာငွေတွေကို ဗလောင်းဗလဲလုပ်ဖို့ ကြိုးစားခဲ့ကြတာပဲ။ သူတို့က မြန်မာပြည်ထဲကို ဒေါ်လာငွေငါးသောင်းဖိုး ဒေးဗစ်ဘလွင်ဆီကတစ်ဆင့် သွင်းမယ်။ ဒီငွေတွေကို မြန်မာပြည်က အရင်းရှင်ကြီးတစ်ယောက်ကသော်လည်းကောင်း၊ တစ်စုကသော်လည်းကောင်း လက်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ကာလကတ္တားက သူတို့ပိုင်တဲ့ ဆန်ရောင်းဝယ်ရေးကုမ္ပဏီကြီးတစ်ခုကို ရစ်ချက်ဝက်ဘ်တို့လူစုလက်ထဲ လွှဲပေးမယ်။ သူတို့ရထားတဲ့ ဒေါ်လာငွေတွေကို မြန်မာငွေနဲ့ ဗလောင်းဗလဲလုပ်ကြမယ်ပေါ့ကွာ။ တော်တော်ကို အကြံပက်စက်ကြတာပဲဟေ့'

'ဟုတ်တယ်လေ၊ ဒါကြောင့်လည်း ဒီကောင်တွေကို အမေရိကန်ဒေါ်လာငွေတွေနဲ့အတူ လက်ရဖမ်းမိဖို့ အရေးကြီးတယ်။ သူတို့ကို ဖမ်းမိရင် သူတို့နဲ့စတင်ဆက်သွယ်ခဲ့တဲ့ ဒေးဗစ်ဘလွင်ကိုယ်စားပြုတဲ့ မြန်မာပြည်က ငွေရှင်ကြေးရှင်ကြီး သို့မဟုတ် ငွေရှင်ကြေးရှင်တစ်စုဟာ ဘယ်သူဘယ်ဝါဆိုတာကို ဖော်ထုတ်ရမယ်'

ထို့နောက် တင်မောင်ဆွေက သူတို့၏ ရှေ့ခြေလှမ်းကို ဦးဘငြိမ်းနှင့် အသေးစိတ်တိုင်ပင်ရပြန်သည်။ ရစ်ချက်ဝက်ဘ်တို့လူစုသည် ဒေးဗစ်ဘလွင် ဝှက်ခဲ့သောသူတို့၏ဒေါ်လာငွေတွေကို ပြန်ယူရန် ရန်ကုန်သို့မုချရောက်လာကြမည်ဖြစ်ရာ၊ ၎င်းတို့ရောက်လာလျှင် ချက်ချင်းခြေရာခံမိဖို့ ဦးဘငြိမ်းက ၎င်း၏ အတော်ဆုံးအထောက်တော်များကို ရန်ကုန်မြို့အချက်အချာ နေရာများတွင် ပိုက်စိပ်တိုက်၍ ချထားမည်ဖြစ်သည်။ ရန်ကုန်ရဲဘက်နှင့် အထူးထောက်လှမ်းရေးဘက်နှင့်လည်း ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်၏။

နောက်တစ်နာရီအကြာတွင်ကား ရစ်ချက်ဝက်ဘ်တို့လူစုအတွက် ၎င်းတို့ ရန်ကုန်ရောက်လာလျှင်လည်းကောင်း၊ သို့မဟုတ် ရန်ကုန်သို့ရောက်နေခဲ့လျှင်လည်းကောင်း ဖမ်းဆီးရမိရန် ပိုက်ကွန်ကြီးကို ရန်ကုန်တစ်မြို့လုံးတွင် စဖြန့်စပြုပြီဖြစ်လေ၏။

သို့ရာတွင် သားကောင်များက ပိုက်ကွန်ကြီးထဲသို့ တိုးဝင်





လာဖို့ကိုကား သုံးရက်တိတိစောင့်ကြရလေသည်။

ထိုနေ့ နေ့လည်တွင် မော်လမြိုင်မှ ကိုကျင်ဟုတ်နှင့် စုံထောက်ကိုစိန်းမောင်တို့အသီးသီးထံမှ ဦးဘငြိမ်းနှင့် လုံခြုံရေးမှူးဦးသောင်းဖေတို့ထံသို့ သတင်းတစ်ခုက မရှေးမနှောင်း ရောက်ရှိလာကြသည်။

ကိုကျင်ဟုတ်သည် တင်မောင်ဆွေ၏တာဝန်ပေးချက်အရ မော်လမြိုင်တွင် ရစ်ချက်ဝက်ဘ်တို့လူစု၏ လှုပ်ရှားမှုသတင်းကို ကြိုးစား၍ ထောက်လှမ်းခဲ့ရာ နောက်ဆုံး၌ ၎င်း၏အဆက်အသွယ်ထံမှသတင်းတစ်ခု အတိအကျရခဲ့လေသည်။ အခြားမဟုတ် ရစ်ချက်ဝက်ဘ်တို့လူစုသည် ဂျူလတန်အာမက်နှင့် ပေါင်းမိသွားကြကာ တင်မောင်ဆွေ ရန်ကုန်သို့ပြန်သွားသည့်နေ့ကပင် ညနေဒီရေနှင့်အတူ စက်လှေကလေးတစ်စင်းဖြင့် ပင်လယ်ကမ်းခြေရွာကလေးတစ်ရွာမှထွက်ခွာသွားကြပြီ ဟူ၍ပင်တည်း။ စက်လှေမှာလည်း ဂျူလတန်အာမက်၏ တပည့်တစ်ယောက်ပိုင် စက်လှေဖြစ်လေသည်။

၎င်းတို့၏ ခရီးဦးတည်ချက်ကား ရန်ကုန်မြို့ပင်ဖြစ်ရပေမည်။ ယခုဆိုလျှင် သူတို့သည် ရန်ကုန်သို့ပင် ရောက်ချင်ရောက်နေပေတော့မည်။

ထိုသတင်းရသည်နှင့်တစ်ပြိုင်နက်ပင် ဦးဘငြိမ်း၏ခလုတ်နှိပ်မှုဖြင့် လျှို့ဝှက်ထောက်လှမ်းရေး အထောက်တော်များသည်လည်းကောင်း၊ မှုခင်းစုံစမ်းစစ်ဆေးရေးမှ ရဲဘော်များသည်လည်းကောင်း၊ အားလုံးအလုပ်ရှုပ်ကုန်ကြတော့သည်။

ရန်ကုန်ရေတပ်စခန်းမှ ရဲမော်တော်များဖြင့် ရန်ကုန်မြစ်ရိုးတစ်လျှောက် ဆိုက်ကပ်ထားသော ပင်လယ်သွားစက်လှေမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်စင်းမကျန်တက်ရောက်၍ စစ်ဆေးရှာဖွေကြည့်ကြသည်။ သို့ရာတွင် ရှုလတာန်အာမက်ကိုလည်းကောင်း၊ ရစ်ချက်ဝက်ဘ်ကို လည်းကောင်း အရိပ်အရောင်မျှရှာမတွေ့ကြချေ။

နံနက်မိုးလင်းကာနီးအချိန်တွင်မှ ပင်လယ်ဝတွင်စက်လှေ တစ်စင်းကိုသွားကြံ့ရပြီး လှပချောမွေ့သော်လည်း မျက်နှာတွင်ဒဏ် ရာရထားသည့် တရုတ်ကပြားမတစ်ယောက်ပါဝင်သော လူတစ်စု ကို ဒလဆိပ်ကမ်းတွင်ချပေးခဲ့ရသော မော်တော်တစ်စင်းကို အထူး ထောက်လှမ်းရေးနှင့် ဆိပ်ကမ်းရဲတို့ပူးပေါင်းရှာဖွေ တွေ့ရှိကြရသည်။

ချက်ချင်းပင် ဒလဆိပ်ကမ်း၌ မွှေနှောက်စစ်ဆေးပြန်ရာ ထိုလူစုကိုပင် ညောင်တန်းဆိပ်ကမ်းသို့ ပို့ပေးခဲ့ရသော သမ္ဗာန်ကူ လား ခေါ်တော့နှစ်ယောက်ကို တွေ့ရပြီး ရစ်ချက်ဝက်ဘ်နှင့် ရှုလတာန် အာမက်တို့လူသိုက်သည် ညကတည်းကပင် ရန်ကုန်၌ ခြေချပြီးကြောင်း ကြောင်းကို သိကြရတော့သည်။

ဤအတိုင်းဆိုပါက ၎င်းတို့သည် ၂၄နာရီတိတိဦးနေပြီ ဖြစ်လေရာ ဒေးဗစ်ဘလွင်က ဝှက်ထားသော ဒေါ်လာငွေတွေကို ၎င်းတို့ကရှာဖွေတွေ့ရှိသွားကြပြီလော...

လုံခြုံရေးမှူးကိုသောင်းဖေက ရန်ကုန်မြို့ရှိ တည်းခိုခန်း ဟော်တယ်ခန်းမှန်သမျှကို ပိုက်စိပ်တိုက်စစ်ရန် ရဲတပ်စုများခွဲ၍ တာဝန်ပေးလိုက်သည်။

နံနက် ၇-နာရီခွဲခန့်တွင်ကား မှုခင်းစုံစမ်းစစ်ဆေးတပ်ဖွဲ့ ရှိ ကိုသောင်းဖေ၏ရုံးခန်းသို့ ပထမဦးဆုံး တိကျသည့်သတင်းပို့ ချက်ကရောက်ရှိလာသည်။

'၂၂-လမ်းထဲက တရုတ်လော့ဂျင်းတစ်ခုမှာ မနေ့ည





ကတည်းက စုံတွဲတစ်ခု ရောက်နေတယ်တဲ့ဆရာ၊ ရောက်ပြီး အခန်း ထဲကတည်းက အပြင်ကိုမထွက်ဘဲ အခန်းအောင်းနေခဲ့တယ်တဲ့။ ပံ့ပန်းသဏ္ဌာန်ကို မေးကြည့်တော့ ယောကျ်ားကအသားမဲမဲနဲ့ စကား ပြောရင် မြိတ်သံဝဲတယ်တဲ့၊ မိန်းမကတော့ အသားဖြူဖြူ ရုပ်တော် တော်လှသတဲ့။ တရုတ်ကပြားမတစ်ယောက်နဲ့တူသတဲ့၊ မျက်နှာမှာ ညိုမည်းနေတဲ့ ဒဏ်ရာလေးတွေရှိသတဲ့။ ဘယ့်နှယ့်လဲ ကိုတင် မောင်ဆွေ'

ကိုသောင်းဖေက သူ့ထံလျှောက်လာနေသော တင်မောင် ဆွေအား ရရှိထားသောသတင်းပို့ချက်ကို ပြောပြကာ ထင်မြင်ချက် ပေးလိုက်သည်။ တင်မောင်ဆွေကတော့ မျက်လုံးများဝင်းလက်လာ ကာ စားပွဲကို လက်သီးဆုပ်ဖြင့်အသာ ထုလိုက်သည်။

'သေချာတာပေါ့ ကိုသောင်းဖေ၊ မြိတ်သားသန်းမောင် နဲ့ မာရီချိုတို့သာဖြစ်ရမှာပေါ့။ ကဲ... ကျွန်တော်ကိုယ်တိုင် လိုက် သွားမယ်ဗျို့'

တင်မောင်ဆွေက ပြောပြောဆိုဆို ထိုင်ရာမှထလိုက်သည်။

'ဟော့ကောင် ဖိုးဆွေ နေဦးလေကွာ ငါလည်း လိုက်မှာ ပေါ့ကွ'

ရဲကားတစ်စင်းက ၂၂လမ်းရှိ တရုတ်လော့ဂျင်းသို့ သူတို့ နှစ်ယောက်ကို ဆယ်မိနစ်အတွင်း အရောက်ခေါ်ဆောင်သွားလေ သည်။ ကိုသောင်းဖေ၏ စီစဉ်ချက်အရ ဟော်တယ်ပတ်ဝန်းကျင်ကို လက်နက်ကိုင်ရဲများက ဝိုင်းထားပြီးဖြစ်နေသည်။ လော့ဂျင်းထဲတွင် ရောက်နေသော မြိတ်သားသန်းမောင်နှင့် မာရီချိုသည် မြေလွတ် နိုင်တော့မည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့အား အရှင်လတ်လတ် လက်ရဖမ်းဆီးမိဖို့သာ ကျန်ပေတော့သည်။

တင်မောင်ဆွေနှင့် ကိုသောင်းဖေတို့က လော့ဂျင်းထဲသို့ ဝင်ခဲ့ကြကာ ပထမဦးဆုံးအောက်ထပ်ရှိ လော့ဂျင်းစာရေးနှင့်တွေ့ဆုံလေသည်။

'သူတို့နှစ်ယောက် သိပ်အခရေမမှန်ဘူး ဆရာကြီးတို့။ ဒီမှာလာစည်းကတည်းက အီးအခန်းထဲက တစ်ခါမှမထွက်တော့ဘူး။ ထမင်းဟင်းတွေကို အခန်းထဲပို့ပေးရတယ်။ ထမင်းသွားပို့တဲ့ ကောင်ကလေးကပြောလယ်၊ မီးမငိုနေတာကို တွေ့ရခယ်တဲ့...'

'သူတို့ကို ဘယ်သူတွေ လာတွေ့သေးသလဲ...'

'အား... ဘယ်သူမှမလာဘူး ဆရာကြီး။ ဒါပေမဲ့ တယ်လီဖုန်းတော့လာတယ်။ တီခါလာတယ်။ ဗူ့ကိုသွားခေါ်ပေးရလယ်'

'အခု သူတို့ရှိသလား...'

'ရှိတာပေါ့ ဆရာကြီး၊ ခုနကပဲ ကောင်ကလေး ကော်ဖီနဲ့မုန့်သွားပို့ရတယ်'

တင်မောင်ဆွေက ကိုသောင်းဖေအား စိတ်မရှည်သည့်အမူအရာဖြင့် လှမ်းကြည့်လိုက်သည်။

'ကဲ... ကိုသောင်းဖေ၊ ခင်ဗျားတို့ ဒီမှာစောင့်နေခဲ့ဗျာ။ ကျုပ် ဒီကောင်ကိုတက်ဆွဲမယ်'

ကိုသောင်းဖေက အပေါ်ထပ်သို့တက်သည့် လှေကားဆီသို့ ခြေလှမ်းလိုက်သော တင်မောင်ဆွေ၏ လက်မောင်းကို ကပျာကယာ လှမ်းဆွဲလိုက်သည်။

'ဟော့ကောင် မင်းတစ်ယောက်တည်းသွားလို့ ဖြစ်ပါ့မလား





ကွ။ သူရင်လည်း သေရင်သေ၊ မင်းရင်လည်းသေရင်သေမှာ ဒီကောင့်ကို ငါတို့က အရှင်လိုချင်တာနော်... ငါပါလိုက်ခဲ့မယ်'

လော့ဂျင်းစာရေးတရုတ်ကြီး ပြောပြလိုက်သည့် အခန်းအမှတ်(၈)ထဲသို့ တင်မောင်ဆွေနှင့် ကိုသောင်းဖေတို့က ရင်ပေါင်တန်းကာ လှေကားမှတက်ခဲ့ကြသည်။ အခန်းအမှတ်(၈)သည် လော့ဂျင်း၏နောက်ဘက်ကျကျ ချောင်အကျဆုံးနေရာတွင် ဖြစ်လေသည်။ စင်္ကြံမှာ အင်္ဂလိပ်အက္ခရာ အယ်(ယ်)ပုံသဏ္ဌာန်ဖြစ်ရာ အခန်းအမှတ်(၈)သည် အယ်(လ်)အက္ခရာ၏ အောက်ခြေတွင် သူတစ်ဦးတည်းသီးသန့်နေသည်။

တင်မောင်ဆွေနှင့်ကိုသောင်းဖေက ထိုအောက်ခြေအဆစ်ချိုးထဲသို့ ခြေသံမကြားအောင် ဝင်ခဲ့ကြကာ အခန်းတံခါး၏ တစ်ဖက်တစ်ချက်တွင် ကျောကပ်၍ရပ်လိုက်ကြသည်။ အခန်းတံခါးကား မြဲမြဲစွာပိတ်ထားလျက် ရှိနေသည်၊ အတွင်းမှလည်း ဘာသံမှ မကြားရ။

တင်မောင်ဆွေက ကိုသောင်းဖေအား မိမိကတံခါးကိုကန်ဖွင့်မည်ဖြစ်ပြီး နှစ်ယောက်သား ပြိုင်တူအခန်းထဲသို့ ခုန်ဝင်ကြမည်ဟု လက်ဟန်ခြေဟန်ဖြင့် အသိပေးလိုက်သည်။ ထို့နောက် အသီးသီးကိုယ့်သေနတ်ကိုယ်ဆွဲထုတ်ကာ အသိပေးလိုက်ကြသည်။

တင်မောင်ဆွေက အသက်ကို ပြင်းစွာရှူလိုက်ကာ တံခါးရှေ့သို့ ဖျတ်ခနဲအရင်ကူးလိုက်ပြီး ညာခြေထောက်မြှောက်ကာ ရှူးဖိနပ်ခွာဖြင့် တံခါးကိုတစ်ချက်တည်း ဆောင့်ကန်ထည့်လိုက်သည်။ တံခါးသည် ဝုန်းခနဲပွင့်ထွက်သွားသည်နှင့်တစ်ပြိုင်နက် လက်ထဲက သေနတ်ကို အသင့်ကိုင်ကာ အခန်းထဲသို့ ခုန်ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေက လက်ထဲတွင် သေနတ်အဆင်သင့်ဖြင့် သူ့ဘေးက ပါလာ၏။

မာရီချို့သည် သံကုတင်ပေါ်တွင် မှောက်လျက်သား အိပ်နေရာမှ အလန့်တကြား ထထိုင်လိုက်သည်။ သူမသည် ခါးထက်တွင် ဘရာစီယာကလေးတစ်ခုသာ ဝတ်ထားရာ ဖြူဝင်းသော ကိုယ်အထက်ပိုင်းတစ်ခုလုံးကို မြင်ရနိုင်၏။ ခါး၏အောက်ပိုင်းတွင်တော့ စောင်ပါးကလေးတစ်ထည်ဖြင့် ရစ်ပတ်ထားသည်။

မြိတ်သားသန်းမောင်ကတော့ ကြိမ်ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည်။ အခန်းတံခါးက ရုတ်တရက် ပွင့်ထွက်သွားပြီး တင်မောင်ဆွေနှင့် ကိုသောင်းဖေတို့က သေနတ်ကိုယ်စီဖြင့် ခုန်ဝင်လာကြလျှင် ၄င်းသည် ခေတ္တကြာမျှ ကြောင့်နေပြီးမှ ချက်ချင်းခုန်ထကာ သူ့ဘေးရှိစားပွဲတွင် အသင့်တင်ထားသော ပြောင်းတိုခြောက်လုံးပြူးကလေးဆီသို့ လက်လှမ်းလိုက်သည်။

'ဟေ့ မြိတ်သား မင်း ဒီနေရာမှာတင် ဦးနှောက်ပွင့်သေချင်ရင် အဲဒီသေနတ်ကို လက်နဲ့ထိကြည့်လိုက်စမ်း'

တင်မောင်ဆွေက ၎င်း၏လက်ထဲမှ လူဂါသေနတ်ပြောင်းဝကို မြိတ်သားသန်းမောင်၏နဖူးတည့်တည့်သို့ ချိန်ထားလိုက်ရာက တည်ငြိမ်စွာ ပြောလိုက်သည်။

မြိတ်သားသည် တင်မောင်ဆွေ၏ အေးစက်မာကျောသော မျက်နှာကိုကြည့်ကာ သေနတ်ဆီသို့လှမ်းနေသော လက်ကိုလမ်းခုလတ်တွင်ပင် တုံ့ခနဲရပ်ပစ်လိုက်သည်။ ကိုသောင်းဖေက စားပွဲဆီသို့လျှောက်သွားကာ သေနတ်ကိုကောက်ယူပြီး ဘောင်းဘီအိတ်ထဲထိုးထည့်လိုက်သည်။ ပြီးလျှင် လျင်မြန်စွာပင် မြိတ်သား၏





လက်ကောက်ဝတ်နှစ်ဖက်ကို ကျောက်ခနဲ လက်ထိပ်ခတ်ပစ်လိုက်သည်။

မာရီချို့က ရင်ဘတ်ကိုလက်နှစ်ဖက်ယှက်တင်လျက် ကုတင်ပေါ်တွင် ထိုင်နေရာက၊ သူတို့အား စူးစိုက်ကြည့်ကာ ရုတ်တရက် ငိုချလိုက်သည်။

'ငိုမနေပါနဲ့လေ၊ ခင်ဗျားကို ကျုပ်တို့ရှာတွေ့ရတာ ကံကောင်းတယ်မှတ်၊ ထောင်ထဲသွားရမှာ သေချာပေတဲ့ အမိ လူ့လောကကြီးမှာ ဆက်နေရဦးမှာ'

တင်မောင်ဆွေက ငိုပွဲဆင်နေသော မာရီချို့အား အကြင်နာကင်းမဲ့စွာ ပြောလိုက်သည်။

'ကဲ… ကုတင်ပေါ်က ဆင်းစမ်း'

'ကျွန်မ… ကျွန်မ… အဝတ်ဝတ်ပါရစေဦး'

'ဝတ်လေ… မြန်မြန်ဝတ်'

ကိုသောင်းဖေက စိတ်မရှည်ဘဲ ခပ်ဆတ်ဆတ်ပြောလိုက်သည်။

မာရီချို့သည် ကုတင်ခြေရင်းတွင် လှမ်းထားသောထဘီနှင့် ဘလောက်စ်အင်္ကျီကို လှမ်းယူလိုက်သည်။ ကိုသောင်းဖေကား သူမအား ကျောပေးရပ်နေလိုက်သော်လည်း တင်မောင်ဆွေကတော့ အလစ်မပေးဘဲ သူမအား ကြည့်နေလိုက်သည်။

အကျဉ်းသားနှစ်ယောက်သည် ဌာနချုပ်သို့ ပြန်ခေါ်ခဲ့သည့် အတွင်းစကားတစ်ခွန်းမှ မပြောကြ။ မျက်နှာမှုန်တေတေကြီးတွေနှင့် တိတ်ဆိတ်လိုက်ပါလာကြသည်။

ဌာနချုပ်သို့ရောက်လျှင် မြိတ်သားသန်းမောင်အားတစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



မာရီချိုအားတစ်ခန်းခွဲလျက် စစ်မေးကြသည်။ မာရီချိုအား တင်မောင်ဆွေကိုယ်တိုင်က စစ်မေးသည်။ သူသည် စားပွဲပေါ်တွင် တက်ထိုင်လိုက်ရာက စီးကရက်တစ်လိပ်ကို မီးညှိလိုက်ကာ စီးကရက်မီးခိုးများကြားက မာရီချိုအား ကြည့်လိုက်သည်။

‘ကျွန်မအတွက် ဝတ်လုံတစ်ယောက် ငှားချင်တယ်’

‘ငှားချင်ရင်လည်း ရပါတယ်လေ။ ဒါပေမဲ့ အခုလောလောဆယ်ဆယ်မှာတော့ မလိုသေးပါဘူး။ ခုလောလောဆယ်ဆယ် ခင်ဗျားအတွက်အကောင်းဆုံးက အစိုးရသက်သေလုပ်ဖို့ပဲ၊ ဖော်ကောင် ဆိုပါတော့။ ခင်ဗျားရုပ်ရည်မျိုးနဲ့ ထောင်ထဲမှာသွားနေရမှာ နှမြောစရာကြီးပဲဗျာ’

မာရီချို၏မျက်လုံးများက အရောင်တောက်လာကြသည်။ တင်မောင်ဆွေစကားများကြောင့် သူမက မျှော်လင့်ချက်တက်လာဟန်ရှိသည်။

‘ကျွန်မအစိုးရသက်သေလုပ်ရင်၊ ရှင်တို့က ကျွန်မကို လွှတ်မှာလား’

‘ဒါကိုရုံးတော်က ဆုံးဖြတ်မှာပေါ့။ ဒါပေမဲ့ ထုံးစံအတိုင်းဆိုရင်တော့ အစိုးရသက်သေလုပ်တဲ့လူတွေကို ရုံးတော်ကသက်သက်ညှာညှာစဉ်းစားတတ်တာပဲ။ ခင်ဗျားကို လွှတ်ဖို့က လမ်းများပါတယ်’

‘ကျွန်မက ဘာပြောရမှာလဲရှင့်’

‘ရစ်ချက်ဝက်ဘ်တို့လူစုနဲ့ စူလတန်အာမက်တို့ အခုဘယ်မှာရှိနေကြတယ်ဆိုတာကို အရင်ဦးဆုံးပြောပြပါ’

မာရီချိုက မျက်နှာကလေးပြန်ငယ်သွားကာ ခေါင်းကလေးကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

‘အဲဒါကိုတော့ ကျွန်မလည်း မသိပါဘူးရှင်။ ကျွန်မ အမှန်ပြောတာပါ။ ကျွန်မသိရင် ပြောပြမှာပေါ့’

‘ရစ်ချက်ဝက်ဘ်က ဒေါ်လာငွေတွေဘယ်မှာ ဝှက်ထားခဲ့တယ်ဆိုတာကို သူတို့သိသွားကြပြီလား’

မာရီချို၏မျက်နှာတွင် သွေးရောင်ကလေးများ ပြန်လျှမ်းတက်လာကြသည်။

‘အဲဒါကို သူတို့မသိကြသေးဘူးလို့ ကျွန်မတော့ ထင်တာပဲ။ သူတို့ ငွေရှာရရင် ကျွန်မတို့ဆီကို ပြန်လာမှာပေါ့’

‘ဩော်… သူတို့က ပြန်လာမယ်လို့ ပြောသွားသလား’

‘ဟုတ်တယ် သူတို့က ကျွန်မကို ဟိုမြိတ်သားလက်ထဲမှာ အပ်ခဲ့ကြတယ်။ ပြီးတော့ သူက ပြောတယ်။ သူတို့ငွေတွေရှာရရင် ကျွန်မကိုပြန်လာခေါ်မှာတဲ့၊ သူတို့က ကျွန်မကို သတ်ပစ်ကြမလို့ ဆိုတာ ကျွန်မသိတာပေါ့’

‘လှော်ကျင်းမှာ အရပ်ဝတ်အရပ်စားနဲ့ ငါ့လူတွေအစောင့်ထားခဲ့တယ်ကွာ’

ကိုသောင်းဖေက တင်မောင်ဆွေအား တီးတိုးပြောလိုက်သည်။

‘ခင်ဗျားကို သတ်ပစ်မယ့်လူတွေကို ခင်ဗျားက အကာအကွယ်ပေးစရာအကြောင်း ဘာမှမရှိဘူးပေါ့ မာရီ၊ ကဲ… ကျွန်တော် အခုမေးဦးမယ်။ ဘဏ်တိုက်ဆေ့ဖ်ကီဒက်ပိုဇစ်ဘောက်(စ်) ထဲက ခင်ဗျားထုတ်ယူသွားတဲ့ ဒေးဗစ်ဘလွင်ရဲ့ အထုပ်ဟာကော အခု ဘယ်မှာလဲ…’







www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဘဏ်တိုက်ထဲမှာပဲ ပြန်အပ်ထားခဲ့ပါတယ်။ တခြားနာမည်နဲ့ပေါ့။ ဒီအစုရှယ်ယာလက်မှတ်တွေဟာ ကျွန်မအတွက် တန်ဖိုးမရှိတော့ပါဘူး။ ရစ်ချက်ဝက်ဘ်တို့အတွက်သာ တန်ဖိုးရှိတာပါ။ ဒီအစုရှယ်ယာတွေ ပြန်ထုတ်ပေးလိုက်ဖို့အတွက်ပဲ သူတို့က ကျွန်မကို မသတ်သေးတာရှင့်…'

'ဟုတ်ပြီ ဒီအစုရှယ်ယာလက်မှတ်တွေကို ဒေးဗစ်ဘလွင်က မူလက ဘယ်ကရလာခဲ့တာလဲ။ သူ့အလုပ်ရှင် ဂီးလ်ဘတ်သွင်ဆီကပဲမဟုတ်လား'

မာရီချိုက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ဒီအစုရှယ်ယာတွေကို ဂီးလ်ဘတ်သွင်ကပိုင်ပါတယ်။ သူက နိုင်ငံခြားတွေနဲ့ အဆက်အသွယ်ရှိနေတဲ့ မြန်မာသူဌေးကြီးပဲပေါ့။ ဒေးဗစ်က သူ့လူယုံတော်ပဲ။ ကာလကတ္တားမှာ ဆန်ရောင်းဝယ်ရေးကုမ္ပဏီဖွင့်တော့ သူဟာ အဲဒီကုမ္ပဏီရဲ့ မြန်မာပြည်အတွက် တစ်ဦးတည်း ဆန်အဝယ်တော်ကြီးပေါ့။ ဒါနဲ့ သူဟာ ကုမ္ပဏီမှာ အစုရှယ်ယာတွေ တော်တော်များများ ပါခဲ့ပါတယ်။ အခု ဒီကုမ္ပဏီကို မူလတည်ထောင်ခဲ့တဲ့ လူတွေက ရစ်ချက်ဝက်ဘ်နဲ့ အာရ်ဘိုရှ်တို့လက်ထဲကို လုံးဝ ထိုးအပ်လိုက်ကြတယ်။ ရစ်ချက်ဝက်ဘ်နဲ့ အာရ်ဘိုရှ်တို့က ဒီကုမ္ပဏီကို လက်ဝါးကြီးအုပ်ထားချင်လို့ ဂီးလ်ဘတ်သွင်ဆီကို သူပိုင်ထားတဲ့ ရှယ်ယာတွေကို ရောင်းဖို့ စကားကမ်းလှမ်းခဲ့တယ်။ ဒါနဲ့ ဂီးလ်ဘတ်သွင်က အမေရိကန်ဒေါ်လာငွေငါးသောင်း တောင်းတော့ ရစ်ချက်ဝက်ဘ်တို့က သဘောတူပြီး ဒေါ်လာငွေနဲ့ အစုရှယ်ယာလက်မှတ်တွေကို စင်္ကာပူမှာ အလဲအလှယ်လုပ်ဖို့ သဘောတူညီခဲ့ကြတာပဲ။ အမှန်ကတော့





ဂီးလ်ဘတ်သွင်ဟာ သူ့ အစုရှယ်ယာလက်မှတ်တွေကို ရစ်ချက်ဝက်ဘ်တို့ လက်ထဲကိုပေးဖို့ မရည်ရွယ်ခဲ့ပါဘူး။ ကျွန်မဟာ တကယ်တော့ သူ့လျှိုပါပဲ။ ရစ်ချက်ဝက်ဘ်တို့လူစုကို ကျွန်မကအယုံသွင်းပြီး စင်္ကာပူကိုအရခေါ်ကာ ဟိုကျတော့ ကျွန်မရဲ့အကူအညီနဲ့ ဒေါ်လာငွေတွေကို ဒေးဗစ်ဘလွင်ကခိုးပြီး မြန်မာပြည်ကို စူလတန်အာမက်ရဲ့ စက်လှေနဲ့ တိတ်တိတ်ကလေးပြန်လာခဲ့တာပဲ။ ဒါပေမဲ့ စူလတန်အာမက်က ဒီကိစ္စမှာ အတင်းပါလာပြီး ရှယ်ယာဝေစုတောင်းတာမှာ၊ ဒေးဗစ်ခမျာ အသတ်ခံရပြီး ဓာတ်က ရှုပ်ကုန်တော့တာပါပဲရှင်'

'ဒါပေမဲ့ ဒေးဗစ်ဘလွင်ဟာ ရန်ကုန်ပြန်ရောက်ရောက်ချင်း ဂီးလ်ဘတ်သွင်ဆီကို မသွားခဲ့ပါဘူး။ အဲဒါက ဘာသဘောလဲ'

'ဒေးဗစ်နဲ့ ကျွန်မ ဂီးလ်ဘတ်သွင်ကို တစ်ပတ်ရိုက်ဖို့ကြံစည်ခဲ့ကြပါတယ်ရှင်။ ဒေါ်လာငွေတွေကို သူ့ဆီမအပ်တော့ဘဲ ကျွန်မတို့ ယူထားပြီးဟောင်ကောင်ကို ပြေးကြဖို့ စီစဉ်ထားကြပါတယ်။ ဂီးလ်ဘတ်သွင်ကိုတော့ တင်နန်းသီကတဆင့် သူ့အစုရှယ်ယာလက်မှတ်တွေ ပြန်ပေးဖို့ ရည်ရွယ်ခဲ့ပါတယ်'

တင်မောင်ဆွေက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်သည်။ စင်္ကာပူမှပြန်ရောက်လာပြီးနောက် ဒေးဗစ်ဘလွင်၏ အသွားအလာ အပြုအမူတွေမှာ ယခုတော့ ရှင်းလင်းလျက် အဓိပ္ပာယ်ရှိလာခဲ့ချေပြီ…

'ဒါကြောင့် သူဟာ မော်လမြိုင်ကိုသွားပြီး အစုရှယ်ယာတွေပါတဲ့ အထုပ်ကို ဂီးလ်ဘတ်သွင်နာမည်သုံးလို့ တင်နန်းသီဆီမှာ အပ်ထားခဲ့တယ်။ သူ့မူလရည်ရွယ်ချက်က သူက ဒီအထုပ်ကို သွားမယူဘဲထားလိုက်ဖို့ပဲ၊ သူလာမယူတဲ့အခါမှာ တင်နန်းသီက ဂီးလ်

www.burmeseclassic.com



ဘတ်သွင်သီကို လှမ်းအကြောင်းကြားရင်ကြား ဒါမှမဟုတ် အထုပ်ကို ပို့ပေးလိမ့်မယ်လို့ သူက ယူဆခဲ့ပါလိမ့်မယ်'

'ဒီလိုဆို ဘာဖြစ်လို့ သူက တင်နန်းသီကို ရန်ကုန်ကို အထုပ်ယူလာခိုင်းရတာလဲကွာ'

ကိုသောင်းဖေက တင်မောင်ဆွေ၏တွေးခေါ်ယူဆချက်ကို စောဒက ဝင်တက်လိုက်သည်။ တင်မောင်ဆွေက မာရီအား အဓိပ္ပာယ်ပါပါကြည့်လိုက်ရာ သူမက ဝင်အဖြေပေးလိုက်သည်။

'ဒေးဗစ်ဟာ မော်လမြိုင်က ပြန်လာပြီးတော့ ရှစ်မိုင်က တရုတ်ဖော်တယ်တစ်ခုမှာ အသာသွားခိုနေခဲ့ပါတယ်။ ကျွန်မကသူ့ကို အဲဒီမှာသွားတွေ့တော့ ဒေါ်လာတွေနဲ့ ဟောင်ကောင်ကို သွားဖို့ အစီအစဉ်ဟာ မလွယ်ဘူးလို့ ပြောတယ်။ ဇူလတန်အာမက်က သူ့နောက်ကို တကောက်ကောက်လိုက်နေပြီတဲ့။ သူတစ်ယောက်တည်း ဇူလတန်အာမက်ကို ရင်ဆိုင်လို့ မဖြစ်တော့ သူ့ဆရာဂီးလ်ဘတ်သွင်ကို ပြန်ချဉ်းကပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူက ဂီးလ်ဘတ်သွင်နဲ့ ပြန်စေ့စပ်ရေးလုပ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ ဒေါ်လာငွေတွေထဲက တစ်ဝက်တိတိနဲ့ အစုရှယ်ယာလက်မှတ်တွေကို ဂီးလ်ဘတ်သွင်ကို ပြန်ပေးမယ်။ ဒီအတွက် ဂီးလ်ဘတ်သွင်က ကျွန်မတို့နှစ်ယောက်ကို ဇူလတန်အာမက်ရဲ့ ရန်က ကာကွယ်ပေးပြီး ဟောင်ကောင်ကို သွားနိုင်ဖို့စီစဉ်ပေးရမယ်တဲ့လေ။ ဒါနဲ့ သူက တင်နန်းသီကို ခေါ်လိုက်တာပါ'

တင်မောင်ဆွေသည် မာရီချို၏ စကားများကို နားထောင်ရက ရုတ်တရက် ခေါင်းထဲသို့ စိတ်ကူးတစ်ခုက ဝင်ရောက်လာတော့သည်။





'သူဟာ အဲဒီရှစ်မိုင်ဟော်တယ်မှာ တည်းနေရင်းပဲ အသက်ခံခဲ့ရတာနော်။ ပြီးတော့ သူဟာ တင်နန်းသီကို အစုရှယ်ယာလက်မှတ်ထုပ်ကို အပ်ခဲ့ရုံသာမကဘူး။ ဒေါ်လာငွေတွေဝှက်ထားတဲ့ တစ်နေရာရာက သော့ကိုလည်း တင်နန်းသီရဲ့ကားအောက်မှာ ဝှက်ထားခဲ့သေးတယ်။ ဒါပေမဲ့ တင်နန်းသီကိုခေါ်တော့ အထုပ်ကိုသာပြန်ယူလာခိုင်းခဲ့တယ်။ ငွေတွေဝှက်ထားတဲ့ သေတ္တာသော့ကိုတော့ ယူမလာခိုင်းဘူး'

'မင်း ဘာဆိုလိုတာလဲ တင်မောင်ဆွေ'

'နေဦးလေ၊ ကျွန်တော်လည်း တွေးကြည့်နေတာဗျ။ အဲဒီအချိန်တုန်းက ဒေးဗစ်ဘလွင်ရဲ့ နေရာကိုခင်ဗျားဝင်ကြည့်စမ်း၊ သူ့လက်ထဲမှာ အမေရိကန်ဒေါ်လာငွေငါးသောင်းက ရှိနေပြီး၊ ဒီငွေတွေနဲ့အတူ ဟောင်ကောင်ကိုထွက်ပြေးဖို့ သူက စီစဉ်နေတယ်။ ဒါပေမဲ့ ဇူလတန်အာမက်က သူ့ကို လိုက်နှောင့်ယှက်နေတယ်။ ဒီတော့ သူဟာ ဇူလတန်အာမက်ရဲ့ ရန်ကိုရှောင်နိုင်ပြီး ဟောင်ကောင်ကို သွားနိုင်ဖို့ သူ့ဆရာဟောင်း ဂီးလ်ဘတ်သွင်ကို ပြန်ကပ်ရမယ်။ ဒါပေမဲ့ သူကသတိထားပြီး ကပ်ရမှာပေါ့။ ပထမအစုရှယ်ယာလက်မှတ်တွေကို ပြန်ပေးပြီး သူ့ဆရာဆီက အကူအညီတောင်းမယ်။ သူ့ဆရာက အကူအညီပေးဖို့ သဘောတူမှ၊ တင်နန်းသီရဲ့ကားအောက်မှာ သော့ဝှက်ထားခဲ့တာကို ပြောပြဖို့တဆင့်ပြီးတဆင့် ကြံစည်ခဲ့ပါလိမ့်မယ်'

'ဒီတော့ကော'

'သူအသတ်ခံရချိန်မှာ သူဟာ ရှစ်မိုင်ဟော်တယ်မှာပဲ တည်းနေတယ်နော်။ ဒီတော့ကော သူ့ခိုးလာခဲ့တဲ့ငွေတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အလှမ်းနီးနီးနေရာမှာပဲ ထားခဲ့ရမှာပဲဗျ'

ကိုသောင်းဖေက စိတ်အားထက်သန်မှုကို ပြလာတော့သည်။

'ဘာလဲ… တင်မောင်ဆွေ၊ မင်းဆိုလိုတာက ဒေးဗစ်ဘလွင်ဟာ သူတည်းခဲ့တဲ့ ရှစ်မိုင်ဟော်တယ်က တစ်နေရာရာမှာပဲ ဒီဒေါ်လာငွေတွေကို ဝှက်ထားခဲ့တယ်လား…'

'အတပ်တော့ ဘယ်ပြောနိုင်မလဲဗျ။ ဒါပေမဲ့ အဲဒီကိုသွားစုံစမ်းကြည့်ရင်တော့ မှားမယ်မထင်ဘူး'

ကိုသောင်းဖေက ချက်ချင်းပင် သူ့ဦးထုပ်ကိုကောက်ဆောင်းလိုက်ကာ ထိုင်ရာမှထလိုက်သည်။

'ဒီလိုဆိုလည်း သွားကြစို့လေ'

❖ ❖ ❖



# အခန်း - ၁၆

တင်မောင်ဆွေ၏ တွေးခေါ်တွက်ချက်မှုက မှန်နေသည်။ သို့ရာတွင် သူတို့က မိနစ်နှစ်ဆယ်မျှနောက်ကျသွားခဲ့လေပြီ။

ရှစ်မိုင်ဟော်တယ်စာရေးက သူတို့အား ရှင်းပြသည်။

'ကျွန်တော်တို့ဆီမှာ အခန်းလည်းငှားပါတယ်။ ပြီးတော့ လော့ကာ ဗီရိုကလေးတွေကိုလည်း ငှားပါတယ်။ လော့ကာဗီရိုကလေးငှားချင်တဲ့လူကို ကျွန်တော်တို့ကလော့ကာသော့ ပေးထားပါတယ်။ သူတို့က လော့ကာထဲမှာ သူတို့သိမ်းချင်တဲ့ပစ္စည်း သိမ်းထားဖို့ပါပဲ'

'ဟုတ်ပြီ၊ ဒါကို တို့နားလည်ပါတယ်။ ဟိုအရင် နှစ်ပတ်လောက်တုန်းက မင်းတို့ဆီမှာလာတည်းဖူးတဲ့ ကပြားတစ်ယောက်က လော့ကာတစ်ခု ငှားထားခဲ့တယ်။ သော့နံပါတ်ကတော့ ၁၂ပဲ။ အဲဒီလော့ကာကို ငါတို့ ဖွင့်ကြည့်ချင်တယ်'

ဟော်တယ်စာရေးက ပခုံးနှစ်ဖက်တွန့်ပြလိုက်သည်။

'ဟာ… ဆရာတို့ နောက်ကျသွားပြီ။ ဆရာတို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



မလာခင် မိနစ်နှစ်ဆယ်လောက်ကပဲ အဲဒီလော့ကာကို လူတစ်ယောက်က လာဖွင့်သွားပြီဆရာ၊ သူ့မှာ သော့ပါလာတယ်'

ကိုသောင်းဖေခမျာ မချင့်မရဲတောက်ခေါက်လိုက်မိတော့သည်။

'အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကကော…'

တင်မောင်ဆွေက လိုရင်းကို မေးကြည့်လိုက်ရာ ဟော်တယ်စာရေးပြောပြသော ပုံပန်းသဏ္ဌာန်အရ ထိုလူမှာ စုလတန်အာမက်ကိုယ်တိုင် ဖြစ်နေကြောင်း သိလိုက်ရတော့၏။

'သူနဲ့အတူ ဘယ်သူတွေပါလာသေးသလဲ'

'သူက ပရိုက်ဗိတ်ကားတစ်စီးနဲ့ လာတာဆရာ။ ကားထဲမှာ လူသုံးယောက်ပါလာတာ ကျွန်တော်တွေ့လိုက်ရတယ်။ ကုလားနှစ်ယောက်နဲ့ ကပြားတစ်ယောက်ပဲ'

ကိုသောင်းဖေက မချင့်မရဲ တောက်တစ်ချက် ထပ်ခေါက်လိုက်ပြန်၏။

'တောက်…။ မိနစ်ပိုင်းကလေးလွဲသွားတယ်ကွာ။ မင်းကလည်း စောစောက စဉ်းစားမိရောပေါ့ တင်မောင်ဆွေ…'

'ကားနံပါတ်ကိုကော ခင်ဗျား မှတ်မိလိုက်သလား'

တင်မောင်ဆွေ၏မေးမြန်းချက်ကို ဟော်တယ်စာရေးက ခေါင်းခါပြလိုက်သည်။

'မမှတ်မိလိုက်ဘူး ဆရာ။ ဆလွန်းကား အနက်တစ်စီးပဲ။ ဗောက်ဆောနဲ့တူတာပဲ'

'ထားပါတော့၊ အဲဒီလူက လော့ကာထဲက ဘာထုတ်ယူသွားတယ်ဆိုတာကိုကော မင်းတွေ့လိုက်ရသလား'





ဒီတစ်ခါတော့ ဟော်တယ်စာရေးက ခေါင်းညိတ်ပြလိုက်သည်။

'ခရီးဆောင် လက်ဆွဲသားရေအိတ်နှစ်လုံး ဆရာ'

တင်မောင်ဆွေတို့က ဘာမှမတတ်နိုင်တော့။ မခံချိမခံသာနှင့်ပင် ဌာနချုပ်သို့ ပြန်လာရတော့သည်။ ဖြန့်ထားသော ပိုက်ကွန်ထဲမှ သူတို့အလိုရှိသော သားကောင်တွေ ထွက်ပေါက်မတွေ့ပါစေနှင့်ဟုသာ ဆုတောင်းရတော့၏။

'ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်က ၂၂လမ်းက လော့ဂျင်းပဲ ကိုသောင်းဖေ၊ သူတို့ဟာ သူတို့လိုချင်တဲ့ ဒေါ်လာငွေတွေကို ရသွားကြပြီ။ ဒီတော့ ၂၂လမ်းက လော့ဂျင်းမှာ ရှိနေသေးတယ်လို့ သူတို့ထင်နေတဲ့ မာရီချိုနဲ့ မြိတ်သားသန်းမောင်တို့ကို သူတို့က တနည်းနည်းနဲ့ ကွန်တက်လုပ်မယ်။ အဲဒီအခါမှာ ခင်ဗျားအစောင့်ချထားတဲ့ ခင်ဗျားလူတွေက ပါးရင်တော့ သူတို့ကို ခြေရာခံနိုင်ပါလိမ့်မယ်'

'အေး… မင်းပြောတာဟုတ်တယ် တင်မောင်ဆွေ၊ သူတို့ ကွန်တက်လုပ်ရင် ဖုန်းနဲ့လုပ်မှာပဲ၊ ဒါကြောင့် လိုလိုမယ်မယ် ငါက ဟိုမှာ ငါ့လမြိတ်သားတစ်ယောက်ကို ထားခဲ့တယ်။ သူတို့က ဖုန်းနဲ့ မြိတ်သားသန်းမောင်ကို ကွန်တက်လုပ်ခဲ့ရင်၊ သူက ပြန်ဖြေလိမ့်မယ်'

'အင်း… ဒီတစ်ခါကျတော့ ခင်ဗျားဉာဏ်အကောင်းသားပဲ။ ခင်ဗျားမြိတ်သားကို သူတို့မြိတ်သားလို့ ထင်ကြအောင်ပေါ့ဗျာ'

တင်မောင်ဆွေ၏ စကားအဆုံးတွင် ကိုသောင်းဖေ၏ တယ်လီဖုန်းက ရုတ်တရက် အသံမြည်လာသည်။ ကိုသောင်းဖေက



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းကို ဆက်ခနဲကောက်ယူ နားထောင်လိုက်သည်။ တစ်ဖက်မှ ပြောသောစကားများသည် သူ့အတွက် အားရကျေနပ်ဖွယ်အလွန်ကောင်းနေပုံရသည်။ အကြောင်းမူ မျက်နှာတစ်ခုလုံးကို ဝင်းထိန်သော အပြုံးက ဖုံးလွှမ်းသွားသောကြောင့် ဖြစ်၏။

'သေချာတယ်နော်။ ဟုတ်ပြီ။ ကြည့်မြင်တိုင်ကမ်းနားကို ဟုတ်လား။ ကောင်းပြီ… ငါတို့ အဲဒီကို ချက်ချင်းလိုက်သွားမယ်။ မင်းတို့ လိုက်ခဲ့ကြပေတော့…'

ကိုသောင်းဖေက ဖုန်းကို ဆတ်ခနဲချလိုက်ကာ ဦးထုပ်ကို လှမ်းယူပြီး ထိုင်ရာမှထလိုက်၏။

'ဟေ့ ဟေ့ တင်မောင်ဆွေ၊ ဟိုအကောင်တွေကို ခြေရာခံမိပြီကွ'

တင်မောင်ဆွေက ထွေထွေထူးထူး မေးမနေတော့ဘဲ ကိုသောင်းဖေနှင့်လိုက်ခဲ့သည်။ ကိုသောင်းဖေက သူ့လက်ထောက်ကိုဘရွှေအား လက်နက်အပြည့်အစုံနှင့် ရဲသားငါးယောက်ခေါ်ဆောင်ပြီး ကြည့်မြင်တိုင်ကမ်းနားသို့ အမြန်ဆုံးလိုက်ခဲ့ရန် မှာကြားကာ သူ့ကားဆီသို့ တင်မောင်ဆွေနှင့်အတူ ပြေးဆင်းခဲ့လေ၏။

ကြည့်မြင်တိုင်ကမ်းနားသို့ ကားကိုဒလကြမ်း မောင်းကြရင်းက တင်မောင်ဆွေကို ကိုသောင်းဖေက အကျိုးအကြောင်း ရှင်းပြလိုက်သည်။

'မင်းပြောသလိုပဲ တင်မောင်ဆွေ၊ ၂၂လမ်းက လော့ဂျင်းကို စုလတန်အာမက်ကဖုန်းဆက်ပြီး မြိတ်သား သန်းမောင်ကိုခေါ်ပေးဖို့ပြောတယ်။ ဒါနဲ့ ငါ့မြိတ်သားက ဖုန်းကိုပြန်ပြီးထူးတယ်။ သူ့မြိတ်သံဝဲဝဲနဲ့ သူကဘာမှတောင် မပြောလိုက်ရပါဘူး။ ကောင်





မကိုခေါ်ပြီး ကြည့်မြင်တိုင်ကမ်းနားကို လာခဲ့လို့မှာပြီး ဖုန်းကို ပြန်ချသွားတာပဲတဲ့'

'ကြည့်မြင်တိုင်ကမ်းနားက ဘယ်နေရာဆိုတာကိုတော့ အတိအကျမသိရဘူးနော်'

'ဒါတော့ ဘယ်တတ်နိုင်မလဲကွာ၊ တို့မှာရနိုင်သမျှ လူတွေနဲ့ ကမ်းနားတစ်လျှောက် ပိုက်စိပ်တိုက်ရှာရုံရှိတာပဲ'

ကြည့်မြင်တိုင်ကမ်းနားတစ်လျှောက်တွင် နာရီဝက်အတွင်းမှာပင် ကိုသောင်းဖေ၏ အရပ်ဝတ်အရပ်စား စုံထောက်တွေ ဟိုနေရာတစ်ယောက် သည်နေရာတစ်ယောက် ရောက်နေကြတာ ကမ်းနားတစ်လျှောက်ရှိပွဲရုံများ ဆိုင်များနှင့် လူနေအိမ်များကိုလည်း လက်နက်ကိုင်ရဲအဖွဲ့က တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်လံရှာဖွေစစ်ဆေးလျက်ရှိနေကြသည်။ ထိုအဖွဲ့နှင့်အတူ တင်မောင်ဆွေနှင့်ကိုသောင်းဖေက လိုက်ပါလာကြသည်။

သို့နှင့်ပင် ဝင်းမေတ္တာရုံဟု ဆိုင်းဘုတ်တပ်ထားသော မန်မိုးကျူဖျာကာရုံကြီးတစ်ရုံသို့ သူတို့ဆိုက်ရောက်လာကြသည်။

ပွဲရုံရှေ့တွင် ဆလွန်းကားအနက်ကြီးတစ်စင်းက စက်မသတ်ဘဲ ရပ်ထားလျက်ရှိနေသည်ကို တင်မောင်ဆွေက ပထမသတိပြုမိသည်။ ကားထဲတွင်တော့ ကားမောင်းသူ ဒရိုင်ဘာတစ်ယောက်တည်းသာ ရှိနေကာ၊ ၎င်း၏ပါးစင်ဂျာ ထိုင်သည့်ဘက်ကတံခါးကလည်း အသင့်ပွင့်ဟလျက်ရှိနေသည်။

တင်မောင်ဆွေစိတ်ထဲ မသင်္ကာဖြစ်လာကာ သူ့ညာဘက်ရှိ ပခုံးစလွယ်အိတ်ဆီမှ လျှို့ဝှက်သေနတ်ဒင်ဆီသို့ ရောက်သွားသည်။ ထိုစဉ်မှာပင် ပွဲရုံထဲမှ အော်သံလိုလိုကြားရပြီးနောက်၊ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကအုပေါက်ဝမှ အပြေးထွက်လာသည်။ ၄င်း၏လက်တစ်ဖက်တစ်ချက်တွင်တော့ လက်ဆွဲခရီးဆောင် သားရေသေတ္တာတစ်လုံးစီ ပါလာသည်။

၄င်း၏မေးစေ့မှ ဆိတ်သိုးမုတ်ဆိတ်ကလေးကို တွေ့လိုက်ရသည်နှင့်ပင်၊ ၄င်းမှာ စူလတန်အာမက်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဟေ့ စူလတန်အာမက် ရပ်လိုက်'

တင်မောင်ဆွေက လျှူဂါသေနတ်ကို ဆတ်ခနဲဆွဲယူလိုက်ရာက လှမ်းအော်လိုက်သည်။ ထိုစဉ်မှာပင် စူလတန်အာမက်၏နောက်မှ လူတစ်ယောက်က ဒယီးဒယိုင် ထွက်လာသည်။ ၄င်းမှာ ရစ်ချက်ဝက်ဘ်ဆိုသည့် ကပြားကြီးပင်ဖြစ်သည်။ ၄င်း၏ရင်ဘတ်တွင်သွေးတွေက ရွှဲနေသည်။ ၄င်း၏ညာလက်တွင်တော့ သေနတ်တစ်လက်ကို ဆွဲကိုင်ထား၏။

စူလတန်အာမက်က ဘယ်သူ့ကိုမှဂရုမစိုက်ဘဲ အသင့်ပင်ပွင့်နေသော ကားတံခါးမှနေ၍ ကားပေါ်သို့ခုန်တက်လိုက်သည်။

'ခွေးမသား သစ္စာဖောက်'

ရစ်ချက်ဝက်ဘ်က လက်ထဲတွင် ကိုင်ထားသော သေနတ်ကိုကြိုးစား၍ ကိုင်မြှောက်လိုက်ရာ ကားထဲမှ စူလတန်အာမက်အားချိန်ရွယ်လိုက်စဉ်မှာပင် ကားကြီးသည် ဝီခနဲဆောင့်ထွက်သွားလေသည်။ ရစ်ချက်ဝက်ဘ်မှာလည်း သေနတ်ချိန်ရွယ်လျက် တန်းလန်းပင် ဒူးညွှတ်ပျော့ခွေလဲကျသွားတော့သည်။

တင်မောင်ဆွေကသာ တရှိန်ထိုးမောင်းပြေးသော ကားနက်ကြီး၏ နံပါတ်ကို မှတ်လိုက်ရင်းက လက်ထဲကလျှူဂါသေနတ်ထဲမှ





ကျည်ဆန်နှစ်ခုကို ဆက်တိုက်ထုတ်ကာ ကားကြီးနောက်သို့ အလိုက်ခိုင်းလိုက်ရသည်။ သို့ရာတွင် ကားကြီးသည်အရှိန်မပျက် ဆက်လက်၍ မောင်းမြဲမောင်းသွားတော့သည်။

ကိုသောင်းဖေက အိတ်ကပ်ထဲမှ ဝီစီကိုထုတ်ကာ တဝီဝီနှင့်စူးရှစွာဆင့်ကာမှုတ်လိုက်ရာ အနီးတွင် အသင့်ရပ်ထားသောဝိုင်ယာလက်စ် ကားတစ်စင်းက သူတို့ဆီသို့ ရောက်လာတော့သည်။

တင်မောင်ဆွေနှင့်ကိုသောင်းဖေတို့က ကားပေါ်သို့ အလုအယက်တက်လိုက်ကြသည်။ ဝိုင်ယာလက်စ် ရဲကား ဒရိုင်ဘာကလည်း အရှိန်နှင့်ကားကို မောင်းထွက်သွားလျက် ဒလကြမ်းမောင်းပြေးသော ကားနက်ကြီးနောက်သို့. လိုက်တော့သည်။

ဝိုင်ယာလက်စ်ကားမှ ဥဩသံတဝေါဝေါသည် သူတို့ကိုလမ်းရှင်းပေးနေသည်။ သူတို့ရှေ့မှ ကားများသည် ကပျာကယာလမ်းဘေးသို့ ထိုးကပ်ပေးကြသည်။ သို့ရာတွင် သူတို့ရှေ့ကိုက်သုံးရာအကွာလောက်တွင် စက်ကုန်ပြေးနေသော ဆလွန်းကားနက်ကြီးအတွက်လည်း လမ်းရှင်းပေးသလို ဖြစ်နေသည်။

တင်မောင်ဆွေက ကားပြတင်းပေါက်မှ ကိုယ်တစ်ခြမ်းထွက်ကာ အခွင့်ရတိုင်း ကျည်ဆန်တစ်တောင့်ပြီးတစ်တောင့် ပစ်လွှတ်နေသော်လည်း ဘယ်လိုမှထိရောက်ခြင်းမရှိ။ ရှေ့ကကားကြီးသည် အလုံကမ်းနားလမ်းအတိုင်း စက်ကုန်ပြေးမြဲပြေးနေသည်။

ကိုသောင်းဖေကတော့ ရေဒီယိုဖြင့် အခြားရဲကားများ အကူအညီကို တောင်းနေသည်။ ရှေ့က ဆလွန်းကားကြီးသွားသော လမ်းမှဖြတ်၍ ဖမ်းရန် ညွှန်ကြားနေသည်။

သို့နှင့်မြို့ထဲက ကမ်းနားလမ်းသို့ ရောက်လာကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့က ကားကြီးမှာ တင်မောင်ဆွေတို့ ရဲဝိုင်ယာလက်စ်ကားကို လွန်အောင်မပြေးနိုင်။ တင်မောင်ဆွေတို့ကားကလည်း မီအောင် မလိုက်နိုင်ဘဲ တစ်စင်းနှင့်တစ်စင်းကိုက်နှစ်ရာမှ သုံးရာခြားလျက် ရှေ့နောက်ပြေးနေကြသည်။

မြို့ထဲသို့ရောက်တော့ အခြားကားတွေနှင့် လမ်းသွားလမ်းလာတွေကို ထိမည်စိုး၍တင်မောင်ဆွေက သူ့သေနတ်ကိုမသုံးရဲတော့ချေ။

တရုတ်တန်းကိုကျော်လွန်၍ မဝိုလမ်းထိပ်သို့ရောက်လာလျှင် ရုတ်တရက် လမ်းကြားထဲမှ ထိုးထွက်လာသော လော်ရီကားကြီးတစ်စင်းက ရှေ့ကပြေးနေသော ဆလွန်းကားကြီး ရှေ့ကထိုးခံလိုက်သလိုဖြစ်သွားသည်။ ဆလွန်းကား ဒရိုင်ဘာသည် ကားကို လက်ယာဘက်သို့ကွေ့ချလိုက်၍ လော်ရီကားကြီးနှင့် ပွတ်ကာသီကားလွတ်သွားသော်လည်း ကားအရှိန်မသတ်နိုင်တော့ဘဲ လမ်းပလက်ဖောင်းပေါ် ကျော်တက်သွားကာ ဓာတ်မီးတိုင်ကို ဝင်တိုက်လျက်၊ ချာလပတ်လည်ထွက်သွားကာ တိုက်တစ်ခု၏နံရံဘေးတွင် စောင်းလျက်သား တိမ်းမှောက်သွားတော့သည်။

ကားဒရိုင်ဘာသည် လက်ကိုင်ဘီးပေါ်တွင် ခပ်ခွေခွေကလေးဖြစ်ကာ ငြိမ်သက်နေ၏။ သို့ရာတွင် စူလတန်အာမက်ကတော့ အသက်ပြင်းလှပေသည်။ အထိအခိုက် ဘာမှရှိပုံမရဘဲ ကားမှခုန်ထွက်လာနိုင်သည်။ ၎င်း၏လက်တစ်ဖက်တစ်ချက်တွင်လည်း သားရေသေတ္တာတစ်လုံးစီ ဆွဲလျက်သားနှင့်ဖြစ်နေသည်။

တင်မောင်ဆွေတို့ဝိုင်ယာလက်စ်ကားက ကျွီခနဲထိုးနေရာတွင် ထိုးရပ်လိုက်စဉ်မှာပင် စူလတန်အာမက်သည် တိုက်ကြီး၏ဘေး





လမ်းကြားထဲသို့ ကမူးရှူးထိုး ဝင်ပြေးတော့သည်။

ရဲကားထဲမှ အရင်ဦးဆုံးခုန်ဆင်းလာသူကား တင်မောင်ဆွေပင်ဖြစ်သည်။ သူသည် လက်ထဲတွင် လျှူဂါသေနတ်ကို ကိုင်လျက် ကပင် စူလတန်အာမက် ဝင်ပြေးသော လမ်းကြားထဲသို့ စွပ်ဝင်လိုက်သွား၏။

သို့ရာတွင် သူက ခြေလှမ်းများ တုံ့ခနဲရပ်သွားတော့သည်။

စူလတန်အာမက်သည် ရှေ့ကလမ်းကြားလေးတစ်ခုလုံးကို ပိတ်၍ ကာရံထားနေသော အုတ်နံရံကြီးတွင် ထွက်ပေါက်ရှာမတွေ့ဘဲ ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

တင်မောင်ဆွေက ကျေနပ်အားရစွာ ပြုံးလိုက်၏။

'ကဲ… စူလတန်အာမက် မင်းပြေးပေါက်မရှိတော့ပါဘူးကွာ။ အေးအေးဆေးဆေး အဖမ်းခံမှာလား။ ဒါမှမဟုတ် မင်းငါ့ကို စော်ကားထားတာတွေအတွက်၊ ငါ့ကို လက်စားချေခွင့်ပေးဦးမလား'

စူလတန်အာမက်က ဘာမှပြန်မဖြေ။ သားရေသေတ္တာနှစ်လုံးကို လွှတ်ချလိုက်ရာ သူ့ညာလက်က လျင်မြန်စွာ ခါးဆီသို့ရောက်သွားပြီး ဓားမြှောင်တစ်လက်ကို ဆွဲထုတ်လိုက်ကာ လှုပ်ရှားမှုအရှိန်မပျက်ဘဲ တင်မောင်ဆွေ၏ ရင်ဘတ်သို့ ပေါက်ထည့်လိုက်သည်။

တင်မောင်ဆွေကလည်း လျှပ်စစ်၏လျှင်မြန်ခြင်းဖြင့် ဒူးထောက်ချလိုက်ရာ ဓားသွားသည် သူ့ဦးခေါင်းပေါ်မှ ပွတ်သပ်ကျော်ဖြတ်သွားတော့သည်။

တင်မောင်ဆွေ၏ လျှူဂါသေနတ်ထဲတွင် ကျည်ဆန်သုံးတောင့်က ကျန်နေသေး၏။ သို့ရာတွင် သူက လျှူဂါသေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com



တမင်တကာပင် ပခုံးစလွယ်အိတ်ထဲသို့ ထိုးထည့်ကာ လက်ချည်းသက်သက် ရုလတန်အာမက်ထံသို့ ချဉ်းကပ်သွားသည်။

ရုလတန်အာမက်က သွားဖြဲးကာ တင်မောင်ဆွေ၏ ဆီးစပ်သို့ သူ့ညာခြေကို လွှဲကန်လိုက်သည်။ တင်မောင်ဆွေက ကိုယ်ကိုဘေးသို့လှည့်ရှောင်လိုက်၍ သူ့ပေါင်တစ်ဖက်သို့သာ ရုပ်၍ထိသွား၏။

နောက်တစ်ခဏတွင်တော့ တင်မောင်ဆွေ၏ ဘယ်ဝိုက်လက်သီးက ရုလတန်အာမက်၏ ဗိုက်ရွဲကြီးထဲသို့ ဝင်သွားတော့သည်။ ရုလတန်အာမက်က မဖြုံဘဲ တင်မောင်ဆွေအား ကိုယ်ချင်းပူးသတ်သည်။ တင်မောင်ဆွေ၏ကျောကို သူ၏တုတ်ခိုင်သော လက်မောင်းကြီးနှစ်ဖက်ဖြင့် တအားညှပ်ဖျစ်ချလိုက်သည်။

တင်မောင်ဆွေမှာ ရုတ်တရက် အသက်မရှူနိုင်အောင် ဖြစ်သွားသည်။ သူ့ညာဘက်ဖနောင့်ဖြင့် ရုလတန်အာမက်အား မေးကိုနောက်သို့ တွန်းချလိုက်သည်။ ပြီးလျှင် မော့တက်လာသော လည်မျိုကို ဘယ်လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် ခုတ်ချလိုက်ရာ ရုလတန်အာမက်ခမျာ အွန့်ခနဲ အသံမြည်ပြီးကိုယ်ကြီး ပျော့ခွေကျသွားတော့သည်။

'ဟော့ ဟော့ ဖိုးဆွေ၊ မင်းသူ့ကို အသေလုပ်ပစ်လိုက်ပြီလားကွ။ ငါက အရှင်လိုချင်တာကွ'

သူ့နောက်သို့ မောကြီးပန်းကြီးရောက်လာသော ကိုသောင်းဖေက စိုးရိမ်တကြီးမေးလိုက်သည်။ တင်မောင်ဆွေက အသက်ကိုပြင်းစွာရှူရင်းက...

'မပူပါနဲ့ဗျာ၊ သူ ကြိုးစင်တက်ရဦးမှာပါ'ဟု ပြန်ဖြေ





လိုက်၏။

ထိုည ရွှေတံခါးပျော်ပွဲစားရုံတွင် လူစည်ကားလျက် ရှိနေသည်။

တင်မောင်ဆွေ၏စားပွဲတွင်လည်း လူတော်တော်စုံနေသည်။ တင်မောင်ဆွေအပြင် သွယ်သွယ်၊ အထူးထောက်လှမ်းရေးမှ တို့ချမ်းစိန်၊ အမ်အိုင်အက်စ်မှ ဆရာမောင်ဘိုနှင့် စာရေးဆရာမိုးဝေကြီးတို့က စားသောက်လျက်ရှိနေကြ၏။

'ဒီလိုဆိုရင် မင်းတို့ကိစ္စက ပြီးသွားပြီပေါ့... ဟုတ်စ'

မိုးဝေကြီးက သူအလွန်ကြိုက်သော ပိုက်လေဘယ်ဝီစကီကို ဖန်ခွက်ထဲသို့ နောက်တစ်ကြိမ် ထပ်ငှဲ့ပေးရာကမေးလိုက်သည်။

'ပြီးသွားပြီ ဆိုကြပါစို့ ကိုမိုးရာ။ ရုလတန်အာမက်ကို လူသတ်မှုသုံးမှုနဲ့ ရုံးတင်ပြီး ကြိုးစင်ပို့ဖို့သာ ကျန်တော့တာပေါ့'

'လူသတ်မှုက သုံးမှုတောင်လား'

'လေးမှုတောင်ဖြစ်ချင်ဖြစ်နေမှာ။ ပထမဒေးဗစ်ဘလွင်ကိုသတ်တယ်။ အခု နေ့ခင်းတုန်းကလည်း ရာမူနသန်နဲ့ အာရ်ဘို့ရှိုတို့နှစ်ယောက်ဟာ သူ့လက်ချက်နဲ့ သေခဲ့ရပြီ။ ရစ်ချက်ဝက်ဘ်ကိုတော့ ဆေးရုံတင်ထားရတယ်။ သူပါသေသွားရင်တော့ လူသတ်မှုလေးမှုပေါ့'

'သူက ဒေါ်လာတွေ မောင်ပိုင်စီးဖို့ သူတို့သုံးယောက်ကို သတ်တာပေါ့ကွနော်။ လူတွေများ လောဘဇောတက်ရင် တယ်ကြောက်စရာကောင်းတာပဲနော်'

မိုးဝေကြီးက သံဝေဂရသော အသံကြီးဖြင့် ရေရွတ်ရာက ခကော့(ချ)ကိုတစ်ကျိုက် ကျိုက်ချလိုက်သည်။ တင်မောင်ဆွေက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှမပြောတော့။ စီးကရက်တစ်လိပ် မီးညှိလိုက်ကာ ရွှေတံခါး၏ ရွှေတံခါးဆီသို့သာ လှမ်းကြည့်လိုက်သည်။

မိုးရွာနေသော ညတစ်ညက ထိုရွှေတံခါးကြီးမှနေ၍ လှပရိုးသားသော တင်နန်းသီက ဝင်လာခဲ့သည်။ သူမအား စိတ်ဝင်စားမိသည်ကပင်စ၍ သူသည် ဤဒေါ်လာအမှောင်ဌေကိစ္စထဲတွင် ပတ်သက်ပါဝင်လာခဲ့ရခြင်း ဖြစ်သည်။

တင်မောင်ဆွေက သက်ပြင်းတစ်ချက် ချလိုက်၏။ 'အစ်ကိုကြီး ဘယ်တော့ မော်လမြိုင်ကိုလာဦးမှာလဲဟင်' ဟု တင်နန်းသီမေးသံကလေးကို၊ သူ့နားထဲတွင် ကြားသယောင်ရှိနေမိလေ၏။

မိုးဝေ

www.burmeseclassic.com